# သိပ္ပံမောင်ဝ

# မောင်လူအေး



## ဒို့တာဝန်အရေး (၃)ပါး

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# သိပ္ပံမောင်ဝ

# မောင်လူအေး

ပထမအကြိမ် စုစည်းထုတ်ဝေခဲ့သော စာအုပ်တွင် ဖော်ပြခြင်း
မပြုရသေးသည့် မောင်လူအေး(ဝတ္ထု၊ ဆောင်းပါး) ၁၆-ပုဒ်ကို
ထပ်မံဖြည့်စွက် ထားပါသည်။


**တော်ဝင်မြို့မ စာအုပ်တိုက်**

အမှတ် (၇၇/၁)၊ ၃၈-လမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၇၉၅၇၃

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၉၇/၂၀၀၄(၅) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၆၃၀/၂၀၀၄(၆) |

**မျက်နှာဖုံးဒီဇိုင်း** - ကိုဆန်း

**ထုတ်ဝေသူ** - ဦးလှိုင်ဝင်းမိုး(မြဲ - ၀၃၉၀၀)
အမှတ် (၇၇/ခ)၊ ၃၈လမ်း၊
ကျောက်တံတားမြို့နယ်။

**မျက်နှာဖုံးနှင့်** - ဦးထွန်းလင်း(ဖိုးဝပုံနှိပ်တိုက်)
**အတွင်းပုံနှိပ်သူ** အမှတ်(၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊

**အတွင်းဖလင်** - ကိုဦးနှင့်ညီများ

**စာအုပ်ချုပ်** - ကိုတင်အေး(လှိုင်)

**ပုံနှိပ်ခြင်း** - ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ၊
ဒုတိယအကြိမ်၊ အုပ်ရေ (၅၀၀)

**တန်ဖိုး** - **၁၂၀၀** - ကျပ်

# မာတိကာ


| | | |
|---|---|---|
| ၁။ ဘတ်ဂျက် | - | ၅ |
| ၂။ တို့ကိုယ်တော် | - | ၁၅ |
| ၃။ မအေးဘွယ် | - | ၂၀ |
| ၄။ တို့ဆရာ | - | ၂၅ |
| ၅။ ပန်းသည် | - | ၂၈ |
| ၆။ အိုင်စီအက်စ် | - | ၃၄ |
| ၇။ ဘထွန်း | - | ၃၉ |
| ၈။ တို့တောရွာ | - | ၄၇ |
| ၉။ လွမ်းတယ်တဲ့ | - | ၅၀ |
| ၁၀။ မျိုးရိုး | - | ၅၅ |
| ၁၁။ တုပ်ကွေး | - | ၆၀ |
| ၁၂။ သကြ်န်စာ | - | ၆၅ |
| ၁၃။ မောင်ငယ်နှင့်ခွေး | - | ၇၂ |
| ၁၄။ ဂေါက်သီး | - | ၇၉ |
| ၁၅။ ရွေးကောက်ပွဲ | - | ၈၅ |
| ၁၆။ စေတနာ | - | ၉၃ |
| ၁၇။ ပစ္စုပ္ပန်ရင်ဖြ | - | ၁၀၀ |
| ၁၈။ နယ်ပိုင်မင်း | - | ၁၀၇ |
| ၁၉။ ဆင်ဖြူတော် | - | ၁၁၆ |
| ၂၀။ နိဗ္ဗာန်ဆော် | - | ၁၂၂ |
| ၂၁။ စည်းစိမ် | - | ၁၂၇ |
| ၂၂။ အလုပ်လက်မဲ့ | - | ၁၃၃ |
| ၂၃။ ဗေဒါ | - | ၁၃၉ |
| ၂၄။ အညာဘုရားပွဲ | - | ၁၄၄ |
| ၂၅။ ညနေခင်း | - | ၁၅၁ |
| ၂၆။ ဤခေတ်ဆိုး | - | ၁၅၆ |
| ၂၇။ လေလံပွဲ | - | ၁၆၁ |

| | | |
|---|---|---|
| ၂၈။ သည်နွားသိုးနှယ် | - | ၁၇၂ |
| ၂၉။ ရွှေကျက်သရေ | - | ၁၇၇ |
| ၃၀။ ခါးပြမှု | - | ၁၈၅ |
| ၃၁။ ဧရာဝတီ | - | ၁၉၀ |
| ၃၂။ ထောင်ပြေး | - | ၁၉၄ |
| ၃၃။ မြင်းတွေ | - | ၂၀၃ |
| ၃၄။ မရွှေးမီ | - | ၂၀၈ |
| ၃၅။ ကျောင်းထားရေး | - | ၂၁၄ |
| ၃၆။ လူပျိုကြီး | - | ၂၂၁ |
| ၃၇။ ဝဋ်လည်ပြီ | - | ၂၂၉ |
| ၃၈။ ဘုရားစင် | - | ၂၃၅ |
| ၃၉။ မောင်းသံ | - | ၂၄၃ |
| ၄၀။ စဏ္ဍာလ | - | ၂၄၉ |
| ၄၁။ တသက်သက် | - | ၂၅၅ |
| ၄၂။ သပြေတန်း | - | ၂၆၀ |
| ၄၃။ အစိုးရအမှုထမ်း | - | ၂၆၅ |
| ၄၄။ ရုံးတော် | - | ၂၇၀ |
| ၄၅။ စစ်ကိုင်းဆိပ်ကမ်း(ဝါ) ဧရာဝတီ | - | ၂၇၅ |
| ၄၆။ အေးမြသာယာ | - | ၂၇၉ |
| ၄၇။ ရွှေမိုးညို | - | ၂၈၄ |
| ၄၈။ နှစ်တစ်ရာ | - | ၂၉၀ |
| ၄၉။ လသာသာ(ဇလွန်) | - | ၂၉၇ |
| ၅၀။ ကြည်နူးဖွယ် | - | ၃၀၂ |
| ၅၁။ နေ့ထူး | - | ၃၀၇ |
| ၅၂။ ဂန္ဓမာ | - | ၃၁၄ |
| ၅၃။ ရှေးရှေးတုန်းက | - | ၃၁၉ |
| ၅၄။ လွမ်းသေးတော့တယ် | - | ၃၂၃ |
| ၅၅။ လက်ဖက်ရည်တိုက်ပွဲ | - | ၃၂၈ |
| ၅၆။ လူဝီ | - | ၃၃၅ |

# ဘတ်ဂျက်

နံနက်စောစော ကာဖီသောက်ပြီးကြလျှင် သတင်းစာကို လုကြခြင်းသည် မောင်လူအေးနှင့် ခင်သန်းမြင့်တို့၏ နေ့စဉ်အလုပ်ဖြစ်ကြလေသည်။

ယနေ့နံနက်တွင် သတင်းစာကို ခင်သန်းမြင့် ဦးသွားသောကြောင့် မောင်လူအေးသည် စာရေးစားပွဲသို့သွားကာ အမှုတွဲများကို ဖတ်နေ၏။ ခင်သန်းမြင့်လည်း လိုက်လာပြီးလျှင် စားပွဲအနားရှိ ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်ကာ သတင်းစာကို ဖတ်နေလေသည်။

၁၀ မိနစ်ခန့် စကားမပြောဘဲ ငြိမ်နေကြကုန်၏။ ထို့နောက် ခင်သန်းမြင့်က စတင်၍ 'သည်ကနေ့ သတင်းစာမှာ ဘာမှမပါဘူး။ တစ်စောင်လုံး ဘတ်ဂျက်အကြောင်းချည်းပဲ၊ စိတ်ပျက်စရာ တယ်ကောင်း'

မောင်လူအေးကလည်း အမှုတွဲတစ်တွဲကို ဖတ်နေရာမှ 'ဘယ့်နှာပြောပါလိမ့်၊ ဘတ်ဂျက်ဟာ တစ်တိုင်းပြည်လုံးမှာ အရေးကြီးဆုံးမဟုတ်ပါလား၊ ဘတ်ဂျက်မရှိရင် တိုင်းပြည်ကြီးကို အုပ်ချုပ်လို့ရမှာမဟုတ်ဘူး။ အားလုံးကြောက်စရာကမောက်ကမတွေ ဖြစ်ကုန်လိမ့်မယ်၊ ဘတ်ဂျက်ရှိလို့သာ တိုင်းပြည်မှာ ငွေဝင်ဘယ်လောက်၊အသုံးစရိတ်ကဘယ်လောက်၊ အကြွေးက ဘယ်လောက်၊ အမြတ်က ဘယ်လောက်ဆိုတာ သိတာပေါ့၊ နို့မဟုတ်ရင် ခက်ကုန်မှာပဲ' ဟုပြောလိုက်လေ၏။

'အောင်မယ်၊ ကိုယ်တို့ ယောကျ်ားတွေပဲ စာရင်းတွေ အင်းတွေကို အရေးတကြီးလုပ်လုပ်ပြီးတော့ ပြောနေကြတယ်။ ဘတ်ဂျက်မရှိရင်လည်း ဖြစ်မှာပါပဲ၊ ရတဲ့ငွေကို လောက်အောင်သုံးရင် အကြွေးမတင်ဘူးပေါ့၊ အလွယ်ကလေးကို ခက်အောင်လုပ်ချင်ကြတဲ့ လူတွေပဲ'

'သည်လိုလည်းမဟုတ်သေးဘူးလေ၊ တိုင်းပြည်ကိုမဆိုထားနှင့် ကိုယ့်အိမ်မှာပဲကြည့်တော၊ ဘတ်ဂျက်မလုပ်ထားတဲ့အတွက် တစ်လကို ဘယ်လောက်သုံးလို့ ဘယ်လောက်မြတ်တယ်၊ ဘယ်အတွက် ဘယ်လောက်ကုန်တယ်ဆိုတာ သေသေချာချာမသိဘူး မဟုတ်လား၊ စင်စစ်တော့ ဘတ်ဂျက်ဆိုတာ ငွေဝင်နှင့်အသုံးစရိတ်ကို မျှတအောင် လုပ်ထားတာမျိုးပဲ၊ ကိုယ်တို့အိမ်မှာလည်း လစဉ် ဘတ်ဂျက်လုပ်ထားဖို့ရာ ကိုယ်က အဆိုသွင်းချင်တာပဲ'

'ကိုက အဆိုသွင်းလို့ ဘယ်သူက ထောက်ခံဦးမှာလဲ'

'မြင့် ထောက်ခံမှာပေါ့၊ ဘတ်ဂျက် ဆိုတာမျိုးဟာ ကောင်းတဲ့အလုပ်ပဲ ရှေ့လက စပြီးတော့ ကိုယ်တို့အိမ်အတွက် ဘတ်ဂျက်ထားရအောင်လေ၊ ထောက်ခံစမ်းပါဗျာ'

'ကို့ သဘောပဲ၊ ဘတ်ဂျက်တွေ ဘာတွေကို နားမလည်ဘူး'

'နားမလည်ရင် နားလည်ရအောင် အခုဘတ်ဂျက် လုပ်ပြမယ်၊ သဘောတူရင် အတည်ပြု သဘောမတူရင်လဲ ပယ်ချပေါ့လေ'

ဤသို့ ဆိုပြီးလျှင် စက္ကူလွတ်တစ်ရွက်ကို ယူကာ ဘတ်ဂျက်စာရင်း ကို စိတ်ပါလက်ပါ လုပ်နေ၏။

ခင်သန်းမြင့်လည်း သတင်းစာကို တစ်ရွက်ပြီးလျှင် တစ်ရွက်ဆက်လက်၍ ဖတ်နေလေသည်။ အတန်ကြာလျှင်

'ကိုင်း ဘတ်ဂျက် စာရင်းတော့ပြီးပြီ၊ ခေါင်းစဉ် တစ်ခုစီကို ဖတ်ပြမယ်၊ သဘောတူရင် အတည်ပြု၊ သဘောမတူရင် ပယ်နိုင်တယ်၊ နို့ပေမယ့် အကျိုးအကြောင်း ပြပြီး ပယ်ရလိမ့်မယ်၊ နောက်ပြီးတော့လဲ ခေါင်းစဉ် တစ်ခုစီကို စဉ်းစားရမယ်၊ ဘတ်ဂျက်တစ်ခုလုံးကို သဘောမတူဘူး ဆိုပြီး အကြောင်းမပြဘဲ မပယ်ရဘူး၊ ကြားလား'

'အောင်မယ်လေးဟဲ့ စကားကြောရှည်ရာမကော၊ ဖတ်ပြမှာ မဖတ်ပြသေးဘူး'

## ၁။ အိမ်သုံးစရိတ်

| | | |
|---|---|---|
| (က) | ဈေးဖိုး တစ်နေ့ ၂၊ တစ်လ | ၆၀ိ |
| (ခ) | လက်ဖက်ရည်၊ ကာဖီတစ်လ | ၂၀ိ |
| (ဂ) | အဖျော်နှင့် ရေခဲဖိုး တစ်လ | ၁၅ိ |
| (ဃ) | ဆေးလိပ်၊ စီးကရက် တစ်လ | ၁၅ိ |
| (င) | ဧည့်ဝတ် ဆောင်ဝတ် တစ်လ | ၁၅ိ |

(စ) အထွေထွေ တစ်လ ၃ဝိ

'အင်း ဒီအတိုင်းဆိုရင် ဒိုဘီခ၊ ထင်းဖိုး၊ ရေနံဆီဖိုး၊ ပေါင်ဒါဖိုး ခေါင်းလိမ်းဆီဖိုးတွေကို ဘယ်ကငွေနှင့် ပေးရမှာတုံး'

'အထွေထွေအတွက် သတ်မှတ်ထားတဲ့ ငွေ ၃ဝိ ထဲက သုံးရမှာပေါ့'

'သည်ငွေ ၃ဝိ နဲ့ အားကြီး လောက်ပါလိမ့်မယ်၊ တော်တော်ကြာ ရင် တောက်တိုမည်ရတွေ ဝယ်ဖို့ ပေါ်လာဦးမယ်'

'ပေးထားတဲ့ ငွေနှင့်လောက်အောင်သုံးရမယ်၊ ဘတ်ဂျက် ဆိုတာ ပေးထားတဲ့ငွေထက် မလွန်စေဘဲ သုံးစွဲဖို့ ပြုလုပ်ထားတာ မဟုတ်ဘူး လား'

'ကိုင်း ဒါဖြင့် စကားမများနဲ့၊ ဒီခေါင်းစဉ်မှာ ပါတဲ့အသုံးစရိတ် ဘတ်ဂျတ်စာရင်းကို ပယ်ချလိုက်ပြီ၊ ဒုတိယခေါင်းစဉ်ကိုသာ ဖတ်ပြပေ တော့'

မောင်လူအေးက အခြား ဘတ်ဂျက် ခေါင်းစဉ်တစ်ခုကို ဖတ်ပြ ပြန်၏။

## ၂။ မော်တော်ကားစရိတ်

(က) မော်တော်ကား ဓါတ်ဆီဖိုး ၅ဝိ

(ခ) မော်တော်ကား ပြင်ရန် စရိတ် ၂ဝိ

'ဒီဘတ်ဂျက်မှာ ဓါတ်ဆီဖိုးသာပါတယ်၊ စက်ဆီဖိုးတော့ မပါပါ ကလား'

'စက်ဆီဖိုးဟာ ဓါတ်ဆီဖိုးထဲ ပါရမှာပေါ့၊ ဆီချင်းအတူတူပဲဟာ'

'မတူနိုင်ပေါင်၊ စက်ဆီကတခြား၊ ဓါတ်ဆီက တခြားပဲဟာ ပေးထား တဲ့ ငွေနဲ့ ဘယ်လောက်နိုင်မတုံး'

'မလောက်ပေမယ့် လောက်အောင် ချွေတာပြီး သုံးရမှာပေါ့'

'ဘယ်လို သုံးနိုင်မလဲ၊ သွားစရာရှိရင် သွားရမယ်၊ မသွားလို့ဖြစ် မလား၊ ကိုင်း စကားကြောမရှည်နေနဲ့၊ ဒီခေါင်းစဉ်မှာ ပါတဲ့ဘတ်ဂျက် စာရင်းကိုလဲ ပယ်တယ်၊ တတိယ ခေါင်းစဉ်မှာပါတဲ့ စာရင်းကိုသာ ဖတ်ပြ ပါတော့'

မောင်လူအေးက မျက်နှာရှုံ့မဲ့ပြီးလျှင် တတိယခေါင်းစဉ်တွင် ပါသော ဘတ်ဂျက်စာရင်းကို ဖတ်ပြပြန်၏။

## ၃။ ပညာရေး

(က) မြန်မာသတင်းစာ၊ မဂ္ဂဇင်း ၁၀
(ခ) အင်္ဂလိပ်သတင်းစာ၊ မဂ္ဂဇင်း ၁၀
(ဂ) မြန်မာစာအုပ် ၅
(ဃ) အင်္ဂလိပ်စာအုပ် ၁၀

'အောင်မယ်၊ မြန်မာစာအုပ် အတွက်တော့ ၅ ကျပ်ထဲထားတယ်၊ အင်္ဂလိပ်စာအုပ် အတွက်တော့ ၁၀တောင်၊ ဒါ မတရားဘူး၊ အင်္ဂလိပ်စာအုပ်အတွက် ၁၀ ထားရင် မြန်မာစာအုပ် အတွက် ၁၀ ထားရမယ်'

'သည်လိုလဲ မဟုတ်ဘူးလေ၊ အင်္ဂလိပ်စာအုပ်က အဖိုးကြီးတာကိုး တစ်အုပ်ကို အနည်းဆုံး ၅ လောက်ပေးမှ စာအုပ်ကောင်းကို ဖတ်ရတယ်၊ မြန်မာစာအုပ်ကတော့ ၅ ဖိုးဆိုရင် သုံးလေးအုပ်ရတယ် မဟုတ်လား'

'အင်္ဂလိပ်စာအုပ် အဖိုးကြီးရင် မဖတ်ရုံရှိတာပေါ့၊ မြန်မာစာအုပ်အတွက် ၅ ထားရင် အင်္ဂလိပ်စာအုပ်အတွက်လဲ ၅ ထားရမယ်'

'ဟာ မဖြစ်ဘူးလေ၊ ၁၀ လောက်ထားမှ နေရာကျမယ်'

'ကိုင်း ဒါဖြင့် သည်ဘတ်ဂျက်စာရင်းကိုလဲ ပယ်ချတယ်'

'စဉ်းစားပါဦး၊ သည်အဆိုကို ပြန်နုတ်ပါ'

'မနုတ်နိုင်ဘူး၊ ပယ်တယ်၊ ကျန်တဲ့ စာရင်းတွေကိုသာ ဖတ်ပေတော့'

မောင်လူအေးလည်း မကျေမနပ်သော မျက်နှာထားနှင့် စတုတ္ထခေါင်းစဉ်တွင် ပါသော ဘတ်ဂျက်စာရင်းကို ဖတ်ပြပြန်လေသည်။

## ၄။ အပျော်အပါး

(က) ကာလပေါ် ဓါတ်ပြား ၇-၈
(ခ) ရေဒီယိုဝယ်ရန် ၁၅
(ဂ) ပျော်ပွဲစားအတွက် ၁၅

(ဃ) 'ရေဒီယိုအတွက် ၁၅ ထားတာ နည်းလွန်းတယ်၊ ၃၀ ထားမှ ဖြစ်မယ်၊ ၁၅ဆိုရင် ဘယ်တော့မှ ရေဒီယိုဝယ်ဖြစ်မှာ မဟုတ်ဘူး၊ တစ်လ ၃၀ ထားတာတောင် တစ်နှစ်ကျော်ကျော် စောင့်ရမယ်၊ ၁၅ဟာ နည်းလွန်းတယ်'

'မနည်းပါဘူးဗျာ၊ ၁၅ ဟာ များတောင်များဦးမယ်၊ ရေဒီယိုဆိုတာမျိုးဟာ မရှိရင်လဲ ဖြစ်တာမျိုးပဲ၊ တဖြည်းဖြည်းမှ ဝယ်တာကောင်းတယ်ထင်တယ်'

**တော်ဝင်မြို့မစာအုပ်တိုက်**

'ဒါဖြင့် သည်ဘတ်ဂျက်ကိုလဲ ပယ်တယ်၊ စကားမများနဲ့ ကိုင်းဆက်ပြီးတော့ဖတ်'

မောင်လူအေးက ပဉ္စမ ခေါင်းစဉ်တွင်ပါသော ဘတ်ဂျက်စာရင်းကိုဖတ်ပြလေသည်။

## ၅။ အစေခံများ လခ

အစေခံနှင့် မော်တော်ကား

မောင်းသမားလခ ၉၆ ကျပ်

'ဒါကတော့ သည်အတိုင်းပဲ ရှိစေတော့၊ သဘောတူတယ်၊ အတည်ပြုလိုက်ပါ'

'အင်း သည်တစ်ခုကိုပဲ အတည်ပြုသေးတယ်၊ အစေခံတွေအတွက်ကုန်မှာတော့ ကြောက်သကိုး' (ပြုံးလျက်ပြော)

ထို့နောက် ဆဋ္ဌမ ခေါင်းစဉ်တွင်ပါသော ဘတ်ဂျက်စာရင်းကို ဖတ်ပြပြန်၏။

## ၆။ ပန်းခြံစရိတ်

(က) ပန်းစေ့၊ သစ်စေ့ဖိုး ၃ိ

(ခ) မြေသြဇာဖိုး ၅ိ

'ပန်းစေ့ဖိုးဟာ မနည်းဘူးလား၊ နောက်ပြီးတော့ တူရွင်း၊ ပေါက်တူး ရေပုံး၊ ကတ်ကြေး၊ ခက်ရင်းတို့ကို ဝယ်ဖို့လဲ မပေးဘူး သည်ထက် ပိုမပေးရင် ပယ်ရလိမ့်မယ်'

'ပယ်ချင်ရင်လဲ ပယ်၊ သည့်ထက်တော့ ပိုမပေးနိုင်ဘူး'

'ဒါဖြင့်ရင် ပယ်တယ်၊ ရှိသေးရင် ဖတ်ပြပါဦး'

မောင်လူအေးက သတ္တမ ခေါင်းစဉ်တွင်ပါသော ဘတ်ဂျက်စာရင်းကို ဖတ်ပြပြန်၏။

## ၇။ အိမ်အသုံးအဆောင်

(က) စားပွဲကုလားထိုင်တို့ဝယ်ရန်နှင့်ပြင်ရန် ၁ဝိ

(ခ) ကန့်လန့်ကာ ခန်းဆီးများ ဝယ်ရန် ၁ဝိ

(ဂ) အိပ်ရာခင်း၊ ခေါင်းအုံးစွပ်ဝယ်ရန်စသည်တို့ ၁ဝိ

'စားပွဲကုလားထိုင် ဝယ်ဖို့ငွေ ၁ဝိ နဲ့ဘာလောက်မတုံး၊ သည်လ စာအုပ်ထည့်ဖို့ ဗီရိုတစ်လုံး ဝယ်မယ် ကြံထားတယ်၊ အနည်းဆုံး ၅ဝိ တော့ ပေးရမယ်၊ သည် ၁ဝိ ဟာ ဘာလုပ်ဖို့လဲ'

'အဲဒါဟာ ဘတ်ဂျက်ကို နားမလည်လို့ ပြောတဲ့စကား ဖြစ်တယ်၊ တစ်လကို တစ်ဆယ်ဆိုရင် ငါးလကြာ ၅ဝိ ရရော မဟုတ်လား၊ သည်တော့ စာအုပ်ဗီရို တစ်ခုဝယ်လိုက်တာပေ့ါ'

'အောင်မယ်လေးဟဲ့၊ ၅ဝိ တန် ဗီရိုတစ်လုံး ဝယ်ဖို့ဟာ ငါးလတောင် စောင့်ရဦးမတဲ့၊ ရယ်ချင်လိုက်တာ'

'ရယ်ချင်ရင်သာ ရယ်ရမယ်၊ ဘတ်ဂျက်ဆိုတာမျိုးဟာ သည်လိုပဲ ဟာကိုး'

'ဒါဖြင့် သည်ဘတ်ဂျက်ကို သဘောမကျနိုင်ဘူး၊ ပယ်လိုက်ပြီ'

'ပယ်ချင်ရင်လဲ ပယ်၊ ဘတ်ဂျက်စနစ်ကိုဖျက်လို့ ဘာရမလဲ'

'အေး စကားကြောမရှည်နေနဲ့၊ နောက်ခေါင်းစဉ်တစ်ခုကို ဖတ်ပြ ပါဦး'

မောင်လူအေးက အဌမမြောက် ခေါင်းစဉ်တွင် ပါသော ဘတ်ဂျက် စာရင်းကို ဖတ်ပြပြန်၏။

**၈။ အသင်းကြေး**

| | | |
|---|---|---|
| (က) | ကလပ်ကြေး | ၂ဝိ |
| (ခ) | မြန်မာစာပေ ပြန့်ပွားရေးအသင်း | ၁ိ |
| (ဂ) | သုတေသနအသင်း | ၁ိ |
| (ဃ) | ဆေးရုံ | ၅ိ |
| (င) | သားဖွားရေးအသင်း | ၅ိ |
| (စ) | မြန်မာ့ယုဝစာဖတ်အသင်း | ၂ိ |

'ကလပ်ကြေးဟာ များလွန်းတယ်၊ ၁ဝိလောက်ပဲထားဖို့ကောင်း တယ်'

'၂ဝိ ဟာ အနည်းဆုံးပဲ၊ ၂ဝိ ထက်နည်းရင်တော့ ကလပ်မသွား ဖို့ ရှိတော့တယ်'

'မသွားရင်သာ နေရမယ်၊ ၂ဝိ ဟာ များတယ်၊ ဘယ်သဘောတူ နိုင်လဲ'

'ကလပ် မသွားလို့ ဘယ့်နှယ်လုပ်မလဲ၊ အားလုံးအရာရှိတွေသွား ကြတာပဲ၊ ကိုလဲ သွားမှပေ့ါ'

'သွားချင်သွား မသွားချင်နေ၊ ၁ဝိ ထက်တော့ ပိုမပေးနိုင်ဘူး'

'သေသေချာချာစဉ်းစားဦးမှပေ့ါ'

'စဉ်းစားပြီးပြီ၊ ၁၀ိ ထက်ပိုရင် သည်ဘတ်ဂျက်က ပယ်ရလိမ့်မယ်'

'ပယ်ရင်သာ ပယ်ရမယ် ၂၀ိ ထက်တော့ မအောက်နိုင်ဘူး'

'ကိုင်း ဒါဖြင့် ပယ်တယ်'

'ပယ်၊ မတတ်နိုင်ဘူး'

'နောက် ခေါင်းစဉ်တစ်ခုကို ဖတ်ပြပါဦး'

နဝမမြောက် ခေါင်းစဉ်တွင်ပါသော ဘတ်ဂျက်ကို ဖတ်ပြပြန်လေသည်။

## ၉။ လက်ဆောင်

| | | |
|---|---|---|
| (က) | ဆွေမျိုးများ မင်္ဂလာလက်ဆောင် | ၁ဝိ |
| (ခ) | မိတ်ဆွေများ မင်္ဂလာဆောင် | ၁ဝိ |
| (ဂ) | ဆွေမျိုး ဧည့်သည်များအတွက် လက်ဆောင် | ၁ဝိ |
| (ဃ) | မိတ်ဆွေ ဧည့်သည်များအတွက် လက်ဆောင် | ၁ဝိ |

'မိတ်ဆွေ မင်္ဂလာဆောင်အတွက် ထားတဲ့ငွေ ၁ဝိ ဟာ မနည်းလွန်းဘူးလား'

'ဘယ်နည်းရမတုံး၊ များတောင် များဦးမယ်၊ မိတ်ဆွေထဲက လတိုင်း မင်္ဂလာဆောင်နေကြတာမှ မဟုတ်ဘဲ၊ တစ်လကို ၁ဝိ ဆိုရင် တစ်နှစ်မှာ ၁၂ဝိ ရမယ်၊ အဲသည် ၁၂ဝိ နဲ့ လက်ဆောင်တွေ ဝယ်ပါလေ့'

'မိတ်ဆွေထဲက မင်္ဂလာဆောင်တာတွေဟာ တစ်နှစ်မှာ ၁၂ ဦး ထက်နည်းမလား၊ အခုလထဲမှာပဲ ဖိတ်စာသုံးစောင် ရောက်နေပြီ၊ သည်ငွေ ၁ဝိ နဲ့ ဘာဝယ်ပေးမလဲ'

'တော်သလိုကြည့်ဝယ်ပေး လိုက်တာပေါ့ဗျာ'

'ဟာ ဘယ့်နှယ်ပြောပါလိမ့်၊ ငွေ ၁ဝိ နဲ့ မင်္ဂလာလက်ဆောင် သုံးမျိုး ဘယ်လို ဝယ်ရမတုံး၊ မဖြစ်ပါဘူး၊ သည်ဘတ်ဂျက်ကို ပယ်ချရမှာပဲ'

'ပယ်ချင်ပယ်လေ၊ မတတ်နိုင်ဘူး၊ ဘတ်ဂျက်ကို သည်ထက်တော့ တိုးမပေးနိုင်ဘူး၊ ၁ဝိ ဟာတောင် များနေပြီ'

'ဒါဖြင့် ပယ်တယ်ရှင်'

'ပယ်ဗျာ'

'နောက် ခေါင်းစဉ်တစ်ခုကို ဖတ်ပြပါဦး'

ဒသမမြောက် ခေါင်းစဉ်မှာပါသော ဘတ်ဂျက်ကို မောင်လူအေး ဖတ်ပြပြန်၏။

## ၁၀။ အလျှုအတန်း

(က) ဘုန်းကြီးရဟန်း ၂၀
(ခ) လူကြီးသူမ ၁၀
(ဂ) ဖုန်းတောင်းယာစကာ ၅
(ဃ) လူလိမ်လူကောက် ၅

'ဘုန်းကြီးရဟန်းအတွက် ၂၀ ဆိုတာ ရှိပါစေတော့ ၊ လူကြီးသူမအတွက် ၁၀ ထားတာလဲ ရှိပါစေတော့၊ ဖုန်းတောင်းယာစကာအတွက် ၅ ဆိုတာလဲ ရှိပါစေတော့၊ လူလိမ်လူကောက်တွေအတွက် ဘာဖြစ်လို့ ၅ ထားရတာလဲ၊ သည်အတွက် သဘောမတူနိုင်ဘူး။ ဘာတွေကို လျှောက်ထည့်ထား မှန်းမသိပါဘူး၊ မသုံးသင့်တဲ့နေရာမှာသုံး၊ သုံးသင့်တဲ့နေရာမှာတော့ စေးနဲ၊ တော်တော်ခက်တဲ့ လူပဲ'

'နေဦးလေ၊ ဒေါသက တယ်ကြီးတာကိုး၊ ရှင်းလင်းပါရစေဦး၊ သည်လိုပါ၊ လူလိမ်လူကောက်ဆိုတဲ့အကောင်တွေဟာ စာအုပ်ကြီးတွေ ဖြတ်ပိုင်းကြီးတွေနဲ့၊ မိဘမဲ့ကျောင်းက၊ သူအိုရုံက၊ ဘုရားမီးထွန်းရေးအသင်းကနဲ့ ဆိုပြီး ရုံးခန်းထဲ ဝင်လာပါရော၊ ဝင်လာပြီးတော့ စကားဟောင်ဖွာ ဟောင်ဖွာ အချိန်ကိုဖြုန်းပါလေရော၊ ပိုက်ဆံမပေးသမျှ မသွားဘူး၊ သူတို့နဲ့ စကားပြောနေရတာနဲ့ အလုပ်မလုပ်ရတော့ဘူး၊ မပေးဘူးဆိုလဲ မရ၊ တောက်တဲ့ကပ်သလို ကပ်နေတော့ ခက်တာပေါ့၊ သည်တော့ တစ်ကျပ်စ နှစ်ကျပ်စ ဆိုသလို ပေးလိုက်မှ ထွက်သွားကြတယ်၊ တကယ်သာမပေးဘူးဆိုရင် သူတို့အချိန်ဖြုန်းတာကပဲ သုံးလေးကျပ်ထက် မနည်းဘူး၊ ငွေပေးတာကတောင် သက်သာမယ်ဆိုပြီး ပေးလိုက်တာပါပဲ၊ အဲသည်အတွက် ဘတ်ဂျက်စာရင်းမှာ ထည့်ထားဖို့ လိုတယ်၊ မထည့်ဘူးဆိုရင် လူလိမ်လူကောက်တွေ ဘယ်လောက်အချိန်ဖြုန်းမယ် ဆိုတာကိုသာ စဉ်းစားကြည့်ပေတော့'

'အဲသည် လူလိမ်လူကောက်တွေ ပေါနေတာကို တို့လိုအရာရှိတွေ များနေတဲ့အတွက်ပေါ့၊ လူလိမ်လူကောက်တွေကို နှိပ်ကွပ်ဖို့ ခန့်ထားတဲ့ အရာရှိတွေ ကိုယ်တိုင်ကလဲ လူလိမ်လူကောက်တွေကို အားပေးနေကြတော့တာပဲ၊ လူလိမ်လူကောက်တွေ ပေါက်လာပြီလားဆိုရင် တရားအတိုင်းဖြစ်အောင် စစ်ဆေးစုံစမ်းမယ် စိတ်မကူးဘူး၊ စကားနည်း ရန်စဲ၊ အချိန်မဖြုန်းရအောင် ဆိုပြီး ငွေထုတ်ပေးလိုက်ရော၊ သည်တော့ လူလိမ်လူကောက်တွေက အတင့်ရဲကြတာပေါ့၊ ကြည့်ပါလား၊ လူလိမ်လူကောက်

တွေဟာ ဘယ်ကိုမှ လက်ဦးဆုံးမသွားဘူး၊ အစိုးရ အရာရှိတွေဆီကိုသာ သွားတော့တာပဲ၊ ပြီးတော့မှ အရပ်ထဲမှာ ပိုက်ဆံသွားကောက်ခံတယ်။ ဘယ်အရာရှိက ဘယ်လောက်ထည့်လိုက်တယ်၊ ဘယ်အရာရှိက လက်မှတ် ပေးလိုက်တယ်နဲ့ပြောပြီး ကောက်ခံတော့ အရပ်ထဲမှာ ရှိကြတဲ့ လူတွေကလဲ အရာရှိတွေကတောင် ပိုက်ဆံထည့်ကြတော့ လူကောင်းတွေလို့အယူရှိပြီး ထည့်ကြတာပေါ့၊ သည်တော့ လူလိမ်လူကောက်တွေ မပါဘဲ နေပ့ါမလား၊ စင်စစ်တော့ ကိုတို့လို အရာရှိတွေ များတဲ့အတွက် လူလိမ်တွေ ပေါတာ၊ ဒါကြောင့် သည်ဘတ်ဂျက် စာရင်းကိုပယ်တယ်'

'ပယ်ဗျာ၊ မတတ်နိုင်ဘူး'

နောက် ခေါင်းစဉ်မှာပါတဲ့ ဘတ်ဂျက်စာရင်းကို ဖတ်ပြပါဦး'

ဧကောဒသမမြောက် ခေါင်းစဉ်မှာပါသော ဘတ်ဂျက်စာရင်းကို ဖတ်ပြ ပြန်၏။

### ၁၁။ အဝတ်အစား

(က) မောင်လူအေးအတွက် ၁၅

(ခ) ခင်သန်းမြင့်အတွက် ၂၀

'အောင်မယ်၊ ကို့အတွက် တစ်လ ၁၅ တောင်ဘာတွေဝယ်မလို့တုံး၊ ဘာများ လှချင်နေသေးလို့လဲ၊ ကိုယ့်ကိုယ်ကို ကာလသားကလေးများ မှတ်နေလေရော့သလား၊ ကို့အတွက် ၁၅ဟာ များတယ်၊ မြင့် အတွက် ၂၀ ဟာတော့လဲ မနည်းလွန်းဘူးလား၊ တစ်လ ၂၀ နဲ့ ဘာမှ ဝယ်လို့ဖြစ်မှာမဟုတ်ဘူး၊ အခုကာလမှာ အသစ်အဆန်းတွေပေါ်လာတာ ခုတင်ခု၊ ပေါ်တိုင်းပေါ်တိုင်း မဝယ်ပြန်ရင်လဲ ခေတ်ကို မမီတော့ဘူး၊ အသစ်အဆန်းပေါ်တိုင်း ဝယ်တာတောင် ခေတ်ဆန်ဖို့ ခပ်ခက်ခက်၊ ခေတ်ဆိုတာကလဲ တစ်လတစ်ခါ ၁၅ ရက်တစ်ခါ ပြောင်းနေတော့ တစ်လ ၂၀ ဘယ်နည်းနဲ့ မှ မလောက်နိုင်ဘူး'

'အခုရှိတဲ့ အဝတ်အစားတွေကိုပဲ ကုန်အောင် ဝတ်ပါဦးဗျာ'

'အို ပြောနေတာ မကြားဘူးလား၊ အခုရှိတာတွေဟာ ရိုးကုန်ပြီ၊ ဘယ်မှ တိုးလို့မပေါက်တော့ဘူး၊ အသုံးချလို့မရတော့ဘူး'

'နို့ အသုံးချလို့ မရရင် ဘာလို့ သိမ်းထားသေးသလဲ၊ ပေးပစ်တာ ပေးပစ်၊ မီးရှို့ပစ်တာ ပစ်ပါတော့လား'

'ယောက်ျားများဟာ ခေတ်အကြောင်း နားမလည်ဘူးဆိုတာ မှန်ပါလားနော်၊ ကြည့်ပါဦး၊ ကိုယ့်အဝတ်တွေ မဝတ်ရင် မီးရှို့ပစ်ရမယ်တဲ့

သည်အဝတ်တွေကို မဝတ်ပေမယ့် ကိုယ့်ဆီမှာ ဘယ်လောက်ရှိတယ်ဆိုတာ လူလာရင် ပြရသေးတယ်၊ နားလည်ရဲ့လား ကိုယ်တော်ရဲ့'

'အင်း . . . အင်း . . . . သည်လိုကိုး'

'အင်း . . . အင်း လုပ်မနေနဲ့၊ သည်ဘတ်ဂျက် စာရင်းကိုလဲ ပယ်ရလိမ့်မယ်'

'ပယ်သာပယ်၊ အရင်စာရင်းတွေကိုလဲ ပယ်ပြီးပြီဟာ၊ မထူးတော့ပါဘူး'

'နောက် ရှိသေးသလား၊ ဖတ်ပြဖို့'

'ရှိလဲ မရှိတော့ဘူး၊ ထူးလဲ မထူးတော့ဘူး'

'အဲဒါပဲကောင်းတယ်၊ အရင်အတိုင်း သုံးစွဲတာပေါ့၊ ဘတ်ဂျက်လေး ဘာလေးနဲ့ အင်မတန် ရှုပ်ချင်တဲ့ လူတွေပဲ၊ ရတဲ့ငွေနဲ့ သုံးတဲ့ငွေကိုက်သွားရင် ပြီးတာပဲ မဟုတ်လား၊ အကြွေးမတင်ရင် ပြီးရောပေါ့'

'အင်းလေ၊ သဘောရှိပါပဲ၊ မင်းတိုင်ပင်အဖွဲ့မှာသာ မိန်းမတွေကြီးစိုးမယ် ဆိုရင်တော့ ခက်မှာပဲ၊ ဘတ်ဂျက်တွေကို လုပ်လို့ရမှာ မဟုတ်ဘူး'

'အောင်မယ်၊ မင်းတိုင်ပင် အဖွဲ့မှာသာ အားလုံး အမတ်တွေဟာ မိန်းမတွေဖြစ်ပါစေ၊ အခုထက်တောင် ကောင်းအောင် အုပ်ချုပ်ပြလိုက်ချင်စမ်းတယ်'

'တော်ပြီ၊ စကားကြောရှည်မနေနဲ့တော့၊ ၁၀ နာရီတောင် ထိုးသွားပြီ၊ ရုံးသွားရတော့မယ်၊ သည်ဘတ်ဂျက်ရှုပ်တာနဲ့ သည်မနက် အလုပ်မလုပ်ရတော့ဘူး၊ အချိန်ဖြုန်းတယ်'

'ဘယ်သူက စပြီး ဘတ်ဂျက်စကား ပြောတာလဲ၊ ကိုကပဲ ပြောပြီးတော့'

'တော် တော် တော်' ဆို၍ မောင်လူအေး ထသွား၏။

'မတော်ပေါင် တော်' ဆို၍ ခင်သန်းမြင့်လည်း နောက်လိုက် သွားလေသတည်း။

*သူရိယမဂ္ဂဇင်း၊ တွဲ-၂၀၊ မှတ်-၃၊*
*(မေ၊ ၁၉၃၇)*

# တို့ကိုယ်တော်

မောင်လူအေးသည် အလျား ၁၀ ပေ၊ အနံ ၁၅ ပေ၊ အခန်းကလေး အတွင်း အလုပ်ရှုပ်နေခိုက် ရုတ်တရက်ပေါက်၍ လာသူကား အရှင် ဦးညာနိန္ဒ ဖြစ်လေသည်။ အကြောင်းမကြားဘဲ ရုတ်တရက် ပေါက်လာသည်ကို ထောက်လိုက်သော် ဈာန်နှင့် ကြွလာသည်ဟူ၍ပင် ထင်မှတ်ဖွယ် ရှိ၏။ သို့သော် ကျွန်ုပ်တို့၏ ကိုယ်တော်ကား ဈာန်ရသော ကိုယ်တော် မဟုတ်။ အခြား ရဟန်းများကဲ့သို့ ရိုးရိုးကိုယ်တော်ပင် ဖြစ်လေသည်။ လွန်ခဲ့သည့် လေးငါးလအတွင်း စင်ရော်တည်းဟူသော လေယာဉ်ဖြင့် ကောင်းကင်ယံတွင် ဈာန်ပျံဖူးသည် ဟူ၍ကား ကြားသိရလေသည်။

အရှင် ဦးညာနိန္ဒ ကိုယ်တော်သည် ဈာန်မရသောကြောင့်သာ အခြားကိုယ်တော်များနှင့် တစ်စားတည်း ထားရသော်လည်း စင်စစ်ကား အခြား ကိုယ်တော်များထက် ထူးခြားသော အချက်များစွာ ရှိလေသည်။ ယင်းထူးခြားသော အချက်များအနက် ရုပ်လက္ခဏာ၏ ထူးခြားခြင်းကို ရှေးဦးရေးသားရပေမည်။

အရှင် ဦးညာနိန္ဒ ကိုယ်တော်၏အသက်မှာ ၃၀ ကျော် ၄၅ နှစ်ခန့် ရှိပေလိမ့်မည်။ အသားတော်မှာ ခပ်နက်နက်နေ၏။ မဏိတော်မှာ ခပ်လုံး လုံးနေလေသည်။

ပိဋကတ်သုံးပုံကို ထုံးလိုမွှေ၊ ရေလိုနှောက်သောကြောင့် ပေလော၊ အလွန်ပူအိုက်သော နေရပ်တွင် ကြီးပြင်းလာရသောကြောင့်ပေလော မသိ၊ စက္ခုတော်များမှာ ခပ်မှေးမှေးနေ၏။ ဈေးစကားကို သုံး မည်ဆိုသော် မျက်ခမ်း စပ်သည်ဟူ၍ ဆိုရပေမည်။ မျက်မှန်မပါလျှင် စာကို ကောင်းစွာမကြည့်နိုင်၊ နေရောင်ကို မခံနိုင်။ ထို့ကြောင့် မဟုတ် လော၊

'ဒီကမ္ဘာမှာ နေမှတစ်ပါး မည်သူအားမျှ ငါမကြောက်' ဟူ၍ အကြိမ်ကြိမ်ပင် မိန့်မြွက်တော်မူဖူးလေပြီ။

အရှင် ညာနိန္ဒ၏ သွားတော် စွယ်တော်များအား ကွမ်းဝါးလွန်းသောကြောင့် မန်ကျည်းစေ့ အရောင်ခပ်ပြောင်ပြောင်ခပ်လက်လက် ခပ်နက်နက်လည်း နေပေသည်။ အရှင် ဦးညာနိန္ဒ ဝတ်သော သင်္ကန်းတော်များကား ပြောင်လက် ထိန်ဝင်းခြင်းမရှိ။ သစ်ခေါက်ဆိုးအရောင် ညစ်ပုပ်ပုပ် ညစ်ထေးထေးနေလေသည်။ ဤနေရာတွင် ကျွန်ုပ်တို့၏ ကိုယ်တော်မှာ ယခုကာလ ရဟန်းအချို့တို့ထက်ပင် ဝိနည်းတော်အတိုင်း ကျင့်ပေသေး၏။

အရှင် ဦးညာနိန္ဒ၏ အခြားထူးခြားသည့်အချက်ကား ဝံသာနုစိတ်ထား ကြီးမားခြင်းဖြစ်လေသည်။ မြန်မာများ ဆင်းရဲနေကြသည်ကို လားလားမျှ မရှုနိုင်။ သာသနာတော်ကြီး မှေးမှိန်နေသည်ကို လားလားမျှ မခံသာပေ။ ထို့ကြောင့် မဟုတ်လော၊ မြန်မာပြည်တွင် ဝံသာနုတွေ၊ ဂျီစီဘီအေတွေ ပေါ်စကတည်းက ဝံသာနုအလုပ်ကို လိုက်စားလာခဲ့သော ပုဂ္ဂိုလ်ကြီး ဖြစ်လေသည်။

ထိုလွန်လေပြီးသော ခေတ်မှ ယခုမလွန်သေးသော ခေတ်တိုင်အောင် ဝံသာနုများအတွက် မည်သို့ဆောင်ရွက်ခဲ့သည်ကို မှတ်တမ်းတင်ကြည့်ဦးစို့။ ဝံသာနုများနှင့် ပတ်သက်၍ အရေးပိုင်မင်းထံသို့ ရောက်သော အရှင်ဦးညာနိန္ဒ၏ စာများ၊ လျှောက်လွှာများကား မရေတွက်နိုင်ပြီ။ အရေးပိုင်မျှမကသေး၊ ခရိုင်မင်းကြီးထံသို့ ရောက်ခဲ့ပြီးသော စာပေါင်း၊ လျှောက်လွှာပေါင်းလည်း အတော်ပင် များခဲ့ပြီ။ ခရိုင်မင်းကြီးကို ကျော်ပြီးလျှင် ဘဏ္ဍာမင်းကြီးထံသို့ပင် အရှင်ဦးညာနိန္ဒ၏စာများ၊ လျှောက်လွှာများ အတော်အသင့်ရောက်ခဲ့လေပြီ။ ဘဏ္ဍာမင်းကြီးမျှမကသေး မြန်မာပြည် ဘုရင်ခံမင်းကြီးထံသို့ပင် အရှင်ဦးညာနိန္ဒ စာအချို့ ရောက်ခဲ့လေသည်။ ဤမျှနှင့် အဘယ်မှာ ကျေနပ်ပေဦးမည်နည်း။ အိန္ဒိယပြည် ဘုရင်ခံချုပ်ကြီးပင် အေးအေးမနေရ။ ဗြိတိသျှ အင်ပါယာ နိုင်ငံတော်ကြီးကို စိုးစံတော်မူသော အရှင်ဂျော့ ဘုရင်မင်းမြတ်ထံတော်သို့ ဦးညာနိန္ဒ၏ ပေးစာ၊ လျှောက်လွှာများ ရောက်သည်ဟူ၍ကား မကြားဖူးချေ။ အရှင်ဦးညာနိန္ဒကိုယ်တော်ကလည်း ဤအကြောင်းကို ထုတ်ဖော်၍ မိန့်တော်မမူ။

အရှင်ဦးညာနိန္ဒ ကိုယ်တော်၏ စာတိုစာရှည်စာဗလပွေမှစ၍

လျှောက်လွှာ အထွေထွေတို့ကြောင့် နယ်ပိုင်၊ မြို့ပိုင်၊ နယ်ပိုင်စာရေး၊ မြို့ပိုင်စာရေးတို့မှာ အားရသည်ဟူ၍မရှိ။ ဟိုသွားစုံစမ်းရ၊ သည်သွား ထောက်လှမ်းရ၊ဟိုမှာ စစ်ဆေးရ၊ သည်မှာ စစ်ဆေးရနှင့်အလုပ်များ လုပ်လာခဲ့ကြသည်မှာ အတော်ပင်ကြာခဲ့လေပြီ။ သို့ဖြစ်သောကြောင့် အရှင် ဦးညာနိန္ဒ ကိုယ်တော်မြတ်ကို မြင်ကြရလျှင် အလိုလို စိတ်ထဲတွင် ရှုပ်ထွေးလျက် နေကြလေသည်။ အရှင်သူမြတ်၏ လျှောက်လွှာများကို စစ်ဆေးနေရသည်နှင့်ပင်အခြားအလုပ်များကို လုပ်ရသည်ဟူ၍ မရှိပြီ။

နယ်ပိုင်ရုံး၊ မြို့ပိုင်ရုံးတို့ အတွင်းအပြင် ဝင်လိုဝင်၊ ထွက်လိုထွက် မိမိပိုင်နက် ဝိဟာရကဲ့သို့ပင် ထင်မှတ်လေရော့သလား၊ ရုံးပြာတာများမှာ အရှင်သူမြတ်အား မနှင်ဝံ့၊ ရုံးစာရေးများလည်း မပြောဝံ့၊ နယ်ပိုင်၊မြို့ပိုင် များပင် အသာကြည့် နေကြရလေတော့သည် မတော်သူ့အား ခပ်မာမာ ခပ်ဆတ်ဆတ်ကလေး ပြောလိုက်မည်ဆိုက အရှင်သူမြတ် ဒေါပွလာ တော့မည်။ ဆူးပေါ်ဖက်ကျ ဖက်ပေါက်၊ ဖက်ပေါ် ဆူးကျလည်း ဖက်ပေါက်လေတော့မည်။ အရှင်သူမြတ်၏ လျှောက်လွှာများလည်း ဘုရင်ခံ၊ ဘုရင်ခံချုပ်တို့ထံသို့ ရောက်ကြလေတော့မည်။

မောင်လူအေး ဤနယ်သို့ ရောက်လာသည်မှာ တစ်လပင်မကြာ သေး၊ အရှင် ဦးညာနိန္ဒနှင့် သုံးကြိမ်တိုင်တိုင်တွေ့ကြုံခဲ့ရလေပြီ။

ပထမအကြိမ်ကား ပြတောက်ရွာသားများ၏ သဿမေဓအခွန် တော်ရေးနှင့်ပတ်သက်၍ဖြစ်၏။ ဒုတိယအကြိမ်ကား အရှင် ဦးညာနိန္ဒ၏ မိတ်ဆွေ ဦးပဥ္စင်းတစ်ပါး၏ စာသင်ကျောင်း တည်ထောင်ရေး အတွက် ဖြစ်၏။ ယခု တတိယအကြိမ်ရောက်ခြင်းကား ဝက်သည်းကန်တွင် ရေနည်းပါးသောကိစ္စကြောင့် ရောက်လာခြင်းဖြစ် လေသည်။ ဤတစ်လ အတွင်း သုံးကြိမ်တိုင်တိုင် ရုံးသို့ရောက်လျှင် နောင် မောင်လူအေး ဤနယ်တွင် ရှိသမျှကာလပတ်လုံး အရှင်ဦးညာနိန္ဒနှင့် အကြိမ်ပေါင်း မည်မျှ တွေ့ရဦးမည်နည်း။

မောင်လူအေး ရောက်နေသော နယ်အတွင်းရှိ နယ်သူနယ်သားကြီး ကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် လှည်းနေလှေအောင်း မြင်းဇောင်း မကျန် အားလုံးပင် အရှင် ဦးညာနိန္ဒနှင့် မသိသူ မရှိ၊ သိသူချည်းဖြစ်လေ သည်။ မည်သူမဆို အရေးအကြောင်း တစ်စုံတစ်ရာရှိလျှင် အရှင် ဦးညာနိန္ဒထံ ရှေ့မှောက်သို့ ရောက်လာကြလေသည်။ လယ်ပျောက် လျှောက်လိုလည်း ရောက်လာ၊ တစ်ဦးနှင့်တစ်ဦး မြေလုကြလျှင်လည်း

ရောက်လာ၊ အစိုးရမင်းက မြေသိမ်းသောအခါ မြေလျော်ကြေး ကျေကျေ နပ်နပ် မရလျှင်လည်း ရောက်လာ၊ ကျေးရွာများတွင် ရေမလုံလောက် သောအခါတွင်လည်းကောင်း၊ ကျေးရွာများတွင် လမ်းကောင်းကောင်း လိုသောအခါတွင် လည်းကောင်း၊ ကျေးရွာများတွင် ပွဲခံလိုသောအခါတွင် လည်းကောင်း၊ ကျေးရွာများတွင် ဘုရားပွဲကျင်းပလိုသောအခါတွင် လည်းကောင်း၊ ကျေးရွာများတွင် စာသင်ကျောင်း ကောင်းကောင်း လိုသောအခါများတွင် လည်းကောင်း အရှင်ဦးဉာနိန္ဒ၏ ခြေတော်ရင်း သို့ ဝပ်စင်းကာ ရောက်လာကြသည်သာတည်း။

အရှင် ဦးဉာနိန္ဒ ကိုယ်တော်မှာလည်း ထိုလာသမျှသော သူတို့၏ လျှောက်ထားချက်တို့ကို လက်ခံပြီးလျှင် မြို့အုပ်ထံ လျှောက်လိုလျှောက်၊ ဝန်ထောက်ထံလျှောက်လိုလျှောက်၊ အရေးပိုင်၊ ခရိုင်မင်းကြီး၊ ဘဏ္ဍာ မင်းကြီး၊ ဘုရင်ခံ၊ ဘုရင်ခံချုပ်မှစ၍ ဆိုင်ရာဆိုင်ရာ အရာရှိများထံသို့ ရောက်အောင် ပေါက်အောင် လျှောက်လွှာများကို ရေးသားပေးနေရ သည်နှင့်ပင် နေ့စဉ် အလုပ်ရှုပ်လျက် ရှိနေတော့၏။ စာပေကြည့်ရှုရန် လည်းကောင်း၊ ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်းရန် လည်းကောင်း၊ အဘယ် မှာလျှင် အချိန်ရပါတော့အံ့နည်း။ ငယ်စဉ်က မည်သည့်စာအထိ ပေါက်ရောက်ခဲ့ကြောင်းကို မည်သူမျှ သိမည်မထင်။

နေ့စဉ်ပင် ရွာသူရွာသားတို့ဖြင့် ပြည့်နှက် စည်ကား၍နေသော အရှင်ဦးဉာနိန္ဒ၏ ကျောင်းဝိဟာရကား မြဝတီဆရာတော်ဘုရား၏ အုတ်ကျောင်း ဝိဟာရကဲ့သို့ ခမ်းနားကြီးကျယ်ခြင်းကား မရှိလှပေ။ ဝက်သည်း ကန်၏ နဖူး စည်တုတ္တရာလမ်းအနီးရှိ ငှက်ပျောဥယျာဉ်က လေးအတွင်း ဆောက်လုပ်ထားသော ဝါးကျောင်း ဝိဟာရကလေးဖြစ်လေ သည်။ တောရွာကျေးလက်မှ ဝံသာနုထိပ်သီးများက ကြည်ညိုကြသဖြင့် ဆောက်လုပ်ပေးသော ကျောင်းတော် ဝိဟာရပင် ဖြစ်လေသည်။

ဤဝါးကျောင်းကလေး အတွင်းမှာပင် ဘုရင်ခံ၊ ဘုရင်ခံချုပ်တို့ ထံသို့ ပို့သော စာတိုစာရှည်များကို ရေးသားခဲ့လှလေပြီ။ နှယ်နှယ်ဝါး ကျောင်းဟူ၍ မမှတ်ရာ။ ရာဇဝင်တွင်ရစ်အောင် သံပိုင်းကျောက်စာ ထိုးထားရန် ထိုက်သော ဝါးကျောင်းကလေးပင်တည်း။ လျှောက်လွှာများ စာတိုစာရှည်များကို စီကုံးရေးသားခြင်းကိစ္စ ပြီးစီး၍ အားအားရှိလျှင် ကျောင်းတော် ဝိဟာရရှေ့ တလင်းပြောင်ပြောင် ညောင်ပင်ကြီး အောက်တွင် အညောင်းပြေ အညာပြေ စင်္ကြံကြွတော်မူသည်မဟုတ်။

ဝါးကပ်ရက်ခြင်း အလုပ်ဖြင့် အချိန်ကို အသုံးပြုတော်မူလေသည်။ ယင်း ဝါးကပ်တို့ကို ရောင်းချသည်ဟူ၍ မမှတ်ရာ။ မိမိကျောင်းတော်ဝိဟာရကို မွမ်းမံရန်မျှသာ ဖြစ်သည်ဟူ၍ အို . . . စာဖတ်သူအပေါင်း သူတော်ကောင်းတို့သည် ဂဏှာထ မှတ်ယူကြပါကုန်လော့။ သာဓု  သာဓု သာဓု။

*ဂန္ထလောက၊ တွဲ-၂၂၊ မှတ်-၁၃၃၊*
*(ဖေဖော်ဝါရီလ၊ ၁၉၃၆)*

၀

# ပဏားဘွယ်

မောင်လူအေးတို့ ငယ်ငယ်ကျောင်းသား ဘဝတုန်းက ဘီအေဆို လျှင် အတော်ပင်မျက်နှာရှိ၏။ ဘီအေအောင်ပြီးနောက် မြို့အုပ်ဖြစ်သူမှာ ဂုဏ်ကြီးရှင် တစ်ယောက်ဖြစ်လေသည်။ ဝန်ထောက်ဖြစ်လျှင် ဆိုစရာ မရှိပြီ။ ထိုခေတ်က ကျောင်းသားတိုင်းလိုလိုပင် ဘီအောင် အောင် ချင်၏။ မြို့အုပ်လုပ်ချင်၏။ ဘီအေ၊ မြို့အုပ်၊ ဝန်ထောက်တို့ ခေတ်ကလည်း ကောင်းလှပေသည်။

မြို့အုပ်ဆိုလျှင် သူတကာအပေါ်၌ များစွာ ဩဇာရှိ၏။ လူတကာ က ကြောက်ရွံ့ကြလေသည်။ အလုပ်လည်းများစွာ မပင်ပန်းလှပေ။ မြို့ အုပ်မင်းကား သွားလေရာရာတွင် နာမည် တဟိုးဟိုးကျော်လျက် နေ၏။ မြို့အုပ်မင်းစကားဆိုလျှင် အမှတ်အထား ပြုထားလေ့ရှိသည်။ မြို့အုပ် မင်း၏ ဂုဏ်ကြီးကား ကြီးမားလှပေ၏။ ဝန်ထောက်မင်း၏ ဂုဏ်ကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။ ဤကဲ့သို့ ဂုဏ်ပုဒ်ကြီးများနှင့် ပြည့်စုံ ကြသည့် မြို့အုပ်၊ ဝန်ထောက်တို့ကို မကြာမကြာ တွေ့မြင်နေကြရသော ကျောင်းသားအရွယ် သူငယ်ကလေးတို့မှာ မြို့အုပ်၊ ဝန်ထောက်ဖြစ်ချင် ကြသည်ကို အပြစ်ဆိုရင် မသင့်ပေ။

မောင်လူအေးတို့ ဝန်ထောက်ဖြစ်သော ခေတ်ကား ရှေးခေတ် မဟုတ်။ ခေတ်သစ်သို့ ပြောင်းသွားလေပြီ။ အရေးပိုင်ကိုပင် မင်းဟု မထင်မှတ်ကြချေ။ ဝန်ထောက်ဆိုလျှင် အညံ့စား၊ မြို့အုပ်ကိုကား လူပင် မထင်မှတ်တော့ပြီ။

မောင်လူအေး ဝန်ထောက်ဖြစ်၍ တစ်နှစ်မျှမကြာခင် သာယာ ဝတီတွင် သူပုန်အကြီးအကျယ်ထ၏။ သာယာဝတီမှ အင်းစိန်နယ်၊ ဖျာပုံ

နယ်၊ သရက်မြို့နယ်၊ ပြည်နယ်တို့သို့ သွားလေသတည်း။ သူပုန်တို့အား စစ်တပ် အမြောက်အမြားနှင့် နှိမ်နင်းရ၏။ သူပုန်ကိစ္စနှင့် မရှေးမနှောင်း မှာပင် မြန်မာနှင့်ကုလား၊ မြန်မာနှင့် တရုတ် အဓိကရုဏ်းများ ဖြစ်ပြန်၏။ ပဲခူး၊ သာယာဝတီ၊ မြောင်းမြ၊ တောင်ငူနယ်တို့တွင် ကုလားများ အသတ်ခံကြရ၊ အတိုက်ခံကြရ၊ အရိုက်ခံကြရလေသည်။ ထိုခေတ် အတွင်းမှာပင် စပါးဈေးတွေက ကျ၊ ဆန်ဈေးတွေက မရ၊ အရောင်း အဝယ်ကလည်း မဟန်ကြသဖြင့် ဒုက္ခကြီးစွာ ရောက်ကြကုန်၏။ သည် အထဲတွင် အထက်အညာမြင်းခြံ၊ မိတ္ထီလာနယ်များ၌ မိုးခေါင်သဖြင့် နယ်သူ နယ်သားများ ငတ်မွတ်ခေါင်းပါးကြပြန်လေသည်။ အထက် အစိုးရကြီးများ ခေါင်းရှုပ်သွားကြကုန်၏။ အောက်အစိုးရကလေးများ ဖြစ်ကြကုန်သော ဝန်ထောက်၊ မြို့အုပ်တို့မှာ အလုပ်ရှုပ်လျက် နေကြလေသည်။ ဦးမနိုင် ပဲ့မနိုင်၊ သူပုန်ရေးကအခက်၊ ငတ်မွတ်ရေးကလည်း ဝင်စွက်၊ အခွန်တော်ရေးအတွက်ကလည်း မပေါ်၊ ကိုယ်တော်တစ်သိုက် မှာ စိတ်အိုက်၍ နေကြလေသည်။

တစ်နှစ်မျှကြာလေသော် သူပုန်အရေးမှာ အနည်းငယ်အေး၍ သွား၏။ စပါးဈေးများလည်း အနည်းငယ်တက်၍ လာလေသည်။ အခွန် တော်အတွက်လည်း ရှေးကကဲ့သို့ မခက်တော့ပြီ။ သွက်သွက်ကြီး ကောက်ခံနိုင်လေသည်။ ဤအခါတွင်ကား မောင်လူအေးသည် ဟံသာ ဝတီ၊ ဟင်္သာတ၊ သာယာဝတီ၊ အင်းစိန်နယ်တို့နှင့်စပ်လျက်နေသော နယ်ကို အုပ်ထိန်းလျက် နေရရှာ၏။ ထိုနယ်တွင် ဓားပြများအထူး သောင်း ကျန်းလျက် နေကြလေသည်။

လွန်ခဲ့သော တစ်လခန့်အခါက ကညင်ကောက် ရွာသူကြီးနှင့် သူ၏ သားသမီးတို့ကိုပါ ဓားပြများ သတ်၍ သွားကြလေသည်။ မည်သူ ကမျှ မမိသေး။ ခမျာ သူကြီးတို့ သားအမိမှာ အကြောင်းမဲ့ သက်သက် အသက်ဆုံးရှာကြလေသည်။ ငွေတို့ ရွှေတို့လည်း ယူ၍ မသွားကြချေ။ ရန်ငြိုးရှိ၍ သတ်သည်ဟု အချို့က တီးတိုးစကားပြောကြ၏။ သူပုန်များ လက်ချက်ဟူ၍လည်း ပြောကြလေသည်။ မည်သူ့စကားကို ယုံရမှန်း မသိတော့ပြီ။ ပုလိပ်များကား စုံထောက်တုန်း ရှိသေး၏။

ကညင်ကောက် ဓားပြမှု ဖြစ်ပေါ်ပြီးနောက် ဆားမလောက် ရွာတွင် နှစ်ကြိမ်တိုင်တိုင် တရုတ်ဆိုင်၌ ဓားပြ တိုက်ပြန်လေသည်။ သပြေချောင်း တွင် တစ်ကြိမ်၊ ဗျောသလန်းတွင် တစ်ကြိမ်၊ ခတ္တိယတွင်နှစ်ကြိမ်၊ ငှက်

ပျောက္ကျန်းတွင် နှစ်ကြိမ်၊ ရုံးချောင်း၊ လက်ဆွဲချောင်း၊ လင်းလွန်းပင်တို့တွင် တစ်ကြိမ်စီ တိုက်ပြန်လေသည်။ သံဖြူစုတွင်လည်း လူဆိုး ၃၀ ကျော်တို့သည် တရုတ်ပေါက်ဖော် အိမ်တွင်းသို့ဝင်၍ သုံးယောက်သော အိမ်ရှင်တို့ကို ဖမ်းဆီး ခုတ်သတ်၍ သွားကြကုန်၏။ များလိုက်သည့် ဓားပြတွေ ရေတွက်၍ပင် မကုန်နိုင်ပြီ။

မနေ့ တစ်နေ့ကပင် အလ္လမြို့ရွာတွင် ဓားပြ ၂၁ ယောက်ဝင်ကာ ချစ်တီးအိမ် တစ်အိမ်ကို စီးကြလေသည်။ပစ္စည်းများကိုလည်း မယူ၊ ချစ်တီး သုံးယောက်ကိုသာ ခုတ်သတ်ပြီးလျှင် အိမ်ကိုမီးရှို့သွားကြ၏။ မီးထဲတွင် သေသူ ချစ်တီးကား တစ်ယောက်၊ ကြောက်စရာ့ခေတ်ကြီးဖြစ်လေသည်။ အနီးအနားအိမ် ခြောက်အိမ်တို့ကိုလည်း မီးစွဲလောင်သေး၏။ ရွာသားများ မီးသတ်ရန် အလာတွင် ဓားပြတို့ကလှမ်း၍ သေနတ်ဖြင့် ပစ်သောကြောင့် ဆယ်အိမ်ခေါင်း ကြက်တောနှင့် ဖိုးငွေးတို့ ဒဏ်ရာ အကြီးအကျယ်ရကြလေသည်။ သေမည် ရှင်မည်မသိ။ ဆေးရုံတွင် ရှိကြသေး၏။ အလ္လမြို့ ရွာသူကြီးမင်းလည်း အသက်ဘေးမှ ချမ်းသာရာ ချမ်းသာကြောင်း ရွာ၏ အနောက်ဘက်တောထဲသို့ ထွက်ပြေးကြသည်ဟု သတင်းကြားရလေသည်။ အလုပ်ပြုတ်လျှင်သာ ပြုတ်ရမည်၊ အသက်ကိုကား အသေမခံနိုင်။ ဓားပြတို့၏လက်တွင် နှစ်လုံးပြူးသေနတ် လေးလက်ပါလာလေသည်။ သူပုန်တွေ၏ အဆက်များ ဖြစ်လေရော့သလားမသိ။ ဗိုလ်မိုးမြစ်၏ လူတွေဟုလည်း ပြောကြကုန်၏။

မကြာမီက ကိုင်းတောရွာသူကြီးလည်း ဓားပြတို့၏ လက်ချက်ဖြင့် အသက်ဆုံးရှာလေပြီ။ မသာအိမ်သို့ သွားလေရာမှာ ပုလိပ်များလာသည်။ အမြန်လိုက်လာပါဟု သားကလေး မောင်ထွေးက လာခေါ်သောကြောင့် အိမ်သို့ ပြန်သွားရာ ပုလိပ်များ မဟုတ်၊ ဓားပြများဖြစ်နေကြောင်းသိရ၍ ပြေးမည်အလုပ်တွင် ဓားပြတို့က အသေခုတ်ကြလေသည်။ ပုလိပ်များ ကဲ့သို့ ဘောင်းဘီတိုတိုနှင့် ကာကီရောင်ဓားပြတွေပါတကား။ အင်းစိန် နယ်မှ ပြေးလာကြသော ဗိုလ်လရောင်တို့၏ လက်ချက်ဟူ၍ ထင်မှတ် ဖွယ်ရှိလေသည်။ သူတို့ တစ်တွေလည်း မမိသေးပေ။

သံကြိုးရွာ သူကြီးကိုလည်း ဤနည်းအတိုင်း ညာ၍ခေါ်ပြီးလျှင် ရိုက်နှက်ကြသေး၏။ ရွာသားများက ဝိုင်း၍ လာကြသောကြောင့်သာ အသက်ဘေးမှ ချမ်းသာရလေသည်။

ရွာသားများမှာလည်း ဒုက္ခပင်။ ဓားပြအတိုက်ခံရသည်မှာ ခဏ ခဏ၊ သေနတ်ပါလာသည်သာများ၏။ ခုခံလျှင် အသက်မချမ်းသာ၊ ပြေး ပြန်ပါကလည်း မလွတ်၊ ချမ်းသာသူတွေမြို့သို့တက်၍ နေထိုင်ကုန်ကြ ပြီ။ ဆင်းရဲသူတွေကိုကား လဲရာမှာ သူခိုးထောင်းကုန်ကြပြီ။

လွန်ခဲ့သော လေးရက်ခန့်အခါက ရွှေလှေရွာတွင် ဓားပြ ခြောက် ယောက် သူကြီး၏ အိမ်အတွင်းသို့ အတင်းဝင်ကာ သေနတ်သုံးလက် တို့ကို လုယူသွားကြလေသည်။ သူကြီးကိုလည်း ခုတ်သွားကြသေး၏။ ရွာသားများမှာ မခုခံဝံ့ကြသောကြောင့် အသာငြိမ်ခံနေကြလေသည်။ လူ မည်းမည်းမြင်လျှင် ဓားပြများက ဆီး၍ ပစ်တော့၏။ အလွန်မိုက်ရိုင်း သော သူတို့ပါတကား။ သူတို့ကိုလည်း ယခုတိုင် မမိသေး၊ ပုလိပ်များ စုံထောက်တုန်းပင်။ မည်သည့်အခါများမှ မိမည် မသိတော့ပြီ။ မိသည့် တိုင်အောင် သက်သေရရန် ခဲယဉ်း၏။ ဤခေတ်ကား ခေတ်ဆိုး ခေတ်ကြမ်း ခေတ်သရမ်းကြီးပေတည်း။

မောင်လူအေးသည် မိမိ၏စာရေးမောင်ညိမ်း၊ မောင်ဖျန်စိန်၊ အင်းမ ရွာသူကြီး ဦးဘကြင်၊ တောင်ပိုင်းသူကြီး ဦးမိုးသီးတို့နှင့်အတူ လှည်းစီး ကာ အင်းမရွာသို့ ရှေ့ရှု လာကြကုန်၏။ အချိန်မှာ ညနေစောင်း နေမဝင် မီကလေးဖြစ်သည်။ လေညင်းကလည်း ခပ်ဖြည်းဖြည်းတိုက်နေလေ သည်။ နွားပြာ နှစ်ကောင်ကသော လှည်းမှာလည်း ကောက်ရိုးအပြည့် ထည့်ထားသော ကွင်းပြင် လမ်းကြမ်းပေါ်တွင် လာရသော်လည်း မော် တော်ကား မမီ၊ ငြိမ့်လှပါဘိသည်။ မောင်ညိမ်း၏ လက်တွင် နှစ်လုံး ပြူး သေနတ် တစ်လက်ပါလေသည်။

သူကြီးနှစ်ယောက်နှင့် စာရေးတို့လည်း တစ်နေ့က ရွှေလှေရွာတွင် သေနတ်များကို လုသွားသော ဓားပြမှုအကြောင်းကို ဆွေးနွေးလျက် လာကြကုန်၏။ နွားများကို အတွင်သာမောင်းနှင်၍ လာလေသည်။ ထိုနွားပြာ တစ်ရှဉ်းမှာလည်း မိမိတို့အရှင် သွားလိုရာဌာနသို့ မြန်မြန် ရောက်ပါစေတော့မည်ဟု တွေးတောကာ လာခဲ့ကြကုန်၏။

လှည်းဆရာနှင့် ကပ်လျက်ထိုင်ကာ လိုက်ပါလာသော မောင်လူ အေးကား ညနေခင်း၏ သာယာခြင်းကို အမှုမထားနိုင်ပြီ။ သူကြီး နှစ် ယောက်နှင့် စာရေးတို့ ဆွေးနွေးလာကြသော ဓားပြအကြောင်းကိုလည်း ဂရုမစိုက်နိုင်။ မိမိနယ်တွင် ဓားပြမှုများ လျော့သွားရန် လူခွန်၊ မြေခွန် မြန်မြန်ရရန် အကြောင်းတို့ကိုသာလျှင် အကြံထုတ်ကာ လာလေသ

တည်း။

အင်းမရှာသို့ရောက်လျှင် ရေမိုးချိုး၊ ထမင်းစားသောက်ပြီးနောက် သူကြီး၏ အိမ်အပြင်ဘက် ဝရန်တာလေးပေါ်၌ ခင်းထားသော ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ကာ ထွေရာလေးပါး စဉ်းစားလျက်နေ၏။ တန်ကြာလျှင် လူလေးငါးယောက် ဟိုတုတ်ချွန်တွေ၊ ဓားတွေ၊ လှံတွေကို ကိုင်ကာ သူကြီးမင်း၏ အိမ်ဝင်းအတွင်းသို့ ဝင်လာကြကုန်၏။ ထိုသူတို့ကား မည်သူတို့ပါနည်း။ ဓားပြတွေလော၊ သူပုန်တွေလော၊ ဓားပြလည်းမဟုတ်၊ သူပုန်လည်းမဟုတ်၊ ကင်းသမားများ ဖြစ်ကြလေသည်။ သူတို့အသီးသီး စောင်ကိုယ်စီခြုံထားကြပြီး သူကြီးအိမ်ဝင်းအတွင်း ခင်းထားသော ခုံရှည်တစ်ခုတွင် ထိုင်နေကြလေသည်။

မောင်လူအေးသည် ထိုကင်းသမားတို့ကိုကြည့်ကာ ဟိုနှယ်သည်နှယ် စဉ်းစားပြန်၏။ သူတို့ကား သူကြီးမင်း၏အမိန့်ကြောင့်သာ ကင်းစောင့်ရန် လာကြလေသည်။ စိတ်ကား ပါကြလိမ့်မည်မဟုတ်ပေ။ သားပစ် မယားပစ်၊ ချမ်းကလည်းချမ်း၊ အိပ်ကလည်းပျက်၊ မည်သူ လာချင်အံ့နည်း။

ထိုသူတို့ကား ဓားပြတွေကို တုတ်ချွန်တွေ ကိုယ်စီကိုင်ကာ ဟန်ပါပါ ကင်းစောင့်ရှာသော်လည်း အကယ်၍ ဓားပြများ လာမည်ဆိုလျှင် ဇကန် ပြေးကြမည့်သူတွေသာဖြစ်လေသည်။ ခုခံကြမည့်သူတို့ကား မဟုတ်ကြချေ။ သူတို့တစ်တွေ ကင်းစောင့်နေကြရသော်လည်း အကျိုးရှိမည်မဟုတ်။ သို့သော် ဟန်ဖြင့် ခြောက်ရုံသာရှိသည်။ စင်စစ်ကား မိမိတို့ ကိုယ်ကိုယ်သာလျှင် မိမိတို့ အားကိုးရာရှိတော့၏။

ဤသို့ တွေးတောကာ မိမိအနားတွင်ချထားသော ခြောက်လုံးပြူးသေနတ်ကိုယူကာ ခါးတွင်ထိုး၍ ထား၏။ ထို့နောက် စီးကရက် တစ်လိပ်ကို သောက်ကာ စီးကရက်မှ ထွက်လာသော မီးခိုးကို ကြည့်ရင်း အမျိုးမျိုးစိတ်ကူးထုတ်နေပြန်၏။

ဤသို့ စိတ်ကူးထုတ်၍ အတန်ကြာလျှင် ကင်းသမားတို့အား အိမ်သို့ပြန်၍ လွှတ်လိုက်၏။ ကင်းသမားများ ပြန်သွားကြသောအခါ မောင်လူအေးအိပ်ရာထဲ ဝင်တော့သတည်း။

*ဂန္ထလောက၊ တွဲ-၁၆၊ မှတ်-၉၁၊*
*(ဩဂုတ်လ၊ ၁၉၃၂)*

၍ ၍ ၍

# တို့ဆရာ

တို့ဆရာ ဝိဇ္ဇာတန်းကို အောင်မြင်သည်မှာ အတော်ကြာပေပြီ။ အတော်ကြာသည် ဆိုရာ၌ ငါးနှစ်၊ ခြောက်နှစ်ခန့်ကြာသည်ကို ဆိုလိုသည်။ ဝိဇ္ဇာတန်းကိုအောင်မြင်ပြီးနောက် တက္ကသိုလ်မှ မခွာရက်သောကြောင့် ဆရာဆက်၍လုပ်ကိုင်နေသူပေတည်း။

ဆရာလုပ်နေသောကြောင့် 'တို့ဆရာ' တည်းဟူသော အမည်ထူးကိုရ၏။ မြို့အုပ်အလုပ်ကို လုပ်မည်ဆိုလျှင် 'တို့မြို့အုပ်' အမည်ကိုရမည်ကား မလွဲ။ ဝန်ထောက်အလုပ်ကို ဝင်၍ လုပ်မည်ဆိုပါလျှင် 'တို့ဝန်ထောက်' ဘွဲ့ကို ရမည်လည်း မလွဲပေ။ ဤမျှ သတ္တိထူးရှိသော ပုဂ္ဂိုလ်ကြီးပေတည်း။

တို့ဆရာကား တက္ကသိုလ်ကျောင်း၌ နေရာတကာတွင် ထင်ရှားပေါ်လွင်သော ဆရာတစ်ဦးဖြစ်လေသည်။ တက္ကသိုလ်ဆရာများသည် ပညာသင်ကြားရာ၌ ကျော်ကြားကြပေလိမ့်မည်။ သို့ရာတွင် တို့ဆရာလောက်အသုံးဝင်သော ဆရာကား မရှိပေ။ မြစ်သည် ရေမရှိလျှင် မတင့်တယ် သကဲ့သို့၊ အိုင်သည် ကြာမရှိလျှင် မတင့်တယ် သကဲ့သို့၊ တိုင်းပြည်သည် မင်းမရှိလျှင် မတင့်တယ်သကဲ့သို့ ရန်ကုန်တက္ကသိုလ်ကြီးသည်လည်း တို့ဆရာမရှိလျှင် တင့်တယ်မည်မဟုတ်ပေ။

ကျောင်းဆရာ လုပ်နေသော်လည်း တို့ဆရာမှာ စစ်မှုစစ်ရာကိုများစွာ ဝါသနာပါ၏။ လေ့လာ၏။ ကျွမ်းကျင်၏။ ကျောင်းသားများစစ်အတတ်များသင်ကြားမှုတွင် တို့ဆရာမပါလျှင်မပြီး၊ အမြဲပါဝင်ရလေသည်။ ကျောင်းသားများ စစ်ရေးပြလျှင် တို့ဆရာမှာ စစ်တပ်ကိုဦးစီးသော စစ်သူကြီးဖြစ်၏။ ကျောင်းပိတ်သောအခါ ကျောင်းသား စစ်သည်

တော်တို့သည် တစ်မြို့မြို့သို့ ပျော်ပွဲစား ထွက်လေ့ရှိကြသည်။ ထိုအခါ များတွင် တို့ဆရာ ပါစမြဲဖြစ်၏။

ကျောင်းတွင် အငြိမ့်ခံမည်ဆိုလျှင် တို့ဆရာပင် အငြိမ့်ငှားရ၏။ ကျောင်းတွင် အစည်းအဝေးပွဲရှိလျှင် တို့ဆရာပင် အကျွေးအမွေးကို စီမံပေးရ၏။ ကျောင်းတွင် မီးထွန်းပွဲ လုပ်မည်ဆိုလျှင် တို့ဆရာပင် လူကြီး လူကောင်းတို့ကို ဖိတ်မန်ခြင်းပြုရ၏။ မြို့ထဲတွင် လိုသောအရာရှိလျှင် တို့ဆရာပင် ဧည့်ခံခြင်း အလုပ်ကို ဆောင်ရွက်ရ၏။ တို့ဆရာမပါလျှင် မည်သည့်အလုပ်သည် စည်စည်ကားကားဖြစ်နိုင်တော့အံ့နည်း။

တို့ဆရာကား စိန်တွေအများကြီး ဝတ်စားနိုင်သော မိန်းမကြီးကြီး ငယ်ငယ်တို့ ပေါရာ ရန်ကုန်မြို့ကြီးတွင် အသိအကျွမ်းများသော ပုဂ္ဂိုလ် ကြီးလည်း ဖြစ်ပေ၏။ ကျောင်းတွင် ပွဲလမ်းသဘင်ကျင်းပတော့မည် ဆိုလျှင် ရန်ကုန်မြို့တွင်းမှ လာကြသော ဧည့်သည်တို့ကို ဧည့်ခံနေရ သည်နှင့်ပင် မအားတော့ပြီ။ အလုပ်များလှပါဘိ။

တက္ကသိုလ်ကျောင်း၌ အလှူပွဲများကိုဆင်ယင် ကျင်းပသော အခါများတွင်လည်း တို့ဆရာမှာ အလုပ်ပျက် အကိုင်ပျက်အမှုပွေလှ ပေ၏။ ပွဲကပြမည့်သူ ဝတ်စားရန် အဝတ်အစားအတွက်လည်း တို့ဆရာ၊ ဆိုင်းဆရာများကို ငှားရမ်းသည်လည်း တို့ဆရာ၊ ဇာတ်တိုက်သောအခါ အမြဲအကြံပေးသည်လည်း တို့ဆရာ၊ လက်မှတ်ရောင်းရသူကလည်း တို့ဆရာ၊ ဇာတ်တိုက်သောအခါ အမြဲအကြံပေးသည်လည်း တို့ဆရာ၊ ပွဲတွင် ဧည့်ခံရသူမှာလည်း တို့ဆရာ၊ အောင်မလေးဟဲ့ တို့ဆရာ တတ်နိုင်ပါချေရဲ့။

တို့ဆရာမှာ ယခုမှာသာ ဤဂုဏ်ထူးမျိုးနှင့် ပြည့်စုံသည်မဟုတ် တို့ကျောင်းသား ဘဝတုန်းကပင် ပြည့်စုံလာသူ ဖြစ်လေသည်။ တက္ကသိုလ် ကျောင်းရှိ အသင်းတိုင်းလိုလိုမှာပင် ငွေထိန်း၊ အကျိုးဆောင်၊ ကော်မတီ အစရှိသော အမှုဆောင်များဖြစ်ခဲ့ပေ၏။ တို့ဆရာမပါသော အသင်းကား မရှိသလောက် ရှားလေသည်။ အသင်း၏ အားထားရာ ပုဂ္ဂိုလ်ကြီးဖြစ် ခဲ့၏။ အထူးသဖြင့် ကျောင်းဧည့်ခံကော်မတီများတွင် အမြဲ ပါဝင်ရသူတစ် ယောက် ဖြစ်ခဲ့လေသည်။

တက္ကသိုလ်ကျောင်းသူတို့အား တော်တော့်ကျောင်းသားသွား၍ ဧည့်မခံဝံ့၊ ဤအရာသည် လွယ်ကူသောအရာမဟုတ်။ မျက်နှာအလွန် ရှိန်းတိမ်းတိမ်းနေသောအရာဖြစ်လေသည်။ မည်မျှစကား အပြော

ကောင်းသူဖြစ်စေကာမူ ကျောင်းသူကလေးတို့အား ညှော်ခံသော နေရာသို့ကျလျှင် စစ်လာ၍သာ လာစမြဲ။ ထိုအခါ၌ တို့ဆရာကို တောင်းပန်ကြရကုန်၏။ တို့ဆရာညှော်ခံလိုက်မှ နေရာတကျဖြစ်သွားလေတော့သည်။

အဘယ်ကြောင့်ပါနည်း၊ တက္ကသိုလ်ကျောင်းသူတို့နှင့် အသိအကျွမ်းများသူ ဖြစ်သောကြောင့်ပေတည်း။ အသိအကျွမ်း များရုံမျှမကသေး၊ တက္ကသိုလ်ကျောင်းကြီးတွင် တစ်ဝမ်းကွဲ နှစ်ဝမ်းကွဲ နှမကလေးများပေါသူလည်း ဖြစ်ပေ၏။ ထိုနှမကလေးများနှင့် ဆွေးနွေးရန် 'နတ်နန်း' ဟူ၍ တွင်ခဲ့ဖူးသော ဘတ်လမ်းရှိ မိန်းကလေးများ နေထိုင်ရာ ကျောင်းသို့ ရောက်ခဲ့သည်မှာလည်း မရေတွက်နိုင်ပြီ။

ထိုထိုသော နှမဝမ်းကွဲကလေးများမှာ ကျောင်းမှ ထွက်သွားကုန်ကြပြီ။ ယခု တို့ဆရာ အဖြစ်သို့ ရောက်သော် နှမဝမ်းကွဲကလေးများအစား တူမ ဝမ်းကွဲကလေးတွေ ပေါများလျက်နေပြန်၏။ ထိုတူမ ဝမ်းကွဲကလေးများကို စောင့်ရှောက်ဆုံးမရန်အတွက် အင်းလျားကျောင်းဆောင်ဘက်သို့ ခြေဦးလှည့်ရ ပြန်လေသည်။

ဧရာဝတီမြစ်ကြီး၏ရေသည် ကုန်ခမ်းသည်ဟူ၍ မရှိ။ အမြဲစီးဆင်း၍ နေဘိသကဲ့သို့ တက္ကသိုလ်ကျောင်းတွင်လည်း တို့ဆရာ၏ နှမဝမ်းကွဲကလေးများ၊ တူမဝမ်းကွဲကလေးများသည် ကုန်ခမ်းသည်ဟူ၍မရှိ၊ အမြဲပင် ထပ်တလဲလဲရောက်၍ ရောက်၍ လာရကုန်၏။ ထိုနှမဝမ်းကွဲကလေးများ၊ တူမဝမ်းကွဲကလေးများအတွက် အစစအရာရာတွင် စီမံဆောင်ရွက်ပေးရလေသည်။ သို့ဖြစ်သောကြောင့် ထိုတူမ နှမဝမ်းကွဲကလေးများ၏ အားထားရာကြီးလည်း ဖြစ်ပေ၏။ ငါးကို ကုန်းပေါ်သို့ တင်လိုက်မည်ဆိုလျှင် မနေတတ်ဖြစ်သကဲ့သို့ တို့ဆရာ အင်းလျားကျောင်းဆောင်သို့မသွားလျှင် သူ၏တူမဝမ်းကွဲကလေးတို့မှာ မနေတတ်မထိုင်တတ် ဖြစ်ချေတော့မည်။

တို့ဆရာကား တက္ကသိုလ်ကျောင်းကြီး တစ်ကျောင်းလုံး၏ မျက်နှာဖုံးကြီး ဖြစ်ပေ၏။ သူတကာ၏ အကျိုးကိုဆောင်ရွက်ရာ၌ မိမိ၏အကျိုးကိုမကြည့်ပေ။ သူတကာ၏ အကျိုးဆောင်ကြီးပါတကား။ သြော် . . တို့ဆရာ။

*တက္ကသိုလ်ကျောင်းတိုက် နှစ်လည်မဂ္ဂဇင်း၊ တွဲ-၂၂၊ မှတ်-၂၊*
*(ဖေဖော်ဝါရီလ၊ ၁၉၃၂)*

# ပန်းသည်

မြန်မာပြည်တွင် ဘုရားများစွာ ရှိ၏။ ထိုဘုရားများစွာတို့တွင် ပန်းသည်တို့လည်း များစွာ ရှိလေသည်။ ထိုများလှစွာသော ပန်းသည်တို့အနက် ရွှေတိဂုံစေတီတော် အနောက်စောင်းတန်းတွင် ပန်းရောင်းနေသော ပန်းသည်တစ်ယောက်၏အကြောင်းကို ရေးသားလိုရင်းဖြစ်လေသည်။ သူ၏အမည်ရင်းကို မဖော်ပြလိုပြီ၊ မှတ်သားရလွယ်ကူစေရန်အတွက် သူ့အား မသိန်းဟု ခေါ်ကြပါစို့။

မသိန်းသည် ပန်းသည်တို့အနက် အတော်ပင် ယဉ်စစ ရှိ၏။ အပြောလည်းကောင်း၊ သဘောလည်းကောင်း၊ အပြုအပြင်လည်းကောင်း သူ့မှာ အကောင်းချည်း စုနေလေတော့သည်။ သို့ဖြစ်သောကြောင့် တက္ကသိုလ်ကျောင်းသားတွေ သူ့ဆိုင်မှာချည်း ပန်းဝယ်ကြလေသည်။

စနေ၊ တနင်္ဂနွေနေ့များတွင် မသိန်းပန်းဆိုင်၌ တက္ကသိုလ် ကျောင်းသားတွေ မစဲ တသဲသဲ နေတော့၏။ ထိုနေ့များတွင် မသိန်းအလုပ်ရှုပ်လှ၏။ ပန်းကိုလည်း ပို၍ ရောင်းရ၏။ စေတီတော်မြတ်ကြီးမှာလည်း ခါတိုင်းထက် ပို၍ ပန်းများဖြင့် ပူဇော်ခြင်းကို ခံရလေသည်။ တက္ကသိုလ်ကျောင်းသားတို့သည် မသိန်း၏ဆိုင်တွင် ပန်းဝယ်ရုံမျှမကသေး၊ ထိုင်ကာ စကားပြောနေကြသေး၏။ မသိန်း၏ဆိုင်မှနေ၍ လက်ဖက်ရည်ကိုမှာ၍ သောက်ကြသေး၏။ ကွမ်းယာများကို ဝယ်၍ စားကြသေး၏။ ပြီးမှသာလျှင် ဘုရားကိုယ်တော်မြတ်ကြီးထံတော်ပါးသို့ ဖူးမြော်ရန် သွားကြလေသည်။ ပန်းဖိုးပိုက်ဆံကို မပေးခဲ့ကြသေး၊ အပြန်တွင် စကားဝင်၍ ပြောရန် ဖြစ်လေသည်။

ဘုရားကိုမှ ဝအောင် ဖူးမြော်ခြင်းမပြုကြဘဲ ဩကာသနှင့်ပင် အဆုံးသတ်ကာ ဆင်း၍ စကားပြောကုန်ကြ၏။ ဤသို့ စကားပြောနေကြ ခိုက်တွင် အခြားတက္ကသိုလ်ကျောင်းသား တစ်သိုက် ဘုရားဖူးရန် တက်လာကြလေသည်။ မသိန်းဆိုင်သို့ ဝင်ကြပြန်၏။ သည်တော့မှ လက်ဦး ကျောင်းသားတစ်သိုက်မှာ ရွှေစကြာဖြန့်ကြရကုန်၏။ မခွဲချင်၊ ခွဲချင်၊ မသွားချင် သွားချင်နှင့် သွားကြရရှာလေသည်။

ဤသို့လျှင် မသိန်း၏ဆိုင်တွင် နံနက်မှ ညနေတိုင်အောင် ပန်းဝယ်သူတွေနှင့် ပြည့်နှက်လျက်နေ၏။ မသိန်းမှာလည်း တက္ကသိုလ်ကျောင်းသား အပေါင်းတို့နှင့် ကျင်လည်ရာ သံသရာဝဲဩဃကြီးဖြစ်လျက် နေလေတော့သည်။ တက္ကသိုလ်ကျောင်းသားများ၏ မေတ္တာတုံး မေတ္တာခဲကြီးလည်း မည်ပေ၏။ တက္ကသိုလ်ကျောင်းသားများဟူ၍ သိမ်းကျုံးကာဆိုလိုက်သော်လည်း ဝိဇ္ဇာတန်း၊ သိပ္ပံတန်းတို့၏ ကျင်လည်ရာမျှသာ ဖြစ်လေသည်။ ဥပစာတန်းသားများကား လားလားမျှ မကပ်နိုင်ရှာကြချေ။ မသိန်းသွေးကြီးသောကြောင့်ပေလော၊ မဟုတ်ပါ။ မသိန်းက အဖက်မလုပ်သောကြောင့် ပေလား၊ မဟုတ်ပါ။ ဝိဇ္ဇာ သိပ္ပံသမားတို့၏ ကျင်လည်ရာဖြစ်သောကြောင့် ဥပစာတန်းသားများ သူ့ဆိုင်သို့ဝင်ရန် မျက်နှာခပ်ရှိန်းရှိန်း နေသောကြောင့်သာဖြစ်လေသည်။

ဝိဇ္ဇာတန်းသား ကိုသန်းမောင်တို့ လူစုကား နံနက် ၇ နာရီ မှန်မှန် ရွှေတိဂုံ စေတီတော်မြတ်သို့ ဘုရားဖူး သွားလေ့ရှိကြ၏။ သူတို့လူစုတွင် မောင်ဘသော်မှာ အသည်းဆုံးဖြစ်လေသည်။ မသိန်း၏ဆိုင်မှ အပြန်တွင် နှင်းဆီပန်းတစ်ပွင့်ကို ရင်မှာထိုးပြီး ပြန်စမြဲ။ မောင်အောင်သိန်းကား မသိန်းက လက်ဖက်ရည် တစ်ခွက်ကို ဝယ်၍တိုက်မှ ကျောင်းသို့ ပြန်လေသည်။ မောင်မောင်လူကား နှင်းဆီပန်းကို မလို၊ လက်ဖက်ရည်ကိုလည်း မသောက်၊ မသိန်းနှင့် အတောမသတ်အောင် စကား ပြောနေရလျှင် ကျေနပ်လေပြီ။

မောင်ထွန်းခင်တို့ လူသိုက်ကား နံနက်စာ စားသောက်ပြီးမှ ဘုရားဖူး လာကြလေသည်။ သူတို့လူစုတွင် မောင်ထွန်းခင်မှာ အသည်းဆုံး၊ စကားအများဆုံး၊ ကွမ်းအစားဆုံး၊ အချိန်အမှန်ဆုံးဖြစ်၏။။

မောင်အောင်ရတို့ လူသိုက်ကား ဘုရားပေါ်မှာ လူတော်တော်ရှင်းမှ ဘုရားဖူးလာကြလေသည်။ သူတို့တစ်တွေမှာ ဣန္ဒြေအလွန်ပင် ရကြလေသည်။ စကားများစွာလည်း မပြောကြ။ မသိန်း၏ဆိုင်တွင် ခပ်တည်

တည်ကလေး ထိုင်ကြရလျှင် ကျေနပ်ကြလေပြီ။ အဝတ်အစားဆိုသည်မှာ လည်း သစ်သစ်လွင်လွင်။ သွားကြ လာကြသည်မှာလည်း ကိုယ်ပိုင် မော်တော်ကားတွေနှင့်ဖြစ်၏။ ကိုယ်တော်မြတ် တစ်တွေမှာ အခြေသိပ် ထုတ်ကြသည်။

ဥပစာတန်းသား မောင်ဆိုင်တို့ လူစုမှာကား 'နေသေးသပ ချုံထဲက' သဘောထားနှင့် မသိန်း၏ဆိုင်ကို ကျော်လွန်သွားပြီးလျှင် ဒေါ်ထူးကြီးဆိုင်တွင် ပန်းဝယ်လေ့ရှိကြကုန်၏။ သို့သော် မသိန်း၏ဆိုင်ဘက်ကိုကား စောင်းငဲ့၍မကြည့်ဘဲ မနေနိုင်ကြချေ။

ဝိဇ္ဇာ အထက်တန်းသား မောင်သိန်းခိုင်ကား အဖော်မပါ တစ်ယောက်တည်းသာ သွားလေ့ရှိလေသည်။ မည်သူ့ကိုမျှ ဂရုမစိုက်၊ မသိန်းပန်းဆိုင်ကို သိမ်းခါနီးမှ ဘုရားဖူး တက်လေ့ရှိသည်။ မသိန်း မိမိ၏ ပန်းဆိုင်ကိုသိမ်း၍ အိမ်ပြန်တော့မှ မိမိလည်း ကျောင်းသို့ ပြန်လေတော့ သည်။ တစ်ခါတစ်ရံ မသိန်းနှင့် အတူတူပင် တွဲ၍ လျှောက်သွားသည် ကို အချို့သော ဥပစာတန်းသားများက မြင်ကြ၏။ တစ်ခါတစ်ရံလည်း မသိန်းအား လက်ဆောင်ပေးရန် ရေမွှေး၊ ပေါင်ဒါ၊ လက်ကိုင်ပဝါ၊ မာဖလာတို့ကို မောင်သိန်းခိုင် ဝယ်နေသည်ကိုပင် မြင်ကြလေသည်။ အချို့ သောမိတ်ဆွေတို့က မောင်သိန်းခိုင်ကိုမြင်တိုင်း မြင်တိုင်း နောက်ပြောင် လေ့ရှိကြ၏။ စောင်းပါးရိပ်ခြည်ပြောလေ့ရှိကြကုန်၏။ သို့သော် မောင်သိန်းခိုင်ကား ဖြုန်ပင် မဖြုန်၊ မသိန်း၏ဆိုင်သို့ သွားမြဲတိုင်း သွား ၏။ စာကိုလည်း မှန်စွာမကျက်၊ ည ၉-နာရီထိုးလျှင် အိပ်ရာထဲဝင်ကာခြင် ထောင်ထဲတွင် ဆေးလိပ်ကို ဖွာနေသည်သာတည်း။ ၁၀-နာရီ ထိုးသည့် တိုင်အောင် မအိပ်သေး။ သန်းခေါင်တိုင်အောင် မအိပ်သေး။ အတွေး ကောင်းတုန်းပင်။

ဤသို့ဆိုလျှင် တစ်နှစ်ကုန်လွန်ခဲ့၏။ တက္ကသိုလ်ကျောင်းကြီးကို လည်း ပိတ်လိုက်လေပြီ။ သုံးလပတ်လုံး မသိန်း၏ ဆိုင်တွင် တက္ကသိုလ် ကျောင်းသားများကို မမြင်ရပေ။

ကျောင်းကို ပြန်၍ ဖွင့်သောအခါ ကိုသန်းမောင်တို့ လူစုအနက် မောင်အောင်သိန်း တစ်ယောက်သာ ပေါ်လာတော့၏။ မောင်ထွန်းခင် တို့ လူသိုက်လည်း မပေါ်လာတော့ပြီ။ မောင်မောင်ရင်တို့ လူစုအနက် လည်း မောင်ထွန်းလှိုင် တစ်ယောက်သာ ပေါ်လာလေသည်။ မောင်ထွန်း လှိုင်ကား ယခင်နှစ်က ဥပစာတန်း၊ မောင်သိန်းဆိုင်တို့နှင့်တွဲ၍လာ၏။

ကိုယ်တော်မြတ် မောင်သိန်းခိုင်လည်း မပေါ်လာတော့ပြီ။ အဘယ်သို့ ရောက်နေမှန်းမသိ။ စာမေးပွဲတွင် အောင်မြင်သွားရှာသလား။ စာမေးပွဲ မအောင်သောကြောင့် စိတ်ပျက်ပျက်နှင့် ကျောင်းမှပင် ထွက်သွားလေရှာသလား။

ဝိဇ္ဇာတန်းသား မောင်ထွန်းလှိုင်အား မေးသောအခါ ဝိဇ္ဇာစာမေးပွဲကို အောင်မြင်သွားကြောင်းပြောပြ၍ သိရလေသည်။ သို့သော် မောင်သိန်းခိုင် မည်သည့်အရပ်သို့ ရောက်နေမှန်းကိုကား မည်သူမျှ မပြောကြားနိုင်။ မသိန်းသည် တစ်ခါတစ်ရံ မောင်သိန်းခိုင်အား သတိရမိသည်။ ထိုသို့ သတိရခြင်းကား တာမရှည်၊ ခေတ္တမျှသာ ဖြစ်လေသည်။

ယခင်နှစ်က ဥပစာတန်းသားတွေ ယခုနှစ် ဝိဇ္ဇာတန်း၊ သိပ္ပံတန်းသို့ ရောက်နေကြသဖြင့် မသိန်း၏ဆိုင်သို့ ပန်းဝယ်ရန် ရောက်ကုန်ကြလေပြီ။ မသိန်း၏ဆိုင်မှာ ယခင်နှစ်ကကဲ့သို့ပင် တက္ကသိုလ်ကျောင်းသားတွေနှင့် စည်ကားလျက် နေပြန်၏။ သို့သော် ယခင်နှစ်က ကျောင်းသားတို့ကား အနည်းငယ်မျှသာ ပါလေသည်။လူသစ်တွေ မျက်နှာသစ်တွေ များ၏။

သို့နှင့်ပင် တစ်နှစ်ကုန်လွန်ခဲ့ပြန်၏။ လူဟောင်း၊ မျက်နှာဟောင်းတွေပျောက်၍ လူသစ်၊ မျက်နှာသစ်တွေ ရောက်၍ လာပြန်၏။

ဤနည်းအတိုင်း လေးနှစ်မျှ ကုန်လွန်ခဲ့လေသည်။ ထို့နောက် ငါးနှစ်၊ ထို့နောက် ခြောက်နှစ်၊ ခုနစ်နှစ်၊ ရှစ်နှစ်၊ ကိုးနှစ် စသဖြင့် နှစ်တွေကုန်လွန်ခဲ့လေသတည်း။ မသိန်း၏ အသက်သည်လည်း အတော်ပင်ကြီး၍ လာခဲ့၏။ ရှေးကကဲ့သို့လည်း နုပျိုခြင်းမရှိတော့ပြီ။ အပြောကောင်း သဘောကောင်းခြင်းတို့ကား ရှေးကကဲ့သို့ပင်။

မြစ်ထဲတွင် စီးဆင်းနေသော ရေကား အဆက်မပြတ် စီးဆင်း၍ နေသော်လည်း ရှေးက စီးဆင်းသွားသော ရေသည် နောက်မှ စီးဆင်း၍ လာသောရေမဟုတ်။ တခြားစီ ဖြစ်၏။ သို့သော် အဆက်မပြတ်စီးဆင်း၍ နေသောကြောင့်သာ ရှေ့ရေနှင့် နောက်ရေတို့ကို အတူတူပင် ဖြစ်သည်ဟု ထင်မှတ်ရ၏။

ထိုနည်းတူ မသိန်း၏ဆိုင်အတွင်းသို့ အမြဲမပြတ် စီးဆင်း၍ နေကြကုန်သော တက္ကသိုလ်ကျောင်းသားတို့အနက်လည်း ရှေ့က ကျောင်းသားများကား မရှိတော့ပြီ။ အဆက်မပြတ် စီးဆင်း နေသော

ကြောင့်သာ တက္ကသိုလ် ကျောင်းသားတွေ မစဲဘဲ နေလေတော့သည်။

မြစ်ရေသည် အမြဲမစီးဆင်းနိုင်၊ အချိန်တန်လျှင် ခန်းခြောက်ရစမြဲဖြစ်၏။ မသိန်း၏ ဆိုင်တွင်လည်း တက္ကသိုလ်ကျောင်းသားတွေ အမြဲမကျင်လည်နိုင်၊ အချိန်တန်လျှင် ရပ်စဲရမည်သာ။ လောကဓမ္မတာကို မည်သူလွန်ဆန်နိုင်အံ့နည်း။

တစ်ရံတစ်ခါသော် မသိန်း၏ ဆိုင်အနီးတွင် ပန်းဆိုင်သစ် တစ်ဆိုင်ပေါ်၍လာ၏။ ထိုဆိုင်ရှင်ကား မသောင်းတည်း။ မသောင်းမှာ အသက် ၁၆ နှစ်မျှသာ ရှိသေး၏။ ရုပ်ကလည်းချော၊ စတိုင်ကလည်းကျ၊ ကာလပေါ် အင်္ကျီပါးကို ဝတ်ထားသည်မှာလည်း များစွာ သဘောကျစရာကောင်းလေသည်။ မသိန်းတို့မှာကား ခေတ်ကို မမီသကဲ့သို့ ဖြစ်နေပေ၏။ မသောင်း၏ ပန်းဆိုင် ရောက်ကတည်းက တက္ကသိုလ်ကျောင်းသားတွေ မသောင်း၏ ဆိုင်သို့ ခြေဦးလှည့်ကြလေသည်။ မသောင်း၏ ဆိုင်မှာ စည်စည်ကားကား၊ မသိန်း၏ဆိုင်မှာကား ခြောက်သွေ့သွေ့ ဖြစ်နေလေသည်။

ဤအခြင်းအရာကို မြင်လျှင် မသိန်း၏ စိတ်ထဲတွင် မနာလိုဖြစ်မိ၏။ စိတ်ဆိုးမိ၏။ ဝမ်းနည်းမိ၏။ သို့သော် သူ့ခေတ်နှင့်သူ၊ ကိုယ့်ခေတ်နှင့်ကိုယ်။ ငြိုငြင်သော်လည်း အကျိုးရှိမည် မဟုတ်သောကြောင့် ထိုမကောင်းသော စိတ်ထားများကို မျိုသိပ်ကာ ထားရသော်လည်း မသိန်း၏ စိတ်ကား အဘယ်မှာလျှင် ကောင်းပါတော့အံ့နည်း။

ရှေး မိမိ ခေတ်ကောင်းစဉ်က အကြောင်းများ တွေးပြီးနေ၏။ မောင်သိန်းခိုင်တို့၊ မောင်အောင်သိန်းတို့၊ မောင်အောင်ရတို့၊ မောင်သန်းမောင်တို့ကို များစွာ သတိရမိလေသည်။ သူတို့တစ်တွေ အဘယ်ကြောင့် အဘယ်သို့ ရောက်နေကြပါသနည်း။ အထူးသဖြင့် မောင်သိန်းခိုင်ကို အောက်မေ့မိ၏။ မောင်သိန်းခိုင် မျက်နှာမှာ မိမိ၏ မျက်စိထဲမှ မပျောက်နိုင်။ သူ့မျက်နှာကို တရေးရေးမြင်လေသည်။ မသောင်း၏ဆိုင်တွင် တက္ကသိုလ်ကျောင်းသားတွေ မြင်လေလေ၊ မောင်သိန်းခိုင်ကို တွေးမိလေလေဖြစ်၏။ 'ကိုသိန်းခိုင်' မှာ ယခုအခါ အသက်အတော်ပင် ကြီးရော့မယ်။ ကျောင်းမှ ထွက်သွားကတည်းက မပေါ်လာ၊ ရန်ကုန်ရောက်လျှင် ဘုရားဖူးလာမှာပဲ စသည်ဖြင့် တွေးတောကာ နေရှာလေသတည်း။

တစ်နေ့သော် အသက် ၃၀ ကျော် လူလတ်တစ်ယောက်သည်

မျက်မှန်အပြာကြီးကို တပ်ကာ ဘုရားကုန်းတော်ပေါ်သို့တက်၍ လာလေသည်။ ခေါင်းပေါင်း အုပ်ပေါင်း၊ ပုဆိုးတောင်ရှည်၊ အင်္ကျီရင်ဖုံးတို့ကို ဝတ်ဆင်ထား၏။ လက်တစ်ဖက်တွင် ကလေးတစ်ယောက်ကိုချီ၊ ကျန်တစ်ဖက်က ကလေးတစ်ယောက်ကို ဆွဲလာလေသည်။ သူ၏အပါးတွင် မိန်းမတစ်ယောက် ပါလာ၏။ သူ၏ဇနီးနှင့် တူလေသည်။ ထိုမိန်းမ၏ လက်တွင်လည်း ကလေးတစ်ယောက်ပါ၏။

ထိုလင်မယားတို့၏လက်တွင် ပန်းမပါသောကြောင့် 'ပန်းဝယ်ကြပါဦးရှင်' ဟု ပြုံးလျက် ခေါ်လိုက်၏။ ထိုလင်မယား သားအမိတို့လည်း ဆိုင်ထဲသို့ စူးစူးစိုက်စိုက် ဝင်လာကြလေသည်။ ဆိုင်အတွင်းသို့ရောက်သောအခါ မိမိတပ်ထားသော မျက်မှန်ပြာကြီးကို ဖြုတ်ပြီးလျှင် 'ကျုပ်ကို မှတ်မိရဲ့လား' ဟု ထိုယောကျ်ားက မသိန်းအား မေး၏။

'မှတ်မိသလိုလို' ဟု မသိန်းက ဖြေလေသည်။

'ကျုပ် မောင်သိန်းခိုင်လေ' ဆိုတော့မှ နှစ်ယောက်သား အားရ ပါးရ စကားပြောလိုက်ကြသည်မှာ မဆုံးတော့ပြီ။

မောင်သိန်းခိုင်မှာ ရှမ်းပြည်နယ်တွင် ပညာဝန်ဖြစ်နေလေသည်။

မောင်သိန်းခိုင်နှင့် မသိန်းတို့ စကားလက်ဆုံကျနေသည်ကို မြင်ရသော မောင်သိန်းခိုင်၏ ဇနီး မသောင်းရီမှာ ထိုနှယ် သည်နှယ်တွေးတောနေ၏။ ကလေးသုံးယောက်ကား ငေးလျက် နေကြလေတော့သတည်း။

*တက္ကသိုလ်ကျောင်းတိုက် နှစ်လည်မဂ္ဂဇင်း၊ တွဲ-၂၄၊ မှတ်-၂၊*
*(ဖေဖော်ဝါရီလ၊ ၁၉၃၃)*

# ဘိုင်စိအက်ဝ်

မောင်သာဝသည် လောကရေးတွင် ကျွမ်းကျင်သလောက် ပညာရေးတွင် အောက်ကျ နောက်ကျဖြစ်လျက်နေ၏။ ဥပစာ အထက်တန်းတွင် နှစ်ကြိမ်မျှ ကျခဲ့ဖူး၏။ ဝိဇ္ဇာ အောက်တန်းတွင်မူကား တစ်နှစ်တည်းနှင့် အောင်မြင်ခဲ့သော်လည်း ဆရာများက သနားသောကြောင့် အတန်းတင် ပေးလိုက်သည် ဟူ၍ တီးတိုးစကား ပြောကြသည်ကို ကြားသိရလေသည်။ ဝိဇ္ဇာအထက်တန်းတွင် နှစ်ကြိမ်မျှ ကျဆုံးပြန်၏။ သုံးကြိမ်မြောက် စာမေးပွဲကို ဖြေဆိုပြီးသောအခါ 'မအောင်ပါဘူး' ဟူ၍ စိတ်ကို တုံးတုံးချကာ အိမ်သို့ ပြန်သွားလေသတည်း။ သို့သော် ကုသိုလ်ကံကောင်း၍ နတ်ကောင်းများ မလျှင် အောင်ချင် အောင်လိမ့်မည်ဟူ၍ ကား တစ်ခါ တစ်ခါ အောက်မေ့မိ၏။ (စာမေးပွဲဝင်ပြီးသောအခါ အောင်လိမ့်မည် ဟူသော မျှော်လင့်ချက် ကင်းသည့် ကျောင်းသားကား အဘယ်မှာလျှင် ရှိပါအံ့နည်း။)

အောင်စာရင်းများ ထွက်ချိန်နီးသောအခါ မိမိကျဆုံးသည်ဟူသော သတင်းကိုကြားရမည်စိုးသောကြောင့် သတင်းစာ မရောက်နိုင်သော တောရွာကလေး တစ်ရွာတွင် နေထိုင်သည့် မိမိဦးလေးတစ်ယောက်၏ အိမ်၌ သွားရောက်နေထိုင်၏။ တစ်နေ့သော် မိမိ၏ ဖခင်ထံမှ စာတစ်စောင် ရောက်လာ၍ဖွင့်ပြီး ဖတ်လိုက်ရာ မိမိစာမေးပွဲအောင်မြင်ကြောင်းကိုသိရလေသတည်း။ ဝမ်းသာလုံး ဆို့နေသောကြောင့် ထိုနေ့ တစ်နေ့လုံး အစားအသောက်အနည်းငယ်ကိုမျှ မစားသောက်နိုင်။ တစ်ညလုံးလည်း တစ်ရေးမျှ မအိပ်နိုင် ဖြစ်လေသည်။ လေထဲတွင် တိုက်အိမ်

ဆောက်နေသည်မှာ မကြာ မကြာ ဖြစ်လေသည်။

အကောင်းနှင့်အဆိုး ဒွန်တွဲနေသည်မှာ လောက၏ ဓမ္မတာဖြစ်သောကြောင့် ဝမ်းမြောက်ခြင်း၊ နောက် စိုးရိမ်ပူပန်ခြင်းတို့ရောက်လာတတ်လေသည်။ ကျောင်းသား ဘဝတုန်းက စာမေးပွဲအတွက်သာ ပူပန်ရ၏။ ယခုမူကား ဝိဇ္ဇာစာမေးပွဲကို အောင်မြင်ပြီဖြစ်သောကြောင့် အလုပ်အကိုင်အတွက် ပူပန်ရပြန်လေသည်။

ရှေးဦးစွာ အိုင်စီအက်စ် စာမေးပွဲဝင်ရန် စိတ်ကူး၏။ မိမိနှင့်အတူတူ ဝင်မည့်သူများနှင့် စာလျှင် မိုးနှင့်မြေကြီးလောက် ပညာအခြေခံကွာခြားနေသည်ကို သိသဖြင့် ထိုစိတ်ကူးမှာ လွင့်ပါး၍သွားလေသည်။

ထို့နောက် ဘီစီအက်စ်စာမေးပွဲကို ဝင်ရန် စိတ်ကူးထုတ်ပြန်၏။ ထိုစာမေးပွဲတွင်လည်း သူများနောက်မှာ ကျန်ရစ်မည်ကိုသိသဖြင့် လက်လျှော့ပြန်၏။ မြို့အုပ် စာမေးပွဲမှာမူကား မိမိထက် နိမ့်လွန်းသည်။ ရုံးစာရေးများနှင့် ဥပစာတန်းသမားတို့၏ အရာသာဖြစ်၏။ ပုလိပ်လုပ်ရမှာကလည်း ခါးပြ ဖမ်းရမည်ကိုကြောက်လေသည်။ ယစ်မျိုးဝန်ထောက်အလုပ်မှာ ပုလိပ်အလုပ်ထက်ပင် ကြောက်စရာကောင်းသေး၏။ ဝိဇ္ဇာတန်းအထိ ပညာသင်သည်မှာ ယစ်မျိုးဘက် ဝင်ရန်မဟုတ်ပေ။ မင်းသားကဲ့သို့ ကြော့ကြော့နေရန်ဖြစ်သည်။ အမြတ်တော်ကြေးဘက်တွင် ဝင်ရန်၊ သူဌေးများနှင့် ရန်သူဖြစ်မည်ကို စိုး၏။ မီးရထားဘက်တွင်တိုးရန် ခပ်ခက်ခက်။ မဟာဝိဇ္ဇာတန်းတက်ရန် စိတ်မရှိ။ ဆရာ လုပ်လိုသူတို့သာ မဟာဝိဇ္ဇာတန်းကို တက်ကြလေသည်။ မိမိကား ဆရာ မလုပ်လို။ လခနည်းသည်။ နောက်ဆုံး၌ ဘီအယ်လ်အတန်းတက်ရန် စိတ်ကူးပြန်လေသည်။ သို့သော်မြန်မာပြည်၌ ဝတ်လုံတော်ရတို့မှာ လိုသည်ထက်ပို၍ နေလေပြီ။ တရားမဝန်ထောက်အလုပ်ကို စောင့်စား နေသူတို့မှာလည်း မနည်းပေ။

ထိုများလှစွာသော အခက်တကာ့ထက် ခက်သော အခက်ကား မိမိ၏ နေရပ်တွင် မိမိချိန်ထားသော မတင်လှကလေး အတွက်ဖြစ်လေသည်။ မတင်လှကလေးသည် ရုပ်ချော၏။ သဘောကောင်း၏၊ ဥစ္စာပေါ၏၊ အပြောပါ၏၊ အသံသာ၏၊ အကျင့်စာရိတ္တမှာဆိုစရာမရှိ၊ လိမ်လည်းလိမ္မာ၏။ မတင်လှကား မိမိအပေါ် စိတ်ညွတ်နေမှန်းကိုလည်းသိ၏။ မတင်လှအဖေ ဦးသာဘေး၌ လယ်ယာဧကပေါင်း ၄၀၀၀ ကျော်ရှိကြောင်းကိုလည်း ကောင်းကောင်းသိ၏။ မတင်လှကိုရလျှင် လောကတွင်

သိဒ္ဓိမြောက်ပေပြီ။ သို့သော် သူဌေးကြီးကမူကား မိမိ၏ သမီးအား အိုင်စီအက်စ်က လွဲလျှင် မည်သူနှင့်မျှ မပေးစားဘူး ဟူ၍ ဆုံးဖြတ်ထား လေသည်။ ထိုအကြောင်းကို မောင်သာဝ ကောင်းကောင်းသိသော ကြောင့် စိတ်အပျက်ကြီးပျက်ပြီးလျှင် သူဌေးကြီး မြန်မြန် သေရန်ကိုသာ ဆုတောင်း၏။ သူဌေးကြီးမှာလည်း အသက် ၅၀ သာ ရှိသေးသော ကြောင့် သေရန်အနည်းဆုံး ၁၅ နှစ်စောင့်ရပေမည်။ ကြာလှ၏။ မစောင့်နိုင်၊ မတင်လှအား ခိုးပြေးရမှာကလည်း မိမိ၏ရည်းစားမဟုတ်၊ အခက် ကြီးပါတကား။

ဤသို့တွေးရင်း တွေးရင်းနှင့်ပင် တစ်လ ကုန်လွန်ခဲ့၏။ ထို့နောက် နှစ်လ၊ သုံးလ စသဖြင့် အစဉ်အတိုင်း လတွေကုန်လွန်ခဲ့သော်လည်း လေထဲတွင် တိုက်အိမ်ဆောက်နေတုန်းပင် ရှိသေး၏။ ထိုအခါ အကြံ အစည်ကောင်းများရလိုရငြား ပုပ္ပားတောင်သို့ အလည်အပတ်သွားလေ သည်။ ပုပ္ပားတောင်ရှိ နတ်စင်များတွင် မိမိအား အကြံအစည်ကောင်း များ ပေးပါရန် စားဖွယ်၊ သောက်ဖွယ်တို့ကို တင်မြှောက်၏။ ပုပ္ပားတောင် မှ ပြန်လာသောအခါ ယခင်စိတ်ကူးမျိုးကို မကူးတော့ချေ။ အကြောင်း မူကား ပုပ္ပားတောင်မှ အကြံကောင်းတစ်ခုကို ရလာသောကြောင့်ပေ တည်း။ စိုးရိမ်ပူပန်ခြင်း စိတ်တို့လည်း တစ်စတစ်စ ပျောက်ပ၍ သွားကြ လေသည်။

ကောလိပ်ကျောင်း ပြန်၍ ဖွင့်သောအခါ မောင်သာဝသည် အမ် အေနှင့် အမ်အက်စ်စီ အတန်းများကို တက်ရန် နာမည်သွင်းထား၏။ သို့သော် စာအုပ်တစ်အုပ်ကိုမျှလည်း မဝယ်။ စာသင်ခန်းသို့လည်း တစ်ခါ တစ်ခါ လမ်းမှား၍သာ ရောက်လာသည်။ မိမိ၏ နေရပ်သို့ မကြာမကြာ ပြန်ပြီးလျှင် မိမိအိုင်စီအက်စ်စာမေးပွဲဝင်မည့်အကြောင်း၊ ယင်းစာမေးပွဲတွင် အနည်းဆုံး ဒုတိယရမည့်အကြောင်း၊ မကြာမီ အရေး ပိုင်ဖြစ်တော့မည့် အကြောင်းတို့ကို သတင်းလွှင့်လေ၏။ သူဌေးကြီး ကြား လောက်အောင်လည်း မိမိအရေးပိုင်လောင်းဖြစ်ကြောင်းကိုလည်း ခပ် ကျယ်ကျယ် ပြောကြားလျက်နေသတည်း။

ဤသတင်းကို ကြားသောအခါ သူဌေးကြီးမှာ မောင်သာဝအား သမက်ဖမ်းလိုသော ဆန္ဒ ပေါ်၍လာ၏။ မောင်သာဝ မိမိ၏ သမက်ဖြစ် လျှင် မိမိအရေးပိုင် ယောက္ခမဘဝသို့ မပင်ပန်းဘဲ ရောက်ရပေမည်။ ဤသမက်မျိုးကို ရလျှင် ကြွားလိုက်မည်၊ မော်လိုက်မည်ဟူ၍လည်း

စိတ်ကူး၏။ မိမိအိမ်နားတွင်နေသော ဦးဖိုးထောင်သည် သမက်မြို့အုပ် ဖြစ်ရုံနှင့် အလွန်ဝါကြွား၏၊ မောက်မာ၏၊ ရိုင်းစိုင်း၏။ အရေးပိုင် ယောက္ခမသည် မြို့အုပ် ယောက္ခမထက်ပို၍ ဂုဏ်ရှိ၏။ ဦးဖိုးထောင်၏ မာန်စွယ်ကို ချိုးဖဲ့မည် ဟူ၍လည်း ကြိမ်းဝါး၏။ 'အရေးပိုင်ယောက္ခမ၊ အရေးပိုင်ယောက္ခမ' ဟူ၍လည်း မိမိအား သူတကာက ခေါ်နေပြီဟူ၍ ပင် မကြာမကြာ အိပ်မက်လေသည်။

ဤသို့သော စိတ်ကူးတို့၏ အကြားတွင် စိုးရိမ်သော စိတ်များပေါ် ပေါက်၍ လာလေ့ရှိ၏။ အကယ်၍ မောင်သာဝအရေးပိုင်ဖြစ်သွားလျှင် ရန်ကုန်သူအစရှိကြသော မြို့ကြီးသူ အပျိုကညာတို့က ဓနပိုက်ကွန်၊ ရူပ ရုံပိုက်ကွန်၊အကျီပါးပိုက်ကွန် အစရှိသော ပိုက်ကွန်တို့ဖြင့် မောင်သာဝအား ထောင်ဖမ်းကြမည်ကိုလည်း စိုးရိမ်မကင်းဖြစ် မိလေသည်။ သူတကာ မဦးမီ မိမိက ဦးထားရန် ကြံစည်လေသည်။ ကြံစည်သည့်အတိုင်းလည်း စကားကမ်းလှမ်း၏။ စကားကမ်းလှမ်းသည့် အတိုင်းလည်း အထမြောက်လေသည်။ မျှားမကြာမီတွင် အရေး ပိုင်လောင်း မောင်သာဝနှင့်မတင်လှ တို့၏ မင်္ဂလာဆောင်ဖိတ်ကြားစာ များကို မိတ်ဆွေအပေါင်းတို့ ရကြလေသတည်း။

မင်္ဂလာဆောင်ပြီးသည့်နေ့မှ အစပြု၍ မောင်သာဝ သက္ကသိုလ် ကျောင်းသို့ ပြန်မရောက်တော့ပြီ။ စာအုပ်များကိုလည်း ယောင်၍မျှ မဖတ်၊ ယောက္ခမ၏အိမ်၌ မတင်လှကလေး၏ အချစ်တည်းဟူသော အလင်းရောင်တွင် ဝင်းပြောင်လျက် နေလေသတည်း။

သူဌေးကြီး ဦးသာဘေးကမူကား မိမိ၏သမက်အား မကြာ မကြာ သတိပေးလေ့ရှိသည်။ ထိုအခါ မောင်သာဝက မိမိမှာ အခြေခံပညာရှိ ပြီးသားဖြစ်သောကြောင့် စာမဖတ်သော်လည်း အိုင်စီအက်စ်စာမေးပွဲ တွင် ပထမရရန် မခဲယဉ်းဟု ပြန်ပြောလေသည်။

အိုင်စီအက်စ်စာမေးပွဲကို ကျင်းပရန် နှစ်ရက်၊ သုံးရက်ခန့်သာ လိုသောအခါ မတင်လှသည် မိမိ၏ ဖခင်ထံ ကပ်ပြီးလျှင် မိမိ၏ခင်ပွန်း မောင်သာဝ စာမေးပွဲဝင်လျှင် ပထမရမည်မုချဖြစ်ကြောင်း၊ စာမေးပွဲ အောင်လျှင် ဘိလပ်သို့ သွားရမည်ဖြစ်ကြောင်း၊ မိမိ၏ ခင်ပွန်းနှင့် ခွဲနေရ လျှင် မိမိမှာ စိတ်ဆင်းရဲခြင်းကြီးမက ဆင်းရဲရမည့်အကြောင်း၊ မိမိတို့ လက်တွင်လည်း ဥစ္စာပစ္စည်းပေါများပြီး ဖြစ်သောကြောင့် အစိုးရအမှု ထမ်း အလုပ်မှာ ရှက်စရာပင်ကောင်းကြောင်း၊ သို့ဖြစ်၍ မောင်သာဝ

အား ဖခင်က စာမေးပွဲမဝင်ရန် နားချပေးပါမည့်အကြောင်း ခခယယ မျက်ရည်စကလေးနှင့် တောင်းပန်ရှာသည်။ သူဌေးကြီးမှာ အရေးပိုင်ယောက္ခမဖြစ်လို၏။ သို့သော် မိမိ၏ သမီးလေးစိတ်ဆင်းရဲ ရမည်ကိုကား အနည်းငယ်မျှမကြည့်နိုင် သောကြောင့် မောင်သာဝအား စာမေးပွဲမဝင်ရန် အကြောင်းပြောကြားပေးပါမည်ဟု ဝန်ခံလိုက်ရရှာလေသတည်း။

သမီး၏ တောင်းပန်ချက်အရ သမက်ကိုခေါ်၍ အိုင်စီအက်စ်စာမေးပွဲမဝင်ရန်အကြောင်း ဖျောင်းဖျကာ ပြောဆို၏။ မောင်သာဝမှာ မိမိယခင်က စီမံထားသည့်အတိုင်းပင် ဖြစ်သည်ဟူ၍ ဝမ်းမြောက်လှသော်လည်း ယင်းဝမ်းမြောက်ခြင်းကို အပြင်သို့ မထွက်စေဘဲ စာမေးပွဲ မဝင်ရသည့်အတွက် ဝမ်းနည်းသော မျက်နှာထားနှင့် မိမိစာမေးပွဲဝင်လျှင် ပထမရမည်မှာ မုချဖြစ်ကြောင်း၊ သို့သော် လူကြီးများ၏ စကားကို မလွန်ဆန်လို၍ ဆိုကာ စာမေးပွဲ မဝင်ရန် ကတိကိုပေးလိုက်လေသတည်း။

ထိုနေ့မှစ၍ မတင်လှနှင့်အတူတကွ ရွှင်ပျစွာနေ၏။ လယ်ဧက ပေါင်း ၄၀၀၀ ကျော်မှရသော မြေဆီ၊ မြေခတို့ကိုလည်း မိမိ လင်မယား နှစ်ယောက် သုံးစားကြရလေသည်။

ဤနည်းအားဖြင့် မောင်သာဝသည် အိုင်စီအက်စ်ထက် ကောင်းသောစည်းစိမ်ကြီးကို ခံစားရလေသတည်း။

*ယူနီဗာစီတီကောလိပ်မဂ္ဂဇင်း၊ တွဲ-၂၁၊ မှတ်-၁၊*
*(ဒီဇင်ဘာလ၊ ၁၉၃၀)*

၀ ၀ ၀

# ဘထွန်း

ဘထွန်းသည် အသက် ၁၃ နှစ်ခန့် ရှိ၏။ ရုံးသို့ နှစ်ကြိမ်မျှ ရောက်ခဲ့လေပြီ။ ပထမအကြိမ်ရောက်ခြင်းကား လုံချည်ကိုခိုးသော ကြောင့် ဖြစ်လေသည်။ ပြစ်မှုထင်ရှားလေရကား 'အပြစ်ရှိ၏' ဟု တရားသူကြီးက အမိန့်ချမှတ်၏။ သို့သော် အသက်အရွယ်ငယ်သေးသည် တစ်ကြောင်း၊ ခိုးသော ပစ္စည်းမှာ အဖိုးများစွာမထိုက်သည်တစ်ကြောင်း တို့ကြောင့် တရားသူကြီးက ဘထွန်းအား ဆုံးမ၍ လွှတ်လိုက်လေသည်။ ထိုအခါ ဘထွန်းမှာ အသက် ၁၁ နှစ်ခန့်သာ ရှိသေး၏။

ထို့နောက် နှစ်နှစ်ခန့် ကြာပြန်သောအခါ စစ်ကိုင်းနယ်ပိုင် ဝန်ထောက်မင်း ရုံးသို့ပင် ဘထွန်းရောက်ရပြန်၏။ ဤအကြိမ်ရောက်ခြင်းကား မြင်းမူတွင် ဆယ်၍ ကိုးကွယ်ထားသော ရှင်ဥပဂုတ္တကျောင်းဆောင် အတွင်း၌လှူထားသည့် ပန်းကန်၊ ပန်းအိုး၊ ကြေးစည် အစရှိသော ပစ္စည်းများနှင့် အိမ်တစ်အိမ်တွင် လှန်း၍ထားသော စွပ်ကျယ်အင်္ကျီတစ်ထည် ကို ခိုးသောကြောင့် ဖြစ်လေသည်။

စစ်ကိုင်း နယ်ပိုင် ဝန်ထောက်မင်းက အမှုကို ခေါ်လိုက်ရာပုလိပ် သားနှစ်ယောက်တို့သည် ဘထွန်းအား လက်ထိပ်ဖြင့် နယ်ပိုင်ရှေ့သို့ ခေါ်ဆောင်ခဲ့ကြ၏။

ဘထွန်း၏ပုံပန်းသဏ္ဌာန်ကား အသား နက်နက်၊ ခေါင်းတုံး ပြောင်ပြောင်၊ နားရွက်ကားကား၊ နှာတံပေါ်ပေါ်၊ ကိုယ်လုံးခပ်ထွားထွား၊ ခပ်ခိုင်ခိုင်ဖြစ်လေသည်။ကုလားကလေးနှင့် ခပ်ဆင်ဆင်တူ၏။ ပါးနှင့် နားရွက်တို့ ဆက်စပ်ရာတွင် ခပ်ကားကား နေလေသည်။ ဤအချက်ကား သူတကာထက် ထူးခြားသော အချက်ပေတည်း။ ဘထွန်းဝတ်စားထား

သည်ကား အလွန်ညစ်ထေးသော အင်္ကျီ၊ အလွန်ပေရေ စုတ်ပြတ်နေသော နံငယ်ပိုင်းကလေးတို့ဖြစ်လေသည်။

တရားသူကြီးလည်း တရားလို သက်သေများကို စစ်ဆေး၏။ သက်သေခံပစ္စည်းဖြစ်သော ကြေးစည်၊ ဖန်ခွက်၊ ပန်းကန်တို့ကို တစ်ပဲခြောက်ပြားဖြင့် ဘထွန်းထံမှ ဝယ်ယူကြကြောင်း ထွက်ဆိုကြလေသည်။ ဘထွန်း၏လက်မှာပင် စွပ်ကျယ်အင်္ကျီကို တွေ့မြင်ရကြောင်း ထွက်ဆိုကြ၏။ တရားသူကြီးက ဘထွန်းအား စစ်ဆေးမေးမြန်းသောအခါ အဆိုပါသက်သေခံပစ္စည်းတို့မှာ ပိုင်ရှင်မရှိ ဟူ၍ ထင်မှတ်သောကြောင့် ယူမိကြောင်း ထွက်ဆိုလေသည်။

တရားသူကြီးက တရားလို သက်သေများအား စစ်ဆေးနေသောအခါ၌လည်းကောင်း၊ မိမိအား စစ်ဆေးမေးမြန်းနေသော အခါ၌လည်းကောင်း ဘထွန်းသည် ကြောက်ရွံ့ခြင်းလည်းမရှိ၊ဝမ်းနည်းခြင်းလည်း မရှိ တုန်လှုပ်ခြင်းကိုလည်းမပြ၊ ပကတိအတိုင်း အမှုမဲ့ အမှတ်မဲ့နေလေသည်။

အမှုပြီးဆုံးသွားသောအခါ တရားသူကြီးက စီရင်ချက်ကိုဘထွန်းအား ဖတ်ပြ၏။ အခြားတရားခံတို့မှုကား ဤအခါမျိုးတွင် ကြောက်ရွံ့သော အမူအရာ၊ ထိတ်လန့်သော အမူအရာတို့ကိုပြကြလေသည်။ ဘထွန်းမူကား မတုန်မလှုပ် ဂရုမစိုက်သကဲ့သို့နေ၏။ အမှုကို လာရောက်ကာ နားထောင်နေကြသော သူတို့မှာ ဘထွန်း၏ မတုန်မလှုပ်နေသော အမူအရာကို မြင်ရရလျှင် အံ့ဩ၍ မဆုံးအောင် ဖြစ်နေကြကုန်၏။

ဤကဲ့သို့ မတုန်မလှုပ် ဂရုမစိုက်နေနိုင်သည်မှာ ရဟန္တာ သူတော်ကောင်းကဲ့သို့ ဒုက္ခသုခတို့ကို အမှုမထားသော သူသော်လည်း ဖြစ်ရမည်။ သို့တည်းမဟုတ် အလွန် မိုက်ရိုင်း ဆိုးရွားသော သူခိုးစိတ်၊ ဓားပြစိတ်ရှိသောအမှုမျိုးနှင့် ကြုံကြိုက်လျှင် တုန်လှုပ်ခြင်းဖြစ်မည်သာတည်း။ ဓားပြ လူသတ်မှုတို့နှင့် တရားအစွဲခံနေကြရသော လူမိုက်လူဆိုးများပင်လျှင် မိမိတို့အပေါ်၌ စီရင်ချက်ချသောအခါများတွင် တုန်လှုပ်ကြသေး၏။ ဤအခါမျိုး၌မတုန်မလှုပ် နေနိုင်သည်မှာ အံ့ဩစရာ ကောင်းလှပေသည်။

တရားသူကြီး ဖတ်ပြနေသော စီရင်ချက်လည်း ဆုံးလုနီးပြီ၊ ဘထွန်းလည်း ယခင်ကအတိုင်းပင် မတုန်မလှုပ်နေ၏။ စီရင်ချက်ဆုံးသောအခါ ကျောင်းဆောင်မှ ပစ္စည်းများမှာ ပိုင်ရှင် မရှိသောကြောင့် အပြစ်မရှိ၊ ခိုးရာမမြောက်၊ လှမ်းထားသော စွပ်ကျယ်အင်္ကျီကိုယူသောကြောင့်သာ

ခိုးရာမြောက်သဖြင့် အပြစ်ရှိသည်ဆိုကာ နောင်အခါ ကောင်းမွန်စွာ နေထိုင်ရန် ဆုံးမ၍ လွှတ်လိုက်လေသတည်း။

ဤသို့ လွှတ်လိုက်သောအခါများတွင် တရားခံအပေါင်းတို့မှာ နှစ်ထောင်းအားရ ဝမ်းမြောက်ကြသဖြင့် တရားသူကြီးကို ရှိခိုးလို ရှိခိုး၊ ကျေးဇူးတင်စကားကို ပြောကြားလို ပြောကြားနှင့် အမျိုးမျိုးသော ပျော်ရွှင်ခြင်းအမူအရာတို့ကို ပြလေ့ရှိကြကုန်၏။ ဘထွန်းမှာမူကား ဝမ်းမြောက်ခြင်း၊ ဝမ်းသာခြင်း အမူအရာတို့ကို အလျင်းမပြ။ ယခင်ကကဲ့သို့ မတုန်မလှုပ် နေလေသည်။

ဤအခြင်းအရာကို တရားသူကြီး မြင်လျှင်များစွာ အံ့ဩမိ၏။ ဘထွန်း၏ အကြောင်းကို သိလိုသောကြောင့် သူ၏မိဘ၊ ဆွေမျိုးနေရပ်မှစ၍ ငယ်ငယ်က ဖြစ်ပျက်တွေ့ကြုံခဲ့ရသော အကြောင်းများကို မေးမြန်းလေသည်။ ဘထွန်းက မိမိအကြောင်း စုံလင်စွာတို့ကို ပြောကြားရှာ၏။ ဘထွန်း၏ အကြောင်းကား အောက်ပါအတိုင်းပင်တည်း။

ဘထွန်းကို မွေးပြီးသည့်နောက် ဖခင်သေဆုံး၏။ အဖေ့ကို ဘထွန်း မမှတ်မိချေ။ ဘထွန်း လူမှန်းသိတတ်သောအခါ အဖေဟူ၍ မရှိ၊ အမေသာရှိသည်။ ထို့နောက် အဖေအစား ပထွေးကို ရ၏။ ဆွေမျိုးသားချင်းဟူ၍ များများစားစားမရှိချေ။ ရှိသမျှ ဆွေမျိုးသားချင်းတို့မှာလည်း အရပ်တစ်ပါးတွင် သွားရောက်ကာ လုပ်ကိုင်စားသောက်နေကြလေသည်။ ဘထွန်း၌ အမေတစ်ခု၊ သားတစ်ခု၊ ပထွေးတစ်ခုသာရှိ၏။ ထိုပထွေးမှာလည်း အလုပ်အကိုင်ဆို၍မလုပ်။ မယား၏လုပ်စာများကို သာလျှင် သုံးဖြုန်းလျက်နေလေသည်။ ရံဖန်ရံခါ မယားကိုပင် ကြိမ်းမောင်း ရိုက်ပုတ်သေး၏။

တစ်ရံရောအခါ ဘထွန်း၏ ဦးလေးတော်သူ တစ်ယောက်သည် မင်းကွန်းမှ သစ်ဖောင်ဖြင့် ဧရာဝတီမြစ်အတွင်းသို့ စုန်ဆင်း၍ လာရာ မြင်းစင်ရွာသို့ရောက်လျှင် နေရပ်ဟောင်းဖြစ်သောကြောင့် ခဏဝင်လေသည်။

ဘထွန်းဆင်းရဲနေသည်ကိုမြင်လျှင် သနားသောကြောင့် မိမိနှင့် အတူခေါ်ဆောင်သွား၏။ ထိုအခါ ဘထွန်းမှာ ကိုးနှစ်သားအရွယ်ခန့်သာ ရှိသေးသည်။ ရန်ကုန်ကို ရောက်သည့်တိုင်အောင် တစ်လမ်းလုံး ထမင်းချက်၊ ရေနွေးအိုး တည်ခြင်းအလုပ်ကို လုပ်ကိုင်သွားရရှာသတည်း။

တစ်လခွဲကြာလျှင် ရန်ကုန်သို့ ရောက်လေသတည်း။ ရန်ကုန်တွင်

ဆိုင်ရာ သူဌေးများထံ သစ်ဖောင်ကို အပ်ကြပြီးလျှင် မင်းကွန်းသို့ အတူ တကွ ပြန်လာကြကုန်၏။

မင်းကွန်းသို့ရောက်သောအခါ ဦးလေးနှင့်အတူတူနေထိုင်ရလေ သည်။ နေ့စဉ် ထင်းခုတ်ရ၏။ ထင်းရောင်း၍ရသော ငွေကို ဦးလေးက သိမ်းလေသည်။

တစ်နေ့သ၌ စဉ့်ကိုင်ရွာတွင် ပွဲရှိသဖြင့် ပွဲသွားသောအခါ ဝတ်စား ရန် အိမ်တစ်အိမ်မှ လုံချည်တစ်ထည်ကို ခိုး၏။ ထို့ကြောင့် ပထမအကြိမ် စစ်ကိုင်းရုံးသို့ ရောက်ရလေသည်။ တရားသူကြီးက ဆုံးမ၍ လွှတ်သော အခါ မိခင်ရှိရာ မြင်းစင်ရွာသို့ ပြန်လာခဲ့လေသတည်း။

မြင်းစင်တွင် မိခင်နှင့်နေထိုင်ခိုက် ပထွေးက ဘထွန်းကို မမြင်လို မကြည့်လို ဖြစ်၏။

တစ်နေ့သောအခါ မိခင်ကောက်စိုက်သွားခိုက် ဘထွန်းအား ပထွေးက ချိုးရေကို အခပ်ခိုင်းလေသည်။ ဘထွန်းက ရေခပ် မပေးသောကြောင့် အပြင်းအထန် ရိုက်၏။ ထို့ကြောင့် နေအိမ်မှ ထွက် ပြေးလာပြီးလျှင် မြင်းမူတွင် ရထားမောင်းသမားတစ်ယောက်နှင့် စပ်မိ သဖြင့် ထိုရထားမောင်းသမားနှင့်ပင် အတူနေထိုင်လေသည်။

မျှားမကြာမီ ရှင်ဥပဂုတ် ကျောင်းဆောင်ရောက်၍လာရာ စားရမဲ့ သောက်ရမဲ့ ဖြစ်သောကြောင့် ကျောင်းဆောင်မှ ပစ္စည်းတို့ကို ခိုးရရှာ၏။ ထို့ကြောင့် ဒုတိယအကြိမ် ရုံးသို့ ရောက်ရပြန်လေသည်။ တရားသူကြီး က လွှတ်လိုက်သော်လည်း သွားစရာမရှိ၊ ထောင်တွင်နေရစေကာမူ မကြောက်ဟု ဆို၏။ မသိတတ်သောကြောင့်ပေလော။ ဆင်းရဲလှသော ကြောင့်ပေလော မသိ။

ဘထွန်း၏စကားကို ကြားရသောအခါ နယ်ပိုင်ဝန်ထောက်မင်းမှာ ဘထွန်းအား သနားလှသောကြောင့် မိမိအိမ်တွင် နေထိုင်မည်လားဟု မေး၏။ နေထိုင်ပါမည်ဟု ဝမ်းမြောက်ဝမ်းသာ ပြောရှာလေသည်။ အဝတ်အစား အဟောင်းများနှင့် ရှေးက ညစ်ညမ်းခဲ့သော အကျင့် ဟောင်းများကိုပါ ဧရာဝတီမြစ်ကြောတွင် မျှောလိုက်ရန် ပြောလေသည်။

ဘထွန်းလည်း အားရဝမ်းသာ ဧရာဝတီမြစ်ဆိပ်သို့ ဆင်းကာ အဝတ်ဟောင်းများကို မျှောလိုက်ပြီးလျှင် ရေမိုး ကောင်းစွာချိုး၏။ ရှေးက ပြုခဲ့သော မကောင်းမှုမျိုးကိုလည်း မပြုလုပ်တော့ဘဲ နောင်အခါ ကောင်း စွာ နေထိုင်ပါတော့မည်ဟု ဆုံးဖြတ်လိုက်လေသတည်း။

**တော်ဝင်မြို့မစာအုပ်တိုက်**

ဧရာဝတီမြစ်ဆိပ်မှ တက်လာသောအခါ ဘထွန်း အသစ်ဖြစ်၍လာ၏။ ဘထွန်း ခဝါချဖြစ်၍လာ၏။ စိုစိုပြည်ပြည်လည်း ဖြစ်၍လာ၏။ သန့်သန့်စင်စင်လည်းဖြစ်၍လာ၏။ မည်းနက်သော ရုပ်ကား မပျောက်ရှာပေ။

ဝန်ထောက်မင်းလည်း ဘထွန်းအား အင်္ကျီလုံချည်တို့ကို ဝယ်ပေး၏။ ဘထွန်းကား ဝန်ထောက်မင်း၏အိမ်မှာပင် အစေခံကလေးလုပ်၍နေလေသတည်း။

ဘထွန်းသည် ခိုးမှုမှ လွတ်လာပြီးနောက် နယ်ပိုင်ဝန်ထောက်မင်း၏ အိမ်တွင် အစေခံအဖြစ် ဝင်ရောက်လုပ်ကိုင်နေသည်မှာ ယနေ့မှပြန်၍ ရေသည်ရှိသော် နှစ်လနီးပါးရှိခဲ့လေသည်။ ထိုနှစ်လအတွင်းတွင် ဘထွန်း မည်သို့ နေထိုင်ခဲ့သည်၊ ဘထွန်းအား နယ်ပိုင်ဝန်ထောက်မင်း မည်သို့ ထားသည် စသောအချက်များကို ရေးသားရပေဦးမည်။

နယ်ပိုင်ဝန်ထောက်မင်း၏အိမ်သို့ရောက်၍ များမကြာမီ အတွင်းမှာပင် ဘထွန်းမှာ တစ်သွေးတစ်မွေး ဖြစ်လာ၍ ပြောင်ပြောင်ရောင်ရောင်လည်းဖြစ်လာ၏။ သွက်သွက်လက်လက်လည်းဖြစ်၍လာ၏။ နယ်ပိုင် ဝန်ထောက်မင်းက သူ့အား စားပွဲထိုးအရာ၌ ထားလေသည်။ အဝတ်အစားတို့ကိုလည်း သင့်လျော်သလောက် ဝယ်ပေး၏။ ဝန်ထောက်မင်း သားကလေးများ၏ အဝတ်အစားအချို့ကိုလည်း ပေးလေသည်။

ရက်အနည်းငယ်အတွင်းတွင် ဘထွန်းသည် နယ်ပိုင်ဝန်ထောက်မင်း၏ ရုံးစာရေးများ၊ နယ်ပိုင်ဝန်ထောက်မင်း၏ သားကလေးများ နယ်ပိုင်ဝန်ထောက်မင်း၏ အခြားအစေခံများနှင့် နပန်းလုံးခြင်း၊ ခြင်းခတ်ကစားခြင်း၊ လက်ဝှေ့ထိုးသတ်ကစားခြင်းတို့ကိုလည်း ပြုလုပ်လေ့ရှိသည်။ ဝန်ထောက်မင်း ခိုင်းသမျှကိုလည်း မြန်မြန်ထက်ထက် ပြုလုပ်လေ့ရှိသည်။ ခိုကပ်ခြင်းမရှိသောကြောင့် ဝန်ထောက်မင်းမှာ ဘထွန်းအား နှစ်သက်စ ပြုလာလေသည်။ ကယ်ဆယ်ခြင်း၏ အကျိုးကျေးဇူးလည်း ပါပေ၏ဟူ၍လည်း စဉ်းစားမိ၏။ အကယ်၍ ဤကဲ့သို့ကြည့်ရှုကာ မထားပါလျှင် စားရမဲ့ဖြစ်သောကြောင့် ရာဇဝတ်မှုကို ထပ်မံကျူးလွန်လိမ့်ဦးမည် ဟူ၍ လည်းတွေးတောမိလေသည်။

နယ်ပိုင်ဝန်ထောက်မင်း နယ်လှည့်သောအခါများတွင် ဘထွန်းလိုက်ပါရလေသည်။ ထမ်းစရာ ရှိသည်တို့ကို ထမ်း၊ ပိုးစရာရှိသည်တို့ကို ပိုး၊ သယ်စရာရှိသည်တို့ကို သယ်၏။ သို့ရာတွင် ဘထွန်းမှာ ငယ်သေး

သောကြောင့် လေးလေးလံလံ ပစ္စည်းများကို အသယ်မခိုင်း၊ ပင်ပင်ပန်းပန်း အလုပ်များကို မလုပ်ခိုင်းချေ။ နယ်ပိုင်ဝန်ထောက်မင်း နောက်မှ မကွာ လက်ဖက်ရည်ဘူးနှင့် ရေဘူးတို့ကိုသာလျှင် လွယ်၍လိုက်လေသည်။ ဗိုလ်တဲများ၌ တည်းခိုရာတွင်လည်း ဘထွန်းမှာ ပျော်ပါးလျက်နေ၏။ နယ်ပိုင်ဝန်ထောက်မင်းက သနားသောကြောင့် သူ့အား မကြာမကြာခေါ်ကာ စကားပြောလေ့ရှိ၏။ တစ်ခါ တစ်ခါ ကျီစယ်ခြင်းကိုပင်ပြုလေသည်။

ရှေး အထက်ထက်က မကြုံဖူးသည်ကို ကြုံရသဖြင့် ဘထွန်းမှာ အံ့အားသင့်လျက်နေ၏။ ဝန်ထောက်မင်းဆိုလျှင် ကြောက်စရာကြီးဟု ရှေးအခါက ထင်မှတ်မိခဲ့၏။ ယခု တွေ့မြင်ရသည်မှာ ဝန်ထောက်မင်းလည်း သူကဲ့သို့ပင် သနားတတ်သောစိတ်ထား ရှိပေတကားဟု တွေးတောကာ များစွာ ဝမ်းမြောက်သည့်ဟန်နှင့် နေ၏။

ဝန်ထောက်မင်းက မိမိနှင့်အတူ မည်မျှကြာအောင် နေနိုင်မည်နည်းဟုမေးသောအခါ တစ်သက်လုံးနေပါမည်ဟု ပြောကြားရှာ၏။ ဝန်ထောက်မင်းလည်း ဘထွန်းအပေါ်၌ ကြင်နာရင်း ရှိသောကြောင့် အကယ်၍ တစ်သက်လုံး သူနှင့် အတူတူနေလျှင် နောင်ဘထွန်း ကြီးပြင်းလာသောအခါ ဘဏ္ဍာစိုးနေရာတွင် ထားမည်ဟု ပြောကြားလေသည်။ ဘထွန်းကား ဝမ်းသာ၍ မဆုံးတော့ပြီ။

တစ်ရံတစ်ခါသော် ဝန်ထောက်မင်း မန္တလေးသို့ အလည်အပတ်သွားခဲ့၏။ ဘထွန်းလည်း အတူပါရလေသည်။ ဝန်ထောက်မင်း၏ မိတ်ဆွေများက ကိုယ်ပိုင်မော်တော်ကား တစ်စီးနှင့် အရပ်ရပ်သို့ လိုက်ပို့သောအခါ ဘထွန်းမှာ မော်တော်ကား ဆို၍ တစ်ခါမျှ မစီးဖူးသောကြောင့် မော်တော်ကားစီးခြင်း၏ စည်းစိမ်တွင် ယစ်မူးလျက်နေ၏။ ဝန်ထောက်မင်း၏ရုံးသို့ အမှုနှင့်ရောက်လာသောကြောင့်သာ ဤစည်းစိမ်မျိုး ခံစားရလေသည်။ အကယ်၍သာ ဝန်ထောက်မင်းရုံးသို့ မရောက်ပါလျှင် မော်တော်ကားကို စီးဖူးမည် မဟုတ်ဟု တွေးတောကာ အမှုဖြစ်ရသည်ကို ပင် ကျေးဇူးတင်လျက် နေ၏။

ထို့နောက် ဝန်ထောက်မင်းနှင့်အတူ ရုပ်ရှင်ရုံသို့ ရောက်ပြန်၏။ ရုပ်ရှင်ဆိုသော အရာသည် မည်သို့နေမှန်းမျှ မသိရှာသူမှာ ရုပ်ရှင် ရုံတွင် အကောင်းဆုံး နေရာမှ ဝန်ထောက်မင်းနှင့်အတူ ကြည့်နေရသော အခါ အံ့သြ၍ မဆုံးနိုင်အောင် ဖြစ်နေပေ၏။ မည်သို့သော နေရာသို့

ရောက်နေပေသနည်း ဟူ၍လည်း မိမိကိုယ်ကို ပြန်၍ မေးကြည့်မိ၏။ အိပ်မက်ထဲတွင် ရောက်နေသကဲ့သို့လည်း ထင်မှတ်မိရှာ၏။ မိမိမှာမြင်းစင်က ဘထွန်းမှ ဟုတ်ရဲ့လားဟူ၍လည်း တွေးတောမိလေသည်။ ဇော်ဂျီများ ဖိုဝင်သကဲ့သို့ ဘဝသစ်သို့ ပြောင်းသွားပြီ ဟူ၍ပင် ထင်မှတ်မိ၏။ ဤသို့ ဟိုနှယ် သည်နှယ် တွေးတောနေသောကြောင့် ရုပ်ရှင်တွင်ပါသော ဇာတ်လမ်း ဇာတ်ကွက်ကို မမှတ်မိရှာပေ။

ဘထွန်းမှာ တော၌ ကြီးပြင်းလာရသူဖြစ်သောကြောင့် အသက် ၁၃ နှစ်ပင်ရှိပြီဖြစ်သော်လည်း ငွေတစ်ကျပ်တွင် ပိုက်ဆံမည်မျှ၊ မူးစေ့မည်မျှ၊ မတ်စေ့မည်မျှ ရှိသည်၊ ငွေတစ်ကျပ်ကိုလဲလျှင် အနုတ်မည်မျှရမည် မသိရှာပေ။ နယ်ပိုင်ဝန်ထောက်မင်းလည်း စိတ်ရှည်လက်ရှည် ကျောက်စရစ်ခဲကလေးများကို ကောက်စေ၍ နေ့စဉ်ပင် သင်ပြရှာ၏။ ဤနည်းအတိုင်း နယ်ပိုင်ဝန်ထောက်မင်း၏ အိမ်တွင် ဘထွန်း ပျော်ရွှင်စွာ နေလေသတည်း။

ဘထွန်း ဝန်ထောက်မင်းအိမ်သို့ ရောက်၍ သုံးလခန့်ကြာသော အခါ မိုးဇာအရပ်တွင် ဘုန်းကြီးပျံပွဲ တစ်ပွဲကို ကျင်းပလေသည်။ လူအလွန် စည်ကားလှပေသည်။ ဝန်ထောက်မင်းလည်း အစေခံများ၏ အပေါ်တွင် အလွန်ကြင်နာသနားတတ်သူဖြစ်သောကြောင့် တစ်ယောက်လျှင် မုန့်ဖိုး တစ်မတ်စီ ပေးလေသည်။ သုံးညမြောက်သောညတွင် ဝန်ထောက်မင်း၏ မုန့်ဖိုးတစ်မတ်ကို ယူပြီးလျှင် ဘထွန်းပွဲသို့ ထွက်သွား၏။ ထိုညထွက်သွားပြီးနောက် ဘထွန်း ဝန်ထောက်မင်း၏ အိမ်သို့ ပြန်မရောက်တော့ပေ။

မေးမြန်းစုံစမ်းသောအခါ ရွေးက အသိဟောင်း မိတ်ဆွေများနှင့်တွေ့၍ သူတို့တစ်တွေနှင့် လိုက်သွားလေပြီဟူ၍ ကြားရ၏။ အချို့ကလည်း ဘုန်းကြီးပျံတွင် ရှိနေသေးကြောင်း ပြောကြား၏။ ဝန်ထောက်မင်းလည်း လူလွှတ်ကာ ဘထွန်းကို အရှာခိုင်းလေသည်။ သို့သော် ဘထွန်းကား ဝန်ထောက်မင်း၏ အိမ်သို့ မပေါ်လာတော့ပေ။

ဝန်ထောက်မင်းလည်း မိမိသည် ဘထွန်းအပေါ်၌ လွန်စွာမှ ကြင်ကြင်နာနာကြည့်ရှု စောင့်ရှောက်ထားပါလျက် အဘယ်ကြောင့် ဘထွန်း မိမိ၏ အိမ်သို့ ပြန်မလာသည်ကို တွေးတော၍ မရနိုင်အောင် ဖြစ်နေလေသည်။ မကြာ မကြာ သတိရကာ ဘထွန်းအား သနားမိ၏။ မည်သို့ပင်ကောင်းရာသို့ ဆွဲတင်သော်လည်း ဆင်းရဲမည့်သူမှာ ဆင်းရဲတောသို့

သာ တိုးသည်ဟူ၍လည်း စဉ်းစားမိလေသည်။

ဝန်ထောက်မင်း၏ အိမ်မှ ဘထွန်း ထွက်ခွာသွားသည်မှာ တစ်လ ခန့်ကြာလေပြီ။ ဘထွန်းကိုလည်း မေ့သလောက်ဖြစ်နေ၏။

တစ်နေ့သော် ဝန်ထောက်မင်းသည် အမှုများကိုစစ်မည်ဟုအမှုတွဲများကို လှန်လှော၍ ကြည့်လိုက်ရာ 'တရားခံဘထွန်း' ဟု တွေ့မြင်ရ၏။ မိမိ၏ ဘထွန်းများဖြစ်နေမလားဟု သက်ာမကင်းဖြစ်သည်နှင့် အသေအချာထပ်မံ၍ ကြည့်လိုက်ရာ 'အသက် ၁၃ နှစ်' ဟူ၍ ရေးသားထားသည်ကို မြင်ရပြန်သဖြင့် သာ၍ပင် အံ့ဩသွားလေသတည်း။ ဤအမှုကိုပင် လက်ဦးစစ်မည်ဟု အမှုကိုခေါ်လိုက်ရာ ဘထွန်းအားမြင်ရလျှင် မိမိ၏ ဘထွန်းပင်ဖြစ်နေကြောင်း သိရလေသတည်း။

"ဘထွန်း ဘာလို့ ရောက်လာရပြန်သလဲ"

"မသင်္ကာလို့ ဖမ်းလာတာ ပါဘုရား" ဟုဖြေ၏။

တရားလို သက်သေများကို စစ်ဆေးသောအခါ ပြစ်မှုထင်ရှားသောကြောင့် စွဲချက်တင်ရ၏။ ဘထွန်းဘက်မှ သက်သေမပြနိုင်သောကြောင့် ဝန်ထောက်မင်းလည်း ဘထွန်းအား ကြိမ်ဒဏ် ပေးလိုက်ရလေသတည်း။ ခိုးရာပါ ပစ္စည်းကား တစ်ကျပ်မျှသာ တန်၏။

နယ်ပိုင် ဝန်ထောက်မင်း အိမ်တွင် ကောင်းမွန်စွာ နေထိုင်ရပါလျက် ထိုအိမ်တွင် မနေနိုင်ပါဘဲ ထိုအိမ်မှ ထွက်ပြေးပြီးလျှင် သူတကာထံမှ တစ်ကျပ်မျှသာ တန်သောပစ္စည်းကို ခိုးခြင်းမှာ စားရမဲ့ သောက်ရမဲ့သောကြောင့်ဟု မဆိုနိုင်။ ဆင်းရဲသောကြောင့်ဟု မဆိုနိုင်၊ သူတကာက သွေးဆောင်သောကြောင့်ဟု မဆိုနိုင်။ မွေးကတည်းကပင် သူခိုး နက္ခတ်နှင့် မွေးလာသောကြောင့် ဖြစ်သည်ဟူ၍ သာဆိုရန်ရှိတော့သည်။

*ဂန္ထလောက၊ တွဲ-၁၂၊ မှတ်-၆၇၊*
*(ဩဂုတ်လ၊ ၁၉၃၀)*

# တို့တောရွာ

တို့တောရွာကား အထက်အညာတွင်ရှိလေသည်။ အညာဆိုရာမှာလည်း အလွန်အညာကျသော အညာမဟုတ်။ မန္တလေးနှင့် မြင်းခြံအကြား ဧရာဝတီမြစ်ကမ်းတွင် တည်ရှိ၍ ရွာလည်းမက မြို့လည်းမကျသော မြို့ကလေးတစ်မြို့ကိုဆိုလေသည်။

နံနက်စောစော မန္တလေးမှ မြင်းခြံ သင်္ဘောဖြင့် ထွက်လာရာ အဆိုပါမြို့ကလေးသို့ ၁၁ နာရီခွဲခန့်အချိန်တွင် ရောက်၏။ နေပူကျဲကျဲ ဖုန်တထောင်းထောင်း ထနေသော ကမ်းပါးပေါ်တွင် မြင်းခြံသင်္ဘော၏ အလာကို စောင့်ဆိုင်းနေကြသော လူထုကြီးကို သင်္ဘောပေါ်မှနေ၍ မြင်ရသော် ယင်းသင်္ဘောပေါ်တွင် ပါလာသော အမတ်ချုပ်ကြီးသော်လည်းကောင်း၊ ခရိုင်မင်းကြီးသော်လည်းကောင်း တစ်ယောက်ယောက်အား ကြိုဆိုရန် စောင့်ဆိုင်းနေကြသည်ဟု ထင်မှတ်မိ၏။

ဤသို့ကား မဟုတ်ပေ။ ထိုမြို့သားတစ်ယောက် တက္ကသိုလ်မှ ပြန်လာသည်ကို အထူးအဆန်းလုပ်ကာ အကြီးအကျယ် ကြိုဆိုနေကြခြင်း ဖြစ်လေသည်။ ရှေးအခါက ထိုမြို့မှ တက္ကသိုလ်ကျောင်းသို့ ရောက်ဖူးသူ တစ်ယောက်မျှ မရှိခဲ့ပေ။ ယခုမှသာလျှင် မိမိတို့အရပ်မှ ထူးထူးချွန်ချွန် တက္ကသိုလ်ပြည်သို့ စာသင်သွားပေသည်ဟူ၍ အားရနှစ်သက်ကာ ကြိုဆိုကြခြင်းပင်တည်း။ ဘုရင်ခံချုပ်လာစဉ်က ရန်ကုန်သူ ရန်ကုန်သားတို့ ခရီးဦးကြို ပြုကြသည်ထက်ပင် ပိုမို၍ နှစ်သက်အားရစွာ ကြိုဆိုကြလေသည်။

တက္ကသိုလ်ကျောင်းသား တစ်ယောက် မိမိနေရပ်သို့ ပြန်လာသည်

ကိုပင် အရေးတကြီး ခရီးဦးကြိုပြုကြသည်မှာ ရယ်စရာပါတကားဟု မြို့ကြီးသားတို့က ရယ်ချင်ရယ်ကြပေလိမ့်မည်။ ဤသို့ ပျက်ချော်ချော်သရော်တော်တော်လုပ်ကာ မရယ်သင့်ပေ။ မြန်မာပြည်မှ အင်္ဂလန်ပြည်သို့ 'ပညာတော်သင်' များသွားကြခါနီးတွင် ထမင်းကျွေးလိုကျွေး၊ အငြိမ့်ခံလိုခံ၊ အင်မတန်မှ ကြီးကြီးကျယ်ကျယ်လုပ်ကြသည်မဟုတ်ပါလော။ ဤ အကြောင်းကို ကြားရလျှင် အင်္ဂလိပ်များက ရယ်ကြမလား မပြောတတ်ပေ။ သို့ရာတွင် သူ့နေရာနှင့် သူနေတာ၊ ထင်ရာလုပ်ကြတမ်း ပေပလေ။

တို့တောရွာ ဓလေ့က တစ်မျိုး၊ မြို့ကြီးသားတို့ ဓလေ့က တခြား၊ တူနိုင်ပါ့မလား မောင်တို့။

နံနက်ခင်း တဲအနီးမီးလှုံကာ ထန်းမြစ်ဖုတ်စား၊ ပဲပြုတ်နှင့် ထမင်းကြမ်းကို လက်ဖက်ရည်ကြမ်းနှင့်မြည်း၊ ဆိမ့်တိမ့်တိမ့်အီတီတီ နတ်သုဒ္ဓာမီပါ့မလား။ ထမင်းစားပြီးလျှင် ယာခင်းထဲသွား၊ ပျော်ပါးစွာ ပလွေမှုတ်သူမှုတ် သီချင်းတကြော်ကြော် အော်ဆိုသူဆို၊ ပျော်စဖွယ်တိ။

နွားကျောင်း သွားသူတွေက မရှား၊ ငှက်ခါးထောင်သူတွေက ထောင်၊ ချိုးပစ်သူက ပစ်၊ စစ်တလင်းမှာ စစ်ခင်းကြသလို။

ညနေခင်းတွင် မြစ်ဆိပ်မှာ အပျိုတစ်သင်း ရေဆင်းခပ်ရှာကြ။ တစ်ယောက်ကိုတစ်ယောက် ခေါ်သူခေါ်၊ ပျော်လိုက်ကြတဲ့ အပျိုတွေ၊ အတင်းပြောလိုပြော၊ ရည်းစားအကြောင်း ဆွေးနွေးလို ဆွေးနွေး၊ ဣန္ဒြေရရသွားသူသွား၊ စကားများသူများ၊ တစ်ယောက်ကိုတစ်ယောက် ကျီစားသူကျီစား။

ထိုအပျိုတွေမှာ ရုပ်ချောသူချော၊ ရုပ်ဆိုးသူဆိုး၊ မည်းမည်းလည်းရှိ ဖြူဖြူလည်းပါ အကျည်းတန်သူတွေက မရှား၊ သနားကမားတွေကလည်း အပုံပင်။

ကြွယ်ဝသူ မိန်းကလေးတို့ကား ရှက်ကြထင့်၊ ရေခပ်မသွား၊ ရေစည်ကိုငှား၍သုံးကြသတဲ့။ တကယ့်မိန်းကလေးတွေ လူတကာ ရေခပ်သွားလျှင် သနပ်ခါး ပိန်းကျားရိုက်၊ လူပျိုကလေးတွေ အသွားအလာ ကို အိမ်ထဲမှနေ၍ မျက်စိအရသာကိုခံကြလေသည်။

ကာလသား လူပျိုတစ်သင်းကမူကား မြစ်ဆိပ်သို့ ဆင်းကာ အပျိုတွေ ရေခပ်အလာကို ကြည့်ကြ၊ မြို့ဆန်ကြသူ ကိုဟဝါတို့က မာဖလာကို စည်းလိုစည်း၊ ဘိုကေကို သလိုသ၊ ဣန္ဒြေရရ နေလိုနေ အဲသည်လို မာန်

ပါပါနှင့် စံရှာနေကြ၏။

မြို့နှင့်မနီး တောမှာ ကြီးရသော ကိုလူပျိုတို့ကမူကား တောသား ပီပီ အင်္ကျီနတ္ထိ 'ပလာတိပလိတာ' မည်းကျိကျိ ကိုယ်ပြောင်ပြောင်နှင့် အပျို တကာရေခပ်ဆင်းလျှင် ပလွေပြင်းပြင်း မှုတ်သတတ်။

မိန်းကလေး အပျိုကညာတို့ကလည်း ကိုဟဝ္ဍာကိုမြင်ကြလျှင်အသံ ပေးလိုပေး၊ ပြုံးသွားလို ပြုံးသွား၊ ရှက်လို့ ခြေလှမ်းမှားသူကမှား ကစား သလို စောင်းပါးရိပ်ခြည်ပြောသွားသူက ပြောသွား ပျော်စရာ ပျော်စရာ ပျော်စရာကြီးဖြစ်လေသည်။

မြစ်ဆိပ်သို့ ရောက်ကြလျှင် ရေကူးသူကူး၊ ရေခပ်သူခပ်၊ ပျော်စရာ ပင်၊ သီချင်းဆိုသူဆို၊ မ သံပေးလိုကြသည်မှာလည်း တကြော်ကြော် ဖိုသံ ပေးလိုက်ကြသည်မှာလည်း အလွန်ပျော်၊ တစ်ယောက်နှင့်တစ်ယောက် များစွာ ရင်းနှီးကြပေ၏။

သူစိမ်းတစ်ယောက် အနားသို့ ရောက်သွားလျှင် သီချင်းဆိုသူက တိတ်၊ မ သံပေးသူတို့ကလည်း ဆိတ်၊ ကစားနေသူတို့လည်း ရပ်၊ ရှက် တက်တက် ရွံ့တွန့်တွန့်နှင့် မျက်နှာများကို အသာငုံ့နေကြလေသည်။

မြို့မှာလိုမော်တော်ကားစီးချင်သောစိတ်လည်းမရှိ၊ ဘီအေ၊ အမ်အေ အောင်ချင်သော စိတ်တို့လည်း မလာ၊ ဆရာ၊ ဝတ်လုံလုပ်ချင်သော စိတ် တို့မှာလည်း ဝေး၊ ရုပ်ရှင်တို့၊ ပြေးချင်သောစိတ်တို့မှာလည်း မပေါ်၊ စိန်ရွှေဝတ်ချင်သော စိတ်တို့မှာလည်း ကင်း၊ မင်းကတော်ဖြစ်ဖို့ရာ စိတ်ကူးထဲမှာပင် မထည့်၊ ဖုန်တထောင်းထောင်းနှင့်လမ်းပေါ်မှာ လှည်း ကြမ်းကို စီးရလျှင်ပင် နတ်ပြည်က ဝေဇယန္တာရထားကို စီးရသည်ဟု ထင်၊ လှည်းဘီးမှ တအိအိ မြည်နေသည်ကိုလည်း ပဥ္စသိခ် နတ်သား၏ စောင်းသံဟု ထင်မှတ်ကြလေသည်။

စားသမျှ ကြားသမျှ သွားရသမျှတို့နှင့်ပင် ကျေနပ်ရှာကြကုန်၏။

လောကတွင် ကျေနပ်လျှင် စိတ်ချမ်းသာ၊ စိတ်ချမ်းသာလျှင် သုခ ကြီးပင်တည်း။

*ယူနီဗာစီတီကောလိပ်နှစ်လည်မဂ္ဂဇင်း၊ တွဲ-၂၀၊ မှတ်-၂၊*
*(ဖေဖော်ဝါရီလ၊ ၁၉၃၀)*

# လွမ်းတယ်တဲ့

သဘော်ာဆိပ်တွင် အတော်ပင် စည်ကားလျက် နေလေပြီ။ နယ်ပိုင်မောင်လူအေးသည် ယနေ့ည သဘော်ာနှင့် ရွှေ့ပြောင်းတော့မည်။

အတန်ကြာလျှင် သဘော်ာလည်း သဘော်ာဆိပ်တွင်ဝင်၍ ဆိုက်ကပ်လေတော့၏။ အချိန်ကား ၁၀ နာရီရှိပြီ။ သဘော်ာဆိုက်သည်နှင့် တစ်ပြိုင်နက် မောင်လူအေးနှင့် ၄င်းအားပို့သော သူတို့သည် သဘော်ာဦးရှိ ပထမအခန်းတွင်းသို့ ရောက်ကုန်ကြ၏။ ဆူညံ ဆူညံ ကျွက်စီ ကျွက်စီ။

ပြာတာ ဘိုးရွှေ၊ ပန်ကာတွဲမဟာရန်၊ မောင်လူအေး၏ တပည့်ထွန်းဖေတို့မှာ အိပ်ရာခင်းလျက်နေကြလေသည်။ ခြင်ထောင်ထောင်သူကထောင်၊ ကုလားထိုင် ရွှေ့သူကရွှေ့၊ အလုပ်ရှုပ်လျက် နေကြကုန်၏။ စာရေး မောင်ချစ်စိန်ကား မောင်လူအေးအတွက် လက်မှတ်သွား၍ ဝယ်နေလေသည်။ စာရေးကြီး ဦးဘတို့ကား ပစ္စည်းများ နေရာတကျဖြစ်အောင် စီမံနေ၏။ ဒုတိယစာရေး မောင်ဘထွန်းကား ဟိုလုပ်ရမလိုလို ဒီလုပ်ရမလိုလိုနှင့် နေလေတော့သည်။ ပြာတာ ပန်ဒစ်မှာကား ကူလီကုလားတွေအား မာန်လျက်နေလေပြီ။

မောင်လူအေး၏ ရုံးသားများအပြင် မြို့ပိုင်မင်းနှင့် ၄င်း၏ ရုံးသားများလည်း ဆင်းလာကြသေးသည်။ မောင်စိန်တို့၊ မောင်ရွှေတို့ မောင်ဟန်တုန်တို့ တစ်တွေလည်း အတော်ပင် အလုပ်များရှာကြလေသည်။

အမိန့်တော်ရမင်းတို့လည်း ပေါက်လာကြသေး၏။ သူတို့နှင့် အတူ သမာဓိမြို့ဝန်များ၊ ဆရာဝန်၊ မြူနီစီပယ်ဥက္ကဋ္ဌမင်း၊ အစိုးရ ကျောင်းဆရာကြီး၊ ပင်စင်စား ဦးစောမောင်မှစ၍ အတော်ပင် စည်ကား ပေသည်။

အမျိုးမျိုးသော စကားတို့ကို ပြောကြားလျက် နေကြကုန်၏။ အချို့ကလည်း မောင်လူအေး ပြောင်းရွှေ့သွားရသောကြောင့် ဝမ်းနည်းကြောင်း၊ အချို့မှုကား နောင်မောင်လူအေး ရာထူးတိုးပြီး ပြန်ရောက်လာရန် ဆုတောင်းကြောင်းများကို ပြောကြားကြလေသည်။

မကြာမီ သင်္ဘော ဥသြ ပေးလိုက်သောအခါ အားလုံးပင် နှုတ်ခွန်းဆက်ကာ သင်္ဘောပေါ်မှ ဆင်းသွားကြကုန်၏။ ခဏကြာလျှင် သင်္ဘောလည်း ဆိပ်ကမ်းမှ ခွာခဲ့လေတော့သတည်း။

မောင်လူအေးတစ်ယောက်တည်း ပထမခန်းထဲတွင် ကျန်သောအခါ မိမိခွဲခွာလာရသောမြို့ကို လွမ်းသလိုလို ဘာလိုလို ဖြစ်မိလေသည်။ ဤမြို့တွင် နေထိုင်ခဲ့သည်မှာ သုံးနှစ်ကြာလေပြီ။ ထိုသုံးနှစ်ပတ်လုံး တညည်းညည်း တညူညူနှင့်ပင်။ မည်သည့်အခါနှင့်မျှ နှစ်သက်သည်ဟူ၍ မရှိ၊ အမြဲမပြတ်ပင် ပြောင်းရွှေ့ချင်သော စိတ်ဆန္ဒရှိလေသည်။ သို့ပါလျက် အကယ်ပြောင်းရွှေ့ရသောအခါ အဘယ်ကြောင့် လွမ်းဆွတ်ရပါသနည်း။ လူတို့၏ စိတ်ထား ဆန်းကြယ်ပေစွ၊ ထူးဆန်းပေစွ၊ အံ့သြဖွယ်ကောင်းပေစွ။

သင်္ဘောဆိပ်မှ သင်္ဘောထွက်ခွာလာခဲ့သည်မှာ အတော်ပင် ကြာပြီဖြစ်သော်လည်း မောင်လူအေးကား တွေဝေ တွေးတောတုန်းပင်။ မိမိသုံးနှစ်တိုင်တိုင် နေခဲ့ရာဖြစ်သော နယ်ပိုင်အိမ်ကို သတိရမိလေ၏။ ထိုအိမ် နောက်ဖေးတွင် ပြာသို၊ တပို့တွဲလများအတွင်း အကိုင်းညွှတ်အောင် သီးလေ့ရှိသော ဆီးပင်ကြီးကိုလည်း လွမ်းဆွတ်မိပေ၏။

တပေါင်း၊ တန်ခူးလများတွင် ပြာလဲလဲ့ကို ဆောင်ကုန်ကြသော ထိုအိမ်ရှေ့ရှိ ပျဉ်းမပင်များကိုလည်း မမေ့နိုင်။ အိမ်ဝင်းအတွင်း စိုက်ပျိုး၍ထားသော အိမ်၏ ကျက်သရေဆောင် ပန်းပင်ကလေးများကိုလည်း အဘယ်မှာလျှင် မေ့နိုင်ပါအံ့နည်း။ မောင်လူအေး ရုံးမှပြန်ပြီးနောက် နေမဝင့်တဝင်အချိန်တွင် ခင်သန်းမြင့်နှင့်အတူ အကြင်ပျဉ်းမပင်ကြီး အောက်တွင် လမ်းလျှောက်ခဲ့သည်များကိုလည်း မေ့နိုင်မည်မဟုတ်ပေ။ ၎င်းတို့မှာ မောင်လူအေး၏ စိတ်အတွင်းတွင် ဇာတ်ခင်းကျင်း ကပြလျက် နေလေပြီ။

နံနက် ၁၁း၃၀ နာရီအချိန်တွင် ‘လျှောက်လွှာ လျှောက်လွှာ၊ နယ်ပိုင်မင်းလျှောက်လွှာ’ ဆိုသော ပြာတာ ဘိုးရွှေ၏ အသံဝါကြီးကိုလည်း အဘယ်နည်းနှင့် မေ့နိုင်ပါအံ့နည်း။ နားထဲတွင် ကြားသယောင်

ယောင်၊ စာရေးဖျန်စိန်၏ ဦးခေါင်းကိုလည်း မေ့နိုင်မည်လား မမေ့နိုင်ပါ။

ထို့နောက် မိမိရှေ့တွင် အမှုလိုက်လေ့ရှိကြကုန်သော အမိန့်တော်ရ မင်းများကို တွေးတောမိပြန်၏။ အထူးသဖြင့် ဦးဘနှောင်းနှင့် ဦးတင်ကွန့်တို့အား သတိရလေသည်။ ဦးဘနှောင်းက တရားလိုဘက်မှ လိုက်လျှင် ဦးတင်ကွန့်က တရားခံဘက်မှ လိုက်လေသည်။ ၎င်းတို့ နှစ်ဦးအတိုက်အခံအပြန်အလှန် လျှောက်လဲနေသည်မှာ နားထောင်၍ပဲ ကောင်းသေးတော့။

ဦးဘနှောင်းကား အသံသြဇာ ခပ်ကောင်းကောင်း၊ သူလျှောက်လဲလိုက်မှုဖြင့် အမှုသည်များ အားရ၍ သွားလေတော့သည်။ အမှုနိုင်သည် မနိုင်သည်ကား ပဓာန မဟုတ်ပေ။ ဦးတင်ကွန့်ကလည်း ညံ့လှသူမဟုတ်။ သူလည်း အာစလျှာစနှင့်လူပင်။ တစ်ခါတစ်ခါ စကားကြောရှည်၍ သွားလေ့ရှိကြ၏။ သို့သော် မည်သည့်အမိန့်တော်ရမင်းသည် စကားကြောမရှည်သနည်း။

မြူနီစီပယ် ဥက္ကဋ္ဌမင်းက ရှိသေး။ ထောင်ထောင်မောင်းမောင်း ဘောလုံးအကန်ကောင်း၊ ဘောလုံး အရိုက်ကောင်း၊ ခေါင်းပေါင်း ပေါင်းလိုက်မှုဖြင့်လည်း ကြော့နေလေတော့သည်။ သဘောကောင်းသည်မှာ ဆိုစရာမရှိ။ အစိုးရကိစ္စနှင့်ပတ်သက်သည်ဖြစ်စေ၊ မြို့ရေးရွာရေးနှင့် ပတ်သက်သည်ဖြစ်စေ ခိုကပ်ခြင်း ကင်းဘိ၏။ ဤသို့သော မြူနီစီပယ် ဥက္ကဋ္ဌကိုရသော မြို့ကလေးအား ကံကောင်းသည်ဟု ဆိုရမည်။ မိမိ၏ မြူနီစီပယ်ကို နိုင်နင်းသော အုပ်ချုပ်နိုင်သူတည်း။ မည်သည့်နေရာမှ မဆို ဥက္ကဋ္ဌမင်းမထူးချွန်သည် မရှိ။ ထူးချွန်သည်ပင်။ တစ်ခါတစ်ခါ အပျင်းပြေ ပိုကာဆွဲရာတွင်လည်း ဥက္ကဋ္ဌမင်းမှာ ပြိုင်ဘက်ရှားသူတည်း။ ဤသို့ ဂုဏ်အင်္ဂါအမျိုးမျိုးတို့နှင့်ပြည့်စုံသော ဥက္ကဋ္ဌမင်းအား အသို့လျှင် မောင်လူအေး မေ့နိုင်ပါအံ့နည်း၊ သတိရမည်ပင်။

အလို ဦးဘဆန်းတစ်ယောက် ကျန်ပါသေးကလား၊ သဒ္ဓါတရားနှင့် တကယ်ပြည့်စုံသော ပုဂ္ဂိုလ်ကြီး တစ်ဦးပေတည်း။ သူတကာ၏ အကျိုးကို အားကြိုးမာန်တက် ဆောင်ရွက်သူ ဖြစ်ပေ၏။ မည်သည့်အခါမျှ အပြုံးမပျက်ပေ။ အမြဲမပြတ် ပြုံးလျက်ပင်။ စိတ်ညစ်ခြင်းတရား ဦးဘဆန်းတွင် ရှိပုံမပေါ်။ တော်တော်စိတ်အေးအေး နေတတ်သူပေတကား။ မိမိအကျိုးပျက်ချင်ပျက်၊ သူတကာအကျိုးကိုဆောင်ရွက်ရလျှင်

ကျေနပ်သောသူဖြစ်ပေ၏။ ဤသို့သောပုဂ္ဂိုလ်အား အဘယ်မှာလျှင် မေ့နိုင်ပါအံ့နည်း။

လစဥ်လတိုင်း ကျင်းပရသော ဆေးရုံအစည်းအဝေးများအကြောင်းကိုလည်း စဉ်းစားမိပြန်၏။ အစည်းအဝေးပွဲ ကျင်းပနေခိုက် မကြာ မကြာ ငိုက်မျဉ်းလေ့ရှိသော ဆရာဝန်ကြီးအားလည်းကောင်း အကြံကောင်းများကို အမြဲမပြတ် ပေးလေ့ရှိသော ဒုတိယဥက္ကဋ္ဌ ဦးစောဘိုးအားလည်းကောင်း၊ အခြားသောအဖွဲ့ဝင်များအားလည်းကောင်း တွေးတော သတိရမိပေ၏။

ဝေနေယျစာဖတ် အသင်းရုံမှာ မောင်လူအေး၏ မျက်စိထဲမှာ မပျောက်သွားနိုင်။ ၎င်းအသင်းကလေးမှာ မြို့၏ ကျက်သရေဆောင် ဖြစ်ခဲ့သော်လည်း ယခုအခါတွင်ကား ကူညီအားပေးသူများ ရှားပါးခဲ့ချေပြီ။ 'အို. . . မြို့သူမြို့သားအပေါင်း သူတော်ကောင်းတို့. . . ဤကျက်သရေဆောင် စာဖတ်အသင်းကလေး၏ အသက်ဇီဝိန် မကြွေသွားစေရန် ဆက်လက် ကြိုးစားကြပါကုန်လော့၊ အကျိုးဆောင် ဦးသိန်းမောင်နှင့် ကျောင်းဆရာကြီး ဦးမောင်မောင်ကြီးတို့ကလည်း ကြိုးစားကာ ဆောင်ရွက်တော် မူကြပါလော့. . .၊ ဤပုဂ္ဂိုလ်များကမှ မကြိုးစားပါလျှင် မြို့၏ တစ်ခု ယုတ်လျော့တော့မည်။ အစိုးရ ကျောင်းဆရာကြီးကား လောကကြီးကို ငြီးငွေ့သဖြင့်ဝိသုဒ္ဓိ အသင်းကြီးကို တည်ထောင်ကာ ရသေ့ဘောင်သို့ ဝင်တော့မည်လော။ 'အို ဆရာကြီး၊ ရသေ့ဘောင်သို့ မဝင်မီ စာဖတ်အသင်းကလေး မပျက်စီးရန် ဆောင်ရွက်သွားပါဦးလော့' ဤသို့ မောင်လူအေး နှုတ်က ရေရွတ်မိပေ၏။

နွေ မိုး ဆောင်း မရှောင်၊ နေ့ရောညပါ လောင်းကွတ်အင်္ကျီကြီးကို ဝတ်ကာ နယ်ပိုင်အိမ်ရှေ့ လမ်းပေါ်တွင် လမ်းလျှောက်လေ့ရှိသော ပင်စင်စား ဒေါက်တာပီတာ အဘိုးကြီးကိုလည်း သတိရပေ၏။

မြို့ပေါ်ရှိ မိတ်ဆွေသင်္ဂဟတို့အကြောင်းကို စဉ်းစားပြီးနောက် တောနယ်များကအကြောင်းကို စဉ်းစားပြန်လေသည်။ တပေကုလား၊ အင်းမ၊ ကတုက္ကမ၊ သဇင်၊ ရေကျော် ရွာများမှ ကိုယ်တော်မြတ်အင်းသူကြီး လူလိမ် လူညာများနှင့်လည်း မတွေ့ရတော့ပြီ။ ၎င်းရွာများတွင် ငါးခေါင်း ဖြတ်နေကြသည်ကိုလည်း မတွေ့ရတော့ပြီ။ ဣန္ဒြေသိက္ခာတော်ကြီးမားလှစွာသော အကြင်မင်းသား လူကြီးများနှင့်လည်း မကြုံရတော့ပြီ။ ငါးပိနံ့ ၊ ဝက်ချေးနံ့ ၊ ရွှံ့နံ့များဖြင့် လွှမ်းလျက်နေသော ရွာအပေါင်း

တို့နှင့် ဝေးခဲ့လေပြီ။ အဟောဝတ ဩော်. . . ကောင်းလေစွ၊ ကောင်းလေစွ. . . ။

လောကတွင် အကောင်းရှိလျှင် အဆိုးရှိစမြဲ၊ မောင်လူအေးမှာ မြို့ပေါ်ရှိ လူကြီးလူကောင်း မိတ်ဆွေဟောင်းများနှင့် ခွဲခွာလာရသောကြောင့် ဝမ်းနည်းသလောက် တောရွာရှိ လူလိမ်လူကောက် လူရှုပ်လူပွေ အင်းသူကြီးတွေနှင့် ဝေးကွာလာရသောကြောင့် ဝမ်းမြောက်ဝမ်းသာမြင်ရလေတော့သတည်း။

ဤသို့လျှင် မောင်လူအေးသည် လွန်ခဲ့သော သုံးနှစ်အတွင်းက မိမိဆောင်ရွက်ခဲ့ပုံအကြောင်းများ၊ ပေါင်းသင်းဆက်ဆံခဲ့ပုံအကြောင်းများကို စဉ်းစားရင်းပင် ကုလားထိုင်ပေါ်တွင် အိပ်ပျော်၍ သွားလေသတည်း။ သဘော်ကား ခရီးသွားမြဲပင်။။

*ဒဂုန်၊ တွဲ-၁၅၊ မှတ်-၁၅၇၊*
*(ဖေဖော်ဝါရီလ၊ ၁၉၃၅)*

# ပျိုးရိုး

မောင်လူအေး၊ မောင်လူသေး၊ မောင်လူထွေးတို့ ညီအစ်ကို သုံးယောက်သည် တစ်ယောက်နှင့်တစ်ယောက် နှစ်နှစ်ကြီး နှစ်နှစ်ငယ် အရွယ်တူများကဲ့သို့ ဖြစ်နေကြသည်။

သူတို့ခပ်ငယ်ငယ် ၁၀ နှစ်၊ ၁၂ နှစ်အရွယ်တုန်းက ဆရာကြီး ဦးချစ်လှ မြန်မာစာသင်ကျောင်းတွင် ပညာသင်ကြားရလေသည်။ မောင်လူအေးနှင့် မောင်လူထွေးတို့မှာ တစ်ယောက်နှင့်တစ်ယောက် ပို၍ ရင်းနှီးသော ကြောင့် ကျောင်းသို့ အတူတူသွားလေ့ရှိကြလေသည်။ မောင်လူသေးကား အစ်ကိုကြီးပီပီ ညီငယ်များနှင့် ရင်းရင်းနှီးနှီး နေလေ့မရှိ။

တစ်ခါ တစ်ခါ မောင်လူထွေးမှာ ကျောင်းတက်ရန် ခပ်ပျင်းပျင်း ဖြစ်လာလေ့ရှိလေသည်။ အိမ်နှင့်မနီးမဝေး လမ်းဘေးတွင်ပေါက်နေသော မန်ကျည်းပင်ကြီးအောက်သို့ ရောက်သောအခါ မန်ကျည်းပင်ကြီးကို မှီကာ ရပ်နေလေတော့၏။

မောင်လူအေးက ချော့၍ခေါ်၏ မရ။ ငေါက်၍ခေါ်၏ မရ။ ဆွဲ၍ခေါ်၏၊ မရ။ မည်သို့လုပ်၍မျှ မရသောအခါ မောင်လူအေးမှာ ကျောင်းနောက်ကျမည်စိုးသောကြောင့် ထွက်သွားလေတော့၏။ မောင်လူထွေးကား စာအုပ်၊ ကျောက်သင်ပုန်းများကို ပိုက်ကာ မန်ကျည်းပင်ကြီးကို မှီလျက် မတုန်မလှုပ် ရပ်နေလေသတည်း။

လမ်းသွားလမ်းလာများ သူရပ်နေသည်ကိုမြင်လျှင် ပြုံးသွားကြကုန်၏။ သူ ဂရုမစိုက်။ ဈေးသည်များ ရယ်သွားကြကုန်၏။ သူ အမှုမထား။ အရပ်ထဲက လူပြောင် လူနောက်ကလေးများ သူ့ကို စသွားကြကုန်၏။ သူ မဖြုံ။

ဤသို့ သူ ရပ်နေ၍ တစ်နာရီခန့် ကြာသောအခါတစ်စုံတစ်ယောက်သောသူ၏ ပယောဂကြောင့် သူရပ်နေသည့်အကြောင်း ဘွားဒွေးကြီး၏နားသို့ပေါက်သွား၏။ ဘွားဒွေးကြီး ကြိမ်လုံးတစ်ချောင်းကို ကိုင်ကာ လိုက်လာလေပြီ။

ဘွားဒွေးကြီးအနားသို့ ရောက်သောအခါ ထိုမန်ကျည်းပင်ကြီးနှင့် မနီးမဝေးသစ်ပင်တစ်ပင်အောက်သို့သွား၍ထိုသစ်ပင်ကိုမှီကာရပ်ပြန်၏။

ထိုသစ်ပင်အောက်သို့ ဘွားဒွေးကြီး လိုက်သွားပြန်သောအခါ အခြားသစ်ပင်တစ်ပင်သို့ သွားကာ ရပ်ပြန်၏။ ဤသို့ တစ်ပင်မှ တစ်ပင်သို့ ကူးပြောင်းသွားရာ သစ်ပင်ပေါင်း လေးငါးခြောက်ပင်ခန့် ကျလေပြီ။ မောင်လူထွေးနှင့် ဘွားဒွေးကြီးတို့၏ အဖြစ်အပျက်ကို မြင်ကြသော ရပ်သူရပ်သားတို့ကား မသိမသာ အမှုမဲ့ အမှတ်မဲ့ ပြုံး၍ နေကြကုန်၏။

တက်လူ မောင်လူထွေးအား ကျလူ ဘွားဒွေးကြီးကား အဘယ်မှာလျှင် မီအောင်လိုက်နိုင်ပါအံ့နည်း။ အတန်ကြာလျှင် ဘွားဒွေးကြီးမောလာ၏။ သူ၏ နဖူးမှ ချွေးဖြိုင်ဖြိုင် ကျဆင်းနေလေပြီ။မောလာသောကြောင့် ဒေါသထွက်သည်က တစ်မျိုး၊ မြေးမောင်လူထွေးကို မမီနိုင်သဖြင့် ဒေါသထွက်သည်က တခြား၊ဘွားဒွေးကြီးမှာအမျိုးမျိုးရေရွတ်နေတော့၏။

နောက်ဆုံးတွင်ကား ဘွားဒွေးကြီး လက်လျှော့ပြီးလျှင် အရပ်ထဲရှိ ကာလသား အပေါင်းတို့အား စစ်ကူတောင်းရရှာလေ၏။ ကာလသားကျော် ကိုဘိုးထိန်တို့၊ ကိုအောင်ဒင်တို့၊ ကိုထွန်းဖေတို့၊ ကိုစံဖေတို့ တစ်တွေ မောင်လူထွေးတည်းဟူသော ကျောင်းပြေးကလေးကို ဖမ်းအံ့ဟု ထွက်ပေါ်၍ လာကြကုန်၏။

ကာလသားတွေ ထွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက်မောင်လူထွေးမှာ ယခင်ကကဲ့သို့ ရပ်တည်ခြင်း နည်းလမ်းကို စွန့်ပစ်ပြီး ပြေးလွှားခြင်းလက်နက်ကို စွဲကိုင်လေတော့၏။ လက်ဦးတွင် ကွင်းပြင်ကြီးမှ တစ်ဖန်ကွေ့ကောက်ပြေးပြီးလျှင် ဖူးကားစက် အတွင်းသို့ ဝင်ပြေးပြန်၏။

ကာလသား တစ်တွေလည်း ဖူးကားဝင်းအတွင်းသို့ လိုက်ကြပြန်၏။ တစ်ရပ်လုံး ဆူညံ၍သာ နေလေတော့သည်။ ကာလသားတွေမှာလည်း စိတ်ပါလက်ပါ မောင်လူထွေးအား အမိဖမ်းရန် လိုက်ဟန်မတူဘွားဒွေးကြီးမှ စိတ်ပြေစေတော့ဟူသော သဘောနှင့် အပျော်သက်သက်လိုက်ဖမ်းကြဟန်တူလေသည်။

ဖူးကားဝင်းအတွင်းသို့ ရောက်သောအခါ မောင်လူထွေးပြေးစရာ

မရှိတော့ပြီ။ ရှေ့မှ သံလွင်မြစ်ကြီးတားဆီးနေသောကြောင့်လည်း မောင်လူထွေး အမိခံရတော့အံ့။ လက်နက်ချရတော့အံ့။ ဤနည်းအားဖြင့် မောင်လူထွေးသည် အမိခံအံ့လော၊ အရှုံးပေးအံ့လော၊ လက်နက်ချအံ့လော။

အဘယ်မှာလျှင် အမိခံ အရှုံးပေး လက်နက်ချအံ့နည်း။ လူအများ၏ ရှေ့မှာပင် သံလွင်မြစ်ထဲသို့ ခုန်ချပြီးလျှင် မြစ်တစ်ဖက်သို့ ကူးပြေးလေသတည်း။

သူ့အား လိုက်ဖမ်းနေကြသော ကာလသားများ ရေကူး၍မလိုက်ဝံ့တော့ပြီ။ အကယ်၍ ရေကူးလိုက်ပါက သူမြစ်လယ်ထဲ ကူးသွားသဖြင့် မြစ်လယ်တွင် လက်ပန်းကျပြီးလျှင် ရေနစ်သွားမည်ကို စိုးရလေသည်။ ကာလသားများ လက်လျှော့ကာ ချော့၍ ခေါ်ကြကုန်၏။ မောင်လူထွေး မြစ်ထဲမှ မတက်၊ မြစ်ထဲတွင်သာ ကူးနေလေသည်။

ဤသို့ ဖြစ်ပျက်နေခိုက် ဘွားဒွေးကြီး ထိုအနီးသို့ပေါက်လာလေ၏။ မောင်လူထွေးမြစ်ထဲတွင် ရေကူးနေသည်ကိုမြင်ရသောအခါ မျက်လုံးပြူးသွား၏။ ကာလသားတစ်တွေအား မိမိတို့နေအိမ်သို့ပြန်ကြရန် ဘွားဒွေးကြီးတောင်းပန်ရပြန်၏။ ကာလသားများလှည့်ပြန်၍ အတန်ကလေး ဝေးသွားသောအခါကျမှ မောင်လူထွေး ကုန်းပေါ်သို့တက်တော့၏။

ကုန်းပေါ်သို့ရောက်သောအခါ ကမ်းဘေးရှိ သစ်ပင်တစ်ပင်ကို မှီကာ ရပ်နေပြန်၏။

ဘွားဒွေးကြီးက ချော့၍ ခေါ်သော်လည်း မရ။ အကယ်၍ မိမိလိုက်သွားလျှင် မောင်လူထွေး ရေထဲ ခုန်ဆင်းမည်စိုး သောကြောင့် မလိုက်ဝံ့။ မိမိ၏ လက်တွင်ပါသော ကြိမ်လုံးနှင့် မောင်လူထွေး၏ ကျောကို စပ်စပ်ကလေး ဆော်ချင်လှ၏။ သို့သော် မည်သို့မျှမတတ်နိုင်ပြီ။ နေအိမ်သို့သာ လှည့်၍ပြန်လာရလေသတည်း။

တစ်နေ့လုံး မောင်လူထွေး အိမ်သို့ ပြန်မလာ၊ သူမှီနေသော သစ်ပင်အောက်မှာသာ အချိန်ကို ကုန်လွန်စေ၏။

မနက်စာတစ်နပ်ကို အငတ်ခံ၏။ ညနေ ၄-နာရီထိုး၍ ကျောင်းလွှတ်သော အချိန်ကျမှသာလျှင် အိမ်သို့ မောင်လူထွေးပြန်၍ လာလေသည်။

ဘွားဒွေးကြီးက ရိုက်ချင်လှပြီ။ မရိုက်သေး။ မောင်လူထွေး တစ်ဖန်

ထပ်မံ၍ ပြေးမည်ကို စိုးရလေသည်။ ညစာ စားချိန်ကျလျှင် မောင်လူသေး၊ မောင်လူအေးတို့နှင့်အတူ မောင်လူထွေးကိုပါ ထမင်းထည့်ကျွေး၏။

အားလုံး ထမင်းစားသောက်ပြီးကြသောအခါ ဘွားဒွေးကြီးသည် မောင်လူထွေး မနက်ကပြုမူပုံအကြောင်းနှင့် ပတ်သက်ပြီး မြည်တွန်တောက်တီး လုပ်လေတော့သည်။ တော်တော်နှင့်မပြီးနိုင်။ ပြောရင်းပြောရင်း ဒေါသထွက်လာပြီးလျှင် မောင်လူထွေးအား မိမိ၏ ကြိမ်လုံးစကြာဖြင့် တစ်ချက်နှစ်ချက်ဆော်၏။ မောင်လူထွေးကား မငို။ ကျိတ်၍ခံ၏။ ပြီးလျှင် အိမ်တိုင်တစ်တိုင်တွင်မှီကာ မတုန်မလှုပ်ရပ်နေလေသတည်း။

တော်တော်ညဥ့်နက်၍ အိပ်ငိုက်လွန်းမက အိပ်ငိုက်သောအခါကျမှ ထိုတိုင်အနားမှာပင် အိပ်ပျော်သွား၏။ ထိုအခါကျမှ အိမ်သားများကသူ့အား အိပ်ရာသို့ ယူသွားပြီး သိပ်ကြလေသည်။ ဤမျှဇွဲကောင်းသောမောင်လူထွေးတည်း။

နောက်တစ်နေ့ နံနက် ကျောင်းသွားချိန်ကျလျှင် မောင်လူအေးနှင့်အတူတူ ဆိုက်ဆိုက်မြိုက်မြိုက် ကျောင်းတက်ပြန်၏။ အတန်ကြာ၍ကျောင်းတက်ရန် စိတ်မရှိသောအခါ ယခင်က မန်ကျည်းပင်ကြီးအောက်တွင် ဝင်၍ရပ်ပြန်၏။။

ဤအကြိမ်တွင်ကား ဘွားဒွေးကြီး လက်လျှော့ပြီးလျှင် အမှုမဲ့အမှတ်မဲ့သာ နေလိုက်၏။ တစ်နေ့လုံး ထိုမန်ကျည်းပင် အောက်မှာပင်အချိန်ကုန်လွန်စေ၏။ မည်သူ ရယ်ရယ်၊ မည်သူပြောင်ပြောင် ဂရုမစိုက်။

ညနေ ကျောင်းလွှတ်၍ မောင်လူအေးတို့ ကျောင်းက ပြန်လာသောအခါ မောင်လူအေးနှင့် အတူတူ အိမ်သို့ လိုက်ပြန်လာခဲ့၏။ ဘွားဒွေးကြီးကား မောင်လူထွေး၏ ဓာတ်ကို သိသွားပြီဖြစ်သောကြောင့် မောင်လူထွေးအား ဆိုရုံသာဆို၏။ ရိုက်ကား မရိုက်။ ဘွားဒွေးကြီး လက်လျှော့ရလေသတည်း။

မောင်လူထွေး ထိုမန်ကျည်းပင်ကြီးအောက်တွင် ဝင်၍ရပ်သည်မှာ တစ်လလျှင် နှစ်ကြိမ်ခန့်ရှိ၏။

ထိုအခါ မောင်လူထွေးသည် ယခုအခါတွင် ဦးလေးထွေးဘဝသို့ ရောက်နေလေပြီ။ သူ၏သား မောင်အောင်ကြီးပင် အသက် ဆယ်နှစ်ကျော်နေလေပြီ။ မောင်လူထွေး၏ သားကလေးများနှင့် မောင်လူအေး

ဝေးနေသည်မှာ ကြာလေပြီ။ သူ၏သားကလေးများသည် သူတို့၏ ဖခင် ငယ်ငယ်တုန်းကကဲ့သို့ ကျောင်းမသွားချင်လျှင် သစ်ပင်အောက်တွင် ဝင်ရပ်ကြသည် မရပ်ကြသည်ကို မသိရ။ သူတို့ဖခင်ကဲ့သို့ ဇွဲကြီးကြ သည် မကြီးကြသည်ကိုလည်း မသိရပေ။

သို့သော် မောင်လူအေး၏ သားကလေး မောင်လူမွေးကား အသက် နှစ်နှစ်မျှ မရှိသေး။ သူ၏ ဦးလေး မောင်လူထွေး၏ ဇာတိကို ပြနေလေပြီ။ သူ လိုသောအရာကို မရသည့်အခါ ဖြစ်စေ၊ သူမကြိုက်သည် ကို သူတကာက ပြုလုပ်သည့်အခါ ဖြစ်စေ၊ သူ့စိတ်နှင့် အခန့်မသင့်သည့် အခါဖြစ်စေ၊ တိုင်တစ်တိုင်မှာ ဖြစ်စေ၊ ထောင့်တစ်ထောင့်မှာ ဖြစ်စေ သွား၍ ရပ်နေလေတော့၏။

မည်သူက ခေါ်ခေါ် မရ၊ မည်သူက ချော့ချော့ မရ၊ သူ့ကို သွားချီ လျှင်လည်း ကျယ်လောင်စွာ ငို၏။ သူ ငို၍ လွှတ်လိုက်လျှင် ယခင်ရပ် နေရာသို့ ပြေးသွားပြီးလျှင် ရပ်နေမြဲ ရပ်နေလေသည်။ အိမ်သားများ အမှုမဲ့ အမှတ်မဲ့နေလိုက်သောအခါကျမှ သူ့အလိုအလျောက် စိတ်ပြေ သွားပြီးလျှင် ထိုနေရာမှ ထွက်ခဲ့လေသည်။

ဤအခြင်းအရာကိုမြင်သောအခါ မောင်လူအေးသည် မိမိတို့ ငယ်စဉ်က မိမိ၏ညီ မောင်လူထွေး မန်ကျည်းပင်ကြီးအောက်တွင် မကြာ မကြာ ဝင်၍ ရပ်သည်များကို သွား၍ တွေးမိ၏။ မောင်လူမွေးကြီးပြင်း လာ၍ ကျောင်းထားသောအခါ ကောင်ကလေးသည် သူ၏ဦးလေး မောင် လူထွေး ကဲ့သို့ပင် သစ်ပင်တစ်ပင် အောက်တွင် ဝင်ရပ်နေမည့် အရေး များကိုလည်း တွေးကာ ပြုံးမိသောဟူ၏။

မောင်လူထွေး၏ ဇွဲသည် သူ၏ သားသမီးများတွင် ပါလာသည် မပါလာသည်ကိုကား အသေအချာမသိရ။ မောင်လူအေး၏ သား မောင်လူမွေးတွင် ပါ၍လာသည်ကား အမှန်ပင်ဖြစ်လေသည်။ ချောင်း ရိုး၊ မြောင်းရိုးတို့သာ တိမ်ကော၏၊ လူတို့၏ မျိုးရိုးကား မတိမ်ကော ဟူသော ရှေးလူကြီးတို့၏စကားသည် မှန်လှပေ၏တကား။

*ဒဂုန်၊ တွဲ-၂၀၊ မှတ်-၂၃၁၊*
*(နိုဝင်ဘာလ၊ ၁၉၃၉)*

# တုပ်ကွေး

တုပ်ကွေး ကွေးခြင်း၏ အရသာကို ဤဆောင်းပါးဖတ်သူအပေါင်းတို့ ခံစားကောင်း ခံစားဖူးကြပေလိမ့်မည်။ ကုသိုလ်ကံမကောင်းသောကြောင့် တုပ်ကွေး၏ အရသာကို မခံစားရဖူးသောသူတို့လည်း ရှိချင်ရှိပေလိမ့်မည်။ ထိုသူတို့၏ အကျိုးငှာ တုပ်ကွေး၏ အရသာ မည်သို့နေကြောင်းကို ရေးသားဖော်ပြလိုက်ပါမည်။ ကျေးဇူးတင်လိုကလည်း တင်ကြပါကုန်။ ကျေးဇူး မတင်လိုကလည်း နေနိုင်ပါသည်။

ရာသီဥတု အပြောင်းအလဲတွင် တုပ်ကွေးနတ် ဖမ်းစားလေ့ရှိသည့် အတိုင်း မိုးအကုန် ဆောင်းအကူးတွင် မောင်လူအေးအား တုပ်ကွေးနတ် ဝင်ပူးလေတော့၏။

လက်ဦးတွင် ချောင်းအနည်းငယ်ဆိုး၏။ ထို့နောက် မျက်စိပူ၏။ ထို့နောက် တစ်ကိုယ်လုံး ဖိန်းတိန်းတိန်း ရှိန်းတိန်းတိန်း နေ၏။ ထမင်း မစားချင်၊ ဆေးလိပ်မသောက်ချင်ဖြစ်၍လာ၏။ အတန်ကြာလျှင် အိပ်ရာထဲတွင် ဝင်ကွေးချင်သောစိတ်ပေါ်၍ လာလေတော့သည်။ ထိုအခါ အိပ်ရာထဲသို့ ရောက်၍ သွားလေသတည်း။

အိပ်ရာထဲသို့ရောက်သောအခါ တစ်မျိုးဆန်းကြယ်လာပြန်၏။ တစ်ကိုယ်လုံး ချမ်းစိမ့်စိမ့် ဖြစ်လာရုံမျှမက ကိုယ်လက်တွေလည်း ကိုက်လာလေ၏။ ထိုအခါ စောင်ထူထူ သုံးလေးထည်ကို ထပ်ကာခြုံပြီးလျှင် ကွေးနေလေတော့၏။

ဤအခါ တုပ်ကွေး၏အရသာပေါ်၍ လာလေသည်။ အလွန်စည်းစိမ်ရှိ၊ အလွန်နှစ်သက်ဖွယ်ကောင်းသော အရသာပေတည်း။ မည်သည့် အရသာမျိုးနှင့်မှ မတူပေ။ စာဖြင့်ရေးပြ၍ ရသောအရသာမျိုးလည်း

မဟုတ်။ နှုတ်ဖြင့်ပြော၍ရသော အရသာဟူ၍ သာမန်အားဖြင့် ဆိုရပေတော့မည်။

ဤသို့ အိပ်ရာထဲတွင် ကွေး၍ ကောင်းတုန်းတွင် မောင်လူအေး၏ စိတ်သည် ကစားစပြုလာ၏။ အရက်သမား၏ဝမ်းထဲသို့ အရက်ဝင်သွား၍ မကြာမီအတွင်း အရက်သမား၏စိတ်မှာ တစ်မျိုးပျော်ရွှင်လာသကဲ့သို့ မောင်လူအေး၏ စိတ်မှာလည်း တုပ်ကွေး၏တန်ခိုးကြောင့် ပျော်ရွှင်လာသလိုလို ဘာလိုလိုဖြစ်၍လာ၏။ စကားများချင်သလိုလို ဘာလိုလိုဖြစ်၍လာ၏။ အတော်ကြာလျှင် သူ၏စိတ်သည် အငြိမ်မနေတော့ပြီ။

ဤသို့ ဟိုစဉ်းစား သည်စဉ်းစား လုပ်နေခိုက် ဂျူဗလီဟောရုံကြီးအနီးသို့ရောက်သွား၏။ အဘယ်သို့ ရောက်သွားသည်ဟူ၍ မောင်လူအေးကား မသိ၊ ရောက်၍သွားသည်ကား မှန်ပေသည်။ မောင်လူအေး ရောက်၍ သွားသောအခါကား ဂျူဗလီဟောရုံကြီးတွင် စတုတ္ထအကြိမ်မြောက် အစိုးရသိန်းထီကြီးကို ဖွင့်နေသောအခါ ဖြစ်လေသည်။

ရုံးကြီးအတွင်းမှာရော အပြင်မှာရော လူအမျိုးမျိုးတို့နှင့် ပြည့်ကျပ်လျက် နေလေသည်။ ကုလား၊ တရုတ်၊ ကရင်၊ မြန်မာ၊ ကလေး၊ လူကြီးယောကျ်ား၊ မိန်းမ စုံ၍သာ နေလေတော့သည်။ အပြင်ဘက်နေပူကျဲကျဲကြီးတွင် ထီလက်မှတ်များကို အသီးသီးကိုင်ကာ အောင်ဘာလေ နံပါတ်ကိုသာ နားထောင်နေကြလေသည်။

မောင်လူအေးလည်း နေပူကျဲကျဲကြီးတွင် ချွေးတလုံးလုံးနှင့် မိမိ၏ထီလက်မှတ်ကိုင်ကာ ပေါက်စဉ်ဂဏန်းကိုသာ နားထောင်နေလေသည်။ ဤမျှ ပေါများသော လူထုကြီးထဲတွင် မိမိ၏ အသိမိတ်ဆွေတစ်ယောက်မျှ မပါသည်မှာ ထူးဆန်းသလိုလို ထင်မှတ်မိလေသည်။ သို့သော် ထိုနေရာသို့ ရောက်၍များ မကြာမီအတွင်းမှာပင် အနီးအနားရှိ လူများနှင့် မိတ်ဆွေဖြစ်သွားပြီးလျှင် ရယ်လားမောလား စကားပြောကာ အပျော်ကြီးပျော်နေလေတော့သည်။

ဤသို့ စကားကောင်းနေ၍ ခဏမျှကြာသောအခါ 'နံပါတ် ၁၄၄၆၆၁ အတိတ် ခေတ်စမ်းကွ၊ ပေါက်သူအမည် မောင်လူအေး၊ ပထမဆု ငွေတစ်သိန်း' ဤကြေညာချက်ကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက်

'ကော်ပြီကွ၊ အသက်အာမခံ ကိုယ်စားလှယ်တွေ မလာကြနဲ့၊ မော်တော်ကား ကိုယ်စားလှယ်တွေ မလာကြနဲ့၊ အလှူခံတွေ မလာကြ

နဲ့ ၊ လယ်ပေါင်မယ့် လူတွေ မလာကြနဲ့၊ ငွေတွေအားလုံး ဘဏ်မှာ ထားမယ်' ဟူ၍ အော်ကာ လက်ခုပ်လက်ဝါးတီးလိုက်၏။

'ကိုကို . . . ကိုကို' ဟုခေါ်ကာ ခင်သန်းမြင့်က လှုပ်၍နှိုး၏။

'ဟင် ဘာလဲ ' ဟု ထူးလိုက်၏။ သို့သော် ဂျူဗလီဟောကား မျက်စိထဲတွင် မပျောက်သေးပေ။

'ကိုကို ဘာတွေလျှောက်ပြောနေတာလဲ၊ ယောင်နေတာလား'

'ဟင် ဘာမှ မပြောရပါကလား' ဟု မောင်လူအေးက ပြော၏။

'ကိုကို အိပ်ပျော် သွားသလား' ဟု မေးပြန်၏။

'မပျော်ပါဘူး၊ ဂျူဗလီဟော အစိုးရသိန်းထီဖွင့်ရာကိုရောက်သွားသလိုလိုပဲ'

'ဟိုဟာ သည်ဟာတွေကို စဉ်းစားမနေနဲ့လေ၊ အိပ်ပျော်အောင် အိပ်လိုက်ပါလား၊ ကိုယ်လက်ကိုက်တာ ဘယ့်နှယ် နေသေးသလဲ၊ ပရုပ်ဆီ လိမ်းပေးမယ်လေ'

'အင်း အကောင်းသားပဲ'

ခင်သန်းမြင့်သည် မောင်လူအေးအား ပရုပ်ဆီလိမ်းပေးရင်း အသာနှိပ်ပေး၏။ ပြီးလျှင် အိပ်ရာနံဘေး ဆိုဖာပေါ်တွင် ထိုင်ကာ မဂ္ဂဇင်းတစ်အုပ်ကို ဖတ်၍နေ၏။

မောင်လူအေးလည်း ခင်သန်းမြင့်ကိုကြည့်ရင်း စဉ်းစားခန်းထုတ်ပြန်၏။

မိမိသည် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ဘောပွဲကို တစ်ခါမျှ မကြည့်ဖူးသေးပေ။ ယခုနှစ် ထိုဘောပွဲကို အထက်မြန်မာပြည် မန္တလေးမြို့၌ ကျင်းပမည်ဟု သတင်းစာထဲတွင် ဖတ်လိုက်ရလေသည်။ ရွှေဘိုနှင့် မန္တလေး ဝေးလှသည်မဟုတ်။ ထိုဘောပွဲကို ကြည့်ဖူးသည် ရှိရလေအောင် ရွှေဘိုမှ မော်တော်ကားဖြင့် သွားကြည့်ရလျှင် အလွန်ကောင်းပေမည်။ အထက်မြန်မာပြည်ဘက်မှနေ၍ သွားပြီး လက်ခုပ်လက်ဝါးတီးကာ အားပေးရရန်မှာလည်း ဝတ္တရားရှိပေသည်။

ဆိုဖာပေါ်တွင် ထိုင်နေသော ခင်သန်းမြင့်၏ ရုပ်သည် တစ်စတစ်စ ပျောက်ကွယ်၍ သွားပြီးလျှင် ထိုနေရာတွင် လမ်းဝန်ထောက်ဦးသာဒုတ် ရောက်နေ၏။ သူ့နားတွင်လည်း ကပ္ပတိန်သိန်းမောင်တို့ ဦးမောင်မောင်တို့တစ်တွေ ရောက်၍ နေလေသည်။

ထိုနေရာမှာ မိမိ၏ အိမ်မဟုတ်တော့ပြီ။ အထက်မြန်မာပြည်ဘော

လုံးကစားရာ နေရာဖြစ်နေမှန်းကို သိရလေသည်။ မောင်လူအေးမှာ မိတ်ဆွေတစ်သိုက်နှင့် ရယ်လား မောလားနှင့်နေ၏။ မန္တလေး ဘောလုံးကွင်းကြီးမှာလည်း အထူး စည်ကားလျက်နေလေသည်။

အတန်ကြာလျှင် မောင်လူအေးတို့ လူသိုက် မိမိတို့ နေရာအသီးသီးတွင် ထိုင်ကာ ဘောလုံးပွဲကို ကြည့်၍ နေကြကုန်၏။ အထက် မြန်မာပြည်ဘက်မှ ကစားကြသောသူများတွင် မိမိသိဖူးသော လယ်ဝန်ထောက် ဦးညို၊ မြို့အုပ် ဦးမြရင်၊ သစ်တောဝန်ထောက် မစ္စတာရုတ်ကွင်း၊ လယ်ဝန်ကလေး ဦးဝင်းတို့ပါသည်ကိုမြင်ရ၏။

အောက်မြန်မာပြည်ဘက်မှာလည်း မိမိသိဖူးသောသူ သုံးယောက်ပါနေလေသည်။

ဘောပွဲစ၍ ကစားသည်နှင့် တစ်ပြိုင်နက် ဦးညိုက ယူပြေးပြီးလျှင် ဦးဝင်းဘက်သို့ ပေးလိုက်၏။ ဦးဝင်းလည်း တအားကုန် ကျုံးလိုက်ရာ အောက်မြန်မာပြည်အသင်း၏ ဂိုးအတွင်းသို့ဝင်သွားလေသတည်း။

ပရိသတ်ကြီး၏ ဩဘာသံကြီးမှာ ဆူညံ၍ သွား၏။ မောင်လူအေးမှာလည်း အထက်မြန်မာပြည်က နိုင်သည်တစ်ကြောင်း၊ ဦးသာဒုတ်နှင့် လောင်းထားသောကြောင့် ငွေငါးကျပ်ရမည်ကတစ်ကြောင်းတို့ကြောင့် နှစ်ထောင်းအားရ ရှိလှသဖြင့် ဂိုးဟူ၍ အသံကုန် အော်ကာ လက်ခုပ်လက်ဝါးတီးလိုက်၏။

'ကိုကို . . . ကိုကို . . . ဘာတွေပြောနေတာလဲ'ဟု ခင်သန်းမြင့်က မောင်လူအေး၏ ကိုယ်ကို လှုပ်၍မေး၏။

'ဟင် ဘာမှ မပြောပါကလား' ဟု မောင်လူအေးက ဖြေ၏။

'မပြောဘူးသာ ဆိုတယ်၊ လက်ခုပ်တွေတီး၊ ပါးစပ်ကလည်း ဘာတွေပြောနေတယ် မသိဘူး'

'ဘာမှတော့ မပြောပါဘူး၊ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ဘောပွဲကို ရောက်သွားတယ်'

'ကိုကိုက အိပ်ပျော်အောင် အိပ်တာမှ မဟုတ်ဘဲ၊ ဟိုစိတ်ကူးသည်စိတ်ကူး လုပ်နေတာကိုး'

'ပျော်အောင် အိပ်တာပဲ၊ ပျော်မှ မပျော်ဘဲဟာ '

'ဒါဖြင့် နေရာမကျဘူး၊ အဖျားဒီဂရီ ယူလေမှပဲ'

'သဘောပဲ'

ခင်သန်းမြင့်သည် ပြဒါးချိန်ဖြင့် မောင်လူအေး၏ အဖျားကိုယူ၏။

ယူပြီးသည်နှင့်တစ်ပြိုင်နက် မျက်လုံးပြူးသွား၏။ အကြောင်းမူကား အဖျားဒီဂရီ ၁၀၄ ထက်ကျော်လွန်နေသောကြောင့်တည်း။

ထို့နောက် ချက်ချင်းပင် ဆရာဝန်ကို အခေါ်လွှတ်လိုက်၏။ မကြာမီ ဆရာဝန်ရောက်လာလေသည်။ ဆရာဝန်လည်း မောင်လူအေးအား စမ်းသပ်ပြီးနောက် ခါးသော ဆေးတွေကို သောက်ရန် ပေး၏။ ဝမ်းနုတ်ဆေးတွေကို ပေး၏။ မောင်လူအေး အငြိမ်မနေရတော့ပြီ။

ယခင်က စည်းစိမ်ကလေးနှင့် ကွေးနေရသော စည်းစိမ်များပြန်မလာတော့ချေ။ ယခင်က စိတ်ကူးယဉ်သော စည်းစိမ်မျိုးလည်း ပျောက်ကွယ်၍ သွားတော့၏။ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ဘောလုံးပွဲကိုလည်း မကြည့်ရတော့ပြီ။ အစိုးရသိန်းထီတွင် ပထမဆုရသောကြောင့် ခံစားခဲ့ရသော စည်းစိမ်မျိုးကိုလည်း မခံစားရတော့ပြီ။ ကိုယ်လက်ကိုက်ခြင်း၊ ချောင်းဆိုးခြင်း၊ ခေါင်းကိုက်ခြင်း ဝေဒနာတို့ကိုသာ ခံစားနေရလေတော့သတည်း။

အကယ်၍ ခင်သန်းမြင့်ကသာ ဆရာဝန်ကို အခေါ်မလွှတ်လိုက်ပါလျှင် ယခင်ကထက် ဆန်းကြယ်မွန်မြတ်သော စိတ်ကူးစည်းစိမ်မျိုးကို ခံရမည်မှာ မလွဲတော့ပေ။

*ဒဂုန်၊ တွဲ-၂၀၊ မှတ်-၂၃၄၊*
*(ဖေဖော်ဝါရီလ၊ ၁၉၄၀)*

။ ။ ။

# သင်္ကြန်နှတ

ထိုအခါကား ဆောင်းတွင်းအခါ၊ ထိုနေရာကား ပါလှဲရွာစွန်း၊ ထိုအချိန်ကား နံနက် ခြောက်နာရီဖြစ်လေသည်။ နေထွက်ပေါ်ခါစ နှင်းကလေးကလည်း မကွဲတကွဲ၊ စပါး ရိတ်နေသူတို့၏ အသံ၊ စာမောင်းနေသူတို့၏ အသံ၊ စပါးနယ်နေသူတို့၏ နွားမောင်းသံများနှင့် ထိုတစ်ဝိုက်တွင် ဆူညံ၍ နေလေတော့သည်။

တောရွာများ၌ ခြောက်နာရီမှာ အတော်နေမြင့်ပေပြီ။ မြို့ကြီးများ၌မူကား ဤအချိန်မှာ အိပ်၍ကောင်းတုန်း၊ အိပ်မက်၍ ကောင်းတုန်းပင်။ တောရွာများတွင် မိုးချုပ်လျှင်အိပ်၊ မိုးလင်းလျှင် အိပ်ရာမှထကြ၏။ ထို့ကြောင့် တောသူတောသားများ ကျန်းမာကြလေသည်။

စပါးရိတ်၊ စပါးနယ်၊ စပါးသိမ်းချိန်ကား တောသူတောင်သားတို့အဖို့ အခါကောင်း အချိန်ကောင်းပေတည်း။

ထိုအချိန် ထိုအခါ ထိုနေရာရှိ ကောက်ရိုးပုံ တစ်ပုံကို ဝိုင်းကာကုပ်ကုပ်ကလေးထိုင်နေသူတို့ကား နယ်ပိုင် မောင်လူအေး၊ စာရေးမောင်ဖျန်စိန်၊ ပြာတာ ဖိုးရွှေ၊ တပည့်ထွန်းဖေ၊ သူကြီးမင်း ဦးဖိုးကျောက် ဆယ်အိမ်ခေါင်း ဦးစံညွန့်တို့တည်း။

မောင်လူအေးတို့ လူစုမှာ ဗျောသလန်ရွာမှ အပြန်လမ်းတွင် မှောင်၍သွားသောကြောင့် မြွေပွေးကို ကြောက်ကြသဖြင့် ခရီးဆက်၍ မသွားကြဘဲ ဦးစံညွန့် လယ်တဲတွင် စခန်းချ၍ နေကြခြင်းဖြစ်လေသည်။ အခွန်တော်ငွေလည်း မနည်းပါလာ၏။ သူတို့မို့ အိပ်ပလေ။ ဓားပြများဝင်၍ စီးမည်ဆိုလျှင် အခက်နှင့်ကြုံရပေလိမ့်မည်။ လက်နက်ကို အားကိုးကြ ဟန်တူ၏။

မောင်လူအေးတို့စခန်းချရာ နေရာမှာ ပန်းလှိုင်မြစ် ကမ်းခြေနှင့် မနီးမဝေးတွင်ဖြစ်၏။ မကြာမီအတွင်းမှာပင် မြို့သို့သွားမည့် ကုလားမီးသင်္ဘောလေး လာတော့မည်။ ထိုသင်္ဘောကလေးနှင့်ပင် မြို့သို့ပြန်ရန် မောင်လူအေးတို့ စောင့်စားနေကြလေသည်။

ထိုနံနက်တွင် နှင်းကျနေသောကြောင့် သင်္ဘောကလေးမှာ တော်တော်နှင့်ပေါ်မလာချေ။ ငါးရံ့ခြောက်နှင့် ကောက်ညှင်းပေါင်းတို့ တော်တော်ကုန်လေပြီ။ လက်ဖက်ရည်ကြမ်းလည်း သုံးလေးအိုး ကျလေပြီ။ ချမ်းချမ်းနှင့်လက်ဖက်ရည်သောက်ရင်း စကားကောင်းလိုက်သည်မှာ အတောပင် မသတ်တော့ပြီ။

သူတို့တစ်တွေ ပြောလိုက်ကြသည်မှာ အခွန်တော် ကောက်ခံခြင်းသို့လည်း ရောက်၏။ စပါးဈေး ကျသည်သို့လည်းရောက်၏။ ငါးဈေး၊ ငါးပိဈေး ကျသည်၊ ဆားဈေး တက်သောကြောင့် အင်းသားကြီးတွေ အခက်ကြုံသည်သို့လည်းရောက်၏။ ရန်ကုန်မြို့တွင် မိန်းမများ လေယာဉ်ပျံစီးကြသည်သို့လည်း ရောက်၏။ ဦးဘအေးတို့ ဘိလပ်သွားသည်သို့လည်း ရောက်၏။ တရုတ်အကွန့်ဘိန်းရောင်းသည်သို့လည်း ရောက်၏။ အင်းဝတံတားကြီးဖွင့်သော ပွဲသို့လည်းရောက်၏။ ပွဲသမိန်ရွာ၌ အောင်ပွဲခံရာတွင် စံကူးတို့ သားအဖ လူသတ်မှုဖြစ်သည်ကိုလည်း ရောက်၏။ ရောက်လိုက်ကြသည့် ဖြစ်ခြင်း၊ တစ်ရောက်တည်း ရောက်နေလေတော့သည်။ ကုလားသင်္ဘောလေးဆိုက်ကာမှ အရောက်စဲတော့၏။

မကြာမီ မောင်လူအေးတို့ လူစု ကုလားသင်္ဘောကလေးပေါ်သို့ ရောက်သွားကြလေသည်။ ဤသင်္ဘောကလေးကား ဧရာဝတီကူးတို့ သင်္ဘောလောက်မရှိပါ။ တစ်ဝက်ခန့်လည်းမရှိပါ။ လေးပုံတစ်ပုံသာ ရှိပါသည်။ တစ်ထပ် သင်္ဘောကလေးဖြစ်၏။ ပထမတန်း၊ ဒုတိယတန်းမရှိ၊ တစ်စင်းလုံး တတိယတန်းချည်းဖြစ်၏။

ပက်လက်ကုလားထိုင်ပေါ်သို့ ထိုင်မိသည်နှင့်တစ်ပြိုင်နက် မောင်လူအေးသည် မကြာမီက ရောက်လာသော ဒဂုန်မဂ္ဂဇင်းကိုဖွင့်ကာ ဖတ်၏။ သဘော်တွင် လိုက်ပါလာကြသော ခရီးသည်တို့မှာ တိတ်လျက်နေကြ၏။ သဘော်မှာ မိမိ၏ ဝတ္တရားကျေပွန်အောင် အမူတော်ကို ထမ်းလျက်လာ၏။ ခရီးသည်အပေါင်းတို့ အသီးသီး စောင်ထူထူကြီးများကို ခြုံကာ အကာအရံလည်းမရှိ အတိဒုက္ခရောက်နေကြပေ၏။

အနည်းငယ်သွားမိလျှင် တစ်ယောက်သူက မေးခွန်းတစ်ခွန်းကို မေးလေ၏။ တစ်ယောက်ကဖြေလေသည်။ တစ်ယောက်က ချဲ့ထွင်လေသည်။ တစ်ယောက်က နှီးနှောလေသည်။ တစ်ယောက်က အံ့သြလေသည်။ ထိုသဘော်ထဲတွင် စကားပြောပွဲကြီး စလေတော့သတည်း။ ချမ်းခြင်းမလာနိုင်၊ အေးခြင်း မတိုးနိုင်၊ စိမ့်ခြင်း မကပ်နိုင်။

မောင်လူအေးမှာလည်း ဒဂုန်မဂ္ဂဇင်းကို မဖတ်နိုင်တော့ပြီ။ စာထဲစိတ်မရောက်၊ ထိုစကားပွဲတွင် စိတ်ဝင်စား၍ နေလေသည်။ မျက်စိများနှင့် မဂ္ဂဇင်းများမှာ အပ်၍ နေကြသော်လည်း မောင်လူအေး၏ စိတ်ကား စာအုပ်တွင်မရှိ။ စကားပွဲတွင် ကျင်လည်ကျက်စားနေလေပြီ။

မောင်လူအေး၏အနီးတွင် သက္ကလတ်အကျီ၊ ခေါင်းပေါင်းသစ်၊ ပုဆိုးသစ်နှင့် ထိုင်နေသောသူက ထိုနေရာနှင့် မနီးမဝေးတွင် ခပ်ညစ်ညစ်စောင်စိမ်းစိမ်းကြီးကို ခြုံကာ ထိုင်နေသည့် အဒေါ်ကြီးအား . . .

'ဩော် ဒေါ်စောအုံးဟုတ်လား'

'ဟုတ်ပ မောင်ဖိုးအောင်၊ အဒေါ် မောင့်ကို မြင်တာတော့ ကြာပါပြီ'

'ကျွန်တော်ကလည်း တူတယ်လို့ ကြည့်နေတာပဲ'

'အင်း မောင်တို့က ကောင်းစားနေလို့ အဒေါ်က မခေါ်ဝံ့တာ မြင်တာတော့ ကြာပါပြီ'

'ဟား ဟား ဟား . . ကျွန်တော်ကောင်းစားပေမယ့် အဒေါ်ကို မခေါ်ဘဲ နေပါ့မလား'

'ကောင်းပါ့ မောင်၊ အဒေါ်က မောင်ဖိုးအောင်တို့ ကောင်းစားသွားလို့မခေါ်ချင်ဘူး အောက်မေ့တယ်'

'မဟုတ်ရပါဘူး အဒေါ်ရယ်'

အင်း အဒေါ်ကြီးများ အင်မတန် အငေါ့ကြိုက်ကြတာကိုး၊ မခေါ်လည်းတစ်ခက်၊ ခေါ်ပြန်တော့လည်း တစ်မူ၊ သူတို့နှင့် စကားပြောလျှင်

များစွာ သတိထားရ၏။ အဘိုးကြီးများသာဆိုလျှင် ဤသို့ငေါ့ကြမည် မဟုတ်။ အားရဝမ်းသာ စကားပြောသွားမည်ဖြစ်လေသည်။ (ဤကား မောင်လူအေး၏ တွေးတောချက်ပေတည်း။)

ဒေါ်စောအုံအား နှုတ်ဆက်ပြီးလျှင် မောင်ဖိုးအောင်သည် မိမိ အနားတွင် ထိုင်နေသူအား 'ဒီနှစ်စပါးဈေးတွေ ကျလိုက်တာ ပြောစရာမရှိ တော့ဘူး ကိုထွန်းလင်းရေ' ဟု ပြော၏။

'ဟုတ်ပါရဲ့ဗျ၊ စိတ်များတောင် ပျက်နေပြီ' ဟု ကိုထွန်းလင်း ဆိုသူ ဖြေလေသည်။

'ဒီနယ်မှာ စပါး ဘယ်ဈေးဖြစ်နေသလဲ'

'ငါးဆယ်၊ ငါးဆယ့်ငါးကျပ်လို့ ထင်ပါရဲ့ဗျာ၊ ကျုပ်လည်း ကောင်း ကောင်းမသိဘူး၊ စပါးပွဲစား လုပ်နေတဲ့ ခင်ဗျားက ကျုပ်ကို မေးနေရသေး သလား'

'ပွဲစား ဆိုပေမယ့် ကျွန်တော်က ရန်ကုန် စပါးဈေးကိုသာ သိတာ၊ ဒီက စပါးဈေးကို မသိသေးဘူး၊ အခုလာပြီး စုံစမ်းတာပါပဲ'

'အရောင်းအဝယ်တွေကလည်း မကောင်း၊ စပါးဈေးတွေကလည်း ကျ၊ ဘယ်လိုလုပ်ပြီး စားသောက်ရမယ်ဆိုတာတောင် မသိကြဘူး၊ဒီကြား ထဲက ကုလား၊ တရုတ်တွေက တစ်ဖက်'

ထိုစကားကို ကြားသည်နှင့် တစ်ပြိုင်နက် မနီးမဝေးတွင် ထိုင်နေ သော ဘာဘူကုလားတစ်ယောက်က လှမ်း၍ ပြောလိုက်သည်ကား ဤ သို့တည်း။

'ဒီလိုလည်း မဟုတ်သေးဘူးလေ ဦးမင်း၊ ကျွန်တော်တို့ စပါးဝယ်လို့ စပါးဈေး တက်တယ်မဟုတ်ဘူးလား၊ စဉ်းစားပါဦး'

ထိုကုလားဘက်သို့ ခရီးသည်အားလုံး မျက်နှာမူလိုက်ကြသည်။ မောင်လူအေးလည်း အမှုမဲ့ အမှတ်မဲ့ စောင်းငဲ့ကြည့်လိုက်သည်။

ကိုထွန်းလင်းဆိုသူက ထပ်၍ ပြောသည်ကား 'အင်း၊ ဘာဘူကြီး ပြောတာကတော့ ဟုတ်ပါရဲ့၊ ခင်ဗျားတို့ နိုင်ငံခြားသားတွေ လုပ်ပုံကို နားထောင်စမ်းပါဦး'

'နားထောင်ပါတယ်၊ ပြောပါ . . . ပြောပါ'

'တစ်နေ့က ကျွန်တော်တို့ ရွာမှာ တရုတ်အရှိန်ဆိုတာ ဆန်တစ် တင်းကို သုံးကျပ်နဲ့ ရောင်းနေတယ်။ ဒီတော့ ကျွန်တော်က ရွာသားတွေ ပေါပေါနဲ့ စားရပါစေတော့လို့ စပါးကြိတ်ပြီး တစ်တင်းကိုနှစ်ကျပ်ခွဲ နဲ့

ရောင်းတယ်၊ အရှိန်က တစ်တင်းကို နှစ်ကျပ်နဲ့ ရောင်းတော့တာပဲ၊ ဒါကောင်းသလား၊ ကျွန်တော်တို့ကို သက်သက်ချိုးတာ မဟုတ်ဘူးလား'

'ဒါကတော့ အရောင်းအဝယ်ဟာကိုး၊ ဂျပန်ကုန်တွေကိုကြည့်ပါလား'

'ဒါတွေကြောင့ ခက်တယ်လို့ ပြောတာပေါ့၊ အရောင်းအဝယ်မှာ တစ်ယောက်ကို တစ်ယောက်သတ်နေကြတာ ဘယ်ကောင်းတော့ မှာတုံး'

'အရောင်းအဝယ် လုပ်တာ တစ်ယောက်ကိုတစ်ယောက် သတ်တာပဲ ခင်ဗျားတို့ မကြိုက်ရင် အလကားပေး'

ဤသို့ ပြောဆိုနေကြစဉ် မနီးမဝေး ကုလားထိုင်တွင် ထိုင်နေသော ဦးပဥ္စင်းတစ်ပါးက ဝင်၍ပြောသည်မှာ 'ဟုတ်တယ်..ဟုတ်တယ်၊ ဒါကြောင့်မို့ မခွဲကြပါနဲ့လို့ ကျုပ်တို့ဟောကြတာပေါ့၊ တကယ်လို့ ခွဲလိုက်ရင် ကျွန်တော်တို့ မြန်မာတွေအားလုံး ငတ်သွားတော့မပေါ့၊ ကုလားပြည်နဲ့ တွဲထားရင် အားရှိတယ်၊ ဘယ်သူမှ ဝင်မတိုးနိုင်ဘူး'

'ဘုန်းကြီးပြောတာ မှန်တယ်' ဟု ဘာဘူကုလားက ထောက်ခံလေသည်။

'ကိုယ်တော် မသိသေးပါဘူး၊ ဝိနည်းကို ကြိုးစားပြီးလေ့လာပါ၊ တိုင်းရေး ပြည်ရေးမှာ ဝင်မစွက်ပါနဲ့' ဟု မောင်ဖိုးအောင် ဆိုသူက ဆိုလိုက်၏။

'ဟေ့ကောင် ပွဲစား၊ ငါ့ကို ဘာမှတ်သလဲ၊ တစ်နိုင်ငံလုံးမှာ လှည့်ပြီး တရားဟောလာတာကွ၊ မင်းထပ်ပြောရင်သိစေမယ်၊ ဦးနန္ဒတဲ့ကွယ်၊ သိချင်ရင်တစ်ခွန်းထပ်ပြောစမ်း'

တစ်သင်္ဘောလုံး တိတ်၍သွား၏။ မောင်လူအေးလည်း မသိမသာ စောင်းငဲ့ကာ ကြည့်လေသည်။ အင်းရန်ဖြစ်ရင် ဝင်ပါရချေသေးရဲ့။ ဘယ့်နှယ် သင်္ဘောပေါ်မှာ ခွဲရေး တွဲရေးတွေ ရောက်နေကြပါလိမ့်၊ အခုတောင် တွဲရေး ခွဲရေးကိစ္စ မအေးသေးဘဲကိုးဟု တွေးမိလေသတည်း။

အတန်ကြာအောင် ငြိမ်ကုန်ကြ၏။

၁၅ မိနစ်ခန့် ကြာသောအခါ လူတစ်ယောက်က မိမိအနားတွင် ထိုင်နေသူအား ခပ်တိုးတိုး ပြောသည်မှာ 'ဒီကိုယ်တော်တယ်ဒေါသကြီးပါကလား ထွန်းအောင်၊ ဘယ်ကပါလိမ့်'

'အင်း'

ဟု ထွန်းအောင်ကဖြေ၏။

'ဒါထက် မင်းဒီနှစ်စပါး ဘယ်လောက်ရသလဲ' ဟု ထပ်၍မေးပြန်လေသည်။

'လေးရာရတယ်၊ စရိတ်နုတ်လိုက်ရင် ငွေငါးဆယ် အကြွေးတင်မယ်ကွယ့်၊ မင်းကော ဘယ်လောက်ရသလဲ ဖိုးထင်'

'ငါကတော့ ခြောက်ရာလောက်ရမယ်'

'ဘာစပါးလဲ'

'ကောက်ကြီး'

'ငါကလည်း ကောက်ကြီး စိုက်မလို့ဟာ သင်္ကြန်စာက နှောင်းမိုးခေါင်လိမ့်မယ် ဆိုတာနဲ့ ကောက်ကြီး မစိုက်မိဘူး'

'မင်းဟာက နေရာမကျပါဘူးကွာ၊ သင်္ကြန်စာက ဆိုတိုင်းလည်း မထင်နဲ့ကွယ်၊ သတင်းစာတွေက ရေးတိုင်းလည်း အဟုတ် ထင်မနေနဲ့'

'နို့ သူတို့ ရေးတာတွေက အမှားလို့ ယူရမှာလား'

'သတင်းစာတွေကြောင့် မှားတာများနေလို့ ကြောက်ပြီကွယ့်၊ သတင်းစာက စပါးဈေးကျမယ်ဆိုလို့ စပါးတွေကို ထုတ်ပြီးရောင်းလိုက်တာ၊ တော်တော်ကြာ စပါးဈေးတွေ တက်လာပါလေရော၊ စပါးတွေတက်မယ်လို့ သတင်းစာတွေက ရေးတာနဲ့ စပါးတွေ သိုလှောင်ထားလိုက်တာ၊ တော်တော်ကြာ စပါးဈေးတွေ ကျကုန်တာနဲ့ ရှုံးကုန်ပါရော၊ ငါတော့ ပါးပြီ၊ဘယ်သတင်းစာက ဘယ်လိုရေးရေး၊ ဘယ်သူက ဘာပြောပြော၊ ငါကြိုက်တဲ့ ဈေးရရင် ရောင်းတာပဲ၊ မရရင် မရောင်းဘူး'

'အင်း ဒါကတော့ ရှိပါစေတော့ ၊ သင်္ကြန်စာကိုယုံပြီး ကောက်ကြီး မစိုက်မိလို့ မှားနေပါပကော'

'အင်း ခက်တယ်လေ၊ မယုံရမှာလည်း ခက်၊ ယုံရမှာလည်း ခက်'

'သင်္ကြန်စာက မြန်မာပြည်မှာ မိုးခေါင်မယ်လို့သာ ဆိုတာ မြန်မာပြည်ဘယ်အရပ်မှာ မိုးခေါင်မယ်လို့ အတိအကျမှ မဆိုဘဲကိုး၊ မြန်မာပြည်ကလည်း အကျယ်သားကလား၊ သင်္ကြန်စာရဲ့ အဆိုအတိုင်း အထက်မြန်မာပြည်မှာ မိုးနှောင်း ခေါင်ချင် ခေါင်မပေါ့'

'မင်း ပြောတာလည်း ဟုတ်တုတ်တုတ်ပဲ'

'တစ်ခါ တစ်ခါ သင်္ကြန်စာက ငါးပေါမယ်လို့ ဟောတာများကို ကြားဖူးရဲ့ မဟုတ်လား'

'ကြားဖူးတယ်၊ အဲဒါ ဘာဖြစ်သလဲ'

'အဲဒါ တစ်ပြည်လုံးအတွက် ဟောတာကွယ့်၊ တို့အတိအကျ

ဘယ်လို ယူရမှာလဲ၊ ပန်းတနော်မှာ ပေါ်သလား၊ ညောင်တုန်းမှာ ပေါ်သလား မပြောနိုင်ဘူး၊ ပန်းတနော်မှာ ပေါ်မယ်ဆိုဦးတော့ ပေါ်တဲ့ အင်းမှာ ပေါ်မယ်၊ မပေါ်တဲ့ အင်းမှာ မပေါ်ဘူး'

'မင်းပြောတာမှန်တယ်၊ ငါနောက်နှစ်ခါ ကောက်ကြီးစိုက်တော့မယ်ကွာ'

'ဒါကြောင့် သကြ်န်စာတို့၊ ရွှေပေလွှာတို့၊ ဗေဒင်တို့ ဆိုတာတို့ကို ချင့်ချိန်ပြီး ယုံရတယ်ကွယ့် အရမ်းမယုံလိုက်ရဘူး'

ဤသို့ စကားပြော ကောင်းနေခိုက် သင်္ဘောလည်း မြို့ဆိပ်တွင် ဝင်၍ ဆိုက်သည်နှင့် ထိုစကားပွဲမှာ ပြီးဆုံးခြင်းသို့ ရောက်သွားလေသတည်း။

*ဒဂုန်၊ တွဲ-၁၄၊ မှတ်-၁၆၂၊*
*(ဖေဖော်ဝါရီလ၊ ၁၉၃၄)*

⚓⚓⚓

# မောင်ငယ်နှင့် ငွေး

မောင်ငယ်သည် မောင်လူအေး၏ နဝမမြောက်ဖြစ်သော မော်တော်ကားမောင်းသမားဖြစ်လေသည်။ မောင်ငယ်၏ နောင်တော်ဖြစ်ကြကုန်သော မော်တော်ကားမောင်းသမား ရှစ်ယောက်တို့ကား အမျိုးမျိုးအစားအစားဖြစ်ကြကုန်၏။ အချို့မှာ အ လွန်းသည်၊ အချို့မှာ လည်း လည်လွန်းသည်၊ အချို့မှာ ပျင်းလွန်းသည်၊ အချို့မှာ ညစ်ပတ်သည်။ အချို့မှာ ကြွေးထူသည်၊ အချို့မှာ စပေါ် တောင်းလွန်းသည် အချို့မှာ မော်တော်ကားစက်ကို ကလိလွန်းသည်၊ အချို့မှာ မော်တော်ကားကို အပြင်းမောင်းတတ်သည်၊ အချို့မှာ တတ်ယောင်ကား လုပ်တတ်သည် အချို့မှာ မောက်မာလွန်းသည်၊ အချို့မှာ မော်တော်ကား မောင်းရင်း ဆေးလိပ်သောက်တတ်သည်၊ အချို့မှာ အရက်မူးတတ်သည်၊ အချို့မှာ ဓါတ်ဆီကို သောက်တတ်သည်၊ ဤသို့သော အကြောင်းကြောင်းတို့ကြောင့် မောင်ငယ်၏ နောင်တော်များမှာ တစ်ယောက်ပြီး လျှင်တစ်ယောက် အသီးသီး အလုပ်ပြုတ်ကြရရှာလေသည်။

မောင်ငယ်ကား မောင်လူအေးထံတွင် မော်တော်ကား မောင်းနေသည်မှာ သုံးနှစ်နီးပါး ရှိလေပြီ။ ဤကိုထောက်ခြင်းအားဖြင့်မောင်ငယ်တွင် အထက်ဖော်ပြရာပါ၊ အပြစ်များမရှိကြောင်း ထင်ရှား၏။ သို့သော်

သူ့၌လည်း အပြစ်လုံးလုံး မကင်းပေ။ မောင်ငယ်တွင် ခွေးများကို မော်တော်ကားဖြင့်ဝင်၍ တိုက်လိုသောဆန္ဒကြီးစွာရှိ၏။ မော်တော်ကား ရှေ့မှ ခွေးများဖြတ်သွားသည် ရှိသော် မည်သည့်အခါမျှ ချမ်းသာခွင့် မပေးချေ။

ခွေးများကို ချမ်းသာခွင့်မပေးသည်မှာ မောင်ငယ်တစ်ယောက်တည်းမဟုတ်။ မော်တော်ကား မောင်းသမားအားလုံးပင်ဖြစ်၏။ သို့ဖြစ်သောကြောင့် မောင်ငယ်တစ်ယောက်တည်းကိုသာ ရွေး၍ အပြစ်တင်ရန် မသင့်ပေ။ မော်တော်ကားပေါ်သို့ ရောက်လိုက်သည်နှင့် တစ်ပြိုင်နက် ခွေး အစရှိသော တိရစ္ဆာန်တို့ကို မဆိုထားဘိ၊ မော်တော်ကားဘေး လမ်းပေါ်တွင် လျှောက်၍သွားကြကုန်သော လူတို့ကိုပင် အမှုမထားကြတော့ပေ။ လှည်းများ၊ ရထားများ၊ စက်ဘီးများ၊ ဆိုက်ကားများကိုလည်းရှိသည်ဟူ၍ပင် မထင်မှတ်ကြ။ မိမိတို့၏ မော်တော်ကားများ ရှေ့တွင် သွားလာနေကြကုန်သော လှည်း၊ ရထား၊ စက်ဘီး၊ ဆိုက်ကား၊ လမ်းလျှောက်နေသူများသည် မိမိတို့ လာသည်ကိုမြင်လျှင် တစ်မဟုတ်ချင်း လမ်းလယ်မှ ဖယ်ခွာရှောင်တိမ်းပေးစေချင်ကြကုန်၏။ အကယ်၍ ထိုသူတို့ နှေးကွေးနေကြလျှင် မော်တော်ကားပေါ်မှ ကိုယ်တော်တစ်သိုက်တို့သည် အော်လိုအော်၊ ငေါက်လိုငေါက် လုပ်ကြကုန်၏။ မော်တော်ကားများဖြင့် ဝင်တိုက်မယောင် ပြုကြကုန်၏။ ခမျာ လှည်းသမား၊ မော်တော်ကားသမား၊ ဆိုက်ကားသမား၊ လမ်းလျှောက်သူများမှာ အသာငုံ့ခံနေကြရရှာလေသည်။ သတ္တိကောင်းသူ တစ်ယောက်တလေက မခံရပ်နိုင်သောကြောင့် ဆဲဆိုရေရွတ်သော်လည်း ကိုယ်တော်မြတ်များ မကြားကြ။ အတော်ပင် ဝေးသွားကြလေပြီ။ သူတို့၏ စိတ်တွင် လမ်းကြီးလမ်းငယ်အသွယ်သွယ်တို့မှာ သူတို့၏ ကိုယ်ပိုင်ပစ္စည်းများ ဖြစ်သည်ဟူ၍ ထင်မှတ်နေကြလေရော့သလား၊ မပြောတတ်။ အခွန်တော်ကို သူတို့ချည်း ပေးသည်ဟူ၍များ အယူရှိနေကြသလားမသိ။

လှည်းသမား၊ ရထားသမား၊ လမ်းလျှောက်သူများအပေါ်တွင် ဤမျှအထင်အမြင် သေးကြကုန်သော သူတို့သည် ခွေးများအပေါ်၌ မည်မျှအထင်အမြင် သေးကြမည်ကိုကား ရေးသားနေရန်ပင် လိုတော့မည်မဟုတ်။ ခွေးများသည် မော်တော်ကားသွားရာ လမ်းများပေါ်သို့ လာရန် အခွင့်အရေးတစ်စုံတစ်ရာမျှ မရှိဟူ၍ အယူရှိကြကုန်၏။ ဤမျှမကသေး ခွေးများသည် လောကကြီးတွင် ပေါ်ပေါက် ထွန်းကားလာရန်ပင် အကြောင်းထူး တစ်စုံတစ်ရာ မရှိဟူ၍ ထင်မှတ်ကြလေသည်။

ခွေးများကလည်း မိမိတို့၏ ဘိုးစဉ်ဘောင်ဆက်က ရခဲ့ကြသော အခွင့်အရေးတို့သည် မိမိတို့လက်ထက်မှ လွတ်သွားမည်ကို များစွာ စိုးရိမ်သောကြောင့် ထိုအခွင့်အရေးတို့ကို အခါမလပ်တွင်တွင်ကြီး အသုံး ပြုနေကြကုန်၏။ ခွေးဖြူ ခွေးမည်း ၊ ခွေးဝဲစားမှအစ ခွေးကြီးခွေးကလေး ခွေးထီး ခွေးမ ခွေးပိန် ခွေးနာ ခွေးဗလာချာ အဆုံးရှိသော ခွေးအပေါင်း တို့မှာ လမ်းတကာတွင် ကျင်လည်ကျက်စား၍ နေကြလေသည်။ လူအလွန်စည်ကား၍ မော်တော်ကားများ ရှုပ်ထွေးလှသော လမ်းများမှာ ပင် သူတို့ကိုမြင်ရ၏။ လမ်းကြီးလမ်းငယ် အသွယ်သွယ်တို့မှာသူတို့၏ ကျင်လည်ရာ လောကကြီးဟူ၍ အတည်ပြုထားကြဟန် တူလေသည်။ မော်တော်ကား မောင်းသမားတို့က မော်တော်ကားများဖြင့်ကြိတ်၍ နေ့စဉ်နှင့်အမျှ အတုံးအရုံးသေနေကြသော်လည်း ခွေးအပေါင်းတို့ကား တစ်ဗိုလ်ကျလျှင် တစ်ဗိုလ်တက်နေကြသည်သာတည်း။ ဤနည်းအား ဖြင့် မော်တော်ကားသမားတို့ကလည်း အရှုံးမပေး၊ ခွေးအပေါင်းတို့ကလည်း အရှုံးမခံဘဲ စစ်ပွဲကြီးကို ကျင်းပလာခဲ့ကြသည်မှာ မော်တော်ကားပေါ်စ အခါကတည်းကဖြစ်လေသည်။ ယခုထက်တိုင် ဤစစ်ပွဲကြီးမှာ မပြီးသေး။ နောင် မည်မျှကြာအောင်တိုက်ခိုက်ကြဦးမည် မသိ။ ခွေးလောကကြီး တွင်လည်း ခွေးတပ်သားတို့မှာ နည်းသွားသည်မရှိ။ တစ်နေ့တစ်ခြား တိုးပွားလျက်သာ နေတော့သည်။ မော်တော်ကား လောကကြီးမှာလည်း ဤနည်းအတိုင်းပင်တည်း။

မောင်ငယ်မှာ မော်တော်ကားသမားဖြစ်သည့်အတိုင်း မော်တော် ကားသမားတို့ ဘက်မှ စစ်ကူမည်မှာ ဓမ္မတာပင်။ မောင်ငယ်သည် မောင်လူအေးထံသို့ ရောက်၍ သုံးလမျှ မကြာသေးမီ ခွေးသုံးကောင်တို့ ကို မော်တော်ကားဖြင့် ကြိတ်ခဲ့လေပြီ။ ခွေးလောကကြီးတွင် အတော်ပင် စိတ်မချမ်းသာဖြစ်မည်မှာ ယုံမှားဖွယ်မရှိပေ။ ခွေးလောကကြီးတွင်သာ မဟုတ်၊ အကြိတ်ခံရသော ခွေးတို့၏ ကျယ်လောင်စွာ ငိုကြွေးသံကို ကြားရသော မောင်လူအေးမှာလည်း စိတ်မချမ်းမသာ များစွာ ဖြစ်ရလေသည်။

ဤသို့ စိတ်မချမ်းမသာဖြစ်သောကြောင့် ခွေးများကို မကြိတ်ရန် မောင်ငယ်အား အဖန်ဖန်ပြော၏. . . မရ။ မကြာမကြာလည်း ကြိမ်းမောင်း ၏. . . မရ။ တစ်ခါတစ်ခါလည်း အလုပ်မှ နုတ်ပယ်ပစ် မည်ဟု ဆို၏. . . မရ။

နောက်ဆုံးတွင် မောင်လူအေး အကြံကောင်းတစ်ခုကို ရလေသည်။ ထိုအကြံကို ရသည်နှင့်တစ်ပြိုင်နက် မောင်ငယ်အား အနားသို့ခေါ်ပြီးလျှင် ဤသို့ဆို၏။

'မောင်ငယ်၊ သင်သည် ခွေးတို့၏ အသက်ကို ပုရွက်ဆိတ်တို့၏ အသက်လောက်မျှ ပမာမထား၊ သင် မော်တော်ကားဖြင့် ကြိတ်သောကြောင့် ခွေးပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ကြရလေပြီ။ သင့်အား ခွေးများကဝိုင်း၍ ကိုက်မည်ဆိုလျှင် သင်ကြိုက်ပါမည်လော၊ သင်မော်တော်ကားဖြင့် ကြိတ်လိုက်သော ခွေးများ၏ ငိုကြွေးအော်ဟစ်သောအသံကိုငါမကြားနိုင်၊ မကြားလို၊ မကြားရက်။ ယနေ့မှစ၍ သင်ခွေးတစ်ကောင်ကြိတ်လျှင် သင့်အား ငွေတစ်ကျပ် ဒဏ်တပ်မည်ကြား၏လော၊ မြဲမြဲ မှတ်ထားလော့'

ဤသို့ မောင်လူအေးသည် တင်းမာလှစွာသော အမိန့်ကို ထုတ်ဆင့်လိုက်၏။ ထိုအမိန့်ကို ကြားရသော မောင်ငယ်မှာ မျက်နှာအပျက်ကြီးပျက်၍ သွားလေသည်။ သို့သော် စကားတစ်ခွန်းကိုမျှ မပြောပါဘဲ ဆိတ်ဆိတ်သာလျှင် မောင်လူအေး၏အပါးမှထွက်ခွာသွားလေသည်။

မောင်လူအေး၏အမိန့်ကို ခွေးများသာ ကြားသိမည်ဆိုလျှင် မည်မျှဝမ်းမြောက်ကြမည်နည်း။ ခွေးလောကကြီးမှာသာ သတင်းစာမဂ္ဂဇင်းထွန်းကားနေပါမူ ထိုသတင်းစာတို့က မောင်လူအေးအား ကြီးမားလှစွာသော စာလုံးကြီးများဖြင့် ချီးမွမ်းစကား ရေးသားကြမည်မှာ မလွဲပေ။ မောင်လူအေး၏ ဓါတ်ပုံအမျိုးမျိုးတို့ပင် ထိုခွေးများ သတင်းစာကြီးများတွင် ပါလာကောင်း ပါလာပေလိမ့်မည်။ ခွေးလောကကြီးမှာသာ အစည်းအရုံးကြီးများရှိပါမူ ခွေးလောကလုံးကျွတ်အစည်းအဝေးကြီးများကို ခေါ်ကာ မောင်လူအေးအား သြဘာပေးကြမည်မှာ အမှန်ပင်ဖြစ်တော့သည်။ ခွေးမျက်နှာကြီးတို့၏ သမီးချော ခွေး မတမ်းမ ကလေးများက မောင်လူအေးအားပန်းကုံးစွပ်ကာ ချီးမြှင့်ကြမည်မှာ ဧကန်ပင်ဖြစ်တော့သည်။ သို့သော် ခွေးလောကကြီးတွင် သတင်းစာ၊ မဂ္ဂဇင်းကလည်းမရှိ၊ အစည်းအရုံးကလည်း မရှိလေရကား မောင်လူအေး၏အမိန့်မှာ ခွေးလောကကြီးတွင် ထင်ပေါ်ခြင်းမရှိခဲ့ပေ။ ထိုအမိန့်ကို မောင်လူအေးနှင့် မောင်ငယ်တို့မှတစ်ပါး မည်သူမျှ မသိဖြစ်ချေသည်။

အဆိုပါ အမိန့်ကို ထုတ်ဆင့်ပြီးနောက် သုံးလေးရက်ခန့်အကြာ

တွင် မောင်လူအေးနှင့် မောင်ငယ်တို့သည် မော်တော်ကားဖြင့် ခရီးထွက်ကြကုန်၏။ မြို့အစွန်နားသို့ရောက်သောအခါ တောမှ စပါးတိုက်လာကြကုန်သော လှည်းတန်းကြီးနှင့် တွေ့ကြလေသည်။ ထိုလှည်းများနှင့် အတူပါလာသော ခွေးတစ်ကောင်သည် ယောင်တိယောင်တနှင့် လမ်းအလယ်မှလျှောက်၍ လာပေ၏။ မောင်ငယ်က မော်တော်ကား၏ အရှိန်ကိုသတ်ကာ မော်တော်ကား၏ 'ဟွန်း' ကို အကြိမ်ကြိမ်မှုတ်လေသည်။ ထိုခွေးတောသားမှာ ဂရုမစိုက်။ မော်တော်ကားဘက်သို့ပင် မလှည့်။ လှည်းများဘက်သို့သာ မျက်နှာမူကာ ယောင်တိယောင်တနှင့် ရပ်နေပြန်လေသည်။ ခါတိုင်းဖြစ်မူ ထိုခွေးသားမှာ မော်တော်ကား ဘီးအောက်တွင် တဂိန်ဂိန်နှင့် နေလေပြီ။ မော်တော်ကား၏ ဘီးများမှာလည်း ထိုခွေး၏ သွေးကိုသောက်ကြရလေပြီ။ ယခုမှာကား မောင်ငယ်သည် မော်တော်ကားကို အရှိန်သတ်ကာ အံကြိတ်၍ နေလေသည်။ သူ၏စိတ်ထဲတွင် မခံချိမခံသာ ဖြစ်နေပေ၏။ဒင်္ဂါးငွေ တစ်ကျပ်ပေးကာ ထိုခွေးမိုက် ခွေးအအား ဝင်၍ ကြိတ်လိုက်လိုသော ဆန္ဒမှာ ပေါ်၍လာ၏။ သို့သော် ထိုငွေတစ်ကျပ်သည် သူ၏ သားသမီးတို့၏ ခုနစ်ရက်စာ မုန့်ဖိုးဖြစ်သည်ကို သတိရလာသဖြင့် ယခင်က စိတ်ကူးကို ကြိုးစားဖျောက်လိုက်ရရှာလေသည်။ ဤသို့ 'တက်ရပိမ့်လော ရပ်ပိမ့်လော' ဟု ချီတုံချတုံဖြစ်နေသည့်အခိုက် ခွေးရှင်လှည်းသမားသည် မိမိလှည်းပေါ်မှ ဆင်းကာမောင်းသောကြောင့် ထိုခွေးမိုက်မှာ လမ်းဘေးသို့ဆင်း၍ ပြေးလေသတည်း။ သည်အခါကျမှ မောင်ငယ်သည် မော်တော်ကားကို ဆက်၍မောင်းသွားလေသည်။ သို့သော် ထိုခွေးမိုက်ကို မကြိတ်လိုက်ရသောကြောင့် မကျေနပ်ပေ။ နှုတ်က တိုးတိုး ရေရွတ်ကာလာ၏။ ထိုသို့သောခွေးမိုက်အား လက်လျှော့ကာ အရှုံးပေးခဲ့ရလျှင် မည်သည့် မော်တော်ကားမောင်းသမားသည် ကျေနပ်နိုင်ပါအံ့နည်း။

ထို့နောက် များမကြာမီ မောင်လူအေးနှင့် မောင်ငယ်တို့ ခရီးထွက်ကြပြန်၏။ တစ်မိုင်ခန့် သွားမိလျှင် လမ်းပေါ်တွင် ကစားနေကြသောခွေးသားအမိတို့နှင့် ရင်ဆိုင်တိုးနေပြန်လေပြီ။ မောင်ငယ်သည် မော်တော်ကားကိုအရှိန်သတ်ကာ 'ဟွန်း' ကိုမှုတ်၏။ ခွေးမကြီးသာ လမ်းဘေးသို့ဆင်း၍ပြေး၏။ ခွေးသားကလေးတို့ကား လမ်းဘေးသို့ ဆင်းပြေးရမှန်းမသိကြ။ ကြောက်အား လန့်အားနှင့် လမ်းပေါ်တွင် ပြားပြားဝပ်နေကြကုန်၏။ မောင်ငယ်စိတ်ဆိုးလေပြီ၊ သို့သော် မည်သို့မျှ မတတ်နိုင်၊

သူတို့တစ်တွေအား အရှုံးပေးကာ မော်တော်ကားကို ရပ်လိုက်ပြီးလျှင် 'ဟွန်း' ကို ကျယ်လောင်စွာ အကြိမ်ကြိမ်မှုတ်၏။ ခွေးကလေးတို့မှာ လမ်းပေါ်တွင် တိုး၍သာ ဝပ်နေကြလေတော့သည်။ သူတို့၏ နေရာများမှာ ရွေ့ပင်မရွေ့။ ဒဏ်ငွေတစ်ကျပ်ပေးကာ ထိုခွေးလေးတို့ကို ဝင်၍ ကြိတ်လိုက်ချင်၏။ သို့သော် ထိုငွေတစ်ကျပ်သည် သူတို့ လင်မယား၊ သားအမိအား ထမင်း လေးငါးနပ် ကျွေးနိုင်သည်ကို သတိရပြန်သောကြောင့် မော်တော်ကားပေါ်မှ ဆင်းကာ ထိုခွေးကလေးတို့ကို လမ်းဘေးသို့ ပြောင်းရွှေ့ပေးရရှာ၏။ ပြီးမှ မော်တော်ကားကို ဆက်လက်၍ မောင်းသွားရှာလေသည်။ သူ၏မျက်နှာသည် ရဲ၍နေ၏။ သူ၏နှုတ်ခမ်းများသည် စူထွက်၍ နေလေသည်။

ထိုခွေးကလေးတို့အား အရှုံးပေးရပြီး နောက်တစ်လခန့် ကြာပြန်သောအခါ မောင်ငယ်နှင့်ခွေးတို့၏ စစ်ပွဲကို ကြည့်ရပြန်၏။ အချိန်ကား နံနက်စောစော နေထွက်စအချိန်ဖြစ်လေသည်။ မောင်လူအေးတို့၏ မော်တော်ကား လာနေသော လမ်းအလယ်တွင် ခွေးနက်တစ်ကောင်သည် စိတ်ချလက်ချ အိပ်ကာ နေပူစာလှုံနေ၏။ သူ့အနီးသို့ ရောက်သောအခါ မောင်ငယ်က မော်တော်ကား 'ဟွန်း' ကို မှုတ်၏။ ထိုခွေးနက်မှာ ဖြုံပင်မဖြုံ၊ ထိုအခါ မောင်ငယ်က 'ဟွန်း' ကိုအဖန်တလဲလဲမှုတ်ပြန်၏။ ထိုခွေး ကိုယ်တော်မြတ်မှာ အသာ ခေါင်းကို ထောင်ကြည့်ပြီးလျှင် အိပ်မြဲတိုင်း အိပ်နေပြန်၏။ ခွေးများ၏ကမ္ဘာ့ရန်သူ ဖြစ်သော မောင်ငယ်ကို မဆိုထားဘိ ခွေးများဘက်မှ ရှေ့နေလိုက်ခဲ့သော မောင်လူအေးပင်သည်းမခံနိုင်တော့ပြီ။ သည်ခွေးစွာကို ဝင်ကြိတ်လိုက်ပါတော့လားဟု ဆိုလိုက်ချင်သည်။ ယခင်က ထုတ်ဆင့်ထားသော အမိန့်ကို သတိရသဖြင့် မဆိုဝံ့ချေ။ သို့သော် မောင်ငယ်က သူ၏ သဘောအလျောက် ထိုခွေးကို ဝင်ကြိတ်ပါမှ ဒဏ်ငွေတစ်ကျပ်ကို မတပ်ဟူ၍ ဆုံးဖြတ်လိုက်လေသည်။ ကြိတ်လိုက်ပါတော့လား၊ သည်လောက်စွာတဲ့ ခွေးကို ကြိတ်လိုက်ပါတော့ဟူ၍ တိုးတိုးရေရွတ်နေလေတော့၏။

မောင်ငယ်ကိုလည်း ရှုကြပါဦး။ ခွေးများ၏ ရှေ့တွင် အကြိမ်ကြိမ်ဂုဏ်နိမ့်ခြင်း ခံခဲ့ရသော မောင်ငယ်မှာ ဒေါသ ထွက်လှသောကြောင့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန် နေလေသည်။ ထိုစွာလှသော ခွေးကို ကြိတ်လျှင် ဒဏ်ငွေတစ်ကျပ် အရိုက်ခံရမည်ကို တွေးမိ၏။ ထိုငွေတစ်ကျပ်၏ တန်ခိုးကြီးကြောင်းကိုလည်း သိ၏။ သို့သော် ထိုစွာလှသော

ခွေးမျိုးကို ကြိတ်လိုက်ရလျှင် တစ်ကျပ်မက နှစ်ကျပ်ပင် တန်သည်ဟု ဆုံးဖြတ်ကာ စက်ကုန်ဖွင့်ပြီးလျှင် ထိုခွေးစွာကို ဝင်၍ ကြိတ်လေတော့၏။ မောင်လူအေးရော မောင်ငယ်ပါ အတော်ပင် ကျေနပ်သွားကြလေသည်။ သို့သော် ခွေးကို တိုက်မိသောအသံ၊ ခွေး၏ အော်သံတို့ မကြားရသောကြောင့် မောင်လူအေး လှည့်ကြည့်လိုက်သောအခါ 'ငါကဲ့သို့ အရှောင် ကောင်းလှသော ခွေးကို ဝင်တိုက်လို့ ဘာရမလဲ' ဟု မဆိုသော်လည်း ဆိုသည့်ပုံနှင့်ရပ်ကာ ကြည့်နေသော ခွေးကို မြင်ရသော မောင်လူအေးမှာ မည်မျှအခံရ ခက်ပေမည်နည်း။

*ဂန္ထလောက၊ တွဲ-၂၇၊ မှတ်-၁၉၅၊*
*(ဧပြီလ၊ ၁၉၄၁)*

# ဂေါက်သီး

ဂေါက်သီးကား ဂေါက်ပင်က သီးသောအသီးမဟုတ်ပါ။ လက်ကိုင်တုတ်ကဲ့သို့သော အဖျားကောက်ကောက် တုတ်မျိုးဖြင့် ရိုက်ကာ တွင်းစိမ်ကစားရသည့် ကွမ်းသီးလုံးခန့်ရှိ ဘောလုံးကလေးကို ဆိုသည်။

မောင်လူအေး ပြည်ရွှေဘိုသို့ ရောက်စက လယ်ဝန် ဦးညိုတို့၊ သစ်တောဝန်ထောက် ဦးရုတ်ကွင်းတို့၊ ဂေါက်သီးရိုက်ကစားကြသည်ကို အားကျသောကြောင့်တစ်ကြောင်း၊ သူတကာက စကားစပ်မိ၍ အညောင်းပြေ အညာပြေ ညနေရုံးကပြန်လျှင် မည်သည့် ကစားမျိုးကို ကစားပါသလဲဟုမေးလျှင် ဂေါက်သီး ကစားပါသည်ဟု ဟန်လုပ်ကာ ဖြေနိုင်ရန်လည်းတစ်ကြောင်း၊ ဤအကြောင်း နှစ်ကြောင်းတို့ကြောင့် မောင်လူအေးသည် ဂေါက်သီးရိုက်ရန် တုတ်ကောက်တစ်စုံနှင့် ဂေါက်သီး ခြောက်လုံးတို့ကို အကြွေးရသဖြင့် ဝယ်ယူလိုက်လေသတည်း။

ဂေါက်သီးပိုင်ရှင်၊ ဂေါက်သီးတုတ်များ၏ ပိုင်ရှင်ဖြစ်လာသော် လည်း တစ်လမှာမှ တစ်ခါ ဂေါက်သီးရိုက်သော ကွင်းသို့ မရောက်ခဲ့ချေ။ ယင်းပစ္စည်းများကို အလှကြည့်ရန် ဝယ်ထားသည်နှင့် တူလှပေတော့သည်။ မိတ်ဆွေများက ထိုပစ္စည်းများကို မြင်သွားကြသောအခါ မောင်လူအေးမှာ တကယ့်ဂေါက်သီးဆရာကြီးဟု ထင်မှတ်သွားလေ့ရှိလေသည်။ ဤသို့ ထင်မှတ် သွားကြသည်ကိုပင် အသားယူကာ တိတ်ဆိတ်စွာနေခဲ့၏။

သို့နှင့် ဂေါက်သီး ကစားခြင်းကို တော်စွာ လျော်စွာ လုပ်လာခဲ့သည်မှာ လပေါင်းများစွာ ကြာခဲ့လေသည်။ ဂေါက်သီးနှင့် ဂေါက်သီးရိုက်သော တုတ်ခများတို့မှာ မျက်နှာငယ်စွာနှင့် ထောင့်တစ်ထောင့်တွင် နေခဲ့ကြရသည်မှာလည်း ကြာခဲ့လေပြီ။

တစ်ခါသော် မောင်လူအေးတို့ အိမ်သားတစ်တွေ ရတနာပုံနေပြည်တော်သို့ အလည်အပတ် ရောက်သွားကြကုန်၏။ ရတနာပုံနေ မိတ်ဆွေကြီး ဦးသာဒုတ်မှာ ဂေါက်သီးကစားခြင်း၌ ဝါသနာအပါကြီးပါနေပြီ ဖြစ်ကြောင်းကို တွေ့ရ၏။

ထမင်းစားရင်းလည်း ဂေါက်သီးအကြောင်း၊ ညှေ့သည်နှင့် စကားပြောရင်းလည်း ဂေါက်သီးအကြောင်း၊ အားနေ၍ စာဖတ်ပြန်လည်း ဂေါက်သီးအကြောင်းရေးထားသော စာအုပ်ကို ဖတ်၊ အပြင်ထွက်သွား၍ ပြန်လာလျှင်လည်း ဂေါက်သီးရိုက်သော တုတ်သစ်တစ်ချောင်းနှစ်ချောင်းကို ဝယ်ခဲ့၊ နံနက်စောစော ခြောက်နာရီ အိပ်ရာမှ ထပြီးသည်နှင့် တစ်ပြိုင်နက် ဂေါက်သီးကွင်းထဲသို့ ရောက်သွားတော့၏။

ညနေ ရုံးမှ ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် ဂေါက်သီးရိုက်သော ကိရိယာများကို ယူကာ ဂေါက်သီးကွင်းထဲသို့ ရောက်သွားတော့၏။ စားလည်း သည်စိတ်၊ အိပ်လည်း သည်စိတ် ဖြစ်နေလေတော့သတည်း။ ဦးသာဒုတ်ကား ဇွဲကောင်းသူ ဖြစ်၏။ တစ်ခု တစ်ခုကို လုပ်မိမှဖြင့် မလျှော့တမ်း လုပ်တတ်သူတည်း။ သူကား ဂေါက်သီးအတွက် အရူးကြီး ရူးနေလေပြီ။

ဦးသာဒုတ်ချည်း မဟုတ်။ ရတနာပုံ မောင်လူအေး၏ မိတ်ဆွေအားလုံးလိုလိုပင် ဂေါက်သီး စွဲနေလေပြီ။ ကပ္ပတိန် သိန်းမောင်တို့၊ ပုလိပ်မင်း ဦးကျော်မြင့်တို့၊ မီးရထားစက်ခေါင်းမင်း ဦးရှုံမိုး တို့တစ်တွေလည်း ဂေါက်သီးရူးနေကြကုန်၏။ နံနက်တိုင်း၊ ညနေတိုင်း ဂေါက်သီးကွင်းတွင် သူတို့တစ်တွေ၏ ခြေရာနှင့် ရုပ်နေလေတော့သည်။

မောင်လူအေး ရတနာပုံသို့ အလည်ရောက်ခိုက်တွင် ဂေါက်သီးဆရာများ၏ ဓါတ်ကူးသွားပြီးလျှင် ဂေါက်သီးရိုက်ချင်သော စိတ်များ တဖွားဖွားပေါ်ပေါက်၍လာ၏။ ထိုသို့ ပေါ်ပေါက်လာသည့်အတိုင်း မိတ်ဆွေများနှင့် နံနက်တိုင်း၊ ညနေတိုင်း ဂေါက်သီး တစ်လုံးကြေး လောင်းတမ်း ရိုက်လေတော့၏။

နံနက်တိုင်း၊ ညနေတိုင်း ရိုက်နေကြသောကြောင့် အကျင့်ရပြီးသားသူတို့အား တစ်လမှာမှ တစ်ခါလောက် ရိုက်လေ့ရှိသော မောင်လူအေးသည် နိုင်အောင် အဘယ်စွမ်းနိုင်ပါအံ့နည်း။ ဂေါက်သီးလေးလုံးမျှ ရှုံးခဲ့လေပြီ။

မောင်လူအေး အဘယ်မှာ ကျေနပ်နိုင်အံ့နည်း။ အတော်ပင်

စိတ်ပျက်နေ၏။ သူ၏ ဂေါက်သီးတုတ်များထည့်သော လွယ်အိတ်ကို လွယ်ကာ မော်တော်ကားသမား မောင်ငယ်မှာလည်း မိမိ၏ သခင် အရှုံးကြီး ရှုံးသည်ကို အဘယ်မှာလျှင် ကြည့်ရက်ပါအံ့နည်း။

ရတနာပုံမှ ပြည်ရွှေဘိုသို့ အပြန်လမ်းထဲတွင် 'ငါသည် နေပြည် တော်သား မိတ်ဆွေများကို ဂေါက်သီးရိုက်ရာတွင် မနိုင်လောက်သမျှ ကာလပတ်လုံး ရတနာပုံသို့ မလာတော့ပြီ။ ပြည်ရွှေဘိုတွင် ဂေါက်သီး အရိုက် ကျင့်တော့အံ့။ နေပြည်တော်နေ မိတ်ဆွေများကို နိုင်လောက် သော အခြေသို့ရောက်မှ ရတနာပုံသို့ အလည်သွားတော့မည်' ဟုဆို ကာ အဓိဋ္ဌာန်ကိုပြု၏။

အိမ်သို့ရောက်သည်နှင့်တစ်ပြိုင်နက် ဂေါက်သီးအကြောင်းရေး သားထားသော စာအုပ်ကိုကောက်၍ ဖတ်၏။ ထိုစာအုပ်တွင်ညွှန်းသော အချက်များကို မြဲမြဲစွဲစွဲမှတ်လေသည်။ အိပ်ရာထဲဝင်သောအခါတွင် လည်း ဂေါက်သီးအကြောင်း စဉ်းစားရင်း အိပ်ပျော်သွားလေသတည်း။ ခင်သန်းမြင့်က မည်သို့မျှ မပြော။ အသာအကဲခတ်ကာ သည်လူတော့ ဂေါက်သီးရှုံးပြီ ဟူ၍သာ စိတ်ထဲက ဆိုနေဟန်ရှိ၏။

နောက်တစ်နေ့ နံနက်စောစော ခြောက်နာရီ မထိုးမီမောင်လူအေး နှင့် သူ၏ မော်တော်ကားမောင်းသမား မောင်ငယ်တို့သည် ဂေါက်သီး ကွင်းထဲတွင် ရောက်နေကြကုန်၏။ ပထမတွင်းကို စိမ်ရန်ရိုက်တော့ မည် ပြင်သောအခါ ညက ဖတ်ထားသော စာအုပ်က ညွှန်းသည့်အတိုင်း စိတ်ထဲက 'ဂေါက်သီးကိုကြည့် ၊ ဘယ်လက်ကို တန်းတန်းထား၊ ဘယ်ခြေ ကိုကွေး' ဟု သုံးကြိမ်တိုင်တိုင် ဂါထာကိုရွတ်၏။ ဤသို့ ရွတ်ပြီးနောက် အညွှန်းအတိုင်း ရိုက်လိုက်ရာ အတော်ခပ်လှမ်းလှမ်းသို့ ဂေါက်သီး ကလေး မှာဖြောင့်တန်းစွာ ပြေးသွား၏။

မောင်လူအေးနှင့် မောင်ငယ်တို့ အတော်အားရသွားကြလေသည်။ မောင်လူအေး၏ စိတ်ထဲတွင် သွေးကြီးမိ၏။ ယခင်ကအတိုင်း ဆက်လက် ၍ ရိုက်သွားရာ လေးချက်နှင့် ပထမတွင်းကို စိမ်မိလေသတည်း။

ထိုအခါ မောင်လူအေးမှာ သွေးကြီးသွားပြီးလျှင် 'ဟိုနေ့က မန္တလေးမှာ သည်လိုသာ ရိုက်မယ်ဆိုရင် နေရာကျမှာပဲကွာ' ဟု မောင်ငယ်အား လှမ်း၍ ပြောလိုက်၏။

'သည်လိုသာဆိုရင် ကပ္ပတိန် သိန်းမောင်တို့၊ ဦးသာဒုတ်တို့တော့ အပျော့ပေါ့' ဟု မောင်ငယ်က ထောက်ခံလိုက်လေသတည်း။

ယခုကား ဒုတိယတွင်းကို စိမ်ရန် ရိုက်တော့အံ့၊ မောင်လူအေး သည် ယခင်က ရွတ်သော 'ဂေါက်သီးကိုကြည့်၊ ဘယ်လက်ကိုတန်းတန်း ထား၊ ဘယ်ခြေကို ကွေး' ဆိုသော ဂါထာကို သုံးကြိမ်ရွတ်ပြန်၏။ ဤသို့ ရွတ်ပြီး ရိုက်မည်အလုပ်တွင် . . .

သည်လိုသာဆိုရင် ကိုသာဒုတ်တို့တော့ အပျော့ပေါ့' ဟုသွားတွေး မိ၏။ ဤသို့လည်း တွေးမိပြီး ဂေါက်သီးကိုလည်း ရိုက်တော့သတည်း။

စိတ်အာရုံမှာ ဂေါက်သီးတွင် စိုက်မနေဘဲ ဦးသာဒုတ်ဆီ ရောက် သွားသောကြောင့် ဂေါက်သီးကို ချက်ကောင်းမမှန် မြေကြီးကို အားကုန် နှံလိုက်သောကြောင့် ဂေါက်သီးခမျာမှာ ၁၀- ပေခန့်သာ သွားနိုင်ရှာသ တည်း။

မောင်လူအေးကား များစွာ ဒေါသထွက်မိတော့၏။ ဒေါသကို ချုပ်တည်းကာ ရိုက်ပြန်၏။ ဘယ်လက်ကို ဆန့်တန်းထားရမည်ကို တွေး ပြီး ရိုက်မိသောကြောင့် ဂေါက်သီးကို မထိဘဲ ဗလာကြဲနေလေတော့ သည်။ ယခင်ကထက်ပင် ပို၍ ဒေါသ ထွက်လာပြန်၏။ ထိုဒေါသကို ချုပ်ကာ ရိုက်ပြန်၏။ အနီးအနားရှိ ချုံတောထဲသို့ ဂေါက်သီး ရောက်သွား ၏။ မောင်လူအေး စိတ်အပျက်ကြီး ပျက်လေပြီ။ ယခင်က သွေးကြီး ခဲ့သည်လည်း လွင့်စဉ်သွား၏။

နောင်မှ တစ်ဖန် အားခဲကာ ရိုက်ရာ အချက်ပေါင်း ၁၀ ချက်ရိုက် မိမှ ဂေါက်သီးသည် ဒုတိယတွင်းထဲသို့ ရောက်သွားလေသည်။

ဤသို့ ဒေါသထွက်ချည်၊ စိတ်ပျက်ချည်၊ သွေးကြီးချည်၊ အခံရ ခက်ချည်နှင့် ရိုက်သွားသည်မှာ တွင်းပေါင်း ၁၂၀ တွင်းတို့ကို စိမ်ပြီး ခဲ့၏။ ပြီးလျှင် မော်တော်ကားပေါ်တက်ကာ အိမ်သို့ ပြန်ခဲ့သတည်း။

အိမ်ထဲသို့ ဝင်သွားသောအခါ ခင်သန်းမြင့်က သရော်သလိုလိုလုပ် ကာပြုံး၏။ မောင်လူအေး ဂရုမစိုက်၊ ဂေါက်သီး အကြောင်းကိုသာလျှင် စဉ်းစား၍ နေလေသည်။

ရုံးသွားချိန် ရောက်၍ ရုံးသို့ ထွက်သွားသော်လည်း ရုံးတွင် ဂေါက် သီးအကြောင်း စဉ်းစားကာ အလုပ်လုပ်သဖြင့် အချို့အလုပ်များမှာ အမှားမှား အယွင်းယွင်းဖြစ်သွားလေသည်။ ထိုအခါ 'ဟေ့ လောကမှာ ရှုးမှ ထူးသကွ' ဟု ဆိုကာ မိမိ၏အမှားကို ဖြေဖျောက်၏။

ညနေ လေးနာရီထိုးသည်နှင့် တစ်ပြိုင်နက် ရုံးမှဆင်းကာ ဂေါက် သီးကွင်းကို ပြေး၏။ နေပူကျဲကျဲကြီးတွင် မောင်ငယ်နှင့် နှစ်ယောက်သား

ကြဲနေကြကုန်၏။ မောင်လူအေးကရိုက်၊ မောင်ငယ်က တုတ်ကိုကမ်းပေး၊ ဂေါက်သီးပျောက်လျှင်ရှာ၊ မှောင်၍ ဂေါက်သီးကိုမမြင်တော့မှ ဂေါက်သီးကွင်းမှ ပြန်လာကြလေသတည်း။

ရေမိုးချိုး၊ ညစာ စားပြီးသောအခါ ဂေါက်သီးအကြောင်းရေးထားသော စာအုပ်ကို ဖတ်ပြန်၏။ ထိုစာအုပ်ကို ဖတ်နေရင်း စိတ်ကူးပေါက်လာပြီးလျှင် ဂေါက်သီးရိုက်သော တုတ်တစ်ချောင်းကို အိတ်မှ ထုတ်ကာ အိပ်ခန်းထဲသို့ ဝင်သွား၏။

အိပ်ခန်းထဲရှိ ကိုယ်လုံးပေါ် မှန်ရှေ့သို့ ရောက်သောအခါ စာအုပ်တွင် ပါသော ညွှန်းချက်အတိုင်း ကိုင်ကာ ဂေါက်သီးရိုက်သော တုတ်ကို လွှဲလေ၏။ ဤသို့ လွှဲလိုက်ရာ မျက်နှာကြက်မှ တွဲလောင်းကျနေသော ဓါတ်မီးလုံးကို သွား၍မှန်သောကြောင့် ခွမ်းခနဲမြည်ကာ ကွဲ၍ကြမ်းပြင်ပေါ်သို့ ကျလာ၏။ အိပ်ခန်း တစ်ခန်းလုံးလည်း မှောင်အတိ ကျသွားလေသတည်း။ ဧည့်ခန်းတွင် ထိုင်နေကြသော ခင်သန်းမြင့်တို့တစ်တွေ ကြားသဖြင့် အလန့်တကြားပြေးလာပြီးလျှင် အခန်းဝမှနေ၍ အကြောင်းကို မေးကြ၏။

'ဘာမှမဖြစ်ပါဘူး၊ ဂေါက်သီးတုတ်နှင့် ဓါတ်မီးကို သွားရိုက်မိလို့' ဟု မောင်လူအေးက လှမ်းကာဖြေ၏။

'တယ်လည်း ရှူးတာကိုး' ဟုဆိုကာ ခင်သန်းမြင့်က ရေရွတ်၏။

မောင်လူအေး မည်သို့မျှမဆို၊ ကုပ်ကုပ် ကုပ်ကုပ်နှင့် အခန်းထဲမှ ထွက်လာပြီးလျှင် ဂေါက်သီးတုတ်ကို သူ့နေရာမှာသွားထားလေသတည်း။

နောက်တစ်နေ့လည်း ယခင် နေ့ကကဲ့သို့ပင် နံနက်ရော ညနေရော ဂေါက်သီးကွင်းသို့ ဆရာတပည့်နှစ်ယောက် သွားကြပြန်၏။

ဤသို့ နေ့စဉ်ရက်ဆက် သွားကြ၍ ၁၀- ရက်မြောက်သော နေ့ ညစာစားပြီးနောက် ခင်သန်းမြင့်တို့ နောက်ဖေးခန်းတွင် စကားပြောနေခိုက် ဧည့်ခန်းထဲတွင် မောင်လူအေး တစ်ယောက်တည်း ဂေါက်သီးအရိုက်ကျင့်ပြန်၏။ ဤသို့ကျင့်ရာ ကြမ်းပြင်ကို မှန်လိုက်သဖြင့် ဒိုင်းခနဲမြည်သွားလေသတည်း။

ဧည့်ခန်းထဲတွင် ခင်းထားသော ကော်ဇောမှာလည်း ပေါက်သွား၏။ ခင်သန်းမြင့် ပြေးထွက်လာပြီး မေးသောအခါ ဟုတ်တိုင်းမှန်ရာကို ပြောလိုက်ရှာ၏။ ခင်သန်းမြင့် ဆူပြန်၏။

မောင်လူအေးမှာ အခက်ကြုံနေလေပြီ။ ဂေါက်သီးကိုလည်း မစွန့်

နိုင်၊ ခင်သန်းမြင့်၏ ဆူပူခြင်းကိုလည်း မခံချင်၊ သို့ဖြစ်သောကြောင့် အကြံတစ်ခုကို ထုတ်၏။

ထိုအကြံကို ထုတ်ပြီးသည်နှင့်တစ်ပြိုင်နက် ခင်သန်းမြင့်အား ဂေါက်သီးကစားရန် ဆွယ်တရားဟော၏။ ဂေါက်သီး ကစားခြင်းသည် မြန်မာမိန်းမများနှင့် အလွန်သင့်တော်ကြောင်း၊ ပင်လည်း မပင်ပန်း၊ ဣန္ဒြေလည်း မပျက်၊ ကျန်းမာခြင်းလည်း ဖြစ်၊ သို့ဖြစ်သောကြောင့် ခင်သန်းမြင့်လည်း ဂေါက်သီးရိုက်သင့်ကြောင်း အာပေါက်အောင် နေ့စဉ်ဟော၏။ ဤသို့ ဟောဖန်များလတ်သော် ခင်သန်းမြင့် စိတ်ပါလာ၏။

များမကြာမီအတွင်း မောင်လူအေးနှင့် ခင်သန်းမြင့်တို့ကို မနက်တိုင်း၊ ညနေတိုင်း ဂေါက်သီးကွင်းတွင် မြင်ရလေသတည်း။။

နှစ်ယောက်စလုံး စွဲနေကြလေပြီ။ ဂေါက်သီးကွင်းမှ ပြန်လာသောအခါလည်း အိပ်ခန်း ဧည့်ခန်းထဲတွင် အစမ်းရိုက်နေကြကုန်၏။ ခင်သန်းမြင့်၏ ပယောဂကြောင့် ခုတင်တိုင် တစ်တိုင်လည်း ပိန်သွားလေပြီ။ မောင်လူအေး၏ ပယောဂကြောင့် တံခါးမှန် တစ်ချပ်လည်း ကွဲသွားလေပြီ။

သို့သော် တစ်ယောက်ကို တစ်ယောက်အပြစ်မဆိုကြ။ ကျေနပ်နေကြလေသည်။ မတော်တဆ ထိတာပဲဟုဆိုကာ ပြုံးနေကြကုန်၏။

ဤသို့ ရှုးဖန်များလတ်သော် မောင်လူအေး၏ ညာဘက်နံတောင်းမှာ ကွေးရလွန်း၍ အောင့်စ ပြုလာ၏။ သို့သော် လက်မလျှော့သေး။ တေပေကာ ရိုက်တုန်းပင်။

ထို့နောက် တော်တော်နာလာ၏။ သို့သော် ဂရုမစိုက်။ နောင်နာလွန်းမက နာလာမှ နံနက်အတွက် လက်လျှော့လိုက်ပြီးလျှင် ညနေဘက်သာသွားတော့၏။ ပြန်လာကြသောအခါ ခင်သန်းမြင့်က ရေနွေးကျပ်ပူထိုးပေးရ ရှာလေသည်။ နှစ်ဦးသဘောတူ အလုပ်ကို လုပ်ရခြင်းကား အဟောသုခံ သြော် ချမ်းသာစွ။

*ဒဂုန်၊ တွဲ-၂၀၊ မှတ်-၂၃၉၊*
*(ဇူလိုင်လ၊ ၁၉၄၀)*

# ရွှေးကောက်ပွဲ

ဤ ဒီမိုကရေစီခေတ်တွင် ရွေးကောက်ပွဲတွေကား များလှပေတော့သည်။ မင်းတိုင်ပင် ရွေးကောက်ပွဲ၊ မြူနီစီပယ် ရွေးကောက်ပွဲ၊ ဒိစတြိတ်ကောင်စီ ရွေးကောက်ပွဲ၊ သူကြီးရွေးကောက်ပွဲ၊ ကျေးရွာကော်မတီ ရွေးကောက်ပွဲ၊ များလိုက်သည့် ရွေးကောက်ပွဲတွေ ရေတွက်၍ပင် မကုန်နိုင်ပြီ။

ယခုရေးသားမည့် ရွေးကောက်ပွဲကား သူကြီးရွေးကောက်ပွဲဖြစ်လေသည်။ မည်သည့်ရွာက သူကြီးရွေးကောက်ပွဲပေနည်း။ လင်းလွန်းပင်ရွာက သူကြီးရွေးကောက်ပွဲဖြစ်လေသည်။

လင်းလွန်းပင် သူကြီး ဦးဘိုးဆောင်ကား လူဆိုးခေါးပြတို့ကို ကြောက်သောကြောင့် သူကြီးအလုပ်မှ နုတ်ထွက်သည်မှာ နှစ်လခန့် ကြာလေပြီ။ သူ၏သား မောင်သာဆန်းက ရွာကိုခေတ္တ အုပ်ချုပ်လျက်နေ၏။ ရွေးကောက်ပွဲတွေ ထွန်းကားနေသော ခေတ်ကြီးထဲတွင် သူကြီးရွေးကောက်ပွဲကို ပြုလုပ်ရပေမည်။ ရှေးခေတ်ကမူကား သူကြီးသားမှာ မပင်ပန်းဘဲ သူကြီးဖြစ်သွားမည်မှာ မုချပင်။

လင်းလွန်းပင် ရွာတွင် ကျွက်စီ ကျွက်စီ ဖြစ်လျက်နေလေပြီ။ မောင်ရွှေကျေး ရွေးကောက်ခံမည်ဟု အများပြောနေကြလေသည်။ ဟုတ်မှန်စရာ အကြောင်းရှိ၏။ မောင်ရွှေကျေးကား အင်းသားကြီးဖြစ်၏။ ပစ္စည်းခိုင်လုံ၏။ အသောက်အစားကင်း၏၊ လူရည် လည်၏။ သို့ရာတွင် ရွာသားများနှင့် မသင့်ဟု ပြောသံကြားရလေသည်။ ရွေးကောက်ပွဲ ခေတ်စားနေသောအခါတွင် ရွာသားများနှင့်မသင့်လျှင် အဘယ်မျှပင် အရည်အချင်း ရှိစေကာမူ ရွာသူကြီးဖြစ်ရန် ခဲယဉ်း၏။

မောင်သာဆန်းကား သူကြီးသားဖြစ်၏။ သူကြီးသားဖြစ်သောကြောင့် မျက်နှာရှိပြီးသားဖြစ်လေသည်။ သူကြီးဟောင်း ဦးဘိုးခေါင်မှာလည်း ကျေးရွာအုပ်ချုပ်ခြင်းတွင် ညံ့၏။ အခွန်ကောက်ခံခြင်းတွင် ဖျင်း၏၊ တရားစီရင်ခြင်းတွင် ဘာတစ်ခုမျှ မတတ်၊ သို့သော် ရွာသားတို့၏ မျက်စိ နှင့် ကြည့်လျှင် ဦးဖိုးခေါင်မှာ သူကြီး၏အရည်အချင်းနှင့် များစွာ ပြည့်စုံသောသူ တစ်ယောက်ဖြစ်လျက် နေ၏။ သူကြီးညံ့လေ ရွာသားကြိုက်လေ နှစ်သက်လေ၊ မြတ်နိုးလေပင်။

မောင်ရွှေကျေးဘက်မှ လူများနှင့် မောင်သာဆန်းဘက်မှ လူများအလုပ်ရှုပ်နေကြလေပြီ။ သူ့ဘက် မဲပြားထည့်ပါ၊ ငါ့ဘက် မဲပြားထည့်ပါနှင့် ဟောပြောနေကြကုန်၏။ မင်းတိုင်ပင် ရွေးကောက်ပွဲတုန်းကထက်ပင် အရေးကြီးကြလေသည်။ တစ်ရွာလုံး ဆူညံ ဆူညံ၊ သူ့ဘက် ငါ့ဘက် ခက်လိုက်တဲ့ဖြစ်ခြင်း။ ကျွက်စီ ကျွက်စီ ဖြစ်နေကြပြီ။

ဆယ်အိမ်ခေါင်း ဦးဘအောင်က မောင်သာဆန်းဘက်က တိုက်တွန်း၏။ ကျေးရွာကော်မတီ ဦးထွန်းမောင်က မောင်ရွှေကျေးဘက်မှ အားပေးလေသည်။ သူတို့နှစ်ယောက် လယ်ထွန်ရာတွင် စကားများကြ၏။ စကားမှ စလိုက်ရာ လက်သို့ရောက်၍ သွား၏။ နှစ်ယောက်စလုံး ဖူးဖူးရောင်ရောင်ဖြစ်ကုန်ကြလေပြီ။ ဦးဘအောင် အိပ်ရာမှ မထနိုင်သည်မှာ လေးရက်မျှ ကြာ၏။ ဦးထွန်းမောင် ဖျားနေသည်မှာ ခြောက်ရက်ခန့်ကြာလေသည်။

တစ်နေ့သော် လင်းလွန်းပင်ရွာသို့ သမ္မန်ပြာတာ မောင်ပုရောက်၍လာလေသည်။ မောင်ပု၏ လက်ထဲ၌ ဝါဆိုလဆန်း ၈ ရက်နေ့တွင် သူကြီး ရွေးကောက်ပွဲကို ကျင်းပမည်ဟူသော နယ်ပိုင်မင်း၏ အမိန့်ပါလာ၏။ မောင်သာဆန်းနှင့် မောင်ရွှေကျေးတို့ တစ်စောင်စီရကြလေသည်။ မောင်ပုလည်း မောင်သာဆန်း၏ အိမ်တွင် ဟိုပြောသည်ပြောနှင့်

ထမင်းဝအောင် စားသွားလေသည်။ ဆေးလိပ်တွေကိုလည်း နှိုက်ယူသွားသေး၏။ အလွန်ညစ်သော သမ္မန်ပြာတာတွေပါတကား။

ထိုနေ့တွင် တစ်ရွာလုံး ဆူနေတော့၏။ လယ်ထွန်ရာမှာလည်း ရွေးကောက်ပွဲ၊ ကြက်ဝိုင်းတွင်လည်း ရွေးကောက်ပွဲ၊ ငါးမျှားရာမှာလည်း ရွေးကောက်ပွဲ၊ ရွာရေတွင်းမှာလည်း ရွေးကောက်ပွဲ၊ ဦးရာဇိန္ဒကျောင်းတွင်လည်း ရွေးကောက်ပွဲ၊ ဥပုသ်ဇရပ်တွင်လည်း ရွေးကောက်ပွဲ၊ ရွေးကောက်ပွဲအကြောင်းကိုသာလျှင် တစ်ရွာလုံး ပြောကြားနေကြလေသည်။

ထိုရွေးကောက်ပွဲမှာ လင်းလွန်းပင် ရွာသူရွာသားတို့အဖို့ အလွန်ပင် အရေးကြီးပေ၏။ မြန်မာပြည်သို့ ဘုရင်ခံအသစ်တစ်ပါး ရောက်လာသည်မှာ သူတို့အတွက် အရေးမကြီး။ အိန္ဒိယပြည်တွင် ဘုရင်ခံချုပ်ကြီးတွေ ပြောင်းလဲသွားသည်မှာ သူတို့အတွက် အရေးမကြီး။ အင်္ဂလန်ပြည်တွင် နန်းရင်းဝန်ကြီးတွေ ပြောင်းလဲသည်မှာ သူတို့အတွက် အရေးမကြီး၊ သူတို့ရွာမှာ သူကြီးအသစ် လဲသည်ကား အရေးကြီးလေသည်။

ယနေ့ကား ဝါဆိုလဆန်း ၈ ရက်နေ့တည်း။ တစ်ရွာလုံးရှိ ရွာသူရွာသားတို့ အလုပ်မဆင်းကြတော့ပြီ။ နွားများ အားလပ်ခွင့်ရကြကုန်၏။ ငါးများ ချမ်းသာခွင့်ရကြကုန်၏။

မောင်သာဆန်းနှင့်မောင်ရွှေကျေးတို့ကား တစ်ညလုံး အိပ်မပျော်ကြချေ။ နံနက် လေးနာရီအချိန်တွင် အိပ်ရာမှ ထကြပြီးလျှင် အမျိုးမျိုး စီမံလျက် နေကြလေသည်။ ခပ်လှမ်းလှမ်းမှ လာကြသော မဲဆန္ဒရှင်တို့အား ထမင်းကျွေးရန် စီမံကြ၏။ သို့သော် မဲဆန္ဒကို မတရား ဝယ်ယူသည်ဟု တစ်ဖက်က လျှောက်ထားလျှင် ခက်လေတော့မည်။ မခက်ပါ။ ထိုနေ့တွင် ရဟန်းတော်တို့အား ဆွမ်းကျွေးသည်ဟုဆိုကာ ဝိနည်းရှောင်က လွယ်၏။ ဆွမ်းကျွေးတရားနာခြင်းသည် ဥပဒေနှင့် ဆန့်ကျင်ဘက် မဟုတ်။ မည်သူမျှ မတားနိုင်။ ကုသိုလ်လုပ်ခြင်းသည် မတရားလက်ဆောင်ထိုးသည်မဟုတ်။ မတရားမဲဝယ်သည် မမည်။ နယ်ပိုင်လည်း စွပ်စွဲနိုင်မည် မဟုတ်။

ဤသို့ ရဟန်းတော်များကို ဆွမ်းကျွေးလျှင် ရွာသူ ရွာသားတို့ကိုပါ ကျွေးမွေးသည်မှာ ထုံးစံ ဖြစ်လေသည်။ ထိုသို့ ကျွေး မွေးသည်ကို မဲဝယ်သည် ဟူ၍ မည်သူ ဆိုနိုင်အံ့နည်း။

ထိုနေ့တွင် ရွှေကျေးအိမ်၌ ဆွမ်းကျွေးပွဲတစ်ပွဲ၊ သာဆန်းအိမ်

၌လည်း ဆွမ်းကျွေးပွဲတစ်ပွဲ ပြုလုပ်ကြလေသည်။ ဉာဏ်များသော ပုဂ္ဂိုလ်တို့ပေတည်း။ နှစ်အိမ်လုံး လူစည်ကားလျက်ပင်။

ဆယ်နာရီထိုးပြီ။ စားတုန်း၊ သောက်တုန်း။ ဘုန်းတော်ကြီးဦးရာဇိန္ဒကျောင်းဝိုင်း အပြင်ဘက်ဇရပ်တွင် ရွှေးကောက်ပွဲကျင်းပရာနေရာများကို ပြင်ဆင်ကြကုန်၏။ မဲပုံးများထားရာ မဲရုံကလေးကိုလည်း စီမံကြလေသည်။

လူပျိုခေါင်း မောင်ကာလီတို့ လူစုကား မောင်ရွှေကျေး၏အိမ်တွင် ထမင်းစားသောက်ရန် သွားကြကုန်၏။ ထမင်းစားရုံမျှမက လက်ဖက်ရည်တို့ ကွမ်းတို့ကိုလည်း ဗိုက်ကားအောင် စားသောက်ခဲ့ကြသေးသည်။ ထိုမျှမကသေး၊ မဲတစ်မဲလျှင် ငွေတစ်ကျပ်ကျ ပေးမည်ဆိုက မဲလိုသလောက်ရအောင် လုပ်ပေးနိုင်သည်ဟူ၍လည်း ဆိုသေး၏။ မောင်ကာလီအပြောကောင်းသောကြောင့် မောင်ရွှေကျေး၏ သေတ္တာထဲမှ ငွေနှစ်ဆယ်ကျပ် ထွက်လေပြီ။

၁၁ နာရီထိုးသော် မောင်လူအေးနှင့် သူ၏စာရေးမောင်ဖျန်စိန်တို့ ရောက်လာကြကုန်၏။ ရွှေးကောက်ပွဲကျင်းပရာဇရပ်သို့ ခြေဦးလှည့်ကြလေသည်။ မောင်ရွှေကျေးနှင့် မောင်သာဆန်းတို့လည်း ခရီးဦးကြိုပြုကာ နောက်မှ လိုက်လာကြကုန်၏။ ရွာထဲတွင် ရှိကြသော ရွာသူရွာသား၊ ကလေးများပါ မကျန် အကြွင်ရွှေးကောက်ပွဲကျင်းပရာ ဇရပ်သို့ လိုက်ပါ လာကြလေသတည်း။

ဇရပ်သို့ ရောက်ကြသောအခါ ဇရပ်ပတ်ဝန်းကျင်တွင် ဆူဆူညံညံနှင့်နေကြ၏။ တစ်ကျွန်းပြန် ဦးသာအေးကား အရက်မူးပြီးလျှင် ဟိုပြော သည်ပြောနှင့် လုပ်နေလေသည်။ တစ်ကျွန်းပြန် တည်းဟူသော ဘွဲ့ထူးကြီးကို ရထားသူဖြစ်သောကြောင့် ရွာထဲတွင် တံခွန်မှန်ကင်းကဲ့သို့ ထောင်လွှားခြင်း ပြုလျက်နေ၏။ မောင်ရွှေကျေး၏ ပုံးထဲ မဲပြားမထည့်သူအား မှတ်ထားမည်ဟုဆိုလေသည်။ သို့သော် မဲပြားထည့်သည်ကို မည်သူမျှ မမြင်နိုင်အောင် မဲပုံးများ ထားရာရုံကလေးကို အလုံကာထားသောကြောင့် ဤသို့ မှတ်ထားရန် ခဲယဉ်းလှပေ၏။

ဦးသာအေး နှောင့်ယှက်နေသည်ကို မခံနိုင်ရှာသော မောင်သာဆန်းက နယ်ပိုင်အား တိုင်ကြားလေသည်။ တစ်ကျွန်းပြန် ဦးသာအေးနယ်ပိုင်ရှေ့သို့ရောက်လေပြီ။ မူးနေ၏။ ငြိမ်ငြိမ် မနေလျှင် ခေတ္တသူကြီး မောင်သာဆန်း၏အိမ်တွင် ၂၄ နာရီချုပ်ထားမည်ဟု

ပြောလိုက်တော့မှ ဦးသာအေးငြိမ်သွားသတည်း။ တစ်ကျွန်းပြန်ပေမင့် ၂၄ နာရီ အချုပ်ကိုကား ကြောက်လှပေ၏။ ဦးသာအေး၏ ကိစ္စပြီးပြတ်သွားလေပြီ။ ရွေးကောက်ပွဲ ကျင်းပရန်သာ လိုတော့၏။

နေပါဦး၊ နေပါဦး၊ စစ်ကွင်း သူကြီးမင်းသည် လျှောက်လွှာတစ်စောင်ကို ကိုင်ကာ နယ်ပိုင်နားမှာ ရပ်နေပြန်ပြီ။ အဘယ်သို့သော လျှောက်လွှာပါနည်း။ မိမိအား အထူးအာဏာကို ပေးရန်လျှောက်ထားသော လျှောက်လွှာဖြစ်လေသည်။ အရေးပိုင်မင်းထံ အစီရင်ခံစာရေးမည်ဟု ပြောပြီးလျှင် ရွေးကောက်ပွဲကို စမည်ပြု၏။ စ၍မရသေးပေ။ ဇလုပ်ကြီး မောင်သာလင်းသည် လျှောက်လွှာတစ်စောင်နှင့် သူ၏ နေရာမှ ထလာပြန်၏။ ခြောက်လုံးပြူး သေနတ်ဆုကိုပေးရန် လျှောက်လွှာဖြစ်လေသည်။ ဆုများအကြောင်းရေးသည့်အခါ စဉ်းစားမည်ဟု ပြောပြီးလျှင် လျှောက်လွှာကို စားပွဲပေါ်၌ တင်ထားလိုက်လေသည်။

ရွေးကောက်ပွဲကို အကယ်ပင် စတော့မည်။ အဘယ်မှာလျှင် စ၍ ရသေးအံ့နည်း။ ကျေးရွာကော်မတီ မောင်လူကြီးသည် ထောင့်တစ်ထောင့်မှ ထ၍လာပြန်၏။ ရွာမြေအသစ် ရှာပေးရန် လျှောက်လွှာဖြစ်လေသည်။ ရွေးကောက်ပွဲ လုပ်ရာမှာ သူတို့တစ်တွေက တစ်မှု၊ အလွန်ရှုပ်ထွေလှ၏။ မောင်လူအေး စိတ်မရှည်တော့ပြီ။ လျှောက်စရာ ရှိလျှင် ရွေးကောက်ပွဲပြီးမှ လျှောက်နိုင်၏ဟု ပြောလိုက်တော့မှ အေးသွားလေတော့သတည်း။

လျှောက်လွှာ ကိစ္စတွေကား ပြီးသွားလေပြီ။ ရွေးကောက်ပွဲကို စရန်သာလိုတော့၏။ မောင်ရွှေကျေးနှင့် မောင်သာဆန်းတို့၏ အရည်အချင်းများကို စစ်ဆေးပြီးလျှင် မောင်သာဆန်းအား ပုံးအနီ၊ မောင်ရွှေကျေးအား ပုံးအစိမ်းတို့ကိုပေးလေသည်။ မောင်လူအေးက ပရိသတ်ကြီးအား မောင်သာဆန်းကို သဘောကျလျှင် ပုံးအနီထဲတွင် မဲပြားထည့်ကြပါ။ မောင်ရွှေကျေးကို သဘောကျလျှင် ပုံးအစိမ်းထဲတွင် မဲပြားထည့်ကြပါဟု ပြောကြား၏။ အားလုံးတိတ်လျက် နားထောင်နေကြလေသည်။

မောင်သာဆန်း အနီ၊ မောင်ရွှေကျေး အစိမ်း။

ထိုခဏတွင် အနီအစိမ်း၊ အစိမ်းအနီ ဆိုသော အသံများအပြင် မည်သည့်အသံကိုမျှ မကြားရချေ။

ဆယ်အိမ်ခေါင်း ဦးလူမောင်က ချောင် တစ်ချောင်မှ ထ၍

'မောင်သာဆန်း ရဲရင့်လို့ နီသမျှ၊ ကျေးငှက်နှင့် အမွေးအတောင်ကစိမ်းလို့ မောင်ရွှေကျေးက စိမ်းသဗျ။ ဘာမှ မှားစရာ မရှိဘူး' ဟုဆို၏။

'ခင်ဗျားတို့ရဲ့ ကျေးငှက်ကို ကျုပ်တို့ လေးတစ်ချက်တည်းနှင့် ခွင်းမယ်ဗျ' ဟူ၍ ကော်မီတီ ဦးဒါလီက ဆိုလေသည်။

ပရိသတ်ကြီးကလည်း အတောမသတ်အောင် ရယ်ကြလေသတည်း။

မောင်လူအေးသည် ပုံးစိမ်းနှင့် ပုံးနီတို့ကို မဲဆန္ဒရုံကလေးထဲတွင်သွား၍ထားပြီးနောက် လူခွန်စာရင်းကို ဖွင့်ကာ 'မောင်ကာလီ' ဟု ခေါ်လိုက်၏။ မောင်ကာလီ တက်၍လာလေပြီ။ မောင်သာဆန်းနှင့် မောင်ရွှေကျေးတို့ နှစ်ယောက်စလုံး သူ့ကို ပြုံး၍ကြည့်ကြလေသည်။

မောင်ကာလီ၏ ပုံပန်းကို ကြည့်ကြပါဦး၊ မန္တလေးလုံချည်အသစ်ကိုဝတ်၊ လက်နှီးရောင် ခေါင်းပေါင်းကို ပေါင်းထား၏။ အင်္ကျီကား မရှိပြီ။ ဘွတ်ဖိနပ် တစ်ရံကို လက်တစ်ဖက်ကကိုင်၊ လက်တစ်ဖက်တွင် ကားထီး၊ ရှုပ်ပွေ၍ နေလေတော့သည်။ စိတ်ရှုပ်စရာ လွန်စွာကောင်း၏။ သို့သော် ရွာသူရွာသားတို့ကမူကား မောင်ကာလီမှာ အလွန်ဂိုက်ကျသည်ဟု တီးတိုးစကား ပြောကြားနေကြလေသည်။ မောင်ကာလီကား ပြုံးပြုံးနှင့် ဝင်လာ၏။

မောင်လူအေး၏ အနီးသို့ရောက်လျှင် ရပ်လျက်နေလေသည်။ မောင်လူအေးလည်း စစ်မေးစရာ ရှိသည်တို့ကို မေး၊ စစ်ဆေးစရာ ရှိသည်တို့ကို စစ်ဆေးပြီးလျှင် မဲပြားတစ်ပြားကို လှမ်း၍ပေး၏။ လှမ်းယူရန် မောင်ကာလီတွင် လက်ပိုမပါ။ လက်နှစ်ဖက်စလုံး မအားရှာပေ။ ပရိသတ်ကြီးက ဝါးခနဲရယ်ကြပြန်လေသည်။ နောက်မှ ဘွတ်ဖိနပ်များကို ပခုံးတွင်ချိတ်ဆွဲကာ မဲပြားကို လှမ်း၍ယူ၏။ ပရိသတ်ကြီးကလည်း အတောမသတ်အောင် ရယ်လေတော့သတည်း။

မောင်ကာလီ မဲဆန္ဒရုံမှ ထွက်လာလေပြီ။ မောင်ရွှေကျေးက သူ့ပုံးထဲ မဲထည့်ခဲ့သည်ဟု ထင်၏။ မောင်သာဆန်းကလည်း သူ့ပုံးထဲ ထည့်ခဲ့သည်ဟု ထင်မှတ်လေသည်။ မောင်ကာလီကား မောင်ရွှေကျေးထံမှ ငွေနှစ်ဆယ်ကျပ်၊ မောင်သာဆန်းထံမှ ငွေနှစ်ဆယ်ကျပ် ရပြီးလေပြီ။ အလွန်အလျော်ကောင်းသော မောင်ကာလီပါတကား။

လူခွန် စာရင်းတွင်ပါသော သူတို့အား တစ်ယောက်ပြီးလျှင် တစ်ယောက်ကို ခေါ်လာရာ လူ ၂၀ ခန့်ဆန္ဒပေးပြီးလေပြီ။ ထို့နောက်

မောင်လူအေးက 'မြွေဟောက်' ဟုခေါ်လိုက်ရာ လူအများ ရယ်ကြပြန်၏။ မြွေဟောက်ဆိုသူသည် အဘယ်သို့သောသူနည်းဟု သိလို၍ မောင်လူအေး လှမ်းကြည့်လေသည်။

'ဟော ဟော' မြွေဟောက်ဝင်လာလေပြီ။ အင်္ကျီမပါ၊ ခေါင်းပေါင်းလည်းမရှိ၊ မျက်နှာသုတ်ပဝါ ညစ်ပေပေကို လုံချည်လုပ်၍ ဝတ်လာရရှာလေသည်။ လွန်စွာ လွန်စွာမှပင် ဆင်းရဲဟန်တူ၏။ မောင်လူအေး သနားမိလေသည်။ သို့သော် မြွေဟောက်ကား အရယ်ပင်မပျက်၊ ရွာသားတို့ကလည်း ရယ်လျက်ပင်။ သတ္တဝါတို့၏ ဓမ္မတာဖြစ်လေရာမှာ ပျော်စမြဲဖြစ်သည်ဟု မောင်လူအေး တွေးတောမိပြန်လေသည်။

မြွေဟောက် မဲဆန္ဒရုံတွင်းမှ ထွက်လာသောအခါ 'ဟော့ သာဆန်း၊ မင်းပုံးထဲမှာ ထည့်သကွယ့်' ဟု ဆိုကာ ဆင်းသွားလေသတည်း။ ကြားရသူတို့လည်း ရယ်လျက် ကျန်ရစ်ကြလေသည်။

မြွေဟောက် မဲထည့်ပြီးသည့်နောက် ရယ်စရာအချက် မပေါ်သေးပေ။ လူပေါင်း ၉၀ ကျော် မဲပေးပြီးလေပြီ။ သုံးလေးယောက်သာ ကျန်တော့၏။ လူ့ခွန်စာရင်းတွင် နောက်ဆုံးအမည်ကား 'ကဇန်း'ဖြစ်လေသည်။ ကဇန်းဟူ၍ မောင်လူအေးက ခေါ်လိုက်ရာ ရွာသူ ရွာသားတို့ ရုတ်ရုတ် ရုတ်ရုတ် ဖြစ်ပြန်၏။ ဟိုကြည့် သည်ကြည့်လုပ်ကြပြန်၏။ အဘယ်ကြောင့်ပါလိမ့်၊ ထူးဆန်းသောကြောင့် ဖြစ်ဟန်တူလေသည်။

ဟောဟိုမှာကြည့်လော့၊ လူနှစ်ယောက် တက်လာကြလေပြီ။ တစ်ယောက်ကား ရှေ့၊ တစ်ယောက်မှာ နောက်မှ လိုက်လာလေသည်။ ရှေ့လူက နောက်လူကို တွဲ၍လာခြင်းဖြစ်၏။ ကဇန်း မျက်စိကွယ်သွားသည်မှာ လေးလျှသာ ကြာသေးသည်။ ကဇန်း မိမိ အနားသို့ရောက်လျှင် မောင်လူအေးက 'ဘယ်သူ့ပုံးထဲ ထည့်ချင်သလဲ' ဟု မေး၏။

'မောင်သာဆန်း ပုံးထဲထည့်ချင်တယ်' ဟု ဖြေလေသည်။

မောင်လူအေး ကိုယ်တိုင် မဲဆန္ဒရုံထဲသို့ ဝင်ကာ မဲပြားကို မောင်သာဆန်း၏ ပုံးထဲသို့ ကဇန်းအစား ထည့်ပေးရ၏။

ကဇန်းတို့ ဆင်းသွားလျှင် မဲဆန္ဒပေးသော ကိစ္စကြီး ပြီးသွားလေတော့သတည်း။

မောင်လူအေးလည်း မောင်သာဆန်းနှင့် မောင်ရွှေကျေးတို့အား မေးစရာ ရှိသည်တို့ကို မေး၊ စစ်ဆေးစရာ ရှိသည်တို့ကို စစ်ဆေး၏။ အုပ်စု သူကြီးတို့အားလည်း စစ်ဆေးလေသည်။

ဤသို့ စစ်ဆေးပြီးလျှင် ပုံးစိမ်းနှင့် ပုံးနီတို့ကို မဲဆန္ဒရုံကလေး အထဲမှ ထုတ်ယူပြီးလျှင် လူကြီးများ စုံရာရှေ့တွင် ပုံးများကို ဖွင့်ကာ မဲပြားများကို ရေတွက်၏။ ပရိသတ်ကား ငြိမ်လျက်ပင်။

မဲကို ရေတွက်ပြီးလျှင် မောင်လူအေး ဤသို့ ကြေညာ၏။

မောင်သာဆန်း ၈၅ မဲ။

မောင်ရွှေကျေး ၁၅ မဲ။

ပရိသတ်ကြီး ဆူညံ၍ သွား၏။ မောင်ရွှေကျေးကား ကြက်ပျောက် ငှက်ပျောက် ပျောက်သွားလေပြီ။ ကောင်းကင်သို့ပင် ပျံသွားလေရော့သလား၊ ရွာသူရွာသားတို့လည်း စကား တပြောပြောနှင့် ရွာသို့ ပြန်သွားကြကုန်၏။

လင်းလွန်းပင် ရွေးကောက်ပွဲကြီး ဆုံးခန်းတိုင်ရောက်လေပြီ။

*ဂန္ထလောက၊ တွဲ-၁၇၊ မှတ်-၁၀၃၊*
*(ဩဂုတ်လ၊ ၁၉၃၃)*

# ဝေတ္တာ

နယ်ပိုင် မောင်လူအေးသည် ယခုအခါတွင် ကြေးတိုင်ဘက်သို့ ပြောင်းသွားပြီ ဖြစ်သောကြောင့် ကြေးတိုင် မောင်လူအေး ဖြစ်သွားလေပြီ။ နယ်ပိုင်အလုပ်နှင့် ကြေးတိုင်အလုပ်တို့မှာ မည်သို့ကွာခြားသည်ကို စောင့်စား၍ ကြည့်ကြဦးစို့။

မောင်လူအေးမှာ ဘွားဒွေးကြီး၏ လက်အောက်တွင်ကြီးပြင်း လာရသောကြောင့်လားမသိ၊ အဘိုးကြီး အမယ်ကြီးများကို တွေ့မြင်လျှင် ခင်မင်လေ့ရှိလေသည်။ နယ်ပိုင် ဘဝတုန်းက တောရွာများသို့ နယ်လှည့် ထွက်သောအခါများတွင် အဘိုးအို အမယ်ကြီးတို့နှင့်တွေ့ရမြင်ရ နှုတ်ဆက်ရပါ၏။ သို့ရာတွင် နယ်ပိုင်အလုပ်တွေမှာ များပြားလှသောကြောင့် ကြာကြာ စကားမပြောနိုင်။ အသိမိတ်ဆွေ မဖြစ်နိုင်ပေ။ တစ်ရွာ တစ်ရွာ တွင် တစ်ညဉ့်အိပ်သာလျှင် တည်းခိုလေ့ရှိ၏။ အလုပ်ကိစ္စများ ပြီးစီး သွားပြန်လျှင်လည်း အဘိုးအို အမယ်ကြီးများနှင့် စကားမပြောအား။ အခြားရွာသို့ သွားကာ အမှုကိစ္စများကို ဆောင်ရွက်ရပေသေးသတည်း။

ကြေးတိုင်ဘက်တွင်ကား ဤသို့မဟုတ်ပြီ။ တစ်ရွာတစ်ရွာရောက်မှ ဖြင့် ရွက်ထည်ရုံထိုးကာ ၉ ရက်၊ ၁၀ ရက်စသဖြင့် စခန်းချ၍ နေရလေ သည်။ နံနက်ခင်းတွင် ကွင်းစစ်၊ နေ့ခင်းတွင်စာရင်းစစ်ပြီးလျှင် လုပ်ဖွယ် ကိစ္စ မရှိတော့ပြီ။ ညနေခင်းညဉ့်ဦးအခါများတွင် ရွာသားများနှင့် ထွေရာ လေးပါး စကားတို့ကို ပြောဆိုနိုင်လေသည်။ ဤနည်းအားဖြင့် သူကြီး မင်း၊ ဆယ်အိမ်ခေါင်း၊ သမာဓိ၊ ကော်မတီမှစ၍ ရွာထဲတွင် ရှိသမျှသော ရွာသားများနှင့် ခင်မင်၍ သွားလေ့ရှိလေသည်။ ဤကား ကြေးတိုင် မောင်လူအေး၏ အလုပ်ပေတည်း။

တစ်ရံရောအခါ ပျံ့ချီဆိုသော ရွာကလေး၏ နောက်ဖေးကုန်းတန်း ကလေးပေါ်ရှိ ညောင်ချဉ်ပင် တစ်ပင်အောက်တွင် ရွက်ထည်တဲကို ထိုးကာ မောင်လူအေးတို့ လူစု စခန်းချ၍ နေကြလေသည်။ ထိုလူ

စုတွင် ပါဝင်သူတို့၏အကြောင်းကို အနည်းငယ် ရေးသားလိုသေး၏။ မောင်လူအေး၏ စခန်း စာရေးတို့ကား မောင်ဟန်စိန်နှင့် မောင်အုံးပွင့်တို့တည်း။ နယ်ပိုင်လုပ်စဉ်က တောလိုက်စာရေးကား မောင်ဖျန်စိန်၊ ကြေးတိုင်ဘက် ရောက်သောအခါ စခန်းစာရေးကား မောင်ဟန်စိန်၊ ကာရန်ပဲ ကိုက်သေးတော့။ နာမည်တွင်သာ ကာရန်ညီသည်မဟုတ်သေး။ သူတို့နှစ်ယောက်စလုံး တရုတ်ကပြားချည်းပင်။ ရှေးအကျိုးဆက် အတော်ပင် ထူးပေသည်ဟု တွေးတောမိလေတော့သည်။

အခြားတပည့်များ၏ အမည်တို့ကို နားထောင်ပါဦး။စခန်းပြာတာကား မောင်ထွန်းကျင်၊ စာပို့ပြာတာကား မောင်ထွန်းရှိန်၊ မောင်လူအေး ကိုယ်တိုင် တပည့်ကား မောင်ထွန်းဖေ။ သို့နှင့် မောင်လူအေး၏ စခန်းတွင် ထွန်းသုံးလုံးတစ်ပြိုင်နက် ထွန်းကားပြီးလျှင် ထွန်းလင်းတောက်ပလျက်နေကြကုန်၏။ သူတို့ သုံးယောက်စလုံး စနေသားချည်းပင်။ ထွန်းသုံးထွန်းပေါင်းသော် သောင်းကျော်မည့်အရေးကိုလည်းကောင်း၊ ဂငယ်သုံးခုညှစ်ထုဟူသော ရာဇဝင် သင်္ကေတနှင့် အညီ ထွန်းသုံးထွန်းစုလျှင် စခန်းပုသွားမည့် အရေးကိုလည်းကောင်း တွေးလိုက်တိုင်း စိုးရိမ်မကင်းဖြစ်မိ၏။

တစ်ခုသော နံနက် ခြောက်နာရီအချိန်တွင် လယ်မြေများကို အယုတ် အလတ် အမြတ် ခွဲခြားရန် လေးဦးသော သမာဓိတို့နှင့်အတူ မောင်လူအေး၊ စာရေးမောင်ဟန်စိန်တို့သည် ကွင်းဆင်း၍ သွားကြကုန်၏။ အဆိုပါလေးဦးသော သမာဓိတို့အနက် သုံးဦးမှာ ခပ်ငယ်ငယ် ခပ်လည်လည် ခပ်ညာညာ ခပ်ဝါဝါများဖြစ်ကြလေသည်။ သို့ရာတွင် မိမိ နယ်ပိုင်လုပ်စဉ်က တွေ့မြင်ခဲ့ရသော အင်အားကြီးတို့လောက်ကား အညာ၊ အလှိုင်း၊ အလိမ်၊ အကောက်၊ မကောင်းလှပေ။ ကျန်တစ်ဦးသော သမာဓိကား အသက် ၆၀ ကျော်ပြီ။ ခါးကုန်းကုန်း ပခုံးပေါ် နံငယ်တစ်ထည်ကို တင်ထား၏။ အင်္ကျီကိုကား မဝတ်နိုင်ရှာပေ။ ထိုသမာဓိ အဘိုးကြီးကား ညာခြင်း၊ ဝါခြင်း မရှိ။ အမှန်အတိုင်း ပြောဆိုလေ့ရှိသောကြောင့် မောင်လူအေး၏ မျက်စိက တန်းမှန်းမိလေသည်။ သူ၏အမည်ကား ဦးသာရတည်း။

ကွင်းစစ်ပြီး၍ စခန်းသို့ ပြန်လာသောအခါ လမ်းတွင် မောင်လူအေးနှင့် ဦးသာရတို့မှာ လေပေးဖြောင့်လျက် လာကြလေသည်။ ဦးသာရ၌ သားသမီး ခြောက်ယောက်ထွန်းကားရာ နှစ်ယောက်မှာ ငယ်ငယ်

ကတည်းကပင် သေဆုံးသွားပြီဖြစ်၍ လေးယောက်သာကျန်တော့၏။ ထိုလေးယောက်သော သားသမီးတို့မှာလည်း အသီးသီးအိမ်ထောင်ရက်သား ကျပြီးလျှင် သားတွေ၊ သမီးတွေနှင့် ဖြစ်နေကြသောကြောင့် အဖေဦးသာရနှင့် အမေအို ဒေါ်စီတို့အား မကြည့်ရှုနိုင်ကြချေ။ တရားသဘောအမြဲ နှလုံးသွင်းထားသောသူဖြစ်သောကြောင့် မိမိတို့၏ သားသမီးများမိမိတို့အား မကြည့်ရှုသည်ကို ဝမ်းလည်းမနည်း၊ သူတို့ကို အားမကိုးပေ။

ရွာမြောက်ဘက် မြလွတ်မြေလပ်ကလေး တစ်ကွက်ကို ခုတ်ခဲ့ပြီးလျှင် ဥယျာဉ် တောင်ယာကလေး လုပ်ကိုင်စားသောက်နေသည်မှာ လေးငါးခြောက်နှစ် ကြာလေပြီ။ ထိုတောင်ယာမှ ထွက်သော သစ်ဥတို့ကိုရောင်းကာ အဘိုးအို အမယ်ကြီးတို့ နှစ်ယောက်သား စားသောက်နေရရှာ၏။ ထမင်း ဝရုံသာရ၏။ အဝတ်အစား ဝတ်ရန်ကား မပို။ သူတကာက သနား၍ပေးသော အဝတ်အစားတို့ကိုသာလျှင် အရှက်လုံရုံ ဝတ်စားရပေသည်။ ချမ်းတုန်အချိန်များတွင်ကား ခိုက်ခိုက်တုန်၊ ခြုံစရာကလည်းစောင်မရှိ။ မိုးတွင်းအခါတွင် ပိုးလောင်းကောင်၊ ခြင်အများ ဝိုင်းအုံကာကိုက်ခဲကြခြင်းကို ခံကြရရှာ၏။

မိမိတို့ ပိုင်နက်ဖြစ်သော ဥယျာဉ် တောင်ယာကလေး အတွက်ချအပ်သော အခွန်တော်သုံးကျပ်ကို မပျက်ပင် ကြိုးစားကာ ဆောင်ရှာပေသည်။သို့ရာတွင် လွန်ခဲ့သည့်နှစ်က တိုက်စာရေး ကိုယ်တော်မြတ်ကအဘယ်အကြောင်းကြောင့် မသိ၊ ဦးသာရ မလုပ်မကိုင်၊ မခုတ်မထွင်သောမြေကိုပါ ထည့်သွင်း၍ အခွန်စည်းကြပ်သောကြောင့် အခွန်တော်၁၈ ကျပ်ကျလေပြီ။ ဦးသာရတို့ လင်မယား အကျပ်ကြုံတော့၏။ အခွန်တော်မဆောင်နိုင်။ အကျိုးကား ထိုယာကလေးကို အစိုးရပြန်၍သိမ်းလိုက်လေတော့သတည်း။ မကြာမီ နှင်စာလာ၊ အခြားနေစရာကလည်း မြေမရှိသောကြောင့် ထိုယာတဲမှာပင် ခိုကပ်ကာ နေရရှာပေ၏။ အတန်ကြာလျှင် တရားအစွဲခံရသဖြင့် ဒဏ်ငွေသုံးကျပ် ဆောင်ရလေသည်။ ရွာထဲမှလူများစု၍ ပေးလိုက်သောကြောင့်သာ ထောင်ဘေးမှ ချမ်းသာခွင့်ရလေသည်။

ဦးသာရ၏ အဖြစ်အပျက်ကို ကြားသိရသော မောင်လူအေးကားသနား၍မဆုံးပြီ။ နေ့တိုင်းပင် အားလပ်သော အခါများတွင် ဦးသာရအား မိမိ၏ စခန်းသို့ ခေါ်ကာ စကားပြောပေ၏။ လက်ဖက်ရည်သောက်ချိန်တွင် လက်ဖက်ရည်ကို တိုက်၏။ ထမင်းစားချိန်တွင် ထမင်းကျွေး၏။

လက်ဖက်ရည် တစ်ခွက်၊ ထမင်းတစ်နပ် နှစ်နပ်စာမှာ မောင်လူအေး အတွက် မထူးခြားသော်လည်း ဦးသာရအား ကြေးတိုင်ဝန်ထောက်က လက်ဖက်ရည် တိုက်ကြောင်း၊ ထမင်းကျွေးကြောင်း သတင်းမှာ ရွာထဲ တွင် ချက်ချင်းပျံ့နှံ့သွား၏။ ဦးသာရ အိမ်ပြန်သွားသောအခါ သတင်း လာရောက်မေးမြန်းကြသော သူတို့မှာ ပြည့်လျက်နေလေသည်။ ဝန်ထောက်လက်ဖက်ရည်၊ ဝန်ထောက်ထမင်းတို့ကို စားခဲ့ရသော ဦးသာ ရကြီးမှာ ရွာထဲတွင် အတော်ပင် ထင်ပေါ် ဂုဏ်ရှိ၍ လာလေသတည်း။ ဦးသာရကား မောင်လူအေးအား ကျေးဇူးတင်၍ မဆုံးတော့ပြီ။

ပျံချီ ရွာကလေးတွင် ၉-ရက်၊ ၁၀-ရက်ခန့် စခန်းချပြီးနောက် ရွှေပေါက်ရွာသို့ သွားရန် စီမံရပြန်၏။ ဦးသာရကား အတော်ပင် ဝမ်းနည်းရှာပေသည်။ သို့သော် ပျံချီရွာမှ ထွက်ခွာမည့်နေ့တွင် ဦးသာရ ပေါ်မလာချေ။ အဘယ်ကြောင့်နည်း။ ဝမ်းနည်းသောကြောင့်ပင်လော၊ ဂရုမစိုက်သောကြောင့်ပင်လော၊ ဦးသာရအား နှုတ်ဆက်ရန် အခေါ် လွှတ် လိုက်ပါလည်း ဦးသာရအိမ်တွင်မရှိပေ။ ရှောင်များနေလေရော့ သလားဟု သို့လော သို့လော တွေးတောဒွိဟ မောင်လူအေး၏ စိတ်ထဲ တွင် ဖြစ်မိပေ၏။

ညနေခင်းလေးနာရီထိုးသောအခါ မောင်လူအေးတို့ လူစုလည်း ရွှေပေါက်ရွာသို့ သွားရန် လှေဆိပ်သို့ ဆင်းကြကုန်၏။ လှေများပေါ် တွင် ပစ္စည်းများတင်ပြီး၍ လှေထဲသို့ မောင်လူအေး ဆင်းမည်အလုပ် တွင် ရွာမြောက်ဘက်မှ ဦးသာရကြီး ပြေးလာသည်ကို မြင်ကြရလေသည်။ မကြာမီ မောင်လူအေး အနားသို့ရောက်၏။ မောကြီးပန်းကြီးနှင့်ပင်၊ လက်ထဲတွင်လည်း ပုလင်းတစ်လုံး။ ဘာပုလင်းပါလိမ့်။ ပျားရည်ပုလင်း ဖြစ်ပါသည်။ မိတ်ဆွေတစ်ယောက်ထံမှ ငွေတစ်ကျပ်ကိုချေးပြီးလျှင် နံနက်စောစောကပင် ခြောက်မိုင်ခန့်အကွာ ကျောက်ဖျာရွာမှ ငွေတစ် ကျပ်ပေး၍ဝယ်လာသော ပျားရည်ပုလင်းဖြစ်၏။

ထိုပျားရည်ပုလင်းကို ဝန်ထောက်မင်းအား ကျေးဇူးတင်လှသဖြင့် လက်ဆောင်ပေးရန်ဖြစ်ပါသည်။ သြော် ဦးသာရ . . . ဦးသာရ၊ ကျေး ဇူးသိတတ်ပါပေ၏။

မောင်လူအေးသည် ဦးသာရ၏ ပျားရည်ပုလင်းကို အသို့လျှင် ယူရက်ပါအံ့နည်း။ ကျေးဇူးသိတတ်စွာနှင့် ပေးသည်ကို မယူဘဲ ငြင်းပယ် လိုက်မည်ဆိုလျှင်လည်း ဦးသာရကြီး စိတ်မကောင်းဖြစ်တော့မည်။

မောင်လူအေး အကျပ်တွေ့တော့၏။ ထိုအကျပ်ထဲမှ လွတ်မြောက်ရန် နည်းတစ်နည်းသာရှိလေသည်။ ယင်းကား ဦးသာရ၏ ပျားရည်ပုလင်းကိုယူပြီးလျှင် သူ့အား ငွေသုံးကျပ်ပေးခြင်းပေတည်း။ ဦးသာရကလည်း ကျေနပ်၊ မောင်လူအေးကလည်း အားရ၍ သွားကြလေ၏။ ဤစားရမဲ့ သောက်ရမဲ့ ဝတ်ရမဲ့ ဖြစ်နေသော အဘိုးကြီးသည် အစိုးရ လခစားဖြစ်သော ဝန်ထောက်အား ပျားရည်လက်ဆောင်ပေးနိုင်လောက်သော စေတနာမှာ ထူးဆန်းပေစွဟူ၍ စိတ်ကူးရင်းနှင့်ပင် ပုံချီရွာမှ ထွက်ခဲ့သတည်း။

နေဝင်ချိန်တွင် ရွှေပေါက်ရွာသို့ ရောက်ကြကုန်၏။ ဦးကျော်ဒွန်း၏ ဥယျာဉ်အတွင်း သရက်၊ ပိန္နဲ၊ ကနစိုးပင်များအောက်တွင် ရွက်ထည်တဲဆောက်ကာ စခန်းချ နေကြပြန်၏။ လူသူအရောက်အပေါက် နည်း၍ အလွန်ခေါင်လှသော ကရင်ရွာကလေးဖြစ်သောကြောင့် ဝန်ထောက်မင်း ရောက်သည်ကြားလျှင် တစ်ရွာလုံးပင် လာရောက်ကြည့်ရှုကြကုန်၏။ ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် ပုလုကွေးလေး ပုခက်တွင်းကလေးများပင် ပါလေသည်။ တကယ့်ပွဲကြီးကျနေတော့၏။

နောက်တစ်နေ့ နံနက်တွင် သမာဓိ လေးယောက်နှင့် မောင်လူအေး ကွင်းဆင်းသွားလေသည်။ ထိုသမာဓိအားလုံးမှာ ရိုးသားလူချည်း ဖြစ်သောကြောင့် မြေမျိုးခွဲရာတွင် အမှန်အကန် ရရုံမျှမက လွယ်လည်း လွယ်ကူလှပေ၏။ ထိုသမာဓိလေးယောက်အနက် အသက် ၆၀ ကျော်ခန့်ရှိ အဘိုးကြီး တစ်ယောက်လည်းပါလေသည်။ ထိုအဘိုးကြီးအား မောင်လူအေးမျက်စိကျပြန်လေပြီ။ ဤသို့ မျက်စိကျသည့်အတိုင်း ထိုအဘိုးကြီးအား တောင်မေး မြောက်မေးနှင့် တစ်လမ်းလုံး လျှောက်၍ မေးလာခဲ့လေသည်။

အဘိုးကြီး၏အမည်ကား ဦးရွှေလှအောင် ဖြစ်လေသည်။ နာမည်မှာ ရခိုင်နာမည်နှင့်တူသောကြောင့် မေးကြည့်ရာ အသက် ၁၆ နှစ်အရွယ်ကတည်းကပင် ရခိုင်တောင်ရိုးကို ဖြတ်ကျော်လာပြီးလျှင် ဤကရင်ရွာတွင် လာရောက်နေထိုင်ကြောင်း ပြောပြသဖြင့် သိရှိရလေသည်။ ရခိုင်တောင်ရိုးမှ ထွက်လာကတည်းက မိမိနေရပ်သို့ တစ်ခါတစ်ခေါက်မျှ ပြန်၍မရောက်တော့ပြီ။ ဤကရင်ရွာကလေးတွင်ပင် လုပ်ကိုင်စားသောက်၍ ကြီးပြင်းလာသူတည်း။ ကရင်စကားကို သွက်သွက်လက်လက်ကြီး ပြောဆိုနိုင်သောကြောင့် ကရင်ပင် ဖြစ်နေလေပြီ။ သို့သော် ရခိုင်

စကားကိုကား တစ်လုံးကောင်း နှစ်လုံးကောင်း မှတ်မိပေသေးသည်။

ဦးရွှေလှအောင်ကား ငယ်စဉ်ကပင် သားမယား မယူ၊ လူပျိုကြီး ဘဝနှင့်ပင် ပျော်မွေ့လာသူတည်း။ ယခုအခါတွင် သားထောက် သမီးခံ မရှိသောကြောင့် မိမိယာကလေးကို ခုတ်ထွင်ကာ တစ်ယောက်တည်း နေထိုင်ရရှာ၏။ မိမိယာမှ ထွက်သော အသီးအနှံတို့၏တန်ဖိုးမှာ အခွန် ဆောင်လောက်ရုံသာ ရှိလေသည်။ စားသောက်ရန်ကား ဝေးပေစွ။ သို့ ဖြစ်လျှင် ဦးရွှေလှအောင် အဘယ်သို့ စားသောက်နေပါသနည်း။ ကရင် ရွာသူကြီးနှင့် ရွာသားများက စောင်မကြည့်ရှု စောင့်ရှောက်၍ထား သောကြောင့် အစားအသောက်အတွက် မပူပင်ရရှာပေ။ သို့ရာတွင် ရွာသူ ရွာသားများမှာလည်း ချမ်းသာ ကြွယ်ဝသော သူများမဟုတ်သော ကြောင့် အဝတ်အစားအတွက် မတတ်နိုင်ကြလေရကား ဦးရွှေလှအောင် တွင် ပုဆိုးတစ်ထည်နှင့် နံငယ်ပိုင်းတစ်ခုသာ ရှိပေ၏။ သို့အထိ ဒုက္ခ ရောက်နေရရှာသော်လည်း မိမိရပ်ထံသို့ ပြန်လိုသော ဆန္ဒကား ရှိသေး သည်။ ရခိုင်တောင်ရိုး မိမိရွာကလေးသို့ လေယာဉ်ပျံစီးကာ သွားရောက် ချင်သည်ဟု ရယ်စရာ စကားပြောကြားရှာလေသည်။ မည်သူသည် မိမိ၏ ချက်မြုပ်နေရပ်ကို မပြန်ချင်ဘဲ ရှိပါအံ့နည်း။

ဤသို့ ဆင်းရဲနေသည့်အထဲတွင် လဲရာ သူခိုးထောင်း ဆိုသည့် စကားပုံအရ ဦးရွှေလှအောင်၏ ဥယျာဉ်ကလေးအတွက် ပြေစာနှစ်ရွက် ထွက်လာလေသည်။ ဦးရွှေလှအောင် အသို့လျှင် ထိုပြေစာ နှစ်ရွက်ကို ရွေးနိုင်ပါအံ့နည်း။ အပူမီး လောင်ရှာတော့၏။ သို့သော် စားစရာ မရှိ စေကာမူ လျော်စရာကားရှိရမည်။ အခွန်မဆောင်ပြန်လျှင် အမှုရောက် မည်ဖြစ်ခြင်းကြောင့် ရွာသူကြီး ဦးကျားကပင် သူ၏အစားစိုက်၍ ဆောင် လိုက်သောကြောင့် ချမ်းသာခွင့်ရ၍ သွားလေသည်။

ဤအကြောင်းကို ကြားသိရသောအခါ မောင်လူအေးလည်း မိမိ ဝတ္တရားရှိသည့်အတိုင်း အမှန်သို့ ရောက်စေရန် ရှင်းလင်း၍ ပေး၏။ ဦးရွှေလှအောင်ကား ကျေးဇူးတင်၍မဆုံးပြီ။ ဦးသာရကြီးကဲ့သို့ပင် မပြတ် မပြတ် မောင်လူအေး၏ ရွက်ထည်တဲ ရှိရာသို့ လာပြီးလျှင် မောင်လူအေး နှင့် ထွေရာလေးပါး စကားစမြည်ပြောလေ့ရှိလေသည်။ တစ်ယောက်နှင့် တစ်ယောက် အကျွမ်းဝင် သွားကြလေသတည်း။

မောင်လူအေး ရောက်၍ သုံးရက်မြောက်သော ညနေခင်းတွင် ခပ် ပျင်းပျင်း ရှိသည်နှင့် တဲရှေ့ထွက်ကာ ဝတ္ထုစာအုပ်တစ်အုပ်ကို ဖတ်နေ

ခိုက် ဦးရွှေလှအောင်ပေါက်၍လာလေ၏။ မောင်လူအေးအနားတွင် ထိုင်ကာ မိမိ၏လုံချည်အိတ်ထောင့်ထဲမှ ကြက်ဥခြောက်လုံးတို့ကို ထုတ်၍ မောင်လူအေးအနားတွင် ချရှာ၏။ မိမိမွေးထားသော ကြက်မကြီး၏ ဥများဖြစ်လေသည်။ ထိုဥများကို သားဖောက်ရန် ရည်ရွယ်၍ ထားသော်လည်း ယခုမှာကား မောင်လူအေးအား ကျေးဇူးတင်လှသောကြောင့် လာရောက်ကာ လက်ဆောင်ပေးခြင်းဖြစ်လေသည်။

ထိုကြက်ဥများကို အသို့လျှင် မောင်လူအေး ယူရပါအံ့နည်း။ ဦးရွှေလှအောင်ကို သနားမိ၏။ သူ၏ကြက်မကြီးကို ကရုဏာသက်မိလေသည်။ သို့ရာတွင် ဤမျှဆင်းရဲနေသော ဦးရွှေလှအောင်၏ သဒ္ဓါတရားကိုလည်းကောင်း၊ ကျေးဇူးသိတတ်သော တရားကိုလည်းကောင်း မချီးမွမ်းဘဲ မနေနိုင်တော့ပြီ။

လောကတွင် ဆင်းရဲလေလေ ကျေးဇူးသိတတ်လေလေ ဖြစ်သည်မှာ ဓမ္မတာပင် ဖြစ်သည်ဟူ၍လည်းတွေးမိ၏။ ဆင်းရဲသူတို့ကား ကိုယ်ချင်းစာတတ်ကြလေသည်။ ချမ်းသာသူတို့ကား ကိုယ်ချင်းမစာတတ်ဟုဆိုလျှင် မှားမည်မထင်။

အတိဒုက္ခရောက်နေသော ဦးရွှေလှအောင်က ကျေးဇူးသိတတ်နေလျှင် ဝန်ထောက်မောင်လူအေးက ပို၍ပင် ကျေးဇူး သိတတ်ရပေမည်။ သို့ဖြစ်၍ အိတ်ထဲမှ ငွေနှစ်ကျပ်နှင့် ဦးရွှေလှအောင်အား ကျေးဇူးပြန်ဆပ်ရုံမျှမက သူ၏ ကြက်ဥများကိုလည်း ပြန်၍ပေးလိုက်လေသည်။ ဦးရွှေလှအောင်ကား နားမလည်၊ မကျေနပ်။ ဤဝန်ထောက် အဘယ်ကြောင့် မိမိသဒ္ဓါ၍ပေးသော ကြက်ဥများကို ပြန်၍ပေးရသနည်း။ မောင်လူအေးက အကျိုးအကြောင်းကို ပြန်၍ရှင်းလင်းလိုက်သောအခါကျမှ ကျေနပ်သွားလေသတည်း။ ဩော်မရှိဆင်းရဲသူများ တယ်ကျွေးချင်မွေးချင်ရှိပါတကား၊ ကျေးဇူးသိတတ်ကြပေစွ။

*ဂန္ထလောက၊ တွဲ-၂၁၊ မှတ်-၁၂၁၊*
*(ဧပြီလ၊ ၁၉၃၅)*

# ပဏ္ဏာရင်

တပေကုလားဆိုသောအမည်သည် ဆန်း၏။

ထိုအမည်ကား မောင်လူအေး၏နယ်အတွင်းရှိ တံငါရွာကလေး တစ်ရွာ၏ အမည်ဖြစ်လေသည်။ တပေကုလား ရွာသာမဟုတ်၊ တပေကုလား အင်းဟူ၍လည်း ရှိသေး၏။ တပေကုလားကွင်းဟူ၍လည်း ရှိသေး၏။ တပေကုလားချောင်း ဟူ၍လည်း ရှိသေး၏။

တပေကုလားအင်းကို အကြောင်းပြု၍ တပေကုလားရွာဟူ၍ပင် ခေါ်ဆိုသလော၊ တပေကုလားရွာကို အကြောင်းပြု၍ တပေကုလား ချောင်း၊ တပေကုလားအင်း၊ တပေကုလားကွင်းဟူ၍ပင် ခေါ်ဆိုသလော ဟု မည်သူမျှ မပြောပြနိုင်။ တပေကုလား ရွာသားတို့အား မေးသော အခါကား ရှေးအတိတေ ပဝေဏီကပင် ရှိခဲ့သည်ဟု ပြောကြဆိုကြကုန်၏။ ကမ္ဘာဦး အခါကပင် ဆင်းသက်ပေါ်ပေါက်လာသည်ဟူ၍များ ထင်မှတ် နောက်လေရော့သလား။

တပေကုလား ဆိုသောစကား၏အဓိပ္ပါယ်မည်သို့နည်းဟု နှိုက်နှိုက် ချွတ်ချွတ် မေးလေ့ရှိသူတို့မေးကောင်းမေးကြပေလိမ့်မည်။ ရွာတွင် အသက်အကြီးဆုံး အဘိုးကြီး ဦးနောက်တိုးအား မေးကြည့်သောအခါ 'တပေကုလား' ဆိုသောစကားမှာ 'တပေကုလား' ဟု အဓိပ္ပါယ်ရကြောင်း နှင့် ပြောပြလေသည်။ သူ၏စကားကို ယုံမှားဖွယ်မရှိ၊ ဦးနောက်တိုးကား အသက် ၈၅ နှစ်ပင်ကျော်ပြီ ဖြစ်သောကြောင့် ရှေးမီနောက်မီ အဘိုးကြီး ဖြစ်လေသည်။ အချို့အတွေးကောင်းသောသူတို့ကမူကား တပေကုလား ဆိုသည်မှာ တစ်ပေခန့်ရှိသော ကုလားပုကလေး တစ်ယောက်က စတင် တည်ထောင်၍ ထားခဲ့သောရွာဖြစ်သောကြောင့် တပေကုလားရွာဟု

အမည်တွင်ကြောင်း တွေးတောကောင်း တွေးတောကြပေလိမ့်မည်။ သို့သော်ဦးနောက်တိုး ပေးသော အဓိပ္ပာယ်လောက် မကြိုက်။

တပေကုလား ဆိုသောစကား၏ အဓိပ္ပာယ်ကို ရှင်းလင်းပြီးသည်၏ အခြားမဲ့၌ တပေကုလားဟူသော အကြင်တံငါရွာကလေး၏ တည်ရာ အခြေနှင့် သာယာပုံကို ရေးသားဦးအံ့။ ထိုရွာကလေးကား အလွန်နောက်ကျ၍ ရွံ့အတိပြီးသော တပေကုလား ချောင်းကလေး၏ ဘေးတွင် တည်ရှိလေသည်။ ဤချောင်းကလေးမှာ တစ်ပါး အခြား ဘေးပတ်ပတ်လည်တွင် ကွင်းပြင်လဟာကြီးဖြင့် ခြံရံလျက် တစ်ရွာလုံးပင်ကုက္ကိုပင် သုံးလေးပင် အပြင် အခြားအပင်ဟူ၍မရှိ။ ကွင်းခေါင်ခေါင်ကြီးတွင် တည်ထားသော ရွာကလေးတည်း။ နွေဥတုတွင် ပူပြင်းလိုက်သည်မှာ ပြောစရာမရှိ။ ရွာထိပ်တွင် ဘုန်းတော်ကြီး ဦးဇဝနကျောင်းတစ်ကျောင်းရှိ၏။ အင်းသားများ သေခါနီးဆည်းကပ်ရာ ကျောင်းပေတည်း။ ရွာတောင်ဘက်စွန်းတွင် ဦးဘိုးထွန်း တူးထားသော ရေကန်တစ်ကန်ရှိလေသည်။ ရွာသားတို့ သောက်ရေ ခပ်ယူရာတည်း။ ထိုရေကန်နှင့် ကပ်လျက် အန္တရာယ်ကင်း ကိုးတောင်ပြည့်ဘုရားကွင်းခေါင်ခေါင်တွင် တည်ရှိ၏။

ရွာတွင် အိမ်ခြေကား သုံးလေးဆယ်ခန့်။ သက်ကယ်မိုး၊ ဝါးကပ်ကာ၊ ဝါးခြမ်းခင်း၊ ဝါးတိုင်တွေနှင့် အိမ်များသာ။ အိမ်နှစ်ဆောင်ပြိုင်ကျယ်ကျယ်ဆောက်ကာ ထားသောအိမ်ကား နတ္ထိ။ ပျဉ်ထောင်အိမ်ဟူ၍ကား မရှိ။ တစ်အိမ်လျှင် အလွန်ဆုံး ငွေတစ်ဆယ်ခန့် တန်၏။ သို့သော် အင်းခံဝန် ပေးကြသောအခါ ငါးရာတန်သည်ဟု ကျမ်းကိုင်ကာ ဆိုကြလေသည်။

အိမ်အောက်များတွင် ဝက်တွေ၊ ကြက်တွေ၊ ဘဲတွေ အနှံ့အပြားလွှတ်၍ ထားလေသည်။ ဆူဆူညံညံနှင့် အိမ်ရှေ့အိမ်နောက်ဖေး၊ အိမ်ပတ်ဝန်းကျင်များတွင် ငါးပိအိုးတွေ ငံပြာရည်အိုးတွေ အနန္တနှင့် နံလိုက်တဲ့ဖြစ်ခြင်း၊ သင်းတို့ ရွာသားတွေ ဘယ်လိုနေကြသည် မသိ။ ရောဂါလည်းမရ၊ ဒုက္ခလည်း မဖြစ်။

တစ်ရွာလုံးတွင် အိမ်သာတစ်လုံးမျှမရှိ။ တကယ့်ရွာသားတွေ။ ရွာလမ်းကား ကျယ်ပါ၏။ နွေအခါတွင် ဖုန်တထောင်းထောင်း၊ မိုးအခါ တွင် ရေမြုပ်။ လမ်းချည်းသာ ရေမြုပ်သည် မဟုတ်။ အိမ်များလည်း ရေမြုပ်၏။ ရွာသားများ အိမ်အပေါ်ထပ်တွင် တက်၍ နေကြရလေသည်။ ကြက်လည်းသည်မှာ၊ ခွေးလည်းသည်မှာ၊ ဝက်လည်းသည်မှာ၊ ဘဲလည်း

သည်မှာ၊ ကြောင်လည်း သည်မှာ၊ တော်တော်ပျော်စရာ ကောင်း၏။ အိပ်လည်းသည်မှာ၊ စားလည်း သည်မှာ၊ ထမင်းဟင်း ချက်လည်း သည်မှာ ကျန်းမာရေးဆရာများ အတွက် သင်ခန်းစာတစ်ခုရပြီ။

မိုးတွင်းအခါတွင် မြွေပွေးတွေ ပေါလိုက်သည်မှာလည်း ပြောစရာ မရှိ။ ဝါခေါင်လအတွင်းက မောင်ဘိုးသောင် ဇနီး အပေါ်ထပ်တွင် အိပ်နေခိုက် မြွေပွေးခဲ၍ သေရှာလေပြီ။

ဤမျှနှင့် တပေကုလား ရွာကလေး၏ သာယာပုံအကြောင်း သိလောက်ပြီထင့်။ ရွာသားရွာသူတို့အကြောင်း ရေးသားပါရစေဦး။

တစ်ရွာလုံး ရေနှင့်အသက်မွေးသူချည်း။ ရွာပတ်ဝန်းကျင်တွင် အင်းပေါင်း ခြောက်အင်းခန့် ရှိ၏။ ထိုအင်းတို့တွင် ရှိသော ငါးများ အပေါ်၌ အုပ်ချုပ်ကာ မင်းလုပ်၍ နေကြသော အင်းသားကြီးကား ခြောက်ယောက်ခန့်ပင် ရှိလေသည်။ တပေကုလား သူကြီးဦးငွေလှလည်း တစ်ယောက်အပါအဝင်ဖြစ်၏။ ထိုအင်းသားကြီးခြောက်ယောက်တို့မှ အပဖြစ်သော အခြားရွာသားတို့ကား အချခံအင်းသားကလေးများနှင့် အင်းကူလီများသာတည်း။ လယ်သမားဟူ၍ အောင်ဖေနှင့် ဦးဘိုးဆင်တို့ နှစ်ယောက်သာရှိလေသည်။ သူတို့နှစ်ယောက်ကား တစ်ရွာလုံးနှင့် မသင့် နှစ်ယောက်နှင့် တစ်ရွာလုံးဖြစ်သော်လည်း အောင်ဖေတို့တွင် အနည်း ငယ်မျှ ကြောက်စိတ်မရှိ။

အောင်ဖေ သတင်းပေးချက်အရ ယစ်မျိုးအရာရှိ ဦးဘမော် ဗိုက်ပူကြီး ရွာသို့ တိတ်တဆိတ်လာ၍ မွှေနှောက်သွားလေသည်။ သူကြီး သား မောင်ပြား လက်ထဲမှ ဘိန်းငါးကျပ်သားမိ၏။ သူကြီး၏တူ ထွန်းတင် ၏အိမ်မှ ချက်အရက် ခြောက်ပုလင်းမိလေသည်။ ဒဏ်ငွေ ၇၅ ကျပ်စီ အရိုက်ခံကြရ၏။ မောင်ပြားနှင့် ထွန်းတင်တို့မှာ အခဲမကျေကြ။ သူကြီး မင်း ဦးငွေလှမှာလည်း အောင်ဖေအပေါ်တွင် အချက်ရှာလျက် နေလေ တော့သည်။ အောင်ဖေမှာလည်း ခေါင်းမာသူတစ်ယောက်ဖြစ်၏။ လူခွန် ကိုမဆောင်၊ကတ်ဖွဲ့လုပ်၍ နေလေသည်။ သူကြီးမင်း၏ အချက်ပေါ်ပြီ။ မြို့ပိုင်မင်းထံ တိတ်တဆိတ်သွား၍ ဝါရမ်းစာတစ်စောင် ထုတ်ခဲ့လေ သည်။ ည တိတ်တဆိတ် အောင်ဖေ၏အိမ်ကို ဝိုင်း၍ အောင်ဖေကို ဖမ်းကြကုန်၏။ အောင်ဖေလည်း မပြေးသာ၊ အဖမ်းခံရရှာ၏။ သူကြီးမင်း လည်း ဝါးရမ်းစာကိုပြပြီးလျှင် အောင်ဖေအား လက်ထိပ်ခတ်လေတော့ သည်။ ပြီးလျှင် မီးတုတ်တွေနှင့် ရွာလယ်ခေါင်တွင် လျှောက်၍ပြလေ

သည်။ တစ်ရွာလုံး တအုန်းအုန်းနှင့်နေ၏။ အောင်ဖေ၏ အရှက်ကား ဆိုစရာ မရှိပြီ။ သူ၏ မယားက နောက်တစ်နေ့တွင် လူခွန် ငါးကျပ်နှင့် စရိတ်ငါးကျပ် ပေါင်းငွေ တစ်ဆယ်ဆောင်တော့မှ အောင်ဖေအား ရွာသူကြီးမင်း လွှတ်လိုက်လေတော့သည်။

မိမိ၏တပည့်ကို အရှက်ခွဲသောကြောင့် ဦးဘိုးဆင်မှာ အသည်းနာလျက်နေ၏။ တစ်နေ့သော် ပုလိပ်အရာရှိများနှင့် ပူးပေါင်းပြီး သကာလ ဆယ်အိမ်ခေါင်း ဘိုးထင်တို့အိမ်တွင် ဖဲဝိုင်းကို ဖမ်း၏။ ဘိုးထင်ကားအောင်ဖေအား သူကြီးဖမ်းစဉ်က ရှေ့ဆောင်ဖြစ်လေသည်။ ထိုဖဲဝိုင်း ဖမ်းရာတွင် အင်းသားကြီး ထွန်းစန်း၊ အင်းလက်ထောက်အချခံ စိန်ဘိုး၊ သူကြီးကတော် ဒေါ်ရှု၏ တူ မောင်အောင်တို့လည်း အဖမ်းခံကြရလေသည်။ တရားသူကြီးက တစ်ယောက်လျှင်ဒဏ်ငွေ အစိတ်စီ ရိုက်လိုက်လေသည်။

ဤအမှုအတွက် ဦးဘိုးဆင်အပေါ်၌ သူကြီးမင်း စိတ်ခုပြန်လေပြီ။ အချက်ကိုရှာပြန်၏။ ဦးဘိုးဆင်ကား လူခွန်လည်းဆောင်ပြီးပြီ။ မြေခွန်လည်း ဆောင်ပြီးပြီ။ ဖဲဝိုင်း ထောင်သူလည်း မဟုတ်။ ဘိန်းတို့ အရက်တို့ကိုလည်းမရောင်း။ အကြံရ အိုက်လျက်နေ၏။ သို့သော် အကြံကို မလျှော့ ဦးဘိုးဆင်မှာ သစ်ပင် ပန်းပင် စိုက်ပျိုးခြင်းကို ဝါသနာပါ၏။ သူ၏အိမ်ရှေ့တွင် ပန်းခြံကြီးကို ခမ်းနားစွာ ပြုစုပျိုးထောင်၍ ထားလေသည်။ ထိုပန်းခြံ အတွင်းရှိ ပန်းပင်၊ သစ်ပင်ကလေးတို့ကိုသာလျှင် အရိပ်တကြည့်ကြည့်နှင့်နေ၏။ ထိုဦးဘိုးဆင်၏ ဥယျာဉ်မှာ ရွာလမ်းထဲသို့ ဆယ်ပေခန့် ကျူးလွန်၍ နေလေသည်။

သူကြီးမင်း၏ အချက်ပေါ်ပေပြီ။ ဦးဘိုးဆင်သည် ရွာလမ်းအပေါ်၌ ကျူးလွန်နေကြောင်းကို အရေးပိုင်မင်းထံ အစီရင်ခံစာ ရေးသားဆက်သွင်းလိုက်၏။ မကြာမီ အရေးပိုင်မင်းထံမှ ထိုကျူးလွန်၍ နေသော မြေပေါ်ရှိ သစ်ပင် ပန်းပင်တို့ကို ခုတ်ပစ်ရန် အမိန့် ရောက်ရှိလေသည်။ သူကြီးမင်း၏ ဝမ်းမြောက်ခြင်းကား ပြောမပြနိုင်ပြီ။ မိမိအိမ်ဦးခန်းတွင် ဆွဲ၍ထားသော မောင်းကွဲကြီးကို အကြိမ်ပေါင်းများစွာထု၏။ ရွာသားသုံးဆယ်ခန့် ဓားကိုယ်စီ၊ တုတ်ချွန်ကိုယ်စီနှင့် ရောက်ကြလေပြီ။ သူကြီးမင်းလည်း ထိုရွာသား သုံးဆယ်ကျော်တို့နှင့် ဦးဘိုးဆင်၏ အိမ်ရှေ့သို့ သွား၍ လမ်းတွင် ကျူးလွန်၍နေသော ဥယျာဉ်တွင်းရှိ သစ်ပင်ပန်းပင်ကြီးတို့ကို စေ့စေ့ညက်ညက် ကြေအောင် ဖျက်ဆီးလိုက်ကြလေပြီ။ ဦးဘိုး

ဆင်က တား၏။ သူကြီးမင်းက အရေးပိုင်မင်း၏ အမိန့်စာကို ပြ၏။ ဦးဘိုးဆင်၏ အသည်းကို ကျွဲဝင်၍ခတ်လေပြီ။ အဘယ်မှာ အခဲကြေနိုင်အံ့နည်း။

တစ်နေ့သော် မောင်ဟန်ကြီးနှင့် မပန်းစိန်တို့၏ မင်္ဂလာဆောင်အိမ်တွင် ဦးဘိုးဆင်၏ သမီး မပန်းအောင်က သူကြီးမင်း ဦးငွေလှသည် မတရားသော သူကြီး၊ ရွာသားရွာသူတို့အား နှိပ်စက်သော သူကြီး၊ ဘိန်းစားသောသူကြီးဟူ၍ ခပ်ကျယ်ကျယ်ကလေး ဆိုလျက်နေလေသည်။ သူကြီးကတော်ကြီး ဒေါ်ရှုကြားလျှင်မခံနိုင်၊ မင်္ဂလာဆောင်အိမ်တွင် ရန်ပွဲကြီးစလေတော့၏။ ဒေါ်ရှု၏ အဒေါ်တော်စပ်သူ ဒေါ်ရွှေခက် ထဘီ တစ်တောင်လောက်မြှင့်ကာ သူကြီးကတော်ဘက်မှ ဝင်၍ကူ၏။ ဦးဘိုးဆင်၏ တူမ မပန်းရီက မပန်းအောင်ဘက်မှဝင်၍ ရန်တွေ့၏။ ဤရန်ပွဲကား မိန်းမတွေနှင့်သာ ကိစ္စတုံးမူကား ကောင်းလေစွ။

ဟော ဟော သူကြီးသား မောင်ပွားနှင့် သူကြီးသူ ထွန်းတင်တို့ ပေါက်၍ လာကြလေပြီ။ မောင်ပွား လက်ထဲတွင် ဓားမြှောင်နှင့်။ ထွန်းတင် လက်ထဲတွင် သံတုတ်နှင့်။ မိန်းမအချို့ မင်္ဂလာဆောင်အိမ်မှ ဆင်း၍ ပြေးကြလေပြီ။ သို့သော် မပန်းအောင်နှင့် မပန်းရီတို့ကား ထီပင် မထီ။ ဂရုပင် မစိုက်။ အရေးပင်မလုပ်။ ဆဲမြဲတိုင်း၊ တိုင်းမြဲတိုင်း၊ ဆိုမြဲတိုင်း။

မောင်ပွားနှင့် ထွန်းတင်တို့ ဒေါ်ရှုဘက်မှ ကူ၍ ဆဲကြလေပြီ။ ရွာသားများ မည်သူမျှ မကပ်ဝံ့ကြ။ တော်တော်ဆိုးတဲ့ အကောင်တွေ။ မပန်းအောင်၏ ယောက်ျား မောင်သာအိက အိမ်မှ ပြေးလာပြီးလျှင် ထွန်းတင်အား ဓားနှင့် ခုတ်လေပြီ။ မောင်ပွားက သာအိအား ဓားမြှောင်နှင့် ထိုး၏။ ထွန်းတင်နှင့် သာအိ နှစ်ယောက်သား ပုံလျက်လဲနေကြလေပြီ။ ဟောဟိုမှာ သာအိညီ ကဇန်းနှင့် ဘိုးကျားတို့ ပေါက်လာကြပြီ။ ဆွဲကြပါဦး။ ဆွဲကြပါဦး။ သည်တစ်ခါ ခက်တော့မယ်။ လှံတွေကိုယ်စီနှင့် ဆွဲသူကဆွဲ၊ ဖက်သူက ဖက်ထားကြ၏၊ မနိုင်။ မောင်ပွားဘက်မှ ကူညီရန် ထွန်းအောင်နှင့် ထွန်းမောင်တို့ ညီအစ်ကိုလည်း မှိန်းကြီးတွေကိုယ်စီနှင့်။ ခက်ကုန်ပြီ . . . ခက်ကုန်ပြီ၊ လုပ်ကြပါဦး၊ သူကြီးကို အကြောင်းကြားမှပေါ့။ သူကြီးအိမ်မှ မောင်းကွဲထုသံကြီး ဆူညံနေပြီ။ တစ်ရွာလုံး အုတ်အုတ်ကျက်ကျက်။ သူကြီးလည်း မနိုင်တော့ပြီ။ သူကိုယ်တိုင်ပင် ဤ စစ်ပွဲတွင် ပါဝင်နေသလားမပြောတတ်။ ဆွေမျိုးတွေအားလုံး မီးဆက်

ကုန်ကြလေပြီ။ အနား အနီး ရွာများကပင် ဆူညံနေသော အသံကြီးကို ကြားကြရကုန်၏။ ဤရန်ပွဲကြီး မည်မျှကြာမည်မသိ။ နောက်တစ်နေ့၌ တပေကုလားရွာသူရွာသား ၂၀ ခန့် ဆေးရုံသို့ ရောက်၍ နေကြလေသည်။

တစ်ရွာလုံး တိတ်လျက် နေပေပြီ။ ဘုန်းတော်ကြီး ဦးဇဝနကျောင်းတွင် မွေးထားသော အောင်နက်၊ ဂျိုကာ၊ အာဝါဒေး စသော ခွေးများလည်း ထမင်းငတ်ကြကုန်၏။ ဘုန်းတော်ကြီး ဦးဇဝနကိုယ်တိုင်ပင် ဆွမ်းမဝတဝသာ ဘုန်းပေးမည် ဟူသော ဓုတင်ကို ကျင့်ရလေ၏။ ဆွမ်းပို့သူမရှိ။ ဆွမ်းခံ၍ ရသမျှနှင့်ပင် တင်းတိမ်ရရှာလေတော့သည်။ အဆိုပါရန်ပွဲကြီးကား ရွာသူရွာသားတို့ကိုသာ ထိခိုက်သည်မဟုတ်။ ဘုန်းတော်ကြီး ဦးဇဝနကိုပင် ထိခိုက်သော ဟူ၏။

ဘုန်းတော်ကြီး ဦးဇဝန တပေကုလားရွာသို့ ရောက်သည်မှာ သုံးဝါပင် ရှိလေပြီ။ ယခုကဲ့သို့ တစ်ခါမျှ ခေါင်းပါးခြင်း မဖြစ်ခဲ့ဖူး။ မိမိတပေကုလားသို့ မကြွလာမီ ထိုကျောင်းတွင် ထိုင်ခဲ့သော ဘုန်းကြီး ဦးဝိဇယက လက်ထက်တော်အခါက တပေကုလား ရွာသားများနှင့် မသင့်တော်သောကြောင့် တော်တော်ပင် ခေါင်းပါးခဲ့လေသည်။ အကြောင်းကား ဦးဝိဇယကိုယ်တော်က ငါးဖမ်းခြင်း၊ ငါးပိလုပ်ခြင်းတို့ဖြင့် အသက်မွေးခြင်းသည် မကောင်းသော အသက်မွေးခြင်းဖြစ်သည်ဟူ၍ ဟောတော်မူသောကြောင့် ဖြစ်လေသည်။

ဘုန်းတော်ကြီး ဦဇဝနကား ဘုန်းတော်ကြီ ဦးဝိဇယကဲ့သို့မဟုတ်။ အင်းသားတွေနှင့် ဆန့်ကျင်ဘက် ဖြစ်သော တရားကို မဟော။ တစ်သက်ပတ်လုံး သူတကာ၏အသက်များကို သတ်ဖြတ်၍ နေသော်လည်း သေခါနီး ကောင်းသောဇောကို ဝင်လိုက်လျှင် ကောင်းရာသုဂတိသို့ လားရသည် ဟူ၍ ပုံတွေ ဝတ္ထုတွေနှင့် ဟောလေ့ရှိ၏။ ထိုတရားကို ဟောကြားသည့် နေ့မှစ၍ ဘုန်းတော်ကြီး ဦးဇဝနကျောင်းတွင် ဆွမ်းအုပ်တွေ မနည်းပြီ။ ကန်တော့ပွဲတွေ မနည်းပြီ။ ကျောင်းသားလည်း မနည်းပြီ။

ဘုန်းတော်ကြီး ဦးဇဝနမှာ တရားဟောသော နေရာတွင်သာ ခေတ်ဆန်သည်မဟုတ်။ ကျောင်းသားများအား စာသင်ကြားသော နေရာတွင်လည်း ခေတ်ဆန်လေသည်။ ကျောင်းသားများ၏ စိတ်ကို ချုပ်ချယ်ခြင်း မပြု။ သူတို့အား လွတ်လပ်စွာ ထား၏။ ကျောင်းသားများ ကျောင်းတက်

ချင်သော အချိန်တွင် ကျောင်းတက်နိုင်၏။ အလျင်းကျောင်းမတက်ဘဲ နေလိုက နေနိုင်၏။ သင်ကြားလိုသော စာကို သင်ကြားနိုင်၏။ ထင်သလို နေနိုင်သော ကျောင်းတည်း။

ထိုသို့ လွတ်လပ်ခွင့်ကို ပေးထားသောကြောင့် မဟုတ်လော။

ကျောင်းသားများ ထမင်းဟင်း စားသောက်ပြီးကြလျှင် ကျောင်းတွင် တစ်ယောက်မျှ မရှိ။ တပေကုလား ချောင်းထဲတွင် ရေကူးသူကူး၊ ငါးဖမ်းသူက ဖမ်း၊ ဂဏန်းနှိုက်သူက နှိုက်၊ လွတ်လပ်လိုက်တဲ့ ကျောင်းသားတစ်တွေ။ အင်္ကျီ လုံချည်ဆို၍ မကပ်ကြ။ ခေါင်းတုံးပြောင်ပြောင်၊ ကိုယ်ရောင်မည်းမည်း၊ သရဲကလေးတွေနှင့်မခြား ဆေးပြင်းလိပ်တွေ ပါးစပ်ထဲ ခဲထားကြသေး။ အရွယ်ကလေးတွေက ကိုးနှစ် ဆယ်နှစ်သာ။

ထိုကျောင်းသားများအနက် နောင်နှစ်ပေါင်း လေးငါးဆယ်လွန်မြောက်လျှင် တစ်ယောက်တလေ မြန်မာပြည် သမ္မတ မဖြစ်ဘူးဟူ၍ မည်သူ ပြောကြားနိုင်အံ့နည်း။ သမ္မတဆိုသည်မှာ အများသဘောတူလျှင် ဖြစ်စတမ်း။

*ဂန္ထလောက၊ တွဲ-၁၇၊ မှတ်-၁၀၂။*
*(ဇူလိုင်လ၊ ၁၉၃၃)*

# နယ်ပိုင်မင်း

ဆယ်ပေပတ်လည် အခန်းကလေးအတွင်း စိတ်ရှုပ်၍ နေသူကား နယ်ပိုင်မင်း မောင်လူအေးဖြစ်၏။ ထိုဆယ်ပေပတ်လည် အခန်းကလေးကား နယ်ပိုင်မင်း၏ ရုံးခန်းဖြစ်လေသည်။ ထိုအခန်းနှင့် မျက်နှာချင်းဆိုင်အခန်းကား နယ်ပိုင်မင်း၏ တရားခွင်ဖြစ်၏။ ဘေးချင်း ကပ်လျက်နေသော အခန်းကား နယ်ပိုင် စာရေးများ၏ အလုပ်ခန်း၊ ကျောချင်းကပ် အခန်းကား ရာဘက်တရားသူကြီးဦးဘသော်၏ အခန်းတည်း။ အောက်ထပ်တွင်ကား တရားခံများချုပ်ထားရာ အခန်း။ ဘီလစ်၏ အခန်း၊ ရှေ့နေများ နေရာအခန်းများရှိလေသည်။ ဤမျှနှင့် နယ်ပိုင်ရုံးတော်၏ ပုံပန်းပေါ်လောက်ပြီ။

မောင်လူအေးသည် မိမိရုံးခန်းအတွင်း အလုပ်ရှုပ်၊ စိတ်ရှုပ်နေခိုက်တွင် ရာဘက်တရားသူကြီး ဦးဘသော်က သက်သေများအား ငေါက်နေသော အသံကို အတိုင်းသားကြားရ၏။ 'မောင်မင်းကို မေးတာက တခြား၊ မောင်မင်းဖြေတာက တစ်မျိုး။ ငါဘာကို ရေးရမလဲ၊ ရုံးတော်ကို မောင်မင်း စိတ်ထဲမှာ ဈေးထင်သလား၊ အောင်မယ်၊ ပြုံးနေပြန်ပြီ။ ငါ့များ မင်းရည်းစား ထင်နေသလား၊ သက်သေလိမ်ပြီးထွက်မယ် မကြံနှင့်၊ အခုထောင်ကျသွားမယ်' စသော အသံများသည် ထရံနှစ်ဖက်ကို ထိုးဖောက်ပြီး သကာလ မောင်လူအေး၏ နားထဲသို့ စူးဝင်၍ သွားတော့၏။

အခြားဘက် အခန်းတွင်ကား နယ်ပိုင်စာရေးကြီး ဦးဘတိုးက အခွန် လာသွင်းသူများ နောက်ကျသောကြောင့် ဆူပွက်လျက် နေ၏။

'ခင်ဗျားတို့ကို ချိန်းထားတာ လေးငါးရက်ရှိပြီ။ အခုမှလာလို့ ကျုပ်

ဘာလုပ်တတ်မှာတုံး၊ ဒဏ်ငွေသာ ပေးပေတော့၊ ခင်ဗျားတို့ ဘိုးအေ နယ်ပိုင်က တောင်းပန်လို့ ရမှာမဟုတ်ဘူး’ စသောအသံများသည် လည်း မောင်လူအေး၏ ရှုပ်နေသော နားအတွင်းသို့ ချင်းနင်း ဝင်ရောက် လျက်နေ၏။

ဒုတိယစာရေး ဖန်ကတုံး မောင်ဖျန်စိန်ကား မိမိရှေ့စားပွဲပေါ်တွင် တင်ထားသော စာရင်းစာအုပ်တွေ အမှုတွဲတွေ တစ်ပုံကြီးနှင့် အလုပ် ရှုပ်လျက်နေ၏။ ဤမျှ အလုပ်ရှုပ်နေစေကာမူ ဆေးလိပ်ကိုကား လက်မှ မချ။ စီးကရက်တစ်လိပ်ပြီးတစ်လိပ် ဖွာလျက်နေ၏။ တတိယစာရေး ဘကွန်းကား ဘာအလုပ်ရှုပ်နေမှန်း မသိ။ အခန်းထဲတွင် ဟိုလျှောက် သည်လျှောက်နှင့် နေ၏။

ရုံးပြာတာ ဖြစ်ကြကုန်သော ပန်ဒစ်နှင့် မဟာရန်တို့ကား နယ်ပိုင် အခန်းထဲသို့ အမှုတွဲတွေ စာရွက်တွေယူကာ ဝင်လာ၊ အခန်းထဲမှ ယူသွား စရာ ရှိတာတွေကို ယူသွားကာနှင့် အလုပ်များနေရှာကြကုန်၏။ ခုဝင် ခုထွက်နှင့် ခြေညောင်းစရာ။ နယ်ပိုင်စားပွဲပေါ်၌ကား စာရွက်တွေ အမှုတွဲတွေနှင့် ရှုပ်နေလိုက်သည်မှာ အပ်ချစရာပင်နေရာလပ်မရှိ။ စားပွဲ ပေါ်တွင်မျှ မကသေး၊ အနီးရှိ ကုလားထိုင်တွေမှာလည်း အလွတ်မရှိ။ အနားရှိ ဗီရိုပေါ်တွင်လည်း အလွတ်မရှိ၊ ကြမ်းပြင်ပေါ်တွင်လည်း အလွတ်မရှိ။ များလိုက်တဲ့ ဖြစ်ခြင်း၊ မောင်လူအေး ယင်းတို့ကို မြင်လျှင် စိတ် အပင်ပန်းကြီး ပင်ပန်းလျက်နေတော့၏။

ဤသို့ စိတ်ပင်ပန်းစွာနှင့် အလုပ်တွေကို ကြည့်နေစဉ် အပြင်ဘက် မှ ပြာတာ မောင်ဘိုးရွှေသည် အသံဝါကြီးဖြင့် ကျယ်လောင်စွာ ‘လျှောက်လွှာ လျှောက်လွှာ နယ်ပိုင်မင်း လျှောက်လွှာ’ ဟူ၍ သုံးကြိမ် တိုင်တိုင် အော်လိုက်ပေ၏။ သူ၏ အသံကြီးကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် တစ်ရုံးလုံး တိတ်ဆိတ်၍ သွားလေတော့၏။ ထိုအသံဝါ ကြီးမှာ ပဲ့တင်ထပ်၍သွား၏။ ကိုက်တစ်ရာ အတွင်းမှပင် ကြားရ၏။ တကယ့်အသံကြီးဖြစ်ပေသည်။

ပြာတာ မောင်ဘိုးရွှေ၏ ‘လျှောက်လွှာ’ ဆိုသော ပဲ့တင်သံကြီးမှာ မစဲမီ အင်္ကျီညစ်ညစ် လုံချည်ညစ်ညစ် ဆံပင်စုတ်ဖွားနှင့် လျှောက်လွှာ တစ်စောင်ကို ကိုင်ကာ အခန်းတွင်းသို့ မိန်းမတစ်ယောက်ဝင်၍လာ၏။ အသူနည်း။ မဘုမ ဖြစ်ပါသည်။ အဘယ်ကြောင့်လာပါသနည်း။ မနေ့က မရွှေသောင်း၏ ခွေးနက်ကြီးက မိမိအား ကိုက်သောကြောင့် တရားစွဲရန်

ဖြစ်ပါသည်။ ကိုက်တတ်သော ခွေးကိုမွေးထားပြီး အဘယ်ကြောင့် ကောင်းစွာ မသိမ်းထားပါသနည်း။ ဤအမှုကား လူကြီးရုံးနှင့် သင့်တော်၏။ လူကြီးရုံးသို့ လွှဲလိုက်လေသည်။

ထို မဘုမမှာ ထွက်သွားမည် မလုပ်သေး။ ခေါင်းပေါင်းစ ထောင်ထောင်၊ မျက်နှာပြောင်နှင့် လူတစ်ယောက် လျှောက်လွှာကလေးကိုင်ကာ လူကြီး လူကျယ်တစ်ယောက်နှင့် တူလေသည်။ အဘယ်ကြောင့် လာပါသနည်း။ အင်္ဂလာ သူကြီးနှင့်ပတ်သက်၍ လျှောက်ထားရန် ဖြစ်ပါသည်။ အင်္ဂလာ သူကြီးသည် မိမိအား မတရား ဒဏ်ရိုက်လိုက်သဖြင့် ထိုသူကြီးအား စစ်ဆေးပြီး အပြစ်ပေးရန် လျှောက်ထားခြင်းဖြစ်လေသည်။ မောင်လူအေးလည်း မိမိ၏ နေ့စဉ်မှတ်တမ်းစာအုပ်ကို ဖွင့်၍ကြည့်၏။ ရက်ချိန်းတွေ ပြည့်နေပြီဖြစ်သောကြောင့် ဆိုင်ရာ မြို့ပိုင်ထံ စစ်ဆေးရန် ပို့လိုက်၏။

ထိုလူ ထွက်သွားသည်နှင့်တစ်ပြိုင်နက် ဝင်၍လာသူကား တရုတ်အစန်ဖြစ်၏။ တစ်နေ့က အင်းမရွာတွင် အလုပ်မရှိ လူမိုက်ဘွဲ့ရ ငဘိုးညန်က အလကားသက်သက် နေ့လယ်ကြောင်တောင်တွင် လမ်းလျှောက်နေခိုက် ပါးနားရိုက်သဖြင့် နာကျင်စေမှုနှင့် တရားစွဲရန်ဖြစ်၏။ ထိုအမှုကား ဒုတိယမြို့ပိုင်ကလေးနှင့် သင့်လျော်လေသည်။ သူ့အား လွှဲပေးလိုက်၏။

အောင်မယ်၊ ဗျင်းစွဲသူကြီး ဘိုးရွှေအုပ် ပါကလား။ ဘာကိစ္စပါလိမ့်။ လျှောက်လွှာကြီးကို ဆုပ်ထားလိုက်သည်မှာ ကြေမွ၍ပင် သွားပေပြီ။ နောက်နားကလည်း လူလေးငါးယောက်၊ ရွာကော်မတီဘိုးလှ၊ ဘသောင်း၊ ဦးကုလားတို့ ပါကလား၊ အကြောင်းများ ထူးလာကြသလား။ အင်း လူဆိုးဘိုးမောင်ရွာထဲတွင် သောင်းကျန်းနေသောကြောင့် တစ်ရာ့ တစ်ဆယ် လုပ်ရန် လျှောက်ထားကြပေသကိုး။ လျှောက်တာကတော့ ကောင်းပါရဲ့ သည်အကောင် တကယ်ပဲ ဆိုးသလား သူကြီးမင်းရဲ့၊ ဆိုးမှလည်း လုပ်ကြပါ။ မတော်တဆ လူကောင်းဖြစ်နေပါ့မယ်။ သူတို့အားလုံးကို စစ်ဆေး၏။ ပြီးလျှင် ဘိုးမောင်ကို ဖမ်းရန် ဝရမ်းထုတ်ပေးလိုက်လေသည်။ သူကြီးလည်း ပြုံးလျက်ထွက်သွား၏။ ငါလိုသူကြီးကို ဘယ်လိုအကောင် မှတ်သလဲ ဟု ကြိမ်းဝါး သွားပုံရလေသည်။

ထို့နောက် ဝင်လာကြသူတို့ကား ၁၅-ယောက်ခန့်ရှိလေသည်။ အသက် ခပ်ကြီးကြီးလည်းပါ၏။ အသက်ခပ်ငယ်ငယ်လည်းပါ၏။

အဝတ်အစား ပြောင်ပြောင်နှင့်လည်းပါ၏။ အဝတ်အစား ညစ်ထေးစွာနှင့် ယောက်ျားက အများ၊ မိန်းမက သုံးလေးယောက်၊ ကလေးသုံးယောက်လည်း သူတို့၏ မိဘများနှင့် ပါလာ၏။ ဘုမသိ ဘမသိ ကြောက်ရမှန်း မသိ၊ လန့်ရမှန်းမသိ၊ မျက်လုံးကလေးများကြောင်တောင်တောင်နှင့် နယ်ပိုင် မောင်လူအေးအား ကြည့်နေကြကုန်၏။ ထိုလူစုတွင် ခေါင်းဆောင်ဟူ၍ မှတ်ထင်ရသော အသက် ငါးဆယ်ခန့်လူ၏ လက်ထဲတွင် လျှောက်လွှာတစ်စောင်ပါ၏။ ထိုလျှောက်လွှာက အခြားမဟုတ်၊ မကြာမီက ဓားပြတို့ကို မခုခံသောကြောင့် အစိုးရမင်းက ဒဏ်ရိုက်ထားသည်ကို ချမ်းသာပေးရန် ဖြစ်၏။ အဘယ် ချမ်းသာပေးနိုင်မတုံး။ အထက်အစိုးရမင်းတို့ ဒဏ်ရိုက်သည်ကို မိမိက အဘယ်မှာလျှင် ချမ်းသာခွင့် ပေးနိုင်ပါအံ့နည်း။ ကျေနပ်အောင် ပြော၍ လွှတ်လိုက်ရ၏။ ထိုလူ ဆယ့်လေးငါးယောက်တို့မှာလည်း မကျေနပ်။ စိတ်ပျက်ပျက်နှင့်ပင် ထွက်၍ သွားကြလေတော့၏။

သူတို့လူသိုက် ထွက်သွားပြီးနောက် လျှောက်လွှာကိုင်၍ ဝင်လာသူမရှိ။ ရှင်း၍ သွားပေပြီ။ သက်မကြီးကို ချကာ နာရီမော်၍ကြည့်၏။ တော်တော်အချိန်နှောင်းသွားပေပြီ။ စားပွဲပေါ်တွင် ပုံနေသော အလုပ်တို့ကို လုပ်ရတော့အံ့။ ဝမ်းမြောက်စွာ စီးကရက် တစ်လိပ်ကို မီးညှိ၍ဖွာ၏။ ပြီးမှ မပြီးသေးမီ ပြာတာ မောင်ဘိုးရွှေ ဝင်လာပြီးလျှင် လေးထောင့် စာရွက်ကလေးတစ်ခုကိုပေး၏။ ဝိဇ္ဇာဘွဲ့ရ မောင်စံသိန်းဆိုသူက တွေ့လိုကြောင်း စာရွက်ကလေးတည်း။ ဝင်လာရန် အမိန့်ပေးလိုက်၏။ ဝိဇ္ဇာဘွဲ့ရ မောင်စံသိန်းဝင်၍ လာလေသည်။ ဝိဇ္ဇာတို့ဘာဝ ခန့်ခန့်ညားညားပေပင်။ ဝန်ထောက် စာမေးပွဲ ဝင်လိုသောကြောင့် အကျင့်စာရိတ္တကောင်းကြောင်းလက်မှတ်တောင်းရန် ဖြစ်၏။ ထိုဝိဇ္ဇာကလေးနှင့် တစ်ခါနှစ်ခါ တွေ့ကြုံဖူး၏။ လက်မှတ်ကို ရေးပေးလိုက်လေသည်။ မပြန်သေး။ ကျေးဇူးတင်စကား ပြောနေသေး၏။ အောင်မယ်လေးဟဲ့နော်၊ ရရင်တော်ရောပေ့။ စကားရှည်နေရသေး။ ငါ့အလုပ်တွေ ကြည့်ပါပေတော့လား။ အလုပ်တွေများနေသောကြောင့် စကားရှည်ရှည် မပြောနိုင်၍ ဝမ်းနည်းကြောင်း ပြော၍ လွှတ်လိုက်ရ၏။

ထွက်သွားလေပြီ။ အလုပ်လုပ်ရတော့အံ့။ အဘယ်မှာ လုပ်ရဦးမည်နည်း။ ရာဇဝတ်ဝန်ထောက် ပေါက်လာပြန်ပြီ။ တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ် လုပ်ရန် လာရောက်တိုင်ပင်ခြင်း ဖြစ်လေသည်။ စီးကရက်

သောက်ရန် ပေးပြီး တော်တော်ကြာအောင် ဆွေးနွေးနေရ၏။ မောင်လူအေးကား များစွာ စိတ်မပါလှ။ မိမိရှေ့တွင် ပုံ၍နေသော အလုပ်များ ဘယ်သို့ ကုန်အောင် လုပ်ရမည်နည်းဟူ၍သာ စိတ်ကူးထုတ်လျက်နေရ၏။

ရာဇဝတ်ဝန်ထောက်မင်းနှင့် စကားပြော၍မျှမပြီးသေး။ ပြာတာပန်ဒစ်ဝင်လာ၍ ကြေးနန်းစာတစ်စောင်ကိုပေး၏။ ဖွင့်၍ ဖတ်လိုက်ရာ ဧရာဝတီမြစ်ရေတိုးသဖြင့် အစိုးရတာများ ပြိုမှာကို စိုးရိမ်ရသောကြောင့် ချက်ချင်းသွား၍ စီမံရန်ဖြစ်လေသည်။ အဘယ်သို့ လုပ်ရအံ့နည်း။ ခက်တော့တာပဲ၊ မနက်ဖြန်လည်း အမှုတွေ ချိန်းထား၏။ ယနေ့လည်း အမှုတွေစစ်ရန် ရှိသေးသည်။ အလုပ်များရတဲ့အထဲ ဒါတွေက လာရှုပ်ပြန်ပြီ။ တာခေါင်းတို့၊ တာဗိုလ်တို့၊ တာဝန်ထောက်တို့၊ အရေးပိုင်တို့ ရှိပါလျက် မိမိတို့လို ဘာမဆိုင် ညာမဆိုင် အလုပ်များပြီးသားသူတို့ကို အဘယ်ကြောင့် အလုပ်ပေးရပြန်ပါသနည်း။ မနက်ဖြန်ကို သွားရန် စီမံရ၏။ ချိန်းထားသော အမှုများကို ပြန်၍ ရက်ရွှေ့ရပြန်၏။ ဤသို့ အလုပ်ရှုပ်နေသည်ကို မြင်လျှင် ရာဇဝတ်ဝန်ထောက်မင်းလည်း အားနာလာသဖြင့် နှုတ်ဆက်ကာ ထွက်၍သွားတော့၏။

ဤကိစ္စတော့ဖြင့် ပြီးသွားပြီ။ ရှေ့တွင်ပုံနေသောအလုပ်များကို စ၍လုပ်ရတော့အံ့။ အမှုတွဲတစ်ခုကို ဖွင့်၏။ ကလောင်ကိုကိုင်၏။ စာတစ်လုံးနှစ်လုံးကို ရေး၏။ ရေး၍မျှ မပြီးသေး၊ မြို့ပိုင်မင်း ပေါက်လာလေသည်။ လက်ထဲတွင် အမှုတွဲတွေ တစ်ပုံကြီးနှင့် ဘာကြောင့်လာပါလိမ့်။ လူခွန် မြေခွန် ကိုင်းခွန် ဂရန်စသော အခွန်တော်အမျိုးမျိုးအတွက် တိုင်ပင်ရန် လာခြင်းဖြစ်လေသည်။ အတော်ကြာအောင်နှစ်ယောက်သား ခေါင်းချင်းဆိုင်ကာ အကြံထုတ် ဉာဏ်ထုတ်နေကြ၏။ အကြံရခက်သဖြင့် ခေါင်းကိုက်လုမတတ်။

ဤသို့ ခေါင်းရှုပ်နေကြသည်အတွင်း ကြေးနန်းစာတစ်စောင် ရောက်လာပြန်၏။ လန့်၍ သွားလေသည်။ ဖောက်၍ဖတ်လိုက်ရာ စစ်ကွင်းသူကြီးအား ဓားပြများ သတ်သွားကြောင်း ချက်ချင်းလိုက်သွားရန် ပါလေသည်။ 'ချက်ချင်း' ဆိုသော စကားသည် ခက်လှပေ၏။ အမိန့်ပေးသောသူ၌ကား လွယ်ကူ၏။ လိုက်နာရသောသူ၏အဖို့ကား ခက်နေရပါသနည်း။ ယခု ချက်ချင်းထွက်သွားပါက ယနေ့ချိန်းထားသော အမှုတွေ၊ ရှေ့တွင်ပုံနေသောအမှုတွဲကို မည်သို့လုပ်ရပါအံ့နည်း။ မနက်ဖြန်ဆိုလျှင်

အစိုးရတာအတွက် သွားရဦးမည်။ ထိုနှစ်မျိုးစလုံး အရေးကြီး၏။ အဘယ်သို့ လုပ်ရအံ့နည်း။ မနက်ဖြန် ခေးပြမှု ဖြစ်ရာသို့သွားလျှင် ကောင်းလေရဲ့။ အကယ်၍ တာကျိုးသွားက မခက်ပေလော။ ဤသို့ တွေးတောရင်း အချိန်ကုန်ခဲ့၏။ မြို့ပိုင်မင်းလည်း အကြံမပေးတတ်။ အလိုက်သိစွာ နှုတ်ဆက်၍ ထွက်သွားခဲ့ဘိ၏။ နာရီကိုကြည့်လိုက်ရာ နှစ်ချက်ထိုးနေပြီ။ ဘာအလုပ်မျှလည်း မပြီးသေး။

သည်တစ်ခါ အသေအချာလုပ်တော့မည်ဟူသော မျက်နှာထားနှင့် ကလောင်ကို တင်းတင်းကြီးကိုင်၏။ ကလောင်လက်ထဲသို့ ရောက်၍မျှ မကြာသေးမီ ခေါင်းပေါင်းစ တထောင်ထောင်နှင့် လူနှစ်ယောက် အကြောင်းမကြားဘာမကြား ရှေ့သို့ရောက်၍လာကြ၏။ ကုလားထိုင် တွေဆွဲ၍ထိုင်ကြ၏။ ဆေးတံကြီးများ ကိုက်လို့၊ ဘယ်သူတွေပါလိမ့်။ တော်တော်ရဲတဲ့ လူတွေပါကလား။ အောင်မယ်လက်ထဲမှာလည်း စာအုပ်ကြီးတွေနှင့်ပါကလား။ ဖြတ်ပိုင်းစာအုပ်တွေလည်းပါရဲ့ ထီလက်မှတ်ရောင်းသူတွေလော၊ အောင်မယ်လေးဟဲ့ လူတွေ အလုပ်များတုန်းမှ ရောက်လာကြတယ်။ ကိုင်း . . . ကိုင်း ဘာကိစ္စလာကြပါလိမ့်။ ကြို့ပင်ကောက် မိဘမဲ့ကျောင်းအတွက်အလှူခံ ပုဂ္ဂိုလ်များပေတည်း။ သြော် တော်တော် အားကြပါပေရဲ့နော်။ စကားနည်းလိုသဖြင့် ချက်ချင်းပင် ငွေနှစ်ကျပ် အိတ်ထဲမှထုတ်၍ ပေးလိုက်၏။ ပြန်ကြပါတော့။ အောင်မယ်လေးဟဲ့၊ မောင်မင်းကြီးသားတွေ ဘယ်ပြန်ကြဦးမလဲ။ နှစ်ကျပ်ဟာ နည်းပြန်သတဲ့။ အနည်းဆုံး ၁ဝိ လောက်ထည့်ဖို့ ကောင်းတယ် ဆိုကိုး။ သူတို့ကတော့ အားနေကြတဲ့လူတွေ၊ တရားကျအောင် ပြောနိုင်ကြမပေါ့။ သည်မှာ မအားတဲ့လူမှာတော့ အခက်ကြီး ခက်ပေပြီ။ ဘယ်လိုပြောလို့ မှမရ။ တောက်တဲ့ကပ် ကပ်နေတော့တာပဲ။ နောက်ဆုံး၌ အားမနာ ပါးမနာ နိုင်တော့ဘဲ နှစ်ကျပ် ယူချင်ယူ မယူချင်နေ ဟူ၍ ခပ်ဆတ်ဆတ် ကလေးပြောတော့မှ ငွေနှစ်ကျပ်ကို စားပွဲပေါ်မှ ကောက်ယူသွားကြလေတော့သတည်း။ ဖြတ်ပိုင်းကို ပေးရန်ပင် သတိမရကြ။

အင်း အေးပြီ။ အလုပ်လုပ်ရတော့မလား အောက်မေ့ပါ့ အပြင်ဘက်က ဆူညံဆူညံနှင့် ဖြစ်နေကြတာ ဘယ်သူတွေပါလိမ့်။ အစိုးရ၏ မြေသိမ်းလို့ လျော်ကြေး လာယူကြသူများ ဖြစ်လေသည်။ ငွေမရကြသေးလို့ ညနေလေးနာရီ သဘော်မမီလျှင် ခက်မည်စိုးသောကြောင့် စုရုံးစုရုံးနှင့် ဆူညံနေသူများ ဖြစ်ကြလေသည်။ ချက်ချင်း ငွေတိုက်တွင် ငွေသွား

ထုတ်စေ၍ အလှည့်ကျ မိမိတို့ရထိုက်သော ငွေများကို ဝေပေး၏။ လျော့နေ၍ ပြန်ပြောသူက ပြော၊ ပိုသွား၍ ပြန်ပေးသူက ပေး၊ ငွေအနေသဖြင့် ပြန်လဲသူကလဲ မနည်းပင် အချိန်ကုန်၍ သွားလေတော့သည်။ ထိုအထဲ လျော်ကြေးပေးတာနည်းသည်ဟု ကျိန်ဆဲ သွားသူကလည်း ရှိသေး။ အောင်မယ်လေးဟဲ့ ဒုက္ခ၊ ငွေတွေ ဝေပေးနေ သည်နှင့် သုံးနာရီ ခွဲ၍သွား၏။

လုပ်စရာတွေလည်း အများကြီးရှိသေး။ ဘယ်ဟာကို စ၍ကိုင်ရမည်ကိုပင် မသိတော့ပြီ။ ဝမ်းထဲတွင် ဟာတာတာဖြစ်၏။ ဆေးလိပ်တစ်လိပ်ကို ညှိမည်အလုပ်တွင် အင်္ဂလိပ်ယောင်ယောင် ကုလားယောင်ယောင် အမောင်ဘောင်းဘီဝတ် တစ်ယောက်ပေါက်၍လာပြန်၏။ မောင်လူအေးကား ဟစ်၍သာ ငိုလိုက်ချင်တော့သည်။ စလိုက်သည်နှင့် တစ်ပြိုင်နက် မောင်လူအေး စကားမပြောရ။ သူကသာ ပြောလိုက်သည်မှာ မောင်လူအေး ငေး၍သာ နေရ၏။ အသူနည်း၊ အသက် အာမခံတိုက်က နယ်လှည့်ကိုယ်စားလှယ်ဖြစ်လေသည်။ ပြောလိုက်တဲ့စကား အတောမသတ်ပြီ။ သူ၏ ကုမ္ပဏီကောင်းကြောင်း၊ ထိုကုမ္ပဏီတွင် အသက်ပေါင်ထားလျှင် အတိုးများစွာ ရမည့်အကြောင်းတို့ကို စိတ်ပါလောက်အောင် ပြောရှာ၏။ မောင်လူအေး နားထဲသို့ တစ်ခုမျှမဝင်။ အပြင်သို့သာ ထွက်တော့၏။ နောက်ဆုံး၌ 'အသက်မပေါင်ဘူး' ဟူ၍ တစ်ခွန်းတည်းသာပြောပြီး မိမိလုပ်လိုသော အလုပ်ကိုသာ ကောက်၍ လုပ်တော့၏။ ထိုသူလည်း အံ့အားသင့်စွာ ထိုင်နေ၏။ နောက်မှ ထွက်သွားလေတော့သည်။

လေးနာရီခွဲပြီ။ ဘာအလုပ်ကိုမျှလည်း ဟုတ်ဟုတ် ဟတ်ဟတ်မလုပ်ရသေး။ စိတ်ပျက်မိ၏။ စိတ်တိုမိ၏၊ စိတ်ကောက်မိ၏။ ဤသို့နေခိုက် ကျယ်လောင်စွာသော သီချင်းသံကို တရားခွင် အခန်းဆီမှ ကြားလိုက်ရ၏။ စိတ်ပေါက်ပေါက်နှင့် ထွက်ကြည့်လိုက်ရာ ဘကြီးသားပုလိပ် နှစ်ယောက်အကြားတွင် လက်ထိပ်နှင့် ရပ်နေသည်ကို မြင်ရ၏။ သည်တော့မှ အရူး မောင်အောင်လှ၏ အမှုကို ချိန်းထားကြောင်း သတိရတော့၏။

အချိန်လည်း နှောင်းပြီ။ ဤအမှုကိုပင် ပြီးအောင် စီရင်မည်ဟု အမှုတွဲကို ယူကာ တရားခွင်ပေါ်တက်၏။ ရှေးဦးစွာ ထိုသူ ရူး မရူးစုံစမ်းရန် ဖြစ်၏။ အောက်ပါအတိုင်း မေးခွန်းများကို ထုတ်၏။ အောက်ပါ

အတိုင်း အဖြေများကို ရလေသည်။

မေး ။ ။ မောင်မင်း ဘယ်သူလဲ။

ဖြေ။ ။ တန်ဆောင်မုန်းလ မီးထွန်းပွဲ အလွန်စည်ကားမှာပဲ နေဉ်။

မေး။ ။ မဟုတ်ဘူး၊ မောင်မင်းအမည်ကိုမေးတယ်။

ဖြေ။ ။ ဟုတ်ကဲ့၊ ပန်းမြိုင်လည် အိုလေသာနယ်ဘွေ မျှော် လေတိုင်း။

မေး ။ မောင်မင်း ဘယ်သူ့သားလဲ။

ဖြေ။ ။ မိဘနှစ်ပါးရဲ့သားပေါ့။ ဘာလီကို သုကြိတ်မြင်တော့ လိုက်ကိုက်။

မေး။ ။ ဟုတ်ပြီ မောင်မင်း အဖေ ဘယ်သူလဲ။

ဖြေ။ ။ အဖေပေါ့ဗျာ၊ မေးနေရသေးသလား၊ အိုလေ တောမြိုင် စွန်းက။

မေး။ ။ မောင်မင်း အဖေ့နာမည်ဘာလဲ။

ဖြေ။ ။ ဦးအောင်ဇေယျပေါ့ဗျာ။ ဘာမှတ်လို့ မေးတာတုံး၊ ကျုပ် စိတ်ဆိုးလာပြီ။ ကောင်းကောင်း သီချင်းမဆိုရဘူး။ (ပုလိပ်များက ဟန့်တားရ၏။)

မေး။ ။ မောင်မင်း အဖေက ဦးအောင်ဇေယျဆိုလျှင် မောင် မင်းအမေ နာမည်ဘာခေါ်သလဲ။

ဖြေ။ ။ အောင်မယ် လာသေးရဲ့၊သိလိုရင် ပြောမပေါ့။ လှိုင် ထိပ်ခေါင်တင် မဟုတ်လားဗျ။ ကျုပ်အမေဟာ စုံဆယ်ဖြာ ပန်ထွာ ဦးတင်။

မေး။ ။ဟေ့ နေပါဦး၊ မင်းဘယ်မှာ နေသလဲ။

ဖြေ။ ။ အခု ရေသိပ်ကြီးတယ်လို့ ဆိုကြတယ်။

မေး။ ။ မောင်မင်း၊ ဘာဖြစ်လို့ သည်ကိုရောက်လာသလဲ။

ဖြေ။ ။ ခင်ဗျား ဘာလုပ်စားသလဲ၊ ဟိုမေးသည်မေးနှင့် ကြာ တော့ စိတ်မရှည်နိုင်တော့ဘူး။

မေး။ ။ မောင်မင်းနားမှာ ရပ်နေကြတာ ဘယ်သူတွေလဲ။

ဖြေ။ ။ တစ်ချက်တော့ ကြဲလိုက်ချင်သေးတယ်ကွယ်တို့၊ အမေ မသေခင်က မှာသွားတယ်။

မေး။ ။ မောင်မင်း အသက်ဘယ်လောက်ရှိပြီလဲ။

ဖြေ။ ။ မင်းနှင့် ဘာဆိုင်သလဲ၊ ငါနေတဲ့အိမ်ဟာ ငါ့အိမ်ပေါ့။ ဘယ်သူ ဆိုင်သေးသလဲ။

မေး။ ။ ကောင်းပြီ၊ မောင်မင်း အိမ်ပါပဲ။ မောင်မင်း ဆွေမျိုးသားချင်း မရှိဘူးလား။

ဖြေ။ ။ ကျုပ်တို့ ငယ်ငယ်က တယ်ပျော်စရာကောင်းသဗျာ၊ ဟား ဟား ဟား ဟား။ (ပုလိပ်များက တားရ၏)

မေး။ ။ မောင်မင်းတို့ ငယ်ငယ်က ပျော်တာ ထားလိုက်ပါဦး၊ မောင်မင်းကို ဘယ်သူ အုပ်ထိန်းသလဲ။

ဖြေ။ ။သည်အကျႌသုံးမတ်ပေးရတယ်။ ငထူးတို့ မင်းတို့ ဝတ်နိုင်မှာ မဟုတ်ဘူးကွယ်။ အို ဖော်ကွာဝေးသူမို့။

ခြောက်နာရီလည်းထိုးတော့မည်။ တစ်ရုံးလုံးလည်း မှောင်နေပြီ။ လူသံ သူသံလည်း မကြားရ။ မိမိနှင့်အရှူး အောင်လှတို့သာ ကျန်တော့သည်။ ဤအရူးမှုနှင့်ပင် အဘယ်နည်းနှင့် ပြီးအောင်လုပ်မတုံး၊ အရူး အောင်လှနှင့် အလုပ်ချင်း လွှဲလိုက်ချင်သောဆန္ဒ များများကြီးပေါ်ပေါက်ပြီးလျှင် တရားခွင်မှ ဆင်းခဲ့၏။ တောင်ပုံရာပုံသော အလုပ်တို့ကို အိမ်သို့ ယူလာရန် မှာထားပြီး ရုံးဆင်းလာခဲ့သတည်း။

*ဂန္ထလောက၊ တွဲ-၁၆၊ မှတ်-၉၅၊*
*(ဒီဇင်ဘာလ၊ ၁၉၃၂)*

# သင်ပြုတော်

မြောင်းကွေ့ရှာ အရှေ့ဘက် ကွင်းပြင်ကြီးထဲတွင် လယ်ထွန်လျက်နေသူကား မောင်နှောင်းဖြစ်လေသည်။ သူ၏အသက်မှာ ၃၀ မျှသာ ရှိသေး၏။ မိုးကလည်း ရွာတုန်း၊ မျှော့ကလည်း ကိုက်၊ ဖြုတ်ကလည်း တစ်ဖက်၊ ထမင်းကလည်း ဆာ၊ ခမျာမှာ ဒုက္ခရောက်လေတော့သည်။

ထွန်တုံးကို ရုန်းနေကြရရှာသော နွား နှစ်ကောင်တို့မှာလည်း မောင်နှောင်း၏ တံဖျာကို ကြောက်ကြသောကြောင့်သာ ရုန်းနေကြရှာ၏။ စိတ်ကားမပါလှပေ။ တစ်ခါတစ်ခါ ရပ်လျက် နေကြသေး၏။ တစ်ခါတစ်ခါ မိမိတို့ရှေ့တွင် မြင်ရသော မြက်စ မြက်နုကလေးများကို ငုံ့ကာစားရှာကြ၏။ ချမ်းလွန်းလှသဖြင့် မောင်နှောင်းရော နွားတွေပါ တုန်လျက်နေကြလေသည်။

ဤမျှ ဒုက္ခကြီးစွာ လယ်ထွန်နေရရှာသော မောင်နှောင်း၏ စိတ်ထဲတွင် မည်သို့သော စိတ်ကူးကို ထုတ်နေပါသနည်း။ သူ၏ နွားနှစ်ကောင်တို့လည်း မည်သို့သော စိတ်ကူးမျိုးကို ကူးနေပါသနည်း ဟုမေးလျှင် မည်သူမျှ ဖြေနိုင်မည်မဟုတ်ပေ။

မောင်နှောင်းနှင့် မနီးမဝေးတွင် လယ်ထွန်နေကြသော ရွာသားတို့လည်း အတော်များ၏။ ကောက်စိုက်နေကြသော ကောက်စိုက်သမတွေ ပျိုးနုတ်နေကြသော သူတွေလည်း မနည်းပြီ။ သီချင်း တကြော်ကြော်နှင့် အလွန်ပျော်နေပုံ ရကြလေသည်။

မောင်နှောင်းသည် စိတ်ကူးအမျိုးမျိုးကို ထုတ်နေသော်လည်း စိတ်ကူး မပေါက်သဖြင့် နွားများကို ခေတ္တ အနားပေးကာ ကန်သင်းပေါ်တွင် ထိုင်၏။ ဤသို့ ထိုင်လိုက်သည်နှင့် တစ်ပြိုင်နက် မိမိ၏ရှေ့ခပ်လှမ်းလှမ်းတွင် တည်ရှိသော ရွှေဘုံသာ စေတီတော်မြတ်ကို မြင်ရလေသည်။ မောင်နှောင်း အကြံကောင်းတစ်ခု ရလေပြီ။ သူ၏ မျက်နှာမှာ ရွှင်ပျ၍ လာ၏။

ထိုအချိန်ကား နံနက်စာ စားချိန်ဖြစ်လေသည်။ မနီးမဝေးတွင် ပေါက်နေသော လက်ပံပင်ကြီး အောက်သို့ သွားကာ မိမိ နံနက်က ယူဆောင်လာသော ထမင်းထုပ်ကိုယူ၏။ သို့သော် ထမင်းကို မစားသေး။ မနီးမဝေးတွင် လယ်ထွန်နေကြသော ဖိုးမှန်း၊ သံချောင်း၊ ရွှေဝက်၊ ဘောက်တူ၊ မောင်လှတို့အား 'ထမင်းစားကြစို့ဟေ့' ဟု ခေါ်လိုက်လျှင် ထိုသူတို့လည်း အသီးသီး နွားများကို ထွန်မှဖြုတ်ကြ၍ လက်ပံပင်ကြီး အောက်သို့ ရောက်လာကြကုန်၏။

တစ်ယောက်မျှ အင်္ကျီမပါ။ အားလုံး ခမောက်တွေကို ဆောင်းထားကြလေသည်။ နံငယ်ပိုင်းလေးများကို ကိုယ်စီဝတ်ထားကြ၏။ တစ်ကိုယ်လုံးလည်း ရွှံ့အလိမ်းလိမ်းနှင့် ကပ်လျက်နေလေသည်။

ရွှေဝက်၏ ခြေနှစ်ချောင်းတို့ကား သူတစ်ထူး၏ ခြေတို့ ထက်သာ၏။ အဘယ်ကြောင့်ပါနည်း၊ ကောက်ရိုးများဖြင့် ပတ်ထားသော ကြောင့်ပေတည်း။ မျှော့တွယ်ခြင်း၊ ဖြုတ်ကိုက်ခြင်း တို့ကို ကာကွယ်သည်ဟု ဆိုလေသည်။

လက်ပံပင်ကြီးအောက် နွံတည်းဟူသော သင်ဖြူးပေါ်တွင် ထိုင်မိကြလျှင် အစည်းအဝေးပွဲကြီးကို ဖွင့်လှစ်ကြလေတော့၏။

မောင်နှောင်း။ ။ ကိုင်း ထမင်း စားကြစို့ရဲ့၊ ရွှေဝက် ဘာပါတုံးကွယ့်။

ရွှေဝက်။ ။ ငါးပိနှင့်တို့စရာကွ၊ ထမင်းမြိန်လိုက်မယ့်ဖြစ်ခြင်း သံချောင်းကော ဘာပါတုံးဟေ့။

သံချောင်း။ ။ ငါကတော့ ငါးပိနှင့် တို့စရာဟေ့။ ငါ့မိန်းမလက်

ရာပေ့ါ။ လှေကကော စားစရာတွေ ဘာပါတုံးဟ။

မောင်လှ။ ။ ငါကတော့ အဆန်း၊ ငါးပိနှင့် တို့စရာတွေ မင်းတို့ထက် မသာလား၊ ဒါကြောင့် ငါထမင်းဆာတာပေ့ါ။ (ဝိုင်းရယ်ကြ၏။) ဘောက်တူကကော ဘာတွေလဲကွ။

ဘောက်တူ။ ။ မမေးပါနှင့်တော့ကွာ၊ ငါးပိနှင့် တို့စရာပဲ။ (ညည်းသံနှင့်ပြော) ငါတို့တစ်တွေ ဒီဝဋ်အတွင်းက ဘယ်တော့မှ လွတ်ကင်းမလဲ မသိဘူး။ (အားလုံး နားစိုက်နေကြ၏။) လုပ်ကိုင်ရတာလည်း နေပူမရှောင် မိုးရွာမရှောင်၊ နေထွက်က နေဝင်၊ စားသောက်နေရတာလည်း၊ ထမင်းနှင့် ငါးပိ၊ နေထိုင်ရတာလည်း တဲစုတ်၊ဝတ်ရတာလည်း နံငယ်ပိုင်း၊ အိပ်ရပြန်တော့လည်း ခြင်ထောင်မရှိ၊ စောင်မရှိ။

ဖိုးမှန်း။ ။ ငါတို့နဲ့ နွား၊ နွားနဲ့ ငါတို့ တစ်စားတည်းပါပဲကွာ၊ တိရစ္ဆာန်ဘဝ ရောက်နေကြသလိုပါပဲ။ စိတ်ပျက်ပါရဲ့။

ရွှေဝက်။ ။ တို့ ဒီကလောက် ဒုက္ခရောက်နေကြပေမယ့် တစ်လမှာ သုံးလေးရာ ရတဲ့လူတွေ ရှိလေရဲ့။

သံချောင်း။ ။ တို့ရွာကို ခဏခဏ လာတဲ့ နယ်ပိုင်ဆိုလား၊ မြို့ပိုင်ဆိုလား၊ အဲ သူတို့တော့ တစ်လ သုံးလေးရာ ရသတဲ့။ ငါတို့လောက် ပင်ပန်းမှာ မဟုတ်ပါဘူးကွာ၊ သူတို့အလုပ်ဟာ။

ဘောက်တူ။ ။ ဘာပင်ပန်းမှာတုံးကွ၊ မော်တော်ကားနဲ့လာ မော်တော်ကားနဲ့ပြန်၊ ပျော်စရာတောင် ကောင်းသေးတယ်။

(ဤအတွင်း မောင်နှောင်း စကားတစ်ခွန်းမျှ မပြောဘဲ တိတ်လျက်နေလေသည်။)

ရွှေဝက်။ ။ဟေ့ တချို့များ၊ တစ်လ ၅၀၀ဝိ တောင်ရသတဲ့။ သူတို့ကိုတော့ ဘယ့်နှယ်ဆိုမလဲ။

သံချောင်း။ ။ ငါမယုံပေါင်ကွာ။ တစ်လ ၅၀၀ဝိ ရအောင်ဟာ ဘာအလုပ်ကို လုပ်တုံး၊ လောကမှာ ဘယ်အလုပ်မှ ၅၀၀ဝိ မတန်ဘူး၊ တို့အလုပ်ထက် ပင်ပန်းတာများ ရှိသေးရဲ့လား။

ရွှေဝက်။ ။ ယုံတော့ မယုံပါဘူး။ မြို့သွားတုန်းက ဈေးထဲမှာ ကြားခဲ့ရလို့ ပြောတာပဲကွာ။

ဘောက်တူ။ ။ ၅၀၀ဝိ ဆိုတဲ့ ငွေဟာ နည်းသလားကွ၊ တစ်လ မပြောနဲ့ တစ်သက်လုံးတောင် ရဖို့ အင်မတန် ခဲယဉ်းတာပဲ။ ငါဖြင့် ငွေ ၅၀၀ဝိ ကို မြင်ဖူးရင် သေပျော်ပြီ၊ အောက်မေ့တယ်။

ဖိုးမှန်း။ ။ သေသာ သေသွားကြမယ်၊ ငါတို့တစ်တွေ ငွေ ၅၀၀၀ဝ ကို မြင်ဖူးကြမှာ မဟုတ်ပါဘူးကွာ။

မောင်နှောင်း။ ။ ဘာဖြစ်ရမှာလဲကွာ၊ မြတ်စွာဘုရားဟာ သတ္တဝါအများကို ရင်ဝယ်သားလို သနားတယ်ကွ၊ ဘယ်သူ့ကိုမှ မပိုဘူး။ ဘယ်သူ့ကိုမှ မလျော့ဘူး။ မင်းတို့ ကြားဖူးကြရဲ့ မဟုတ်လား။

ရွှေဝက်။ ။ တို့ကျောင်းက ဘုန်းတော်ကြီးဟောလို့ ကြားဖူးသားပေါ့။ အဲဒါ ဘာဖြစ်သလဲ။

မောင်နှောင်း။ ။ ဘာဖြစ်ရမှာလဲကွာ၊ ငါတို့ ဒုက္ခရောက်နေကြတာ မြတ်စွာဘုရားကို သတိမေ့ပြီး မြတ်စွာဘုရားရဲ့ အနားမကပ်ကြလို့ပေါ့။

ဖိုးမှန်း။ ။ အေး ဟုတ်တယ်ဟေ့၊ ဆက်ပြီး ပြောစမ်းပါဦးကွာ။

မောင်နှောင်း။ ။ ငါတို့တစ်တွေ မြတ်စွာဘုရားရဲ့ အနားမကပ်တော့ မြတ်စွာဘုရားက မကယ်ဘူးပေါ့။ မြတ်စွာဘုရားရဲ့အနားကို ကပ်မယ်ဆိုရင် မြတ်စွာဘုရားက ကယ်မှာပေါ့။

ရွှေဝက်။ ။ ဘယ်လို ကယ်မှာတုံး၊ လင်းစမ်းပါဦး၊ ဆရာနှောင်းရဲ့။ (ရယ်ကာမေး၏)

မောင်နှောင်း။ ။ ငါအတည်ပြောနေတာ။ နောက်နေတာ မဟုတ်ဘူး။ အကြံကောင်းတစ်ခု ရထားတယ်။ မင်းတို့ လိုက်နိုင်ကြမလား။

ဘောက်တူ။ ။ ငါ ငယ်ငယ်တုန်းကတော့ တော်တော်တီးတတ်တယ်။ အခုတော့ လယ်လုပ်နေတာနဲ့ မေ့ကုန်ပြီ။ မောင်းဆိုင်းတွေလည်း ဘယ်ရောက်ကုန်သလဲ မသိဘူး။

မောင်နှောင်း။ ။ ကိစ္စမရှိဘူး။ နည်းနည်း ထပ်ကျင့်လိုက်ရင်ရမှာပေါ့ကွာ။ ဘုန်းကြီး ဦးဂန္ဓမာကျောင်းမှာ မောင်းဆိုင်းရော၊ နှဲရော၊ ခရူသင်းရော ရမယ်၊ ခရူသင်းကို ဘယ်သူ မှုတ်တတ်တုံး။

သံချောင်း။ ။ ငါ မှုတ်တတ်တယ်ကွ၊ ဘာခက်လို့တုံး။

မောင်နှောင်း။ ။ ကောင်းပြီ၊ နေရာကျပြီဟေ့။ မင်းတို့ တတ်တာတွေ ဒီကနေ့စပြီး ကျင့်ကြပေတော့။

မောင်လှ။ ။ ကျင့်တာတော့ဟုတ်ပါရဲ့၊ ဘာလုပ်မလို့တုံး။

မောင်နှောင်း။ ။ နောင်တော့ သိမပေါ့ကွာ။ မင်းအသာနေ။ ငါပြောတာကိုသာ လုပ်ကြ၊ ကိုင်း ထမင်းဆာပြီ။ ထမင်း စားကြဦးစို့။

ဤတွင် မောင်နှောင်းတို့၏ အစည်းအဝေးပွဲကြီး ပြီးဆုံးလေတော့သတည်း။

ထို့နောက် တနင်္ဂနွေ တစ်ပတ်ခန့်ကြာသောအခါ လက်ပံဇင်ကုန်းရွာတွင် မောင်နှောင်းတို့ လူစု ကြေးစည်တွေ၊ မောင်းဆိုင်းတွေ၊ ခရူသင်းတွေ၊ နှဲတွေနှင့် ကြဲနေကြလေသည်။

မောင်နှောင်းတို့ ပိုက်ဆံခံသော ကြေးဖလား တစ်လုံးကို ကိုင်လျက် ပိုက်ဆံ ထည့်သူတို့အား ဆုအမျိုးမျိုးကို ပေးနေ၏။ မောင်နှောင်းကား ဦးဂန္ဓမာ၏ ကျောင်းတွင် ငါးနှစ်ခန့် စာသင်ကြားခဲ့ဖူး၏။ ထိုအခါ နှုတ်တက်ရထားသော ဆုတောင်းစာများမှာ ယခုအခါကျမှ အသုံးဝင်လေတော့သည်။

မောင်နှောင်းတို့ လူစုကား ရွှေဘုံသာဘုရားတွင် တန်ဆောင်းတစ်ဆောင်ဆောက်ရန် ပိုက်ဆံ ကောက်ခံနေကြခြင်းပေတည်း။

သာဓု သာဓု ကိုယ်ကျိုးကိုမငဲ့၊ သာသနာတော်ကြီး အကျိုးကို ငဲ့ပါပေသည်။

လက်ပံဇင်ကုန်းရွာမှ ငွေလေးကျပ်မျှ ရရှိခဲ့ပြီးဖြစ်၏။ ဤရွာမှ ထွက်ခဲ့ကြလျှင် အနီးအနားရွာများသို့ သွားကြသေး၏။ ထိုနေ့တွင် ငွေ အစိတ်ခန့် ရလေသည်။ တစ်နေ့လုံး နေပူကြဲကြဲတွင် ကုသိုလ်ရေးမို့ ကြိုးစားလိုက်ကြသည်မှာ မောင်နှောင်းတို့ တစ်တွေ ချွေးတလုံးလုံးနှင့်နေကြလေတော့သတည်း။

နောက်တစ်နေ့တွင်လည်း အနားမနေ အလှူခံ ထွက်ကြပြန်၏။ ယခင်နေ့က ကဲ့သို့ပင် ငွေအစိတ်ခန့် ရခဲ့ကြလေသည်။ ရသမျှသော ငွေတို့ကို မောင်နှောင်း၏ လက်တွင် ထား၏။

ဤနည်းအတိုင်း နေ့စဉ်ရက်ဆက် နီးသည် ဝေးသည်မရွေး အလှူခံ ထွက်ကြသည်မှာ နှစ်လနီးပါးပင် ကြာခဲ့လေပြီ။ တစ်ခါတစ်ရံ သင်္ဘောများကို စီး၍ပင် အရပ်တစ်ပါးသို့ သွားကာ အလှူခံကြလေသည်။

ရွှေဘုံသာ စေတီမြတ်မှာ အနည်းငယ်မျှ မထူးခြား။ ရှေးကကဲ့သို့ပင်ရှိသေး၏။ မောင်နှောင်းတို့ လူစုသာလျှင် ပိုးလုံကွင်း၊ သက္ကလတ်အင်္ကျီ၊ နောက်ပိတ်ဖိနပ်များနှင့် ဖြစ်နေကြလေသည်။

ရွာထဲတွင် တီးတိုးစကား ပြောကုန်၏။ ရွှေဝက်တို့ မဖြုံ၊ ပုလိပ်များလာ၍ စုံစမ်းကြကုန်၏။ ဘောက်တူတို့ မကြောက်။

တစ်နေ့သော် ရသမျှငွေနှင့် မောင်နှောင်း ပျောက်၍သွား၏။ ဖိုး

မှန်းတို့ လူစု လက်မှိုင်ချကြလေသည်။

မောင်လှကား ဝေစုအနည်းဆုံး ရသူဖြစ်၏။ မောင်နှောင်းလူလည် လုပ်သွားသည်ကို မခံနိုင်သောကြောင့် ပုလိပ်တို့အား အလုံးစုံကို ပြောပြ လိုက်လေသတည်း။

မကြာမီ မောင်နှောင်းနှင့်အတူ ရွှေဝက်၊ ဘောက်တူ၊ သံချောင်း၊ ဖိုးမှန်းတို့ မောင်လူအေး၏ ရုံးသို့ ပုလိပ်များ၏ လုံ့လကြောင့် ရောက်၍ လာကြရကုန်၏။ မကြာမီပင် ထောင်နန်းစံကြရလေသည်။

ရွှေဘုံသာ စေတီတော်မြတ်ကမူကား မောင်နှောင်းတို့အား ရင်ဝယ်သားကဲ့သို့ သနားတုန်းပင်။

## နံမှာနိသော်

မောင်လူအေးကား အအိပ်ကြီးသူ တစ်ယောက်ဖြစ်လေသည်။ တက္ကသိုလ်ကျောင်းမှာတုန်းက နံနက် လက်ဖက်ရည်ကို ဘယ်အခါမျှ မသောက်ရချေ။ နံနက်စာ စားရန် ခေါင်းလောင်းထိုးမှ အိပ်ရာမှ ထလေ့ရှိလေသည်။ သူတကာ နံနက်စာ စားပြီးမှ ထမင်းစားပွဲသို့ရောက်၏။ မကြာမကြာ နံနက်စာ ငတ်လေသည်။ ခေါက်ဆွဲနှင့်သာ ကျေနပ်ရသည်များ၏။

မောင်လူအေး လေးငါးခြောက်တန်းမှာတုန်းကမူကား ဘွားဒွေးကြီး သုံးကြိမ်တိုင်တိုင် နှိုးမှ အိပ်ရာမှထ၍ ကျောင်းသို့သွားလေ့ရှိ၏။

ပထမအကြိမ် နှိုးလျှင် မထသေး၊ ကိစ္စမရှိ။

ဒုတိယအကြိမ် နှိုးလျှင် မထဘဲ မနေဝံ့တော့ပြီ။ တတိယအကြိမ် နှိုး၍မှ မထဘဲနေလျှင် ဘွားဒွေးကြီး စိတ်ဆိုးသဖြင့် ဝါးခြမ်းဖြင့် ဆော်လေတော့၏။

ဤကား မောင်လူအေး၏ အအိပ်ကြီးသော ဂုဏ်ထူးဝိသေသပေတည်း။

မောင်လူအေး ကျောင်းမှထွက်၍ အလုပ်အကိုင်နှင့် ဖြစ်လာသောအခါ ထိုဂုဏ်ထူးကြီးမှာ အနည်းငယ်လျော့၍ သွားလေသည်။ ကျောင်းသား ဘဝတုန်းက တာဝန်တွေမှာ မများသေးပေ။ ယခုကား တာဝန်တွေမှာ များလာလေပြီ။ ငယ်ငယ်တုန်းက ဘွားဒွေးကြီး၏ ဝါးခြမ်းကို ကြောက်သောကြောင့် စောစော အိပ်ရာမှ ထခဲ့ရ၏။ ယခုမူကား တာဝန်ဝါးခြမ်းကို ကြောက်သောကြောင့် စောစောအိပ်ရာမှ ထလေ့ရှိလေသည်။ တာဝန်ဝါးခြမ်းက ဘွားဒွေးကြီး၏ ဝါးခြမ်းထက် အဆတစ်ရာမက တန်ခိုးကြီးမား

ပေသေး၏။ အိပ်မောကျနေရင်း ဆတ်ခနဲ လန့်၍ နိုးအောင်ပင် တတ်နိုင်သော တာဝန်ဝါးခြမ်းပေတည်း။

မနက်ဖြန် နံနက်စောစော ငါးနာရီ ထွက်သော သင်္ဘောဖြင့် မြန်မာပြည်သာရွာသို့ မောင်လူအေး သွားရပေမည်။ နံနက်စောစော လေးနာရီအချိန်တွင် အိပ်ရာမှ ထရမည်ဖြစ်၍ စောလွန်းလှသည်၊ မထချင်။ သို့သော် သင်္ဘော မမီမည်ကို စိုးရလေသည်။

နံနက်စောစော လေးနာရီထိုးသည်နှင့် တစ်ပြိုင်နက် နာရီနှိုးစက်၏ ပယောဂကြောင့် မောင်လူအေး အိပ်ရာမှ ထရ၏။ အိပ်ရာမှထ၍ မကြာမီမှာပင် အနီးအနားရှိ ဘုန်းကြီးကျောင်းမှ ကလတက်သံကို ကြားရလေသည်။

အသံကား လက်ဦးတွင် ခပ်လေးလေး၊ ထို့နောက် တဖြည်းဖြည်း မြန်၍ မြန်၍လာ၏။ နောက်ဆုံး၌ တစ်ချက်နှင့်တစ်ချက် ဆက်၍ သွားလေသည်။

ပြီးပြန်လျှင် လေးလံသော အသံများပေါ်၍ လာပြန်၏။ ယခင်နည်းအတိုင်း မြန်၍မြန်၍ လာပြီးလျှင် တစ်ချက်နှင့်တစ်ချက် ဆက်၍ သွားပြန်၏။

မောင်လူအေးမှာ မျက်နှာ မသစ်နိုင်သေးဘဲ ထိုကလတက်၏ တူရိယာသံကို စိုက်ကာ နားထောင်နေ၏။ မည်မျှ သာယာသော အသံပေနည်း။ မည်မျှ ကြည်နူးဖွယ် ကောင်းသော အသံပေနည်း။ မည်သည့် တူရိယာသံသည် ဤကလတက်သံထက် သာနိုင်ပါအံ့နည်း ဟု တွေးတောကာ နေမိ၏။

ယခင်အခါက ကလတက် အသံများကို ကြားခဲ့ဖူးသည်မှာ မရေတွက်နိုင်ပြီ။ သို့သော် မည်သည့် အခါကမျှ ကလတက်သံ သာယာသည်ဟု မထင်မှတ်မိခဲ့ပေ။ နားငြီးစရာ ကောင်းသော အသံဟူ၍ပင် ကဲ့ရဲ့မိခဲ့ပေသည်။

'ဒေါင် ဒေါင်' ဟူသော ကလတက်သံ၏ သာယာခြင်းမှာ မဆိုလောက်သေး။ ထိုအသံတွင် ပါ၍လာသော အဓိပ္ပါယ်ကား မည်မျှနက်ပါသနည်း။ မည်မျှ လေးပါသနည်း။ မည်မျှ နူပါသနည်း။ စဉ်းစားကြည့်ပါက ကောင်းစွာ သိရပေလိမ့်မည်။

ထို 'ဒေါင် ဒေါင်' အသံကား နေမင်း၏ ရှေ့တော်ပြေးကြီးပေတည်း။

'နေမင်းကြီး မကြာမီထွက်ပေါ်လာတော့မည်။ အို သတ္တဝါအပေါင်းတို့ ထကြလော့ . . . ထကြလော့၊ နေမင်းကြီးကို ထ၍ ဖူးမြော်ကြပါကုန်လော့။ ရောင်ခြည်တစ်ထောင် အလင်းကိုဆောင်ကာ နေမင်းကြီးထွက်ပေါ်လာပုံကား ဆန်းကြယ်လှပေ၏။ ဤသို့ ဆန်းကြယ်စွာ ထွက်ပေါ်လာပုံကို မမြင်လိုက်ရ မရှိရလေအောင် ထကြကုန်လော့။ ထကြကုန်လော့' ဟူ၍ တိုက်တွန်းနေသော ကလတက်သံကို ကြားရလျှင် မည်သူမကြည်နူးဘဲ နေအံ့နည်း။

ကလတက်သံနှင့် အတူ ပါ၍လာသော အဓိပ္ပါယ် တစ်မျိုးလည်းရှိသေး၏။ 'ဒေါင် ဒေါင်' ဟူသော အသံကို စေ့စေ့နားထောင် ကြည့်ကြပါဘိ၊ ဤသို့ ဆိုနေပေသည်။

'အို သတ္တဝါ အပေါင်းတို့၊ ထကြလော့ . . . ထကြလော့၊ အလုပ်ခွင်သို့ ဝင်ကြလော့၊ သူတကာထက် အလျင် အလုပ်ခွင်သို့ ဝင်လျှင် သူတကာထက် ပို၍ ကြီးပွားတိုးတက်ပေလိမ့်မည်။ ဤခေတ်သည် သူတကာနှင့် အပြိုင်ဆောင်ရွက်လုပ်ကိုင်နေရသောခေတ်ဖြစ်၏။ ဤခေတ်ကားမသိသူကျော်သွား သိသူဖော်စားသောခေတ်ဖြစ်၏။ ထိုသူတို့သာ စားကြရပေလိမ့်မည်။ ထကြလော့၊ သိသူများဖြစ်ကြကုန်လော့။ လောကီ အလုပ်ကို အားမထုတ်လိုလျှင် လောကုတ္တရာအလုပ်ကို အားထုတ်ကြကုန်လော့။ နိဗ္ဗာန်သို့ သူတကာထက် အလျင်ရောက်အောင် ကြိုးစားကြကုန်လော့။ ကမ္မဋ္ဌာန်းကို စီးဖြန်းကြပါကုန်လော့။ အိပ်နေခြင်းကားအကျိုးမရှိ။ ကျန်းမာခြင်းကိုလည်း မရ၊ လောကီစီးပွားလည်း မဖြစ်ထွန်း၊ လောကုတ္တရာစီးပွားလည်း မဆောင်၊ အိုသတ္တဝါအပေါင်းတို့ အိပ်ရာမှ ထကြ၍ အလုပ်ခွင်သို့ ဝင်ကြကုန်လော့၊ ဝင်ကုန်လော့'

ဤသို့ နှိုးဆော်နေသည့် ကလတက်သံကို ကြားရသော မောင်လူအေး၏စိတ်မှာ လှုပ်လှုပ်ရှားရှား ထထကြွကြွ ဖြစ်၍လာ၏။ မောင်လူအေးတွင် တက်ကြွသောစိတ်များ တဖွားဖွား ပေါ်၍ လာကြကုန်၏။ ရှေးအခါက ဤအချိန်တွင် အိပ်ပျော်နေခဲ့သည်များကို နှမြောမိပေ၏။ ရှေးအခါက ဤအချိန်တွင် အိပ်ပျော်နေတုန်း ဖြစ်သောကြောင့် ကလတက်သံ၏ နှိုးဆော်ချက်များကို မကြားခဲ့ရပေ။ တစ်ခါတစ်ရံ ကြားခဲ့ရဖူးသော်လည်း 'ဒေါင် ဒေါင်' ဟူသော အသံကိုသာ ကြားခဲ့ရ၏။ နှိုးဆော်သော အဓိပ္ပါယ်ကို ကွက်ကွက်ကွင်းကွင်း ကြားရပေသည်။

'ဒေါင် ဒေါင်' ဟူသော ကလတက်သံကား အဓိပ္ပာယ်ကင်းမဲ့သော

အသံမဟုတ်၊ ခြောက်သွေ့သော အသံလည်းမဟုတ်။ အဓိပ္ပာယ်နှင့်ပြည့်စုံ၍ စိုပြည်သော အသံဖြစ်လေသည်။ ဤအသံကား စင်စစ်အားဖြင့် 'နိဗ္ဗာန်ဆော်ကြီး' ဖြစ်၏။ မည်သည့် တေးကဗျာသည် ကလတက်သံထက် လေးနက်ပါအံ့နည်း။ သာယာပါအံ့နည်း။ နူးညံ့ပါအံ့နည်း။

ထိုကလတက်သံ၏ အပေါ်တွင် စဉ်းစားခန်း ထုတ်နေသည်နှင့်ပင် အချိန်အတော်နှောင်းသွား၏။ ခရီးသွားစရာ မရှိဘဲ ထိုအသံပေါ်တွင်သာ ကြာကြာကလေး စဉ်းစားခန်း ထုတ်နေမည်ဆိုပါမူ မည်သို့သော စိတ်ကူးမျိုး ပေါ်လာဦးမည်မသိ။ သို့သော် သွားစရာက ရှိနေသေးသောကြောင့် စဉ်းစားခန်းကို ဖြတ်လိုက်ရလေသတည်း။

ထို့နောက် အဝတ်အစားလဲ၊ ကာဖီသောက်ပြီးလျှင် သဘော်ဆိပ်သို့ ထွက်လာခဲ့၏။ လမ်းထိပ်သို့ ရောက်သောအခါ 'နောင်နောင်' ဟူသော ကြေးစည်သံကို ကြားရလေသည်။ ထိုအသံနှင့် အတူ ခပ်လေးလေးဆွဲကာ ရွတ်လိုက်သော သူတစ်ယောက်၏ အသံကို ကြားရသဖြင့် စိုက်ကာ နားထောင်မိ၏။ ဘုရားကိုးဆူ ဆရာ၏အသံနှင့် ခပ်ဆင်ဆင်တူ၏။ သို့သော် ဘုရားကိုးဆူ၏အသံလည်း မဟုတ်ပေ။ နံနက်စောစောအိပ်ရာမှ ထကာ ဘုရားရှိခိုးသော အဘိုးကြီးများ၏ အသံမျိုးနှင့် လည်း မတူ။

ထိုမှာ ရှုလော့၊ ဝတ်ဖြူစင်ကြယ်ကို ဝတ်ကာ လျှောက်၍လာလေသည်။ လက်က ကြေးစည်ကို ဆွဲထား၏။ နှုတ်ကမူကား သာယာကြည်နူးဖွယ်ရာ ရွတ်ဆို၍ လာလေသည်။

ဤသူကား နိဗ္ဗာန်ဆော်ပေတည်း။

စောစောစီးစီး လေးနာရီ အချိန်တွင် သူတကာ၏ အကျိုးအတွက်ဆောင်ရွက်၍ နေပေ၏။ ကောင်းပေစွ . . . ကောင်းပေစွ . . သာဓု သာဓု . . .

ထိုအခိုက်တွင် ထိုအခါ၌ ထိုသူတွင် မကောင်းသော စိတ်ထား ရှိမည်မဟုတ်။သူသည် မည်မျှ စိတ်ကြည်နူးနေပေမည်နည်း။ ထိုသူ၏ စိတ်ထဲသို့ ခေတ္တမျှဝင်၍ ကြည့်ကြပါကုန်လော့။ အလွန်ကြည်နူးနေသည်ကို သိရပေလိမ့်မည်။ သူကား အပျော်ကြီး ပျော်နေပေလိမ့်မည်။

ထိုသူနှင့် ကြေးစည်တို့၏ နှိုးဆော်သောအသံကြောင့် နံနက် ဆွမ်းချက်ရန် အိပ်ရာထဲမှ လူးလိမ့်၍ ထကြလေပြီ။ လမ်းထောင့်အိမ်မှ ဒေါ်စာဥကြီး မျက်နှာသစ်နေ၏။ အိမ်ရှေ့အိမ်မှ ဦးဂေါ်ရာကြီးလည်း အော်

ကျယ်အော်ကျယ်နှင့် ဘုရားရှိခိုးစ ပြုလေပြီ။

ထိုသူနှင့် ကြေးစည်တို့၏ အသံကား မင်္ဂလာရှိသော အသံများဖြစ်ကြကုန်၏။ မကြာမီကကြားခဲ့ရသော ကလတက်သံ ကဲ့သို့ပင် နေမင်းကြီး၏ ရှေ့တော်ပြေးများပေတည်း။

သူတို့၏ အသံများကို ကြားရသောကြောင့် အိမ်ဖောက်ထွင်းရန် ကြံစည်နေကြသော သူတို့ အိမ်ပြန်ကြလေပြီ။ ထိုအသံတို့က မကောင်းမှုကို တားဆီးသော အသံတို့ ဖြစ်ကြလေသည်။ ထိုသူခိုးလောင်းတို့၏ စိတ်တွင် ရုတ်တရက်သော် ငှက်ဆိုးကဲ့သို့ ထင်မိကြပေလိမ့်မည်။ သို့သော် စေ့စေ့ တွေးကြည့်မည်ဆိုလျှင် ထိုအသံတို့ကို ကျေးဇူးတင်ကြမည်ကား မလွဲတည်း။ ထိုအသံများကြောင့်သာ မိမိတို့ မကောင်းမှု မပြုမိခြင်းဖြစ်လေသည်။ ထိုအသံများကယ်သောကြောင့်သာ ထောင်နှုတ်ခမ်းသို့ ရောက်ပြီးမှ ထောင်ထဲသို့ မရောက်ဘဲ ရှိရလေသည်။

ထိုသာယာသောအသံတို့ကား ဝေးသည်ထက် ဝေးသွားလေပြီ။ မောင်လူအေးမှာ စဉ်းစားရင်းလျှောက်၍လာလေသည်။ မြစ်ဘက်မှ လေပြည်ကလေးကလည်း တိုက်ခတ်လျက်နေ၏။ ဤအခါမျိုးကို မကြုံဖူးသူသည် လူဖြစ်ကျိုး မနပ်ဟူ၍ စဉ်းစားမိ၏။ သို့နှင့် သဘော်ာဆိပ်သို့ ရောက်လေသတည်း။

*ဒဂုန်၊ တွဲ-၁၄၊ မှတ်-၁၆၃၊*
*(မတ်လ၊ ၁၉၃၄)*

♠ ♠ ♠

## ဝည်းစိုပ်

မောင်လူအေး ဘီအေ အောင်သည်မှာ အတော်ပင် ကြာလေပြီ။ ဘီအေ အောင်ပြီးသည့်နောက် ဝန်ထောက်အလုပ်ကို ရသောကြောင့် ငွေဝင်လမ်း မှန်လျက်နေပေ၏။ ဝတ်ရေး၊ စားရေးအတွက် ပူပန်ရန် တစ်စုံတစ်ရာ မရှိ။ တင့်တင့်တယ်တယ် နေထိုင်နိုင်သူ တစ်ယောက်ဖြစ်လေသည်။

သို့သော်လည်း ယခုထက်တိုင် မောင်လူအေး သားမယားမရှိ။ တစ်ကိုယ်တည်း လူပျိုကြီး လုပ်နေသောကြောင့် မိတ်ဆွေအပေါင်းက မကြာမကြာ ပြောင်လှောင်လေ့ ရှိလေသည်။ ဤသို့ မိတ်ဆွေများ ပြောင်ကြ လှောင်ကြစေကာမူ မောင်လူအေးမှာ အမည်နှင့်လိုက်အောင်ပင် အေးအေးဆေးဆေး တစ်ယောက်တည်းပင် အပူမရှာသေးဘဲ ဘူတာကလေး လုပ်လျက်နေပေ၏။

ပညာလည်း ပြည့်စုံ၊ အလုပ်အကိုင်ကလည်း လက်ရှိ၊ ရိုးသားကြောင်းကိုလည်း အများ အသိပင်ဖြစ်သောကြောင့် မောင်လူအေးအား သမက်ဖမ်းလိုသော ယောက္ခမလောင်းများ အတော်အတန် ပေါ်ပေါက်လာခဲ့လေသည်။

မိဘများကလည်း တစ်ယောက်တည်း ရပ်ဝေးတွင်လွှတ်ထားရမည်ကို စိတ်မချသောကြောင့် သင့်လျော်သောသူတစ်ယောက်ယောက်၏ သမီးနှင့် နေရာချလိုသဖြင့် မောင်လူအေးအား မကြာ မကြာ စာလှမ်း၍ ပေးလေ့ရှိ၏။ မောင်လူအေးလည်း အေးအေး နေပါရစေဟူ၍သာ လျှင် မိခင် ဖခင်တို့ထံသို့ စာပြန်လိုက်လေ၏။ ဤနည်းအတိုင်း မောင်လူအေးမှာ အသက် ၃၀ နီးပါးရောက်၍ လာလေတော့သတည်း။

ယခုအခါတွင်ကား မောင်လူအေးသည် အထက်အညာ ဧရာဝတီ မြစ်ကမ်းပေါ်တွင် တည်ရှိသော မြို့တစ်မြို့၌ ဝန်ထောက်အလုပ်ဖြင့် နေထိုင်လျက် ရှိ၏။ ဧရာဝတီမြစ်ဘက်သို့ မျက်နှာပြု၍ ဆောက်ထား သော အိမ်တွင် မိမိအစေခံများနှင့်အတူ တစ်ကိုယ်တည်း နေထိုင်လျက် ရှိပေ၏။

အစေခံဆိုရာမှာလည်း များများစားစားမရှိ။ မောင်သူနှင့် သူ၏ မယား မယ်အေး၊ သမီးကလေး သန်းမေပါ သုံးယောက်သာ ရှိလေသည်။ မိမိသွားလေရာပါသော ကြောင်ကြီးနှစ်ကောင်၊ ကြောင်မကြီးမှမွေးသော ကြောင်ကလေး သုံးကောင်အပြင် အခြားအိမ်သားဟူ၍ မရှိချေ။ ကြောင် ကလေးများမှာလည်း ကစားတတ်တုန်းအရွယ် နှစ်လ ကျော်ကျော်သာ ရှိကြသေး၏။

အိမ် အသုံးအဆောင်ဆို၍လည်း များစွာမရှိ။ ပက်လက်ကုလား ထိုင်တစ်လုံး၊ ရိုးရိုး ကုလားထိုင် သုံးလုံး၊ စာရေးစားပွဲတစ်ခု၊ စာအုပ်တင် သော စင်ကလေးတစ်ခု၊ စာထည့်သော စာခြင်းတစ်လုံး၊ မိမိ ကောလိပ်နေစဉ်က မိတ်ဆွေများနှင့် ရော၍ရိုက်ထားသော ဓါတ်ပုံ သုံး လေးပုံသာ ဧည့်ခန်းထဲ၌ရှိ၏။

အိပ်ခန်းတွင်ကား အဝတ်သေတ္တာတစ်လုံး၊ ဖိနပ်များ ထည့်သော ဖာတစ်လုံး၊ ခေါက်ခုတင် တစ်ခုနှင့် အိပ်ရာလိပ် စောင်အစရှိသော အသုံး အဆောင်များသာ ရှိ၏။

ထမင်းစားခန်းတွင်ကား စားပွဲ၊ ကုလားထိုင် ဟူ၍မရှိ။ သစ်တုံး ကလေး နှစ်တုံးပေါ်တွင် ပျဉ်ပြားတစ်ချပ်ခင်း၍ ထမင်းစားပွဲပြုလုပ်ကာ ထား၏။ ထမင်းစားသောက်သောအခါ ကြမ်းပေါ်တွင် ထိုင်၍ စားလေ သည်။

ဤသို့ တစ်ယောက်တည်း အိမ်အသုံးအဆောင် အနည်းငယ်မျှ၊ အစေခံတစ်ယောက် နှစ်ယောက်မျှနှင့် နေထိုင်ရသည်ကို မည်သူ နှစ်သက် ပါအံ့နည်း။ မောင်လူအေးမှာမူကား သူတကာကဲ့သို့ ခမ်းခမ်း နားနား နေထိုင်ခြင်းကို မနှစ်သက်။ ယခုလက်ရှိ အသုံးအဆောင်တို့ပင် များသေးသည်ဟု ထင်ကာ ဖြုတ်ပစ်ချင်သေး၏။ လူထူး လူဆန်း တစ် ယောက်ပေတည်း။

တစ်နေ့သ၌ မောင်လူအေး ရုံးမှ စောစော ဆင်းလာခဲ့၏။ အိမ်သို့ ရောက်လျှင် အစေခံပြင်ထားသော ကာဖီခွက်တစ်ခွက်ကို သောက်၊

ဘောင်းဘီတိုနှင့် ရှပ်အင်္ကျီကို ဝတ်၊ တုတ်ကောက်တစ်ချောင်းကို ကိုင်ကာ ဧရာဝတီမြစ်ကမ်းခြေ တစ်လျှောက် လျှောက်၍လာခဲ့၏။

မိမိလျှောက်၍လာသော လမ်းတစ်လျှောက်တွင် လူသူမရှိ၊ တိတ်ဆိတ်လျက် ရှိနေပေ၏။ တစ်ရံတစ်ခါ မြစ်ထဲတွင် ငါးဖမ်းနေကြသော တံငါလှေကလေး တစ်စင်းနှစ်စင်းကို တွေ့မြင်ရ၏။ ရေစပ်တွင် ငါးကို စောင့်၍ စားနေကြသော ဗျိုင်းများကို လည်းကောင်း၊ ဒိန်ညင်းငှက်များကို လည်းကောင်း တွေ့မြင်ရ၏။ ကမ်းခြေတစ်လျှောက်တွင် စိုက်ထားသော ပြောင်းခင်း၊ ပဲခင်းတို့ စိမ်းစိမ်းစိုစိုရှိနေသည်ကို မြင်ရသည်ကိုပင် စိတ်ရွှင်လန်းလျက် နေ၏။

ထိုခဏတွင် လောကကြီးကို လုံးလုံးမေ့လျက် နေပြီးလျှင် လောက၏အပ ဖြစ်သောနေရာသို့ ရောက်နေသကဲ့သို့ ထင်မှတ်မိပေ၏။ ဤသို့ ရွှင်လန်းလျက်နေသည့်အထဲတွင် စိတ်အတွင်း၌ ဟာတာတာ ဖြစ်၍ နေ၏။ တစ်စုံတစ်ခုမှာ မပြည့်စုံသကဲ့သို့ ဖြစ်နေပေ၏။ လွမ်းသလိုလို ဘာလိုလို၊ ဘယ်လို နေရမှန်းမသိ ဖြစ်နေပေ၏။ ဤသို့ ဖြစ်ပြီး စဉ်းစားရင်းပင် အိမ်သို့ ပြန်လာခဲ့လေသတည်း။

အိမ်သို့ မှောင်မှ ပြန်ရောက်၏။ အိမ်သို့ရောက်၍ ရေမိုးချိုး၊ ထမင်း ဟင်းစားသောက်ပြီးလျှင် အိမ်ရှေ့အပြင်ဘက် ဝရန်တာတွင် ပက်လက် ကုလားထိုင်ကို ထုတ်ကာ ထိုင်ပြီးလျှင် အတွင်းဘက်မှ ထွက်နေသော မီးရောင်၌ နေ့ခင်းက ရောက်လာသော သတင်းစာ တစ်စောင်ကို ဖတ်၍ နေ၏။

လဆန်း ၁၀ ရက်နေ့ညဖြစ်သောကြောင့် လသာလျက်နေ၏။ အမြဲမပြတ် စီးဆင်းလျက်နေသော ဧရာဝတီမြစ်ပေါ်သို့ လရောင်ကျလျက် နေသောကြောင့် မြစ်တစ်ခုလုံး အရောင်တောက်လျက် နေပေ၏။ ညဦးယံ ဖြစ်သောကြောင့်လည်း လေညင်းက တိုက်ခတ်လျက်နေ၏။ အနီးအနားရှိ သစ်ပင်တို့မှ ပုရစ်အစရှိသော ပိုးမွှားတို့ကလည်း မြူးတူးအော်ဟစ်နေကြ၏။ အိမ်ရှေ့ တမာပင်ပေါ်တွင်လည်း ဒီးဒုတ်တစ်ကောင်သည် တစ်မိနစ်တွင် တစ်ကြိမ် မှန်မှန်မြည်လျက် နေ၏။ အိမ်တွင် ပေါက်ဖွားကြသော ကြောင်ကလေး သုံးကောင်မှာလည်း ကျလျက်နေသော လုံချည်စကို ဆွဲကာ ကစားနေကြလေသတည်း။

မောင်လူအေးသည် သတင်းစာကို တစ်ရွက်ပြီး တစ်ရွက်လှန်ကာ လှန်ကာ ဖတ်လျက်နေ၏။ အတန်ကြာလျှင် မိတ်ဆွေ မောင်သောင်းဖေ

ထိမ်းမြားကြောင်းကို တွေ့မြင်ရ၏။ ဤအကြောင်းကို ဆုံးအောင်ဖတ်ပြီးနောက် သတင်းစာကို ကြမ်းပေါ်သို့ ပစ်ချလိုက်၏။ မိမိရှပ်အကျႌအိတ်ထဲမှ ပိုက်ဆံနှစ်ပြားကို ထုတ်ကာ မေးစေ့တွင် ပေါက်လျက်နေသော မုတ်ဆိတ်မွေး အတိုကလေးများကို ညှပ်ကာ ညှပ်ကာ နုတ်လျက်နေ၏။ မျက်နှာကား ကြယ်တွေအစုံဖြင့် ထွန်းလင်းလျက်နေသော ကောင်းကင်သို့ မော့နေ၏။ သို့ရာတွင် မောင်လူအေး မျက်စိထဲ၌ကား လကိုလည်း မမြင်၊ ကြယ်အပေါင်းကိုလည်း မမြင်၊ မိုးကောင်းကင်ကိုလည်း မမြင် ဘာကိုစဉ်းစား၍ နေပါသနည်း။

မိတ်ဆွေ မောင်သောင်းဖေမှာ ထိမ်းမြားပြီးဖြစ်ပေပြီ။ မိမိလည်း အချိန်တန်၍ အရွယ်ရောက်ပေပြီ။ အရွယ်ရောက်ရုံမျှမက အရွယ်ပင်လွန်ပြီဟူ၍ ဆိုသူများက ဆိုကြလေသည်။ မိန်းမယူလျှင် အဘယ်သို့သော မိန်းမမျိုးကို ယူရအံ့နည်း။

ဦးဘိုးသောင်း၏ သမီး မလှဆင်သည် ရုပ်ရည် ရူပကာယ အလွန်လှပသော မိန်းကလေးဖြစ်၏။ အသက်လည်း ငယ်၏။ ချစ်စဖွယ်လည်း ကောင်း၏။ သို့သော် ဦးဘိုးသောင်း၌ ပိုက်ဆံတစ်ပြားမျှမရှိ။ မိမိကပင် စိန်နားကပ်၊ စိန်လက်ကောက်၊ စိန်ကြယ်သီးတို့ကို ဝယ်ပေးရမည် ဖြစ်ချေသည်။ မဝတ်ချင်လျှင် ကောင်း၏။ မဝတ်ချင်မှာလည်း မဟုတ်၊ မိန်းမဟူက ဝတ်ချင်သူချည်း ဖြစ်လေသည်။ တစ်ယောက်နှင့်တစ်ယောက် ဂုဏ်ပြိုင်နေသူများဖြစ်ကြ၏။ စိန်ဝတ်ချင် ရုံမျှမက မော်တော်ကား စီးချင်ပေဦးမည်။ အိမ်ကိုလည်း ခမ်းခမ်းနားနား ဆင်ချင်ပေဦးမည်။ မိမိရသော လခမှာလည်း များလှသည် မဆိုနိုင်။ ထိုလခနှင့် လောက်ငနိုင်ရန် အကြောင်းမမြင်။ 'အေးစေလိုလို့ တရားနာ၊ ပူဇာစအကျိုး' ဆိုသော စကားကဲ့သို့ မအေးရသည့်အပြင် မယားအတွက်၊ သားအတွက် ပူပင်စရာတွေ များလာရန် အကြောင်းရှိ၏။ ဤသို့ အပူအပင်တွေ များလာရသည်ထက် ယခုလို လူပျိုကြီး လုပ်နေရသည်ကပင် ကောင်းသေး၏။

ဦးရွှေဘိုကား အလွန်ချမ်းသာကြွယ်ဝသော မြေပိုင်ရှင်ကြီးတစ်ဦး ဖြစ်လေသည်။ သားသမီးဆို၍လည်း မစိုးခင်တစ်ယောက် တည်းသာ ရှိ၏။ ဥစ္စာပစ္စည်းအတွက် အနည်းငယ်မျှ စိုးရိမ်ရန်မရှိ။ စိတ်အေး လက်အေးနှင့် လုပ်ကိုင်စားသောက်ရုံ ရှိလေသည်။ သို့သော် မစိုးခင်မှာ အလွန်အရုပ်ဆိုးသည်ဟု ကြားရ၏။ ဤသို့ အရုပ်ဆိုးသော မယားနှင့် အတူတူ ပွဲလမ်းသဘင်သို့ ယှဉ်တွဲ၍ သွားမည်ဆိုလျှင် သူတကာ ကဲ့ရဲ့

စရာအကြောင်းမြင်၏။ မောင်လူအေးမှာ ငွေမက်သော သိုက်သမားပါက လား ဟူ၍ ဆိုမည်ကို စိုးရိမ်ရန်အကြောင်းလည်း ရှိလေသည်။ သူတကာ ကဲ့ရဲ့မည်ကို စိုးရိမ်ရစေကာမူ ကြေးငွေပေါများကြွယ်ဝသူ၏ သမီးဖြစ် သောကြောင့် မိမိအပေါ်၌ မယားက အနိုင်ကျင့်မည်ကိုလည်း စိုးရိမ်ရန် ရှိသေး၏။ မိမိဩဇာမရှိဘဲ မယား၏ ဩဇာလွှမ်းမိုးမည်ကိုလည်း စိုးရိမ် မကင်းဖြစ်မိ၏။

ဝန်ထောက် ဦးသော်တာ၏သမီး မခင်လတ်မှာ ရုပ်လည်းသင့်တင့် ၏။ ဦးသော်တာမှာလည်း ကြေးငွေ အတော်အတန် ပေါများ၏။ သို့ရာ တွင် ဝန်ထောက်ကတော်ကြီး မရွှေမှာ အလွန်စက်အလှည့်ကောင်းသည် ဟု ကျော်ကြားလေသည်။ သူ့သမီးကို ယူလျှင် သူ့စက်အလှည့်ကို ခံရ မည်ကား မလွဲတည်း။

သူဌေး ဦးကြွယ်၏သမီး မလှတင်မှာ ရုပ်လည်းချော၊ သဘော လည်းကောင်း၊ အပြောလည်း ပါ၏။ ဆိုစရာ မရှိပြီ။ သို့သော် မလှတင် ၏ အစ်ကို မောင်တင်မောင်မှာ အလွန်ရမ်းကားသော အရက်သမားဖြစ် ၏။ အပျော်အပါး လိုက်ပြီးလျှင် သူတကာနှင့်လည်း မသင့်မတင့် ဖြစ်၏။ ဤလူမျိုးနှင့် ယောက်ဖတော်ရလျှင် နေရာမကျ။

စက်သူဌေး ဦးဒါလီ၏ သမီး မသောင်းတင်မှာ အလွန်တော်သည် ဟူ၍ သတင်းကြားရလေသည်။ ဥစ္စာပေါ၊ သဘောကောင်း၊ အပြောပါ ရုပ်လည်းချော၊ အလွန်ပင် သင့်တင့်လှပေ၏။ သို့သော ဦးဒါလီသည် မိမိမယားကြီး သေဆုံးပြီးနောက် များမကြာမီ မယားငယ်တစ်ယောက် ယူ၏။ ထိုမယားမှာ မိမိသမီး မသောင်းတင်ထက်ပင် သုံးနှစ်ငယ်သေး သည်ဟု ကြားရ၏။ ဤသို့ မယားငယ်ငယ်ကလေးကို ယူထားသော အဘိုးကြီးအား ယောက္ခမတော်၍ နေရာမကျ။

ပွဲကတော်ကြီး ဒေါ်သိန်းမေမှာ မိမိယောက်ျား ဆုံးသွားပြီးနောက် ပစ္စည်းအမြောက်အမြားနှင့် သမီးကလေး တစ်ယောက်သာကျန်ရစ်ခဲ့၏။ သမီးရော မအေပါ သဘောလည်းကောင်း၏။ သူတကာကို လည်းချစ် ခင်တတ်၏။ အရုပ်နှင့်လည်း သင့်တင့်၏။ ပြောစရာဘာတစ်ခုမျှမရှိ၊ မအေးကြည်ကလေးနှင့်ရလျှင် နေရာကျပြီ။ သို့သော် ဒေါ်သိန်းမေ၏ ဆွေမျိုးတို့မှာ အလွန်နှုတ်သီးကောင်း ဓားထက်သည့်အပြင် အမျိုးလည်း ကောင်းကောင်းမသန့်ဟု တီးတိုးစကား ပြောသံကြားရ၏။

ဤသို့တွေးတော စဉ်းစားနေသည် အတွင်း မိုးကောင်းကင်တွင်

တိမ်တိုက်ကြီးသည် အနောက်ဘက်မှ တက်၍ လာပြီးလျှင် လမင်းကို ဖုံးကွယ်လိုက်၏။ ဧရာဝတီမြစ်အတွင်း ငှက်ခတ်သွားသောအသံကို ခပ်မှန်မှန် ကြားရ၏။ အိမ်ရှေ့ တမာပင်အထက်မှ ဒီးဒုတ်မှာလည်း တစ်မိနစ် တစ်ကြိမ် အစဉ်အတိုင်း မှန်မှန်ပင် မြည်လျက် ရှိနေသေး၏။ တောင်ဘက်ရှိ နယ်ပိုင်ဝန်ထောက် အိမ်မှာလည်း 'ဦးကလိန်သီချင်း' ဓာတ်ပြား ဖွင့်နေသည်ကို သဲ့သဲ့ကလေးကြားနေရ၏။ ထိုအသံများသည် မောင်လူအေး၏ စိတ်ထဲတွင် ဝေး၍ ဝေး၍ သွားကြလေကုန်၏။ အတန်ကြာလျှင် လုံးလုံးပင်ပျောက်၍သွားကြ၏။ မောင်လူအေးလည်း ပက်လက်ကုလားထိုင်ပေါ်တွင် တရှူးရှူးနှင့် အိပ်ပျော်လျက် နေတော့ သည်။

ဤစည်းစိမ်ထက် အဘယ်စည်းစိမ် သာနိုင်ပါအံ့နည်း။

*ဂန္ထလောက၊ တွဲ-၁၂၊ မှတ်-၇၁၊*
*(ဒီဇင်ဘာလ၊ ၁၉၃၀)*

# အလုပ်လက်မဲ့

ဤခေတ်သည် အလုပ်လက်မဲ့ပေါသော ခေတ်ကြီးပါတကား။

အစိုးရ အမှုထမ်းများ အလုပ်လက်မဲ့ဖြစ်ကြ၊ သူဌေးတိုက်ကြီးတို့တွင် စာရေးလုပ်နေသူများ အလုပ်လက်မဲ့ဖြစ်ကြ၊ ကူလီများ အလုပ်လက်မဲ့ ဖြစ်ကြနှင့် ခွအကျကြီး ကျနေကြလေပြီ။

အလုပ်အကိုင် ရပြီးသူတို့ပင် အလုပ်လက်မဲ့ ဖြစ်ကြရလျှင် အလုပ်မရသေးသော သူတို့ အလုပ်ရရန်ကား မည်မျှ ခဲယဉ်းပေမည်နည်း။ ဝိဇ္ဇာဘွဲ့ ရသူတွေ၊ သိပ္ပံဘွဲ့ ရသူတွေ အလုပ်လက်မဲ့ဖြစ်ကုန်ကြပြီ။ ဥပစာတန်းစာမေးပွဲအောင်သူတွေ အလုပ်လက်မဲ့ဖြစ်ကုန်ကြပြီ။ ၁၀-တန်းစာမေးပွဲအောင်သူတွေ အလုပ်လက်မဲ့ ဖြစ်ကုန်ကြပြီ။ ခုနစ်တန်း အောင်မြင်သူတို့အဖို့ကား အသို့ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

မြန်မာပြည်ရှိ ကျောင်းပေါင်း များစွာတို့တွင် ပညာသင်ကြားလျက်နေကြသည့် သောင်းပေါင်းများစွာသော ကျောင်းသားတို့ အဖို့ အလုပ်ကား စဉ်းစား၍ပင် မပေါ်ပြီ။ ဤအလုပ်လက်မဲ့ တည်းဟူသော ပင်လယ်ကြောတွင် မျောပါ၍ နေကြကုန်သော သူတို့အား အဘယ်မေခလာသည်လာ၍ ကယ်တင်ပါအံ့နည်း။ အလုပ်ရှာရင်းပင် ပျက်စီးနစ်မွန်းကြရတော့မည်လော။

မောင်လူအေးကား မိမိတွင် အလုပ်လက်ကိုင် ရှိသော်လည်း အလုပ်လက်မဲ့ဖြစ်နေကြသော မိတ်ဆွေများ၊ ဆွေမျိုးတော်စပ်သူများအတွက် တွေးတော ပူပန်မိလေသည်။

ယနေ့ညနေ ကုက္ကိုဝရွာမှ မဲဇလီရွာသို့ သွားရန် အလို့ငှာ ရန်ကုန်မှလာသော ဧရာဝတီ မီးသင်္ဘောကို မောင်လူအေး စောင့်စား၍ နေ၏။

လေးနာရီထိုးလျှင် ပေါက်၍လာလေသည်။ သဘော်ာဆိုက်သည်နှင့်တစ်ပြိုင်နက် ပစ္စည်းများကို တင်ပြီးလျှင် သဘော်ာ အထက်ထပ် ပထမခန်းထဲတွင် ဝင်၍ထိုင်၏။ ထိုအခန်းထဲတွင် အသက် ၂၀ ခန့် သနားကမားလုလင်ပျိုတစ်ယောက် ပါလာလေသည်။ ဝတ္ထုစာအုပ်တစ်အုပ်ကို ဖတ်၍နေ၏။

ကုက္ကိုဝရွာမှ သဘော်ာထွက်လာ၍ အတန်ကြာလျှင် ထိုလုလင်ပျိုနှင့် မောင်လူအေးတို့ စကားပြောစ ပြုကြလေသည်။ ထို့ထက် အတန်ကလေးပို၍ ကြာပြန်လျှင် စကားလက်ဆုံ ကျနေကြလေတော့သတည်း။

သူတို့နှစ်ယောက် ပြောကြားကြသော စကားများကို နားထောင်ကြည့်ကြစမ်းပါ။ အလုပ်လက်မဲ့ အကြောင်း ဖြစ်ပါသည်။

'မောင် ဘယ်က လိုက်လာသလဲ'

'ရန်ကုန်က လိုက်လာပါတယ်'

'သြော် ကျောင်းကိစ္စထင်ပါရဲ့'

'မဟုတ်ပါဘူး၊ အလုပ်သွားရှာတာပါပဲ'

'ရခဲ့ရဲ့လား'

'ဘယ်ရမလဲ၊ ကျွန်တော်က ၁၀ တန်းအောင်တာ လေးနှစ်ရှိပါပြီ။ အခုတောင် အလုပ်ရှာလို့မရသေးဘူး။ အလုပ်ရှာရတဲ့ စရိတ်လည်း တော်တော်ကုန်ပါပြီ။ အိမ်က မိဘများလည်း သိပ်ညည်းတာပဲ'

'မောင် လိုချင်တာက ဘာအလုပ်မျိုးလဲ'

'ဘာအလုပ်ပဲဖြစ်ဖြစ်၊ အလုပ်ဆိုရင် ပြီးတာပဲ၊ အခုတော့ ၁၀ တန်းအောင်ပြီး အလုပ်မရှိ၊ မိဘတွေရဲ့ ပစ္စည်းတွေကို ထိုင်စားနေတာ တော်တော်ကြာပြီ။ အားလည်း နာစရာပဲ'

'လခ ဘယ်လောက်ရမှ လုပ်မယ်လို့ စိတ်ကူးထားသလဲ'

'လခ ဘယ်လောက်ရရ လုပ်မယ်ခင်ဗျ၊ ကုန်ကုန်ပြောလိုက်မယ်၊ လခ မရတောင် အကူစာရေးကပဲ လုပ်ရ လုပ်ရ ကိစ္စမရှိပါဘူး။ ကျွန်တော့်မိဘရဲ့ ပိုက်ဆံနဲ့ စားပြီးလုပ်မယ်၊ အလုပ်ရှိတယ်ဆိုရင် တော်ပါပြီ။ ဂျပိုးလို့ သူတကာကဆိုတာ အခံရ ဆိုးလွန်းလို့'

'မောင်ရင် အလုပ်သွားရှာတာ ရန်ကုန်အပြင် ဘယ်မှာများ သွားရှာသေးသလဲ'

'ရန်ကုန်အပြင် ဘယ်မှာအလုပ်ရနိုင်ပါ့မလဲ၊ ရန်ကုန်မှာတောင် အလုပ်ရှာလို့ မရမှဖြင့် တခြားမှာတော့ ဝေးပါရော'

'တောရွာများမှာကော အလုပ်သွားရှာသေးသလား'

'ဟာ မဟုတ်တာ၊ တောရွာမှာ အလုပ်သွားရှာလို့ ဘယ်ရမလဲ'

'မောင်ရင်တို့လို အင်္ဂလိပ်စာတတ်၊ မြန်မာစာတတ် ကလေးတွေ အတွက် ကျုပ် အလုပ်ရှာပေးမယ်၊ လုပ်မလား'

'အောင်မယ် လုပ်ချင်တာပေါ့ဗျာ၊ လခ ဘယ်လောက်ရရ လုပ်ပါ့ မယ်၊ ကျေးဇူးကိုလည်း မမေ့ပါဘူး'

'လက်ဦးတော့ဖြင့် လခအစိတ်လောက်ပဲ ရမယ်။ နောင်တော့ တစ် စတစ်စ နေရာကျမှာပဲ'

'အခုလို တွေ့ရတာ ကျွန်တော့်ကို နတ်သိကြား မတာပဲလို့ ထင်ပါ တယ်၊ ဘာအလုပ်ပါလဲ ခင်ဗျ'

'ကျုပ်ပြောတဲ့ အလုပ်က ပင်လည်း မပင်ပန်းဘူး၊ ဘယ်သူ့ကိုမှ လည်းမကြောက်ရဘူး၊ ကုသိုလ်လည်းရတယ်၊ သို့ပေမယ့် လုပ်ချင်တဲ့ လူတွေက ရှားတယ်'

'အောင်မယ်၊ ကျွန်တော်လုပ်ချင်ပါတယ် ခင်ဗျာ၊ အဲသည်အလုပ် ကိုသာ ပေးပါ။ ဘယ်လောက်ပဲ ပင်ပန်းတော့ လုပ်ပါ့မယ်၊ အလုပ်ကို သာ ရပါစေ'

'ကောင်းပြီ၊ အလုပ်ရပြီလို့သာ မှတ်လိုက်ပေတော့'

'အဲသည် အလုပ်ဟာ ဘာအလုပ်ဆိုတာ မသိရဘူးလား ခင်ဗျာ'

'ဆရာ အလုပ် မောင်ရင်ရဲ့၊ ဘယ်ကလောက်ကောင်းတဲ့အလုပ်လဲ'

'ကျွန်တော်လည်း လုပ်ချင်ပါတယ်၊ အမျိုးသားကျောင်းမှာလား၊ အစိုးရကျောင်းမှာလား'

'အဲသည်ကျောင်းတွေက အလုပ်ဟာ တယ်မလွတ်လပ်လှဘူး၊ လုပ်ချင်သည့်တိုင်အောင်လည်း နေရာလပ်ရှိမှာမဟုတ်ဘူး'

'ဒါဖြင့် ဘယ်မှာ ဆရာ လုပ်ရမှာလဲ'

'အင်းမ ဆိုတဲ့ ရွာကို သိသလား'

'သိပါတယ်'

'အဲသည်ရွာမှာ အိမ်ခြေ ၃၀၀ လောက်ရှိတယ်၊ ကျောင်းတစ် ကျောင်းမှ မရှိဘူး၊ ဘုန်းကြီးကျောင်းတော့ဖြင့် တစ်ကျောင်းရှိရဲ့၊ သို့ ပေမယ့် အဲသည်ကျောင်းမှာ ကလေးတွေကို စာမသင်ဘူးတဲ့၊ သည်ရွာ မှာရှိကြတဲ့ ကလေးတွေဟာ ကကြီး၊ ခခွေးကို ပုတ်ကြီးလောက်ရေးပြ တာတောင် မသိဘူးတဲ့၊ ဒါကြောင့်ရွာက လူကြီးတွေ ညည်းနေကြတယ်။

ရွာသူရွာသားတွေစုပြီး ကျောင်းတစ်ကျောင်း ထောင်ချင်လို့တဲ့၊ မောင်ရင်နဲ့ အခန့်သင့်တာပဲ’

‘ကျွန်တော်တို့ ၁၀ တန်းပညာ သင်ထားတာ သည်လို အလုပ်မျိုးနဲ့ကိုက်ပါ့မလား၊ မနုံ့ဘူးလား’

‘ဘာဖြစ်လို့ နုံ့ရမှာတုံး၊ စာရေးလုပ်တာထက်တော့ ကောင်းသေးတယ်၊ မောင်ရင်က ဘာအလုပ်မျိုးမဆို လုပ်မယ်လို့ ခုပဲပြောတာ မေ့သွားပြီလား’

‘ဟုတ်တော့ ဟုတ်ပါရဲ့၊ ကျွန်တော်က လခစား အလုပ်ကို ဆိုတာ အခုပြောတဲ့ နုံ့ချာချာ အလုပ်မျိုးကို ဆိုတာမဟုတ်ဘူး’

‘အောင်မယ်လေးဟဲ့လူ၊ သည်အလုပ်မျိုးကို နုံ့ချာ တယ်လို့ထင်ရင် ဘယ်အလုပ်ကို လုပ်တော့မလဲ၊ ကျောင်းသားအနည်းဆုံး ၅၀ လောက်ရမယ်၊ တစ်ယောက်အတွက် တစ်လ ငါးမူးပေးမတဲ့၊ တစ်လအစိတ်ဆိုတာ သေချာပေါက်ပေါ့။ စပါးပေါ်တဲ့အခါ ငါးခြောက် ငါးပိပေါ်တဲ့အခါ လာပို့ကြဦးမယ်။ ဝါဝင်ဝါထွက် ဆိုရင်လည်း လာကန်တော့ကြဦးမယ်၊ ပဝါစ လုံကွင်းစတော့ရမှာပဲ။ တစ်ရွာလုံးမှာလည်း မောင်ရင် တစ်ယောက်ပဲ အင်္ဂလိပ်စာတတ် ရှိတယ်ဆိုတော့ ဘယ်နေရာမှာမဆို မောင်ရင့်ကို လာတိုင်ပင်ကြရမယ်၊ အရေးအကြောင်းရှိရင် မောင်ရင့်ကိုပဲ လျှောက်လွှာတို့ ဘာတို့ကို လာအရေးခိုင်းရမယ်၊ မဟုတ်လား။ အမှုအခင်းဖြစ်လာလို့ ရှိရင်လည်း မောင်ရင့်ဆီလာပြီး နှီးနှောကြရမယ်။ မောင်ရင့်လို အင်္ဂလိပ်စာတတ် တစ်ယောက် ရောက်သွားမယ်ဆိုရင် ရွာသူရွာသားတွေမှာလည်း မျက်စိ၊ နား ပွင့်လင်းလာကြမယ် မဟုတ်လား၊ မောင်ရင့်သြဇာ ဘယ်လောက်ရှိမယ်ဆိုတာကို စဉ်းစားကြည့်စမ်း၊ မောင်ရင်ပြောသမျှ ရွာသားတွေ လိုက်နာကြရမယ်၊ တစ်လငွေ ၅၀ ကျပ်ဆိုတာ အနည်းကလေးပေါ့။ နေရာတကာမှာ မောင်ရင် မပါရင်ပြီးမလား။ သည်ရွာမှာနေလို့ အနေအထားကျသွားရင် အနီးအနားရွာများက မောင်ရင့်ထံမှာ အကြံဉာဏ် လာတောင်းကြရမယ်။ ဉာဏ်ပူဇော်ခတွေလည်းရမယ်မဟုတ်လား၊ ရွာသားတွေအပေါ်မှာ သြဇာရှိလာတယ်ဆိုရင် မောင်ရင်စားဖို့သောက်ဖို့ဆိုတာ ဘယ်ကုန်တော့မှာလဲ၊ ရွာမှာ နေတယ်ဆိုတော့ သုံးဖို့စွဲဖို့ ဆိုတာလည်းဘာမှ ကုန်မှာ မဟုတ်ဘူး၊ ဝတ်ဖို့ စားဖို့ဆိုတာလည်း မကုန်ဘူး။ ရတဲ့ ပိုက်ဆံကို စုမိဦးမယ်၊ အဲသည် စုမိတဲ့ ငွေနှင့် လယ်ကလေးဝယ်၊ ဥယျာဉ်ကလေးဝယ်နဲ့၊ လေးငါးနှစ်အတွင်းမှာ မြေပိုင်

ရှင်တောင် ဖြစ်နိုင်တယ်။ ဘယ်ကလောက် ကောင်းတဲ့အလုပ်လဲ၊ ရန်ကုန်မှာ စာရေးသွားလုပ် နေမယ်ဆိုရင် ဘယ်တော့မှ လူတစ်လုံး သူတစ်လုံး ဖြစ်မှာ မဟုတ်ဘူး၊ မောင်ရင်တို့ တစ်တွေဟာ အမှားကို အမှန်ထင်နေလို့ အလုပ်လက်မဲ့ ဖြစ်နေကြတာပေါ့။ အလုပ်မရှိတဲ့ နေရာမှာ အလုပ်သွားရှာလို့ ဘယ်တော့ ရမှာတုံး၊ အလုပ်ရှိမယ့် နေရာမှာတော့ မရှာချင်ကြဘူး'

'အခု ပြောပြတာ ဝမ်းသာစရာပါပဲ၊ သဘောပေါက်စရာလည်း ကောင်းပါတယ်၊ သို့ပေမယ့် ကျွန်တော်တို့ သင်ထားတဲ့ ပညာနဲ့တော့ မကိုက်လှဘူး၊ နောက်ပြီးတော့လည်း တောရွာမှာနေလို့ မဖြစ်ဘူးထင်တယ်'

'ဒါကတော့ မောင်ရင့်သဘောပေါ့။ မောင်ရင်က မြို့မှာနေပြီး အလုပ်လက်မဲ့ဖြစ်နေတာကို ကြိုက်ရင်လည်း အခုပြောတဲ့အလုပ်ကို မလုပ်နဲ့၊ ကျကျနန အလုပ်နဲ့ အကိုင်နဲ့ နေချင်လို့ ရှိရင်တော့ အခုပြောတဲ့ အလုပ်ဟာ အကောင်းဆုံးပဲ မောင်ရင်၊ အခုခေတ်မှာ အလုပ်ရှာနေကြတဲ့ လူတွေဟာ စန္ဒဂုတ် စစ်တိုက်တာလို မြို့ကြီးကိုသာ အရင်ဝင်ပြီး စီးကြတယ်။ ရွာသိမ် ရွာငယ်များကိုတော့ မေ့နေကြတာပဲ၊ နိုင်ငံခြားက လာတဲ့ တရုတ်၊ ကုလားတွေကတော့ မြို့ကြီးများကို လက်လွှတ်ပြီး ရွာသိမ် ရွာငယ်များကို ဝင်ပြီး စီးကြတယ်။ ရွာသိမ် ရွာငယ်တွေက စုဆောင်းလို့ ငွေတော်တော်ကလေး တောင့်လာတော့မှ မြို့ကြီးတွေမှာ တက်ပြီး ကုန်ဆိုင်ကြီးတွေ ကို ဖွင့်ကြတာ မောင်ရင်လည်း အသိပါပဲ'

'အခုပြောတာတွေကတော့ အဟုတ်အမှန်ချည်းပါပဲ၊ သို့ပေမယ့် ကျွန်တော်တို့ အင်္ဂလိပ်စာ သင်ထားတာက မခက်နေပေဘူးလား၊ ဘာမဟုတ်တဲ့ ကျောင်းဆရာ အလုပ်ကလေးကို သွားလုပ်မယ်ဆိုရင် ရှက်စရာမကောင်းဘူးလား'

'လာပဲ လာသေးရဲ့၊ ဘာလို့ရှက်ရမှာလဲ၊ ဒါဖြင့် အင်္ဂလိပ်စာသင် ရင် အလုပ်လက်မဲ့ ဖြစ်ရတော့မယ် ဆိုသလို ကျနေပြီ၊ ဆရာအလုပ်ထက် ဘာအလုပ်က မြတ်သေးလို့လဲ'

'နေပါဦး ခင်ဗျ၊ ကျွန်တော် တစ်ခု မေးပါရစေ'

'မေးပါ . . . မေးပါ'

'အဲသည် ကျောင်းကို အစိုးရက အသိအမှတ်ပြုမတဲ့လား၊ ဒိစတြိတ်ကောင်စီကကော အထောက်အပံ့ပေးမတဲ့လား'

'အစိုးရ အသိအမှတ်ပြုချင်ပြု၊ မပြုချင်နေ၊ ဒိစတြိတ်ကောင်စီက ထောက်ပံ့ချင်ပံ့ မပံ့ချင်နေ၊ ကိုယ့်အလုပ်ရတာသာ လိုရင်းမဟုတ်လား၊ ကိုယ် လစဉ် ကျောင်းလခ ရတာသာ လိုရင်းမဟုတ်လား၊ ကျောင်းသား ကလေးတွေ စာတတ်တာသာ လိုရင်းမဟုတ်လား။ သူတို့က အသိအမှတ် ပြုရင်တောင် လွတ်လပ်ခွင့်ကို ထိခိုက်ဦးမယ်။ ဘယ်သူမှ ဝင်မရှုပ်ဘဲ ကိုယ်ထင်တာကို သင်ကြားရရင် ကိုယ်ထင်သလို နေရရင် အကောင်း ဆုံးပဲ မဟုတ်လား။ မောင်ရင်တို့ စိတ်က တယ်ခက်တာကိုး'

'ခက်တာမဟုတ်ဘူး ခင်ဗျ၊ အစိုးရက အသိအမှတ်ပြုတဲ့ ကျောင်း မှ မျက်နှာရှိတယ်၊ ဒိစတြိတ်ကောင်စီက ထောက်ပံ့တဲ့ ကျောင်းမှ လူရို သေတယ်'

'မောင်ရင် တစ်ယောက်လည်း ခက်တော့တာပဲ၊ မျက်နှာရှိတာတွေ ကိုသာ လိုက်နေတာကိုး၊ အကျိုးရှိမယ် မရှိဘူး ဆိုတာကိုတော့ မကြည့် ဘူး။ ဒါကြောင့်လည်းအင်္ဂလိပ်စာတတ် အလုပ်လက်မဲ့တွေ မြန်မာပြည်မှာ များ နေတာ ထင်ပါရဲ့၊ ဒီလိုဖြင့် အင်္ဂလိပ်စာ မတတ်တာကပဲ ခပ်ကောင်း ကောင်း၊ အင်္ဂလိပ်စာတတ်တာ အလုပ်လက်မဲ့ဖြစ်အောင်လုပ်တာနဲ့ အတူတူပဲ'

'မှန်ပါတယ်'

ဤသို့ စကားကောင်းလာရင်း သဘော်သည် မဲဇလီရွာ၌ ဆိုက်ကပ် လေ၏။ မောင်လူအေးတို့လည်း နှုတ်ဆက်ကြပြီးလျှင် အသီးသီးဆင်း သွားကြလေသတည်း။

*ဒဂုန်၊ တွဲ-၁၄၊ မှတ်-၁၆၇၊*
*(ဇူလိုင်လ၊ ၁၉၃၄)*

၀

# ၄ပ၃

မောင်လူအေးသည် စိတ်အေး လက်အေးနှင့် နေထိုင်လိုသော်လည်း အစိုးရဘက် ဝင်မိလျက်သား ဖြစ်သောကြောင့် မောင်လူပူဖြစ်လျက်နေတော့၏။ မောင်လူအေး အလုပ်ဝင်၍ များမကြာမီပင် စပါးဈေးတွေ ကျ၊ သာယာဝတီတွင် သူပုန်တွေက ထ၊ အမြို့မြို့ အနယ်နယ်တွင် လူဆိုးတွေက ကြွနှင့် အလွန်ထူးသော ခေတ်ကြီးနှင့် ကြုံကြိုက်လျက်ရှိပေ၏။

မိမိ အုပ်ထိန်းရသော နယ်ကား အခွန်တော် တောင်းရခက်သော်လည်း တိုင်းရေး ပြည်ရေးအတွက် များစွာ မပူရ။ ဘေးပတ်လည်နယ်များက ဆူပူကြသောကြောင့် မောင်လူအေးတို့လည်းထိတ်ထိတ်နှင့်ပင် နေကြရ၏။

အရေးပိုင်မင်းက အမိန့်ပေးသောကြောင့် မောင်လူအေးမှာ နယ်စပ်သို့ ပြေးခဲ့ရ၏။ အစိုးရ သင်္ဘောပေါ်တွင် မိမိစာရေးနှင့် အစေခံများအပြင် အခြား သင်္ဘောသားတို့သာ ပါ၏။ မိမိပိုင်နယ်ဖြစ်သော ရွာစဉ်လျှောက်၍ သတင်းကို ထောက်၏။ အခွန်တော်ကို ကောက်၏။ တင်းတင်း ပျော့ပျော့၊ ချော့တန်ချော့၊ ခြောက်တန်ခြောက်၊ ဆူတန်ဆူ၊ ပူတန်ပူ၊ လုပ်၍ လာခဲ့၏။ ၁၀၉၊ ၁၁၀ လုပ်ရန် စစ်ဆေးသည့် ရွာ၌လည်း စစ်ဆေး၏။

ဤသို့လာခဲ့ရာ မိမိ၏ နယ်အဆုံး အစုကလေးဆိုသော ရွာသို့ နေဝင်ချိန်၌ ဆိုက်ရောက်၍ လာ၏။ ရွာနှင့် သင်္ဘောဆိုက်ရာကား တော်တော် လှမ်းသေး၏။ ရွာရောက်အောင် အစိုးရသင်္ဘောမဝင်နိုင်။ မော်တော် သင်္ဘောကလေးသာ ဝင်နိုင်၏။

ဝန်ထောက်မင်း လာသည် ကြားသောကြောင့် ရွာသူကြီး မောင်စစ် ဆိုက်သည် ရွာမှ မော်တော် သင်္ဘောကလေးနှင့် ထွက်၍လာလေသည်။ မောင်လူအေးအား မိမိအိမ်သို့ လာရန် တောင်းပန်ရှာ၏။ မောင်လူအေး သည် ထမင်းစားသောက်ပြီးလျှင် မိမိစာရေးကိုပါ ခေါ်ကာ အစုကလေး ရွာသို့ သူကြီးနှင့်အတူ လိုက်ပါသွား၏။

တပေါင်းလပြည့်နေ့ ဖြစ်သောကြောင့် လမင်းက သာပါပေ၏။ ချောင်းတစ်ချောင်းလုံးဖွေးနေလေသည်။ ကွင်းများကား နီကြန့်ကြန့် နေ၏။ လေပြည်ကလေးက တိုက်ခတ်နေသောကြောင့် ခပ်အေးအေး။ အထူးသဖြင့် မောင်လူအေးမှာ ဘောင်းဘီတိုကလေးကို ဝတ်ထားသော ကြောင့် ဒူးနှစ်လုံးလုံးမှာ ပိုမို၍ အေးရှာကြပေသည်။ မခံနိုင်အောင်လည်း မအေး၊ မအေးဘဲလည်း မဟုတ်။ မခံချိ မခံသာ နေ၏။

အတန်ကြာလျှင် အစုကလေးရွာသို့ ရောက်လေသည်။ ဘုရားပွဲ ကျင်းပနေရာမှ ဆိုင်းသံ ကြားရ၏။ ဆိုင်းသံ၏ သာယာခြင်းကို နားမ ထောင်နိုင်။ တိုင်းရေး ပြည်ရေး အကြောင်းကို သူကြီးနှင့် ဆွေးနွေး၏။ ရွာ စာရင်းစာအုပ်များကို ကြည့်ရှု စစ်ဆေး၏။ လူဆိုးလူမိုက်များအ အကြောင်းကို မေးမြန်း၏။ လူခွန်တော် အကြောင်းကို စုံစမ်း၏။

ဆိုင်းတီးသော အသံကိုလည်း တစ်ရံမစဲ ကြားမြဲတိုင်း ကြားနေရ လေသည်။ ဘုရားပွဲ လာသူတို့ကား ပျော်ပါးကြမည် မုချ။ သူကြီး၊ စာရေး ဝန်ထောက်တို့ကား ခေါင်းချင်းဆိုင်ကာ ဆွေးနွေး၍ နေကြရကုန်၏။ ဘယ်ဆိုင်းသံကိုမျှ နားမထောင်နိုင်။ ဘယ်ဘုရားပွဲကိုမျှလည်း ဂရုမစိုက်။ လပြည့်နေ့ဟူ၍ သတိမရ။ မိမိ၏ အလုပ်ဖြင့်သာလျှင် ရှုပ်ထွေး၍ နေကြ လေတော့သတည်း။

မကြာမီ မော်တော် သင်္ဘောကလေးနှင့်ပင် ထွက်၍ လာကြပြန် ၏။ သင်္ဘောကြီးဆိုက်ထားရာ ချောင်းဝသို့ ရောက်လျှင် သူကြီးအား နှုတ်ဆက်၍ မိမိ၏ အခန်းထဲသို့ ဝင်၏။ စားပွဲပေါ်တွင် တင်ထားသော နာရီကိုကြည့်လိုက်ရာ သန်းခေါင်ကျော်နေပြီဖြစ်ကြောင်းကိုသိရ၏။

အခွန်တော်အတွက် တိုင်းရေးပြည်ရေးအတွက် တစ်နေ့လုံး ကြိုး စား၍ လာရသောကြောင့် မောပန်းလှသဖြင့် ကုလားထိုင်ပေါ်တွင် မော မောနှင့် ပစ်၍ ထိုင်လိုက်လေ၏။ စားပွဲပေါ်သို့ ခြေနှစ်ချောင်းစလုံးလွှဲ ၍ တင်ကာ ဆောင်ရွက်ရန် ကိစ္စများကို စဉ်းစား၏။ အနားတွင် ရှိသော စီးကရက်ဘူးမှ စီးကရက်တစ်လိပ်ကို မီးညှိကာ ဖွာ၏။ မိမိအခန်းထဲမှာ

ဖြစ်သောကြောင့် ကိစ္စမရှိ။ ရန်ကုန်လမ်းတွင် ဤသို့ စီးကရက်သောက်မှုကား လောက်လေး၏ ဘေးမှ ကင်းပါ့မလား။ လူငယ်များအသင်း တောင်းပန်ရေးအဖွဲ့နှင့် တွေ့လေမလားဟု တွေးမိသဖြင့် ပြုံး၏။

မနက်ဖြန် စောစောတွင်လည်း အခွန်ကိစ္စတွေနှင့် သွားရပေဦးမည်။ ယခုလည်း သန်းခေါင်ကျော်နေပြီ။ အိပ်လေဦးမှပဲ၊ ဘောင်းဘီကို ချွတ်၊ လုံကွင်းကိုဝတ်၊ အိပ်ရာသို့ ကပ်၏။ အိပ်ရာဘေးတည့်တည့်တွင် လရောင် ဝင်နေသောကြောင့် လင်းလျက်နေ၏။ စုံစမ်းသောအခါ ထိုနေရာ ပြတင်းပေါက်မှာ မှန်တပ်ထားသောကြောင့် ဖြစ်လေသည်။ အခြားပြတင်းပေါက်တို့ကဲ့သို့ သစ်သားပြတင်းမဟုတ်။ အိပ်ရာပေါ်တွင်လှဲ၍ အိပ်လိုက်မည်ဆိုလျှင် မိမိနှင့် ကပ်လျက်နေ၏။ ထိုပြတင်းပေါက်မှ လက်လှမ်းလိုက်မည်ဆိုလျှင်လည်း မိမိအား မီလျက်နေလေသည်။

ညနေက သူကြီးပြောထားသော စကားများကို တွေးမိ၏။ သင်္ဘောဆိုက်ထားရာနှင့် မနီးမဝေး အခြားဘက်ကမ်းတွင် လူဆိုး ၁၀-ယောက်ခန့် တဲကလေးများနှင့် နေထိုင်ကြကြောင်းကို သတိရ၏။ ထိုမှန်ပြတင်းမှ ထိုတဲကလေးများ ရှိရာသို့ လှမ်း၍ ကြည့်၏။ ထိုတဲကလေးများကို မြင်ရလေသည်။ ကြည့်၍ပဲ ကောင်းသေးတော့။ လူသံဆို၍လည်း မကြားရ။ တစ်ရွာလုံး တိတ်၍ နေလေပြီ။ ထိုတဲကလေးများမှာလည်း ဘာသံမျှမကြားရ။ ရွာအစွန်းမှ ခွေးဟောင်သံကိုသာလျှင် တစ်ခါတစ်ခါ ကြားရလေသည်။

မိမိသေနတ်ကို ရှာ၏။ မတွေ့။ အိမ်တွင် မေ့နေခဲ့လေသည်။ မိမိအစေခံလည်း အိပ်နေပေပြီ။ အခြားဘက်မှလည်း မိမိစာရေးနှင့် သင်္ဘောတို့၏ အသံကို မကြားရ။ စိတ်အိုက်လျက်နေ၏။ ထိုတဲကလေးများကိုသာလျှင် စိုက်၍ ကြည့်နေပေ၏။ ထိုလူဆိုးများ မိမိရောက်ကြောင်းကို သိမည်ကား မလွဲ။ မိမိကိုကြောက်၍ ပြေးကုန်ကြမည်ဖြစ်လေသည်။ ပြေးကုန်ကြလျှင် တော်ပေ၏။ မပြေးဘဲ မိမိထံသို့ လူစုလူဝေးနှင့် လာကမခက်ပေလော။ ခုခံစရာ သေနတ်လည်း အိမ်၌ ကျန်နေခဲ့လေပြီ။

ဟာ ကိစ္စမရှိ၊ သေတစ်နေ့ မွေးတစ်နေ့၊ မင်းဖြစ်နေမှ လူဆိုးကြောက်စရာ မရှိ။ မိမိစိတ်ကို ရဲဆေးတင်၏။ ဂုဏ်တော်ကို ရွတ်၏။ အန္တရာယ်ကင်း ဂါထာကို ရွတ်၏။ ရှပ်အင်္ကျီလက်တိုကို မကာ အပြန်ပြန်အလှန်လှန် အခန်းတွင်း၌ လျှောက်၏။ အတန်ကြာလျှင် အိုက်စပြု၍ လာ၏။ ချွေးတွေ တစ်ကိုယ်လုံး ရွှဲနေလေပြီ။

လေအေးကလေးကို ခံလိုသောကြောင့် အခန်းတံခါးကို ဖွင့်ပြီးလျှင် သင်္ဘောဦး၌ ရှိသော ကုလားထိုင်ပေါ်တွင် ထိုင်၏။ ဆေးလိပ်ကို ညှိ၍ သောက်၏။ လမင်းကို မော်၍လည်း ကြည့်၏။ ကြည်လင်စွာ သာလျက် နေတော့သတည်း။ ခုနစ်စဉ်ကြယ်ကို ရှာ၏။ တွေ့၏။ အမြီးပင် ကောက် နေလေပြီ။ ဖျောက်ဆိပ်၊ မောင်ရှင်ဆိုင်းထမ်း စသော ကြယ်များကို ရှာ ပြန်၏။ တွေ့ပြန်၏။

ကမ်းခြေ တစ်လျှောက်တွင် ပေါက်နေသော သစ်ပင်တွေကို မျှော် ၍ကြည့်၏။ လေညင်းတွင် သာယာစွာ လှုပ်ရှား၍ နေကြလေသည်။ ရွာဘက်သို့ မျှော်၍ ကြည့်ပြန်၏။ တိတ်ဆိတ်လျက်ပင်။ အခြား ဘက်ကမ်းသို့ မျှော်၍ ကြည့်ပြန်ရာ ယခင် လူဆိုးတို့၏ တဲကလေး များကို မြင်ရပြန်၏။ အသာ အခြားဘက်သို့ လှည့်လိုက်လေသည်။ စိတ်မရဲ၍ ထင့်၊ ထိုတဲများမှ ဘာသံမျှ မကြား။ မီးလည်းမရှိ၊ အိပ်နေကြ ပြီလား။ ပြေးကုန် ကြပြီလား။ ဆွေးနွေး တိုင်ပင်နေကြသလား။ မည်သူ သိနိုင်အံ့နည်း။

ရေတက်နေသည်မှာ တော်တော်ကြာပြီဖြစ်သောကြောင့် မြစ်တစ် မြစ်လုံး ပြည့်လျက်နေ၏။ ထိုင်နေရာနှင့် ရေ၏ မျက်နှာပြင်ကား နှစ်ပေခန့်သာဝေး၏။ လရောင်တွင် ဖြူဖြူဖွေးဖွေး နေလေသည်။ ဂယက် ကလေးများ ထနေသည်မှာ တဖျပ်ဖျပ်နှင့် ကြည့်၍ပဲ ကောင်းသေးတော့ ၏။

ဤသို့ ရေပြင်ကို ငေး၍ ကြည့်နေခိုက် ဗေဒါပင်ကလေးတို့သည် လေညင်းတွင် ရွက်တိုက်ကာ တက်၍ လာကြကုန်၏။ ထိုဗေဒါပင်၏ ထောင်နေသော အရွက်ကလေးတို့သည် ရွက်များနှင့် တူလှပေ၏။ လေ တိုက်ရာတွင် ပါ၍ပါ၍ လိုက်လာကြကုန်၏။ အချို့မှာ တစ်ပင်ချင်း တက်လာကြလေ၏။ အချို့ကား တစ်သိုက်တစ်မြုံကြီးစုရုံး၍ လာကြလေ သည်။ အချို့သည် အလယ်ကောင်တွင် ခပ်မားမား၊ ဘေးက အပင် ကလေးများက ခြံရံ၍ လိုက်လာကြကုန်၏။ ဗေဒါဘုရင်မင်းမြတ်အား ခစား၍ လိုက်လာသော ဗေဒါ မှူးမတ်များပေတည်း။ ယင်းတို့၏ အကြား တွင် အပွင့်နှင့် ဗေဒါတို့လည်း ကွက်ကျား ကွက်ကျားတွင်ပါ၍ လာကြ လေသည်။ ပြာသာဒ်ကလေးများနှင့် တူလှ၏။ လသာသာတွင် အထူး သဖြင့် ကြည့်၍ ကောင်းလေသည်။ အပြာရောင် ဗေဒါပန်းကို လ၏ အဖြူရောင်က အုပ်လိုက်သောအခါ ကြည့်ရှုသူ၏စိတ်ကို ကြည်နူးစေ၏။

ထိုဗေဒါတို့ကား မိမိတို့ ဘာသာအလိုက် ပျော်ပါးစွာ လှည့်လည် ကျက်စား၍ နေကြကုန်၏။ ရေတက်လျှင် ရေတက်နှင့် လိုက်ပါ၍ လာကြ ကုန်၏။ ရေကျလျှင် ရေကျနှင့်အတူ ဆင်း၍ ပါလာကြပြန်၏။ ကုန်းပေါ်တွင် တင်နေပြန်လျှင်လည်း ကုန်းပေါ်မှာပင် ကြီးပွားလျက် နေကြ၏။ စုန်ချည် ဆန်ချည် အပြန်ပြန် နေထိုင်ကျက်စားကြလေသည်။

ရောက်လိုရာ ရောက်၊ ဘာကိုမျှ မကြောက်သော အပင်မျိုးပေ တည်း။ မည်သူ့အားမျှ မရွံ့။ လှေ၊ သင်္ဘော၊ လူ မည်မျှ မနိုင်။ တစ်ပင် ကို ဖျက်ဆီးလျှင် နှစ်ပင်ပေါက်၍လာ၏။ နှစ်ပင်ကို ဖျက်ဆီးလျှင် လေးပင် လေးပင်မှ ရှစ်ပင်၊ ကြာလျှင် ဖျက်ဆီးသူတို့ လက်လျှော့ ကြကုန်၏။ ထိုသို့ လက်လျှော့လိုက်လျှင် ထင်တိုင်းသွား၊ ထင်တိုင်းလာ၊ ပျော်ပါးလိုက်သည့် ဖြစ်ခြင်း။ လောကတွင် လူတို့ မနိုင်သော အရာများတွင် ဗေဒါလည်း တစ်ပါးအပါအဝင်ဖြစ်လေသည်။

ဤသို့ အတည်မကျ ရောက်လေရာတွင် ပျော်ကြသော ဗေဒါပင်တို့ အဆက်မပြတ် မျော၍ လိုက်လာကြသည်ကိုမြင်လျှင် အားကျမိ၏။ ထိုဗေဒါတို့ကား လွတ်လပ်ကြပေ၏။ မိမိမှာကား ထိုကဲ့ သို့ သွားချင်ရာသွား၊ လာချင်ရာ မလာနိုင်။ မိမိနယ်အတွင်း ကွက်ကွက် ကလေးသာ နေရ၏။

အတန်ကြာလျှင် အနီးအနားရှိ ဆန်စက်မှ နာရီပြန် နှစ်ချက်ထိုးသံ ကို ကြားမှ အိပ်ရမည်ကို သတိရလေသည်။ တစ်ခါတစ်ခါ သမ်းစ ပြုလာ ၏။ ကောင်းကင်သို့ မော်၍ ကြည့်လိုက်ရာ လမင်းမှာ သာမြဲတိုင်းပင်။ ပတ်ဝန်းကျင်တွင်လည်း တိတ်ဆိတ်၊ လူဆိုးတို့ကိုလည်း သတိမရပြီ။ အခန်းတွင်းသို့ ဝင်၍အိပ်ရာ နံနက် အစေခံနိုးမှ နိုးတော့၏။

*ဂန္ထလောက၊ တွဲ-၁၅၊ မှတ်-၈၆၊*
*(မတ်လ၊ ၁၉၃၂)*

✔

## အညာဘုရားပွဲ

အညာဘုရားပွဲကား ဘုရားပွဲလည်းဖြစ်၏၊ ဈေးပွဲကြီးလည်းဖြစ်လေသည်။ အညာတွင် ဘုရားပွဲ သွားကြသည်မှာ ဘုရားလည်းဖူးရင်း လိပ်ဥလည်း တူးရင်း၊ လိပ်မကြီးကိုလည်း ဖမ်းရင်း သွားကြခြင်းဖြစ်၏။ ဘုရားလည်း ဖူးရ၊ ပျော်လည်းပျော်ပါးကြ၊ ဈေးလည်း ရောင်းရ တစ်ချက်ခုတ် သုံးချက်ပြတ်သော အညာ ဘုရားပွဲများပေတည်း။

အညာတွင် ဘုရားပွဲသွားသူတို့သည် မိမိတို့၌ ရောင်းရန်ရှိသော အရာဝတ္ထုများကို ယူဆောင်သွားကြပြီးလျှင် ဆိုင်များခင်းကျင်း၍ ရောင်းချကြလေသည်။ တစ်ဦးတွင် ပါလာသော ပစ္စည်းကို တစ်ဦးကဝယ်နှင့် ပစ္စည်းများကို ဘုရားပွဲ၌ ဖလှယ်လေ့ရှိကြလေသည်။ နံနက်ခင်းတွင် အရောင်းအဝယ် လုပ်ကြပြီးနောက် ညနေ မိုးချုပ်လျှင် ပွဲကြည့်သူကြည့် ဘုရားဖူးသူဖူး၊ လှည့်လည် ကြည့်ရှုသူ ကြည့်ရှုနှင့် နေကြလေသည်။

အညာဘုရားပွဲကား ဘုရားပွဲနှင့် ဈေးကို တွဲ၍ထားသောကြောင့် တစ်လ ကိုးသီတင်း စည်ကားလေ့ရှိလေသည်။ ရွှေစက်တော်ဘုရားပွဲမှာ တစ်လကျော်ကျော် နှစ်လနီးပါး စည်ကား၏။ ကျောင်းတော်ရာ၊ မြသလွန်၊ ကုသိန္နာရုံ ဘုရားပွဲတို့ကား ၁၀- ရက်ထက် မနည်းစည်ကားလေသည်။

စလင်းကုသိန္နာရုံပွဲကား ကဆုန်လဆန်း ၈ ရက်၊ ၉ ရက်မှစ၍ လပြည့်ကျော် ၉ ရက်၊ ၁၀ ရက်တိုင်အောင် စည်ကားလေသည်။ ဘုရားပွဲကို စသည့်နေ့ ကတည်းက စလင်းမြို့နီစီပယ်ဈေး တစ်ဈေးလုံး ဘုရားပွဲသို့ ရောက်သွားလေသည်။ ဈေးဆိုင် တစ်ဆိုင်မျှ ဈေးအတွင်း၌ မရှိတော့ပြီ။ ဈေးတံခါးကို ပိတ်၍ ထားရ၏။ ကုန်ကုန်ပြောရလျှင် ဈေးအတွင်း၌ ခွေးများ၊ ကျီးများပင် မရှိ။ သူတို့လည်းဘုရားပွဲသို့ ရောက်

ကုန်ကြပြီဟု ထင်ရ၏။ ဈေးဝယ်လိုသူများ နံနက်တိုင်း ညနေတိုင်း ဘုရားပွဲသို့သာ သွား၍ ဝယ်ကြရလေသည်။ မြူနီစီပယ်ဈေးတွင်သာ ဆိုင်များ မရှိသည် မဟုတ်၊ ဈေးအနီး ကုလားအထည်ဆိုင်၊ တရုတ် ကုန်စုံဆိုင်တို့လည်း ဘုရားပွဲသို့ ရောက်ကုန်ကြလေပြီ။ ဤဆိုင်များသာ မကသေး၊ ကာဖီဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်၊ ခေါက်ဆွဲဆိုင်၊ အသုပ်ဆိုင်မှ စ၍ မြို့တွင်းရှိသမျှသောဆိုင်တို့မှာ ဘုရားပွဲသို့ ရောက်ကုန်ကြပြီဖြစ် သောကြောင့် တစ်မြို့လုံး တိတ်လျက်သာ နေလေတော့သည်။ ဘုရားပွဲမှာသာလျှင် ဆူညံနေတော့၏။

အဝေးအနီးရွာများမှ လာကြသော သူတို့လည်း မနည်းပြီ။ မိုင်ပေါင်း သုံးလေးဆယ်မှပင် လာရောက်ကြလေသည်။ မုန်းကမ်းတစ်လျှောက် ချင်းတောင်တစ်ဝိုက်မှလည်း လာကြကုန်၏။ မိုးတွင်းတွင် စားသောက်သုံးဆောင်ရန် ပစ္စည်းအလုံအလောက်ကို ဤဘုရားပွဲ၌သာ ရောက်ဝယ်လေ့ရှိကြလေသည်။ မိမိတို့၌ ရောင်းရန်ရှိသော ပစ္စည်းများကိုလည်း ဤဘုရားပွဲမှာပင် လာ၍ ရောင်းကြလေသည်။ ဤဘုရားပွဲတွင် လိုလေသေးမရှိရ၊ အားလုံးရနိုင်လေသည်။ အထည်အလိပ်၊ ငါးပိ၊ ငါးခြောက်၊ ကြက်သွန်၊ ငရုတ်သီး၊ ဆေးဖက်၊ ရစ်၊ ထွန်တုံး၊ ခြင်းတောင်းဓားသွေးကျောက်၊ကျောက်ပြင်မှစ၍ များလှစွာ၏။ ရေတွက်၍ ပြနေရလျှင် ဆုံးခန်းတိုင် ရောက်နိုင်ဖွယ်မရှိ။ ကုသိန္နာရုံ ဘုရားဘေးရှိ ကွင်းပြင်ကြီးမှာ အထူးစည်ကားလျက် နေတော့၏။

ထိုကွင်းပြင်ကြီးအတွင်း ကိုယ့်လူစုနှင့်ကိုယ်၊ လှည်းဝိုင်းကြီးများကို ချကာ ချက်ပြုတ် စားသောက်နေကြသည်မှာ ပျော်စရာကောင်းလှပေတော့သည်။ စားအိုး၊ စားခွက်များနှင့် လာကြသောသူတို့ပေတည်း။ အောက်အရပ်တွင်မူကား မော်တော်ဘတ်စ်၊ မော်တော်ကားတို့ ကျက်စားရာနေရာ ဖြစ်သောကြောင့် လှည်းဝိုင်းကြီးများကို ဘုရားပွဲ၌ မမြင်ရတော့ပြီ။ လှည်းဝိုင်းကြီးများ အစား မော်တော်ကား၊ မော်တော်ဘတ်စ်ဝိုင်းကြီးများကိုသာလျှင် မြင်ရတော့၏။ အခုသွား၊ အခုရောက်၊ အခုပြန်အညာဘုရားပွဲများမှာလောက် ပျော်စရာ ကောင်းမည်မထင်။ ကိုယ့်အဆက် ကိုယ်မက်လုံးကလေးများနှင့် သွားသူတို့အဖို့ကား မပြောနိုင်ပေ။

တောသူ တောင်သားတို့ကား ဤကုသိန္နာရုံ ဘုရားပွဲ အချိန်တွင် ငွေချေးယူခြင်း၊ အကြွေးဆပ်ခြင်း၊ လယ်အချခံ စာချုပ်ခြင်း၊ ပေါင်နှံခြင်း

တို့ကို ပြုလုပ်လေ့ရှိကြလေသည်။ မြို့တွင် တစ်စုံတစ်ရာ ပြုလုပ်ဆောင်ရွက်ရန် ရှိလျှင် ဘုရားပွဲတိုင်အောင် စောင့်ဆိုင်းနေလေ့ရှိနေကြလေသည်။

ဘုရားပွဲအချိန်ကျမှသာလျှင် ဘုရားပွဲသို့လာရင်း တစ်ပါတည်း ဆောင်ရွက်ဖွယ်ရှိသည်တို့ကို ဆောင်ရွက်သွားကြလေသည်။ ဘုရားပွဲအချိန်တွင် ဘုရားပွဲမှသာလျှင် လူစည်ကားသည်မဟုတ်၊ အစိုးရရုံးများတွင်လည်း လူစည်ကားသည်ပင်။ ရေစစ္စရီ စာရေးကား မအားရတော့ပြီ။ ခါတိုင်း တစ်နေ့လျှင် ရေစစ္စရီစာချုပ်သုံးလေးစောင်အပြင် မလုပ်ရ။ ဘုရားပွဲအချိန်တွင်ကား တစ်နေ့လျှင် စာချုပ်ပေါင်း ၁၅ စောင်ထက် မနည်း ပြုလုပ်ပေးရလေသည်။ ဘုရားပွဲ လာရင်းမှ စာချုပ်ဝင်၍ ချုပ်သွားကြခြင်းဖြစ်လေသည်။

မောင်လူအေးသည် ဘုရားပွဲအတွင်း တစ်ညသ၌ ညစာစားသောက်ပြီးလျှင်ပြီးချင်း အဝတ်အစား ညစ်ညစ်များကို ဝတ်စားကာ တစ်ယောက်တည်း ဘုရားပွဲသို့ ထွက်သွားသော ဟူ၏။ ညအခါ၌ဘုရားပွဲတွင် တောသူတောင်သားတို့က များသောကြောင့် မောင်လူအေးအား မည်သူမှ မမှတ်မိချေ။ မိမိတို့ကဲ့သို့ တောသားဟူ၍ပင် သဘောထားကြလေသည်။ တောသားနှင့် မောင်လူအေး၊ မောင်လူအေးနှင့် တောသား၊ တစ်စားတည်း ဖြစ်နေလေပြီ။ မောင်လူအေး ဝမ်းမြောက်မိတော့၏။ လွတ်လပ်ခြင်းကို ရလေပြီ။ တောသားများနှင့် တိုးဝှေ့ခွင့်ကိုရလေပြီ။ တောသားတို့၏ နဂိုသဘောထားအပြုအမူများကို တွေ့မြင်ရတော့မည်။

လက်ဦးဆုံး ကြက်တူရွေး ဆပ်ကပ်သို့ ရောက်၍ သွား၏။ ဆပ်ကပ်ရှေ့တွင် တောသားများ ဝိုင်းအုံနေကြသောကြောင့် တိုး၍မပေါက်။ ပိုက်ဆံပေးနိုင်သူတို့ကား တစ်ပဲစီပေး၍ ဝင်သွားကုန်ကြပြီ။ ပိုက်ဆံမပေးနိုင်သော သူတို့မှာမူ ဆပ်ကပ်ရုံရှေ့တွင် ဆွဲထားသော အရုပ်ကားများကို ကြည့်ကာသာလျှင် မှတ်ချက်ချနေကြကုန်၏။

'မူးစေ့နှင့် မတ်စေ့ကို ခွဲခြားပြီး ကြက်တူရွေးက ပြနိုင်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား' ဟု အင်္ကျီမရှိ ဆံပင်တိုတိုနှင့် လူကမေး၏။

'ဟ သင်ထားရင် တတ်မှာပေါ့ကွ၊ စကားတောင် တတ်သေးတာပဲ ကြက်တူရွေးဆိုတဲ့ အကောင်မျိုးဟာ အင်မတန် လိမ္မာတာ ကလားကွာ' ဟု မျက်နှာသုတ်ပဝါ ခေါင်းမှာ ပေါင်းထားသူက ဖြေလေသည်။

'ငါ ဝင်ကြည့်စမ်းချင် ပါဘိတော့ကွာ၊ ပိုက်ဆံမရှိလို့' ပထမလူကပြော။

'မထူးပါဘူးကွာ' ဟု ဒုတိယလူက ဆို။

ဤသို့ တောသားနှစ်ယောက် စကားဆိုနေကြခိုက် အနားတွင် ဝါးခနဲ ကလေးငိုသံကို ကြားရ၏။ အမေလုပ်သူက 'မနက်ဖြန်မှကြည့် ငါ့သား၊ မမိုက်နဲ့၊ မနက်ဖြန်မှကြည့်' ဟု ကလေးကို နှစ်သိမ့်စေလေသည်။

ကြက်တူရွေး ဆပ်ကပ်ရှေ့တွင် တောသားများနှင့် တိုးလားဝှေ့လား လုပ်နေပြီးနောက် လှည်းဝိုင်းများ ချထားရာဘက်သို့ ထွက်လာခဲ့ပြန်၏။

ထိုလှည်းဝိုင်းများ ချထားရာတွင်ကား လှည်းပေါင်းငါးရာ ခြောက်ရာထက် မနည်းပြီ။ အလွန်စည်ကားလှပေ၏။ ထိုတစ်ဝိုက်တွင် လရောင် အပြင် အခြား မီးဟူ၍မရှိ။ လှည်းဝိုင်းတစ်ဝိုက်တွင် ဟိုဖြတ်လိုက်သည် ဖြတ်လိုက်နှင့် တောသားတောသူတို့၏ ပြောကြားသော စကားတို့ကို နားထောင်၏။

အချို့မှာ ထမင်းစားရင်း နေ့ခင်းက အရောင်းအဝယ်များ အကြောင်းကို ပြောကြားနေကြကုန်၏။ ဟိုဘက် အနားတွင်ကား ညကပွဲ နှင့် လူပြက်များ၏ ပြက်လုံးတို့ကို ဖောက်သည်ချနေသောကြောင့် တဝါးဝါးနှင့် ရယ်နေကြလေသည်။ အောင်မယ် ဟိုမှောင်ရိပ်သစ်ပင်အောက်က လှည်းသမား တယောထိုးနေလိုက်တာ တယ်နားထောင်လို့ ကောင်းပါ ကလား။ တစ်ယောက်တည်း အလွမ်းသယ်နေထင်ပါရဲ့။ သူ့လက်သံ သာ သလောက် သူ့ရုပ်ရည်က ညစ်စုတ်လှပါတကား။ ဟိုဘက်နားက အမယ် ကြီးမှာကား ဖက်ဖြူ ဆေးလိပ်ကြီးကို ဖွာရင်း စည်းစိမ်ယူနေ၏။ ဘယ်သူ နှင့်မျှ စကားမပြော။ တစ်ဘက်သော နေရာတွင်ကား မိန်းမကြီး တစ် ယောက်သည် ဆယ်နှစ်ရွယ် သမီးလေးအား အရုပ်ဝယ်ပေးမည်ဆိုကာ ညာ၍ အနင်းခိုင်းနေပေသည်။ အောင်မယ် ဟောဟိုဘက်က အဘိုးအို နှင့် မြေးကလေးတို့မှာ ဘာလုပ်နေကြပါလိမ့်၊ မြေးကလေးက ထမင်း ခူးကျွေးနေ၏။ အဘိုးအိုကား အသက် ၇၀ ကျော် မြေးကလေးမှာ ၁၁ နှစ်ခန့် သူတို့မြေးအဘိုးအပြင် မည်သူမျှ သူတို့နားတွင် မရှိ၊ မြေးအဘိုး နှစ်ယောက်စကား တတွတ်တွတ်နှင့် နေကြလေတော့သည်။ ဤအဘိုး ကြီးကား မိမိအား ကူညီထောက်ပံ့မည့်သားသမီးရှိဟန်မတူ၊ သည်မြေး ကလေးနှင့်လုပ်ကိုင်စားသောက်လာပုံရ၏။ အဘိုးကြီးကား အရွယ် လွန်ပြီ။ မြေးမိန်းကလေးကား အရွယ်မရောက်သေး။ မိဘနှင့် အတူတကွ နေထိုင်ရသော မိန်းကလေးတို့ကား ပျော်တုန်း၊ ပါးတုန်း၊ ကစားတုန်း။ ဤမိန်းကလေးကား အဘိုးကြီးကို လုပ်ကျွေးနေရ ရှာပေသည်။

ဤမြေးအဘိုးတို့ကား နောင် မည်သို့ စခန်းသွားကြပေ ဦးမည်နည်း။

ဤလှည်းဝိုင်းကြီးမှ ထွက်လာပြီးလျှင် ရုံပွဲသို့ ရောက်ခဲ့ပြန်၏။ စောသေးသောကြောင့် ရုံပွဲရှေ့တွင် လူများစွာ မရှိသေးပေ။ ရုံထဲတွင်ကား ဆိုင်းဆရာများ ဆူညံစွာ ဆိုင်းတီးကာ ပွဲကြည့်လိုသူတို့ကို ဖိတ်ခေါ်နေလေသည်။ ရုံအရှေ့ရှိ ပွဲဈေးဆိုင် သုံးလေးဆိုင်တို့တွင် ထွန်းထားသော ဓါတ်မီးများကြောင့် ရုံရှေ့တစ်ဝိုက်တွင် အတော်လင်းလျက်နေ၏။ မောင်လူအေးသည် ရုံပွဲအနီး ပတ်ဝန်းကျင်တွင် မယောင်မလည် လျှောက်၍ သွားလေသည်။ လားလား ရုံဘေးနားတွင် လူတစ်ယောက်သည် ကုန်းကုန်း ကုန်းကုန်းနှင့် ဘာလုပ်နေသည် မသိ၊ မတရားကျင့်မည့် သူများပေလော။ ခါးပိုက်နှိုက်ရန် စောင့်စား၍နေသော လူပေလော။ အခင်းသွားရန် စီမံနေသော သူပေလော။ ထိုနေရာမှာ အတော်မှောင်သော နေရာဖြစ်လေသည်။ မောင်လူအေးသည် မယောင်မလည် ထိုသူအနားမှာ ဖြတ်၍ လျှောက်သွားရင်း ထိုသူ၏ အကဲကို ခတ်၏။ မောင်လူအေး ကြားရသည်မှာကား 'လက်ထဲ သည်တစ်မတ်ပဲ ရှိ၊ သည်တစ်မတ်ပဲ ပျောက်၊ တယ် ခက်တာကိုး' ဟူသော စကားပေတည်း။ ဤစကားကို ကြားရသော မောင်လူအေးတွင် စဉ်းစားစရာတွေ များစွာ ပေါ်ပေါက်၍လာလေသည်။ အကယ်ပင် ပိုက်ဆံတစ်မတ် ပျောက်သွားသောကြောင့် ရှာနေသူပေလော။ မောင်လူအေး အနားလာသောကြောင့် တမင်ဟန်ဆောင်ကာ မောင်လူအေးအား တစ်ပတ်ရိုက် လှတ်လိုက်ခြင်းပေလော။ ဤသို့ စဉ်းစားရင်းပင် ထိုနေရာမှ ထွက်ခဲ့သတည်း။

ထို့နောက် ကုသိန္နာရုံ ဘုရားပရိဝုဏ် အတွင်းသို့ ဝင်ခဲ့လေသည်။ သီချင်းဆိုကာ ပိုက်ဆံတောင်းနေသော မျက်မမြင်တစ်ယောက်၏ အနီးတွင် လူအများ ဝိုင်းလျက်နေသည်ကို မြင်ရ၏။ ထိုသူမှာ ခွေးတလုံးလုံးနှင့် နေလေတော့သည်။ သူပင် သီချင်းဆို၊ သူပင် ပါးစပ်ဆိုင်းတီး၊ သူပင် စည်းလိုက်၊ သူပင် လက်ခုပ်တီး၊ တစ်ယောက်တည်း ရှုပ်ပွေနေ၏။ မမောဘဲ နေမည်လော။ ရွှေပြည်ကြီးသီချင်းကို ဖွဲ့နွဲ့ကာ ချွဲချွဲပျစ်ပျစ်ဆိုလေသည်။ အချို့က စုတ်သတ်ကြကုန်၏။ သီပေါမင်းတရားအား တမ်း တသောကြောင့်ပေလော၊ ထိုသူ၏အဆိုမှာ ကောင်းသောကြောင့်ပေလောဟု မပြောနိုင်။ သီချင်းကို နားထောင်နေကြသော သူတို့၏ ကျေးဇူးကြောင့် ဆယ်မိနစ်အတွင်း ငွေတစ်ကျပ်ခန့် ထိုသူမှာ ရ၍သွားသည်။ အတော်ပင် နေရာကျသော အလုပ်ပါတကား။

## တော်ဝင်မြို့မစာအုပ်တိုက်

ထိုနေရာမှ ထွက်လာပြီးနောက် ဗုဒ္ဓဝင်ကားများကို ရေးဆွဲထားရာ တန်ဆောင်းသို့ သွားပြန်၏။ အစည်ကားဆုံးသော တန်ဆောင်းပေတည်း တိုး၍ပင်မပေါက်။ ထိုဗုဒ္ဓဝင်ကားများကမူ မန္တလေးပန်းချီကျော် ဦးချစ်မြ၏ ပန်းချီကားများဖြစ်လေသည်။ ယသော်ဓရာမင်းသမီး၏ အပျိုတော်များမှာ ယခုခေတ် အပျိုကလေးများကဲ့သို့ ဆံထုံးကြီးကြီး ဆံမြိတ်တွေ ချလိုက်သေး။ ဝတ်စား ထားသည်မှာလည်း အင်္ကျီလက်ရှည်ပင်ဖြစ်စေကာမူ အလွန်ပင် ခေတ်ဆန်လှပေ၏။ မျက်နှာပေါက်များမှာလည်း ခေတ်ဆန်သူ ရုပ်ချောချောကလေးများ၏ မျက်နှာပေါက်များအတိုင်း ပင်။ ထိုအရုပ်ကားများမှာ ဓါတ်မီး၏ အရောင်တွင် အလွန်ပင် ပနံရလျက်နေကြလေသည်။ ခေတ်သမား မောင်လူအေးသည် ဦးချစ်မြ၏ လက်စွမ်းကို ချီးမွမ်း၍ မဆုံးတော့ပြီ။

မောင်လူအေးနှင့်အတူ တိုးဝှေ့ကာ ကြည့်ရှုနေကြသော သူတို့ကား မောင်လူအေး၏ မျက်စိမျိုးနှင့်ကြည့်သည် မကြည့်သည်ကို သူတို့ပြောဆိုနေကြသော စကားဖြင့် အကဲခတ်နိုင်ပေသည်။ မောင်လူအေးနှင့် အနီးဆုံးသော လူသိုက်ကား ခြောက်ယောက်ခန့်ရှိ၏။ အမယ်ကြီးသုံးယောက် အသက်လေးဆယ်ကျော်နှစ်ယောက်၊ အပျိုကလေးတစ်ယောက်၊ အမယ်ကြီးများ စာမတတ်။ အပျိုကလေးက ဖတ်ပြရလေသည်။

အပျို။ ။ ဘုရားလောင်း သိဒ္ဓတ္ထမင်းသား တောထွက်မည် အပြုတွင် ကြာခြည်ကို မ,ပြီး သားရာဟုလာ၏ မျက်နှာကို ကြည့်နေတဲ့ ပုံတဲ့။

အမယ်ကြီး။ ။ အင်း . . တောထွက်မယ့် ဆဲဆဲတောင် သားကလေး မျက်နှာကို ကြည့်ချင်သေး၊ သံယောဇဉ်ကိုး။

အခြားအမယ်ကြီး။ ။ သားပစ်၊ မယားပစ်၊ နန်းတော်ပစ်ပြီး တောထွက်နိုင်တာပဲ တော်လှပြီ။

အခြားတစ်ယောက်။ ။ ဒါ ဘာဟုတ်သေးသလဲ အရှင်မေတ္တေယျ မြတ်စွာဘုရားလောင်းဟာ သူ့ရှေ့မှာ သူ့သားကို ဘီလူးက ကြွပ်ကြွပ်ဝါးစားတာတောင် အားရလွန်းလို့တဲ့။

ထို့နောက် ထိုလူစုသည် အခြားကားများကို ဆက်လက်၍ ကြည့်ရင်းမှတ်ချက် ချသွားလေသတည်း။

သူတို့၏နောက် အသက် ၇၀ ခန့်အဘိုးကြီးနှင့် မြေးကလေး ၁၄ နှစ်ခန့် တစ်ယောက်၊ ထိုအနားသို့ ရောက်လာ၏။ သိဒ္ဓတ္ထမင်းသား

ကဏ္ဍိကမြင်းကို စီးပြီး တောထွက်သွားသည်ကို ကြည့်ရင်း အဘိုးကြီးက

'သည်ပန်းချီဆရာ မြင်းအဆွဲတယ်ကောင်းတာကိုး။ သူ့မြင်းဟာ ကြော့နေတာပဲ' မြင်းဝါသနာပါသူနှင့်တူရဲ့။

ထို့နောက် အသက် ၂၀ ကျော် လုလင်ပျို နှစ်ယောက်တို့၏ စကားကို နားထောင်ကြပါဦး။

တစ်ယောက်။ ။ ဟေ့ ဟို သိဒ္ဓတ္ထမင်းသား ဝတ်ထားတဲ့ ပုဆိုး အဆင်ကလေးဟာ မကောင်းလားဟေ့။

အခြားတစ်ယောက်။ ။ ငါ မကြိုက်ပေါင်ကွာ၊ ဟိုဘက်နားက ကားမှာ ဇီဝက ဝတ်ထားတဲ့ ပုဆိုးအဆင်ကလေးကသာလို့ကောင်းတယ်။

အခြားသူတို့လည်း မိမိကြိုက်ရာ စကားများကို ပြောကြားသွားကုန်၏။ ထိုသူတို့၏ ဝါသနာ မည်သို့မည်ပုံ ရှိသည်ကို သိရှိရလေသည်။

အတော်ကြာမှ မောင်လူအေး ထိုတန်ဆောင်းမှ ထွက်လာခဲ့လေသတည်း။

*ဂန္ထလောက၊ တွဲ-၂၂၊ မှတ်-၁၄၁၊*
*(အောက်တိုဘာလ၊ ၁၉၃၆)*

# ညနေခင်း

ယနေ့ကား မောင်လူအေးအဖို့ အလုပ်များသောနေ့ပေတည်း။ နံနက် ၁၀ နာရီမှစ၍ ရုံးခန်းထဲတွင် ထိုင်နေသည်မှာ ညနေ လေးနာရီတိုင်အောင် နေရာမှ မထရသေးချ။ အကျဉ်းသမားထက်ပင် ဆိုးနေပေပြီ။ အမှုတွဲများနှင့် ရှုပ်ထွေးနေသောကြောင့်ပေလော။ မဟုတ်ပါ။ နေ့ကား တနင်္ဂနွေနေ့ဖြစ်၏။ ရိုးရိုးအလုပ် မဟုတ်တန်ရာ။ ရိုးရိုးအလုပ်မဟုတ်လျှင် အဆန်းအလုပ်ဖြစ်ရမည်။ အဘယ်သို့သော အဆန်းအလုပ်ပါနည်း။ မြူနီစီပယ် ရွေးကောက်ပွဲအတွက် မဲပြားများကို တံဆိပ်ရိုက်သော အလုပ်ဖြစ်ပါသည်။ ဤရွေးကောက်ပွဲ ခေတ်ကြီးထဲတွင် စာရေးကိုလည်း မယုံရ၊ ပြာတာကိုလည်း မယုံရ၊ ကိုယ်တိုင်ကြဲနေရခြင်း ဖြစ်လေသည်။

ဒီမိုကရေစီ ခေတ်ထဲတွင် ရွေးကောက်ပွဲတွေမှာ မနည်းပြီ။ တော်တော်ကြာ မင်းတိုင်ပင် ရွေးကောက်ပွဲ၊ တော်တော်ကြာ ဒိစတြိတ်ကောင်စီ ရွေးကောက်ပွဲ၊ တော်တော်ကြာ ကျေးရွာကော်မတီ ရွေးကောက်ပွဲနောင်အခါများတွင် မယားယူရာမှာ လင်နေရာမှာပင် ရွေးကောက်ပွဲလုပ်ရမလား မသိပေ။

ယခုခေတ်တွင် ရွေးကောက်ပွဲတွေ များသလောက် အလိမ်အကောက်တွေလည်း များလေသည်။ ဤအလိမ်အကောက်တွေကို ကြောက်လှသော မောင်လူအေးသည် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီတိုင်အောင် တနင်္ဂနွေနေ့တွင် မိမိ၏ ရုံးခန်းအတွင်း၌ အလုပ်များလျက်နေတော့၏။ မဲပြား ၆၀၀၀ ကျော်တို့ကို တံဆိပ်ရိုက်ရသည်မှာ တော်တော်နှင့် မပြီးနိုင်။

ညနေ ၄-နာရီ ထိုးပြီးမှ နေအိမ်သို့ ပြန်ရ၏။ အိမ်ပြန်ရောက်၍ လက်ဖက်ရည်သောက်ပြီးလျှင် ခပ်အေးအေးကလေး အမောဖြေကာ နေရလျှင် ကောင်းပေလိမ့်မည်။ သို့သော် မနေရ။ တောသွားရန်ရှိသေး ၏။ စိတ်ပျက်စရာ စိတ်ရှုပ်စရာ လွန်စွာမှပင် ကောင်းလှပေတော့သည်။ သို့သော် 'သူ့ဆန်စား ရဲမှ' ဆိုသော စကားအတိုင်း ရွှေ့ဆိုင်းထား၍ မဖြစ်။ ယနေ့ညနေပင် သွားရပေမည်။ ရေမိုးချိုး၊ အဝတ်အစားလဲ၊ ပြင်စရာရှိသည်ကိုပြင်၊ ထုပ်စရာ ရှိသည်ကို ထုပ်၊ ယူစရာရှိသည်ကိုယူ၊ မှာစရာရှိသည်ကို မှာပြီးလျှင် နေအိမ်မှ ထွက်ခဲ့လေသတည်း။ နေကား ဝင်တော့မည်။

နေအိမ်နှင့် မြစ်ဆိပ်ကား မဝေးလှ။ ပေ ၂၀၀ ခန့်သာရှိပေလိမ့် မည်။ မြစ်ဆိပ်တွင် အဇ္ဇဒူရာမန်၏ သမ္ဗန် စောင့်နေလေသည်။ သမ္ဗန် ဖြင့် ခရီးသွားခြင်းသည် သင်္ဘောဖြင့် သွားခြင်းထက် နေရာကျ၏။ လေယာဉ်ဖြင့် သွားခြင်းထက် စည်းစိမ်ရှိ၏။

မောင်လူအေးသည် မိမိ၏တပည့်များနှင့် သမ္ဗန်ဆိပ်မှ ထွက်လာ ၍ မကြာမီပင် 'ကျွိကျွိ အီး ဖတ်ဖတ် . . . ကျွိကျွိ အီး ဖတ်ဖတ်' ဆိုသော တူရိယာသံကို ကြားရလေတော့သည်။ ထိုအသံကား နာရီ၏ စက်သံ ကဲ့သို့ မနှေးမမြန် မပေါ့မလေး မှန်လျက်နေ၏။ ဤကဲ့သို့ မှန်လျက် နေခြင်းသည်လျှင် မောင်လူအေး၏ နားအရသာကို တိုးပွားစေ၏။ 'ကျွိကျွိ အီး' ကား အဇ္ဇဒူရာမန်၏ တက်သံ ဖြစ်လေသည်။ 'ဖတ်ဖတ်' ကား တက် ရေပေါ်ကျသော အသံတည်း။

ကျွိကျွိ အီး ဖတ်ဖတ် အသံကိုပင် တူရိယာ အသံဟူ၍ ဆိုရမည် လောဟု ရယ်မောကောင်း ရယ်မောကြ ပေလိမ့်မည်။ ဤအသံကို တစ် ရံတစ်ခုသာ ကြားဖူးကြသော သူတို့၏နားတွင်ကား ခါးနေပေလိမ့်မည်။ အကြားရ ကတ်နေပေလိမ့်မည်။ နားငြီးနေပေလိမ့်မည်။ ဤအသံကို အဖန်ဖန်ကြားနေရသော မောင်လူအေး၏ နားထဲတွင် သာယာလျက် နေလေတော့သည်။

တူရိယာအသံ မည်သည်ကား ကြားရဖန် များမှသာလျှင် သာယာ ခြင်း အရသာပေါ်၏။ 'ကုလားဗုံသံကို မြန်မာများ ခံ၍မရ။ မြန်မာ့ဆိုင်း သံ၊ နှဲသံတို့ကို အင်္ဂလိပ်များ ကြား၍မရ၊ တရုတ်နှဲသံ၊ ဆိုင်းသံတို့ကို ကုလားများ မခံနိုင်။ တစ်ရံတစ်ခါသာ ကြားရသောကြောင့် ဖြစ်လေ သည်။ ကြားနေကျ ဖြစ်သော မိမိတို့၏ တူရိယာအသံများကိုကား

နားထောင်၍ မငြီး၊ ကြားပြီးရင်း ကြားချင်ရင်း ဖြစ်၏။ တူရိယာ တစ်မျိုးက အခြားတစ်မျိုးထက် သာသည်ဟူ၍ အဘယ်မှာ ဆိုနိုင်အံ့နည်း။ ကြိုက်ရာ ကောင်းစမြဲ။ နားရည်ဝရာကောင်းစမြဲ ဖြစ်လေသည်။

တူရိယာ အကြောင်းနှင့် ပတ်သက်၍ ရှင်းလင်း လိုက်ရသည်မှာ အတော်ပင် အချိန်ကုန်သွားလေပြီ။ မောင်လူအေးတို့ စီး၍ သွားကြသော သမ္ဗန်ရှိရာသို့ ပြန်ကြဦးစို့။

သမ္ဗန်ဦးတွင် ထိုင်နေကြသော သူနှစ်ယောက်ကား စာရေးမောင်ဖျန်စိန်နှင့် ပြာတာ မောင်ဘိုးရွှေတို့ ဖြစ်ကြလေသည်။ စကားတစ်ခွန်းကိုမျှ မပြောကြ။ မည်သည့် အကြောင်းတွေကို တွေးတောနေကြသည် မသိပေ။ သမ္ဗာန်၏ ပဲ့ဘက် အဗ္ဗဒူရာမန်၏ အနားတွင်ထိုင်နေသူကား မောင်လူအေး၏ တပည့် ထွန်းဖေတည်း။ တစ်ယောက်တည်း စကားပြောဖော် မရှိသောကြောင့် သူလည်း တစ်ခုခုကို စဉ်းစား နေပေလိမ့်မည်။ သမ္ဗန်ဝမ်းထဲ၌ ခင်းထားသော ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်နေသူကား မောင်လူအေး ဖြစ်လေသည်။ သူ၏ လက်ထဲတွင် မကြာမီက ရောက်လာသော အင်္ဂလိပ်စာအုပ်တစ်အုပ်ကို မြင်ရ၏။ ထိုစာအုပ်ကို မဖတ်နိုင်။ ငေးလျက်နေလေသည်။ ‘ကျွိကျွိ အီး ဖတ်ဖတ်’ တူရိယာ၏ အသံ၊ ညနေခင်း၏ သာယာသော အခြေအနေ၊ မြစ်ရေ၏ကြည်လင် ငြိမ်သက်နေသော အခြင်းအရာ၊ လေပြည်၏ ဖြည်းညင်းစွာ တိုက်ခတ်နေသော အရသာတို့ကို ခံစားကာနေသော မောင်လူအေးကား ထိုစာအုပ်ကို အဘယ်မှာလျှင် ဖတ်ရန်သတိ ရနိုင်ပါအံ့နည်း။ နေမင်းလည်း ဝင်လုပြီ ဖြစ်သောကြောင့် နေရောင်ခြည် ရေပြင်ကို ဟပ်သဖြင့် တဖျပ်ဖျပ်နှင့် နေသည်မှာ ရှု၍ မငြီးနိုင်အောင် ဖြစ်၏။ အဖြူရောင် တိမ်တိုက်တို့ကို နေရောင် ဖျန်းလိုက်သဖြင့် မရမ်းရောင် တစ်လှည့်၊ အဝါရောင် တစ်ခါ၊ အပြာရောင်တစ်မျိုး၊ မီးခိုးရောင် တစ်သွယ် တင့်တယ်ဘိတောင်း။ မြင်ရသူအပေါင်းမှာ အဘယ်မှာ နှစ်ထောင်းအားရ တင်းတိမ် နိုင်အံ့နည်း။

ထိုအခိုက်ထိုအခါတွင် ဤကမ္ဘာ လောကကြီးကို အေးမြခြင်းတည်း ဟူသော ကွန်ချာဖြင့် အုပ်၍ထားပေ၏။ မည်သူမျှ မကြည်နူးဘဲ မနေနိုင်။ မည်သူမျှ မနှစ်သက်ဘဲ မနေနိုင်။ စိတ်ပူခြင်း၊ စိတ်နောက်ခြင်း၊ စိတ်ရှုပ်ခြင်းတို့ ပျောက်ကင်းရမည်ပင်။ ‘ကျွိကျွိ အီး ဖတ် ဖတ်’ တူရိယာဆရာကြီး အဗ္ဗဒူရာမန်ပင်လျှင် စိတ်ထဲတွင် ကြည်နူးရွှင်ပျ၍ နေပေလိမ့်မည်။

စစ်တကောင်းတွင် ကျန်ရစ်ခဲ့ရှာသော ဇနီးခမျာကို သတိရကာ ပီတိ သောမနဿတွေပွား၍ နေပေလိမ့်မည် တကား။

'ကျွိကျွိ အီး ဖတ်ဖတ် . . . ကျွိကျွိ အီး ဖတ်ဖတ်' နှင့်လာရာ လမ်း တစ်လျှောက် ကမ်းခြေတွင် ရေဆင်းချိုး နေကြသော သူတို့ကို အဆက် မပြတ် မြင်၍သွား၏။ ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမ၊ အပျို၊ အအို ကုလား၊ မြန်မာ၊ ဖြူဖြူ မည်းမည်း၊ ပိန်ပိန်၊ ဝဝ၊ မြင့်မြင့်၊ ပုပု အမျိုးမျိုး အစားစား အားလုံးပင် ပျော်ပျော်ရွှင်ရွှင် ရေဆင်းချိုးနေကြလေသည်။ သူတို့တစ်တွေမှာ သီချင်း ဆိုသူဆို၊ စကား များသူများ၊ လိုက်တမ်း ပြေး တမ်း ကစားသူ ကစား၊ ရေကူး နေသူတွေကလည်းအများ၊ ကျွမ်းပစ်နေ သူတွေကလည်း မရှားပေ။ ဤအချိန် ဤအခါ ဤနေရာမျိုးတွင် အဘယ် သူသည် မပျော်ရွှင်ဘဲ နေနိုင်ပါအံ့နည်း။ ထိုကမ်းခြေတွင် ပျော်ပါးစွာ ရှိနေကြကုန်သော သူတို့၏ စိတ်ထဲသို့ စိတ်ညစ်စရာတွေ မဝင်နိုင်၊ စိတ်ပျက်စရာတွေ မလာနိုင်၊ စိတ်ရှုပ်စရာတွေ မတိုးနိုင်။ အပြင်ဘက် တွင် ခေတ္တမျှ ငေးမှိုင်ကာ နေကြရရှာပေသည်။ ထိုသူတို့၏ စိတ်အတွင်း သို့ ကြည်လင်ခြင်း စိတ်တို့သာလျှင် ဝင်နိုင်ပေ၏။

ထိုရေချိုး နေသူတို့ကို လွန်လျှင် မြို့ပြင်သို့ရောက်၏။ 'ကျွိကျွိ အီး ဖတ်ဖတ်' ဆရာကြီးကလည်း တကျွိကျွိ တအီးအီး တဖတ်ဖတ်နှင့် အတောပင် မသတ်ပြီ။ မကြာမီပင် ပဲ၊ ပြောင်း၊ ဆေး၊ မုန်လာဉတို့ကို စိုက်ပျိုးထားရာ ယာခင်းများသို့ရောက်၍လာ၏။ ကမ်းခြေ သောင်စပ် တွင် စိမ်းစိမ်းလန်းလန်း ရှုမခန်းပေ၊ အထက်ကောင်းကင်ပြင်တွင်လည်း တိမ်တိုက်တို့မှာ အမျိုးမျိုး ပြောင်းလဲကာ မျက်လှည့်ပြနေကြကုန်၏။ ဝါရာမှနီ၊ နီရာမှပြာ၊ ပြာရာမှ မီးခိုးရောင် 'တိမ်တောင် သဖွယ် မင်းရေး ကျယ်' ဆိုသော ရှေးလူကြီးတို့၏ စကားအတိုင်းပင်တည်း။

အလို ဟိုမှာ ရှုလော့၊ ဆေးတံကြီးကို ခဲကာ လက်ပိုက်လျက် ယာခင်းများကို အားပါးတရ ကြည့်၍ နေပေသည်။ မိမိ၏ယာခင်းများ ကို ကြည့်ပြီးလျှင် အားရ၍ မဆုံးနိုင်၊ နှစ်သက်၍ မဆုံးနိုင်။ သဘောကျ ၍ မဆုံးနိုင်ပြီ။ မိမိ၏ ယာအပြင် မည်သည့် အရာကိုမျှ မခင်မင်။ ထို ယာသမား၏ စိတ်ထဲတွင် မိမိ၏ ယာအပြင် မည်သည့်အရာကိုမျှ မစုံ မက်၊ မိမိ၏ ယာအပြင် မည်သည့်အရာကိုမျှ မမြတ်နိုးပေ။ နယ်ပိုင် အလုပ်ကို အလိုမရှိ၊ အရေးပိုင် အလုပ်ကိုမလိုချင်၊ မင်းကြီး အလုပ်ကို မနှစ်သက်။ ဘုရင်ခံ အလုပ်ကို မစွဲလမ်း။ ဘုရင်မင်းမြတ်ဖြစ်ရန်ကိုပင်

စက်ဆုပ် နေရပေလိမ့်မည်။ ပုဂံတောင်သူကြီးအား တိုင်းပြည်ကို အုပ်ချုပ်၍ မင်းလုပ်ပါမည့်အကြောင်းတောင်းပန်ကြသောအခါ ခွေးမကြီး၏ နို့ကို ခွေးသားကလေးများဝိုင်းစို့ကြသကဲ့သို့ တွဲရရွဲ စီရရီ သီးနေကြသော သခွားခင်းကို ပစ်၍ အဘယ်မှာလျှင် မင်းလုပ်ပါအံ့နည်းဟု ငေါက်လိုက်ရာ မှူးမတ်များက ဝိုင်း၍ ထောင်းကာမှ မင်းလုပ်သော တောင်သူကြီးမင်း၏ အကြောင်းကို မောင်လူအေး သတိရမိပေသည်။ ထိုအကြောင်းကို ရာဇဝင်စာအုပ်များတွင် ဖတ်ခဲ့စဉ်က အလွန်အသောတောင်သူကြီးပါတကား ဟု များများကြီး ကဲ့ရဲ့မိခဲ့ပေ၏။ ရှုတ်ချမိခဲ့ပေ၏။ ရယ်မိခဲ့ပေ၏။ ယခုကား မကဲ့ရဲ့ မရှုတ်ချ မရယ်လိုပြီ။ တောင်သူကြီး မင်းဘက်ကပင် ရှေ့နေလိုက်ပေဦးမည်။

*ဒဂုန်၊ တွဲ-၁၄၊ မှတ်-၁၆၁၊*
*(ဇန်နဝါရီလ၊ ၁၉၃၄)*

## ဤခေတ်သို့

မောင်လူအေးသည် နံနက်တိုင်း ၇-နာရီထိုးလျှင် အိပ်ရာမှ ထလေ့ရှိ၏။ ၇- နာရီခွဲ၊ ၈-နာရီခန့်တွင် စာတိုက်မှ ရုံးစာများကို ပြာတာပန်ဒစ်က ယူလာလေသည်။ ထိုရုံးစာ၊ ရုံးအလုပ်များကို မြင်ရလျှင် မောင်လူအေး စိတ်ညစ်စမြဲ။ သို့သော် မတတ်နိုင်။ ထိုအလုပ်များကို ထိုင်၍ လုပ်ရသည်မှာ ၁၁ နာရီ တိုင်တော့၏။ ၁၁- နာရီခွဲမှ ရုံးတက်ရလေသည်။

ထိုများလှစွာသော ရုံးစာတွေ ရုံးအလုပ်တွေ ကြားတွင် မိတ်ဆွေများ၊ ဆွေမျိုး မိဘများထံမှ စာတစ်စောင်တလေ ပါလာတတ်လေသည်။ ထို့ကြောင့် နံနက်တိုင်း ပြာတာပန်ဒစ် အလာကို မျှော်လင့်၏။

ယနေ့နံနက် ပန်ဒစ် အရောက် နောက်ကျလေသည်။ စာပို့သင်္ဘော အရောက်နောက်ကျသောကြောင့်ပေလော၊ ပန်ဒစ်ပင်လမ်းတွင် စကားများသောကြောင့်ပေလောဟု ဟိုနှယ်သည်နှယ် စဉ်းစား လျက်နေ၏။ ဤသို့ စဉ်းစားတွေးတောနေခိုက် ငွေကြေးကျပ်တည်းသော ဤခေတ်ဆိုးအကြောင်းသို့ အဘယ်သို့ ရောက်သွားသည်မသိ။ ရောက်၍သွားသည်ကား အမှန်။

ဤခေတ်သည် လူတကာကို ထိခိုက်သော ခေတ်၊ တစ်ကမ္ဘာလုံးကို ထိခိုက်သော ခေတ်၊ ဘုန်းကြီး ဦးဝိစိတ္တ ကျောင်းတွင် အမြဲနေသော ကပ္ပိယ ဦးတိုးကိုပင် ထိခိုက်သော ခေတ်ဖြစ်လေသည်။

ထိုစာများကို ပန်ဒစ်ထံမှ ယူပြီးလျှင် တစ်စောင်ကို ဖောက်၍ဖတ်၏။ ထိုစာကား ငွေတိုက်မင်းကြီးရုံးမှ လာသော စာဖြစ်လေသည်။ စာတွင်ပါသော အကြောင်းကား အမြတ်တော်ကြေးအပေါ်တွင် အညွန့်

တော်ကောက်ရန် အကြောင်းတည်း။ အမြတ်တော်ကြေး အပေါ်တွင် အညွန့် တက်လိုက်လျှင် အခက်ပင်။ သို့သော် ငြင်းချက်ထုတ်နေ၍ အကျိုးမရှိ။ မပေးမနေရ ပေးရမည်သာတည်း။

ဒုတိယစာကို ဖောက်ကာ ဖတ်ပြန်၏။

မြန်မာ့ဆေးရုံ တစ်ရုံကို ဆောက်ရန် စီမံနေသော အသင်းမှ အလှူ ကောက်ခံသောစာဖြစ်လေသည်။ ဆေးရုံဆောက်ခြင်းသည် ကောင်းပါ၏။ တိုင်းသူပြည်သူတို့ အကျိုးများပါ၏။ ကုသိုလ်ရပါ၏။သို့သော် ကြေးငွေကျပ်တည်းသည့် အခိုက်တွင် ဆိုင်းထားက မဖြစ်ပါလော။

မဖြစ်ပါ။ လက်ငင်းအရေးကြီးသော အရာဖြစ်ပါသည်။ လူမမာ တို့မှာ ကြေးငွေပေါသော ခေတ်တွင်လည်း ရှိ၏။ ကြေးငွေရှားသော ခေတ်တွင်လည်းရှိ၏။ ကြေးငွေရှားသော ခေတ်တွင် မဖျားမနာပြီဟု ဆိုင်းထား၍ မရပါ။ ထို့ကြောင့် ဆေးရုံဆောက်ရန် အလှူငွေကို အတင်း ကောက်ခံရခြင်း ဖြစ်ပါသည်။

ကောင်းပါ၏။ ကောင်းပါ၏၊ အလှူငွေကို ထည့်ချင်ပါ၏။ သို့သော် မတတ်နိုင်ပါ။ ဆိုင်းထားပါရစေဦး၊ အညွန့်တော်ကြေးကဲ့သို့ ဆိုင်းထား၍ မရသော အရာမျိုးလည်း မဟုတ်ပါ။

ဤခေတ်ကြီးတွင် ပိုက်ဆံ နည်းနည်းနှင့် ကုသိုလ်များများရသော အလှူမျိုးကို ရွေး၍ လှူရပါသည်။ အရမ်းမဲ့ မလှူနိုင်ပါ။ ညောင်စေ့ လောက် လှူသော်လည်း စေတနာကောင်းလျှင် ညောင်ပင်လောက် ကုသိုလ်ရမည်။ ညောင်ပင်လောက်လှူသော်လည်း စေတနာမကောင်း လျှင် ညောင်စေ့လောက် ကုသိုလ်ကိုသာ ရမည်ဟူ၍ မြတ်စွာဘုရား ဟော ကြားထားတော် မူခဲ့ပါသည်။

တစ်နေ့က အိမ်နောက်ဖေးတွင် ပြေးနေသော ခွေးဝဲစားကလေး အား ထမင်းတစ်ပန်းကန်ပြားကို စေတနာ ကောင်းကောင်းနှင့် ကျွေးပါ သည်။ ခွေးကလေးမှာ အမြီးတနန့်နန့်နှင့် ဝမ်းသာ၍ မဆုံးပြီ။ ထမင်း တစ်ပန်းကန်ပြားကား ညောင်စေ့မျှပင် အဖိုးတန်ပါ၏။ သို့သော် စေတနာ ကောင်းသောကြောင့် ညောင်ပင်လောက် ကုသိုလ်ရမည်မှာ မလွဲတည်း။

ဤသို့သော ညောင်စေ့ အလှူကလေးတွေကို စိုက်ပျိုးထားခဲ့သော ကြောင့် ညောင်ပင် ကုသိုလ်ကြီးတွေ ရနေလေပြီ။ ဤခေတ်ဆိုးကြီးတွင် ညောင်ပင် အလှူတွေကို ခေတ္တဆိုင်းထားဦးမည်။

တတိယစာကို ဖောက်၍ ဖတ်ပြန်၏။

သတင်းစာတိုက်အုပ် တစ်ယောက်က ရေးလိုက်သောစာဖြစ်လေသည်။ ဆောင်းပါးတောင်းသော စာမဟုတ်။ သတင်းစာကို အခမဲ့ လက်ဆောင်ပေးမည် ဟူသောစာလည်း မဟုတ်။ သူ၏ သတင်းစာကို ဖတ်မည့်သူ မရှိသောကြောင့် တိုက်ပျက်မည်စိုး၍ သတင်းစာ တစ်စောင်ကို တစ်နှစ်အတွက် နှစ်ဆယ့်လေးကျပ်နှင့် ရွေးယူရန် စာတိုက်မှ ပေးပို့လိုက်သောစာဖြစ်လေသည်။

မည်သည့်အခါကမျှ ယင်းသတင်းစာကို မမှာယူဖူး၊ ထိုသတင်းစာတိုက်နှင့် အဆက်အသွယ်လည်း မရှိ။ ဤခေတ်ဆိုးအတွင်း အဘယ်မှာလျှင် နှစ်ဆယ့်လေးကျပ်နှင့် ထိုသတင်းစာကို ရွေးယူနိုင်ပါအံ့နည်း။ မရွေးနိုင်၊ ရိုင်းသည်ဟု ဆိုချင်လျှင် ဆိုနိုင်သည်။

စင်စစ်ကား မရိုင်း၊ ပို့လိုက်သူသာလျှင် ရိုင်းလေသည်။ ရှေးဦးသတင်းစာ တစ်စောင်ကို လက်ဆောင်ပေးရန် သင့်၏။ ထို့နောက် တစ်နှစ်တန်သည် ခြောက်လတန်သည် သတင်းစာကို ဝယ်ယူကြည့်ရှုရန် စာပေးသင့်လေသည်။ အကြောင်းမသိသေးခင်က ငွေတောင်းသော စာမျိုး မပို့သင့်။ ဤငွေမျိုး တရားစွဲ၍ မတောင်းနိုင်၊ မတောင်းနိုင်လျှင် မပေးပြီ။

သတင်းစာတိုက်အုပ်မှာ လမ်းလွဲကို လိုက်မိသောကြောင့် တံဆိပ်ခေါင်းဖိုး ပိုက်ဆံငါးပြားနှင့် စာတိုက်မှနေ၍ ငွေနှစ်ဆယ့်လေးကျပ်တောင်းသော စရိတ်ရှုံးလေပြီ။

ဤခေတ်ဆိုးကြီး အတွင်းတွင် အမျိုးမျိုး စမ်းကြ၏။ အမျိုးမျိုးရှောင်ရလေသည်။ အရှောင်ကောင်းပါမှ သက်သာမည်။

စတုတ္ထ စာကို ဖောက်၍ ဖတ်ပြန်၏။

အသက်အာမခံ တိုက်တစ်တိုက်မှ ကိုယ်စားလှယ် တစ်ယောက်၏စာ ဖြစ်လေသည်။ ဤစာမျိုးကို ရခဲ့ဖူးသည်မှာ ၁၀ စောင်ထက်မနည်းပြီ။ ယင်းတို့အားလုံး အမှိုက်ကျုံးကုလား၏ လက်တွင် အသက်ထွက်ရရှာသည်။ ယခုရောက်လာသော စာသည်လည်း ယင်း၏ နောင်တော်များ သွားရာလမ်းသို့ မြန်းရရှာ၏။ အမှိုက်ခြင်းအတွင်းမှ သနားစရာမျက်နှာကလေးနှင့် စိုက်၍ ကြည့်နေလေသည်။

ဤခေတ်ဆိုးကြီးအတွင်း ငွေစုရန် မဆိုထားဘိ၊ လက်ထဲတွင် ငွေပူအောင် နေရန်ကိုပင် များစွာ ချော့မော့၍ ထားရလေသည်။ နောင်အခါလာနောင်အခါချေး၊ ဖြစ်လိုရာဖြစ်၊ အသက်ကိုကား မပေါင်ပြီ။ အသက်

အာမခံကုမ္ပဏီများသည် အတိုးမယူဘဲ တိုင်းသူပြည်သားတို့အား ငွေချေး သော ကုမ္ပဏီများ ဖြစ်သွားပါက မည်မျှ ကောင်းလိမ့်မည်နည်း။

ကိုယ်သေမှ အမြတ်များများရမည့် အလုပ်မျိုးကို စိတ်ကူးထဲပင် မထည့်မိချေ။ ထီထိုးသည်က ကောင်းသေး၏။ စိတ်ထဲတွင် အမျိုးမျိုး တိုက်အိမ်ဆောက်နိုင်လေသည်။ မိမိထိုးထားသော ထီပေါက်လာလျှင် မည်သို့ လုပ်မည်၊ မည်သို့ သုံးမည်၊ မည်သို့ လှူမည် စသဖြင့် မိမိထိုး ထားသော ထီ ပေါက်ပါစေ၊ ပေါက်ပါစေဟု ဆုတောင်း နေသည်က ဟန်သေး၏။

အသက်ကို အပေါင်ထားပြီးလျှင် အထက်ပါ စိတ်ကူးမျိုးကို မကူးဝံ့ ချေ။ မိမိကိုယ်ကို မိမိ သေမကြည့်ဝံ့။ တရားလက်လွတ်သည်ဟုဆိုချင် ဆိုနိုင်သည်။ မိမိသေလျှင် မိမိ အသက်အာမခံ ကုမ္ပဏီက ရသောငွေ ကို မည်သို့လုပ်မည်၊ မည်သို့ သုံးမည်၊ မည်သို့ လှူမည် ဟူ၍ စိတ်ကူး ခြင်းကား စည်းစိမ်မရှိပေ။ မိမိသေမှ အကျိုးကောင်းကောင်းကြီး ခံစား ရသော အလုပ်မျိုးအတွက် ငွေအကုန်မခံနိုင်ပြီ။ ထိုအသက်အာမခံကုမ္ပ ဏီ ကိုယ်စားလှယ်ကား ပိုက်ဆံ ငါးပြားကို ရေထဲပစ်လိုက်သည်နှင့် တူ လှပေသည်။ အသက်အာမခံ ကိုယ်စားလှယ်များ သတိထားရန် ကောင်း လှပေသည်။

ပဥ္စမ စာကို ဖောက်ပြန်၏၊ ဖတ်ပြန်၏။

ဤကား စာမဟုတ်၊ မိတ်ဆွေ ကိုသန်းမောင်၏ မင်္ဂလာဆောင် ဖိတ်ကြားစာ ဖြစ်လေသည်။ ဝမ်းမြောက်ဖွယ် ကောင်းလှပေ၏။ ကိုသန်း မောင်မှာ ပိုးပန်းနေရသော လူပျိုဘဝမှ ဣန္ဒြေရသော လူကြီးဘဝသို့ ရောက်ရတော့မည်။ မင်္ဂလာရှိသော ဖိတ်ကြားစာ ဖြစ်၏။ ဝမ်းမြောက် ၍ မဆုံးပြီ။

စိတ်ထဲတွင်သာ ဝမ်းမြောက်နေ၍ ကိစ္စမတုံးသေး၊ ဝမ်းမြောက်ရုံ နှင့် ကိစ္စတုံးမည်ဖြစ်မူကား တစ်သက်လုံး ဝမ်းမြောက်နေပါ၏။ သားတွေ သမီးတွေ ရတိုင်း ဝမ်းမြောက်နေပါမည်။ သားတွေ ရှင်ပြုတိုင်း၊ သမီး တွေ နားထွင်းတိုင်း ဝမ်းမြောက်နေပါမည်။

ယခုကား လက်ကပါ ဝမ်းမြောက်ရပါမည်။ မည်သို့သောမင်္ဂလာ ဆောင်မျိုးဖြင့် ဝမ်းမြောက်ရပါမည်နည်း။ ငွေဖလား ကြီးကြီးကိုလည်း မပေးနိုင်။ ခေတ်က မကောင်း၊ ငွေဖလား ငယ်ငယ်ဆိုလျှင်လည်း ပေး သူတွေ များနေပေပြီ။ ငွေဆေးလိပ်ဘူး၊ ငွေကလပ်၊ ငွေလက်ဖက်ရည်ဇွန်း

တို့ကို ထားစရာပင် နေရာရှိမည်မထင်။ သူတကာ မပေးသော အရာဝတ္ထုမျိုးကို ပေးမှ နေရာကျပေမည်။ ဆန်းလည်း ဆန်းရမည်။ ငွေကုန်လည်း သက်သာရမည်။

ကိုသန်းမောင်ကား ပါဋ္ဌိစာပေကို ထုံးလိုမွှေ ရေလိုနှောက်နိုင်သူတစ်ယောက်ဖြစ်၏။ လယ်တီဆရာတော်ဘုရား ရေးထားသော နိဗ္ဗာနဒီပနီစာအုပ် တစ်အုပ်ကို ဝယ်၍ လက်ဆောင်ပေးမည်ဟု ရှေးဦးစွာကြံ၏။ ဤအကြံကို ဖျက်လိုက်ရလေသည်။ အကြောင်းကား သတို့သမီးကြိုက်မည် မထင်သောကြောင့်တည်း။ ကိုသန်းမောင်သည် နိဗ္ဗာနဒီပန်ကိုဖတ်ပြီးလျှင် ညီတော် နန္ဒမင်းသားကဲ့သို့ တောထွက် သွားလေမှဖြင့် ဘဒ္ဒကလျာဏီ ကဲ့သို့ တမျှော်မျှော်နှင့် နေချင်မည် မဟုတ်ပေ။

လောကုတ္တရာအတွက် အကျိုးများမည်ဖြစ်သော စိပ်ပုတီးတို့၊ ကြေးစည်တို့ကို လက်ဆောင်ပေးမည်ကြံ၏။ ယင်းအကြံလည်း ပျက်ပြန်လေသည်။ ယင်းတို့ကို သူတကာ ပေးမည်မဟုတ်သောကြောင့် ထူးလည်း ထူး၏၊ ဆန်းလည်း ဆန်း၏၊ အဖိုးလည်း သက်သာ၏။ သို့သော် ယင်းတို့မှာ စစ်ကိုင်းချောင်နှင့် နီးလွန်းလေသည်။

ရှေးအခါက မင်္ဂလာဆောင်လျှင် လက်ဖွဲ့ကြသော မင်္ဂလာလက်ဆောင်များအကြောင်း စဉ်းစားမိသေး၏။ ထိုအခါ လှည်းတစ်စီး၊ နွားပြာ တစ်ရှဉ်း၊ ဖျာတစ်ချပ်၊ မျိုးစပါး တစ်တင်း၊ ကြိတ်ဆုံတစ်လုံး စသဖြင့် ပေးကြလေသည်။ ယခုခေတ်တွင်ကား ထိုပစ္စည်းမျိုးကို ပေး၍ နေရာကျမည်မဟုတ်ပေ။

ဤသို့ မင်္ဂလာလက်ဆောင်တွေ အကြောင်း တွေးရင်းပင် အချိန်များစွာ နှောင်း၍ လာခဲ့၏ မိမိစာရေးစားပွဲ ရှေ့တွင် ချိတ်ထားသော နာရီကို ကြည့်လိုက်ရာ ၁၁ နာရီခွဲ နေမှန်းကို သိရလေသည်။ မင်္ဂလာလက်ဆောင်ကိုလည်း မရွေးရသေး၊ ရုံးတက်ရန်လည်း ရှိသေးသောကြောင့် စာရေးစားပွဲမှ ထလာရလေသတည်း။

*ဂန္ထလောက၊ တွဲ-၁၇၊ မှတ်-၁၀၁၊*
*(ဇွန်လ၊ ၁၉၃၃)*

## လေလံပွဲ (ကိုလိုနီခေတ်)

သိပ္ပံမောင်ဝသည် မော်လမြိုင် ဇာတိဖြစ်သည်။ မြန်မာနှစ် ၁၂၆၀ (ခရစ်နှစ် ၁၈၉၉) တွင် ဖွားမြင်သည်။ ငယ်နာမည်မှာ မောင်စိန်တင်ဖြစ်သည်။ ငယ်စဉ်ကပင် မုပ္ပွန်ရပ် ဆရာဦးချစ်လှ ကျောင်းတွင် ပညာသင်ခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် ဆယ်တန်းစာမေးပွဲကို မြန်မာနှင့် ပါဠိဘာသာ ဂုဏ်ထူးဖြင့် အောင်ခဲ့သည်။ ထိုစဉ်ကပင် 'ဝဇီရာတင့်' အမည်ဖြင့် သတင်းစာများတွင် ဆောင်းပါးများ ရေးနေလေပြီ။

ရန်ကုန်ကောလိပ်တွင် ပညာသင်ယူနေဆဲ ပထမကျောင်းသားသပိတ် အရေးတော်ပုံကြီး ပေါ်ပေါက်လာရာ ၁၉၂၃ ခုနှစ်အထိ အမျိုးသားကျောင်းဆရာအဖြစ် တာဝန်ထမ်းခဲ့သည်။ ၁၉၂၄ ခုနှစ်တွင် ပေစာစာမေးပွဲကို မြန်မာနှင့် ပါဠိဘာသာအတွက် ဆုများရရှိအောင်မြင်ခဲ့သည်။ ဝိဇ္ဇာတန်းတွင် မြန်မာစာ ဂုဏ်ထူးတန်း၏ ပထမဆုံး ကျောင်းသားဖြစ်ကာ ဂုဏ်ထူးတန်းကို ပထမအဆင့်မှ အောင်မြင်ခဲ့သည်။ 'နေရပ်ချောင်က၊ လူမည် မောင်ဝ' ဟု ကလောင်အမည်ခံရာကစ၍ မောင်ဝအမည်တွင်ခဲ့သည်။ ဘွဲ့ရအပြီးတွင် နိုင်ငံ့ဝန်ထမ်းပညာတော်သင်အဖြစ် အင်္ဂလန်အောက်စဖို့ တက္ကသိုလ်သို့ စေလွှတ်ခြင်းခံရသည်။ အောက်စဖို့ တက္ကသိုလ်မှတ်တမ်းတွင် ပညာတော်သင် ဘဝအတွေ့အကြုံကို မိမိတိုင်းပြည်၏ ပညာရေးနှင့် ယှဉ်၍ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

ဦးစိန်တင်သည် သိပ္ပံကျောင်းသား မောင်မြသွင်၊ သိပ္ပံမောင်ဝ၊ တင်မောင်မြင့်၊ မောင်သံချောင်း၊ ကောလိပ်ခင်ခင် စသော ကလောင်အမည် အမျိုးမျိုးဖြင့် ဂန္ထလောက၊ ဒဂုန်၊ သူရိယ၊ ကြီးပွားရေးနှင့်

ကောလိပ် မဂ္ဂဇင်းစသည်တို့တွင် ဆောင်းပါး၊ ပြဇာတ်၊ ပေးစာစသည့် စာဟန် အမျိုးမျိုးရေးခဲ့သည်။ ဦးစိန်တင်၏ အကြီးဆုံးသော ဆန္ဒတစ်ရပ်မှာ မြန်မာစာပေ တိုးတက်အောင် ဆောင်ရွက်လိုခြင်း ဖြစ်သည်။ ရှေးရိုးမြန်မာ အကြိုက်ဖြစ်သော ကာရန် နဘေ စာဟန်ရှည်သည့် စကားပြေအရေး အသားမျိုးမှ လမ်းခွဲထွက်ကာ ဝါကျတိုများဖြင့် ရှင်းရှင်းလင်းလင်းရှိလှသော သွက်လက်သည့် စကားပြေအရေးအသားမျိုးဖြင့် 'ခေတ်စမ်းစာပေ' ကိုဦးဆောင်ခဲ့သူဖြစ်သည်။ ကိုလိုနီခေတ်တွင် မှေးမှိန်နေသော မြန်မာစာကို ရှေ့တန်းရောက်လာအောင် ပြန်လည်ဖော်ထုတ်ခဲ့သူ တစ်ဦးလည်း ဖြစ်သည်။

ဦးစိန်တင်သည် အုပ်ချုပ်ရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရင်းစာပေတိုးတက်မှုကို မရပ်မနား ဆောင်ရွက်ခဲ့သည်။ ကွယ်လွန်သည့် အချိန်အထိ အဆက်မပြတ် စာရေးခဲ့သူဖြစ်၏။ ဒုတိယကမ္ဘာစစ်အတွင်း စစ်ပြေးဘဝဖြင့် မြန်မာနှစ် ၁၃၀၄ ခုနှစ် ( ခရစ် ၁၉၄၂) တွင် ရွှေဘိုခရိုင် ကန့်ဘလူမြို့ အနီး ဂါးဒါးဆည်ကြီး ရွာ၌ ကွယ်လွန်ခဲ့သည်။

သိပ္ပံမောင်ဝသည် ဗြိတိသျှတို့၏ နိုင်ငံ့ဝန်ထမ်းအဖြစ် ဆောင်ရွက်စေကာမူ မျိုးချစ်စိတ်ဓါတ် မပျက်သူ ဖြစ်သည်။ ရောက်လေရာရာ အရပ်တိုင်း၌ တွေ့မြင် ကြားသိသမျှတို့ကို ထိုမျိုးချစ်စိတ်အခြေခံကာ ရေးသားလေ့ရှိသည်။ ရောက်ရာ အရပ်တိုင်း၌ မြန်မာမှု မြန်မာ့ဓလေ့ မြန်မာ့ရာဇဝင်တို့ကို စိတ်အား ထက်သန်စွာ လေ့လာဖော်ထုတ်လေ့ရှိသည်။ သူရေးသမျှ စာတို့၌ မျိုးချစ်စိတ် အငွေ့အသက်များ တစ်နည်းနည်းဖြင့် ပါဝင်နေတတ်ပေသည်။

ထို့အပြင် လူ့သဘော၊ လောကသဘောကိုလည်း ဆင်ခြင်လေ့ရှိသည်။ ဤလေလံပွဲ ဝတ္ထုတိုတွင် မခံချင်စိတ်၏သဘောကို တင်ပြရေးဖွဲ့ထားသည်။ လူ့သဘာဝ သရုပ်ပြ ဝတ္ထုတို တစ်ပုဒ်ဟု ဆိုနိုင်သည်။ ဆရာကြီး ပီမိုးနင်းက ဤဝတ္ထုတိုကလေးနှင့် ပတ်သက်၍ ဂန္ထလောက မဂ္ဂဇင်းတွင် 'မောင်စိန်တင် ရေးသော အင်းလေလံပွဲကြီးအကြောင်း ဖတ်ရသည်မှာ တောသားလည်းမဟုတ်၊ ဝတ္ထုလည်း မဟုတ်၊ ဆောင်းပါးလည်း မဟုတ်၊ ဖတ်၍ မပြီးမချင်း လက်က မချနိုင်အောင် ကောင်းသော စာမျိုးဖြစ်သည်' ဟု ချီးကျူးစကား ရေးသားခဲ့ဖူးသည်။ ဝေဖန် သုံးသပ်ကြည့်ကြစေလိုသည်။

ဘာလေလံပွဲလဲ၊ အင်းလေလံပွဲဖြစ်ပါသည်။

**တော်ဝင်မြို့မစာအုပ်တိုက်**

ယနေ့ကား အင်းလေလံပွဲနေ့ ဖြစ်၏။ အင်းသားကြီးတို့ အဖို့ နေ့ထူးနေ့မြတ်ကြီး ဖြစ်လေသည်။ မောင်လူအေး၏ နယ်ပယ်အတွင်း ရှိ ငါးများ အဖို့ကား နေ့ဆိုး နေ့ယုတ်ကြီးပေတည်း။

နံနက်စောစောကပင် နယ်ပိုင်ရုံးတော် ဝင်းအတွင်းသို့ အင်းသား ကြီး၊ အင်းသားလတ်၊ အင်းသားကလေး၊ အင်းသားမကြီး (ဝါ) အင်းသမီး ကြီး၊ အင်းသားမလတ် (ဝါ) အင်းသမီးလတ်၊ အင်းသားမကလေး (ဝါ) အင်းသမီးကလေး၊ လက်ထောက်အင်းသား၊ လက်ထောက်အင်းသမီး (ဝါ) လက်ထောက်အင်းသမ၊ အချခံအင်းသမီး (ဝါ) အချခံ အင်းသမ၊ အင်းသားယောင်၊ အင်းသမီးယောင် (ဝါ) အင်းကူလီမှစ၍ အင်းနှင့် အသက်မွေးသူတို့ ရောက်နှင့်ကြလေပြီ။

တစ်မြို့လုံးလည်း သူတို့ချည်း ဟိုသွားလည်း သူတို့နှင့်တွေ့၊ သည်သွားလည်း သူတို့နှင့်တွေ့၊ ဈေးထဲမှာလည်း သူတို့၊ တရုတ်ခေါက် ဆွဲဆိုင်မှာလည်း သူတို့၊ ကုလားထမင်းဆိုင်မှာလည်း သူတို့ အပြန့် အရက်ဆိုင်မှာလည်း သူတို့၊ ကုလားမူဆာ၏ ကစော်ဆိုင်မှာလည်း သူတို့ မောင်တူ၏ ဖဲဝိုင်းမှာလည်း သူတို့၊ တစ်မြို့လုံးအနှံ့အပြား အင်းသား တွေ လွှတ်၍ နေကြလေသည်။

အင်းသားကြီး တစ်ယောက်မှာ နောက်လိုက်က အထွေထွေ၊ ခေါင်း ပေါင်းစကြီးတွေက တထောင်ထောင် ဟိုသွားသည်သွား၊ အိတ်ထဲမှာ ငွေ သံတွေ တချွင်ချွင်၊ မယားခမျာမှာလည်း အပါးက မခွာ မျက်နှာထား ခပ်မာမာ၊ အချို့မှာ အသင်းအပင်း အစုအဝေးနှင့် နယ်ပိုင်ရုံးဝင်း အတွင်း ကုက္ကိုပင်ကြီး အောက်တွင် ကော်ဇောတွေ ခင်းလျက် ထမင်းစားပွဲကြီး ကျင်းပနေကြလေတော့သည်။

ကိုသာလူကား အင်းခွန် မကျေသောကြောင့် အင်းဆွဲရန် လက်မှတ် မရနိုင်။ မိတ်ဆွေ မောင်ဘိုးအောင်အား ထောင်၍ အင်းအဆွဲခိုင်းရန် ကြံ၏။ သို့သော် မောင်ဘိုးအောင်လည်း လက်မှတ်မရနိုင်။ ပစ္စည်းရှိသူ မဟုတ်။ ကိုသာလူကား အနည်းငယ်မျှ မစိုးရိမ်၊ အင်းမသူကြီး ဦးဘိုးရှင် ထံ သွား၍ မောင်ဘိုးအောင်၌ ပစ္စည်းရှိကြောင်း လက်မှတ်အထိုးခိုင်း ရပေမည်။ ကိုယ်တော်မြတ် သူကြီးမှာ မျက်နှာထား တည်တည်နှင့် အမြင် ကတ်စရာ။ သို့သော် သူ့နေရာနှင့် သူ၊ အောက်မကျို့က မဖြစ်၊ တောင်းပန်စကား သွား၍ ပြော၏။ အဖက်မလုပ်၊ တော်တော်လူပါးဝ တဲ့ သူကြီး။ သူ့ကိုယ်သူ သိကြားများမှတ်နေရော့သလား။ သို့သော်

ကိုသာလူတို့ မည်သို့ လုပ်လိုက်သည်မသိ။ ခဏကြာလျှင် သူကြီးလည်း ပြုံးပြုံးရွှင်ရွှင်နှင့်ပင် လက်မှတ်ကို ထိုး၍ ပေးလိုက်၏။

မောင်ဘိုးအောင် လက်မှတ်ရသွားလေပြီ။ အကယ်ပင် ကိစ္စတုံး ပြီလော၊ မတုံးသေး။ မြို့ပိုင်မင်းထံ ပြေးရဦးမည်။ သူကြီးလက်မှတ်ကား ပစ္စည်းရှိကြောင်း လက်မှတ်သာတည်း။ အင်းဆွဲရန် လက်မှတ်ကား မြို့ ပိုင်မင်း၊ အင်းခွန်ဝန်မင်း၊ နယ်ပိုင်မင်းတို့ကသာ ပေးနိုင်လေသည်။ မြို့ အုပ်မင်းထံ ဝင်ရန်မှာလည်း မလွယ်ကူ၊ အင်းလက်မှတ်အတွက် စောင့် စားနေကြသော လူထုကြီးကား မနည်း။ မောင်ဘိုးနီ၊ မောင်သာဟန်၊ မောင်မြို့၊ မောင်နီတာတို့လည်း ချွေးတလုံးလုံးနှင့်။ အင်းသားကြီး မောင် ကြိုင်လည်း လူထုထဲတွင် ဟိုတိုးသည်တိုးနှင့် နေပါကလား။ သည်ကောင် မနှစ်က အင်းဖိုးငွေ မကျေတာတောင် မျက်နှာပြောင်တိုက်ပြီး လာသေး သကိုး၊ တကယ့်အကောင်။

မြို့ပိုင်မင်းကား စောစောကပင် ရုံးသို့ ရောက်နေလေသည်။ သူ၏ အခန်းထဲတွင် ရှိ၏။ မြို့ပိုင်မင်းထက် ကြောက်ရသူကား မြို့ပိုင်မင်း၏ ယပ်ဆွဲသူ မောင်ခင်ဖြစ်လေသည်။ ကိုယ်တော်မြတ်မှာ မြို့ပိုင်မင်း ထက် ပင် အဝတ်အစားပြောင်သေး၏။ စီးကရက်ကို လက်ကြားညှပ်၊ ဖိနပ်ဖြူကို စီးလျက် ဟိုလူ့ကိုအော်၊ သည်လူ့ကိုမာန်နှင့် အင်မတန် ဂိုက်ထုတ် နေ လေသည်။ သူနှင့် သင့်သူကား ရှေ့ကနေရ၏။ မသင့်သူတို့ကား နောက်သို့ ဆုတ်ရလေသည်။ သူ့ကိုယ်သူ မြို့ပိုင်မင်း ထင်နေရော့ သလား၊ အင်းကိုပင် မဆွဲရသေး၊ ငရဲသို့ ရောက်ကြရပေပြီ။

မောင်ခင်က မျက်နှာသာ ပေးလိုက်သူတို့ တစ်ယောက်ပြီး တစ်ယောက် အစဉ်အတိုင်း ရုံးခန်းထဲသို့ ဝင်ကြရ၏။ မြို့ပိုင်မင်းနှင့် တွေ့ပြီလော၊ မတွေ့ရသေးပါ။ ရုံးစာရေးကြီး၊ ရုံးစာရေးကလေး၊ အသင်ရုံး စာရေးများ ရုံးစာရေးကြီး၏လက်ထောက်များ၊ အကူ ရုံးစာရေးများနှင့် တစ်ဆင့်တစ်ဆင့် တွေ့၍ သွားရလေသည်။ သူတို့ လည်း အမျိုးမျိုးသော မေးခွန်းတွေ ဘာတွေနှင့် အနှောင့်အယှက်ပြုကြ လေသည်။ သြော်၊ ဒုက္ခ ကျားကြီးလည်း ကြောက်ရ၊ ကျားကလေးလည်း ကြောက်ရ၊ ဘယ်နေရာမှ ဟန်မကျပါကလားနော်။

နောက်ဆုံး မြို့ပိုင်မင်းထံသို့ ရောက်ကြ၏။ မြို့ပိုင်မင်းလည်း မေးခွန်း အမျိုးမျိုးထုတ်လျက် နေလေတော့သည်။ ဝိဇ္ဇာစာမေးပွဲတွင် မေးသော မေးခွန်းတို့ထက်ပင် အင်းသားကြီးတို့ အဖို့ ခက်သေး၏။

အားလုံး မမှန်သည်ကိုချည်း ဖြေကြလေသည်။ နှစ်ဆယ်တန် အိမ်ကို နှစ်ထောင်တန်သည်ဟု ကျမ်းကိုင်၍ ဆို၏။ ငါးကျပ်တန်သော လှေ တစ်စင်းကို တစ်ရာတန်သည်ဟု ကျမ်းကိုင်၍ ဆို၏။ ကျမ်းကိုင်စူးသည်ဆိုသော စကားကို မကြားဖူးသကဲ့သို့ ညာနိုင်သမျှ ညာသောဟူ၏။ သေသေချာချာ ကျကျနန စစ်ဆေးသော သူကိုပင် ယောင်လည်လည် ဖြစ်အောင် ဖြေကြလေသည်။ တော်လည်းတော်ကြပါပေရဲ့။

နောက်ဆုံး၌ မြို့ပိုင်မင်းလည်း အချို့ကို ပယ်၍ အချို့ကို လက်မှတ် ထုတ်၍ ပေးလိုက်လေသတည်း။ လက်မှတ် ရလာသူများအနက် ဘိုးအောင်၊ ထွန်းစိန်၊ စံဦး၊ မောင်မြ၊ လုံထော်တို့လည်း ပါကြလေသည်။ လက်မှတ်ကလေးတွေ ကိုယ်စီနှင့် ထွက်လာကြကုန်၏။ မျက်နှာတွေ ကားမှို့ရသလို။ ကိုစံပကြီးကား မောင်ခင်နှင့် မသင့်သူ ဖြစ်သောကြောင့် ရုံးအပြင်ဘက်တွင် ဟိုထိုး သည်ထိုးဖြင့် နေရရှာ၏။ သနားစရာ၊ ခမျာမှာ လက်မှတ်မရမှုဖြင့်အခက်။

အင်းသားကြီးဟောင်း ဦးငွေရ၊ ဦးစံဖူး၊ ဦးဘိုးထွန်း၊ ဦးဘသာ တို့ကား စောစောကပင် လက်မှတ်ရထားသူများ ဖြစ်သောကြောင့် တိုးဝှေ့နေကြသူများတွင် မပါဝင်။ ခပ်အေးအေးပင် ကုက္ကိုပင်ရိပ်တွင် ဆေးလိပ်ဖွာကာ ကွမ်းစားကာနှင့် ထိုင်နေကြသည်။ သူတို့၏ နောက်လိုက်များကား ဝိုင်းလျက်။

မောင်မြကား လက်မှတ် ရလာသည်နှင့် တစ်ပြိုင်နက် အင်းသားကြီး ဦးငွေရတို့ ထိုင်နေရာသို့ ရောက်လာလေသည်။ မျက်နှာထား ရွှင်ပျစွာ ထားလျက်နေ၏။ မောင်မြ ရလာသော လက်မှတ်ကား ပန်းလှိုင်ရေကျော်အင်းအတွက် လက်မှတ်ဖြစ်လေသည်။ ပန်းလှိုင်ရေကျော် အင်းသားကြီးဟောင်း ဦးငွေရကား လက်မှတ်ကို မောင်မြလက်ထဲ မြင်လိုက်သည်နှင့် တစ်ပြိုင်နက် မျက်နှာပျက်လျက် သွားတော့၏။ ထိုအင်း မိမိလက်မှ လွတ်သွားက ခက်လေတော့မည်။ ဦးငွေရ၏ မယား ဒေါ်ရုကား မျက်နှာကြီး စူလျက်။

မောင်မြကား ပန်းလှိုင်ရေကျော်အင်းကို နှစ်ထောင်အထိ တက်ပေးမည်ဟု ဦးငွေရ မကြားတကြား ပြောလျက်နေ၏။ ဦးငွေရမျက်နှာနီ၍ လာလေပြီ။ မိမိက တစ်ထောင်ထက်ပို၍ မပေးနိုင်။ တစ်ထောင်နှင့် ရမှ ငွေနှစ်ရာလောက်မြတ်မည်။ မောင်မြကား ပစ္စည်းမရှိသူမှန်၏။ သို့သော် အင်းဆွဲရန် လက်မှတ်ရထားသူ ဖြစ်လေသည်။ နောင်အခါမှ ဖြစ်ချင်ရာ

ဖြစ်တော့မည်။ အခက်ကြီးကြုံရပေ၏။ မောင်မြကား လက်မှတ်ကို ဝင့်ကာ ဝင့်ကာနှင့် စကားများလျက် နေလေတော့သည်။ ဦးငွေရတို့ လင်မယားက ချွေးဖြိုင်ဖြိုင်ယိုကာ ကျလေပြီ။

နောက်ဆုံး၌ ဦးငွေရကား မောင်မြအား အင်းသို့ဝင်၍ မဆွဲရန် တောင်းပန်ရှာသည်။ မောင်မြကား တောင်းပန်၍ မရ။ ခရီးစရိတ်ငွေ အစိတ်ကိုသာ ထုတ်၍သာ ပေး၏။ နည်းသေးသည် မယူ။ သုံးဆယ် ပေးသည်မယူ။ ငါးဆယ်ပေးမှ ကျေနပ်လေတော့သည်။ ငါးဆယ်ရလျှင် မောင်မြလည်း မောင်တူ၏ ဖဲဝိုင်းသို့ သွားလေပြီ။ ဦးငွေရကား အင်းမဆွဲရသေးမီ ငွေကိုလည်း ငါးဆယ် ထွက်ရရှာ၏။ ဤနည်းအတိုင်းပင် ဘိုးနီနှင့် သာဟန်တို့လည်း အင်းသားကြီးဟောင်း ဦးဘိုးနေနှင့် ဦးဘသာတို့ထံမှ ငွေသုံးဆယ်စီ ရခဲ့ကြလေသည်။ တရုတ်အပြန့်၏ အရက်ဆိုင်သို့ ခြေဦးလှည့်ကြလေပြီ။

ရန်ကုန်မှ ယနေ့နံနက်တွင် ရောက်လာသော ငါးပွဲစား မောင်ကန်မှာလည်း ခေါင်းပေါင်းစ တထောင်ထောင်ပင်။ သူ၏ နောက်မှ အင်းသားကြီးဟောင်းများ တကောက်ကောက်နှင့် မခွာနိုင်ကြ။ သူ့အိတ်ထဲတွင် ငွေနှစ်ထောင် ပါလာသည်ဟု ကြားရ၏။ စပေါ်ငွေပေးရန် သူ့ထံမှ မျက်နှာသေကလေးများဖြင့် ငွေတောင်းနေကြလေသည်။ အင်းဂရန်ကို ပေါင်ထားမည် ဆိုသူကဆို၊ အင်းမှထွက်သော ကုန်များကို ပေါပေါနှင့် ပေးမည့်သူက မရှား၊ အမျိုးမျိုးချော့ကာ မော့ကာ မောင်ကန်ထံမှ ငွေထွက်အောင် ညစ်နေကြကုန်၏။ ဤအခါတွင် မောင်ကန်ကား နတ်သိကြားထက်ပင် တန်ခိုးကြီးပေသေး၏။ ယပ်ခပ်ပေးသူကပေး၊ ရေယူပေးသူတွေကလည်း အများ၊ တော်တော်ပင် ခမ်းနားပေသည်။

သို့ဖြင့်ပင် နယ်ပိုင်ရုံးဝင်း တစ်ဝင်းလုံး ဟိုစုရုံး သည်စုရုံး၊ ဟိုလူးလာခတ်၊ သည်လူးလာခတ်။ ဟိုပြော သည်ပြောနှင့် တသောသော နေကြရလေတော့သည်။ ရုံးအောက်က လက်ဖက်ရည်ဆိုင်ရှင် ဒေါ်သိန်းခင်မှာလည်း အရောင်းရတွင်သောကြောင့် တပြုံးပြုံး၊ လက်ပင် မလည်နိုင်။ နယ်ပိုင်ရုံးတွင် တစ်နှစ်ပတ်လုံး ဤအခါကဲ့သို့ လူစည်ကားခြင်း တစ်ခါမျှ မရှိခဲ့ဖူး။ အင်းဆွဲရန် လက်မှတ်ရသူတို့ကား တရွှင်ရွှင်၊ မရသူတို့က တမှိုင်မှိုင်၊ မောင်ကုလားတို့ လူစုကား အင်းဆွဲနိုင်သူတွေလည်း မဟုတ်၊ လက်မှတ်ရသူတွေလည်း မဟုတ်၊ ငွေကြေးဆို တစ်ပြား တစ်ချပ်မျှ ရှိသူတွေလည်း မဟုတ်။ သို့ပါလျက် ခုနစ်မိုင်ခရီးမှလာ၍ သူတကာ

အင်းလေလံဆွဲသည်ကို သွားရည်ယိုကြသည်မှာ အံ့သြပါရဲ့။

သို့နှင့်ပင် ဆယ်နာရီ ထိုး၏။ ထို့နောက် ဆယ်နာရီ ခွဲ၏။ နယ်ပိုင်မောင်လူအေး လာလေပြီ။ အားလုံးဝိုင်း၍ ကြည့်ကြ၏။ 'တကယ် ဆိုးတဲ့ နယ်ပိုင် '၊ 'တယ်ကြမ်းတဲ့ နယ်ပိုင်' စသည်ဖြင့် တီးတိုးစကား ပြောကြလေသည်။ (မောင်လူအေးကား ရှေးအခါက လူအေးဖြစ်သည်မှန်၏။ ယခု လူသရမ်းတွေနှင့် လုပ်နေရသောကြောင့် လူကြမ်းဖြစ်နေလေပြီ။)

အရေးပိုင်ကား သူ၏ သဘော်ထဲတွင် ရှိသေး၏။ အရေးပိုင်လာမှ လေလံဆွဲမည့်သူများ၏ စိတ်ထဲတွင် တထိတ်ထိတ်နှင့် နေလေတော့သည်။

လေလံပစ်မည့် နေရာကား နယ်ပိုင်မင်း ရုံးအောက်တွင်ဖြစ်၏။ အရေးပိုင်မင်းထိုင်ရန်နှင့် ခုံမြင့်ကလေး ပြုလုပ်၍ ထားလေသည်။ အခြားအရာရှိများကား မြေပြင်၌ ကုလားထိုင်များပေါ်တွင် ထိုင်ကြရမည်။

ဆယ့်တစ်နာရီထိုးသည်နှင့်တစ်ပြိုင်နက် အရေးပိုင်မင်းပေါက်၍ လာလေသည်။ နယ်ပိုင်မောင်လူအေးလည်း ခရီးဦးကြို ပြု၍ ခုံမြင့်ရှိရာသို့ ခေါ်ခဲ့၏။ ရောက်လျှင် နှစ်ယောက်သား ခုံမြင့်ပေါ်ရှိ ကုလားထိုင်နှစ်လုံးတွင် ယှဉ်ကာ ထိုင်ကြလေသည်။ မြို့ပိုင်၊ အခွန်ဝန်၊ အင်းခွန်ဝန်တို့လည်း အသီးသီး မိမိတို့ နေရာများတွင် ထိုင်ကြလေသည်။

အင်းဆွဲမည့်သူများနှင့်တကွ မိမိ၏ နောက်လိုက်များပါ ထိုနေရာသို့ ဝိုင်း၍လာကြ၏။ ထိုသူတို့ ရောက်သည်နှင့်တစ်ပြိုင်နက် အခွန်ဝန်မင်း အင်းအမှုတွဲတစ်တွဲကို ကိုင်ပြီးလျှင် 'ပန်းလှိုင်ရေကျော်အင်း' ဟူ၍ အော်လိုက်လေသည်။ အနားတွင် ထိုင်နေကြသော သူတို့လည်း ဟိုကြည့်သည်ကြည့်နှင့် လုပ်နေကြ၏။ အတန်ကလေးကြာလျှင် ထောင့်တစ်ထောင့်မှ ဦးငွေရကြီး ထ၍လာလေသည်။ အားလုံးသော ပရိသတ်တို့သူ့အား စိုက်၍ ကြည့်နေကြလေသည်။ အခြားမည်သူက ထမည်နည်း၊ မည်သူတစ်ဦးမှ မထ။ ဦးငွေရ စိတ်အေးသွားလေတော့သည်။ မောင်မြအား ငွေငါးဆယ် ပေးလိုက်ပြီ မဟုတ်ပါလော။

ဦးငွေရလည်း အရေးပိုင်မင်းတို့ရှေ့သို့ ရောက်လေပြီ။ အခွန်ဝန်ဆွဲရန် လက်မှတ်ကို အခွန်ဝန်မင်းအား ကမ်းပေးလိုက်၏။ အခွန်ဝန်မင်းလည်း အမှုတွဲနှင့် လက်မှတ်ကိုပါ အရေးပိုင်မင်းထံ ကမ်း၍ ပေးပြန်၏။

အရေးပိုင်မင်း။ ။ သည်အင်းကို ဘယ်လောက်ပေးမလဲ ဦးငွေရ။

ဦးငွေရ။ ။ ငါးရာ ပေးပါမည် ဘုရား။

အရေးပိုင်မင်း။ ။ မရောင်းနိုင်ဘူး၊ မနှစ်က တစ်ထောင်နှင့် ရောင်းတယ်။

ဦးငွေရ။ ။ မနှစ်က ရှုံးပါဘုရား။

နယ်ပိုင်။ ။မနှစ်က ရှုံးပေမယ့် သည်နှစ်မြတ်မယ်။

ဦးငွေရ။ ။ မြတ်မှာ မဟုတ်ပါဘူး၊ ဆား ဈေးတွေက တက်နေပါဘုရား။

အင်းခွန်ဝင်။ ။ခင်ဗျားတစ်ထောင်နှင့်တောင် မြတ်သေးတာ၊ ကျုပ်သိသားနှင့်၊ လာ ညာနေပြန်ပြီ။

ဦးငွေရ။ ။ ရှုံးပါဘုရား၊ ဘယ်ကျိန်မျိုးပဲ ပေးပေး။

အခွန်ဝန်။ ။ သည်ထက် တက်မပေးနိုင်ဘူးလား။

ဦးငွေရ။ ။ ခုနစ်ရာ့ငါးဆယ် ပေးပါမယ်ဘုရား။ သည်ထက် တက်မပေးတော့ပါ။ ဒါ အများဆုံးပါပဲ။

အရေးပိုင်။ ။ သည်ဈေးနှင့်မရောင်းဘူး၊ နည်းတယ်။

ဦးငွေရ။ ။ မနည်းပါဘုရား၊ များတောင် နေပါသေးတယ်။ (ပရိသတ်က ရယ်ကြ၏။)

နယ်ပိုင်။ ။ များတယ်ထင်ရင် လေလံ ချိုးထားလိုက်မယ်။ တက်မလား၊ မပေးဘူးလား။

ဦးငွေရ။ ။ ရှစ်ရာ ပေးပါမယ်ဘုရား၊ သည်ထက်တော့ မပေးနိုင်တော့ပါ။

အရေးပိုင်။ ။ ကောင်းပြီ၊ ရှစ်ရာနှင့် တစ်နှစ်ရောင်းမယ်၊ အင်းသားကြီးဟောင်းဖြစ်လို့ လျှော့ပေးမယ် သိလား၊ စပေါ်ငွေ ရှစ်ဆယ် ပေးရမယ်။

ဦးငွေရ။ ။ ပေးပါမယ်။

ဆို၍ အခွန်ဝန်ကို ငွေထုတ်ပေး၏။

အခွန်ဝန်က ငွေတိုက်တွင် သွား၍ အသွင်းခိုင်းလေသည်။ ဦးငွေရကလည်း ပြုံး၍ ထွက်သွားလေတော့၏။ မနှစ်ကထက် နှစ်ရာတောင် သက်သာလေသည်။ သူ၏ သားမယား ဆွေမျိုးနောက်လိုက်တွေ တစ်စုလည်း တပြုံးပြုံးနှင့် နောက်က လိုက်လာကြလေသည်။ အထက်ပါ နည်းအတိုင်း လုသူမရှိဘဲ လျှော့ဈေးနှင့် ရောင်းလိုက်ရသော အင်းပေါင်း ၁၀ အင်းခန့် ရှိလေပြီ။

အခွန်ဝန်မင်းက 'တပေကုလားအင်း' ဟု အော်လိုက်သည်နှင့်

တစ်ပြိုင်နက် ဘိုးအောင်နှင့် ကုလားကြီးတို့ ထောင့်တစ်ထောင့်စီမှထ၍ လာကြသည်။ ပရိသတ်ကလည်း အုတ်အုတ်ကျက်ကျက် ဖြစ်သွား၏။ လက်မှတ်အသီးသီး ကမ်းပေးကြ၏။ ကုလားကြီးကား အင်းသားဟောင်း။ သူတို့၏ အမည်များကို အရေးပိုင်မင်း အမှုတွဲတွင် မှတ်လေပြီ။ ပြီးသည်နှင့် တစ်ပြိုင်နက် လေလံပစ်တော့မည် လုပ်၍ ကုလားကြီးက 'လျှောက်ပါရစေ' ဟု ဆို၏။

အရေးပိုင်။ ။ ဘာလျှောက်လိုသလဲ။

ကုလားကြီး။ ။ အခုလေလံမှာ ဝင်လုတဲ့ မောင်ဘိုးအောင်ဟာ အခွန်မကျေတဲ့ အင်းသားကြီးဟောင်း ကိုသာလူက ထောင်ဆွဲသူ ဖြစ်ပါတယ်ဘုရား။

(အထက်ပါအတိုင်း မောင်ကုလားကြီးက ပုတ်လိုက်လျှင် ပရိသတ်ကြီးလည်း အုတ်အုတ်ကျက်ကျက် ဖြစ်သွား၏။)

အရေးပိုင်။ ။ မောင်ကုလားကြီး ပြောတဲ့အတိုင်း မှန်သလား မောင်ဘိုးအောင်။

ဘိုးအောင်။ ။ မဟုတ်ရပါ ဘုရား။

ကုလားကြီး။ ။ မယုံလျှင် သူကြီးကို မေးပါ။

သူကြီးကိုခေါ်၏။ သူကြီး ဦးဘိုးရှင် နေရာမှ ထ၏။

အရေးပိုင်။ ။ မောင်ကုလားကြီး ပြောတဲ့အတိုင်း မှန်သလား သူကြီးမင်း။

သူကြီး။ ။ မှန်ပါတယ် ဘုရား။

(ခက်ပြီ၊ ခက်ပြီ၊ ခွေးမသား သူကြီး၊ ငါ့ကိုသတ်ပြီ။ စောစောကတော့ လက်မှတ်ပေးပြီး အခုအချက် ထဲကျမှ ခွလုပ်လေတယ်၊ နေနှင့်ဦး။ တစ်နေ့တော့ တွေ့ရမပ။)

အရေးပိုင်။ ။ မောင်ဘိုးအောင် လေလံ မဆွဲနိုင်ဘူး။

မောင်ဘိုးအောင်လည်း သူကြီးအပေါ်တွင် အခဲမကြေဘဲ မျက်နှာသေကလေးနှင့် လေလံပွဲမှ ထွက်ခွာ၍ သွားလေပြီ။ ပရိသတ်ထဲမှ တချို့က ဝမ်းသာ၏။ အချို့က ဝမ်းနည်းလေသည်။

တပေကုလားအင်းကို မောင်ကုလားကြီးအား တစ်ထောင့်ခြောက်ရာနှင့် ရောင်းလိုက်လေပြီ။ ကုလားကြီးတို့လူစု ဝမ်းမြောက်ဝမ်းသာနှင့် ထွက်၍ သွားကြ၏။

ပြီးလျှင် အခွန်ဝန်မင်းက "မက်ခင်းကြီးအင်း" ဟူ၍ အော်လိုက်၏။

မောင်ပန်းဦးနှင့် မောင်သိန်းမောင်တို့ တစ်ထောင့်စီမှထ၍ လာကြသည်။ အသီးသီး လက်မှတ်များကို ကမ်း၍ပေး၏။ မောင်ပန်းဦးက ဣန္ဒြေရရ၊ မောင်သိန်းမောင်ကား အရက်မူးလျက် ယိုင်တိ ယိုင်တိုင်။

အရေးပိုင်မင်းလည်း ထိုသူတို့၏ နာမည်များကို အမှုတွဲတွင် ရေးပြီးနောက် ပန်းဦးဘက်သို့ လှည့်လျက် 'သည်ဘက်အင်းကို ဘယ်လောက်ပေးမလဲ' ဟုမေး၏။

ပန်းဦး။ ။ ၂၅၀၀ိ ပေးပါမယ် ဘုရား။

အရေးပိုင်မင်း။ ။ သိန်းမောင်ကော။

သိန်းမောင်။ ။ ၂၇၅၀ိ ပေးပ့ါမယ်။

ပန်းဦး။ ။ ၃၀၀၀ိ။

သိန်းမောင်။ ။ ၃၅၀၀ိ။

ပန်းဦး။ ။ ၄၀၀၀ိ

သိန်းမောင်။ ။ ၄၅၀၀ိ။

အရေးပိုင်မင်းက 'မနှစ်က ၂၅၀၀ိ နှင့်ရောင်းတယ်။ စဉ်းစားပြီး ဆွဲကြ၊ အမြတ်မရှိဘဲ မခံချင်လို့ ဆွဲရင် အလကားပဲ' ဟုဆို၏။

ပန်းဦး။ ။ ၅၀၀၀ိ။

သိန်းမောင်။ ။ ၅၅၀၀ိ။

ပန်းဦးအား သူ၏ မိတ်ဆွေများက ဆွဲ၍ ထားကြ၏။ ရုန်း၍ထ၏၊ မထနိုင်။

အရေးပိုင်မင်း။ ။ ၅၅၀၀ိ။

၅၅၀၀ိ။

ပန်းဦး။ ။ ၆၀၀၀ိ (ဆွဲထားရာမှ)

သိန်းမောင်။ ။ ၆၅၀၀ိ။

ပန်းဦးကား မူးနေသူမဟုတ်။ သို့သော် မခံချင်သောစိတ်မိုက်က သွေးဆောင်လျက်နေ၏။ မိမိမယား မိမိ၏ လုံချည်စကို ဆွဲထားလေသည်။ အကယ်၍ ၆၅၀၀ိ ထက်ပို၍ ပေးလိုက်လျှင် ၃၀၀၀ိ ကျော်ရှုံးပေလိမ့်မည်။ မိမိ၌ စိုက်စရာငွေ သုံးထောင်လည်းမရှိ။ ၆၅၀၀ိ ထက်တက်ပေးလျှင် မိမိထောင်ကျမည်မှာ ဧကန္တ၊ ထောင်ကျရုံသာမက မိမိ၏ သားမယားတို့လည်း အတိဒုက္ခရောက်ကြပေလိမ့်မည်။ မျက်စိတစ်ဖက်တွင် ထောင်ကြီးကို မြင်လျက်နေ၏။ အခြားတစ်ဖက်တွင်ကား သိန်းမောင်က မိမိအား လူကြောက်ဟု ခေါ်နေသည်ကိုလည်းကောင်း၊ ပရိသတ်က

သတ္တိကြောင်သူဟူ၍ ခေါ်နေသည်ကိုလည်းကောင်း မြင်လျက်နေလေသည်။

ထောင်ကို ကြောက်သော စိတ်ကောင်းနှင့် မခံချင်သော စိတ်ရိုင်းတို့၏ အကြားတွင် ပန်းဦးကား မှိုင်တွေတွေကြီး နေလေတော့သည်။

အရေးပိုင်မင်း။ ။ ၆၅၀ဝိ - တစ်ခါ၊
၆၅၀ဝိ - နှစ်ခါ၊
၆၅၀ဝိ - သုံးခါ။

ပန်းဦး။ ။ ၇၀၀ဝိ။

သိန်းမောင်ကား မထနိုင်ပြီ။ သူ၏ ပါးစပ်ကို မယားနှင့်ဆွေမျိုးတွေက ပိတ်၍ ထားကြလေသည်။

အရေးပိုင်မင်း။ ။ ၇၀၀ဝိ - တစ်ခါ၊
၇၀၀ဝိ - နှစ်ခါ၊
၇၀၀ဝိ - သုံးခါ၊

ပန်းဦး မက်ခင်းကြီး အင်းကို ၇၀၀ဝိ နှင့် ရသွားလေပြီ။ အကျိုးရှိသော ရခြင်းမျိုးမဟုတ်။ ဧကန် ထောင်ကျမည့်ရခြင်းဖြစ်လေသည်။ မခံချင်သော စိတ်ရိုင်းက ခြယ်လှယ်သောကြောင့် အင်းသားကြီးတွေ ထောင်နန်းစံဖူးကြသည်မှာ များလေပြီ။

ပရိသတ်အထဲမှ အချို့က ပန်းဦး၏ သတ္တိကို ချီးမွမ်းကြ၏။ အချို့က လူမိုက်၊ အရူးဟု ခေါ်ဆိုကြလေသည်။ ပန်းဦးကား အင်းကိုရသော်လည်း ဝမ်းမသာပြီ။ မိမိ၏ ပျက်စီးရာ ပျက်စီးကြောင်း အင်းကြီးပေတည်း။ တစ်သက်လုံး စုဆောင်း၍ထားသော ငွေကလေး ၁၅ မိနစ်အတွင်း ပျက်စီးခြင်းသို့ ရောက်ရပေတော့မည်။ ပစ္စည်းပျက်စီးခြင်းကား မထောင်းတာ၊ ထောင်အတွင်းသို့ ရောက်ခြင်းကား မခံနိုင်စရာ။ ဤကြွေ ပျက်ကြောင်း သက်သေခံလျက်ပင်။ ဤကား မခံချင်သော စိတ်၏ တာသွားပုံတည်း။

အရေးပိုင်မင်းနှင့် အရာရှိများလည်း အစဉ်အတိုင်း အင်းများကို လေလံတင်လျက် သွားကြ၏။ လေးနာရီထိုးလျှင် အင်းပေါင်း ၉၀ ပြီးလေပြီ။ ဤမျှနှင့် လေလံပွဲကြီး ပြီးဆုံးခြင်းသို့ ရောက်တော့သတည်း။

*ဂန္ထလောက၊ တွဲ-၁၇၊ မှတ်-၁၀၀၊*
*(မေလ၊ ၁၉၃၃)*

# သည်နွားသိုးနှယ်

နွားသိုးများသည် ဆိုးဝါးသော သတ္တဝါများဖြစ်ကြလေသည်။ သခင်ကို သခင်ဟူ၍ မမှတ်ကြ။ သခင့်စကားကို နားမထောင်၊ အချက်ထဲကျလျှင် သခင်ကို အရှဲ့တိုက်လေ့ရှိသည်။ သခင်က အစာကျွေးနေတုန်း ဖြစ်သော်လည်း နောက်မှနေ၍ ဝှေ့လေ့ရှိ၏။ နွားသိုးများ၏ စိတ်ကို ဘယ်အခါမျှ မယုံရ။ သခင်များသည် လွန်စွာ သတိထားနေကြရလေသည်။ စိတ်ကောင်းသည့်အခါ တော်၏။ စိတ်နှင့်အခန့်မသင့်လျှင် သခင်သော အရှင်သောကား မရွေး၊ သေသည့်တိုင်အောင် ဝှေ့လေ့ရှိကြကုန်၏။ နွားသိုးများ ဝှေ့သောကြောင့် နွားရှင်များ သေသည်ကို မကြာ မကြာကြားသိရလေသည်။ ထို့ကြောင့် 'နွားသိုးနှင့် မိုး၊ အစိုးမရ' ဟူ၍ ရှေးလူကြီးတို့ စကားပုံ ထားခဲ့ကြပာန်တူလေသည်။ မည်သည့်တိရစ္ဆာန်မဆို မိမိအား ဂရုစိုက်ကာကြည့်ရှုကျွေးမွေးသော သခင်တို့ကို ခင်မင်ကြလေသည်။ နွားသိုးများကား မိမိတို့၏သခင်ကို အနည်းငယ်မျှ ခင်မင်ခြင်းမရှိ။ ကြိမ်လုံးကို ကြောက်သောကြောင့် သခင်၏ ခိုင်းစေရာကို လုပ်ကိုင်နေပေသည်။ နွားသိုးများတွင် အဆိုးဆုံးအမူအရာမှာ မှုန်တေတေ အမူအရာဖြစ်လေသည်။ မောင်းလိုက်ပေတဲ့ လာချင်မှ လာ၏။ ရိုက်လိုက်ပေတဲ့ နာချင်မှ နာ၏။ အတော်ပင် ဆိုးရွားလှပေသည်။ မည်သူ့ကိုမှ ဂရုမစိုက်။ မှုန်တေတေကြီး ရပ်၍ မြင်နေရလျှင် မည်သူသည် ဒေါသမထွက်ဘဲ နေအံ့နည်း။ ထို့ပြင် နွားသိုး၏ အနံ့မှာလည်း စိမ်းစိမ်းရွှေရွှေညှီစို့စို့နှင့် အလွန်ပင် ဆိုးလေသည်။ ဤမျှ ဆိုးရွားသော နွားသိုးသည် အလုပ်အကိုင်တွင် အစွမ်းသတ္တိရှိပါ၏လော၊ မရှိပါ။ လယ်ထွန်ရာတွင် အသုံးပြုလျှင် မှုန်တေတေ မရုန်းချင် ရုန်းချင်နှင့် ရုန်း၏။ လှည်းတွင်တပ်မူ

ကား ခရီးသုံးလေးမိုင် သွားလျှင် လျှာထွက်အောင် မောတော့၏။ နေပူလည်း မခံနိုင်။ မိုးရွာလည်း အသုံးမကျ။ နွားသိုးဘက်မှ နေ၍ ရှေ့နေလိုက်ရန် အကြောင်း ဘာတစ်ခုမျှ မရှိ။ သို့ဖြစ်သောကြောင့် နွားပိုင်ရှင်များသည် နွားသိုးတို့ကို နွားသိုးဘဝနှင့် ကြာကြာ မထား။ လေးငါးနှစ်သား လောက်ရလျှင် နွားသင်းဘဝသို့ ပြောင်းလိုက်ကြလေတော့၏။ အကယ်၍ အထက်အဆိုပါ အပြစ်များသာ မရှိပါလျှင် ၎င်းတို့မှာ နွားသိုးဘဝနှင့်ပင် အရိုးထုတ်ကြပေလိမ့်မည်။

မောင်လူအေးကား နွားဖြင့် အသက်မွေးသူမဟုတ်။ မိမိအိမ်တွင် နွားတစ်ကောင်မျှလည်း မရှိပေ။ သို့သော် နွားသိုးတစ်ကောင်နှင့်ကား မကြာ မကြာ ရန်ဖြစ်ရလေသည်။ ၎င်းနွားသိုး၏ ပုံပန်းကို အနည်းငယ်ရေးသားရပေမည်။ သူ၏ အရောင်မှာ မဖြူမညို၊ နွားပြာဟုဆိုကြစို့။ ချိုနှစ်ချောင်းမှာ တစ်ထွာခန့် ရှည်ကြပေလိမ့်မည်။ အတော်ပင် ကြည့်၍ ကောင်း၏။ မျက်လုံးတစ်ဖက်မှာ ကန်းနေပေသည်။ ခြေတစ်ဖက်ကားကောင်းစွာ မသန်။ လက်ဝဲဘက်ပေါင်တွင် ဓားခုတ်ရာ တစ်ချက် ရှိလေသည်။ လက်ယာဘက် ပေါင်တွင်ကား အမာဘုကြီး တစ်ခုရှိလေသည်။ ၎င်းနွားမှာ နွားသိုးကလည်း ဖြစ်ပြန်၊ အင်္ဂါကလည်း ပျက်ပြန်၊ အင်မတန်မှပင် စိတ်ပျက်စရာ ကောင်းလေသည်။ ဤနွား၏ ပိုင်ရှင်မည်သူဟူ၍ မောင်လူအေးနှင့် တကွ အိမ်နားနီးချင်းတို့ မသိရပေ။ အင်္ဂါချို့တဲ့ အသုံးမကျသော နွားသိုးဖြစ်သောကြောင့် ပိုင်ရှင်များက ဘေးမဲ့ပေးထားဟန် တူလေသည်။

မောင်လူအေး နေထိုင်လျက်ရှိသော အစိုးရ အိမ်၏ဝင်းမှာ ကျယ်ဝန်းသော်လည်း ခြံမှာ ကောင်းစွာမလုံ။ သွပ်ကြိုးများဖြင့် ဝိုင်းထားသော်လည်း အချို့နေရာမှာ လူခါး သာသာလောက်သာ မြင့်လေသည်။ ၎င်းဝင်းအတွင်းပန်းပင် အမျိုးမျိုးတို့ကို စိုက်ပျိုး၍ ထား၏။ မောင်လူအေးနှင့် ခင်သန်းမြင့်တို့သည် ညနေတိုင်း၊ နံနက်တိုင်း၊ ပန်းခြံထဲလျှောက်ကာ ပန်းပင်များကို အရိပ်တကြည့်ကြည့်နှင့် နေကြကုန်၏။ ပန်းပင်ကလေးများမှာလည်း မိုးရေ၏ တန်ခိုးကြောင့် အတော်ပင် စိမ်းစိမ်း လန်းလန်း နေကြလေသည်။

ပန်းပင်ကလေးများ ပွင့်ခါနီးတွင် ကြောင်မျက်ကန်း နွားသိုးသည် ပေါက်လာပြီးလျှင် ၎င်းပန်းပင်တို့ကို အားရပါးရ ပွဲတော်တည်လေ၏။ ခင်သန်းမြင့်နှင့် မောင်လူအေးတို့၏ အသည်းကို ကျွဲဝင်၍ခတ်လေပြီ။

အိမ်အတွင်းမှ နေ၍ နှစ်ယောက်သား သံပြိုင်အော်ကာ မောင်းကြလေတော့၏။

အကြင် နွားသိုးကား တစ်ချက်မျှ စောင်းငဲ့ ကြည့်ပြီးလျှင် စားမြဲတိုင်း ပန်းပင်တို့ကို စားပြန်၏။ မောင်လူအေးက ဒေါသထွက်လေပြီ။ အိမ်ထဲမှ ပြေးထွက်ပြီးလျှင် အုတ်နီခဲနှင့် ပေါက်အံ့ဟု အုတ်နီခဲကို ကောက်၏။ မောင်လူအေး အနီးသို့ ရောက်မှ ထွက်ပြေးပြန်၏။ မောင်လူအေးက အုတ်ခဲနှင့် လှမ်း၍ ပေါက်ပါသော်လည်း မထိ။ မောင်လူအေး အိမ်ထဲသို့ ပြန်ဝင်လာ၏။ နွားသိုး မျက်ကန်းလည်း မောင်လူအေးနောက်မှ ပြန်ဝင်လာပြန်၏။ မောင်လူအေး ဒေါသထွက်သဖြင့် အုတ်ခဲကို ကောက်ကာ လိုက်ပြန်၏။ ထွက်ပြေးပြန်လေသည်။ မောင်လူအေး၏ အုတ်ခဲကား နွားသိုးကို မမှန်။ ဝင်းအပြင်သို့ ရောက်သွားသော အခါကား မောင်လူအေး ရပ်လိုက်၏။ နွားသိုး ကိုယ်တော်မြတ်လည်း ရပ်လိုက်သည်ပင်။ မောင်လူအေး၊ မခံချင်အောင် တမင်သက်သက် အရွဲ့တိုက်သည်နှင့် တူလေသည်။ မိမိအိမ်ထဲသို့ ပြန်ဝင်လျှင် သူလည်း ပြန်ဝင် မည်ကို သိသော မောင်လူအေးသည် ထွန်းဖေ၊ ထွန်းကျင်တို့ကို ခေါ်ပြီးလျှင် အတင်းပြေးလိုက်ကြကုန်၏။ မိကြသောအခါ အတော်စပ်အောင် ပင် ဆော်လိုက်ကြလေသည်။ စက်ရှင်မင်းကြီးအိမ်လွန်မှ ပြန်လာခဲ့၏။ မောင်လူအေးကား မှန်တေတေနွားသိုးအားဆုံးမလိုက်သောကြောင့် ကျေနပ်ကြီး ကျေနပ်ကာ အိမ်ထဲသို့ ပြန်ခဲ့လေသည်။ ဤမျက်ကန်း နွားသိုးရန်ကို အောင်လေပြီ။

ညသန်းခေါင်ကျော် မောင်လူအေး အိပ်ရာမှ တစ်ရေးနိုးသော အခါ အိပ်ခန်းအပြင်ဘက်တွင် ကျွီကျွီ ဟူသော အသံကို ကြားရလေသည်။ အိမ်တံခါးကို လွန်ပူနှင့်ဖောက်သော အသံပေလောဟု တွေးတောကာ စိုက်၍ နားထောင်ကြပြန်၏။ ချောင်းဟန့်ကြ၏။ ၎င်းအသံကား မပျောက်။ တံခါး ဖွင့်ကြည့်သောအခါ ဘကြီးသားနွားသိုးမျက်ကန်းမှာ အပြင်ဘက်တွင် ပန်းပင်များကို စိတ်ရှိ လက်ရှိ အားရပါးရ စားတော်ခေါ်နေပေ၏။ မောင်လူအေးနှင့် ခင်သန်းမြင့်တို့ ဒေါသကြီးစွာနှင့် အော်ဟစ်ကာ မောင်းကြကုန်၏။ ဘကြီးသားက တစ်ချက်မော်ကြည့်ပြီး စားမြဲတိုင်း စားနေလေသည်။ အဘယ်ဖြုံအံ့နည်း။ ထွက်၍ မမောင်းသမျှသွားမည့် နွားသိုးမဟုတ်။ ထွက်မောင်းရမည်ကလည်း အချိန်မတော်။ မထွက်ပြန်လျှင်လည်း ပန်းပင်တွေ ကုန်တော့မည်။ နောက်ဆုံးကား

လက်နှိပ်ဓါတ်မီးကို ရှာ၏။ မတွေ့။ ဘယ်ရောက်နေသည်မသိ။ အိမ်ပြောင်းစဉ်ကပင် ပျောက်သွားဟန်တူလေသည်။ နွားကို ရိုက်ရန် တုတ်ကို ရှာပြန်၏။ တုတ်ကိုလည်း မတွေ့။ သို့သော် ၄င်းနွားသိုး ပန်းပင်များကို အားရပါးရ စားနေသည်ကို မကြည့်နိုင်။ အပြင်သို့ ထွက်ပြီးလျှင် ခဲနှင့်ပေါက်အံ့ဟု မှောင်မှောင်မည်းမည်းတွင် ခဲကို လိုက်၍ကောက်၏။ လက်ဦးစမ်းလိုက်ရာ ကျောက်ခဲကို မကိုင်မိ။ ဖားတစ်ကောင်ကို စမ်းမိလေသဖြင့် ရုတ်တရက် ယောင်အော်ပြီး လွှတ်လိုက်ပါသော်လည်း ဖား၏ သေးကား လုံချည်တွင် စိုသွားလေသည်။ အခြားဘက်တွင် သွား၍စမ်းတော့မှ ကျောက်ခဲတစ်လုံးကို ရလေသည်။ အားရပါးရ ပြေးသွားပြီးလျှင် အားကုန်လွှတ်၍ ပေါက်၏။ တင်ပါးကိုထိလေသည်။ ဖြုံပင် မဖြုံ။ အတော်ခေါင်းမာသော နွားသိုးပေတည်း။ မောင်လူအေး စိတ်အိုက်လျက်နေပြန်၏။ အုတ်ခဲကြီးတစ်လုံးကို ရသဖြင့် အားရပါးရ ပေါက်မည်လုပ်တော့မှ ရှောင်တိမ်း၍ ထွက်ပြေးသွား၏။ မောင်လူအေး အတော်ပင် စိတ်ညစ်၍ သွားလေသည်။

နံနက်စောစော အိပ်ရာမှ ထသောအခါ အိမ်ခန်းအနီး ပန်းပင်များမှာ ပြောင်၍နေသည်ကို တွေ့ရသဖြင့် မောင်လူအေးတို့ လင်မယားမှာ စိတ်အပျက်ကြီး ပျက်နေကြလေတော့သည်။ မောင်လူအေးနှင့် နွားသိုး မျက်ကန်းတို့မှာ ကမ္ဘာ့ရန်ကြီးဖြစ်လေတော့၏။ ညနေ ရုံးကပြန်လာပြီးနောက် ဝရန်တာတွင် ခင်သန်းမြင့်နှင့် စကားပြောနေခိုက် ဝင်းခြံအဝင်ဝတွင် ခေါင်းမော့ကာ အိမ်တွင်း၌ လူရှိမရှိကို ကြည့်နေသော နွားသိုးမျက်ကန်းကို မြင်ကြရလေ၏။ မောင်လူအေး၏ အချက်ပေါ်လေပြီသည်တစ်ခါ နာနာဆော်ရတော့မည်။ နွားသိုး မြင်သွားမည် စိုးသောကြောင့် အသာကလေးကွယ်ကာ နေလိုက်ကြလေသည်။ နွားသိုးလည်း လူလေးပါးကို မမြင်လျှင် ရဲရင့်စွာ ဟန်ပါပါနှင့် ဝင်းအထဲသို့ ဝင်၍လာလေသည်။

နွားသိုး ဝင်းထဲသို့ ရောက်သောအခါ ထွန်းကျင်၊ ထွန်းဖေတို့ကို အသာခေါ်ပြီးလျှင် နွားထွက်ပြေးနိုင်သော အပေါက်များက သွား၍စောင့်နေကြရန် ပြော၏။ ထွန်းဖေတို့လည်း အပေါက်များတွင် တုတ်ကိုယ်စီ ကိုင်ကာ သွား၍ စောင့်နေကြကုန်၏။ နွားသိုးကားမသိရှာပေ။ အပေါက်များ နေရာတကျ ဖြစ်လျှင် ထွန်းဖေ နေ့ခင်းက ခုတ်ထားသော ဝါးရင်းတုတ်ဆွဲကာ နွားရှိရာသို့ ရိုက်အံ့ဟု ပြေးသွား၏။ အနားသို့

ရောက်သောအခါ ဘကြီးသား နွားသိုးသည် ခြံပေါက်ဝသို့ စိုင်း၍ ၄င်း ခြံ အပေါက်ရှိရာသို့ ပြေး၏။ ထိုအပေါက်တွင် ထွန်းကျင်ကို မြင်ပြန် သဖြင့် ရပ်တန့်၍ နေ၏။ မောင်လူအေးလည်း ဒီနွားသိုးကို ဆုံးမရတော့ မည်ဟူသော အနေမျိုးနှင့် အကျေနပ်ကြီး ကျေနပ်ကာ တုတ်ကို မြှောက် ၍ ပြေးသွား၏။ မောင်လူအေးအနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် တစ်လှမ်း နှစ်လှမ်း ပြေးလိုက်ပြီးလျှင် ကာထားသောသွပ်ကြိုးကို ခုန်ကာ ထွက်သွား၏။ အပြင်သို့ရောက်လျှင် မောင်လူအေးအား သရော်သော အနေနှင့် မထီလေးစား ကြည့်နေသေး၏။ မောင်လူအေးမှာ မိမိအား နွားသိုးက အရှုးလုပ်သွားသောကြောင့် မခံချိ မခံသာ ဖြစ်နေလေပြီ။ ထွန်းဖေတို့အား အလိုက်ခိုင်းမှ ထွက်ပြေးသွားတော့ သတည်း။ ဤ တစ်ကြိမ်လည်း နွားသိုးက မောင်လူအေးကို နိုင်သွားပြန်၏။

ညနေက နွားသိုးကို လိုက်ရသည့်အတွက် ခပ်မောမောနှင့် အိပ်ရာ ဝင်သောကြောင့် မပြောတတ်။ တစ်ညလုံး တစ်ရေးမျှ မနိုးတော့ပြီ။ နံနက် အိပ်ရာမှ ထ၍ တံခါးဖွင့်လိုက်သောအခါ အိမ်ရှေ့ဖိနပ်ချွတ်တွင် နွားချေး ပုံကြီး သုံးပုံကို တွေ့မြင်ရရုံမျှမက အိမ်ဝင်းအတွင်းရှိ ပန်းပင်များလည်း တစ်ပင်မျှ မကျန်တော့ပြီ။ မောင်လူအေးမှာ လက်မှိုင်ချကာ နွားသိုးမျက် ကန်းအား အရှုံးပေးလိုက်ရလေတော့ သတည်း။ ဤနွားသိုး၏ ရန်ကို ကြောက်လှသောကြောင့် နောက်လည်း ပန်းပင်များကို ထပ်၍ မစိုက်ဝံ့ တော့ပြီ။

*ဒဂုန်၊ တွဲ-၁၆၊ မှတ်-၁၈၂၊*
*(အောက်တိုဘာလ၊ ၁၉၃၅)*

# ဂွကျက်သရေ

ကကြီးရရစ် ကသတ် ကြက်၊ ကကြီးရရစ် ငသတ် ကြင်။

နှစ်တစ်လီနှစ်၊ နှစ် နှစ်လီလေး၊ နှစ်သုံးလီခြောက်။

သဝေထိုး ငရေးချ ကသတ် ငေါက်၊ သဝေထိုး ငရေးချ ငသတ် ငေါင်။

ကကြီးရေက၊ ကကြီးရေးချကာ၊ ကကြီးရေ လုံးကြီးတင် ကိ၊ မရရစ်လုံးတင်ချောင်းငင်ကသတ် မြိုက်၊ မရရစ် လုံးကြီးတင် ချောင်းငင် ငသတ် မြိုင်။

ဇဝံ မေ သုတံ၊ ဧကံ သံ မယံ။

ကကြီး၊ ခခွေး၊ ဂငယ်၊ ဃကြီး အစရှိသော အသံများသည် မိုးသံနှင့် လုံးထွေးပြီး သကာလ ကုက္ကိုဝ သူကြီးမင်း ဦးဖိုးထုံ၏ အိမ်မြောက်ဘက် အရပ်တွင် ထကြွသောင်းကျန်းလျက် နေကြလေသည်။ အချိန်ကား နံနက် ၆-နာရီခန့်သာ ရှိသေး၏။ အဆိုပါ ဆူညံလှစွာသော အသံတို့ကား ကုက္ကိုဝရွာ အဖို့ မင်္ဂလာရှိသော အသံ၊ သာယာသောအသံ၊ ကျက်သရေရှိသောအသံများ ဖြစ်ကြ၏။ ရွာသူကြီး၏ အိမ်တွင် မိုးအေးအေးနှင့် ကွေး၍ အိပ်ပျော်နေသော မောင်လူအေးအဖို့ကား ငှက်ဆိုး၏ အသံနှင့် ခပ်ဆင်ဆင် တူလျက် နေလေသည်။

ထိုအသံများ၏ ပိုင်ရှင် ကျောင်းသား ကျောင်းသူကလေးတို့ စုဝေးရာ ရွာကျောင်းကား ဒိစတြိတ် ကောင်စီ၏ အထောက်အပံ့ခံကျောင်း မဟုတ်။ အစိုးရမင်းက အသိအမှတ်ပြုသော ကျောင်းလည်း မဟုတ်၊ အမျိုးသား ပညာရေးအဖွဲ့ အားပေးသော ကျောင်းလည်းမဟုတ်၊ ထိုကျောင်းသား ကျောင်းသူကလေးများက တစ်ယောက်လျှင် တစ်နှစ်

အတွက် စပါး သုံးတင်းမျှသော အထောက်အပံ့ကိုသာ ခံယူကာ တည်ထောင်ထားသော ကျောင်းဖြစ်လေသည်။

ဤသို့ ကျောင်းသားကလေးများ၊ ကျောင်းသူကလေးများမှတစ်ပါး အခြားမည်သူ၏ အထောက်အပံ့ကိုမျှ ခံယူသော ကျောင်းမဟုတ်သော ကြောင့် ပညာအုပ်၊ ပညာဝန်ထောက်၊ ပညာဝန်၊ ဒိစတြိတ်ကောင်စီ လူကြီးမင်းတို့၏ စစ်ဆေးခြင်းမှ လုံးလုံးကင်း၏။ ထိုကျောင်းကို အုပ်ချုပ်ကာ မင်းလုပ်နေသော ဆရာစောပင် ပညာအုပ်၊ သူပင် ပညာဝန်ထောက်၊ သူပင် ပညာမင်းကြီး၊ သူပင် ပညာရေး အမတ်ချုပ်ကြီး ဖြစ်လေသည်။

နွေအခါ မေမြို့ (ယခု-ပြင်ဦးလွင်) ၌ ရုံးစိုက်၍ မိုးအခါ ရန်ကုန်မြို့တွင် ရုံးစိုက်တော်မူသော ပညာရေး အမတ်ချုပ်ကြီးထက်ပင် ဆရာစောမှာ လွတ်လပ်ခွင့်ရသေး၏။ ပညာရေးအမတ်ချုပ်ကြီးမှာ မင်းတိုင်ပင်အမတ်တို့၏ အမေးများကို ဖြေကြားရလေသည်။ ကုဋ္ဌိဝရွာ ဆရာစောကား မည်သူ၏ အမေးကိုမျှ ဖြေကြားရန် မလို။ မိမိစိတ်ထင်တိုင်း သင်ကြားနိုင်သော ဂုဏ်ထူးရှိ၏။ မိမိသင်ကြားလိုသော စာပေတို့ကို သင်ကြားနိုင်၏။ မိမိကျောင်းလွှတ်ချင်သော အချိန်တွင် လွှတ်နိုင်၏။ မိမိကျောင်းပိတ်ချင်သော အချိန်တွင် ပိတ်ထားနိုင်၏။ သူ့အား မည်သူကမျှ လာ၍ ဒုက္ခမပေးနိုင်။ ပညာအုပ်မင်းများ လာလျှင် ဆင်းကြိုရသော ဒုက္ခ၊ သူတို့အတွက် လှည်းတို့၊ လှေတို့ကို စီမံပေးရသော ဒုက္ခမျိုးမှလည်း လုံးလုံးကင်းပေ၏။

ကျောင်း၏ ပုံပန်းကို အနည်းငယ် ရေးပါရစေဦး။

ဆရာစော၏ ကျောင်းမှာ ခနိကာ၊ ခနိမိုး၊ ဝါးလုံးတိုင်၊ ဝါးလုံးကြမ်းခင်း၊ ပြတင်းပေါက် နှစ်ပေါက်၊ တံခါးပေါက် နှစ်ပေါက်မျှသာ ရှိလေသည်။ ဤမျှနှင့် ကျောင်း၏ ပုံပန်းပေါ်လောက်ပြီ။

ဆရာစောကား အထက်သား ဇာတိ၊ ဘုန်းကြီးလူထွက် ဖြစ်လေသည်။ မည်သည့်မြို့၊ မည်သည့်အရပ်မှ ရောက်လာသည်ဟူ၍ကား မည်သူမျှ မပြောပြနိုင်။ ရဟန်းဘဝက မည်သည့်စာအထိ ပေါက်ခဲ့သည်ဟူ၍လည်း မည်သူမျှ မသိ။ ဆရာစော၏ အပြောအဆိုအတိုင်းကား သင်ရိုးပေါက်ခဲ့သူ တစ်ယောက်ဖြစ်လေသည်။ ရဟန်းဘဝတွင် မပျော်ပိုက်၍ လူထွက်ရသည် မဟုတ်။ ဝိနည်းအတိုင်း မကျင့်နိုင်သောကြောင့်သာ လူထွက်၍ လာရခြင်းဖြစ်လေသည်။

## တော်ဝင်မြို့မစာအုပ်တိုက်

ဆရာစော၏ ပုံပန်းကား အသားနက်နက်၊ မျက်လုံးကျယ်ကျယ် နှုတ်ခမ်းတွဲတွဲ၊ နှာတံကောက်ကောက်။ သို့သော် ကြောက်စရာကား မကောင်းပေ။ တစ်ထွာခန့်ရှည်သော ဆံတိုများကို သိမ်းရုံးကာ မျက်နှာ သုတ်ပဝါဖြင့် ပေါင်း၍ထား၏။ အင်္ကျီကား မရှိ။ လုံကွင်းမှာ လက်နှီး ရောင်၊ ဖာထေးရာတွေမှာ အနန္တ၊ အောက်ဘက်အစတွင် အကွဲက နှစ်ကွဲ လက်ထဲတွင်ကား ကြိမ်လုံး တစ်လုံးကို ကိုင်လျက်။ ပါးစပ်ကမူ ဆေးတံ ကြီးကို ခဲထားလေသည်။ ထိုဆေးတံမှာ အရိုးကျိုးနေပေပြီ။ ‘သစ်မရှိ ခင် စပ်ကြားဝါးပေါင်းကွပ်’ ဆိုသော စကားနှင့် အညီ ကျိုး၍သွားသော သစ်သားရိုး၏ နေရာတွင် ဝါးပိုးကို တပ်၍ ထား၏။

ထိုဆေးတံကြီးကို ဖွာကာ ဖွာကာ ဆယ်အိမ်ခေါင်း ဦးလူမော်နှင့် တွဲရေး ခွဲရေးအကြောင်း ဆွေးနွေးနေကြလေသည်။

ဤသို့ ဆွေးနွေး၍ ကောင်းနေကြခိုက်တွင် မောင်တင်နှင့် မယ်အေးတို့သည် တစ်ယောက်ကို တစ်ယောက် ဆဲရေး နေကြလေ သည်။

ငထွန်းကား စာမအံ၊ ယင်ကောင်တွေဖမ်းပြီးလျှင် နောက်တိုး၏ နားထဲသို့ လွှတ်သွင်းသဖြင့် နောက်တိုးနှင့် ငထွန်းတို့ တစ်ယောက် နှင့် တစ်ယောက် စကားများကြပြီးနောက် တစ်ယောက်တစ်ချက်စီထိုးနေကြ လေပြီ။

စိန်ဖေကား ဖေသန်းနှင့်အတူ ကျောင်းနောက်ဖေး ကွင်းပြင်ထဲ တွင် ပြေးလွှားကစားတာ ဖားကလေးများကို ဖမ်းလျက် နေကြလေသည်။ နောက်ဖေး အိမ်သာတွင်းကား ဘထွန်း၊ သာအေး၊ ငွေလှိုင်၊ စံမြတို့ လူစု ဦးတာတေ၏ ကျွဲများကို ဖမ်း၍ စီးရန် တိုင်ပင်နေကြလေသည်။

ထွန်းဝေနှင့် စံသိန်းတို့ကား ကျောင်းအောက်တွင် နပန်းလုံးနေကြ ကုန်၏။ သာထွန်းနှင့် ညွန့်မောင်တို့က ဒိုင်လုပ်ကြလေသည်။

ဝေလင်းကား မိမိ၏ ကျောက်သင်ပုန်းပေါ်တွင် ခွေးရုပ်၊ ကြောင် ရုပ်၊ ကြက်ရုပ်များကို ရေးပြီးလျှင် တင်အေးအား ပြလျက်နေလေသည်။ တင်အေးက ဝေလင်းအား ချီးမွမ်း၍ မဆုံးပြီ။ မိခွေးနှင့် မယ်သိန်းတို့ ထောင့်တစ်ထောင့်တွင် ခရားစေ့ တောက်တမ်း ကစားနေကြလေသည်။ ဆရာစောကား စကားပြော၍ ကောင်းတုန်းပင်။

သို့နှင့် ယခင်က ဆူညံ၍ နေသော စာအံသံကြီးမှာ တစ်စ တစ်စ တိုး၍ တိုး၍ သွားလေတော့သည်။ နောက်ဆုံး၌ စာအံသံဟူ၍ မကြားရ

တော့ပြီ။ ဆော့နေကြသော အသံ၊ ရန်ဖြစ်နေကြသော အသံ၊ ရယ်နေကြသောအသံတို့ကို ကြားရလေသည်။

ထိုအခါကျမှ ဆရာစောလည်း မိမိ၏ ညာဘက်တွင် ကိုင်၍ထားသော ကြိမ်လုံးဖြင့် ကြမ်းပြင်ကို ဘန်းဘန်း မြည်အောင် သုံးလေးချက်နှက်လေ၏။

ကျောင်းသား ကျောင်းသူအပေါင်းတို့လည်း ရမိရရာကို နားကွဲလုအောင် ဟစ်အော်ခြင်းပြုကြလေသည်။ အိမ်သာတွင် တိုင်ပင်နေသူတို့သည်လည်းကောင်း၊ ကျောင်းအောက်တွင် နပန်းလုံးနေသူတို့သည်လည်းကောင်း နေရာများသို့ ရောက်ကြလေပြီ။ သူတို့လည်း ထင်မိထင်ရာကို ကောက်ကာ အော်ဟစ်နေကြကုန်၏။

ဆရာစောကား တိုင်းရေး ပြည်ရေး အကြောင်း ဆက်လက်၍ဆွေးနွေးလျက် နေပြန်လေသည်။

အတန်ကြာလျှင် စာအံသံကြီး တိတ်လျက်သွားပြန်၏။ ဆရာစော၏ ကြိမ်လုံးနှင့် ကျောင်းတော်၏ ကြမ်းပြင်တို့ စကားပြောကြရပြန်၏။ ဤနည်းအတိုင်း တိတ်ချည် ဆူချည်နှင့် နေလေတော့သည်။

စာအံခြင်း သုံးကြိမ်မြောက် တိတ်၍ သွားသောအခါ အေးမောင်နှင့် လူလှတို့ ကျောက်တံလုရာမှ ရန်ဖြစ်ကြ၏။ အေးမောင်က ကျောက်တံဖြင့် ထိုးလိုက်ရာ လူလှလက်မှ သွေးဖျန်းဖျန်း ထွက်လေသည်။ လူလှက ပြန်၍ ကျောက်သင်ပုန်းစောင်းဖြင့် ခုတ်လိုက်ရာ အေးမောင်၏ နဖူးတွင် ကွမ်းသီးလုံးခန့် ဖူး၍လာ၏။

အချို့ အေးမောင် လွန်သည်ဟု ဆိုကြလေသည်။ အချို့ကမူကား လူလှ လွန်သည်ဟု ဆိုကြ၏။ အချို့က အေးမောင်အား သနားကြ၏။ အချို့ကမူကား လူလှအား သနားကြလေသည်။ တိုးတိုး စုရုံး စုရုံးနှင့် နေကြကုန်၏။ အေးမောင်တို့ လူလှတို့ ကျိတ်ကာ ငိုနေရရှာသည်။ နှစ်ယောက်စလုံး လွန်သူချည်း ဖြစ်သည်။ ဆရာစောသိသွားမှဖြင့် ကြိမ်လုံးဓါတ်စာ ကျွေးမည်ကို ကြောက်ကြလေသည်။

အောင်သိန်းကား သူတကာ အရိုက်ခံရသည်ကို မြင်လိုသူဖြစ်၏။ သူ၏ပယောဂကြောင့် အေးမောင်တို့ ရန်ပွဲအကြောင်း ဆရာစော၏ နားသို့ ပေါက်သွား၏။

အေးမောင်နှင့် လူလှတို့အား ဆရာစော ခေါ်လေပြီ။ ရောက်ကြကုန်၏။ အကြောင်းကို မေးလေပြီ။ ဟုတ်သည့်အတိုင်း ဖြေကြကုန်၏။

အေးမောင်၏ ကျောပေါ်သို့ ဆရာစော၏ ကြိမ်လုံးစကြောင်ါးချက်ခလေ ပြီ။ အေးမောင်မှာ တော်တော်နှင့် မထနိုင်။

လူလှ၏ လက်ဝါးပြင်ပေါ်သို့လည်း ထိုကြိမ်လုံးစကြာပင် ငါးကြိမ် တိုင်တိုင် ဆင်းသက်လေပြီ။ လူလှလည်း စာအုပ်ကိုပင် မကိုင်နိုင်။

အောင်သိန်းကား စုတ်တသပ်သပ်နှင့် ဝမ်းနည်းလျက် နေ၏။ သို့ သော် သူ၏ စိတ်ထဲတွင်ကား ဝမ်းသာ၍ မဆုံးပြီ။ အလွန်ညစ်သော အောင်သိန်းပါတကား။

ဟိုမှာ ကြည့်ကြပါဦး၊ လားလား . . . စံအောင်တို့ လူစု ကျောင်းပြေး ဖိုးအောင်ကို ဖမ်းလာကြလေသည်။ ဖိုးအောင်ကား မလိုက် ချင် လိုက်ချင် လိုက်ပါလာရရှာ၏။ သူ့အား ကြိုးများဖြင့် တည်းထား သောကြောင့် ပါလာရခြင်းဖြစ်လေသည်။ သူတို့ တစ်ကိုယ်လုံးလည်း ရွှံ့ရွှံ့စိုနေတော့၏။ ဖိုးအောင်ကို မိုးရေထဲတွင် ဆွဲလာကြလေသည်။

ဖိုးအောင် ကျောင်းပြေးအိမ်ပြေးလုပ်နေသည်မှာ လေးရက်ပင် ကြာလေပြီ။ ဘုန်းတော်ကြီး ဦးဝိမလ၏ ကျောင်းတွင် ခိုကပ်ကာ နေလေ ပြီ။ စံအောင်တို့လူစု ဖိုးအောင်ကို သွား၍ အဖမ်းတွင် ဘုန်းကြီးကျောင်း သားများနှင့် စစ်ဖြစ်ခဲ့ကြရသေးသည်။ စံအောင်တို့က မိုက်အား ကောင်းသောကြောင့်သာ ဘုန်းကြီးကျောင်းသားများ လက်လျှော့ကြရ လေသည်။

ဆရာစော၏ ကျောင်း တစ်ကျောင်းလုံးတွင် စံအောင်ထက် မိုက် သောသူ မရှိ။ စံအောင်အား ဗိုလ်တင်၍ ထားကြရလေသည်။ တစ် ကျောင်းလုံးတွင် ဆရာစောအပြင် သူ့ကို အကြောက်ရဆုံးဖြစ်၏။ ဆရာ စောကိုယ်တိုင်ပင် စံအောင်အား ခပ်ရွံ့ရွံ့။ သူ့အား အလိုလိုက်၍ထား လေသည်။ ကျောင်းသားများ မုန့်ဝယ်စားလျှင် စံအောင်အား တစ်ဝက် ဝေငှ၍ စားကြရ၏။ စံအောင် တည်းဟူသော နတ်ဆိုးကို မပသ မတင် မြှောက်ဘဲ မစားဝံ့ကြချေ။

စံအောင်တို့ လူစုလက်တွင် ရုန်းကန် ရုန်းကန်နှင့် ပါ၍လာရသော ဖိုးအောင်ကား ဆရာစောရှေ့မှောက်သို့ ရောက်လာလေပြီ။ ဆရာစော ဒေါသထွက်ခိုက် ဆရာစော၏ ကြိမ်လုံးစကြာမှာလည်း သွေးစွန်းခိုက်၊ ဖိုးအောင်ကိုလည်း မိ၍ လာခိုက်နှင့် ကြုံကြိုက်လေပြီ။ ကျောင်းသား အပေါင်းတို့ တုန်လျက် နေကြကုန်၏။ ရင်ထဲတွင် တထိတ်ထိတ်နှင့် နေကြလေသည်။ အောင်သိန်းမှာ ဖိုးအောင်ကို သနားယောင် ဆောင်နေ

၏။ သို့သော် စိတ်ထဲတွင်ကား ဝမ်းသာ၍ မဆုံးပြီ။ သူတကာ အရိုက်ခံရလျှင် အောင်သိန်း ဝမ်းမသာသည် မရှိ။

ဖိုးအောင် ကျောင်းပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် မမေးမမြန်းဘဲ ဆရာစောသည် မိမိ၏ကြိမ်လုံးစကြာဖြင့် လှမ်း၍နှက်တော့၏။ အချက်ပေါင်း မရေတွက်နိုင်ပြီ။ ဖိုးအောင်လည်း ဆရာစော၏ ရင်ခွင်အတွင်းသို့ တိုး၍ဝင်သောကြောင့် အနည်းငယ် သက်သာရာရလေသည်။

နောက်ဆုံး၌ ဖိုးအောင်လည်း မော၊ ဆရာစောလည်း မောလေတော့သည်။ သည်တော့မှ ရိုက်ပွဲကြီး ပြီးသွားလေသတည်း။ ကျောင်းသားအပေါင်းတို့က ဖိုးအောင် ရှောင်တိမ်းပုံကို သဘောကျကြကုန်၏။ အောင်သိန်းတစ်ယောက်သာ မကျေမနပ် ဖြစ်လျက် နေလေသည်။

ဆရာစောမှာ မော၍ အထိုင်လိုက်၊ အင်းသားကြီး ကတော် ဒေါ်သာအိလည်း သားကလေး ရွှေလှနှင့် ရွှေစတို့ကို လက်ဆွဲ၍ ရောက်လာခိုက်နှင့် တစ်ပြိုင်တည်း ကျလေသည်။

ဒေါ်သာအိကား သားကလေး ရွှေသွေး နှစ်ယောက်တို့အား ဆန်နှစ်ပြည်၊ ငွေနှစ်မတ်တို့နှင့် ကျောင်းအပ်ရန် လာခြင်းဖြစ်လေသည်။ ဆရာလည်း ပြုံးရွှင်စွာ စကားပြောပြီးလျှင် ရွှေလှနှင့် ရွှေစတို့အား လက်ခံလိုက်လေသည်။ ဒေါ်သာအိမှာ သားကလေးနှစ်ယောက်တို့ အား ကျောင်းတွင် ထားခဲ့ပြီးလျှင် ဆင်း၍သွား၏။

ရွှေလှနှင့် ရွှေစတို့လည်း ကျွက်ကျွက်ညံအောင် ငိုကြွေးကြလေသည်။ မငိုဘဲ နေကြမည်လော။ ရွှေလှမှာ ခြောက်နှစ်၊ ရွှေစမှာ လေးနှစ်မျှသာ ရှိကြသေး၏။ အိမ်တွင် ဆော့ကြလွန်း၍ တစ်ယောက်လျှင် ဆန်တစ်ပြည်ငွေတစ်မတ်နှင့် ဆရာစောအား ကလေးလာ၍ အထိန်းခိုင်းခြင်းဖြစ်လေသည်။ ရွှေလှနှင့် ရွှေစတို့ ငို၍ကောင်းတုန်းပင် ဒေါ်သာအိ မိမိ၏ အိမ်သို့ ပြန်ရောက်၏။

ရွှေလှတို့ ငိုချင်းမဆုံးသေး၊ ဆရာစော၏ ကြိမ်စကြာ ကျောင်းတော်၏ကြမ်းပြင်သို့ ဘန်းဘန်းဟူသော အသံဖြင့် ကျဆင်းလာမှ ရွှေလှတို့ ငိုချင်း ဆုံးလေပြီ။

ထို့နောက် ဒေါ်သာအိ ပူဇော်၍ သွားသော ဆန်နှစ်ပြည်၊ ငွေနှစ်မတ်တို့ကို အပ်ရန် ဆရာကတော်ကြီးအား ဆရာစောက ခေါ်လေသည်။ ထူးသာ ထူးနိုင်သည်။ မလာနိုင်သေး။ အဘယ်လာနိုင်အံ့နည်း။ ကျောင်း

သားကျောင်းသူတို့အား ရောင်းရန် ပဲလှော်ကို လှော်လျက် နေလေသည်။

ဆရာစော၏ ကျောင်းသား ကျောင်းသူတို့ကား ဆရာကတော် ကြီး ရောင်းသော ပဲလှော်အပြင် မည်သည့် မုန့်ကိုမှ ဝယ်စားခြင်း မပြုရ။ ကျောင်းသားများနှင့် သင့်လျော်လေအောင် အထူးစီမံထားသော ပဲလှော်ဖြစ်လေသည်။ (ဤကား ဆရာကတော်ကြီး၏ အဆိုတည်း။)

ဆရာကတော်ကြီး ပဲလှော်နေခိုက် မြစိန်က ထမင်းအိုး တည်၏။ သန်းမြက ငါးလုပ်၏။ မယ်သင်က ကင်ပွန်းရွက် ခြွေ၏။ သူတို့ သုံးယောက်ကား သင်ပုန်းကြီးကိုပင် ကုန်အောင် မသင်ကြရသေး။ သို့သော် ဆရာကတော်ကြီး၏ အချစ်တော်များ ဖြစ်ကြလေသည်။ ဆရာကတော်ကြီး၏ အချစ်တော်ဆိုလျှင် ဆရာစော၏ အချစ်တော်လည်း ဖြစ်ရပေမည်။ ဆရာစောနှင့် ဆရာကတော်မှာ နှစ်ကိုယ့်တစ်စိတ် ဖြစ်သောကြောင့်ပေတည်း။

ဆရာကတော်ကြီး၏ အလိုအားဖြင့် မိန်းကလေးတို့ မည်သည်မှာ စာတတ်ရန်မလို။ စာတတ်လျှင် ရည်းစားထားလေ့ရှိကြကုန်၏။ ကကြီး ခခွေးနှင့် ဘုရားရှိခိုးတတ်လျှင် တော်ပြီ။ မိမိမှာ ဆရာကတော်ပင် ဖြစ်စေကာမူ စာဖတ်၍ မတတ်။

မိန်းကလေးဟူက အချက်အပြုတ် တတ်ရမည်၊ အချက်အပြုတ် မတတ်ပါက ရှက်စရာကောင်းလေသည်။ ထို့ကြောင့် မိမိ၏ အချစ်တော် မယ်သင်၊ သန်းမြ၊ မြစိန်တို့အား ချက်ပြုတ်နည်း အမျိုးစုံအောင် သင်ကြားပြသလျက် နေလေသည်။

ဆရာကတော်ကြီး၏ လုံ့လကြောင့် မြစိန်တို့ သုံးယောက်မှာ ထမင်းချက်လည်း တတ်ကြလေပြီ။ ချဉ်ပေါင်ဟင်း၊ ကင်ပွန်းရွက်ဟင်း၊ ကန်စွန်းရွက်ဟင်း ချက်နည်းတို့ကိုလည်း တတ်ကြလေပြီ။

ကြက်သား၊ ဘဲသား၊ ဝက်သား ဟင်းချက်နည်း တို့ကိုကား မသင်ကြားရသေးချေ။ ဆရာကတော်ကြီး မချက်တတ်သောကြောင့် မဟုတ်ပါ။ ကြက်သား၊ ဘဲသား၊ ဝက်သားတို့ကို မဝယ်နိုင်သောကြောင့်သာ မသင်ကြားရခြင်းဖြစ်လေသည်။

ဟော . . . ဟော ဆရာကတော်ကြီး ထွက်လာပြီ။ ဆံပင်မှာ ဆီမရှိ၊ ခေါင်းပွကြီးနှင့် ဖြစ်၏။ အင်္ကျီမှာ လက်နှီးရောင်၊ ထဘီမှာ ဖာထေးရာတွေ အနန္တ၊ ညစ်ထေးတော်မူလှသော ဆရာကတော်ကြီးဖြစ်လေသည်။ အင်းသားကြီးကတော် ဒေါ်သာအိ ပူဇော်ခဲ့သော ဆန်နှစ်ပြည်

နှင့် ငွေနှစ်မတ်တို့ကို သိမ်းကာ နောက်ဖေးသို့ ဝင်သွား၏။

ဆရာစောလည်း ကျောင်းလွှတ်လိုက်ပြီ၊ ကျောင်းသားအပေါင်း တို့လည်း နှစ်ထောင်းအားရ အိမ်သို့ ပြန်ကြလေသတည်း။

ကျောင်းသားများကို ကြည့်ကာ 'ဒီကျောင်းဆရာ သင်ပုံမျိုးနဲ့ ကျောင်းသားတွေ စာမှတတ်ပ့ါမလား သူကြီးမင်း' ဟု မောင်လူအေး က သူကြီးမင်း ဦးဖိုးထုံအား မေး၏။

'တတ်သင့်သလောက်တော့ တတ်တာပါပဲ' ဟု ဦးဖိုးထုံက ဖြေလေသည်။

'တတ်မယ် မထင်ပါဘူးဗျာ' မောင်လူအေး ဆိုပြန်လေသည်။

ဤသို့ မှတ်ချက်ချသော မောင်လူအေးမှာ မိမိငယ်စဉ်က ဤကျောင်းမျိုးမှာပင် ပညာသင်ကြားပြီးနောက် တစ်စ တစ်စ တိုးတက်ကာ ယခုအခြေအနေသို့ ရောက်နေသည်ကို အမှတ်ရဟန် မတူ။ နောင်နှစ်ပေါင်းလေးဆယ် ငါးဆယ်ခန့်ကြာလျှင် ဤရွာကျောင်းမှပင် မြန်မာပြည်သမ္မတ ထွက်ချင် ထွက်နေမည်ကိုလည်း စဉ်းစားမိပုံမပေါ်။

*ဒဂုန်၊ တွဲ-၁၃၊ မှတ်-၁၅၅၊*
*(ဇူလိုင်လ၊ ၁၉၃၃)*

# ဓားပြမှု

တစ်နေ့သ၌ အထက်အညာ မြို့တစ်မြို့ရှိ နယ်ပိုင်ဝန်ထောက်မင်း ရုံးအနားသို့ မျက်စိလည် လမ်းမှား၍ ရောက်သွားလေသည်။ ဗဟုသုတကို စာဖတ်မှ ရသည်မဟုတ်။ ရုံးတွင် အမှုအခင်းအကြောင်းများကို နားထောင်လျှင်လည်း ရနိုင်၏။ စဉ်းစားမိသည်နှင့် ရုံးဝင်းအတွင်းသို့ ဝင်ကာ ရုံးဝရန်တာမှ ရပ်၍ အမှုတစ်မှု အကြောင်းကို နားထောင်၏။

အချိန်ကား ညနေ ၅ နာရီ၊ ၆ နာရီခန့်ရှိပြီ။ ရုံးခန်းအတွင်းတွင် ခပ်မှောင်မှောင် နေလေသည်။ မြို့ပိုင်ရုံး အစရှိသော အခြားရုံးခန်း များကို ပိတ်ထားပြီးလေပြီ။ နယ်ပိုင်ရုံးတွင်လည်း လူများစွာ မရှိပေ။ ရုံးအပြင်ဘက်ဝရန်တာတွင် ရပ်သူရပ်၊ ထိုင်သူထိုင်၊ ဖက်ဖြူလိပ်များကို ဖွာသူဖွာနှင့် ငြိမ်သက်စွာ အမှုအကြောင်းကို နားထောင်နေကြသော လူ ၁၀ ယောက်၊ ၁၅ ယောက်ခန့်သာရှိလေသည်။

နယ်ပိုင်ဝန်ထောက်မင်းကား တရားခွင်ပေါ်တွင် ထိုင်နေလေသည်။ သူ၏ အသက်ကား ၃၅ နှစ်ခန့် ရှိပေလိမ့်မည်။ သူ၏ ပုံပန်းကား ခပ်ပုပု ခပ်မည်းမည်းဖြစ်၏။ ဆံပင်ရှည်ရှည် ထားသူတည်း။ ရှေးဆန်လှ၏။ မြန်မာပီသလှ၏။ ခပ်မှောင်မှောင်ဖြစ်နေသော ရုံးခန်းအတွင်းရှိ တရားခွင်ပေါ်တွင် ထိုင်ကာ မိမိ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စီရင်ချက်ကို ဘာသာပြန်ကာ ရှင်းလင်းလျက်နေလေသည်။ ထိုအမှုကား ဓားပြမှုတည်း။

တရားသူကြီး၏ တရားခွင်ရှေ့၌ ခင်းထားသော ကုလားထိုင်များ ပေါ်တွင် ထိုင်နေသူတို့ကား မြန်မာ အမိန့်တော်ရ နှစ်ယောက်အနက်

တစ်ယောက်မှာ အသားဖြူဖြူ ခပ်ပုပုဖြစ်၏။ တစ်ယောက်ကား ခပ်မြင့်ခပ်ပိန်ပိန်၊ အသားကား လတ်လေသည်။ ရုံးအမှုလိုက် ရာဇဝတ်အုပ်မှာ ခေါင်းပေါင်းအနီကို ပေါင်းထား၏။ ကာကီရောင် ကုတ်အင်္ကျီနှင့် လုံချည်တို့ကို ဝတ်ထားလေသည်။ သူ၏အသားမှာ ခပ်မည်းမည်း သူ၏အရပ်မှာ ခပ်ပုပုတည်း။

ထိုင်စရာ ကုလားထိုင်မရှိသောကြောင့် တရားသူကြီး၏ ယာဘက်ကြမ်းပြင်ပေါ်တွင် ရပ်နေကြသော အမိန့်တော်ရကား နှစ်ယောက်ဖြစ်၏။ နှစ်ယောက်စလုံး အထက်သားများ ဖြစ်ကြလေသည်။ သူတို့၏ ရုပ်များ သက်သေခံကြ၏။

တရားခွင်၏ ဝဲဘက်ကြမ်းပြင်ပေါ်တွင် ရပ်နေကြသူတို့ကား ပုလိပ်သားနှစ်ယောက်ဖြစ်လေသည်။ တစ်ယောက်မှာ ပန်ချာပီ၊ တစ်ယောက်ကား မြန်မာဖြစ်သည်။ ပန်ချာပီ ပုလိပ်ကြီးမှာ ခန့်ခန့်ညားညား မုတ်ဆိတ်ဖားဖားနှင့် မားမားကြီး ရပ်လျက်နေလေသည်။

တရားခွင်နှင့် ၁၀ ပေခန့် အကွာ၊ တရားခံတို့ကို ထားရာတွင်လည်း ဓားပြမှုနှင့် တရားစွဲခံနေကြရသော တရားခံငါးယောက် ရပ်လျက်နေကြကုန်၏။ တရားသူကြီး ရှင်းလင်းလျက်နေသော စီရင်ချက်ကို နားစွင့်ကာ နားထောင်နေကြလေသည်။ ထိုတရားခံ ငါးယောက်အနက် မည်းမည်းလည်းပါ၊ ပြာပြာလည်းရှိ၊ အသားလတ်သူကား တစ်ယောက်နှစ်ယောက်။ ကြောက်စရာလည်းကောင်း၊ သနားစရာလည်းဖြစ်၊ အချို့မှာ ဣန္ဒြေရရနှင့် ရပ်နေကြ၏။ အချို့ကား မျက်နှာသေကာ ငုံ့နေကြရှာလေသည်။ တစ်ယောက်သောသူမှာ မျက်နှာပြောင်တိုက်ကာ တရားသူကြီးကို အကြောင်သား ကြည့်နေ၏။

ခေါင်းတွင် မျက်နှာသုတ်ပဝါ ပေါင်းထားသူလည်း ရှိ၏။ လုံချည်ကို ပေါင်းထားသူက တစ်ယောက် နှစ်ယောက်၊ ပဝါကိုပေါင်းထားသူမှာ တစ်ယောက်မျှသာ ရှိလေသည်။ သူတို့ ဝတ်ထားသောအင်္ကျီမှာလည်း စုတ်စုတ်လည်းရှိ၊ ညစ်ညစ်လည်းပါ၊ ဖြူတာကို မမြင်ရပေ။ သူတို့၏ လုံချည်တွေမှာလည်း စုတ်စုတ်ပြတ်ပြတ် ညစ်ပတ်သည်ချည်း ဖြစ်၏။

တရားခံငါးယောက်စီတန်း၍ ရပ်နေရာ တစ်ဖက်တွင် ကုလားပုလိပ်တစ်ယောက်မှာ မတုန်မလှုပ် ဣန္ဒြေရစွာနှင့် ရပ်နေလေသည်။ အခြားတစ်ဖက်တွင်ကား အသက်အားဖြင့် ၁၈ နှစ်ခန့်သာ ရှိသေးသော မြန်မာပုလိပ်ကလေးမှာ တရားသူကြီး ရှင်းလင်း ဖတ်ပြနေသော စီရင်

ချက်ကို နားစွင့်ကာ နားထောင်နေ၏။ သူ၏စိတ်ထဲတွင် မည်သို့ ရှိသည်ကို မည်သူမျှ ပြောနိုင်မည်မဟုတ်ပေ။

တရားခံ ငါးယောက် ရပ်နေရာ၏ ယာဘက် ကြမ်းပြင်ပေါ်တွင် ပဆစ်တုပ်ကာ ထိုင်နေကြသော မိန်းမနှစ်ယောက်တို့ကား တရားခံမနှစ်ယောက်ဖြစ်ကြလေသည်။ အသက် ၁၈ နှစ်၊ ၁၉ နှစ်ခန့်သာ ရှိကြပေလိမ့်ဦးမည်။ အသီးသီး စောင်စိမ်းများကို ခြုံထားကြ၏။ အသားညိုညို များပေတည်း။ ခေါင်းများကိုလည်း မဖြီးနိုင်ကြ၊ ဆံပင်ကို နောက်စေ့တွင် ကုလားမများ ထုံးသကဲ့သို့ ထုံးကြလေသည်။ တရားသူကြီးအားလက်အုပ်ချီကာ စီရင်ချက်ကို နားထောင်နေကြ၏။

ဤတရားခံမ နှစ်ယောက်အနက် အကြီးကား တရားခံတစ်ယောက်၏ မရီးဖြစ်၏။ အငယ်မှာကား တရားခံ ယောက်ျားငယ်ငယ်နှစ်ယောက်အနက် တစ်ယောက်သောသူ၏ မယား ဖြစ်လေသည်။ ထိုမိန်းမနှစ်ယောက်တို့၏ လက်တွင် တိုက်ရာပါ ပစ္စည်းများကို တွေ့သော ကြောင့်တိုက်ရာပါ ပစ္စည်းလက်ခံမှုနှင့် တရားအစွဲကို ခံရသူများ ဖြစ်ကြလေသည်။ နှစ်မှုစလုံးတို့ကို ရောစပ်၍ စီရင်ခြင်းဖြစ်၏။

ထိုခပ်ငယ်ငယ် တရားခံမ၏ ပေါင်ပေါ်တွင်ကား အသက် တစ်နှစ်ကျော်ကျော်ခန့်ရှိသေးသော သားယောက်ျားကလေး ထိုင်လျက်နေ၏။ သူ့တွင် အင်္ကျီမရှိ၊ ခေါင်းကိုပြောင်အောင် ရိတ်ထားလေ၏။ ထိုကလေးမှာ တရားသူကြီး၏ မျက်နှာကိုကြည့်ကာ ပြုံးလိုက်၊ လက်ညှိုးထိုးကာနေလိုက်၊ ကြမ်းပြင်ကို လက်ဝါးဖြင့် ပုတ်လိုက်၊ အပြင်ဘက်တွင် အမှုကိုလာရောက်နားထောင်နေကြသော သူတို့ဘက်လှည့်ကာ ရယ်လိုက်နှင့်အပျော်ကြီး ပျော်လျက်နေလေသတည်း။ မိခင်၊ ဖခင်တို့၏ ဆင်းရဲနေသည့် အရေး၊ ဆင်းရဲရမည့် အရေးတို့ကား လားလားမျှ မသိရှာပေ။

တရားသူကြီးလည်း အမှုကို ရှင်းလင်း၍လာ၏။ အမှုမှာ ထင်ရှားသည်ထက် ထင်ရှား၍လာလေ၏။ တရားခံများ၏ စိတ်ထဲတွင် ငါတို့တော့ ထောင်ကျတော့မှာပဲ ဟု အသီးသီးတွေးတောလျက် နေကြဟန်တူလေသည်။ အလင်းရောင်လည်း မှိန်သည်ထက် မှိန်၍ လာလေပြီ။ လာသမျှ နားထောင်နေသူမှာလည်း အပြင်ဘက်တွင်စကား တစ်ခွန်းမျှမပြောဘဲ သက်မကြီးများကို ချကာ နားထောင်လျက် နေကြကုန်၏။ တစ်ရုံးလုံးတွင် မည်သည့်အသံကိုမျှ မကြားရချေ။ တရားသူကြီး ရှင်းလင်းသော အသံကိုသာလျှင် ကြားရလေသည်။

ဤအခိုက် တရားခံမလေးမှာ မိမိ၏ ပေါင်ပေါ်တွင် ပျော်ပါးစွာ ထိုင်နေသော သားကလေးကိုကြည့်လိုက်၊ တရားသူကြီးဘက် ကြည့်လိုက်နှင့် နေရှာ၏။ မျက်စိမှ မျက်ရည်တို့လည်း တတွေတွေ စီးဆင်းလျက်နေကြလေသည်။ အကယ်၍ မိမိတို့ လင်မယားထောင်ကျသွားပါက သားကလေးကို မည်သို့ လုပ်ရပါမည်နည်း။ ထောင်ဆိုသည်ကို မြင်မျှမမြင်ဖူးချေ။ ကြောက်ဖွယ် ကောင်းလှပေ၏တကား။ မိမိတို့ လင်မယားမှာ မိမိတို့၏ အပြစ်အလျောက် ထောင်ကျလျှင်တော်ပေသေး၏။ ဤသားကလေးမှာကား ဘာမျှမသိ၊ စင်စစ် အပြစ်ကင်းပါလျက် ထောင်အတွင်းသို့ မိမိတို့နှင့် လိုက်ပါရချေတော့မည်တကား။ မိမိလည်း ထိုသားကလေးကို ထောင်အပြင်ဘက်တွင် ထားခဲ့ရက်မည် မဟုတ်ပေ။

စင်စစ်အားဖြင့် မိမိမှာ အပြစ်ကင်းသည်ဟု ထင်မှတ်မိ၏။ လင်ယောက်ျားက တိုက်ခိုက်သောကြောင့်သာ သုံးစွဲမိလေသည်။ လင်ယောက်ျားသာ မတိုက်လာမူကား ဤကဲ့သို့ အဖမ်းခံရမည်မဟုတ်ပေ။ မိမိ၏ယောက်ျားကို စိတ်ဆိုးရ မလိုလိုဖြစ်၏။ မိမိတို့၏ စားသောက်ရေးအတွက် အသက်ကို စွန့်ကာ ခိုးကျွေး၊ တိုက်ကျွေးပါတကားဟု စဉ်းစားမိပြန်လျှင် ကျေးဇူးတင်မိပြန်လေသည်။ စိတ်ဆိုးခြင်း ပျောက်သွားပြီးလျှင် သနားစိတ်၊ ချစ်ခင်စိတ်တို့မှာ ပွားများ၍ တက်လာ၏။ လင်ဖြစ်သူ ထောင်ကျလျှင် မိမိ အဘယ်ကြောင့် ထောင်ထဲ မလိုက်ဘဲ နေအံ့နည်း။ လင်နှင့် ကင်း၍ ထောင်အပြင်ဘက်တွင် နေရခြင်းသည် အဘယ်အကျိုးရှိအံ့နည်း။ သားကလေးမှာကား ဘာမျှမသိ။ ထောင်အတွင်းသို့ ရောက်ရချေတော့မည်၊ စသဖြင့် တွေးတောကာ သားကလေးနှင့် လင်ကို တစ်ချက်စီ အပြန်အလှန်ကြည့်ရင်း မျက်စိမှ မျက်ရည်များ စီးဆင်း၍နေသည်ကို သုတ်ကာနေ၏။

လင်ဖြစ်သူ တရားခံမှာလည်း မယားနှင့် သားကလေးကို မကြာမကြာ ကြည့်လျက် နေလေသည်။ ယောက်ျားဖြစ်သောကြောင့် မျက်ရည်မထွက်စေရန် တင်းလျက်ထား၏။ မိမိထောင်ကျရမည်မှာ ရှိစေတော့။ မိမိ အပြစ်အလျောက်ခံရခြင်းဖြစ်လေသည်။ မယားနှင့် သားကလေးတို့မှာ မူကား မိမိကြောင့် ထောင်အတွင်းသို့ အသွင်းခံရချေတော့မည်။ မိမိ ဆောင်ယူသွားသောကြောင့်သာ မိမိမယားသုံးစွဲခြင်း ဖြစ်လေသည်။ မိမိ မဆောင်ယူသွားပါမူကား ဤသို့ သုံးစွဲမည်မဟုတ်ပေ။ သားကလေးမှာမူကား မိမိယူဆောင်သွားသော ငွေကို သုံးစွဲသည်ကို မဆိုထားဘိ၊

သိပင် မသိရှာပေ။ ထောင်အတွင်းသို့ရောက်ပြန်လျှင်လည်း မိမိမှာ ယောကျ်ားဖြစ်သောကြောင့် သည်းခံနိုင်၏။ မိမိ၏ မယားမှာမူကား မိန်းမသားဖြစ်သောကြောင့် အဘယ်မှာလျှင် သည်းခံနိုင်အံ့နည်း။ မိမိ မယားအပေါ်တွင် သနားစိတ်များဖြင့် ပြည့်လျှမ်းလျက် နေလေသတည်း။

ဤသို့ အသီးသီး မိမိတို့ ထင်ရာကို တွေးတောနေကြတုန်းမှာပင် တရားသူကြီး ဖတ်နေ ရှင်းနေသော စီရင်ချက်မှာ အဆုံးနားသို့ နီး၍ လာ၏။ ဆုံးသောအခါ တရားခံယောကျ်ားငါးယောက်စလုံး အပေါ်တွင် ပြစ်မှု ထင်ရှားသောကြောင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် သုံးနှစ်စီ အကျခံစေ၊ တရားခံမ နှစ်ယောက်မှာ မိုက်ဒဏ် အလုပ်ကြမ်းနှင့် သုံးလစီ ထောင်အကျခံစေဟု အမိန့်ပေး၏။ စီရင်ချက်ကို ချ၏။

စီရင်ချက်ပြီးလျှင်ပြီးချင်း တရားခွင်ပေါ်မှ ဆင်းသွား၏။ တစ်ခန်းလုံးလည်း မှောင်လေပြီ။ တရားခံအားလုံးလည်း မျက်နှာပျက်သွားကြလေသတည်း။

တရားခံ လင်မယားနှစ်ယောက်စလုံးမှာ တစ်ယောက်မျက်နှာ တစ်ယောက်စိုက်၍ ကြည့်ကြ၏။ သူတို့ မျက်စိများမှ မျက်ရည်တွေမှာ တတွေတွေ စီးဆင်း၍ နေကြလေသည်။ သားကလေးမှာမူကား လက်ကို စုံမြှောက်ကာ ဝမ်းသာလှသဖြင့် လက်ခုပ်လက်ဝါးတီး၏။ လာရောက်နားထောင်နေသူတို့လည်း ငြိမ်သက်စွာ ထွက်သွားကြလေပြီ။ ပုလိပ်များလည်း တရားခံကို အချုပ်ခန်းသို့ ဆောင်သွားကြလေသတည်း။

*ဂန္ထလောက၊ တွဲ-၁၃၊ မှတ်-၇၃၊*
*(ဖေဖော်ဝါရီလ၊ ၁၉၃၁)*

❧ ❧ ❧

# ဧရာဝတီ

ဝန်ထောက်မောင်လူအေးသည် ရုံးတွင် နေ့ခင်းက အမှုကို စစ်ဆေးရာ နှစ်ဖက်စလုံးကပင် သက်သေ ခိုင်လုံနေသဖြင့် စဉ်းစားရ ကျပ်လှသောကြောင့် စိတ်အိုက်၍နေ၏။ ထိုနေ့ပင် စီရင်ချက်က မှား မည်စိုးသောကြောင့် နောက်တစ်နေ့မှာ စီရင်ချက် ချမည်ဟူ၍ အမှု သည်တို့အား ပြောပြီးလျှင် တရားခွင်မှ ဆင်း၍ အိမ်ပြန်လာခဲ့လေ သတည်း။

တစ်လမ်းလုံးတွင် အမှုအကြောင်းကိုသာ သို့လော သို့လော တွေး တောလျက် လာ၏။ အိမ်သို့ ရောက်ပြန်ပါလည်း ဤအမှုအကြောင်းကို ပင်တွေးတော၏။ ညနေလက်ဖက်ရည် သောက်သော လက်ဖက်ရည် စားပွဲတွင်လည်း အမှုအကြောင်းကိုသာ တွေး၏။ ထိုင်နေသည်ဖြစ်စေ၊ ထနေသည်ဖြစ်စေ၊ လမ်းလျှောက်နေသည်ဖြစ်စေ၊ ယင်းအမှုအကြောင်း မှာ ရစ်ဝဲ ရစ်ဝဲနှင့် စိတ်ထဲတွင်နေ၏။ သို့သော်ဆုံးဖြတ်ချက်ကိုကား တွေးတော၍ မရသဖြင့် အခက်နှင့် တွေ့ကြုံရ၏။

အကြံကောင်းများ ရလိုရငြား နေစောင်းသွားလျှင် အိမ်မှထွက်၍ ဧရာဝတီ မြစ်ကမ်းခြေသို့ လမ်းလျှောက်ထွက်သွား၏။ ထိုအခါသည်ကား ဧရာဝတီမြစ်ထဲတွင် ရေနည်းသော တပေါင်းလကုန်ခါစအခါတည်း။ ကမ်းခြေတစ်လျှောက်တွင် သောင်ပြင်ကြီးထွန်းလျက်နေ၏။ ထိုသို့ ထွန်းလျက်နေသော သောင်ပြင်ကြီးမှာ ကမ်းခြေမှ ပေသုံးရာခန့် မြစ်ထဲ ဘက်သို့ ထွန်းလျက် နေ၏။

ကမ်းနားတစ်လျှောက်အရှေ့မှ အနောက်သို့ အစဉ်အတိုင်း လျှောက်၍သွားရာ အစိုးရဆေးရုံ၊ အေဘီအမ် မိန်းကလေးကျောင်း၊

စက်ရှင်မင်းကြီးအိမ်၊ အရေးပိုင်မင်းအိမ်၊ ဗိုလ်တဲ၊ ဆရာဝန်ကြီးအိမ်၊ အရာရှိမင်းများ၏ အသင်းရုံးတို့ကို အစဉ်အတိုင်း ကျော်လွန်၍လာခဲ့၏။ အသင်းရုံးသို့ရောက်လျှင် ကမ်းနားလမ်း ဆုံးတော့၏။ ကမ်းပါးအောက်သို့ ဆင်းကာ အနောက်ဘက်သို့ဆက်လက်၍ လျှောက်သွားပြန်၏။ အတန်ငယ်ကလေး သွားမိလျှင် ကမ်းနားလမ်း ခံတပ်ပျက်သို့ ရောက်၏။ ဤခံတပ်ကား မြန်မာမင်းများလက်ထက်က ဆောက်လုပ်ထားသော ခံတပ်ဖြစ်လေသည်။ ပျက်စီးလျက် နေပေပြီ။

လမ်းလျှောက်ရင်း တစ်လမ်းလုံး အမှုအကြောင်း စဉ်းစား၍ လာသောကြောင့် ဘာအကြောင်းကိုမျှ မတွေးတောနိုင်။ ဘာအကြောင်းကိုမျှ သတိမရနိုင်။ အမှုအကြောင်းနှင့်သာ အချိန်ကုန်ခဲ့၏။ သို့သော် ဤခံတပ်ဟောင်းသို့ ရောက်သောအခါ၌မူကား ရှေးဟောင်းနှောင်းဖြစ် မြန်မာမင်းတို့၏အကြောင်းများကို ပြန်လည်ကာ စဉ်းစားမိ၏။ စစ်ဖြစ်စဉ်က မည်သို့ တိုက်ခိုက်ကြမည့် အကြောင်း၊ မည်သို့ ကျဆုံးကြမည့် အကြောင်းတို့ကို စိတ်ကူးမိ၏။ ဤအခါကျမှ ယခင်စဉ်းစားနေရင်း အမှုအကြောင်းမှာ စိတ်ကူးထဲမှ ပျောက်၍ သွားတော့သတည်း။

ခပ်မောမောရှိသဖြင့် ခံတပ် အစွန်နားရှိ အုတ်များပေါ်တွင် တက်၍ထိုင်ကာ ဧရာဝတီမြစ်ဘက်သို့ လှမ်း၍ကြည့်၏။ ထိုင်နေရာ အနောက်ဘက် မနီးမဝေးရှိ ရွာမှဆင်း၍ ပျော်ပါးစွာ ရေခပ်နေကြသည်ကိုမြင်ရလျှင် စိတ်ပျော်၍ ရွှင်လာလေ၏။

ရေအိုးကို ရွက်သူကရွက်၊ ဆိုင်းနှင့် ဦးပဲ့ ထမ်းသူက ထမ်း၊ ရေအိုးနှစ်လုံးကို ဆင့်ပြီး ရွက်သူက ရွက်၊ လူနှစ်ယောက် အိုးကြီးကြီး တစ်လုံးကို ထမ်းပိုးနှင့် ထမ်းသူတွေကထမ်း။

အသက်အရွယ်မှာလည်း ကြီးကြီးလည်းပါ၊ ငယ်ငယ်လည်းရှိ၊ ယောကျ်ား မိန်းမ မကျန် အားလုံးပင် ပျားပန်းခတ်ဘိ သကဲ့သို့ သောင်ပြင်ကြီးတွင် ဆင်းသူဆင်း၊ တက်သူတက် နေကြ၏။ အသက်အရွယ်ငယ်သူတို့အနက် သုံးလေးနှစ်မျှ ရှိသေးသော ကလေးများပင်ပါ၏။ အသက်ကြီးသူတို့အနက်လည်း ခုနစ်ဆယ်ကျော်တို့ပင် ပါလေသတည်း။

လူအများ တက်ဆင်းကြသည်မှာ များလှသောကြောင့် သောင်ပြင်တစ်ပြင်လုံး ဖုန်တထောင်းထောင်း ထလျက်နေ၏။ ဆောင်းတွင်း၌ မြူများ အုပ်နေသကဲ့သို့ ဖြစ်လေသည်။ သီချင်း အော်ဆိုသူကလည်း ဆို၊ စကားအော်ပြောသူကလည်း ပြော၊ တစ်ယောက်ကို တစ်ယောက်

အော်ပြီး ခေါ်သူတွေကလည်း ခေါ်၊ ပျော်လိုက်ကြသည့်ဖြစ်ခြင်း။

ရေကူးသူတို့ကလည်း မရှား၊ ကစားနေသူတို့ကလည်း အပုံပင်၊ ခုန်ပေါက်နေသူကလည်း အနန္တ၊ ပြေးလွှားသူတို့ကလည်း စံမရအောင် များလှစွာ၏။

ပွဲအကြောင်းလည်း ပြောကြ၊ ရုပ်ရှင်အကြောင်းလည်း ပြောကြ၊ မီးလောင်သည့် အကြောင်းလည်း ပြောကြ၊ ဓားပြတိုက်သည့် အကြောင်းလည်းပြောကြ၊ ဆူညံ၍ နေပေသည်။

အချို့က သဲထဲတွင် တောင်ပုံလုပ်ကြ၏။ အချို့က သဲပုံစေတီတည်ထားကြ၏။ ကလေးများကလည်း ဘုရားဖူးသွားဟန် ဆူညံ၍နေ၏။ လူများ ဆူညံနေသည့်အကြားတွင် ခွေးများကပါပျော်ပါးရှာကြလွန်း၍ ဟိုပြေး သည်ပြေး တပြေးတည်း ပြေးလျက်နေကြ၏။

ထိုသောင်ပြင်ပေါ်တွင် တံငါ လုပ်စားကြသော တံငါတွေ၏ တဲကလေးများမှာလည်း သုံးလေးဆယ်ခန့်၊ ရွာကလေးတစ်ရွာပင်။ ထိုတဲကလေးတို့အနားတွင် ပျော်ပါးစွာ ကစား၍ နေကြသော ကလေးတို့ကလည်း သံပုံးများကို ဆူညံစွာ တီးနေကြ၏။ လုံကွင်းများ၊ အင်္ကျီစုတ်များကို အလံထူကာ ဘုရားပွဲတော်လှည့်သကဲ့သို့ စိတ်ထင်ရာ လုပ်၍ နေကြကုန်၏။ အရပ်ထဲတွင် သံပုံးတီးသံကို ကြားရလျှင် ဒေါသထွက်ပေလိမ့်မည်။ သို့သော် ဤအချိန် ဤအခါ ဤနေရာ၌ကား သံပုံးတီးသံကိုပင် သာယာသကဲ့သို့ ထင်မှတ်မိ၏။

ရေကူးသူတို့မှာလည်း ရိုးရိုး ကူးကြသည်မဟုတ်။ လိုက်ကြ၊ ပြေးကြ၊ သီချင်းဆိုကြ၊ စောင်းမြောင်း ပြောဆိုကြ၊ ဤအခိုက်တွင် လှေကြီးလှေငယ် ငှက်ကလေးများလည်း မကြာမကြာ စုန်၍သွားကြ၏။ ဆန်၍လည်း လာကြ၏။ ထိုလှေတို့တွင် ပါလာသော သူတို့အား သောင်ပြင်ပေါ်တွင် ရှိနေကြသော သူတို့က လှမ်း၍ စကားပြောကြ၏။ လှမ်း၍ နောက်တောက်တောက် ပြောကြ၏။ လှမ်း၍ စောင်းမြောင်းကာ သီချင်းဆိုကြ၏။

လှေပေါ်တွင် ပါလာသူတို့ကလည်း စိတ်ဆိုးခြင်းမရှိ။ ပြန်လှန်ကာ ပျော်ပါးစွာ သီချင်းဆိုကြ၊ နောက်ကြ၊ ပျော်စရာကြီးဖြစ်လေသည်။

အနီးအနားတွင် လှေများဖြတ်သွားပြန်လျှင်လည်း ရေကူးနေသူတို့မှာ လှေနားသို့ ရောက်အောင် ကူးသွားကြပြီးလျှင် လှေတွင် တွယ်၍ လိုက်သွားကြ၏။ လှေတွင် ပါလာသူတို့ကလည်း ထိုးဝါးဖြင့်

ရိုက်မယောင် လုပ်ကာ ကစားကြ၏။ အချို့က လှေပေါ်သို့ တက်၍ ဝိုင်းဝန်းကာ လှေ ထိုးကြကုန်၏။ အတော်ဝေးဝေးကျမှ လှေပေါ်မှ ခုန်ဆင်းကာ ကမ်းခြေ သို့ ကူး၍ လာကြကုန်၏။

အချို့ လှေတို့မှာလည်း မိမိတို့တွင် ပါလာသော ခရမ်းချဉ်သီး အစရှိသည်တို့ဖြင့် သောင်ပြင်ပေါ်တွင် ပျော်ပါးစွာ ကစားနေကြသူတို့ အား ပစ်ခတ်ကာ ကစားကြ၏။ သောင်ပြင်မှလည်း ပြန်လှန်ပစ်ကြ၏။ ပျော်စရာကြီး တစ်ရပ်ဖြစ်ပေသည်။

ဤသို့ ပျော်ပါးစွာ ကစားနေကြသော သူတို့ကား ထိုအခိုက်တွင် အပူအပင် မရှိ၊ ပြန်ရောက်သွားကြပြန်လျှင်လည်း အပူအပင်မရှိ၊ မိမိတို့ အိမ်သို့ လုပ်ကိုင်၍ ရသမျှသောပစ္စည်းဥစ္စာတို့ဖြင့်သာ တင်းတိမ်၍ နေကြကုန်၏။ အစားအသောက်မှာလည်း ထမင်းနှင့် ပဲပြုတ်၊ ပဲဟင်းကို ရလျှင် ကျေနပ်ကြပေပြီ။ သွားလာရန်မှာလည်း မိမိတို့တွင်ရှိသော ခြေ နှစ်ချောင်းကိုပင် အားကိုးကြ၏။ ဖျားနာပြန်လျှင်လည်း ဆရာဝန်ခေါ်ရန် ငွေကြေးများစွာ မလို။ အရပ်ထဲတွင် ရှိသော ဆေးမြီးတိုနှင့်ပင် ပျောက် ကြ၏။

ဤသို့ ကြည့်ရှုနေရင်း ထိုသူတို့၏ ပျော်ရွှင်ခြင်းကို အားကျမိ၏။ မိမိလုပ်ရသော အလုပ်အကိုင်၏ တာဝန်ကြီးခြင်း၊ စိတ်ပင်ပန်းစရာ ကောင်းခြင်းတို့ကို တွေးတောမိ၏။ ဤသို့တွေးတောနေရင်းပင်လျှင် မိုးချုပ်၍လာ၏။ နေလည်းဝင်၍ သွားတော့မည့်ဆဲဆဲနေ၏။ နေ၏ နီသော အရောင်သည် မြစ်တစ်မြစ်ပြင်လုံးတွင် ကျနေသောကြောင့် မြစ်တစ်မြစ်လုံး နီနီရဲရဲကြီးဖြစ်နေ၏။ သောင်ပြင်နှင့် သဲများပေါ်သို့ ကျနေသော နေရောင်၏ ပုံပန်းကိုကား ပြောမပြနိုင်အောင်ရှိ၏။ စိတ်ကြည်နူးစရာကြီးပင်။ စိတ်ကြည်နူး၍ နေစဉ်ပင် နေဝင်၍သွား၏။ မှောင်၍လာ၏။ ရေခပ်သူများလည်း ပါး၍သွား၏။ ထိုအခါကျမှ ထိုင်နေရာမှ ထပြီးလျှင် အိမ်သို့ ပြန်ခဲ့၏။ အမှုအကြောင်း စိတ်ထဲတွင် ပြန်၍ ပေါ်၏။

*ဂန္ထလောက၊ တွဲ-၁၆၊ မှတ်-၉၄၊*
*(နိုဝင်ဘာလ၊ ၁၉၃၂)*

# ထောင်ပြေး

'မအူပင် ထောင်ကြီးကို ကျော်ကာ ငသောင်း၊ ဖိုးတော၊ ရွှေအောင်၊ ငကျယ်၊ အောင်လှ ဆိုသူ ငါးယောက်တို့သည် ဝါခေါင်လဆန်း ၄ ရက်နေ့ နံနက် မိုးမလင်းမီ ထွက်ပြေးကြရာ ဆိုင်ရာ အရာရှိတို့ လိုက်လံ ဖမ်းဆီးနေကြကြောင်း။ ယခုသတင်းရေးသားနေသည့် အချိန်အထိ ထောင်ပြေးများကို မမိသေး။ မကြာမီပြန်၍ ဖမ်းဆီးမိလိမ့်မည်ဟု မျှော်လင့်ကြောင်း'

အထက်ပါ သတင်းထူးမှာ နာမည်ကြီးသော နေ့စဉ် သတင်းစာ တစ်စောင်တွင် ပါလာလေသည်။ ဤသတင်းမျိုးကို မကြိုက်သူတို့က မဖတ်ဘဲ ကျော်၍ သွားကြကုန်၏။ အချို့ကား ထိုသတင်းကို ဖတ်ကြပါ၏။ မှတ်ချက် မချကြချေ။ အချို့ကမူကား အတော်ပင် အံ့သြ၍ သွားကြလေသည်။ 'အင်မတန် တတ်နိုင်တဲ့ လူတွေပဲ' ဟု မှတ်ချက်ချကာ အခြား သတင်းများကို ဆက်၍ ဖတ်သွားကြကုန်၏။ ပြီးလျှင် ဤအကြောင်းကို မေ့လိုက်ကြလေတော့သတည်း။

အထက်ပါ သတင်းကလေးမှာ သတင်းစာ ဖတ်သူတို့ အဖို့ အရေးမကြီးလှသော်လည်း ဆိုင်ရာအရာရှိများ မည်မျှ ချောက်ချား၍ သွားသည်ကိုလည်းကောင်း၊ မအူပင်နယ် တစ်ဝိုက်တွင် မည်မျှ ဆူပူ၍ သွားသည်ကို လည်းကောင်း၊ မဆိုင်သူ၊ ရပ်ဝေးနေသူတို့ သိကြမည် မထင်။ သိချင်ကြလျှင် အောက်တွင် ဆက်လက်၍ ဖတ်ကြပါကုန်။

ငသောင်းတို့ လူစု ထောင်မှ ထွက်ပြေးသော နံနက်တွင် ထောင်တစ်ခုလုံး ဆူပွက်သွား၏။ ထောင်အရာရှိများ ဟိုအရေး သည်အရေး၊ ဟိုပြေး သည်ပြေး၊ ဟိုကြေးနန်းရိုက် သည်ကြေးနန်းရိုက်၊ အရေးပိုင် ရာဇဝတ်ဝန်နှင့် အခြားအရာရှိများလည်း ကျွက်စီကျွက်စီနှင့် ဖြစ်ကုန်ကြပြီ။ ပုလိပ်များလည်း ခေါင်းချင်းဆိုင် ခြေချင်းရှုပ်နေကြလေပြီ။

အတန်ကလေးကြာသော် မြို့ထဲတွင် 'ထောင်သား ငါးယောက် ထွက်ပြေးကြသတဲ့ ဟဲ့' ဟူသော သတင်းကြီးမှာ ပျံ့နှံ့၍ သွားလေသတည်း။ ဤသို့ ပျံ့နှံ့ရာမှ သတင်းထောက်ထံသို့ ရောက်၊ သတင်းထောက်ထံမှ သတင်းစာတိုက်သို့ ရောက်သွားခြင်း ဖြစ်လေသည်။

မောင်လူအေး၏ ရုံးခန်းထဲတွင် စကားပြောနေကြသော အသံကို နားထောင်ကြပါဦး။

'ဟုတ်လား၊ ခက်ပြီ၊ ဘယ့်နှယ်ကြံမလဲ၊ ဘယ်လို သတင်းရသလဲ'

ဤကား မောင်လူအေး၏ အသံဖြစ်၏။

'မနက်က စကားပြောကြေးနန်းရတယ်၊ ဒီကောင်တွေ ကျွန်တော်တို့ နယ်ဘက်ကိုပြေးမယ်၊ တခြား ပြေးစရာ မရှိဘူး'

ဤကား ရာဇဝတ်ဝန်ထောက် ဦးရွှေ၏ အသံဖြစ်လေသည်။

'အင်း ဆိုစမ်းပါဦး၊ ဘယ်အကောင်တွေလဲ၊ ကျွန်တော်တို့ နယ်ဘက်က အကောင်တွေလား'

'ဟုတ်တယ် ဝန်ထောက်မင်း ထောင်တစ်နှစ် ချလိုက်တဲ့ ဖိုးတေက ခေါင်းဆောင်ပေါ့'

'ဟာ ဒီကောင်ပါရင် ခက်တာပဲ၊ ဒင်း သိပ်ဉာဏ်များတယ်၊ လုပ်သေနတ်ကိုလည်း အင်မတန် အလုပ်ကောင်းတယ်ဗျ'

'ဒါကြောင့် ထောင်ထဲက ထွက်ပြေးနိုင်တာပေါ့'

'ပြေးတော့ ပြေးတာပဲ၊ ကျွန်တော်တို့ ဘယ်လို ကြံမလဲ၊ ကြံစမ်းပါဦး'

'သူတို့ လက်ထဲမှာ ပိုက်ဆံ မရှိရင် ဒီကောင်တွေ ဘယ်ကိုမှ မပြေးနိုင်ဘူးဗျ၊ တခြားမသွားခင် ပိုက်ဆံယူဖို့၊ သူတို့ရဲ့ ဆွေမျိုးတွေရှိရာ လာမှာပဲ၊ အဲဒီရွာတွေကို လူခွဲပြီး လွှတ်လိုက်ပြီ'

'ကောင်းတယ်၊ ဒီလိုအရေးမှာ ကိုယ်က ဦးထားမှ၊ မဦးထားရင် သူတို့ ပြေးဖို့အချိန် ရသွားမယ်'

'ဒီကောင်တွေကို မမိမှဖြင့် ကျွန်တော်တို့ နယ် ဆူဦးမှာပဲ'

'ဟုတ်တယ်၊ကျွန်တော်ကလည်း ကျွန်တော်တို့ သူကြီးတွေ၊ ဆယ်အိမ်ခေါင်းတွေဆီ အမိန့် ထုတ်လိုက်ဦးမယ်၊ မသင်္ကာသူတွေကို တွေ့ရင် ဖမ်းပြီး ပို့ရမယ်လို့'

'အဲဒါ အင်မတန် ကောင်းတယ်၊ အားလုံးကူညီမှ ဖြစ်တော့မှာပဲ ကျွန်တော် အခု ရွှေညောင်ပင် ရွာဘက် လိုက်ဦးမယ်၊ အမိန့်ကိုသာ ထုတ်လိုက်စမ်းပါ'

'ကောင်းပြီ၊ စိတ်ချ၊ ကျွန်တော် ချိန်းထားတဲ့ အမှုတွေကို စစ်ပြီးရင် သူတို့လာမယ့် ရွာဘက်က သွားပြီးစောင့်မယ်'

ဤသည်တို့ကား မောင်လူအေး၏ ရုံးခန်းထဲမှ ထွက်လာသော အသံတို့ပေတည်း။

တော်သေးပြီ၊ ဖိုးတေတို့ မည်သို့ ထွက်ပြေးကြသည်ကို ကြည့်ကြဦးစို့။

ဟောဟိုမှာ ဖိုးတေတို့ ငါးယောက် ထောင်၏ အပြင်ဘက်သို့ ရောက်ကုန်ကြပြီ။ အချိန်ကား နံနက် ၂-နာရီသာ ရှိသေး၏။ ချမ်းကလည်းချမ်း၊ မှောင်ကလည်းမိုက်၊ ငါးယောက်သား ကုန်းကုန်း ကုန်းကုန်း နှင့်တိုင်ပင် နေကြလေသည်။ မည်သည့် အကြောင်းများကို တိုင်ပင်နေကြပါသနည်း။

ရွှေအောင်။ ။ ထွက်လာလို့ အပြင်ရောက်ကြပြီ ဘယ်ကို သွားကြမှာတုံးကွယ့်။

ငသောင်း။ ။ ထောင်ထဲကတောင် ထွက်လာလို့ အပြင်ရောက်တော့မှပဲ သွားဖို့တော့ မခက်ပါဘူးကွယ့်။

ငကျယ်။ ။ မခက်ဘူးမပြောနှင့် ဆရာရေ၊ အခက်သား။ ထောင်ထဲ ထွက်တာတော့ လွယ်ရဲ့၊ ပြေးဖို့က ခက်တယ်၊ မတော် ပုလိပ်က သေနတ်နှင့် ပစ်ပြီး ဖမ်းမှဖြင့် မခက်ပေဘူးလား။

ဖိုးတေ။ ။ ကြောက်ရင်ဘာလို့ လိုက်လာသေးသလဲ၊ မင်းတို့ ဒီလိုကြောက်နေကြရင် ပုလိပ် ပစ်မသတ်ခင် ငါ့လက်နှင့် သတ်မယ်၊ သိရဲ့လား၊ တော်တော် လျှာရှည်။

ငကျယ်။ ။ လျှာရှည်တယ် မဟုတ်ပါဘူး အကျိုးအကြောင်းကို ပြောတာပါ။

အောင်လှ။ ။ ကိုင်းဗျာ၊ စကား များမနေကြပါနှင့်တော့၊ သွားစရာရှိတာကို သွားကြပါစို့၊ ဘယ်ကို သွားမှာတုံး။

ငသောင်း။ ။ သောင်ကရွာကို သွားမယ်၊ ညောင်နှစ်ပင်ရွာ ဦးချမ်းအေးတို့ အိမ်က တိုက်ထားတဲ့ ငွေ ၄၀၀ဝ ကို မြှုပ်ထားတယ်၊ အဲဒီငွေကိုယူပြီး ယိုးဒယားကို ပြေးတာပေါ့။ ပိုက်ဆံမရှိရင် ဘယ်ကိုမှ ပြေးလို့ မဖြစ်ဘူး၊ ငတ်တာနှင့် မိကုန်မယ်။

ငကျယ်။ ။ သော်ကရွာကို သွားတာကတော့ ကောင်းပါရဲ့၊ ပုလိပ်က ဆီးပြီးဖမ်းရင် မခက်ပေဘူးလား။

ဖိုးတေ။ ။ တယ် မင်း အင်မတန် ဉာဏ်နည်းတဲ့ အကောင် နေ့ကို ကိုင်းတောထဲမှာ ပုန်း၊ ညမှ ရွာထဲ ဝင်တာပေါ့။

ငသောင်း။ ။ ဟော့ ရှည်မနေကြနှင့် သွားမယ်။

ဤသို့ ပြောကြ ဆိုကြ ဆွေးနွေးကြ ပြီးနောက် မှောင်ထဲတွင် ခပ် သုတ်သုတ် လျှောက်လာကြကုန်၏။ စိတ်ထဲတွင် တထိတ်ထိတ်နှင့်ပင်။

ပတ်တရောင်တွေ ဘယ်သွားနေကြပါလိမ့်။ ဟောဟိုမှာ ပုလိပ် နှစ် ယောက်၊ ပတ်တရောင် လှည့်လာကြလေသည်။ ဖိုးတေတို့ လူစု လမ်းဘေး မြောင်းထဲသို့ ရောက်ကုန်ကြလေသည်။ ပုလိပ်များ လွန်သွား မှ ငသောင်းတို့ မြောင်းထဲမှ ထွက်ပြီးလျှင် ဆက်လက်၍ သွားကြပြန်၏။

မကြာမီ ဧရာဝတီမြစ် ကမ်းခြေတွင် ဆိုက်ထားသော လှေကလေး တစ်စင်းကို မြင်ကြလေသည်။ ထိုလှေကို စီးကာ တစ်ဖက်ကမ်းသို့ ကူး ကြ၏။ ထိုမှာ ဘက်ကမ်းတွင်ကား ကိုင်းတောကြီးများ ရှိလေသည်။

အဆိုပါ ကိုင်းတောကြီးများကို ဖြတ်ကျော်ကာ သွားကြရလေသည်။ ရေကား ပေါင်လောက် ခါးလောက် နက်၏။ ချမ်းကလည်းချမ်း၊ ခြင်ကလည်းကိုက်၊ မြွေပွေးလည်း ကြောက်ရသေးသည်။ ရွှေအောင်နှင့် ငကျယ်တို့က ညည်းကြ၏။ ငသောင်းနှင့် ဖိုးတေတို့က မာန်ကြလေ သည်။ ရွှေအောင်တို့ တိတ်လျက် သွားကြလေသတည်း။

ရေ ပေါင်လောက် ခါးလောက် နက်သော ကိုင်းတောကြီးများကို ဖြတ်လာ၍ တစ်မိုင်ခန့် သွားမိလျှင် မိုးလင်းတော့၏။ ခရီးဆက်၍ သွား ကြမည်ဆိုလျှင် လူတကာ မြင်မည်စိုးသောကြောင့် အနီးအနားတွင် စုံ စမ်းကြရာ အင်းတဲကလေး တစ်တဲကို မြင်ကြလေသည်။

ထိုအင်းတဲသို့ ငါးယောက်သား သွားကြပြီးလျှင် အင်းသမား လင် မယားတို့အား အနုကြမ်း စီးကြကုန်၏။ အနီးအနားတွင် လူသူ လေးပါး မရှိ၊ တဲကလေးနှင့် အနီးဆုံးတဲကား ပေ ၃၀၀၀ ခန့်ဝေးလေသည်။ အော်သော်လည်း မည်သူမျှ ကြားမည်မဟုတ်။ အင်းသမား လင်မယား

တို့လည်း ဖိုးတေတို့ ငါးယောက်အား ထမင်းချက်ကျွေးကြရရှာလေသည်။ ဖိုးတေတို့ ငါးယောက်သား ထမင်းကို ငါးပိရည်ဆမ်းပြီး စားလိုက်ကြသည်မှာ ထမင်းအိုး နှစ်လုံး ပြောင်တော့၏။ အင်းသမား လင်မယားစားဖို့ပင် မကျန်ပြီ။

စားသောက်ကြပြီးလျှင် ဖိုးတေနှင့် ငသောင်းတို့ အိပ်ကြ၏။ ငကျယ်၊ ရွှေအောင်နှင့် အောင်လှတို့က စောင့်ကရလေသည်။ ဖိုးတေတို့အိပ်ရာမှ နိုးသောအခါကျမှ ငကျယ်တို့ အိပ်ကြရ၏။

သို့နှင့် မိုးချုပ်လေတော့သည်။ ခရီးဆက်ကြပြန်သည်။ ဒူးလောက် ပေါင်လောက်၊ ခါးလောက်နက်သော ရေထဲတွင် ကိုင်းတောကြီးများကို ဖြတ်ကျော်ကာ လာကြရပြန်သည်။ မြွေပွေးတို့ မြွေဟောက်တို့ကို မကြောက်နိုင်ပြီ။ ကိုင်းရွက်တွေ ရှထားသဖြင့် သူတို့၏ ကိုယ်မှာလည်း ရစရာ မရှိ၊ ခြင်တွေ ကိုက်သည်မှာလည်း မခံနိုင်စရာ ဖြစ်လေသည်။ သို့သော် မတတ်နိုင်။ ထောင်ကြီးကိုပင် ကျော်လာခဲ့ကြလေပြီ။

(အလွန်သတ္တိကောင်းသော သူတို့ပေတည်း။ ဤသတ္တိမျိုးနှင့် တရားသဖြင့် လုပ်ကိုင် စားသောက်ကြမည်ဆိုလျှင် သူဌေး ဖြစ်နိုင်ကြ၏။ ဤသူတို့ကား မိမိတို့၏ သတ္တိကို အလွဲသုံးစားသော သူတို့ဖြစ်လေသည်)

နံနက် ၄ နာရီထိုးလျှင် သော်က ရွာစွန်သို့ ရောက်ကြကုန်၏။ ဖိုးတေတို့ လေးယောက်ကို ရွာအစွန် ကိုင်းတောကြီးတွင် ထားခဲ့ပြီးလျှင် ငသောင်း တစ်ယောက်တည်း မိမိ၏ အိမ်ရှိရာသို့ ထွက်ခဲ့၏။ အိမ်သို့ ရောက်လျှင် နောက်ဖေးပေါက်မှ တက်လေသည်။

ငသောင်းနှင့် သူ၏မယား တွေ့ဆုံသော အခန်းကား လွမ်းဖွယ်၊ ဆွေးဖွယ်များနှင့် ပြည့်လျက်နေ၏။ ငိုကြ ယိုကြ အံ့အားသင့်ကြနှင့် နေလေသည်။ သို့သော် စာရှည်မည် စိုးသောကြောင့် ဤအကြောင်းကို ချန်ခဲ့ရပေမည်။ စဉ်းစားကြည့်ကြကုန်လော့။

မြှုပ်ထားသော ငွေ ၄ဝဝိ ကို ယခု တူးဖော်၍ မရသေး။ ရွာသား အချို့ အိပ်ရာမှ နိုးကုန်ကြပြီ။ ညလူခြေတိတ်မှ လာ၍ဖော်မည်။ မလာမီ ငါးယောက်စာ ထမင်းကို ရွာအစွန် ကိုင်းတောရှိ သုဿာန်ဇရပ်သို့ မိုးချုပ်လျှင် လာ၍ပို့ရန် မယားအားမှာထားခဲ့ပြီးလျှင် ငသောင်းသည် မိမိအိမ်မှ ထွက်ခွာခဲ့၏။ ကိုင်းတောသို့ ပြန်ရောက်လျှင် မိုးလင်းလေပြီ။

ထောင်ပြေးငါးယောက်ကား မြေကြီးကို မွေ့ရာ၊ ကိုင်းတောကို ခြင်ထောင်၊ ခြင်တွေကို အဖော်ပြုကာ အိပ်ကြကုန်၏။ ခြင်အပေါင်းတို့မှာ

ပျော်ပွဲ စားပွဲကြီး ခံနေကြလေပြီ။ ငကျယ်နှင့် ရွှေအောင်တို့ကား ခြင်များကို သည်းမခံနိုင်၊ ဆာလောင်မွတ်သိပ်ခြင်းကို သည်းမခံနိုင်၊ ပုလိပ်များ၏ အဖမ်းကို ခံလိုက်ချင်၏။ သို့သော် ငသောင်းနှင့် ဖိုးတေတို့ကို ပုလိပ်များထက် ကြောက်ကြရလေသည်။ ပါးစပ်များကိုပင် မဟဝံ့ရှာကြပေ။

ည ၁၀ နာရီထိုးလျှင် ငသောင်း၏ မယား မယ်သိန်းသည် ငါးယောက်စာ ထမင်းကို ယူဆောင်ကာ ရွာအစွန် ကိုင်းတောထဲသို့ ထွက်လာခဲ့၏။ အသည်း အေးခနဲ အေးခနဲ နေ၏။ ကြက်သီး ဖျန်းခနဲ၊ ဖျန်းခနဲထ၏။ တစ္ဆေကိုကြောက်၏၊ မြွေကို ကြောက်၏၊ သို့သော် လင်ကို ချစ်လေသည်။

အတန်ကလေး ကြာလျှင် ရွာအစွန်သို့ ရောက်၏။ ရွာအစွန်ထိန်ပင်အနီး ရောက်သည်နှင့် တစ်ပြိုင်နက် ထိန်ပင်အောက်မှ လူနှစ်ယောက်ထွက်၍ လာကြသည်ကို မြင်ရလေသည်။ ထိုသူတို့ကား ပုလိပ်သားတွေ တည်း။

ခက်ပြီ . . . ခက်ပြီ အဘယ်သို့မျှ မညာနိုင်၊ ညဥ့်နိုက်သန်းခေါင်တွင် ထမင်းထုပ်နှင့် လက်ပူးလက်ကြပ်မိနေ၏။ မလိမ်သာပြီ၊ဟုတ်မှန်ရာကို ပြောလိုက်ရ ရှာလေသတည်း။

ငသောင်းတို့ကား ကိုင်းတောစပ် သုသာန် ဇရပ်မှ နေ၍ မယ်သိန်း၏ အလာကိုသာ မျှော်ကာ နေကြကုန်၏။ ထမင်းဆာလိုက်ကြသည်မှာလည်း ဆိုစရာမရှိပြီ။ မိမိတို့က ထမင်း မစားကြသော်လည်း ခြင်တွေမူကား မိမိတို့၏ သွေးများကို ပွဲတော်တည်ကာ အပျော်ကြီးပျော်နေကြကုန်၏။

အတန်ကြာလျှင် လူယောင်ကို မြင်ရသဖြင့် အားရဝမ်းသာဖြစ်နေကြလေသည်။ ထမင်း စားကြတော့မည်။ ထမင်းပွဲကို မြင်ယောင်နေကြကုန်၏။ ထိုလူရိပ်မှာ နီးသည်ထက် နီး၍ လာသောအခါ ငသောင်းတို့မှာ ဝမ်းသာသည်ထက် ဝမ်းသာ၍ လာကြလေသည်။

ဤသို့ ဝမ်းသာနေခိုက်တွင် ဒိန်းဆိုသော အသံကြီးကို သော်ကရွာသူရွာသားတို့ အိပ်နေရာမှ ကြား၍ လန့်နိုးကြကုန်၏။ ငသောင်းလည်း သုသာန်ဇရပ်ဘေးတွင် ခပ်ကွေးကွေးကလေး လဲနေတော့၏။

ဖိုးတေ၊ ရွှေအောင်၊ ငကျယ်၊ အောင်လှတို့ တကွဲတပြားစီ ပြေးကုန်ကြလေပြီ။ ပုလိပ်များ ငသောင်းလဲနေရာသို့ ပြေးလာကြကုန်၏။ မယ်သိန်းလည်း ပါလာလေသည်။

ငသောင်း၏ ရင်ကို မှန်၏၊ ချက်ကောင်းပင်။ သို့သော် ငသောင်း မသေသေး။ သွေးအလိမ်းလိမ်း ကပ်လျက်နေလေသည်။ မယ်သိန်း အသို့ နေမည်နည်း။ မျက်လုံးများမှ မျက်ရည် အသွယ်သွယ် စီးဆင်း၍ လာ၏။ အားရပါးရ ငိုချင်လှ၏။ မငိုဝံ့၊ ပုလိပ်များကို ကြောက်ရလေသည်။

ငသောင်းကား လူးလိမ့်နေရာမှ မိမိ၏ မယားကို မြင်လျှင် စိုက်ကြည့်ကာ အံကြိတ်လျက် ဒေါသသံဖြင့် 'မင်း အင်မတန်တော်တဲ့ မိန်းမ၊ ဆုငွေကလေးကို မက်တာနှင့် ငါ့သေကြောင်းကြံတာပေါ့လေ' ဟု ဆိုကာ မျက်စိကို မှိတ်လိုက်လေသတည်း။

ငသောင်းကား အသက်မရှိတော့ပြီ။ မယ်သိန်းကား အထင်လွဲခြင်းကို ခံရရှာ၏။ ပြန်၍ ချေပရှင်းလင်းရန် မတတ်နိုင်။ ငသောင်း မပြန်သောလမ်းသို့ မြန်းလေပြီ။ မယ်သိန်း အသို့နေမည်နည်း။

တစ်ယောက် ကိစ္စတုံးလေပြီ၊ လေးယောက် ကျန်ပေသေး၏။ သူတို့ရှာကြဦးစို့။

ဟောဟိုမှာ ငကျယ်နှင့် အောင်လှတို့ ပန်းလှိုင်မြစ် တစ်ဖက်သို့ ကူးပြေးကြလေပြီ။ ပုလိပ်များ မမြင်လိုက်။ ငသောင်းကို မိလိုက်သဖြင့် အကျေနပ်ကြီး ကျေနပ်နေကြလေသည်။

မြစ်တစ်ဖက်သို့ ရောက်လျှင် စပါးပင်များအကြား ဖြတ်၍ပြေးကြကုန်၏။ ပုလိပ်များ၏ အသံကား ဝေးသည်ထက် ဝေးသွားလေပြီ။ သို့နှင့် မိုးလင်းတော့မည်။ မိုးလင်းသောအခါ ခရီးဆက်၍ မသွားနိုင်ကြချေ။ ထမင်း မစားကြရသည်မှာ နှစ်ရက်နီးပါး။ အားလည်း အနည်းငယ်မျှ မရှိ၊ မနီးမဝေး လယ်တဲ တစ်တဲတွင် ထမင်းဝင်၍ တောင်းစားကြကုန်၏။ လယ်တဲပိုင်ရှင်တို့ကား ဆယ်အိမ်ခေါင်း ဦးလူပုတည်း။ ထမင်းကျွေးပြီးလျှင် ငကျယ်တို့ နေရပ်မှစ၍ မေးစရာရှိသည်ကို မေး၏။ ငကျယ်လည်း စိတ်ပျက်ပျက်နှင့် အကြောင်းစုံကို ပြောလိုက်ကြလေသတည်း။ ဦးလူပုလည်း ရွာသားများကို ခေါ်ပြီးလျှင် ငကျယ်အား သူကြီးမင်း၏ အိမ်သို့ ပို့လိုက်လေသည်။ ထိုနေရာမှပင် သူကြီးမင်း၏ အိမ်မှ ပုလိပ်ဌာနသို့ ငကျယ်တို့ မပင်ပန်းဘဲ ရောက်သွားကြလေသတည်း။

သုံးယောက်အတွက်ကား ကိစ္စအေးသွားပြီ။ ဖိုးတေ၊ ရွှေအောင်တို့နှစ်ယောက် ကျန်ပေသေး၏။သူတို့ကား ငသောင်းကို ပုလိပ်များ ဖမ်းသော ညမှာပင် ရွှေညောင်ပင် ရွာဘက်သို့ ပြေးကြလေသည်။ မိုးလင်းလျှင် ကြက်တော၏ လယ်တဲသို့ ရောက်၏။ ကြက်တောနှင့် ဖိုးတေမှာ

အသိဟောင်းများ ဖြစ်ကြသော်လည်း လက်မခံဝံ့။ ဖိုးတေအကြံပေးချက် အရ သူကြီးမင်းထံသို့ သွား၍ အကြောင်းကြား၏။ သူကြီးမင်း ဦးရှိန်း လိုက်လာလေပြီ။

ရောက်သောအခါ ဖိုးတေက ဤသို့ဆို၏။

'ဘကြီး၊ ကျွန်တော်တို့ကို ဖမ်းပြီး ရာဇဝတ်ဝန်ကြီးဆီသို့ ပို့ပါတော့ မပို့ခင် ထမင်းဝအောင် ကျွေးပါ။ ကျွန်တော်တို့အတွက် ထုတ်ထားတဲ့ ဆုငွေကိုလည်း ဘကြီး ရမှာပါပဲ'

သူကြီးမင်း ဦးရှိန်းကား မယားသုံးယောက်ရှိသူတည်း။ အသက် ကား ၇၀ ကျော်ပြီ။ ဆုငွေစကားကို ကြားရလျှင် ဝမ်းမြောက်၍ မဆုံးပြီ။ ဖိုးတေတို့အား ထမင်းဝအောင် ကျွေးပြီးလျှင် ပုလိပ်ဌာနသို့ ခေါ်သွား မည်ပြု၏။ ဖိုးတေက ဤသို့ ဆိုပြန်၏။

'ညကြီး အခု ခေါ်သွားရင် လူတကာ မြင်ပါမယ်၊ နောက်ပြီးတော့ လည်း ပုလိပ်တွေက သူဖမ်းတယ်၊ ငါဖမ်းတယ်ဆိုပြီးဘကြီးရတဲ့ ငွေကလေးကို တစ်ဝက်စီ ယူကုန်ကြမယ်။ ညဥ့်သန်းခေါင်လောက်မှ ခေါ်သွားပြီး မနက်စောစော ရာဇဝတ်ဝန်ကြီးဆီ ရောက်တော့ ဆုငွေ အားလုံးကို ဘကြီး တစ်ယောက်တည်းရမယ်။ ပုလိပ်တွေ ရာဇဝတ်အုပ် တွေ၊ တိုက်ပိုင်တွေကို ပေးစရာမလိုဘူး။ ပုလိပ်ဆိုတဲ့ အကောင်တွေဟာ အင် မတန် ညဏ်များတာကလား ကျွန်တော်တို့ ဘယ်ကိုမှ မပြေးပါဘူး ဘကြီးရယ်'

ဖိုးတေ၏ စကားကို သူကြီးမင်း ယုံလေပြီ။ ညဥ့်နက်သန်းခေါင် တွင် ဖိုးတေတို့အား လှေကလေး တစ်စင်းပေါ်တွင် တင်ဆောင်သွား ၏။ ဦးရှိန်းနှင့် လှေလှော်သူ နှစ်ယောက်သာ ပါလေသည်။ ဖိုးတေ တို့ ကို လက်ထိပ်မခတ်၊ လမ်းတစ်ဝက် ရောက်လျှင်အခင်းသွားချင်သည်ဟု ပြောကာ လှေကို ဆိုက်ခိုင်း၏။ လှေဆိုက်လျှင် ဖိုးတေတို့ ကုန်းပေါ်သို့ တက်သွားကြလေသည်။ အတော်ကြာအောင် စောင့်နေသော်လည်း ဖိုး တေတို့ ပေါ်မလာ၊ သည်အခါကျမှ သူကြီးမင်း အခက်ကြုံတော့သ တည်း။

မကြာမီ ပုလိပ်များ သိသွားကြသောကြောင့် သူကြီး ဦးရှိန်းတရား စွဲခံရရှာလေသည်။ ဦးရှိန်း ခမျာမှာ တရားခံကို လွှတ်သော အမှုအတွက် ထောင်လေးလ အကျခံရလေသည်။

အင်း ဖိုးတေ . . . ဖိုးတေ အလွန်တတ်နိုင်သော ဖိုးတေပဲ။ သူ့

အတွက် သူကြီးမင်း ဦးရှိန်း အသက် ၇၀ ကျော်မှ ဒုက္ခရောက်ရရှာလေသည်။

အတန်ကြာအောင်ပင် ဖိုးတေတို့၏ သတင်းကို မကြားရချေ။ သို့သော် ငါးလခန့်ကြာလျှင် သူတို့ နှစ်ယောက်သားကို ယိုးဒယားနယ်စပ်မှ မိလာလေသတည်း။

*ဂန္ထလောက၊ တွဲ-၁၉၊ မှတ်-၁၁၁၊*
*(ဧပြီလ၊ ၁၉၃၄)*

# မြင်းတွေ

'မြင်းတွေ . . မြင်းတွေ' ဟူ၍ ကျောင်းကုန်းရွာရှိ ကလေးတွေမှာ ဆူညံစွာ အော်ဟစ်ကာ နေကြလေသည်။ မိဘများအား ခေါ်ပြလိုပြ၊ အချင်းချင်း လက်ညှိုးထိုးကာ ပြလိုပြ၊ လမ်းဘေးမှ အိမ်ဝင်းအတွင်းဝင် ပြေးသူပြေး၊ လမ်းထဲတွင် ပြေးလွှား ကစားနေကြသော ကလေးများကို မနိုင့်တနိုင်နိုင်နှင့် ချီပွေ့သွားသူသွား၊ ပျော်လည်းပျော်ကြ၊ အံ့လည်းအံ့သြကြ၊ ကြောက်လည်း ကြောက်ကြလေသည်။ ထိုကလေးတွေ၏ စိတ်ထဲတွင် မည်သို့နေမှန်း မသိပေ။

ထိုမြင်းတွေကား လေးကောင်မျှသာတည်း။ အားလုံးမြင်းနီချည်းဖြစ်လေသည်။ ရှေ့ဆုံးတွင် ခပ်မှန်မှန် ပြေးလာသော မြင်းကား အတော်ပင် အရပ်အမောင်း ကောင်း၏။ ပြေးပုံ ခပ်ကြမ်းကြမ်း၊ ဦးခေါင်းကြီးကို မော့၍ လာလေသည်။ ထိုမြင်းကြီးကား မြန်မာပြည်ဖွားမဟုတ်။ အိန္ဒိယပြည်ဖွား မဒရပ်မြင်း အစားထဲက ဖြစ်လေသည်။

ထိုမြင်းကြီးပေါ်တွင် ပါလာသူကား တရုတ်ဘောင်းဘီ အနက်၊ ကာကီရောင်၊ ရှပ်အင်္ကျီ၊ ဗလေဇာအနက်တို့ကို ဝတ်ထား၏။ ဦးခေါင်းတွင်ကား ကာကီရောင် ဦးထုပ်ကို ဆောင်းထားလေသည်။ လက်ထဲ တွင် မည်သည့်အရာမျှ မပါ။ ပါးစပ်တွင် စီးကရက် တပ်ထားသောစွပ်တံကို ခဲ၍ထား၏။ မီးမညှိရသေး။ မြင်းပေါ်တွင် ဖြစ်သောကြောင့် မီးညှိ၍ မရသောကြောင့် ဖြစ်ဟန်တူလေသည်။ ထိုသူကား မိမိဖြတ်၍ သွားသော ကျောင်းကုန်း ရွာသားများကို အမှုမထား၊ ခပ်တည်တည်မြင်းကို စီး၍ သွား၏။ ရွာသားတို့၏ စိတ်တွင်ကား ထိုသူသည် ဝန်ထောက်လော၊

မြို့အုပ်လော၊ ဘာလော၊ ညာလော စသဖြင့် အမျိုးမျိုး တွေးတော ကြံဆ လျက် နေကြလေသည်။

ထိုမြင်းကြီး၏နောက် မြင်းမကလေးပေါ်တွင် ပါလာသူကား ရွာ သူကြီးမင်း မောင်ဖိုးရင် ဖြစ်၏။ သူ၏ လက်တစ်ဖက်က ဇက်ကြိုးကိုဆွဲ ကျန်တစ်ဖက်က နှစ်လုံးပြူး သေနတ်ကြီးကို ကိုင်လာလေသည်။ မည်သူ ကိုပစ်မည်မသိ။ ယခင်ကပင် လူတစ်ယောက်ကို သေနတ်ဖြင့် ပစ်၍ အချုပ်ခံရ၏။ ကံကောင်းသောကြောင့် လွတ်၍ သွားလေသည်။ သူ၏ မျက်နှာမှာ လွန်စွာပင် ကြောက်စရာကောင်း၊ အသားက မည်းမည်း၊ ဆံပင်က တိုတို၊သူဝတ်ထားလိုက်သည်မှာလည်းတရုတ်ဘောင်းဘီအနက်၊ ကာကီရောင် ရှပ်အင်္ကျီများဖြစ်လေသည်။ လူကလည်း ကြမ်းကြမ်း၊ စိတ်ကလည်း ထန်ထန်၊ အင်မတန်မှ တန်ခိုးကြီးသော သူကြီးဖြစ်လေ သည်။

သူကြီးမင်း၏ နောက်မှ မြင်းပေါ်တွင်ကား မောင်ဖိုးရွှေဖြစ်ပါသည်။ မောင်ဖိုးရွှေကား နယ်ပိုင်မင်း၏ ရုံးပြာတာ ဖြစ်၏။ သူ၏အရပ်ကား ခြောက်ပေနီးပါး၊ သူ၏ ကိုယ်လုံးမှာ သေးသေး၊ သူ၏အသားမှာမည်း မည်းဖြစ်လေသည်။ ဘိုကေမှာ ဖိုးရိုး ဖားရား၊ ဝတ်ထားသော လုံချည် မှာ အနက်၊ လွယ်ထားသော လွယ်အိတ်မှာလည်း အနက်ပင်။

မောင်ဖိုးရွှေကား မည်သူ့ကိုမျှ အမှုမထား ဝန်ထောက်နှင့် သူကြီး တို့၏ ရှေ့မှ ပြေး၍မသွားရသည်ကိုသာလျှင် မကျေမနပ်ဖြစ်၍လာ၏။ ရှေးဟောင်း နှောင်းဖြစ်တို့ကို တွေးတောရင်း မြင်းပေါ်တွင် သွေးကြီး ကာ လာလေသည်။ မိမိ ပခုက္ကူတွင် နေထိုင်စဉ်က ပခုက္ကူမြို့ မြင်းပြိုင် ပွဲတွင် ဝင်၍ နွှဲခဲ့သည်များကိုလည်းကောင်း၊ သူစီးသောမြင်း၊ ပထမရ၍ မြင်းရှင်က ဆု ကောင်းကောင်းပေးသဖြင့် ယင်းငွေနှင့် ပျော်ပျော်ပါးပါး သွားသွားလာလာ လုပ်ခဲ့သည်များကိုလည်းကောင်း စဉ်းစားမိ၏။ ရှေး အခါက သူတကာ၏ရှေ့မှ စီးခဲ့ရဖူးသော်လည်း ကျေနပ်ဖွယ်ရာ မရှိပေ။ မိမိမြင်းကို စိုင်းကာ သူကြီးတို့၊ ဝန်ထောက်တို့ ရှေ့ကို တက်သွားချင်၏။ သို့သော် မတက်ဝံ့ရှာပေ။ သူတို့မှာကား သူကြီးဖြစ်၏။ ဝန်ထောက်ဖြစ် ၏။ မိမိကား ပြာတာမျှသာ ဖြစ်လေသည်။ သို့ရာတွင် မြင်းစီးရာတွင် သူတို့ထက် မိမိကသာ၏။ မိမိနှင့်ပြိုင်၍ စီးဝံ့ကြမည်မဟုတ် စသဖြင့် တွေးတောကာ စိတ်ကြီးဝင်လျက် လိုက်ပါလာလေသတည်း။

မောင်ဖိုးရွှေ၏ နောက်မှ လိုက်လာသူကား နယ်ပိုင်ရုံးစာရေး

မောင်ဖျန်စိန် ဖြစ်လေသည်။ သူကား တရုတ်ကပြား၊ ရိုးသားသူဖြစ်၏။ ကြောက်လည်း ကြောက်တတ်၊ စကားလည်းနည်း၊ နွေးလည်း နွေးကွေး သူတည်း။ မောင်ဖျန်စိန်မှာ မိမိမြင်းကို နိုင်အောင်သာလျှင် ကြိုးစား အားထုတ်ကာ နေရရှာ၏။ ဝါတော် ၆၀ ရပြီးသား ဘုန်းတော်ကြီးကဲ့ သို့ စက္ကူခြွေကို ချကာ မြင်း၏ ဦးခေါင်းကိုသာလျှင် စိုက်၍ကြည့်လာခဲ့ ၏။ မြင်း၏ ဇက်ကြိုးကိုလည်း လက်နှစ်ဖက်ဖြင့် စုံကိုင်ကာ ခပ်တင်းတင်း ဆွဲထားလေသည်။ နဖူးမှ ချွေးလုံးကြီးများ စီးဆင်း၍ နေသည်ကိုပင် လက်ဖြင့် မသုတ်နိုင်ရှာ။ အကယ်၍ မြင်းဆွဲပြေးမှုဖြင့် ခက်လေတော့ မည်။

မောင်ဖျန်စိန်ကား မြင်းကျောပေါ်သို့ တစ်ခါမျှ မရောက်ဖူးချေ။ ယခုမှသာလျှင် ဝန်ထောက်ကို ကြောက်သောကြောင့် အရဲစွန့်ကာ လိုက် ပါလာရခြင်းဖြစ်လေသည်။ မြင်း၏ စိတ်တွင်ကား မိမိ၏ကျောပေါ်၌ ပါလာသူမှာ မည်သို့သော သူနည်းဟု တွေးတော၍ နေ၏။ မိမိကို စီးဖူး သူ များလှပေပြီ။ ဤကဲ့သို့ တစ်ယောက်မျှ မကြုံဖူးပေ။ ဇက်ကြိုးကို တင်းတင်းကြီး ဆွဲထားသောကြောင့် အသွားရခက်လှပေသည်။ စိတ်ပေါက်ပေါက် ရှိလှသဖြင့် ဇွတ်အတင်း ကပ်ရပ်နေ၏။ မောင်ဖျန် စိန်ကား မည်သို့မျှ မလုပ်တတ်ပေ။ မြင်းရပ်နေသောအခါ အနီးအနား တွင် ရှိကြသော ကလေးများအား မောင်းခိုင်းမည်ကြံသေး၏။ အကယ် ၍ မိမိ၏မြင်း တအားကုန်လွှတ်၍ ပြေးမည်ဆိုပါက ခက်လေတော့မည်။ မြင်းနှင့် ဖျန်စိန်၊ ဖျန်စိန်နှင့် မြင်း၊ စစ်ခင်းကြလေပြီ။ ကြာလျှင် မတတ် နိုင်၊ ရှေ့က စီးသွားသော ပြာတာ မောင်ဖိုးရွှေအား ဟစ်၍ ခေါ်ရရှာ၏။ မောင်ဖိုးရွှေလာ၍ ဇက်ဆွဲကို ဆွဲသွားတော့မှ ကိုယ်တော်မြတ်မြင်းမှာ လိုက်ပါ သွားလေတော့သည်။

သို့နှင့်ပင် ရွာအပြင်ဘက် ကွင်းကြီးထဲသို့ ရောက်သွားကြကုန်၏။ အချိန်ကား နံနက်ခင်း ၈ နာရီခန့်သာ ရှိသေးသည်။ မိုးတွင်းအခါဖြစ် သောကြောင့် မိုးအုံ့လျက်နေ၏။ မအေး မပူ၊ နေ၍ ကောင်းရုံကလေး ဖြစ်လေသည်။ ကွင်းထဲတွင် မြင်းလေးစီးကို စီးကာ ဖြတ်သွားရာ ခပ်လှမ်း လှမ်းတွင် ကောက်စိုက်နေကြသော မိန်းကလေးတစ်တွေကို မြင်ရပေ၏။ သူတို့ကား သီချင်းတကြော်ကြော်နှင့် ပျော်လှပေ၏။ နံနက် ၆ နာရီမှ ညနေ ၅ နာရီတိုင်အောင် တကုန်းကုန်းနှင့် ကောက်စိုက်ရှာကြ။ တစ်နေ့ လုံးမှ တစ်နာရီအနားရကြ၏။ အခ ကျပြန်လျှင် တစ်နေ့မှ ငါးမူးမျှသာ

ရကြလေသည်။ သူတို့တစ်တွေမှာ မညောင်းကြယောင်တကား။ တစ်ကိုယ်လုံးလည်း ရွံ့တွေပေ၊ ထိုင်စရာလည်း နေရာမရှိ၊ ထိုကောက်စိုက်သမတွေကား ပျော်လှပေသည်။ ကံစီမံရာ ပျော်ကြစမြဲ ဖြစ်သောကြောင့် သူတို့အတွက် ဝိုင်းဝန်ကာ ပူပေးသော်လည်း သူတို့ကမူကား အမှုပင်ထားကြမည်မဟုတ်ပေ။

ထို ကောက်စိုက်သမတို့သည် မိမိတို့ အနီးနားတွင်ဖြတ်သွားကြသော မြင်းလေးစီးကို မြင်လျှင် ပျော်ရွှင်ကြသောကြောင့် လက်တို့ကာ ပြကြ၊ ရယ်ကြ၊ မောကြ၊ တဟားဟားနှင့် နေကြလေတော့သည်။ ထိုမြင်းရှင် လေးဦးတို့ကို စောင်းကာ သီချင်း ဆိုလိုက်သေး၏။ မောင်ဖိုးရွှေက လက်သီးပြလေသည်။ သူကြီးနှင့် ဝန်ထောက်တို့ ဣန္ဒြေမပျက် သွားမြဲတိုင်းသာလျှင် သွားကြ၏။ မောင်ဖျန်စိန်ကား မိမိ၏မြင်းကိုမနိုင့်တနိုင်၊ မြင်းပေါ်မှ မကျစေရန် များစွာ ကြိုးစား နေရရှာလေသည်။

ဤသို့ ရွှံ့တွေ၊ ဗွက်တွေ၊ နွံတွေ ထူထပ်လှသော ကွင်းပြင်ကြီးအတွင်း မြင်းလေးစီးနှင့် တဖြည်းဖြည်း လာနေကြခိုက် ကောင်းကင်တွင် မိုးသားတွေ ဆိုင်း၍ တက်လာကြကုန်၏။ ခက်လေပြီ။ ထိုတစ်ဝိုက်တွင် မိုးခိုစရာမရှိ။ ရွာနှင့်လည်း မနီး၊ သစ်ပင်ကြီးကြီးဟူ၍လည်း မမြင်၊ စိုးရိမ်မကင်း ဖြစ်မိကြကုန်၏။

မကြာမီ မိုးကြီး သည်းထန်စွာ ရွာသွန်း၍ ချလိုက်လေသည်။ ပေါက္ခရဏီမိုး ဖြစ်လျှင် ကောင်းလေစွဟု တောင့်တမိကြကုန်၏။ ပေါက္ခရဏီမိုးတို့၏ သဘောကားစိုစွတ် လိုသူတို့ကိုသာ စိုစွတ်၍ မစိုစွတ် လိုသူတို့ကား မစိုစွတ်ဘဲ နေလေသည်။ ဤမိုးကား ပေါက္ခရဏီမိုး မဟုတ်သောကြောင့် မစိုစွတ်လိုသော မြင်းနီရှင် လေးဦးတို့မှာ တစ်ကိုယ်လုံး ရွှဲရွှဲစို၍ သွားကြကုန်၏။ မိုးချည်း ရွာသည်မဟုတ်၊ လေလည်း အပြင်းအထန် တိုက်ခိုက်ပြန်လေသောကြောင့် မြင်းများပေါ်မှပင် ကျမယောင်ယောင် နေကြသည်။ စာရေး မောင်ဖျန်စိန်ကားမြင်းစီး မတတ်ရသည့်အထဲတွင် မိုးကြီးကလည်း သည်း၊ လေကလည်း တိုက်လှသဖြင့် များစွာအခံရခက်၏။ မိုးကရွာ၊ လေကတိုက်သောကြောင့် ခမျာ မြင်းနီလေးစီးတို့လည်း ချမ်းရှာလွန်း၍ ခိုက်ခိုက်တုန်နေကြလေတော့သည်။ နားရွက်ထဲ ရေဝင်မည်စိုးကြသောကြောင့်လည်း နားရွက်များကို ကုပ်ကာ ခပ်ဖြည်းဖြည်း လျှောက်၍လာကြကုန်၏။

ရွှံ့တွေ စင်လှသောကြောင့် ဘောင်းဘီ အနက်တွေမှာ ရွှံ့ဗွက်တွေ

ထူထပ်နေလေတော့သည်။ အင်္ကျီတို့မှာလည်း ဆိုစရာမရှိ။ ဦးထုပ်များမှာပင် ရွှံ့ဗွက်တွေ မကင်းပေ။ မြင်းတွေ တစ်ကိုယ်လုံးမှာလည်း ရွှံ့တွေ အလိမ်းလိမ်း ကပ်နေပေ၏။ မြင်းရော လူပါ နဂိုရုပ်မပေါ်။ တော်တော်ပင် အကြည့်ရ ဆိုးလေသည်။ နဂိုရုပ်မပေါ်သည်က မခက်၊ ချမ်းလှသဖြင့် ခိုက်ခိုက်တုန်နေသည်က ခက်လေသည်။

လူအများကား ဝန်ထောက်မင်း တရားခွင်ပေါ်တွင် ပုဆိုးသစ်၊ အင်္ကျီသစ်၊ ဖိနပ်သစ်တို့ကို ဝတ်၊ ခေါင်းပေါင်းကို ကြော့ကြော့ကလေး ပေါင်းကာ တရားစီရင်နေသည်ကို တွေ့ဖူး၊ မြင်ဖူး၊ ကြုံဖူးကြပေမည်။ နံနက် ၁၀ နာရီခွဲ၊ ၁၁ နာရီမှ ရုံးတက်၊ ညနေ ၄ နာရီမတိုင်မီ စတိုင်တင်းတင်းနှင့် ရုံးမှဆင်းလာသည်များကိုသာ မြင်ဖူးကြပေလိမ့်မည်။ ရပ်ထဲ ရွာထဲ မြို့ထဲတွင် ပွဲလမ်းသဘင် ရှိက ရှေ့ဆုံး နေရာတွင် ခန့်ခန့်ညားညား ထိုင်နေသည်များကိုသာ ကြုံဖူးကြပေလိမ့်မည်။ သူကြီးတစ်တွေက 'မှန်ပါ့ဘုရား . . မှန်ပါ့ဘုရား' နှင့် ပြားပြားဝပ်ကာ နေကြသည်ကိုသာ မြင်ဖူးကြပေလိမ့်မည်။ ဝန်ထောက်မင်း ယခုကြုံရသော အဖြစ်အပျက်မျိုးကိုကား မြင်ဖူးကြမည်မဟုတ်ဟူ၍ မောင်လူအေးသည် မိမိ၏ အဖြစ်အပျက်ကို တွေးတောရာမှ ငဖျင်းချောင်းရွာသို့ ရောက်မှသာ လျှင် စဉ်းစားခန်း ပြတ်သွားလေသတည်း။

*ဂန္ထလောက၊ တွဲ-၁၆၊ မှတ်-၉၃၊*
*(အောက်တိုဘာလ၊ ၁၉၃၂)*

# မငွေးခါ

တစ်ရံရောအခါ ဘိလပ်ရွှေမြို့တော်ကြီး၌ မြန်မာပြည် မျက်နှာစုံ ညီ အစည်းအဝေးကြီးကို ကျင်းပလေသည်။ တိုင်းပြည်ခေါင်းဆောင် ဟူ၍ အခေါ်ခံကြရသော သူတို့ကို ဖိတ်၏။ သွားလိုက်ကြသည်မှာ တစ်ပျော် တစ်ပါး၊ အားကျစရာကြီးဖြစ်လေသည်။ အစိုးရငွေနှင့် အင်္ဂလန်ပြည်သို့ သွားရောက်သည်ကို မည်သူ သဘောမကျဘဲ နေအံ့နည်း။

ထိုမျက်နှာစုံညီ အစည်းအဝေး၌ တိုင်းရေးပြည်ရေး အကြောင်း များကို ဆွေးနွေးကြလေသည်။ မြန်မာပြည်ကို အိန္ဒိယပြည်မှ ခွဲထွက်ရန်၊ အိန္ဒိယပြည်နှင့် တွဲထားရန်တို့ကိုလည်း တိုင်ပင်ကြလေသည်။ နောက်ဆုံး ၌ အင်္ဂလန်နန်းရင်းဝန် အမတ်ကြီးက ခွဲရေးတွဲရေး ဆိုသည်မှာ ခေါင်း ဆောင်တို့၏ အရာမဟုတ်။ တိုင်းသူပြည်သားတို့၏ အရာသာ ဖြစ်သည် ဟူ၍ ထုတ်ပြန်ကြေညာခြင်းကို ပြု၏။

ခေါင်းဆောင်အပေါင်းတို့လည်း မြန်မာပြည်သို့ ခပ်သုတ်သုတ် ပြန်၍ ကြွလာကြကုန်၏။ သူတို့တစ်တွေ မြန်မာပြည်သို့ ရောက်သည့် နေ့မှ အစပြု၍ ခွဲရေး၊ တွဲရေး စခန်းထလေတော့သည်။ သတင်းစာ၊ မဂ္ဂဇင်းတို့တွင် ခွဲရေး တွဲရေး အကြောင်းမပါလျှင် မပြီးတော့ပြီ။ ငြီး လောက်အောင်ပင် ရေးသားကြလေသည်။ ခွဲရေး တရားဟောဆရာတွေ လည်း မနည်းပြီ။ တွဲရေး တရားဟောဆရာတွေလည်း အနန္တ၊ ကြံကြ စည်ကြ ပလီကြကုန်၏။

၂၁-ဦးခေါင်းဆောင် ဦးဘဘေနှင့် ဦးစောတို့က ခွဲရေးတရားကို ဟောလိုက်ကြသည်မှာ မြို့တကာ ရွာတကာ နှံ့လေတော့သည်။ ဒေါက် တာဘမော်နှင့် ဦးကျော်မြင့်တို့က တစ်စင်ထောင်ပြီးလျှင် တွဲရေးတရား

ကို ဟောကြပြန်၏။ ယင်းတွဲရေးဘက်မှာပင် နှစ်သင်း ကွဲပြားပြီးလျှင် ဦးချစ်လှိုင်နှင့် ဦးပေါ်ထွန်းတို့က တစ်စင်ထောင်ကြပြန်လေသည်။ ခွဲရေးဘက်မှာလည်း ဆာဂျေအေတို့က တစ်သင်းထောင်ကြပြန်၏။ သို့နှင့် တွဲရေးက နှစ်သင်း၊ ခွဲရေးက နှစ်သင်း၊ အသင်းကြီး လေးသင်းပေါ်၍ လာလေသည်။ တောင်တွင်းကြီးမှာများ ပေပင်လေးပင်ပေါက်သလား မပြောတတ်ပေ၊ စုံစမ်းရန် သင့်၏။

ကံ ဒွာရ ကွဲကြသည်နှင့်လည်း တူ၏။ ငှက်တွင်း၊ သုဓမ္မာ ကွဲကြသည်နှင့်လည်း တူလေသည်။ ခွဲရေး တွဲရေးအကြောင်း ဟောလိုက်၊ ပြောလိုက်ကြသည်မှာ တသောသောနှင့် နေတော့၏။ ထိုခွဲရေး တွဲရေးတရားပွဲ၊ စကားပွဲတို့မှာ ရှေးဦးမြို့များတွင် ခေတ်စား၏။ နောက် တောသို့ရောက်၏။ တစ်လ နှစ်လအတွင်း တစ်နိုင်ငံလုံး နှံ့၍ သွားလေ သတည်း။ အခွဲသမားကလည်း အခွဲကောင်းကြောင်း၊ အတွဲသမားကလည်း အတွဲကောင်းကြောင်း ဟောကြကုန်၏။ မည်သူ့ကို ယုံရမည် မသိ။ တောသူ တောင်သားတို့၏ နားတွင် ဝါးတားတား နေလေသည်။ အခွဲသမားတို့၏ စကားကိုကြားရလျှင် အခွဲကပင် ကောင်းနိုးနိုး၊ အတွဲသမားတို့၏ စကားကိုကြားရပြန်လျှင် အတွဲကပင် ကောင်းနိုးနိုး။ ထိုသို့သော တနိုးနိုးတို့နှင့်ပင် ရက်တွေ လတွေ အတော်ညောင်း၍ လာခဲ့၏။

ရပ်ထဲ ရွာထဲတွင် ခွဲရေး တွဲရေးအကြောင်း အငြင်းအခုံဖြစ်ကြသည်များလည်း ဆူညံ၍ နေတော့သည်။ ကံနှင့် ဒွါရ အငြင်းအခုံဖြစ်တုန်းကလိုလို၊ ကမ္ဘာစစ်ကြီး အတွင်းက အင်္ဂလိပ်နိုင်မည်၊ ဂျာမနီနိုင်မည် စသဖြင့် ငြင်းကြသလို ခွဲရေးတွဲရေး အငြင်းပွဲများတွင် ရန်ပင်ဖြစ်ကြလေသည်။ အဖေက တွဲရေး၊ သားက ခွဲရေး၊ အမေက ခွဲရေး၊ သမီးက တွဲရေး၊ အိမ်တွင်းမှာပင် အငြင်း မစဲပြီ။

ကံ ဒွါရ အငြင်းအခုံသည် ရဟန်းတော်များမှ စလိုက်ရာ လူဝတ်ကြောင်များသို့ နှံ့၍သွားလေ၏။ ခွဲရေး တွဲရေးမှာ လူဝတ်ကြောင်များမှ စလိုက်ရာ ရဟန်းတော်များ ရောက်၍ သွားလေသည်။

ဤခွဲရေး တွဲရေးစစ်ပွဲများတွင် ရဟန်းတော်များ ဝင်၍ နွှဲလိုက်သည်နှင့် တစ်ပြိုင်နက် ထိုအရေးမှာ ရှေးကထက်ပင် ကြီးကျယ်၍ လာလေသည်။ ဘုန်းကြီးနှင့် ကျောင်းဒကာများစွာ အငြင်းပွားကြလေသည်။ တောင်တလုပ်ရွာ ဘုန်းတော်ကြီး ဦးဂန္ဓမာက ကွဲရေး၊ သူ၏ ကျောင်းဒကာ ဦးလူလှက ခွဲရေးကို အသီးသီးကြိုက်ကြကုန်၏။ ဦးလူလှ

က ဘုန်းတော်ကြီး ဦးဂန္ဓမာအား ကျောင်းပေါ်မှနှင်၍ချ၏။ ဗလီကျောင်းမှာ ကျောင်းသွားထိုင်ချေဟု ဆိုလေသည်။ ဘုန်းတော်ကြီး ဦးဂန္ဓမာက ဦးလူလှအား သပိတ်မှောက်လေတော့၏။ တောင်တလုပ် ရွာသားများကား အနေကျပ်လှ၏။ အချို့က ဘုန်းကြီးဘက်က ဝင်၊ အချို့မှာ ကျောင်းဒကာနှင့်တွဲ။

ခွဲရေး ဘုန်းကြီးများအား တွဲရေးသမားတို့ ဆွမ်းမလောင်း၊ တွဲရေး ဘုန်းကြီးများအား ခွဲရေးသမားတို့က မလှူ။ အလွန် စိတ်ပျက်စရာကောင်းသည့် အရေးကြီးဖြစ်လေသည်။

လက်သမားဆရာ ဦးအောင်လှက အိမ်ဆောက်ရင်း ခွဲရေး တရားကိုဟောလေသည်။ အိမ်ရှင် ဒေါ်ညိမ်းမယ်က မကြိုက်သောကြောင့် တွဲရေးကောင်းကြောင်း ပြောပြန်၏။ ဦးအောင်လှက ကုလားနှင့်တွဲလျှင် မြန်မာမိန်းမတွေ အားလုံး ကုလားမယားတွေ ဖြစ်ကုန်မည်ဟု ဟော၏။ မြန်မာမိန်းမတွေက ကုလားကို ယူမှ ကုလားမယား ဖြစ်မည်ဟု ဒေါ်ညိမ်းမယ်က ပြန်၍ ချေလေသည်။

မော်တော်ဘုတ် မောင်းသမား မောင်မင်းဟန်က မြန်မာပြည်ကို အိန္ဒိယနှင့် တွဲထားလျှင် ကုလားတွေ အများအပြား မြန်မာပြည်သို့ လာသောကြောင့် မြန်မာများ အလုပ်လက်မဲ့ဖြစ်မည်ဟု ပြော၏။ မော်တော်ဘုတ်ပေါ်တွင် စီးကာ လိုက်ပါလာသူ မောင်သာလူက မြန်မာပြည်ကို အိန္ဒိယမှ ခွဲထုတ်လျှင် အင်္ဂလိပ်တွေ သင်္ဘောကြီးများနှင့် လာကြသောကြောင့် မြန်မာတွေ ယခုထက် ဆိုးမည်ဟု ပြောလေသည်။ မောင်မင်း ဟန်က 'ဟား . . . ဟား . . . ဟား' ဟူ၍ ရယ်ကာ မော်တော်ဘုတ်ကို ရပ်ပြီးလျှင် မောင်သာလူကို နှင်ချ၏။ မောင်သာလူလည်း မဆင်း၊ လမ်းခုလတ်မှာ မဆင်းနိုင်ဟု ဆိုကာ ထိုင်နေလေသည်။ ပိုက်ဆံလည်း ပေးပြီးပြီ၊ အခြားသူများ တောင်းပန်ကြရကုန်၏။

ဦးပဏ္ဍိနှင့် ဦးဖိုးမောင်တို့သည် ဧရာဝတီသင်္ဘောပေါ်တွင် ခွဲရေး တွဲရေး ငြင်းကြရာတွင် ခိုက်ရန်ဖြစ်ပွားကြ၏။ ထောင်းမည်၊ ကြိတ်မည် လုပ်ကြ၏။ ဦးပဏ္ဍိက သင်းပိုင်ကို မ၏၊ ဦးဖိုးမောင်က ခါးတောင်း ကျိုက်လေသည်။ ဦးပဏ္ဍိ၏ လက်ထဲတွင်လည်း ဘိလပ်ရည်ပုလင်းများကို မြင်ရလေသည်။ တစ်သင်္ဘောလုံး ဆူညံ ဆူညံ။

ယူနီဘာစီတီ မြသန်းကြည်တို့၏ အငြိမ့်ပွဲတွင် ဓါတ်စံနှင့် ဦးဗေဒါကြီးတို့ ခွဲရေး တွဲရေး ငြင်းကြ၏။ ခွဲရေး တွဲရေး ပျက်လုံး ထိုးကြ၏။

တရုန်းရုန်းနှင့်နေလေသည်။ တဟားဟားနှင့် နေလေသည်။

ငါးစိမ်းသည် မသာအိသည် ဟင်းရွက်သည် ဒေါ်စာဥအား ပါးနားရိုက်နေသည်ကိုမြင်ရ၍ တစ်ရွာလုံးက ဝိုင်းဖျဉ်ကြရလေသည်။ အဘယ်ကြောင့် ပါးနားရိုက်ပါသနည်း ဟု သူကြီးမင်းက မေးသောအခါ ခွဲရေးတွဲရေး ငြင်းကြရာက ဖြစ်ကြောင်း ပြောကြ၏။ မသာအိ ဒဏ်ငွေ သုံးကျပ်အတပ်ခံရ၏။

ကာကာကလေး ဆိုင်တွင် လူပျိုခေါင်း မောင်ပန်းအောင်တို့ လူစုတွဲရေး စကားတွေကို ပြောပြီးလျှင် လက်ဖက်ရည် အကြွေးဝယ်သောက်ကြလေသည်။ ခမျာ ကာကာကလေးမှာ အကြွေးကျလွန်း၍ ဆိုင်ကို ပိတ်ထားရမလောက်ဖြစ်၏။ တစ်နေ့က ရွှေမျက်မှန်နှင့် ကိုယ်တော်တစ်ပါးသည် ကာကာကလေးဆိုင်တွင် ကာဖီသောက်ရင်း တွဲရေးတရားကို ဟောကြား နေလေသည်။

ကျုံကန်ရွာသို့ တွဲရေး တရားဟောဆရာများရောက်လာကြ၏။ သူတို့၏ တရားပွဲကို သွားကြသူတွေမှာ မနည်းပေ။ ပြန်လာကြသောအခါ ရွာသားအချို့က ခွဲလိုက်လျှင် ချဉ်ပေါင် တစ်ပင်လျှင် အခွန်တစ်ပဲကောက်မှာကို စိုးသည်ဟု ညည်းကြလေသည်။ ဆယ်အိမ်ခေါင်း မောင်သာလှက ‘ဒါဖြင့် ဘယ်သူ ချဉ်ပေါင် စိုက်မှာတုံး’ ဟုဆို၏။ သူကြီးမင်းက အခွဲသမားလိုလို အတွဲသမားလိုလို အနေရကျပ်လှသည်။

မကြာမီက အတွဲသမားတွေ သရက်ပင်ရွာသို့ တရားဟောရန် လာကြရာ ခဲနှင့် အပေါက်ခံကြရသည်ဟု ကြားရ၏။ မောင်အောင်ဖေတို့လူသိုက်ကို ငွေတစ်ဆယ်ကျပ် ပေးလိုက်မှ အေးသွားလေတော့သည်။ မောင်အောင်ဖေတို့ လူစု တွဲရေးဘက် ပါတော့မည်ဟု ဆုံးဖြတ်လိုက်ကြလေသည်။

လယ်သမား မောင်အောင်ဖြိုးတို့ လူစု ချစ်တီးတိုက်တွင် ငွေသွားချေးရာ တွဲရေးဘက် မဲထည့်မှ ချေးမည်ဟု ပြောသောကြောင့် ရန်ဖြစ်ပြီးပြန်လာကြ၏။ မောင်နီတာ တစ်ယောက်သာ တွဲရေးဘက် မဲပေးမည်ဟုဝန်ခံသောကြောင့် ငွေတစ်ရာကျပ် ရခဲ့လေသည်။

တစ်နေ့က လွဲကျိုးရွာတွင် ဘုန်းတော်ကြီး ဦးဝိဇယက မိမိ၏တပည့်များအား တွဲရေးဘက် မဲပြားထည့်ရန် သစ္စာရေ တိုက်၏။ ဘုန်းတော်ကြီးကို ကြောက်ကြသောကြောင့် သောက်ခဲ့ကြလေသည်။ တစ်ရွာလုံး ဆူနေလေပြီ။

ယင်းခွဲရေး တွဲရေး ပေါ်လိုက်သည်မှာ မြန်မာပြည်တွင် အတော် ပင်ရှုပ်ပွေ၍ သွားလေသည်။ ရန်သူမဖြစ်သင့်ဘဲ ဖြစ်ကြ၏။ စကား မများသင့်ဘဲ များကြ၏။ အငြင်းမပွားသင့်ဘဲ ပွားကြ၏။ အမှုမရောက် သင့်ဘဲ ရောက်ကြ၏။ အဘယ်ကြောင့် ဤသို့ ပြုကြသည်မသိ။ အေးအေးဆေးဆေး ခွဲလိုက်လျှင် မည်မျှ ကောင်းမည်နည်း။

နယ်ပိုင် မောင်လူအေးကား မိမိနယ်အတွင်း မည်သည့်အရပ်တွင် ခိုက်ရန်ဖြစ်ပွားမည်နည်း၊ မည်သည့်နေရာတွင် အကြီးအကျယ် အဓိက ရုဏ်းဖြစ်မည်နည်းဟူ၍သာလျှင် နားစွင့်ကာ နားထောင်နေရလေသည်။

မိမိကား အစိုးရအမှုထမ်းဖြစ်သောကြောင့် အာစေးမိလျက်နေ တော့၏။ ခွဲရေးဘက် မပါ၊ တွဲရေးဘက်လည်း မပါရ။ ခွဲရေးကို လည်း အားမပေးနိုင်၊ တွဲရေးကိုလည်း အားမပေးသာ။ သို့သော် စိတ်ထဲ၌မူကား ခွဲရေးဘက်ကို စိတ်သန်နေသည်ကားမှန်၏။ စိတ်ထဲ၌ ခွဲရေး တွဲရေးဘက် ပါသည်ကိုကား အစိုးရမင်း၏ ပိတ်ပင်ခြင်းမပြု။ အစိုးရ မင်း၏ အပြစ် လွတ်ရုံ စိတ်ထဲတွင်သာ ခွဲရေးဘက်ပါလျက်နေလေသည်။ သို့သော် နှုတ် ကမူကား မှား၍မျှမထွက်။ တွဲရေးသမားတို့ ဟောသမျှကိုလည်း နား ထောင်၏။ ခွဲရေးသမားတို့ ဟောသမျှကိုလည်း နားထောင်၏။

ယင်းခွဲရေး တွဲရေးတွင် ဝင်စွက်ခြင်း မပြုရသော်လည်း ယင်းအရေး တို့နှင့် ပတ်သက်၍ ဆောင်ရွက်ရသည်မှာ အားလှသည်မရှိပြီ။ ရွေး ကောက်ပွဲကို မကျင်းပမီ လေးငါးရက်ပင် ရွေးကောက်ပွဲကျင်းပရာ နေရာ များကို စီမံရ၏။ ရွေးကောက်ပွဲတွင် ကြီးကြပ်မည့် သူများကို နေရာချ ၏။

အင်္ဂလိပ် ခရစ်နှစ် ၁၉၃၂ ခု၊ နိုဝင်ဘာလ ၇ ရက်နေ့ ၁၂ နာရီ အချိန်တွင် ရွေးကောက်ပွဲတွင် ကြီးကြပ်ရမည့်သူများကို နေရာချရ၏။ မြို့ပိုင်ရုံးတွင် စုဝေးကြ၏။ မြို့ပိုင်မင်း ဦးဘလှိုင်ကား မောင်လူအေး ထက်ပင် အလုပ်များသေး၏။ ရွေးကောက်ပွဲတွင် လိုက်နာရန် စည်းကမ်း များကို ရှင်းလင်း၍ ပြရရှာလေသည်။

ရာဘက်ကြီး ဦးဘသော်သည် ဦးဘလှိုင်ရှင်းလင်း၍ ပြနေသည်ကို မကျေနပ်၊ အထပ်ထပ် ရှင်းလင်းဟု ကျယ်လောင်စွာ ပြော၏။ ဗိုက်က ပူရသည့်အထဲတွင် သူ့အသံကလည်း နားကွဲလုမတတ် ကျယ်လေသည်။ မည်သူသည် သူ့အား မကြောက်ဘဲ နေအံ့နည်း။ ဟိုမေး သည်မေးနှင့် သာ နေလေတော့သည်။

ယစ်မျိုးအရာရှိ ဦးဘမော်ကား ဦးဘလှိုင် ရှင်းလင်း၍ ပြနေသည်ကို နားမထောင်နိုင်။ မိမိတွက်ယူရန် ရှိသော မဲစက္ကူများကို သာလျှင် ကျကျနန ရေတွက်၍နေ၏။ မဲပြားသုံးပြား လိုသေးသည်ဟု ဆိုလေသည်။ မြို့ပိုင်ဦးဘလှိုင်မှာလည်း ရှင်းလင်း၍ ကောင်းတုန်းပင်။

ပညာအုပ် ဦးတင်မောင်ကား မဲစက္ကူများကိုလည်း မရေတွက်၊ မြို့ပိုင်မင်း ရှင်းလင်း၍ ပြနေသည်ကိုလည်း နားမထောင်၊ ကုလားထိုင်ပေါ်တွင် အိပ်ငိုက်လျက် နေလေသည်။

နယ်ပိုင် ရုံးစာရေး မောင်ဖျန်စိန်နှင့် မောင်ဘကွန်းတို့ကား မောင်လူအေး၏ အနားတွင် မဲစက္ကူများကို ရေတွက်၍ နေကြလေသည်။

ဘိလစ် မောင်ဘဆန်းနှင့် မြေစာရင်း အင်စပိတ်တော် ဦးဖိုးရှုံတို့မှာ ဦးဘလှိုင် ဖတ်ပြ ရှင်းလင်းပြနေသော စည်းကမ်းများကို နားမလည်နိုင်ကြသဖြင့် ခေါင်းကို ကုပ်နေကြကုန်၏။

ဒုတိယမြို့ပိုင် ဦးလူခင်ကား မိမိ၏ စာရေးများနှင့် အတူ မဲစက္ကူများကို ရေတွက်နေလေသည်။

စည်းကမ်းချက်များကို ရှင်းလင်း၍ပြီးလျှင် မဲပုံးများကို ဦးဘလှိုင်က ထုတ်၍ ပေးလေသည်။ တစ်ယောက်လျှင် ခြောက်လုံးကျ ဖြစ်၏။ ကရင်အတွက် သုံးလုံး၊ မြန်မာအတွက် သုံးလုံးဖြစ်လေသည်။

မဲပုံးများကို ရသောအခါ အရာရှိတစ်သိုက်မှာ တည

ည်းညည်း တညူညူနှင့် မြို့ပိုင်မင်း၏ ရုံးမှ ထွက်ခွာ လာကြလေသတည်း။

*ဂန္ထလောက၊ တွဲ-၁၆၊ မှတ်-၉၆၊*
*(ဇန်နဝါရီလ၊ ၁၉၃၃)*

# ကျောင်းထားရေး

တစ်ရံခါသော် မောင်လူအေးနှင့် ခင်သန်းမြင့်တို့သည် ညစာစားပြီးနောက် အိမ်ရှေ့ ဝရန်တာ လသာခန်းတွင် ထွက်၍ ထိုင်ကြလေသည်။ သူတို့၏ နောက်ဆက်တွဲ မောင်လူမွေးလည်း သူတို့နှင့် အတူတူ ပါလာ၏။ ခင်သန်းမြင့်သည် နေ့ခင်းက ရောက်လာသော မဂ္ဂဇင်းတစ်အုပ်ကို ပတ်လက်ကုလားထိုင်ပေါ်တွင် လှဲ၍ ဖတ်နေလေသည်။ မောင်လူအေးမှာ လက်ဖက်ရည်ကြမ်းကို မြေပဲဆားလှော်မြည်းရင်း အလုပ်အကြောင်း စဉ်းစားခန်းထုတ်နေ၏။ ကောင်ကလေး မောင်လူမွေးကား မိဘနှစ်ယောက် အနား ကြမ်းပြင်ပေါ်တွင် အရုပ်ကလေးများနှင့် ကစားနေလေသည်။ သူတို့သုံးယောက်တို့နှင့် ညသည် အေးမြ သာယာသောည ဖြစ်လေသည်။

မောင်လူမွေးသည် မိမိ ကစားနေရာမှ မကြာ မကြာ ထ၍သွားပြီးလျှင် ခုတင်မီးအောက် ကြမ်းပြင်တွင် ပြေးလွှားနေကြသော ပိုးကောင်၊ ပလူကောင်ကလေးများကို ဖမ်းကာ ကစား၏။ သူ့အား ချော့ခေါ်၍မရ၊ ခက်လေတော့၏။ မောင်လူအေးသည် လည်းကောင်း၊ ခင်သန်းမြင့်သည် လည်းကောင်း ထိုင်နေရာမှ ထပြီး ဆွဲခေါ်လာမှသာလျှင် ရှုန်းကန်ရုန်းကန်နှင့် ပါလာလေသည်။ သူ့အား ထထပြီး ဆွဲခေါ်နေရသည်နှင့်ပင် ခင်သန်းမြင့်မှာ မဂ္ဂဇင်းကို ကောင်းကောင်း မဖတ်ရ၊ မောင်လူအေးမှာလည်း စဉ်းစားခန်းကို ကောင်းကောင်းမထုတ်ရပေ။ တော်တော်တေတဲ့ကောင်ကလေး။

အတန်ကြာလျှင် ခင်သန်းမြင့်သည် ဒင်းကလေးအား စိုက်ကြည့်ပြီးလျှင် ပီတိသံဖြင့် . . .

'မွေးကလေးဟာ တစ်နေ့တခြား ကြီးလာလိုက်တာနော်၊ အားရစရာကြီး' ဟုဆို၏။

'မွေးစတုန်းက ဆိုရင် ငယ်ငယ်ကလေးရယ်' ဟု မောင်လူအေးက ထောက်ခံလိုက်၏။

'စကားပြောမယ် မကြံသေးဘူး၊ နောက်ဖို့က အရင်ပဲ'

'ဘယ်နောက်ရမှာတုံး၊ ဟုတ်တာကို ပြောတာ၊ ဟုတ်တာကို ပြောရင် ဥစ္စာပေါ်ဆို မဟုတ်လား၊ နို့ပေမယ့် ထီမပေါက်တာက ခက်တယ်'

'ဒါတွေ ထားလိုက်ပါဦး၊ မွေးကလေးကို ကျောင်းထားဖို့ စီမံရတော့မယ်'

'အောင်မယ်လေးဟဲ့ အခုမှ တစ်နှစ်ခွဲ ရှိသေးတယ်၊ ဘယ်ကလာ ကျောင်းထားဖို့ စီမံရမှာလဲ'

'အခုကတည်းက စီမံမှ တော်ကာကျမယ်၊ အင်္ဂလန်က နာမည်ကျော် ကျောင်းတွေမှာ ထားဖို့ မမွေးခင်ကတည်းက နာမည်သွင်း ထားရတယ်ဆို မဟုတ်လား'

'ဒါကတော့လည်း လွန်လွန်းအားကြီးပါတယ်ဗျာ၊ ကိုင်း သူ့ကို ဘယ်လို စီမံချင်သလဲ ပြော'

'မြင့် သဘောဖြင့် ငယ်ငယ်ကလေးထဲက ဘိလပ် အီတန်တို့၊ ဟာရိုးတို့လို ကျောင်းတွေမှာ သွားချင်တာပဲ'

'ဟာ ကိုယ်ကတော့ သဘောမတူပေါင်၊ သည်ကျောင်းတွေကို ဝင်ခွင့်ရဖို့ဟာလည်း အင်မတန်ခက်၊ ဝင်ခွင့်ရစေဦးတော့ မထားချင်ပါဘူးဗျာ'

'ဘာဖြစ်လို့လဲ သူဌေး ဦးနုတို့၊ ဝန်ထောက် ဦးစားတို့ သားတွေ သည်လို ငယ်ငယ်ကလေးပဲ ဘိလပ်က ကျောင်းတွေမှာ သွားထားတယ် မဟုတ်ဘူးလား၊ ဂုဏ်လည်းရှိတယ်၊ အင်္ဂလိပ်အလေ့အထတွေကိုလည်း ကျကျနန တတ်လာတယ်၊ အင်္ဂလိပ်စကားကိုလည်း အင်္ဂလိပ်နဲ့မခြား ပြောတတ်တယ်။ ကိုင်း မကောင်းဘူးလား'

'မတူပေါင်၊ ဦးနုသား ပြန်လာတော့ အင်္ဂလိပ်မ ပါလာလို့ ဦးနုကြီး ရင်ကွဲနေတော မမြင်ဘူးလား၊ ဦးစားသား ပြန်လာတော့ အင်္ဂလိပ်စကားတော့ ကျကျနန ပြောတတ်ပါရဲ့ မြန်မာစကားကျတော့ ဟိုမကျသည်မကျနဲ့ပြော၊ လူရယ်စရာကြီးဖြစ်နေတယ်၊ မြန်မာက မြန်မာစကား မပြောတတ်ဘူးဆိုတာ ရှက်စရာအကောင်းဆုံးမဟုတ်လား။ သူတို့

ရှက်မရှက်တော့ မပြောတတ်ဘူး၊ကိုယ်ဖြင့် ရှက်လွန်းလို့ နောက်ပြီးတော့ မြန်မာ တွေကိုပဲ သူနဲ့ အဖက်မတန်သလို၊ မြန်မာ အလေ့အထတွေကိုပဲ ကဲ့ရဲ့ ရပြန်ပြီ။ ကိုယ့်သားကလေး ဒီအကောင်နဲ့ တူမှာကို ကြောက်သဗျား'

'ဒါဖြင့်ရင်လည်း မောင်မွေး ငါးနှစ်၊ ခြောက်နှစ်သား အရွယ်ရောက်ရင် စိန်ပေါမှာ ဖြစ်ဖြစ်၊ ဒိုင်အိုမှာ ဖြစ်ဖြစ် ထားရအောင် သဘောတူသလား'

'မတူပေါင်'

'လုပ်ပြန်ပြီ၊ ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့ရမှာလဲ၊ သည်အင်္ဂလိပ်ကျောင်းတွေက ထွက်တဲ့ ငနဲတွေဟာလည်း အများအားဖြင့် ဟိုမကျ သည်မကျနဲ့ လိမ္မော်သီးဖွင့်လိုက်ပါလို့ ဆိုလိုဆို၊ ဝမ်းဘဲဥ မှည့်ပလားလို့ မေးလိုမေး၊ ရေချမ်းချမ်းတစ်ခွက်ပေးပါလို့ တောင်းလိုတောင်းနှင့် ဘယ်လိုငနဲတွေလဲ မပြောတတ်ပါဘူးဗျာ'

'အားလုံးလည်း ဒီလို ဟုတ်မယ်မထင်ပါဘူး၊ မြန်မာ မိဘတွေက မွေး ပြီး မြန်မာပြည်မှာ ကြီးလာကြတာပဲ၊ သည်လောက်တောင် ဆိုးမှာမဟုတ်ပါဘူး၊ ကိုက ကဲတာ'

'တချို့ကတော့လည်း မြန်မာစကားကိုတော့ ကောင်းကောင်း ပြောတတ်ပေမယ့် အင်္ဂလိပ် ဆန်ဆန်ကလေးပြောလိုက်ရရင် ဂုဏ်ရှိတယ်ထင်ပြီး ပြောကြတာပဲ၊ ကိုတို့ ကောလိပ်မှာတုန်းက သည်လို ငနဲတွေနဲ့ ကောင်းကောင်းတွေ့ရတယ်။ ကိုယ်တို့တစ်တွေ ချဉ်လွန်းလို့ မပြောပါနှင့်တော့'

'ကိုကိုတို့ လက်ထက်တုန်းက ဒီလိုဖြစ်ပေမယ့် အခုတော့ သည်လိုဟုတ်မယ် မထင်ပါဘူး'

'ကိုဖြင့် အရင်ကလိုပဲ နေမယ်ထင်တာပဲ၊ အခုမှ ပြောင်းသွားရင်တော့ မပြောတတ်ဘူး၊ မြန်မာဆိုရင်လည်း မြန်မာပီပီ ကြိုက်တယ်၊ အင်္ဂလိပ်ဆိုရင်လည်း အင်္ဂလိပ်ပီပီ ကြိုက်တယ်၊ ဟိုမကျ သည်မကျ ခွစာတွေကိုတော့ ချဉ်လွန်းလို့'

'ကိုင်း၊ဒါဖြင့်ရင် ရှိစေတော့ ရန်ကုန်မြို့မကျောင်းမှာ သွားထားရင် မကောင်းဘူးလား၊ ဆရာဦးဘလွင်ကြီးလည်း ရှိတယ်၊ ဆရာ ကိုအောင်မင်းတို့ ကိုအေးသွယ်တို့၊ ကိုစံထွားတို့လည်း ရှိတယ်၊ ကိုတို့မိတ်ဆွေတွေမဟုတ်လား၊ သူတို့ လက်အောက်မှာတော့ စိတ်လည်းချတယ်၊ ငယ်ပေ

မယ့်လို့ ကိစ္စမရှိဘူး'

'ကောင်းတော့ ကောင်းပါရဲ့'

'ဘာကောင်းတော့ ကောင်းပါရဲ့လဲ၊ ဟိုမကျ သည်မကျ ကျောင်းမှာ မထားချင်ဘူးဆို၊ မြို့မကျောင်းဟာ မြန်မာပီတဲ့ ကျောင်းမဟုတ်ဘူးလား၊ ဦးဇော်ဂျီတို့ သခင်နုတို့ဟာ မြို့မကျောင်းထွက်တွေ မဟုတ်ဘူးလား၊ သူတို့ထက် မြန်မာပီတာများ ရှိသေးလို့လား'

'အင်း ကောင်းတော့ ကောင်းပါရဲ့၊ ကျောင်းကို ဘွိုက်ကောက် ခဏခဏ လုပ်တာက ခက်တယ်'

'ဘွိုက်ကောက် လုပ်တာကတော့ သည်ကျောင်း တစ်ကျောင်းတည်းမှ မဟုတ်ဘဲ တခြားကျောင်းတွေလည်း လုပ်တာပဲ မဟုတ်ဘူးလား၊ တက္ကသိုလ်ကျောင်းတောင် ခဏ ခဏ ဘွိုက်ကောက်လုပ်နေတာ မမြင်ဘူးလား'

'မြင်သားပေါ့'

'မြင်ရင် ဘာဆင်ခြေပေးနေစရာ လိုသေးသလဲ၊ ဘွိုက်ကောက်လုပ်တာကိုကော အပြစ် ဆိုချင်သေးသလား ကဲလေ'

'အပြစ်ကတော့မဆိုချင်ပါဘူးဗျာ၊ နို့ပေမယ့် ဘွိုက်ကောက် လုပ်ပြီး အစာအငတ်ခံကြ၊ ဘာကြနဲ့၊ မိဘလုပ်သူတွေဟာ ဘယ့်ကလောက် စိတ်ပူကြမယ်ဆိုတာ စဉ်းစားကြည့်လေ၊ မောင်မွှေးကို မြို့မကျောင်းမှာ ထားပါပြီတဲ့၊ မောင်မွှေးက ဘွိုက်ကောက်မှာ ခေါင်းဆောင်လုပ်ပါပြီတဲ့၊ သူတို့တောင်းတာကို မရတော့ အစာငတ်ခံနေရပါပြီတဲ့၊ ကိုင်း မြင့် ဘယ့်နှယ်နေမလဲ၊ ဘယ်လိုလုပ်မလဲ'

'သည်လိုဆိုရင်တော့ ကျောင်းကို မြန်မြန် လိုက်သွားပြီး ဘိုကေကလေးကို ဆွဲခေါ်ခဲ့မှာပေါ့'

'အခုလို ခေါ်လို့လိုက်ရင် ကောင်းပါရဲ့၊ မေမေရယ် ပြန်မလိုက်ပါရစေနဲ့တော့၊ တိုင်းပြည်ကြီးအတွက် အသက်အသေခံတော့မယ်၊ ကျွန်တော့်ကို သနားရင်ဖြင့် အိမ်ကို ပြန်မခေါ်ပါနဲ့တော့လို့ သားက ဆီးပြီးပြောရင် ဘယ့်နှယ်လုပ်မလဲ'

'အတင်း ခေါ်မှာပေါ့'

'အတင်းခေါ်လို့ မရရင်တော့ ဘယ့်နှယ်လုပ်မလဲ'

'သည်တော့လည်း အလိုက်အထိုက်ပေါ့လေ၊ သူတို့လည်း အသေခံမှာ မဟုတ်ဘူး၊ မိဘဆွေမျိုးတွေက ဝိုင်းပြီး တောင်းပန်ရင် ရမှာပါပဲ၊

သတင်းစာတွေကလဲ ဖြန်းသန်းပြီး ဝိုင်း တောင်းပန်ကြမှာပေ့ါ၊ အာဏာရှင် ကိုလှရွှေတို့ကိုပဲ ကြည့်တော့'

'အင်း ဒါတော့လည်း ဟုတ်တုတ်တုတ်ပဲ၊ နို့ပေမယ့် မနာလိုတဲ့ ဘက်က ငနဲတွေက အမျိုးမျိုးစွပ်စွဲပြီး မောင်လှရွှေကို ဆဲသလို ကိုယ့်သားကို ဆဲရင်ကော ခံချင်ပါ့မလား'

'ဒါကတော့ ဘာကိစ္စရှိလဲ၊ မနာလိုလို့ ဆဲတာ ဆဲပါစေလား၊ တော်တော်ကြာရင် ပျောက်သွားမှာပဲ'

'နို့ တချို့ ကျောင်းသားတွေ ကျောင်းသူတွေနဲ့ဖြစ်ပျက်ပြီး ထွက်ပြေးကြရင်တော့ ဘယ့်နှယ်လုပ်မလဲ'

'ဒါကတော့ ဘယ်တတ်နိုင်မလဲ၊ ဘယ်ကျောင်းမှာပဲ ထားထား၊ ဘွိုက်ကောက် လုပ်ချင်လုပ်၊ မလုပ်ချင်နေ ဖြစ်တာမျိုးပဲ ဒါတွေကို တွေးပြီး ပူမနေစမ်းပါနဲ့'

'ပူရသဗျာ၊ အခုကတည်းက ပူထားမှ အတော်ကျမယ်'

'ကိုင်း သည်လောက်တောင် အစိုးရိမ် ကြီးလှတယ်၊ ဘယ်ကျောင်းမှာ ထားမယ် စိတ်ကူးသလဲ'

'ကိုကတော့ဖြင့် အိမ်မကွာ ကြမ်းမကွာ အိမ်ရှေ့က မှန်သာကျောင်းမှာ ထားမယ် စိတ်ကူးတာပဲ'

'လုပ်ပြီ၊ သူ ပြောလိုက်မှဖြင့် သည်လိုချည်းပဲ၊ အတည်ပြောနေရင် အတည်ပေါက် ပြောစမ်းပါ၊ အနောက်တွေကို မညှပ်စမ်းပါနဲ့'

'နို့ အတည် ပြောနေတာပဲဟာ ၊ မှန်သာ ကျောင်းတိုက်မှာဆိုတော့ အိမ်နဲ့လည်းနီးတယ်၊ ပိုက်ဆံလည်း အကုန်သက်သာတယ်၊ ကုသိုလ်လည်း ရတယ်၊ စာလည်းတတ်တယ်'

'မဟုတ်တဲ့ စကားကို မပြောစမ်းပါနဲ့၊ အခုခေတ်ထဲမှာ ဘုန်းကြီးကျောင်း ထားမယ်ဆိုတာ နေစရာလား'

'ကျောင်းထားတယ်ဆိုတာ စာတတ်တာလိုရင်း မဟုတ်ဘူးလား၊ အမြော်အမြင် တိုးပွားတာ လိုရင်းမဟုတ်လား၊ လိမ္မာရေးခြား ရှိတာလိုရင်းမဟုတ်လား၊ အဲသည် လိုရင်းအချက်တွေကို ရရင် ကျောင်းထားရကျိုး နပ်ပြီလို့ မဆိုနိုင်ဘူးလား၊ မှန်သာကျောင်းမှာ ထားရင် အခုပြောတဲ့ လိုရင်း အချက်တွေကို မရပါဘူးလို့ ပြောနိုင်မလား'

'ကိုကို ပြောလိုက်မှဖြင့် ဘောက်ချည်းပဲ၊ သည်ဘုန်းကြီးကျောင်းမှာ ထားလို့ ကြီးလာရင် ဘာလုပ်စားမလဲ ကဲ'

'အို ဒါကတော့ သူ့ကုသိုလ်နဲ့ သူ ဖြစ်လာမှာပေါ့၊ စာဘက်က တခြား၊ အလုပ်အကိုင်က တခြားပါ၊ စာတတ်တိုင်းလည်း အလုပ်အကိုင် ကောင်းကောင်းရတာမဟုတ်ပါဘူး၊ အလုပ်အကိုင်ကောင်းကောင်းရတဲ့ လူတိုင်းလည်းစာတတ်တာ မဟုတ်ပါဘူး။ ပွဲစားကြီး ဦးချမ်းသာဟာ ဘယ် လောက် ပိုက်ဆံရှိလဲ၊ အင်္ဂလိပ်စာ အေ၊ ဘီ၊ စီ၊ ဒီ တတ်လို့လား၊ သူဌေး ကြီး ဦးကြွယ်ဟာ ဘယ်လောက် ချမ်းသာသလဲ၊ ဘီအေ အောင်လို့လား'

'သည်လို ဘောက်စကားတွေကို မပြောနဲ့လေ၊ ရှေးခေတ်နဲ့ မတူ ဘူး၊ အခုခေတ်မှာ ခေတ်စာပေတွေကို တတ်မှ အလုပ်ကောင်းကောင်း ရမယ် သိရဲ့လား ကိုဘောက်ကြီးရဲ့'

'ဟာ အလုပ် ကောင်းကောင်းရတာက တခြား၊ စာတတ်တာက တခြားပဲ၊ အလုပ်ကောင်းကောင်း လိုချင်တဲ့ သဘောနဲ့ စာသင်ကြား ကြတဲ့အတွက် တိုင်းပြည်မှာ ဆူပူနေကြတာ မဟုတ်ဘူးလား၊ အလုပ်လက် မဲ့ ပညာရှိတွေ များနေကြတယ် မဟုတ်လား၊ အဲဒီစိတ်တွေကို ဖျောက် လိုက်မှ နေရာကျမယ်၊ အလုပ်လက်မဲ့တွေ ပျောက်ကုန်မယ်'

'ဘာတွေ လျှောက်ပြောနေတယ် မသိပါဘူး'

'အလုပ် ကောင်းကောင်းရအောင် ဆိုပြီး စာသင်ကြရော၊ စာတတ် လို့ အလုပ်ကောင်းကောင်း မရတော့ ဘယ်အလုပ်ကိုမှ မလုပ်ချင်ကြ တော့ဘူး၊ ဟိုလတ်လျား ဒီလတ်လျားနဲ့ဖြစ်နေပြီး လူလေ လူတေတွေ ဖြစ်ကုန်ပါရော၊ တိုင်းပြည်လည်း ဆူကုန်ပါရော'

'ဒါတွေကို နားမလည်ဘူး၊ ကိုကိုပြောတဲ့အတိုင်းပဲ ထားပါဦး၊ ဘုန်း ကြီးကျောင်းမှာ ထားပြီး နောင်ဘုန်းကြီးကျောင်းက ထွက်တော့ ဘာလုပ် စားမလဲ'

'ကို့ သဘောဖြင့် ဘုန်းကြီးကျောင်းမှာ စာသင်လို့ စာတတ်တော့ သင်္ကန်း ဝတ်စေချင်တော့တာပဲလေ၊ သင်္ကန်းဝတ်နဲ့ သာသနာ့ဝန်ကို ထမ်းသွားရင်လည်း ကောင်းတာပဲမဟုတ်လား၊ သာသနာ့ဝန်ကို မထမ်း ချင်လို့ တိုင်းရေးပြည်ရေး လိုက်စားသွားမယ် ဆိုရင်လည်း နောင်ကို ကြီးပွားဖို့ အများကြီးမြင်တယ်'

'မနောက်နဲ့ အတည်ပြောတာ၊ အခုပဲ ကြည့်ပါလား၊ ရဟန်းပျို တွေ ဘယ်လောက် တန်ခိုးကြီးကြသလဲ၊ တိုင်းပြည်ခေါင်းဆောင်တွေကို သူတို့ ကြိုးကိုင်နေကြတယ် မဟုတ်လား၊ အမတ်ချုပ်ကြီးတွေ၊ နန်းရင်းဝန် တွေတောင် သူတို့ဘက်က ဘယ်လောက်ကြောက်ကြရသလဲ၊ အခုခေတ်

မှာ ရဟန်းပျိုတွေ သည်လောက် တန်ခိုးကြီးမားနေရင် နောင် မောင်မွေးတို့ ခေတ်ကျရင် ဘယ်လောက်တန်ခိုးကြီးမယ်ဆိုတာ စဉ်းစား ကြည့်ပေတော့၊ ရှေးတုန်းကတော့ ဘီအေ၊ အမ်အေ ဝတ်လုံဆိုရင် အင်မတန် တန်ခိုးကြီးပေမယ်လို့ အခုဘယ်မှာ တန်ခိုးကြီးတော့လို့လဲ၊ နောင်မောင်မွေးတို့ လက်ထက်ကျရင် အင်္ဂလိပ်စာတတ်တွေ အလကား ဖြစ်ကုန်မယ်ဆိုတာ မှတ်ပါ။ ရဟန်းပျိုတွေက အင်္ဂလိပ်စာတတ်တွေထက် အဆအရာမက တန်ခိုးကြီးမှာအမှန်ပဲ၊ သည်တော့ မောင်မွေးကို အင်္ဂလိပ်ကျောင်းထားတာ မှန်ပေမယ့်၊ အကျိုးထူးမှာ မဟုတ်ဘူး၊ ရှေ့ ရေးကို မြင်မှ နေရာကျမယ်၊ မောင်မွေးတို့ လက်ထက်ကျရင် ရဟန်းပျို တင်တဲ့ ဘုန်းကြီး ကျောင်းသား မင်းတိုင်ပင်အမတ်တွေ၊ ရဟန်းပျိုတင်တဲ့ ဘုန်းကြီး ကျောင်းသား ဝန်ကြီးချုပ်တွေ၊ ရဟန်းပျိုတင်တဲ့ ဘုန်းကြီး ကျောင်းသား နန်းရင်းဝန်တွေ ဖြစ်ချင်ဖြစ်နေမှာ။ မောင်မွေးဟာ ပထမ ကြီးတို့၊ ပထမကျော်တို့ကို အောင်ပြီး မြန်မာပြည်မှာ ပထမဦးဆုံး ရဟန်း ပျိုတင်တဲ့ ဘုန်းကြီးကျောင်းသား နန်းရင်းဝန်ကြီး မဖြစ်ဘူးလို့ ပြောနိုင် မလား။

'တော်ပါတော့၊ သူ စကားရှည်နေတာနဲ့ ၁၁ နာရီတောင် ထိုးသွား ပြီ၊သည်လို မဟုတ်က ဟုတ်က ဘောက်စကားတွေကို ပြောနေမယ်ဆို ရင် မိုးလင်းတာတောင် ဆုံးမှာ မဟုတ်ဘူး၊ သူဘောက်စကားတွေ ပြောနေတာနဲ့ပဲ ဝတ္ထုတစ်ပုဒ်တောင် ဖတ်လို့ မပြီးဘူး' ဟု ဆိုကာ ပေါင်ပေါ်တွင် အိပ်မောကျနေသော ကလေးကို ချီကာ အိမ်ထဲသို့ ဝင် သွားလေသတည်း။

*ဒဂုန်၊ တွဲ-၂၀၊ မှတ်-၂၂၉၊*
*(စက်တင်ဘာလ၊ ၁၉၃၉)*

☆ ✉

# လူပျိုကြီး

အိုင်စီအက်စ်များ ဈေးကောင်းလှသော ဤခေတ်ကြီးတွင် အိုင်စီအက်စ်ဆိုလျှင် သမက်ဖမ်းရန် အမျိုးမျိုး ကြိုးစားကြသော ယောက္ခမလောင်းတို့ ပေါများလှသည့် ဤခေတ်ကြီးထဲတွင် အိုင်စီအက်စ်ဆိုလျှင် နှစ်သောင်း၊ သုံးသောင်း၊ ငါးသောင်းအထိ ပေး၍ဝယ်ကြသော ဤခေတ်ကြီးထဲတွင် အိုင်စီအက်စ် ဦးမျိုးကွန့်မှာ ယခုထက်တိုင် ကြင်ယာ မရသေးသည်မှာ ထူးဆန်းအံ့ဩဖွယ် ကောင်းလှပေ၏တကား။

သမက်ဖမ်းလိုသော ယောက္ခမလောင်းများမရှိသောကြောင့် ဦးမျိုးကွန့် ခမျာမှာ လူပျိုကြီး ဖြစ်နေရရှာသည်မဟုတ်ပါ။ ဥစ္စာပေါ၊ ရုပ်ချော၊ ဂုဏ်ရှိ၊ ပညာတတ်သော မိန်းကလေးများ ထွန်းကားသော ရန်ကုန်မြို့ကြီးတွင် ဦးမျိုးကွန့်အား သမက်ဖမ်းလိုသော ယောက္ခမလောင်းများ ပေါပေါက်ခဲ့ပေ၏။ ဦးမျိုးကွန့်တည်းဟူသော ကျောက်မျက်ရတနာကို 'အဖိုးကြီးစွာ ပေး၍ ဝယ်လိုကြသော ယောက္ခမလောင်းတို့မှာလည်း အများပင်။ ရန်ကုန်မြို့ချည်းမှာ မဟုတ်၊ ဦးမျိုးကွန့်ရောက်လေရာ အရပ်တိုင်းမှာပင် ဦးမျိုးကွန့်သည် အပျိုချောချောများ၏ လောကကြီးတွင်လည်းကောင်း၊ ယောက္ခမလောင်းတို့၏ လောကကြီးတွင် လည်းကောင်း အလွန်ခေတ်စား၏။ လောကကြီးတွင် မင်း ခေတ်စား၏။ မျက်နှာရှိ၏။ သို့ပါလျက် ဦးမျိုးကွန့်မှာ လူပျိုကြီး ဘဝမှ မလွတ်မြောက်သေးပေ။ အချို့ သော ယောက္ခမလောင်းတို့ စိတ်လျှော့ကြလေပြီ။ အချို့သော မိန်းမပျိုလေးတို့ စိတ်ပျက်စ ပြုကြလေပြီ။

ဦးမျိုးကွန့်၏ ကောင်းကျိုးကို လိုလားသော မိတ်ဆွေတို့သည် လည်းကောင်း၊ ဦးမျိုးကွန့်အား သမက်ဖမ်းလိုကြသော ယောက္ခမ လောင်း

တို့သည်လည်းကောင်း၊ ဦးမျိုးကွန့်အား မှန်းထားကြကုန်သော အပျိုဖြူ ဖြူ၊ အပျိုညိုညို၊ ခင်ခင်၊ တင်တင်၊ ရင်ရင်၊ နုနု၊ စုစု၊ စိန်စိန် တို့သည် လည်းကောင်း၊ ဦးမျိုးကွန့် ယခုထက်တိုင် ကြင်ယာမယူသေးသည့် အကြောင်းများကို အမျိုးမျိုးတွေးတော ဆွေးနွေးပြောဆိုကြကုန်၏။ သူတို့ အကြောင်းပြချက်တို့ကား ဤသို့တည်း။

အချို့က ဦးမျိုးကွန့်၌ ငယ်ရည်းစား တစ်ယောက်ရှိကြောင်း၊ ထိုရည်းစားနှင့် မိဘဆွေမျိုးများ သဘောမတူသောကြောင့် နှစ်ဦး နှစ်ဖက်စလုံးကို ညှာတာကာ ယခုထက်တိုင် လူပျိုကြီးဘဝနှင့်ရှိနေသေး ကြောင်း ပြောဆိုကြကုန်၏။ အချို့ကလည်း ဦးမျိုးကွန့်သည် ဘိလပ် တွင် ပညာသင်ကြားနေစဉ် အင်္ဂလိပ်မလေး တစ်ယောက်အား ယူထား ကြောင်း။ ထိုအင်္ဂလိပ်မကို ယူသည်ကို မိဘဆွေမျိုးများက သဘော မတူ သောကြောင့် မြန်မာပြည်သို့ မခေါ်ထားရကြောင်း၊ ထိုအင်္ဂလိပ်မ သုံးစွဲ ရန် အတွက် လစဉ်ပုံမှန် ငွေ ၃၀၀ိ ပေးပို့ရကြောင်း ပြောဆိုကြလေသည်။ တချို့ကမူကား ဦးမျိုးကွန့်သည် သိုက်သမားဖြစ်ကြောင်း၊ သိုက်ကောင်း ကောင်းနှင့် မတွေ့သေးသောကြောင့်သာ ကြင်ယာ မယူသေးကြောင်း ပြောဆိုကြလေသည်။

ဤသို့ အမျိုးမျိုး တွေးထင်ကြသည်မှာ တစ်ခုမျှ မမှန်ချေ။ ဦးမျိုး ကွန့်၌ ငယ်ရည်းစားလည်း မရှိ၊ အင်္ဂလိပ်မ မယားလည်း မရှိ။ ဦးမျိုးကွန့် သည် သိုက်သမားလည်း မဟုတ်ပေ။ ဦးမျိုးကွန့် ကြင်ယာမယူခြင်း၏ အကြောင်းရင်းကို သိသူတို့ကား ဤလောကတွင် သုံးယောက်သာ ရှိလေ သည်။ ဤသူတို့ကား မောင်လူအေး၊ ရန်ကုန်အစိုးရ ဟိုက်စကူးကျောင်း ဆရာကိုဟုတ်ထိန်၊ ဝက်လက် အင်္ဂလိပ်မြန်မာ ကျောင်းအုပ်ကြီး ဝက်လက်တင်တို့ ဖြစ်ကြ၏။ ဦးမျိုးကွန့် လူပျိုကြီး ဖြစ်ရခြင်း၏ အကြောင်းရင်းကို ဦးမျိုးကွန့်အား သမက်ဖမ်းလိုကြသော ယောက္ခမ လောင်းများနှင့် ဦးမျိုးကွန့်အား မှန်းနေကြသော သူဇာမယ်တို့၏ အကျိုး ငှာ အောက်တွင်ဖော်ပြလိုက်ပါသည်။

ဦးမျိုးကွန့်၊ မောင်လူအေး၊ ဝက်လက်တင်၊ ကိုဟုတ်ထိန်တို့သည် တစ်မြို့တည်းနေ တစ်ရေတည်း သောက်ကြသော မိတ်ဆွေများဖြစ်ကြ သည်။ တစ်နှစ်တည်းမှာ ရန်ကုန်တက္ကသိုလ် ကျောင်းတိုက်သို့ ရောက်ကြ ၏။ ထိုနှစ်မှာပင် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို မနှစ်သက်ကြသဖြင့် တက္ကသိုလ်ကျောင်းကို ကျောင်းသားများသပိတ်မှောက်လေသည်။ ဦးမျိုး

ကွန့်တို့ လေးယောက်စလုံး သပိတ်မှောက်ကာ ကျောင်းမှ ထွက်သွားကြလေသည်။ သုံးနှစ်လုံးလုံးပင် အမျိုးသားကျောင်းများတွင် ကျောင်းဆရာများ လုပ်နေကြကုန်၏။ သပိတ်မှောက်၍သုံးနှစ်ကြာပြီးနောက် အမျိုးသားကျောင်းများကို အစိုးရက အသိအမှတ်ပြုသောအခါကျမှ မိတ်ဆွေလေးယောက်သား တိုင်ပင်ညှိနှိုင်းကာ ကျောင်းသို့ ပြန်ဝင်ကြလေသည်။ ဘုရားသွား အတူတူ၊ ကျောင်းတက်အတူတူ၊ ပွဲသွားအတူတူ ပူးတွဲ ပူးတွဲနှင့်နေလေ့ရှိကြသောကြောင့် သူတို့ လေးယောက်အား အခြားသော ကျောင်းသားတို့က 'သူရဲကောင်းလေးယောက်' ဟူ၍ ပြောင်လှောင်ကာ ခေါ်ဆိုလေ့ရှိကြလေသည်။ ဦးမျိုးကွန့်တို့ လေးယောက် ပူးတွဲပူးတွဲနေကြသည်ကို ယခုတိုင် မြင်ယောင်ယောင် နေကြပေလိမ့်ဦးမည်။

ညထမင်း စားသောက်ပြီးနောက် စာကျက်ချိန်သို့ ရောက်သောအခါ သူတို့ လေးယောက်မှာ စားပွဲရှေ့တွင် ဝိုင်း၍ထိုင်ကြပြီးလျှင် စာကိုကား မကျက်၊ စကားကိုသာ အတွင်သာ ပြောကြလေတော့၏။ ဆရာလှည့်၍ လာချိန်ကျမှသာ ခေတ္တရပ်နားပြီးလျှင် စာဖတ်ဟန်ဆောင်နေကြကုန်၏။ ဆရာ အခန်းထဲမှ ထွက်သွားသည်နှင့် တစ်ပြိုင်နက်စကားပွဲကြီးကို ကျင်းပကြသည်မှာ ဦးမျိုးကွန့်တို့၏ ညစဉ်အလုပ်ဖြစ်လေသည်။ ဦးမျိုးကွန့်၊ ဝက်လက်တင်၊ ကိုဟုတ်ထိန်တို့မှာ စာကျက်ချိန်တွင် စာမကျက်ကြရသောကြောင့် နံနက်စောစော ထကာ စာကျက်လေ့ရှိကြလေသည်။ မောင်လူအေးကား သူတို့ကဲ့သို့ စောစောအိပ်ရာမှ ထနိုင်သူ မဟုတ်သောကြောင့် သူတို့ အိပ်ရာထဲ ဝင်သောအခါကျမှ ဖယောင်းတိုင်ကလေးကို ထွန်းကာ ညဉ့်နက်သန်းခေါင် စာကျက်လေ့ရှိလေသည်။

တစ်ညသောအခါ မိတ်ဆွေလေးယောက် စကားကောင်းနေကြခိုက် ဦးမျိုးကွန့်လောင်းဖြစ်သော မောင်မျိုးကွန့်က ကျွန်တော်တို့ ဘီအေစာမေးပွဲတွေ အောင်၊ အလုပ်အကိုင်တွေ ရကြတဲ့အခါ သားမယားယူရင် ဘယ်လိုမိန်းမမျိုးကို ယူမယ် စိတ်ကူးကြသလဲ' ဟု စကားကို စလိုက်၏။

ဝက်လက်တင်။ ။ အောင်မယ်၊ အခုမှ အိုင်အေမှာ ရှိသေးတယ် သားမယား အကြောင်းတွေကို ပြောလို့၊ မယားလိုချင်လှပြီလားဗျ။

မောင်မျိုးကွန့်။ ။ အခု လိုချင်တယ်လို့ပြောတာမဟုတ်ပါဘူးဗျာ၊ နောင်ယူတဲ့အခါ ဘယ်လိုမိန်းမမျိုးကို ယူရမလဲလို့ စဉ်းစားတာပါ၊ ခင်ဗျားက တလွဲမထင်ပါနဲ့။

မောင်လူအေး။ ။ နောင်ခါလာ နောင်ခါချေးပေါ့ဗျာ၊ အလုပ်အကိုင်ရတော့ ကိုယ်ကြိုက်တာကို ဆွဲယူလိုက်တာပေါ့၊ အခုကတည်းက မစဉ်းစားနိုင်ပါဘူး၊ ဝန်လေးလှတယ်။

ကိုဟုတ်ထိန်။ ။ တို့တော့ကွာ မိဘက ပေးစားတဲ့ မိန်းမကို ယူမှာပဲ။

မောင်မျိုးကွန့်။ ။ သည်လိုလည်း မဟုတ်သေးဘူးလေ။ မိဘပေးစားတဲ့ မိန်းမကို မကြိုက်တော့ ဘယ့်နှယ်လုပ်မလဲ၊ တစ်သက်လုံး စိတ်မဆင်းရဲ နေပေဘူးလား၊ အခုအခါကတည်းက ကိုယ်ကြိုက်တာကို ရွေးထားမယ်ဆိုရင် နောင်အလုပ်အကိုင်ရတဲ့ အခါကျတော့ ယူလိုက်တာပေါ့၊ အခုလို မရွေးထားဖူးဆိုရင် နောင်တော့ အင်မတန်ခက်နေမယ်။ (ဦးမျိုးကွန့်ကား ငယ်ငယ်ကတည်းကပင် ရှေ့ရေး နောက်ရေးကို အလွန်တွေးပူတတ်သော သူတစ်ယောက်ဖြစ်လေသည်။)

တင်။ ။သည်လိုဆိုရင် မခက်ပါဘူးဗျာ၊ ကျောင်းမှာ မိန်းကလေးတွေအများသားပဲ၊ တစ်ယောက်ယောက်ကို ရွေးပြီး အဆက်လုပ်ထားပါလား။

ကွန့်။ ။ ဟာဗျာ၊ ကျောင်းက မိန်းကလေးတွေဟာ အင်မတန်အင်္ဂလိပ်ဆန်ကြတယ်၊ ဒါမျိုးတွေကိုတော့ မကြိုက်ဘူးဆရာ။

ထိန်။ ။ နို့ဘယ်လိုမိန်းမမျိုးကို ကြိုက်သလဲ။

ကွန့်။ ။ အင်္ဂလိပ်လည်း မဆန်ရဘူး၊ လှလည်း လှရမယ်၊ လိမ္မာရေးခြားလည်း ရှိရမယ်၊ ဂုဏ်လည်းရှိရမယ်၊ ပိုက်ဆံရှိ မရှိကတော့ အရေးမကြီးပါဘူး။ အဲသည်လို အစားထဲက မိန်းကလေးများ ခင်ဗျားတို့ အရပ်မှာ မရှိဘူးလား။

ထိန်။ ။ ခင်ဗျားပြောတာမျိုး မရှိဘူး။

ကွန့်။ ။ ကိုတင်တို့ အရပ်မှာကော မရှိဘူးလား။

တင်။ ။ ဘယ်ကလာ ရှိရမှာတုံး၊ ရှိရင်လည်း ခင်ဗျားရမှာမဟုတ်ဘူး၊ ကျွန်တော်ယူမှာပေါ့။

ကွန့်။ ။ ဟာ ခင်ဗျား အင်မတန် တစ်ကိုယ်ကောင်းကြံတယ်။ ကိုယ်နဲ့ ချစ်ခင်တဲ့ မိတ်ဆွေအတွက် ဆိုရင် အသက်တောင် အသေခံရတယ်ဆို မဟုတ်လား။

တင်။ ။ အသက် အသေခံရင်သာ ခံမယ်၊ မိန်းမနဲ့ကျတော့ သဘောမကြီးနိုင်ဘူးဗျ။

ကွန့်။ ။ အော်သည်လိုကိုး၊ ဒါဖြင့်လည်း ရှိစေတော့၊ ကိုလူအေး တို့အရပ်မှာကော မရှိဘူးလား။

အေး။ ။ အင်း ခက်တော့တာပဲ၊ နောက်ဆုံးကျတော့ ကွမ်းခြံ ဘူတာကြီးကို ရောက်လာမှကိုး၊ ရှိတော့ ရှိတာပေ့ါ။ နို့ပေမယ့် . . .

ကွန့်။ ။ နို့ပေမယ့် မနေပါနဲ့လေ၊ ခင်ဗျားအတွက် မှန်းထား တယ် မဟုတ်လား။

အေး။ ။ မဟုတ်ရပါဘူးဗျာ၊ ရွာနားက ဘုရား၊ ရွာသားမရိုသေ ဆိုသလို ကိုယ့်အရပ်ထဲကလူ အချင်းချင်းဆိုတော့ တစ်ယောက်နဲ့ တစ် ယောက် တယ်ပြီး မရိုသေကြဘူး၊ နောက်ပြီး အိမ်နားနီးချင်းဆိုတော့ လည်း မောင်နှမလို ဖြစ်နေကြတယ်၊ ခင်ဗျား လိုချင်တယ်ဆိုရင်ဖြင့်လည်း သင့်သလို စီမံ ပေးရတော့မှာပေ့ါဗျာ။

ကွန့်။ ။ ဒါမှ တို့လူကွ၊ နို့ ကျွန်တော် ပြောတဲ့ ဂုဏ်အင်္ဂါတွေ နဲ့ ပြည့်စုံရဲ့လား၊ အဲဒီ မိန်းကလေးဟာ။

အေး။ ။ ပြည့်စုံလို့ ပြောတာပေ့ါဗျာ။ မပြည့်စုံရင် ပြောပ့ါမလား။

ကွန့်။ ။ ဒါဖြင့် ကောင်းပြီ၊ သူ့နာမည်က ဘာတဲ့တုံး။

အေး။ ။ မရွှေမြတဲ့၊ ဘယ်ကလောက် ယဉ်တဲ့နာမည်လေးလဲ၊ ကြည့်စမ်း။

ကွန့်။ ။ နာမည်ကို ကြားကတည်းက ကြိုက်ပြီ၊ ကြိုက်ပြီ၊ သူ့ မိဘတွေက ဘာလုပ်စားကြသလဲ။

အေး။ ။ သူ့မိဘတွေကတော့ သူငယ်ငယ်ကလေးက သေရှာကြ ပြီ၊ သူ့အစ်ကိုကြီးက စောင့်ရှောက်ပြီး ထားတယ်၊ အစ်ကိုကြီးအဖအရာ ပေ့ါဗျာ။ မြေပိုင်ရှင်လေ။

ကွန့်။ ။ မြေပိုင်ရှင်မှ သဘောကျတယ်၊ မိဘတွေ မရှိတာလည်း ကောင်းတာပဲ။

တင်။ ။ ကျွန်တော်တို့ဖို့ကောဗျ၊ ခင်ဗျား တယ်မျက်နှာလိုက်တာ ကိုး။

အေး။ ။ ဒါကတော့ဗျာ တစ်ယောက်ပြီးမှ တစ်ယောက်ပေ့ါ။

တင်။ ။ ကောင်းပါပြီဗျာ၊ ကိုမျိုးကွန့် စုံအောင်သာ လုပ်ပေး လိုက်ပါ။

ဤသို့ ဆိုကြပြီးနောက် စကားပြတ်သွားလေသတည်း။

နွေလ ကျောင်းပိတ်၍ နေရပ် မော်လမြိုင်သို့ ပြန်ကြသောအခါ

မိတ်ဆွေ လေးယောက်သားမှာ တစ်ယောက်ယောက်၏ အိမ်တွင် စုဝေးကာ စကားများလေ့ရှိကြလေသည်။

တစ်နေ့ မောင်လူအေးတို့အိမ်တွင် စုဝေးကြသောအခါ မောင်မျိုးကွန့်က 'အရင် ကျောင်းမှာတုန်းက ခင်ဗျားပြောတဲ့ မရွှေမြတို့အိမ်ဟာ ဘယ်အိမ်လဲ' ဟု မောင်လူအေးအား မေး၏။

အေး။ ။ ဟို မျက်စောင်းထိုး အိမ်ဟာလေ။

ကွန့်။ ။ သွားလည်ရ မကောင်းဘူးလား။

အေး။ ။ ဟာ သွားလည်လို့ ဘယ်ဖြစ်မလဲ၊ ခင်ဗျားတစ်ယောက်လည်း ခက်တော့တာပဲ။

တင်။ ။ ဟုတ်ပါရဲ့ဗျာ၊ ဘာမသိညာမသိနဲ့ သွားလည်လို့ ဘယ်ဖြစ်မလဲ။

ကွန့်။ ။ သွားမလည်ရင် သူ့ကို ဘယ့်နှယ်မြင်ရမလဲ။

အေး။ ။ ခင်ဗျားကလဲဗျာ၊ ချက်ချင်း မြင်ချင် တွေ့ချင်လို့ ဘယ်ဖြစ်မလဲ၊ မိန်းကလေးက အင်မတန် ရှက်တတ်တယ်၊ အိမ်ထဲက အိမ်ပြင်တောင် မထွက်ဘူး၊ တစ်ရပ်ထဲနေတဲ့ လူတွေတောင် သူ့ကို သုံးလေး ရက်နေလို့ တစ်ခါ မမြင်ရဘူး။

ကွန့်။ ။ သည်လောက်ပဲလားဗျာ။

အေး။ ။ သည်လောက်ပါပဲ။

ကွန့်။ ။ သူ့ကို မမြင်ရဘဲနဲ့ ဘယ်ကြိုက်လို့ ဖြစ်မလဲ။

အေး။ ။ တစ်စ တစ်စတော့ မြင်ရမှာပေါ့၊ ခင်ဗျားတစ်ယောက်လည်း တယ်လောတာကိုး၊ ကျောင်းပြန် မဖွင့်ခင်တော့ဖြင့် တွေ့ရအောင် လုပ်ပေးမယ်၊ အိမ်ကိုသာ မကြာ မကြာ လာခဲ့ပေတော့၊ တစ်ခါမတွေ့ တစ်ခါတွေ့ရမှာပေါ့၊ ယောက်ျားတို့ လုံ့လ သေခါမှ လျှော့ရမယ်ဆို မဟုတ်လား။

ထိန်။ ။ မင်္ဂလာလက်ဖွဲ့တွေကို အခုကတည်းက စီမံထားရတော့မလား။

ကွန့်။ ။ မလုပ်ကြပါနဲ့ဦးဗျာ၊ လူကိုတောင် မမြင်ရသေးဘူး။

တင်။ ။ မြင်ရကော ယူတော့မှာလား။

ကွန့်။ ။ သည်လိုလည်း မဟုတ်သေးဘူး၊ အလုပ်အကိုင်ရမှ ပြောတာပါ၊ အခုကတည်းက အသင့်ဖြစ်နေအောင် ချိန်ထားရတာပါ။

ဤသို့ တစ်ယောက်ကို တစ်ယောက် နောက်ပြောင်ကြပြီးနောက်

အသီးသီး မိမိတို့နေအိမ်သို့ ပြန်သွားကြလေသည်။ နောင်ကိုလည်း မောင်မျိုးကွန့်တို့သည် မောင်လူအေးတို့၏ အိမ်သို့ မကြာ မကြာ ရောက်ကြ၏။ ရောက်တိုင်း မရွှေမြ အကြောင်းကိုသာ ပြောကြားလေ့ရှိကြလေသည်။

သို့နှင့် ရက်တွေ အတော်ပင် ညောင်း၍ လာခဲ့၏။ မောင်မျိုးကွန့်မှာလည်း နောက်ရာမှ လူကိုပင် မမြင်ရသေးသော မရွှေမြအား စွဲသလို မက်သလို ဖြစ်၍ နေလေပြီ၊ မောင်လူအေးတို့နှင့် စုမိ၍ စကားပြောကြသောအခါ မရွှေမြ အကြောင်းမပါလျှင် မပြီး။

ကျောင်း ဖွင့်ခါနီးသောအခါ မောင်လူအေးတို့ အိမ်တွင် မိတ်ဆွေလေးယောက်သား စုဝေးကြပြန်၏။ မောင်မျိုးကွန့်က မရွှေမြအကြောင်း စပြန်၏။ ဤသို့ မိတ်ဆွေလေးယောက် စကားပြောနေကြခိုက် အသားမည်းမည်း ဆံပင်ဖြူဖြူ ခါးကိုင်းကိုင်း အသက် ၆၀ခန့် အဒေါ်ကြီး တစ်ယောက်သည် မရွှေမြတို့ အိမ်မှထွက်၍ လာသည်ကို မြင်ကြရကုန်၏။

ကွန့်။ ။ ဟောဟိုက ထွက်လာတဲ့ အမယ်ကြီးဟာ မရွှေမြနှင့် ဘာတော်သလဲ။

အေး။ ။ မရွှေမြ ဘွားလေးပေါ့ဗျာ၊ သူတို့ မောင်နှမကို ချက်ပြုတ်ကျွေးမွေးတာ သူပေါ့။

ကွန့်။ ။ သူ့ကို ကပ်ရရင် မကောင်းဘူးလား။

အေး။ ။ အေး ကောင်းကောင်းပဲ၊ သည်အတွက် ပူမနေပါနဲ့၊ ကျွန်တော်ကြည့်စီမံပေးပါ့မယ်။

ကွန့်။ ။ ခင်ဗျားပြောတာကတော့ ကောင်းပါရဲ့၊ သူ့ကို တစ်ခါမှ မမြင်ရတာက ခက်တယ်၊ သုံးလေးရက်ကြာရင်ပဲ ကျောင်းပြန်ရတော့မယ်။

ဤသို့ ပြောဆိုနေကြခိုက် ထိုအမယ်ကြီးသည် မောင်လူအေးတို့ အိမ်ထဲသို့ ပြုံးပြုံးရွှင်ရွှင်နှင့် ဝင်၍လာ၏။ မောင်မျိုးကွန့်၏ မျက်နှာကား မှူရသော မျက်နှာနှင့် မခြားပြီ။ အမယ်ကြီးလည်း မောင်လူအေးတို့ အနားရောက်သောအခါ . . .

'ဩော် ဒီသူငယ်တွေက မောင်လူအေးရဲ့ မိတ်ဆွေတွေလား' ဟူ၍ မေး၏။

'ဟုတ်ပါတယ် ဒေါ်ရွှေမြ၊ ကျွန်တော်တို့ အိမ်ကို မလာတာ ကြာသွားပါပကော'

'အင်း အလုပ်ကများလို့ မရောက်တာဘဲ မောင်ရင်ရေ'

ဤသို့ဆိုကာ အိမ်နောက်ဖေးသို့ ဝင်သွားလေသတည်း။ အဒေါ်ကြီး ကွယ်သွားသည်နှင့် တစ်ပြိုင်နက် မောင်လူအေးနှင့် တစ်ညဏ်တည်းဖြစ်သော ဝက်လက်တင်နှင့် ကိုဟုတ်ထိန်တို့သည် 'ဝါးခနဲ' ရယ်မောကြကုန်၏။

မောင်မျိုးကွန့်ကား ခဲလေသမျှ သဲရေကျ ဖြစ်ရုံမက ရှက်လည်း ရှက်လှသဖြင့် အသံတုန်တုန်ရီရီနှင့်

'ဟာ ခင်ဗျားတို့ ဘာကောင်းသလဲ၊ အင်မတန် ညာတဲ့လူတွေ၊ ကျွန်တော်က အကောင်းမှတ်လို့' ဟု ဆိုကာ စိတ်ပဲ ဆိုးရကောင်းနိုးနိုး၊ ရော၍ ရယ်လိုက်ရ ကောင်းနိုးနိုးဖြစ်နေရရှာ ၏။

ထိုနေ့မှစ၍ မောင်မျိုးကွန့် မိန်းမအကြောင်း မပြောတော့ပြီ။ မိမိ လက်ဦးဆုံး ဆောက်လိုက်သော လေနန်းတော်ကလေးမှာ ပျက်စီး၍သွား လေပြီ။

ကောလိပ်ကျောင်းသားဘဝ ကတည်းက ဦးကျိုးသွားလာလိုက် သည်မှာ ယခုထက်တိုင် ဖြစ်တော့၏။ ထိုအခါက မောင်မျိုးကွန့်၊ ယခု အခါ ဦးမျိုးကွန့် အိုင်စီအက်စ်မှာ ဤတစ်သက်တွင် ကြင်ယာ ရှာပါဦးမည်လော။

ဒေါ်ရွှေမြကြီးကား အနိစ္စ ရောက်သွားသည်မှာ ငါးနှစ်ခန့် ရှိလေ ပြီ။ နောင်ဘဝမှ ပေါင်းရပါစေသားလို့များ ဦးမျိုးကွန့် ဆုတောင်းနေ သလား မပြောတတ်။

*ဂန္ထလောက၊ တွဲ-၂၇၊ မှတ်-၁၉၈၊*
*(ဇူလိုင်လ၊ ၁၉၄၁)*

## ဝင့်လည်ပြီ

မောင်လူအေးတို့ ကျောက်ဆည်မှာတုန်းက မောင်လူအေး၏ အစ်မကြီး မခင်မေနှင့် မောင်လူအေး၏ တူကလေး မောင်မြသိန်းတို့ အလည်ရောက်လာကြသည်။ မောင်မြသိန်းကား မောင်လူအေး၏ညီ မောင်လူထွေး၏ သားထွေးကလေးဖြစ်၏။ သူ၏မိခင် မအေးသည် သူ့ကို မွေးပြီး ခြောက်လ ရသောအခါ အနိစ္စရောက်သွားရှာသည်။ သူ၏ မိခင် အနိစ္စရောက်ကတည်းက မောင်လူအေး၏ အစ်မကြီး မခင်မေက သားရင်းကဲ့သို့ ထိန်းသိမ်း စောင့်ရှောက်လာ၏။ အပျိုကြီးများသည် တူကလေးများအား အသက်ပေး၍ ချစ်ကြလာသည်မှာ ဓမ္မတာပင်ဖြစ်လေသည်။ မခင်မေနှင့် မောင်မြသိန်းတို့ မောင်လူအေးတို့အိမ်သို့ အလည်ရောက်စဉ်က မောင်မြသိန်းမှာ သုံးနှစ်သားခန့်သာ ရှိသေး၏။

အဘိုးအဘွား လက်တွင်ကြီးသော ကလေး၊ ကြီးတော်အဒေါ်လက်တွင် ကြီးသော ကလေးတို့သည် စည်းပျက် ကမ်းပျက်ဖြစ်တတ်သည်ဟု ဆိုစမှတ်ရှိလေသည်။ ဤသို့ ဆိုစမှတ်ရှိသည့်အတိုင်းလည်း ဟုတ်မှန်လှပေ၏။ မောင်မြသိန်းသည် မခင်မေ အပေါ်၌ ဆိုးချင်သလို ဆိုးလျက်နေလေတော့သည်။ နေပူထဲ ထွက်ကာ ပြေးလွှား ကစားနေသောကြောင့် မခင်မေက နေရိပ်ထဲသို့ ယူသွင်းရန် သွားချီပေမင့် လိုက်ချင်မှ လိုက်၏။ ထွက်ပြေးလို ထွက်ပြေး၊ အော်ပြီး ငိုလိုငို၊ အလွန်တေသော ကောင်က

လေးဖြစ်သည်။ ဤအခြင်းအရာကို မောင်လူအေးမြင်လျှင် မျက်စောင်းထိုးကာ ကြည့်မိ၏။ မကျေမနပ်ဖြစ်၏။ ဤအစ်မကြီးလက်တွင် ဤကလေး ပျက်တော့မည်တကားဟု တွေးမိ၏။ တစ်ခါ တစ်ခါ ကောင်ကလေးကို ငေါက်လိုက်ချင်သောစိတ် ပေါက်လာ၏။ အစ်မကြီး စိတ်ဆိုးသွားမည် စိုးသောကြောင့်သာ အသာကြည့်နေလိုက်ရလေသည်။

ညနေ ရေချိုးချိန်ကျ၍ မခင်မေက ရေချိုးပေးရန် ခေါ်သော်လည်း မရ၊ တိုင်ကို ပတ်ကာ ပြေး၏။ ဝရန်တာတွင် လျှောက်ကာ ပြေး၏။ နောက်ဆုံး သူ့ကိုဖမ်း၍ မိသွားသောအခါ ငိုလိုငို၊ မခင်မေကို ထုလိုထု၊ ရိုက်လိုရိုက်၊ ရေချိုးခန်းထဲ ရောက်သွားသောအခါလည်း သူ၏ ငိုချင်းမတိတ်၊ တစ်အိမ်လုံးဆူညံ၍ နေလေတော့သည်။ တစ်ခါ တစ်ခါ အရွဲ့တိုက်ကာ မခင်မေကိုပင် ရေနှင့် ပက်သောကြောင့် မခင်မေမှာ တစ်ကိုယ်လုံး ရွှဲရွှဲစို ဖြစ်သွားလေ့ရှိ၏။ ဤအခြင်းအရာကိုမြင်လျှင် မောင်လူအေး၏စိတ်ထဲတွင် 'သည်ကလေးတော့ ပျက်တော့မှာပဲ . . ပျက်တော့မှာပဲ' ဟု တွေးမိလေသည်။ အော်လိုက် ငေါက်လိုက်ချင်၏။ သို့သော် မခင်မေစိတ်ဆိုးမည် စိုးသောကြောင့် မိမိဆန္ဒကိုသာ မျိုသိပ်ကာ ထားလိုက်ရလေသည်။

ထမင်းစားချိန်ကျ၍ ထမင်းကျွေးသော်လည်း ကောင်းကောင်း မစား၊ ပြေးလွှား ခုန်ပေါက်ကာ နေလေ့ရှိ၏။ ထမင်းတစ်လုတ် စားလိုက်၊ ပြေးလွှား ခုန်ပေါက်လိုက်နှင့် လုပ်နေတော့၏။ မခင်မေ ခမျာမှာ ချော့ကာ မော့ကာ ကျွေးနေရှာလေသည်။ တစ်ခါ တစ်ခါလည်း တစ်လုတ်နှစ်လုတ် စားပြီးလျှင် မဝခင်ပင် တော်လိုက်၏။ မခင်မေ မည်သို့ပင် ချော့မော့ကာ ကျွေးရှာသော်လည်း မစားတော့ပြီ။

လူကြီးများ ထမင်းစားသောအခါ ကောင်ကလေးကို တစ်လုတ်ခွံ့လေသည်။ ကလေးကို ခွံ့နေရသည်နှင့်ပင် သူ ထမင်းကောင်း ကောင်း မစားရတော့ပြီ။ မောင်လူအေး မကျေနပ်၊ သည်တစ်ခါ အရဲစွန့်၍ပြောတော့မည်ဟု ဆုံးဖြတ်ပြီးလျှင် မောင်လူအေး ဤသို့ဆို၏။

'မမကလည်း ကလေးကို သိပ်အလိုလိုက်တာပဲ၊ အလိုလိုက်တာကတော့ ကောင်းပါရဲ့၊ ကောင်ကလေးက စည်းပျက် ကမ်းပျက်ဖြစ်နေပြီ။ ကလေးဆိုတာမျိုးဟာ သူ့အချိန်နဲ့သူ အိပ်၊ သူ့အချိန်နဲ့သူစားမှ ကောင်းတယ်။ အခုတော့ ဖြစ်ချင်သလို ဖြစ်နေတော့တာပဲ'

ဤသို့ဆိုကာ မောင်လူအေးသည် ကလေးဘက်သို့ စောင်းငဲ့၍

ကြည့်လိုက်၏။ ကောင်ကလေးက ကောင်းကောင်းနားလည်လေသည်။ မျက်နှာ အတန်ပျက်သွား၏။

'သည်လိုပေါ့ကွယ်၊ ကလေးဆိုတာ တေတာမျိုးပေ့ါ၊ နောင်ကြီး ပြင်းလာတဲ့အခါကျတော့လည်း စည်းနဲ့ ကမ်းနဲ့ ဖြစ်လာတာမျိုးပဲ၊ အခုအ ရွယ်မှာ စည်းကမ်းမရှိပေမယ့် ကိစ္စမရှိပါဘူး' ဟု မခင်မေက ပြန်၍ ပြော၏။

'ဟာ ငယ်ငယ်ကလေးထဲက စည်းကမ်း မသေရင် ကြီးလာ တဲ့အခါ လည်း စည်းကမ်းသေဖို့ ခဲယဉ်းတယ်'

ဤသို့ ပြောဆိုရင်းပင် ထမင်းစား၍ ပြီးကြသဖြင့် အားလုံးပင် ဧည့်ခန်းထဲသို့ ဝင်သွားကြလေသည်။ မောင်မြသိန်းကား ကျေနပ်ပုံမရ။ မခင်မေအနားမှ မခွာတော့ပြီ။ မောင်လူအေးအား အတော်ချဉ်သွားပုံ ရလေသည်။ မောင်လူအေးသည် အမှုမဲ့ အမှတ်မဲ့ နေလိုက်၏။

နောက်တစ်နေ့ ထမင်းစားပွဲတွင် လူကြီးများ ထိုင်ကြသောအခါ မောင်မြသိန်း ပေါက်လာပြန်၏။ သို့သော် ယခင်ကဲ့သို့ ဟိုဟာစားမယ်၊ သည်ဟာစားမယ် မဆိုတော့ပြီ။ မခင်မေ အနားတွင် အသာကပ်ထိုင် နေပြီးလျှင် 'ဟောဟိုဟာ ဘာလဲ မမကြီး၊ ဟောသည်ဟာ ဘာလဲမမကြီး' ဟု ဟင်းများကို လက်ညှိုးထိုးကာ ပြလျက်နေ၏။ မခင်မေကား ကျွေး ချင်လှပြီ။ မောင်လူအေး ကဲ့ရဲ့မည် စိုးသောကြောင့်သာ မတုန်မလှုပ် နေလိုက်လေသည်။ မောင်လူအေး အလစ်တွင် ဟင်းများ၊ အကြော်များ ကို ကောင်ကလေး ပါးစပ်ထဲသို့ ထည့်လိုက်လေ့ရှိ၏။ မောင်လူအေးကား အကြောင်းကို ရိပ်မိသဖြင့် ထမင်းကို မြန်မြန်စားပြီးလျှင် မခင်မေနှင့် မခင်သန်းမြင့်တို့ကို မစောင့်ဘဲ ဧည့်ခန်းထဲသို့ ထွက်သွားလေသည်။ ဤအခါကျမှ မောင်မြသိန်းနှင့် မခင်မေတို့ ထင်သလို ကျဲနေကြလေ တော့သတည်း။

ထိုအခါ မောင်လူအေးတွင် သားသမီးတစ်ယောက်မျှ မရှိသေး။

ယခုအခါတွင်မူကား မောင်လူအေး၏ သားဦးကလေး မောင်လူ မွေးမှာ အသက်တစ်နှစ်နှင့် ခြောက်လရှိလေပြီ။ ပြေးတတ်၊ လွှားတတ်၊ အော်တတ်၊ ဟစ်တတ်၊ ခုန်တတ်၊ ပေါက်တတ်၊ ချစ်စရာကောင်းတုန်း အရွယ် ဖြစ်၏။ စကားကိုကား မပြောတတ်သေးပေ။

နံနက်မိုးလင်း ကာဖီသောက်ပြီးလျှင် အိမ်ရှေ့ စာရေးစားပွဲတွင် မိမိ၏ ရုံးအလုပ်များကို လုပ်အံ့ဟု မောင်လူအေး ထိုင်နေသည်ကိုမြင်

လျှင် အိမ်အောက် ပန်းခြံထဲသို့ ဆင်းရန် အတင်း ပူဆာတော့၏။ လှေကားဘက်သို့ လက်ညှိုးထိုးကာ 'အင်း . . . အင်း' ဟုဆိုလျက် မောင်လူအေးအား ဆွဲခေါ်တော့၏။ သူ့ဤသို့ ဆွဲခေါ်ပါလျက် မလိုက်နာနေခဲ့သော် ခြေကိုဆောင့်ကာ အော်ဟစ်ကာ ငိုလေတော့၏။ မောင်လူအေး မနေနိုင်တော့ပြီ။ ရုံးအလုပ်များကို အသာခေါက်ထားခဲ့ပြီးလျှင် သားကလေးကို ချီကာ ပန်းခြံထဲသို့ ဆင်းရလေတော့၏။

ပန်းခြံထဲသို့ ရောက်သော် လက်ပေါ်တွင် ငြိမ်ငြိမ်မနေ၊ လက်ပေါ်မှ အတင်းလျှောဆင်းပြီးလျှင် ပြေးလွှား ခုန်ပေါက်၍ ကစား၏။ သဲများကို ကျုံး၍ ပက်ကစား၏။ ကျောက်စရစ်ခဲများကို ကောက်ကာ ပေါက်ကာ ကစား၏။ ပန်းပင်ကြို ပန်းပင်ကြားထဲ ပြေးလွှားဝင်ကစား၏။ ဂဏန်းတွင်း၊ ခရုတွင်းကလေးများကို နှိုက်၍ကြည့်၏။ တမာပင်များမှ ကြွေကျသော တမာသီး၊ ညောင်ပင်မှ ကြွေကျသော ညောင်သီးများကို ကောက်၍ စား၏။ မောင်လူအေးမှာ သားကလေးနောက်က ကောက်ကောက်ပါအောင်လိုက်နေရလေတော့သည်။

မပြောရက် မဆိုရက် မအော်ရက် မငေါက်ရက်၊ ရိုက်ရန်ကား ဝေးလှလေသည်။ ပန်းခြံထဲတွင် ပြေးလွှား၍ အတန်ကြာမှ အိပ်ပေါ်သို့ ပြန်၍တက်လေသည်။ မောင်လူအေး မအား၍ အထိန်းနှင့်ဆင်းလည်း ဆို၍မရ။

အိမ်ပေါ်သို့ ရောက်ပြန်ကလည်း စားစရာများ ထည့်ထားသော ဗီရိုကိုသာလျှင် လက်ညှိုးထိုး၍ 'အင်းအင် - အဲအဲ' ဆိုကာ အဖွင့်ခိုင်းတော့၏။ သားငယ်အလိုကို မငြင်းပယ်ရက်၊ မငြင်းပယ်နိုင်သောကြောင့် ဗီရိုကိုဖွင့်ပြီးလျှင် ထန်းလျက်၊ ဆီးသီး၊ ချောကလက်၊ သကြားလုံးကြိုက်ရာကိုယူ၍ပေး၏။ မောင်လူမွေးကယူပေးမင့် လူကြီးက ကြိုက်ရာကို မယူ၊ မိမိကြိုက်ရာကိုမှ ကျေနပ်လေသည်။ သို့မဟုတ်လျှင် ငိုလေ၏။ သူနှင့်သင့်သောအစာကို ပေးမိလျှင် တော်ပါသေး၏။ သူနှင့်မတည့်သော အစာကို ယူပေးမိပြန်လျှင် ခင်သန်းမြင့်က ဆူသောကြောင့်တစ်ခက်။

မောင်လူအေး အောက်ထပ်သို့ ထမင်းစား ဆင်းသောအခါများတွင်လည်း မကြာ မကြာ ငိုလိုက်၏။ ခင်သန်းမြင့်တို့ ကလေးထိန်းလက်တွင် ထားခဲ့သော်လည်း မောင်လူအေးကမူကား အောက်ထပ်သို့ ခေါ်ဆင်းခဲ့လေ့ရှိသည်။ ထမင်းစားပွဲ နားတွင် ကုလားထိုင်တစ်လုံးနှင့် နေရာချထား၏။ ကောင်ကလေးက မိမိထိုင်နေရာမှနေ၍ မြင်ရာဟင်းများကို

လက်ညှိုးထိုးကာ 'အင်း အင်း အင်း' နှင့်တောင်း၏။ တောင်း၍ မပေးလျှင် ငိုလေတော့သည်။ မောင်လူအေး သည်းမခံနိုင်၊ အာလူးကြော် ပဲသီး စသည်တို့ကို ကျွေးလေ၏။ သားကလေးနှင့် သင့်သောအစာကို ကျွေးမိလျှင် တော်၏။ မသင့်သော စာကို ကျွေးမိသည်ဖြစ်အံ့၊ မောင်လူ အေးအား ဝိုင်း၍ ဆူကြလေသည်။

'ကလေးကို မသင့်တဲ့အစာတွေကို ကျွေး၊ တော်တော်ကြာ တစ်ခု ခုဖြစ်ရင် ပူရဦးမယ်၊ တယ်ခက်တာကိုး' ဟု ခင်သန်းမြင့်က ဆို၏။

'ဟာ ဖြစ်တော့ ဆေးကျွေးတာပေါ့၊ သူ စားချင်တာ စားပါစေဗျာ' ဟု မောင်လူအေးက ဖြေ၏။

ညနေခင်း ဦးမိုးနက်တို့၊ ကိုချစ်တင်တို့ အလည်အပတ်ရောက်လာ ၍ သံပုရာရည်၊ လိမ္မော်ရည်များကို တိုက်သောအခါ မောင်လူမွေး ပေါက်လာပြန်ပြီ။ ဧည့်သည်များထံမှ အခွန်ကောက်ကာ ဖျော်ရည် များကို သောက်၏။ ဧည့်သည်များပင် ကောင်းကောင်းမသောက်ရ။ သူသောက်သည်နှင့်ပင် ကုန်လေတော့၏။ မောင်လူအေးလည်း တားဆီးခြင်းကို မပြု၊ ကြည့်၍သာ နေလေသည်။ ဤအခြင်းအရာကို မြင်လျှင် ခင်သန်း မြင့်က မကျေနပ်။

'သည်ကလေးဟာ သူ့အဖေ ဖျက်တာနှင့် စည်းပျက်ကမ်းပျက်ဖြစ် နေပြီ' ဟု ညည်း၏။

'ကလေးဆိုတာ ဘာသိတာမှတ်လို့၊ ကြီးလာတော့ စည်းသေကမ်း သေ ဖြစ်လာမှာပေါ့၊ အခုကတည်းက စည်းတွေ ကမ်းတွေကို ပေးနေ စရာမလိုပါဘူးဗျာ' ဟု မောင်လူအေးက သားကလေးဘက်က ထောက်ခံ ပြောဆိုလေသည်။

'ငယ်ငယ်ကတည်းက စည်းမသေလာတဲ့ ကလေးဟာ ကြီးပြင်းလာ ရင်ဘယ်တော့မှ စည်းသေမှာ မဟုတ်ဘူးမှတ်ပါ'

'ငယ်ငယ်က စည်းသေလာပေမယ့် ကြီးလာရင် မေ့ကုန်တာပဲ'

'အခုမှ သည်စကားမျိုးကို ပြောတယ်၊ အရင်မခင်မေနှင့် မောင်မြ သိန်းတို့ အလည်လာတုန်းကတော့ ကလေးဟာ စည်းကမ်းသေမှလေး ဘာလေးနဲ့ ပြောတယ် မဟုတ်ဘူးလား၊ အခု မေ့ကုန်ပြီပေါ့လေ'

'ဘယ်မေ့မတုံး၊ ဟိုအခါတုန်းကတော့ ကိုယ့်မှ သားသမီးမရှိသေး ဘဲ သားသမီးအကြောင်း မသိသေးဘူးပေါ့၊ သည်တော့ သူတကာ သား သမီးကို ကဲ့ရဲ့တတ်တာပေါ့'

'အင်း ကောင်းတယ်၊ အခုမှ ကောင်းကောင်း ဝင့်လည်တော့တာပဲ သည်သားအဖ ဖြစ်ပျက်နေပုံကို လာကြည့်ကြပါဦး လို့ မခင်မေဆီကို တစ်နေ့ စာရေးလိုက်မယ်၊ မှတ်ကရော'

'သဘောပါပဲ' ဆိုကာ မောင်လူမွှေးကို ပွေ့ချီပြီး နမ်းရှုပ်လိုက်လေသတည်း'

ဉပဒေ။ ။ သားသမီး မရှိသေးသော သူသည် သူတကာ၏ သားသမီးတို့အား ကဲ့ရဲ့ ရှုတ်ချခြင်းကို မပြုရာ၊ ဝင့်လည်တတ်သည်။

*ဒဂုန်၊ တွဲ-၁၉၊ မှတ်-၂၂၈၊*
*(ဩဂုတ်လ၊ ၁၉၃၉)*

# ဘုရားစင်

အစိုးရ အမှုထမ်းများ နေထိုင်ရန် အစိုးရမင်းက ဆောက်လုပ်ပေးထားသော အိမ်များတွင် ဘုရားခန်း ဘုရားဆောင်ဟူ၍ တသီးတခြား မရှိပေ။ သို့ဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင် အစိုးရ အမှုထမ်းများ တစ်မြို့မှတစ်မြို့သို့ ပြောင်းရွှေ့ရ၍ အစိုးရ အိမ်သစ်များသို့ ရောက်ကြသောအခါ ဘုရားစင်နေရာကို ရွေးရသည်မှာ တမောပင်၊ အချို့က အိမ်ရှေ့ ဝရန်တာတွင် ဘုရားစင်ကို ထားကြ၏။ အချို့က ဧည့်ခန်းထောင့်တစ်ထောင့်တွင် ထားကြ၏။ အချို့ကမူကား အိမ်ခန်းအတွင်းတွင် ထားကြလေသည်။

အိမ်များကိုဆောက်ကတည်းက ဘုရားဆောင် တသီးတခြား မပါသောကြောင့် ဘုရားစင်ကို မည်သို့ပင် ကြံဖန်ကာ ထားကြစေကာမူ နေရာတကျကား မရှိလှပေ။ ဘုရားစင်ကို နေရာတကျ မထားရသောကြောင့် ဗုဒ္ဓဘာသာဝင် အစိုးရ အမှုထမ်းတိုင်း လိုလိုပင် ညည်းလေ့ညည်းထ ရှိလေသည်။

ယခု မောင်လူအေးတို့ နေထိုင်လျက် ရှိသော အိမ်မှာလည်း သူ၏ ညီအစ်ကို မောင်နှမများ၏ နည်းတူ ဘုရားဆောင် မပါ။ ဘုရားခန်းမပါသောအိမ် ဖြစ်လေသည်။ မောင်လူအေးတို့ကား အိမ်အပေါ်ထပ် ဧည့်ခန်းထောင့် တစ်ထောင့်တွင် ဘုရားစင်ကို ပြုလုပ်ထားကြလေသည်။ နေရာမကျလှပေ။ ဘုရားစင် အနီးမှာပင် အနောက်အပြောင်တွေကို ပြောကြ၊ သူတစ်ပါးအား ကဲ့ရဲ့စကားတွေကို ပြောကြ၊ ကြမ်းတမ်းသော

စကားတွေကို ပြောကြနှင့် မြတ်စွာဘုရားအား မရိုသေရာကျလေသည်။ မြတ်စွာဘုရား၏ ကိုယ်စား ရုပ်တုတော်များကား သည်းခံတော် မူရှာကြပေသည်။

ထိုရုပ်တုတော်များ သီတင်း သုံးတော်မူရာကား သုံးပေခန့်မြင့်သော စားပွဲဖြစ်လေသည်။ ဤရုပ်တုတော်များ၏ရှေ့တွင် ပန်းအိုးများ၊ ရေချမ်း ဖန်ခွက်များဖြင့် ဝေဆာလျက် ရှိနေတော့၏။

မောင်လူအေးတို့ ဤအိမ်သို့ ရောက်စဉ်က သူတို့၏ သားကလေး မောင်လူမွေးမှာ နှစ်လသား နီနီရဲရဲကလေးဖြစ်၏။ ယခုကား လမ်းလျှောက်နိုင်သော အရွယ်၊ ကစားခုန်မင်သောအရွယ်၊ ၁၈ လသားဖြစ်လာလေပြီ၊ နံနက်တိုင်း ဘုရားစင်တွင် ခင်သန်းမြင့်က ဆွမ်းကပ်၊ ရေချမ်းကပ်၊ ညနေတိုင်း ဘုရားမီးထွန်းသည်ကို မောင်လူမွေးသည် စိုက်၍ ကြည့်လေ့ရှိ၏။ သူ့အမေက 'ရှင်. . ရှင် . . . ရှင်' ဟုဆို ကာ သူ၏ လက်နှစ်ဖက်ကို ယှက်စေပြီး ဦးချခိုင်းလျှင် ဦးချလေ့ရှိ၏။ သို့သော် သူ့အဓိပ္ပါယ်ကို နားမလည်၊ သူ၏စိတ်ထဲတွင် ထူးဆန်းသည်ဟု ထင်ဟန်တူလေသည်။

တစ်နေ့သော် မောင်လူမွေးသည် သူ့မိဘများ၏ အိပ်ခန်းထဲတွင် အရုပ်ကလေးများနှင့် ဆော့လျက်နေ၏။ မောင်လူအေးမှာ ရေချိုးပြီးခါစ ရုံးသွားအံ့ဟု မှန်ရှေ့တွင် အင်္ကျီ အဝတ်အစားလဲနေလေသည်။ ခင်သန်းမြင့်ကလည်း ဝတ္ထုတစ်ပုဒ်စွဲနေ၏။ ထိုအခိုက် မောင်လူမွေး ငြိမ်ချက်သား ကောင်းနေလေသည်။ ကလေးအား မောင်လူအေးတို့ သတိမရကြ။ အတော်ကလေး ကြာ၍ အဝတ်အစားလဲပြီးသောအခါ မောင်လူမွေး ကစားရာဘက်သို့ သူ့အဖေက လှမ်းကြည့်လိုက်သည် ရှိသော် ကောင်ကလေးကိုမမြင်၊ အရုပ်ကလေးကိုသာ ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲကာနေကြကုန်၏။ အခန်းထဲတွင် ရှာသော်လည်းမရှိ။ ခင်သန်းမြင့်အား ပြောပြပြီးလျှင် နှစ်ယောက်သား ပျာယီးပျာယာ လှေကားဘက်သို့သာ ပြေးကြလေတော့၏။ ကောင်ကလေး လှေကားပေါ်မှ လိမ့်ကျသည်မှာ နှစ်ခါရှိလေပြီ။ အခုလည်း လိမ့်ကျပြီးလျှင် မေ့များ နေလေရော့သလား ဟုတွေးတောကာ နှစ်ယောက်သား ပြိုင်တူ ပြေးထွက်ကြခြင်း ဖြစ်၏။ လှေကားသို့ ရောက်သောအခါ မတွေ့သဖြင့် အတော်စိတ်အေး သွားကြပြီးလျှင် ဧည့်ခန်းတွင် ရှာကြပြန်လေသည်။

လားလား ကိုယ်တော်ကလေးသည် ဧည့်ခန်းထောင့်ရှိ ဘုရားစင်

တွင် ဆွမ်းတော်တင်ထားသော မုန့်များကို သစ်သီးများကို အားရ ပါးရ ယူစားပြီးလျှင် ရေချမ်းဖန်ခွက်မှ ရေကို မော့သောက်နေ၏။ ထို့ကြောင့် ငြိမ်ချက်သား ကောင်းနေသည် မဟုတ်တုန်လော။ ဤအခြင်းအရာကို မြင်ရသော မောင်လူအေးနှင့် ခင်သန်းမြင့်တို့မှာ ရယ်ပဲရယ်ရတော့မလို ဝမ်းပဲ သာရတော့မလို ဒေါသပဲ ထွက်ရမလိုနှင့် မဝေခွဲနိုင်အောင်ဖြစ်နေကြလေတော့သည်။

နောက်မှ ခင်သန်းမြင့်သည် ကလေးလက်ထဲမှ ဖန်ခွက်ကို လုယူပြီးလျှင် ကြိမ်းမောင်းရေရွတ်၏။ ကောင်ကလေးကား နားမလည်နိုင်၊ စဉ်းစားတွေဝေကာ မျက်နှာငယ်ကလေးနှင့် နေရှာ၏။ ခင်သန်းမြင့်ကလည်း စိတ်မကျေနိုင်၊ နောင် ဤသို့ ဘုရားစင်မှ မုန့်များ၊ သစ်သီးများကို ယူစားလျှင် ရိုက်မည် ပုတ်မည်ဟု ကြိမ်းမောင်းလျက်နေသော်လည်း ကောင်ကလေးမှာ တွေဝေလျက်သာ နေရှာလေသည်။ သူ နားမလည်နိုင်။ ထိုမုန့်များ၊ သစ်သီးများမှာ အရသာရှိကြောင်းကို သူနားလည်လေသည်။

'ဟာ သည်လောက်မကြိမ်းပါနဲ့ဗျာ၊ ဘုရားစင်က မုန့်နှိုက်စားတာ အပြစ်ရှိမယ် မထင်ပါဘူး'

မောင်လူအေးက ပြုံးလျက်ပြောကာ ခင်သန်းမြင့်လက်ထဲမှကလေးကို လုယူလိုက်၏။

'ဘယ့်နှယ်ကြောင့် အပြစ်မရှိရမှာလဲ၊ စွန့်မှမစွန့်ရသေးဘဲ ဟာ'

'မစွန့် ရသေးပေမယ့်၊ ကလေးဟာ ဘာနားလည်မလဲ၊ စားပွဲပေါ်မှာ မုန့်တွေ၊ သစ်သီးတွေ၊ ရေတွေတွေ့တော့ စားရသောက်ရတယ်မှတ်လို့ စားသောက်တာပေါ့၊ အစိုးရ ဥပဒေမှာတောင် အသက်ခုနစ်နှစ်သားက ဘယ်ဥပဒေကိုပဲ ကျူးလွန် ကျူးလွန် အပြစ်မရှိဘူးဆို မဟုတ်လား'

'ဥပဒေတွေ ဘာတွေ နားမလည်ပေါင်၊ တကယ်လို့ အပြစ်မရှိဘူးထားဦး ကလေးမှာ အာစက် လျှာစက် ညှံ့ကုန်မှာပေါ့၊ သထုံမနုဟာမင်းကိုကြည့်ပါလား'

'ဟာ မောင်မွေးဟာ ၁၈-လသား ရှိသေးတယ်၊ ဘယ်က အာစက်လျှာစက်တွေ ရှိရဦးမှာတုံး၊ မနုဟာမင်းက အသက်ကြီးလှပြီဗျ'

'အသက် ကြီးချင်ကြီး၊ ငယ်ချင်ငယ်၊ ဘုန်းနဲ့ ကံနဲ့လူဟာ မွေးကတည်းက ဘုန်းကံဟာ ပါလာတာပဲ၊ ကိုပြောလိုက်မှဖြင့် ဘောက်ချည်းပဲ'

'ဘောက် မဟုတ်ဘူးလေ၊ နို့ ကလေးတွေ လန့်သွားတဲ့အခါ ထိတ်သွားတဲ့အခါ ဘာလို့ ဘုရားစင်က ရေကိုတိုက်သလဲ'

'ဘာကြောင့် ဖြစ်ဖြစ် နားမလည်ဘူး၊ ကောင်ကလေး နောက်တစ်ခါ ဘုရားစင်က နှိုက်စားရင်တော့ အဆော်ပဲ ဟင်း' ဟူ၍ဆိုကာ အိပ်ခန်းထဲသို့ ဝင်သွားပြီးလျှင် မဆုံးသေးသော ဝတ္ထုကို ဆက်လက်၍ ဖတ်နေပြန်၏။ မောင်လူအေးတို့ သားအဖသာ ဧည့်ခန်းထဲတွင် ကျန်ရစ်ခဲ့ကြလေသည်။

ထို့နောက် ကောင်ကလေးသည် လူကြီးများ လစ်တိုင်း လစ်တိုင်း ဆွမ်းတော် တင်ထားသော မုန့်များ၊သစ်သီးများကို နှိုက်စား၏။ ဘုရားစင်မှ ရေကို ယူသောက်၏။ ဘုရားမီးထွန်းရန် ထားသော ဖယောင်းတိုင်များကို ယူ၍ ကစား၏။ ခင်သန်းမြင့်က မြင်တိုင်း မြင်တိုင်း ကြိမ်းမောင်းလေသည်။ မောင်လူအေးကလည်း ခင်သန်းမြင့် ကြိမ်းမောင်းတိုင်း သားဘက်က ရှေ့နေလိုက်လေသည်။ ဤသို့ ရှေ့နေလိုက်တိုင်း လင်မယားနှစ်ယောက် အငြင်းပွားကြရလေသည်။

ဤသို့ အငြင်းပွားဖန် များလတ်သော် ဘုရားခန်း၊ ဘုရားဆောင် ကင်းမဲ့သော အစိုးရအိမ်ကို အပြစ်မြင်စပြုလာ၏။ အကယ်၍သာ အစိုးရအိမ်များတွင် တသီးတခြား ဘုရားခန်း၊ ဘုရားဆောင် ရှိမည်ဆိုလျှင် မောင်လူမွေးသည် ဘုရားစင်မှ မုန့်များ၊ သစ်သီးများကို နှိုက်စားမည် မဟုတ်။ ဤသို့ မနှိုက်စားလျှင် ခင်သန်းမြင့်သည် သားကလေးကို ကြိမ်းမောင်းမည်မဟုတ်။ ဤသို့ စဉ်းစားမိကာ ဘုရားဆောင် ဘုရားခန်း မပါသောအစိုးရအိမ်အပေါ်တွင် လုံးလုံးကြီး အပြစ်ချ လေတော့သတည်း။

ဤသို့အပြစ်ချနေရုံနှင့် မပြီးသေး၊ ပြုပြင်စရာရှိလျှင် ပြုပြင်ရမည်။ ဆူပေးစရာရှိလျှင် ဆူပေးရမည်။ အထက်နားပေါက်အောင် ထိထိရောက်ရောက် ဆောင်ရွက်ရမည်။ 'ငိုတတ်သော ကလေးနို့ဝသည်' ဟူသောထုံးကိုနှလုံးသွင်းကာ အောက်ပါစာကို ရေးသားနေလေသတည်း။

အစိုးရ အမှုထမ်း မောင်လူအေးထံမှ
မြန်မာပြည် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဌာနချုပ်
အတွင်းဝန် ဦးလှရှိန် (ဘီအက်စ်စီ၊ ဘီအယ်လ်၊ အိုင်စီအက်စ်)
ထံသို့ -
ပြည်ရွှေဘို

၄၊၇၊၃၉။

ဝန်မင်းခင်ဗျား . . . .

အစိုးရအရာရှိများ နေထိုင်ရန် ဆောက်လုပ်ထားသော အိမ်များမှာ ဝန်မင်းတို့၏ ဌာနလက်အောက်မှာ ရှိသောကြောင့် ဤအိမ်များနှင့် ပတ်သက်၍ တိုင်တန်းစရာ အကြံပေးစရာ ရှိပါသဖြင့် ဝန်မင်းတို့သို့ ဤစာကို ရေးရခြင်းဖြစ်ပါသည်ခင်ဗျား။ ဝန်မင်း သိတော်မူသည့်အတိုင်း ကျွန်တော်တို့အစိုးရအမှုထမ်းများ နေထိုင်ရာ အစိုးရ အိမ်များမှာ ဘုရားဆောင် ဘုရားခန်းများကို တသီးတခြား စီမံပေးထားခြင်း မရှိပါ။ ဤဘုရားကျောင်းဆောင် ဘုရားခန်းမ မရှိသည့်အတွက် ဗုဒ္ဓဘာသာဝင် မဟုတ်ကြသော အစိုးရ အမှုထမ်းတို့အတွက် အရေးမကြီး မထောင်းတာလှသော်လည်း ကျွန်တော်မျိုးတို့ကဲ့သို့ ဗုဒ္ဓဘာသာ အစိုးရ အမှုထမ်းတို့အတွက်မှာ လွန်စွာမှပင် အရေးကြီးပါသည်။

ရှေးအခါက အထက်အစိုးရ အရာရှိများမှာ ဗုဒ္ဓဘာသာဝင်များ နည်းပါးလှသောကြောင့် အစိုးရအိမ်များတွင် ဘုရားကျောင်းဆောင် ဘုရားခန်းများကို ထည့်သွင်း စီမံထားခြင်း မပြုခဲ့ဟန် တူပါသည်။ သို့ဖြစ်သောကြောင့် အစိုးရအား အပြစ်ဆိုရန် တစ်စုံတစ်ရာမျှ မရှိပါ။ သို့သော် ယခုခေတ်တွင် ဗုဒ္ဓဘာသာဝင် အစိုးရအရာရှိများ တစ်နေ့တစ်ခြား များပြား၍ လာပြီဖြစ်ကြောင်းကိုလည်း ဝန်မင်းနှင့်တကွ ဝန်မင်းတို့ စံပျော်ရာ အတွင်းဝန်ရုံးကြီး တစ်ရုံးလုံးက အသိပင်ဖြစ်ပါတော့သည်။

အစိုးရ အရာရှိ ဆိုရာမှာလည်း အငယ်စား အစိုးရ အရာရှိများသာ မဟုတ်၊ အကြီးစား အစိုးရအရာရှိများ အထဲမှပင် ဗုဒ္ဓဘာသာဝင်များ အတော်များများပါဝင်နေကြောင်းကိုလည်း ဝန်မင်းတို့ အသိပင်ဖြစ်ပါသည်။

ဤသို့ ခေတ်အခါ ပြောင်းလဲနေသည့်အလျောက် အစိုးရမင်းက ဆောက်လုပ်ပေးသော အိမ်များ၏ ပုံစံကို ပြုပြင်ပေးရန် အချိန်တန်ပြီဟု ထင်ပါသည်။ အစိုးရအိမ်များကို ဆောက်လုပ်သောအခါ ထိုအိမ်များတွင် နေထိုင်မည့် အစိုးရ အမှုထမ်း၏ လိုအင်ဆန္ဒအတိုင်းလိုက်ကာ ဆောက်လုပ်ပေးထားခြင်းသာလျှင် အကောင်းဆုံး ဖြစ်သည်ဟု ကျွန်တော်ယူဆပါသည်။

ယခု လက်ငင်း ကျွန်တော်တို့ အမှုထမ်းများ အလိုရှိနေသည်မှာ အစိုးရအိမ်များ၌ ဘုရားဆောင် ဘုရားခန်းများဖြစ်ပါသည်။ သို့မှသာ

ကျွန်တော်တို့ စိတ်အေးချမ်းသာစွာ ဘုရားကို ဝတ်ပြုကြည်ညိုကြရပါမည်။ ယခုမှာ ဘုရားဆောင် ဘုရားခန်း တသီးတခြားမရှိသောကြောင့် အိမ်ဝရန်တာ၊ အိမ်ဧည့်ခန်း၊ အိမ်နံရံခန်းများတွင် ဘုရားစင်ကို ထားကြရပါသည်။ ဘုရားကို မရိုသေရာလည်းကျ၊ ဘုရားကို ဝတ်ပြုရာတွင်လည်း တည်ကြည်ခြင်း၊ သမာဓိမရဘဲဖြစ်နေကြရပါသည်။

ထို့အပြင် ဘုရားဆောင် တသီးတခြားမရှိသောကြောင့် ဝရန်တာ ဘုရားစင်၊ ဧည့်ခန်း ဘုရားစင်တို့တွင် ဆွမ်းတော် တင်ထားသောအခါ ကြီးတသောသောနှင့် နေသည်ကိုလည်း မကြာ မကြာ တွေ့မြင်ဖူးပါသည်။ ဝန်မင်းလည်း ကြုံဖူးပါလိမ့်မည်။

အစိုးရအိမ်များတွင် ဘုရားဆောင် ဘုရားခန်း တသီးတခြား မလုပ်ပေးသည့်အတွက် ကျွန်တော်ကိုယ်တိုင် အကြီးအကျယ်ဒုက္ခရောက်နေရပါသည်။ အသက် တစ်နှစ်ခွဲခန့် အရွယ်ရှိ ကျွန်တော်၏ သားကလေး မောင်လူမွေးသည် လူကြီးများ အလစ်တွင် ဘုရားစင်၌ ဆွမ်းတော်တင်ထားသော မုန့်များ၊ သစ်သီးများကို မကြာ မကြာ နှိုက်စားလေ့ရှိပါသည်။

သို့အတွက် သူ့ကို မျက်စိ မပြတ်အောင် ထိန်းသိမ်းစောင့်ရှောက်ရသော ဒုက္ခမှာ ငယ်သော ဒုက္ခမဟုတ်ပါ။ ဤသို့ စောင့်ရှောက်ကြည့်ရှုနေရသောကြောင့် တစ်အိမ်သားလုံး အလုပ်အကိုင်ပျက်လှပါတော့သည်။ ဤသို့ တင်းကျပ်စွာ စောင့်ကြပ်ပါလျက် အလစ်အလစ်တွင် နှိုက်ယူ စားသောက်လေ့ရှိပါသည်။ ဤအရေးနှင့်ပတ်သက်၍ ကျွန်တော်နှင့် ကျွန်တော့်ဇနီးတို့မှာလည်း မကြာ မကြာ အငြင်းပွား အချင်းများရခြင်းများရှိကြပါသည်။ အကယ်၍သာ အစိုးရအိမ်များတွင် ဘုရားဆောင် ဘုရားခန်းများ တသီးတခြား စီမံထားပါလျှင် ယခု ကျွန်တော် ဖော်ပြသော ဒုက္ခမျိုးနှင့် ကျွန်တော်တို့ တွေ့ကြုံရမည်မဟုတ်။ ဤဒုက္ခမျိုးကို ကျွန်တော်တို့ လင်မယားသာ တွေ့ကြုံရမည်မဟုတ်။ အခြားဗုဒ္ဓဘာသာဝင် အစိုးရအမှုထမ်းများလည်း တွေ့ကြုံခံစားရသည်ဟု ကျွန်တော်ယုံ ကြည်ပါသည်။ အကယ်၍သာ အစိုးရအိမ်များတွင် ဘုရားဆောင် ဘုရားခန်း တသီးတခြား စီမံထားမည်ဆိုလျှင် အထက်တွင် ဖော်ပြထားသော ဒုက္ခမျိုးကို မကြုံတွေ့ရသောကြောင့် ကျွန်တော်တို့ အစိုးရအမှုထမ်းများမှာ အစိုးရမင်း၏ အမှုတော်ကို ပိုမို ကောင်းမွန်စွာ ထမ်းရွက်နိုင်မည်မှာ အမှန်ပင်ဖြစ်ပါသည်။ ယခုမှာ ကလေးဆွမ်းတော်ခွက်ကို နှိုက်မည် စိုးသောကြောင့် သတိထားနေရသဖြင့် ကျွန်တော့်မှာ အစီရင်

ခံစာ စီရင်ချက်များကိုပင် ဖြောင့်ဖြောင့်တန်းတန်း ကျကျနန မရေးနိုင်ဘဲ ဖြစ်နေပါတော့သည်။

ထို့အပြင် အစိုးရအိမ်များတွင် ဘုရားဆောင် ဘုရားခန်းများကို တသီးတခြား စီမံပေးထားမည်ဆိုလျှင် အစိုးရအမှုထမ်းတို့သည် ယခုထက် ပိုမိုပြီးလျှင် ဘုရား၊ တရားကို ကြည်ညိုလေးစား၍ လာရန် အကြောင်းရှိပါသည်။ ထိုအခါ ဘုရားမကြိုက်သော လာဘ်စားခြင်း၊ အမှုများလည်း တစ်စ တစ်စ ပပျောက်သွားရန် အကြောင်းရှိပါသည်။ အစိုးရ အမှုထမ်းများ အဂတိလေးပါး လိုက်စားခြင်းများလည်း တစ်နေ့ တခြားပျောက်ကွယ်သွားပါလိမ့်မည်။ အမှုအခင်းများအပေါ်၌လည်း တိုင်းသူပြည်သားတို့က အကြည်ညို တိုးလာပါလိမ့်မည်။ ထိုအခါ တိုင်းပြည်တွင် ဆူပူရေးများ ပပျောက်သွားပြီးလျှင် သာယာအေးချမ်းဝပြောခြင်းများ ရောက်လာပါလိမ့်မည်။ ထိုအခါ မြန်မာပြည်ကြီးမှာ နတ်ဘုံနတ်နန်းကြီးသဖွယ် ဖြစ်သွားပါလိမ့်မည်။

ဤအချက်ကို ထောက်ထားပြီးလျှင် အစိုးရအိမ်များတွင် ဘုရားဆောင်ဘုရားခန်း တသီးတခြား အမြန်စီမံပေးရန် ယခုလက်ရှိသစ်တောရေး ဝန်ကြီးချုပ်အား တိုက်တွန်းပေးရန် တောင်းပန်လိုက်ရပါတော့သည်။ ကျွန်တော့်တောင်းပန်ချက်အတိုင်း ဆောင်ရွက်ပေးပါလျှင် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် အစိုးရအရာရှိများက ထိုဆောင်ရွက်ပေးသော ဝန်ကြီးချုပ်အား ဘုရား ရှိခိုးတိုင်း ရှိခိုးတိုင်း အသက်ရာကျော်ရှည်ပါစေ၊ ရာထူးမြဲပါစေ ဟူ၍ ဆုတောင်းကြမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ဤဗုဒ္ဓဘာသာဝင်အရာရှိများ၏ မေတ္တာကို ခံယူရသော အမတ်ချုပ်ကြီးများမှာ အသက်ရာကျော်ရှည်၍ ရာထူးမြဲမည်မှာ မလွဲနိုင်တော့ပါ။ ဤသို့ စီမံပေးသည့် ဝန်ကြီးချုပ်ရာထူး ပြုတ်စေရန် အတိုက်အခံဘက်က မည်သို့ပင် ကြိုးစားစေကာမူ ကျွန်တော်တို့၏ မေတ္တာကို ခံယူရမည်ဖြစ်သောကြောင့် ရာထူးပြုတ်မည်မဟုတ်ပါ။ အယုံအကြည် မရှိ အဆိုများကို တင်သွင်း သော်လည်း အချည်းနှီးသာ ဖြစ်ပေလိမ့်မည်။ ယခင်က သစ်တောရေး ဝန်ကြီးချုပ်များ ရာထူး မမြဲကြသည်မှာ ဤအရေးကို လျစ်လျူရှုခဲ့သောကြောင့် ဖြစ်သည်ဟု ကျွန်တော် အယူရှိပါသည်။

မြေလက်မဲ့ တောင်သူများ တစ်ယောက်လျှင် လယ်ဧက ၁၀ စီ ရဖို့ရန် ကိစ္စမှာ အရေးကြီးသည် မှန်ပါ၏။ ဂငျုန်တပ်သားများ၊ သခင်

အပေါင်းတို့ကို နှိမ်နင်းရန် ကိစ္စမှာ အရေးကြီးသည် မှန်ပါ၏။ သို့သော် ကျွန်တော် ဖော်ပြပြီးဖြစ်သော ဘုရားဆောင် ဘုရားခန်း ဆောက်လုပ်ပေးခြင်း ကိစ္စမှာလည်း ထိုအရေးများလောက်ပင် အရေးကြီးသည်ဟု ကျွန်တော် ယုံကြည်ပါသည်။ သို့ဖြစ်သောကြောင့် ဤကိစ္စကို အမြန်ဆုံး စီမံပေးရန် ယခုလက်ရှိ ဝန်ကြီးချုပ်အား တိုက်တွန်းပေးပါခင်ဗျား။

*မောင်လူအေး*

ဤသို့ ရေးပြီးလျှင် ခင်သန်းမြင့်အား ဖတ်၍ပြ၏။ ခင်သန်းမြင့်က မဲ့လေသည်။

*သူရိယ၊ တွဲ-၂၂၊ မှတ်-၁၉၊*
*(စက်တင်ဘာလ၊ ၁၉၃၉)*

# မောင်းသံ

မောင်းသံမှာ အစားစားရှိ၏။ ကောင်းသော မောင်းသံ၊ ဆိုးသော မောင်းသံ၊ မကောင်းတကောင်း မဆိုးတဆိုး မောင်းသံ။

တရားပွဲ ကြော်ငြာသော မောင်းသံ၊ အခွန်တော် လျှော့ပေါ့ရေး အတွက် အစည်းအဝေးကျင်းပရန်အကြောင်း ကြော်ငြာသော မောင်းသံ တို့ကား ကောင်းသော မောင်းသံ။

နံနက် စောစော ဘီလစ်ရုံးမှ ထုသော မောင်းသံ၊ အခြားလေလံပွဲ တို့၌ ထုသော မောင်းသံတို့ကား မကောင်းတကောင်း မဆိုးတဆိုး မောင်းသံတို့တည်း။

ရှင်းရဦးမည်။ တရားဟောပွဲအတွက် ကြော်ငြာသော မောင်းသံ သည် ကြားရသူတို့၏နားတွင် သာယာ၏၊ ကြည်နူး၏၊ နှစ်သက်၏၊ သံသ ရာအတွက် အကျိုးများသော မောင်း၊ အခွန်တော် လျှော့ပေါ့ရေးအတွက် စည်းဝေးရန် ကြော်ငြာသော မောင်းကား ကြားရသူတို့ အားတက်၏၊ ဝမ်းမြောက်၏၊ သူ့ထက်ငါ အလျင်ရောက်ရန် ပြေးချင်ကြ၏။ လောက ရေးအတွက် အကျိုးများသော မောင်း၊ ထို့ကြောင့် ဤမောင်းသံများကို ကောင်းသော မောင်းသံဟူ၍ ဆိုရ၏။

ရွာသူကြီးအိမ်မှ ထုသော မောင်းသံကို ကြားလိုက်လျှင် ရွာသား တို့၏ စိတ်ထဲတွင် ထိတ်၍သွား၏။ လန့်၍သွား၏။ ကြောက်၍သွား၏။ ဘာကြောင့်ပါလိမ့်။ အခွန်တော် တောင်းရန်အတွက်ပဲလား၊ နားကို ပိတ်

ထားချင်၏။ မဝှံ၊ ရှောင်တိမ်းချင်၏။ မရဲ။ သွားပြန်အခက် မသွားပြန် အခက်၊ မသွားက ဒဏ်အရိုက်ခံရမည်။ သွားက အခွန်တော် တောင်း မည်။ ပေးစရာလည်း မရှိ၊ ထို့ကြောင့် ရွာသူကြီးအိမ်မှ ထုသော မောင်း သံကို မကောင်းသော မောင်းသံဟု ဆိုရလေသည်။

နံနက်စောစော ဘိလစ်ရုံးမှ ထုသော မောင်းသံ၊ အခြားလေလံ ရောင်းသော နေရာများမှ ထုသော မောင်းသံကို ကြားလိုက်ရလျှင် ဝယ် ရန် အချောင်စောင့်နေသော သူတို့အတွက် နိမိတ်ကောင်းကြီးဖြစ်၏။ မင်္ဂလာရှိသော မောင်းသံကြီးဖြစ်၏။ သူ့ထက်ငါ အလျင်ဦးအောင် ပြေး ကြ၏။ မိမိ တစ်ဦးတည်းရှိက ပေါပေါနှင့် ရမည်။ သို့သော် လေလံ အရောင်းခံရသော သူတို့ကား ထိုမောင်းသံမှာ မင်္ဂလာမရှိသော အသံ၊ ငှက်ဆိုးထက်ပင် ဆိုးဝါးသေး၏။ နားထဲသို့ စူး၍ဝင်သွားလေတော့ သည်။ မိမိတို့၏ ပစ္စည်းနှင့် မိမိတို့မှာ အိုးစားကွဲရချေတော့မည်။ ငိုသူ ငိုကြ၊ ရှောင်ရှား၍ သွားသူသွားကြ၊ ရှက်စရာကြီးဖြစ်ပေသည်။ ဤသို့ အချို့ကို ဝမ်းမြောက်စေလို၍ အချို့ကို ဝမ်းနည်းစေသည့်အတွက် ၎င်း မောင်းသံမျိုးကို မကောင်းတကောင်း မဆိုးတဆိုး မောင်းသံဟု ဆိုရပေ သည်။

ရေပေါက်ရွာသူကြီး အိမ်မှ ညဥ့်သန်းခေါင်အချိန်၌ ထုလိုက်သော မောင်းသံကား အဆိုးတကာ့ အဆိုးဆုံးသော မောင်းသံဟု ဆိုရမည်။ သူကြီးအိမ်မှလည်း ထုပြန်၊ အချိန်ကာလကလည်း သန်းခေါင်ယံ၊ ထိုမောင်းသံကို ကြားရသောအခါတွင် ဝန်ထောက် မောင်လူအေးနှင့် ယစ်မျိုးအရာရှိ ဦးဘမော်တို့သည် ရေပေါက်ရွာ၊ ကုလား မူသူးအိမ်တွင် စခန်းချနေကြလေသည်။ ညဥ့်ဦးယံကမှ ရေပေါက်သို့ ရောက်ကြလေ သည်။ သူကြီးအိမ်တွင် မြင်းတွေ နွားတွေ မွေးထားလေရကား မြင်းချေး စော်၊ နွားချေးစော် နံလှသဖြင့် သူကြီးအိမ်တွင် စခန်းမချ၊ မူသူးအိမ်၌ အနံ့အစော် အနည်းငယ်ကင်း၏။

တစ်နေ့ပတ်လုံး ခရီးပင်ပန်း၍ လာကြလေသည်။ ဆာလောင်လာ ကြလေသည်။ ထမင်းစားပွဲတွင် နှစ်ယောက်သား ဝင်၍ ထိုင်လိုက်ကြ သည်မှာ တော်တော်ကြာမှထကြလေတော့သည်။ ဦးဘမော်ကား ဗိုက် ပူပူ၊ ခပ်ပုပု၊ ခပ်ဝဝ၊ စကားအပြော ခပ်ကောင်းကောင်း၊ ထမင်းစားပြီး ကြလျှင် ဓားပြအကြောင်း၊ လူဆိုးအကြောင်း၊ သူပုန်အကြောင်း ဆွေးကြ နွေးကြ၊ လက်ဖက်ရည်ကြမ်းခွက်ကလေး တစ်ခွက်စီနှင့် ထန်းလျက် ပန်း

ကန်ပြား တစ်ခုလည်းရှိ၊ သောက်ပြီးကြ ဆွေးနွေးပြီးကြလျှင် အိပ်ရာဝင်ကြလေတော့သည်။ တပည့် ဘိုးရွှေ၊ ထွန်းဖေ၊ မောင်ပု၊ စာရေးဖျန် စိန်တို့လည်း အိပ်ကြလေပြီ။

မောပန်းလာကြသောကြောင့်လားမသိ၊ မကြာမီ တစ်အိမ်လုံး တိတ်ဆိတ်လျက် သွားလေတော့၏။ ဦးဘမော်၏ ပြင်းပြလှစွာသော ဟောက်သံမှ တစ်ပါး အခြားအသံဟူ၍ မကြားရ။ မောင်လူအေးလည်း အိပ်လေပြီ။ မည်မျှကြာအောင် အိပ်ပျော်နေသည်ကို မသိရ။ သူကြီး အိမ်ဘက်က မောင်းသံကို ကြားမှ နိုးလာတော့သည်။

လက်ဦးတစ်ချက်ကြား၏၊ နားစွင့်ကာ ထောင်လေသည်။ နှစ်ချက်ကြား၏၊ ထ၍ထိုင်လေသည်။ သုံးချက်ကြား၏၊ ဦးလူမော်ကိုခေါ်လေသည်။ လေးချက်ကြား၏။ ဦးလူမော် ထူးလေသည်။ ငါးချက်ကြား၏။ အိပ်ရာမှ ထလေသည်။ ခြောက်ချက် ကြား၏။ တစ်အိမ်လုံး နိုးလေသည်။ နောက်မောင်း အချက်ပေါင်း များစွာပင် အရေးမလုပ်နိုင်၊ သေနတ်ထုတ်သူထုတ်၊ ဘောင်းဘီဝတ်သူဝတ်၊ ယမ်းတောင့်ရှာသူရှာ၊ မီးထွန်းသူထွန်း၊ ဖိနပ် စီးသူစီး၊ အိမ်တိုင်နှင့် တိုက်မိသူ တိုက်မိ၊ လက်နှိပ်ဓာတ်မီး ထုတ်သူထုတ်။

မောင်လူအေးကား အိပ်ရာမှ ထသည်နှင့် တစ်ပြိုင်နက် ဘောင်းဘီအတိုကလေးကို စွပ်၏။ အဖြူရောင် ရှပ်အင်္ကျီကို ဝတ်၏။ အဖြူရောင်ဘလေဇာ အင်္ကျီကို ထပ်ဝတ်၏။ အနက်ရောင်ဖိနပ်ကို စီးပြီးလျှင် သေနတ်ကိုရှာ၏။ မတွေ့၊ အိမ်မှ ပါမလာ၊ အရေးထဲကျမှ မေ့လာတော့သည်။ ခက်လိုက်ပါဘိတော့၊ ဦးဘမော်တွင် နှစ်လုံးပြူး တစ်လက်၊ တော်ပြီ၊ ကိစ္စ မရှိ၊ ဓားပြတွေ့၌ လုပ်သေနတ် အပြင်မပါ။ ခြောက်လုံးပြူးကို ယမ်းထိုး၏။

အေး။ ။ကိုင်း သွားကြစို့။

မော်။ ။ နေပါဦး . . . နေပါဦး၊ အဖြူတွေနှင့် နေရာမကျ၊ အဖြူတွေချွတ်ပါ။

မောင်လူအေးသည် ဦးဘမော်၏ စကားအတိုင်း လိုက်နာ၏။ အဖြူတွေကို ချွတ်၊ ကာကီတွေကိုဝတ်၊ အချိန်အနည်းငယ် နှောင်းသွား၏။ မကျေနပ်၊ ကိုင်း သွားကြစို့၊ ဘိုးရွှေနှင့် မောင်ပုတို့ လိုက်ခဲ့ကြ။

ဖျန်စိန်ကား ထောင့်တစ်ထောင့်တွင် ကုပ်နေလေတော့သည်။ သူ့ကိုခေါ်မည်စိုးသောကြောင့်ထင့်၊ ထွန်းဖေကား မောင်လူအေးအား အင်္ကျီ

ဘောင်းဘီ ထုတ်ပေးရသည်နှင့်ပင် အချိန်ကုန်၏။ မောင်ပုနှင့် ဘိုးရွှေ တို့ များစွာ မလိုက်ချင်ကြ။ နယ်ပိုင်နှင့် ယစ်မျိုးမင်းတို့ကို ကြောက်ကြ သောကြောင့်သာ လိုက်ကြရလေသည်။

မောင်လူအေးကား ရှေ့ဆုံး၊ ၎င်းနောက် ဦးဘမော်၊ ၎င်းနောက် မောင်ပု၊ ၎င်းနောက် ဘိုးရွှေ၊ မောင်လူအေး လက်တွင် ခြောက်လုံးပြူး ဦးဘမော် လက်တွင် နှစ်လုံးပြူး၊ မောင်ပုလက်တွင် ဦးဘမော်၏ ခြောက် လုံးပြူး၊ ဘိုးရွှေလက်တွင် လက်နှိပ်ဓာတ်မီး။

သူကြီးအိမ်ကား မှုသူးအိမ်မှ ကိုက်တစ်ရာခန့်၊ ရေကာတာကို မျက်နှာပြုလျက် ကြားတွင် သုံးလေးအိမ်မျှသာ ရှိသည်။ ခပ်ကျဲကျဲပင်။ ၎င်းအိမ်များ နောက်တွင် ကွင်းပြင်ကြီး၊ ဘေးပတ်လည်တွင် မြေလပ်။

ရေကာတာပေါ်မှ လူလေးယောက် လျှောက်၍သွားကြ၊ ခပ်ဖြည်း ဖြည်း၊ ခပ်ဖြည်းဖြည်း၊ ဓားပြများနှင့် ပက်ပင်းပါ တွေ့မည်ကြောက်ရ၊ အရမ်း စိုင်းသွား၍ မဖြစ်။ ကိုယ်က မဦးမီ သူတို့က ဦးသွားမှာ စိုးရ၊ ကိုယ်ကဦးမှ အတော်ကျမည်။ လလည်းမရှိ၊ မှောင်မိုက်တုန်း၊ လက်နှိပ် ဓာတ်မီးကိုလည်း မထိုးဝံ့၊ ဓားပြများက လှမ်းပြီး ပစ်လိုက်မှဖြင့်ရင် အခက်။ ခပ်လှမ်းလှမ်းကို မြင်ရန် တာပေါ်မှ ဝပ်၍ ကြည့်ရ၏။ လား လား ရှေ့နားတွင် လူသုံးယောက်၊ မောင်လူအေးတို့ တာဘေး ဆင်း၍ ဝပ်ကြသည့်အခါ ဓားပြသား စားတော့မည်။ ဧကန္တ ဓားပြများ၏ ကင်း နှင့်တူ၏။ သေနတ်များနှင့် ချိန်ထား၊ ပစ်တော့မည်၊ နေဦး၊ လူမှားမည်။ ချိန်နေရင်း ၎င်းတို့မှာ ဝေးသည်ထက် ဝေး၍ သွားကြ၏။ ဓားပြတွေ၏ ကင်းမဟုတ်။ ရွာသားတွေ အကူအညီ သွားကြဟန်တူသည်။

တာဘေးမှ တွား၍ ဆက်လက် သွားကြပြန်၏။ မြွေကို ကြောက်ရ မှောင်ထဲမှာ မြွေပွေးများကိုင်မိမှ အခက်၊ ဓားပြ လက်နက်ထက်ပင်ဆိုး ဦးမည်။ ခြေချရမည်ကို ခပ်ကြောက်ကြောက်။ လက်ချ ရမည်ကို ခပ် ကြောက်ကြောက်။ စိတ်ထဲတွင် အေး၍ အေး၍ သွားတော့၏။ မြွေပွေး ကလည်း ပေါဘိသနှင့်။ ဆူးကလည်း စူးလိုက်တာ ပြောစရာမရှိ။ ဒူးတွေ ပေါင်တွေမှာ ခြစ်ရာချည်း။

သို့ဖြင့် သူကြီးအိမ်ဘက်သို့ စစ်ချီ၍ တက်လာကြသော ဟူ၏။ ခရီးတစ်ဝက်ခန့် ရောက်လျှင် နောက်သို့လှည့်၍ ကြည့်မိသည်။ ဦးဘ မော်နှင့် မောင်ပုတို့ တော်တော် လှမ်းလှမ်းတွင် ကျန်ရစ်ခဲ့ကြလေသည်။ 'မြန်မြန်လာကြပါ' ဟု လေသံနှင့် လှည့်၍ ခေါ်၏။ ဟော . . . ဟော

ဦးဘမော်ကြီး၊ တာပေါ်မှ လှိမ့်၍ ချလေပြီ။ ခက်ပါဘိတော့။ ဘာဖြစ်တာပါလိမ့်။ လာပြီလို့ ကြားထင်ပါရဲ့။ အနားသို့ သွား၍ မြန်မြန်လာရန် ခေါ်ရ၏။

အခြား အခါ၌မူကား ဟက်ဟက်ပက်ပက် ရယ်ရမည်မုချ။ ယခုလို အခါ၌မူကား ဒေါသပင် ထွက်မိတော့ဟူ၏။

လေးယောက်သား တာဘေးမှ တွား၍သွားကြပြန်၏။ သေနတ်များဖြင့် ချိန်လျက်။ သို့ဖြင့် သူကြီး အိမ်နား ရောက်ကြလေသည်။ သူကြီးပတ်ဝန်းကျင်တွင် မီးတုတ်များ ဝိုင်း၍ စိုက်ထား၏။ သူကြီးအိမ်တွင်း ဆူညံ ဆူညံနှင့် ဧကန္တ ခါးပြတိုက်ခြင်း ဖြစ်လေသည်။ သူကြီးကိုများ သတ်လိုက်ကြပြီလော။

တစ်နေ့ကပင် စစ်ကွင်းသူကြီးအား သတ်သွားကြပြီ။ အတန်ကြာလျှင် သူကြီးအိမ် တည့်တည့်သို့ ရောက်၏။ တာနှင့် သူကြီးအိမ်ကား မဝေးလှ။ ပေငါးဆယ်၊ ခြောက်ဆယ်ခန့်ပင် ကွာလေသည်။ တာပေါ်မှ ဝပ်၍ပစ်ရန် ချိန်ရွယ်ထားကြ။ ချက်ကောင်းနှင့် တိုးမိပေပြီ။ မောင်လူအေး၏ မျက်စိထဲတွင် ဘုရင်ခံက ပေးလိုက်သော ဝမ်းမြောက်စာချီးမွမ်းစာကိုမြင်ယောင်ယောင်။ ဦးဘမော် မျက်စိထဲတွင် သူရဲကောင်းငွေခါးရမင်းတည်းဟူသော ဘွဲ့ထူးကြီးကို မြင်ယောင်ယောင်။ မောင်ပု မျက်စိထဲတွင် ငွေတစ်ရာနှင့် ဂုဏ်ထူးဆောင်လက်မှတ်။ ဘိုးရွှေ၏ မျက်စိထဲတွင် ငွေငါးဆယ်နှင့် ငွေနာရီတစ်လုံး အသီးသီး မြင်ယောင်ယောင်။

'ပစ်တော့မယ်'

'နေပါဦး'

'ဗိုက်ကိုမှန်မှ နေရာကျမည်။ ကုလားထိုင်တွင် ထိုင်နေသူကား ဗိုလ်နှင့်တူ၏။ သူစကား အများဆုံး၊ သူ့ကို မှန်အောင်ပစ်၊ ချိန်ထား။ အချက်ပေးလိုက်က ပစ်၊ နေပါဦး၊ သူကြီး၏ အသံနှင့် မတူဘူးလား'

'ဟုတ်တယ်၊ နားထောင်စမ်း'

'အစစ်ပေါ့ သူကြီးအသံပဲ'

'မောင်ပု သေသေချာချာကြည့်စမ်း'

'သူကြီးပါပဲ၊ မလွဲပါဘူး၊ ဘာဖြစ်နေပါလိမ့်၊ သူကြီး အရူးထသလားမူးနေပြီထင်တယ်'

'ဘိုးရွှေ မေးစမ်း'

ဘိုးရွှေ။ ။ သူကြီး ဘာဖြစ်တာလဲ ဘာလုပ်နေသလဲ။

သူကြီး။ ။ သိချင်ရင် လာကြည့်၊ မင်းဘယ်သူလဲ၊ လူပါး၀ချင်သလား၊ အခုသေသွားမယ်။

ဘိုးရွှေ။ ။ ဝန်ထောက်မင်းပါတယ်။

သူကြီး။ ။ နင့်ဘိုးအေဝန်ထောက်လား၊ ပါချင်ပါ၊ ငါဂရုမစိုက်ဘူး။

မောင်လူအေးတို့ သေနတ်တွေကိုယ်စီနှင့် သူကြီးအိမ်သို့ ဆင်းသွားကြပြီ။ မောင်လူအေး၏ မျက်နှာကို မြင်လျှင် သူကြီးမျက်နှာ မည်သို့ဖြစ်သွားမှန်း မသိ။ ကြက်သေ သေနေလေပြီ။ စကားတစ်ခွန်းမျှ မထွက်။ ရွာသား ၁၅ ယောက်ခန့် မြေကြီးပေါ်တွင် မလှုပ်မယှက် ထိုင်နေကြလေသည်။ မောင်လူအေး၏ မျက်နှာထား နီမြန်းလျက်။ ၎င်းလည်း စကား မထွက်။ သူကြီး စကား မထွက်ခြင်းကား ကြောက်၍၊ မောင်လူအေး စကား မထွက်ခြင်းကား စိတ်ဆိုး၍၊ အတန်ကြာသော် . . .

အေး။ ။ ဘာဖြစ်လို့ မောင်းထုရတာလဲ၊ အချိန်မတော်။

ကြီး။ ။ တရားခံ ဖမ်းလာလို့ ဘုရား၊ ကင်းစောင့်သူကို ခေါ်တာ။

တရားခံ ဘိုးဖြူကား ခြေလက်တွေ ကြိုးနှင့်တုပ်လျက်၊ တိုင်တစ်တိုင်တွင် ကွေးကွေးလေး မျက်နှာသေနှင့်။

အေး။ ။ ကင်းသမား ခေါ်ချင်ရင် ဆယ်အိမ်ခေါင်းကို ဆင့်၊ အချိန်မတော် အကြောင်းထူး မရှိရင် မောင်းမထုရဘူးဆိုတာ မသိဘူးလား၊ ခင်ဗျားမူးနေတယ်'

သူကြီး။ ။ မမူးပါဘုရား၊ မမူးပါဘုရား (အရက်သံနှင့်ပြော)

အေး။ ။ တော် တော် တော်၊ အိပ် အိပ် အိပ် မနက်ဖြန် ထုချေလွှာနဲ့ လာခဲ့။

မောင်လူအေးတို့ ထွက်လာခဲ့ကြ၏။ သူကြီးလည်း ငြိမ်၍သွားလေပြီ။ ရွာသားတို့လည်း ထ၍ပြန်ကြ၏။ တရားခံဘိုးဖြူကား တိုင်တွင် ကွေးလျက် မလှုပ်သာ။ အာဂသူကြီး ဦးထွန်းဝင်းတဲ့၊ မှတ်ကြရော့။

*ဂန္ထလောက၊ တွဲ-၁၇၊ မှတ်-၉၇၊*
*(ဖေဖော်ဝါရီလ၊ ၁၉၃၃)*

# စဏ္ဍာလ

မောင်လူအေး နေထိုင်အုပ်ချုပ်ရာဖြစ်သော မြို့၏ အစွန်အဖျား တွင် စဏ္ဍာလပေါင်း ၈၀ နီးပါးတို့သည် အရပ်တည်ကာ အိမ်တွေ၊ ယာတွေနှင့် နေထိုင်ကြကုန်၏။ မြို့တွင်း၌ နေထိုင်ကြကုန်သော သူတို့ ကား ထိုစဏ္ဍာလများနှင့် အဆက်အသွယ် မရှိ။ သူတို့နေထိုင်ရာသို့ အလည်အပတ်မျှ မသွားကြချေ။ ဇာတ်မရှိသော မြန်မာများပင်လျှင် စဏ္ဍာလများကိုကား အထူးသဖြင့်ရှောင်ကြဉ်ကြလေသည်။

ထို့ကြောင့် စဏ္ဍာလပိုင်းတွင် ဖြစ်ပျက်နေပုံ၊ စဏ္ဍာလတွေနေထိုင် စားသောက်ကြပုံ၊ သူတို့ သွားလာ ပေါင်းသင်းကြပုံများကို မြို့တွင်း နေထိုင်သူတို့ ကောင်းကောင်းမသိကြချေ။ ကာလပေါ် ဝတ္ထုများတွင် လည်း စဏ္ဍာလဝတ္ထု၊ စဏ္ဍာလ ဇာတ်လိုက်များအကြောင်း မဖတ်ရဖူးပေ။ ဝတ္ထုရေး ဆရာတွေကပေမင့် စဏ္ဍာလများကို ခပ်ရှောင်ရှောင်ပင်။ စင်စစ်ကား စဏ္ဍာလလည်းလူ၊ စဏ္ဍာလလည်း မြန်မာ၊ ရှောင်တိမ်း နေစရာ အကြောင်းမမြင်။

မောင်လူအေးကား သိကြားလည်း မဟုတ်၊ မဟတ္တမဂန္ဒီလည်း မဟုတ်သောကြောင့် စဏ္ဍာလများကို ခပ်ရှောင်ရှောင်နေ၏။ သူတို့နှင့် ဆက်ဆံခြင်းကို မပြုလိုပေ။ သို့သော် အစိုးရကမူကား စဏ္ဍာလသော သာကီဝင်သော ခွဲခြားခြင်းကို မပြု၊ လူကောင်းသော လူဆိုးသော ခွဲခြား ခြင်းကို မပြု၊ သူဌေးသားသော ဆင်းရဲသားသော ခွဲခြားခြင်း မရှိ၊ ဥပဒေ တစ်မျိုးတည်းကို သတ်မှတ်၍ ထားလေသည်။ ယခုကား မောင်လူအေး မှာ အစိုးရအမှုတော်ကို ဝင်ရောက်ကာ ထမ်းရွက်နေမိလျက် ဖြစ်သော ကြောင့် စဏ္ဍာလများကို မလွှဲမရှောင်သာပြီ။ သူတို့နှင့် ဆက်ဆံရလေ သတည်း။

စဏ္ဍာလများနှင့် မောင်လူအေး ရှေးဦးစွာ ဆက်ဆံရသည်ကား ဤသို့တည်း။

စဏ္ဍာလပိုင်းတွင် ဆောက်လုပ်ထားသော တဲအိမ်ကလေးများမှာ တစ်အိမ်၏ နောက်ဖေးကို တစ်အိမ်က မျက်နှာပြု၊ မိလ္လာလမ်းလည်း ကင်းမဲ့၊ အိမ်သာ ဆိုသည်မှာလည်း နတ္ထိ၊ ညစ်ပတ်လိုက်သည်မှာ ဆိုစရာမရှိ။ ဖြစ်ချင်သလို ဖြစ်နေကြတော့သည်။ မည်သူမျှ ဂရုမစိုက်။ ရောဂါလည်း မရကြ။ သူတို့အလိုက်အထိုက် ပျော်ရွှင်စွာ နေကြလေသည်။ မိမိတို့၏ နေရပ်ကို နတ်ပြည်နှင့်ပင် လဲချင်ကြမည်မထင်။

ဤသို့ ပျော်ရွှင်စွာ နေကြခိုက် တစ်နေ့သ၌ အရေးပိုင်မင်းသည် နယ်လှည့်ရင်း ထိုစဏ္ဍာလပိုင်းသို့ ရောက်သွား၏။ စဏ္ဍာလပိုင်း၏ ဖြစ်ပျက်နေပုံ အခြင်းအရာကို မြင်သော် အတော်ပင် စိတ်ပျက်၍သွားလေသည်။ အရေးပိုင်မင်း ပြန်သွား၍ များမကြာမီ စဏ္ဍာလပိုင်းရှိအိမ်များ ဖျက်စေပြီးလျှင် တညီတညာ နေရာတကျ အကွက်များကို ချ၍ပေးမည်ဟူသော အမိန့်စာသည် မောင်လူအေးထံသို့ ရောက်လာလေတော့သတည်း။ မောင်လူအေးကား မလွှဲသာ မရှောင်သာပြီ။ အရေးပိုင်မင်း၏ အမိန့်ကို နာခံရတော့အံ့။

အရေးပိုင်မင်း၏ အမိန့်စာအကြောင်းကို ကြားရလျှင် စဏ္ဍာလတစ်ပိုင်းလုံး ဆူညံ၍သွား၏။ စိတ်ညစ်သူညစ်၊ စိတ်ပျက်သူပျက်၊ ဆူပွက်သူတွေကလည်း အများ၊ အရေးပိုင်မင်းအား ကျိန်ဆဲသူတွေကလည်း မရှား။ သို့သော် အရေးပိုင်မင်း၏ အမိန့်ကားမလွန်ဆန်ဝံ့ကြသောကြောင့် မိမိ၏ အိမ်များကို တစ်အိမ်ပြီးလျှင် တစ်အိမ် ဖျက်ဆီးပစ်လိုက်ကြရကုန်၏။ ဤအခြင်းအရာကိုမြင်ရသော မောင်လူအေးကား သနားစရာ မဆုံးတော့ပြီ။

ဤစဏ္ဍာလများကား အသို့လျှင် အိမ်သစ် တဲသစ်များကို ပြန်၍ ဆောက်လုပ်နိုင်ပါအံ့တော့နည်းဟု တွေးတော စဉ်းစားမိ၏။ သို့သော် မိမိ၏ တာဝန်ရှိသည့်အတိုင်း မြေစာရင်းဌာနမှ လူများနှင့် မြေယာကွက်တို့ကို နေရာတကျ စီမံ ပေးရလေသည်။

စဏ္ဍာလ အပေါင်းတို့သည်လည်း မိမိတို့လိုရာ အကွက်များကို တောင်းကြကုန်၏။ သူတို့လိုသော အကွက်များကို ပေးခဲ့သော်လည်း ဤလူများကား အဘယ်မှာလျှင် တဲသစ် အိမ်သစ်တို့ကို ထပ်မံဆောက်လုပ်နိုင်တော့အံ့နည်း ဟူသော စိတ်ထားနှင့်သာလျှင် သူတို့၏နေရာမှ ထွက်ခွာခဲ့လေသတည်း။

ထို့နောက် နှစ်လခန့်ကြာခဲ့၏။ တစ်နေ့သော် အိမ်ရာကွက်များကို

သွားရောက် စစ်ဆေးသောအခါ ယခင် တဲကုပ်များ နေရာတွင် ပျဉ်ထောင် ပျဉ်ခင်း၊ သစ်တိုင် သွပ်မိုးနှင့် အိမ်များရောက်နေကြသည်ကို မြင်ရသဖြင့် များစွာ အံ့သြ၍ သွား၏။ နေရာလပ်ဟူ၍လည်း တစ်ကွက်မျှ မရှိတော့ပြီ။ စဏ္ဍာလ တစ်ပိုင်းလုံးတွင် အိမ်သစ် အိမ်ကောင်းတို့နှင့် ပြည့်နှက်လျက် နေတော့၏။

အခြားအရပ်၌ ဖြစ်ပါလျှင် အိမ်ကို အဖျက်ခိုင်းပါက တဲကုပ်သာ ပြန်၍ ဖြစ်တော့မည်၊ တဲကုပ်ကို အဖျက်ခိုင်းလျှင် မြေကွက်သာ ကျန်တော့မည်မှာ မလွဲတည်း။ ဤစဏ္ဍာလ ပိုင်းတွင်ကား တဲကုပ်များကို အဖျက်ခိုင်းရာ ထိုနေရာတို့တွင် အိမ်ကောင်းများ ရောက်၍လာကြကုန်၏။ ဤသည်ကို မြင်ရသော မောင်လူအေး၏ စိတ်ထဲတွင် 'သြော် ဒီကြေးငွေ ရှားပါးသော ခေတ်ကြီးတွင် စဏ္ဍာလတွေသာ နေရာအကျဆုံးပါတကား' ဟု တွေးတောကာ မိမိ၏ အိမ်သို့ ပြန်လာလေသတည်း။

စဏ္ဍာလပိုင်းသို့ မောင်လူအေး ဒုတိယအကြိမ် ရောက်ရပြန်၏။

ဤအကြိမ် ရောက်ရခြင်းကား လူခွန်တော်အတွက် ဖြစ်လေသည်။ စဏ္ဍာလများ ခေါင်းခပ်မာမာ လုပ်နေကြသောကြောင့် ဆိုင်ရာသူကြီးမင်းက အကူအညီ တောင်းသဖြင့် ရောက်သွားရခြင်းဖြစ်၏။

သူတို့၏ အိမ်များအတွင်း ကြည့်ရှုစမ်းပါလော့။ ဗီရိုတွေ၊ ခုတင်ပုံတွေ၊ ခန်းဆီးတွေ၊ ကုလားထိုင်တွေ၊ စားပွဲတွေနှင့် အခန့်စား နေထိုင်လျက် ရှိကြပေ၏။ သူတို့၏ အကြောင်းမသိသူများ လာ၍မြင်မည်ဆိုလျှင် ထိုအပိုင်းကို စဏ္ဍာလပိုင်းဟု ထင်မည်မဟုတ်ပေ။

ဤကြေးငွေ ကျပ်တည်းသော ခေတ်ကြီးအတွင်း တောင်းစားသော အလုပ်ကပင် ဟန်ပါသေးလားဟု မောင်လူအေး တွေးတောမိ၏။ အလွန်ပိုက်ဆံရချောင်သော သူတို့ပါတကား ဟု သူတို့တစ်တွေအသို့ ပိုက်ဆံရှာကြပါသနည်း။ အသို့ နေထိုင် စားသောက်ကြပါသတည်း။ ဤမေးခွန်းများမှာ မောင်လူအေး၏ စိတ်အတွင်း ပေါ်ပေါက်၍ လာကြလေသည်။ ပေါ်ပေါက်၍ လာသည့်အတိုင်း စုံစမ်းခြင်းကို ပြု၏။ စုံစမ်းသည့်အတိုင်းလည်း သိလေသည်။ မောင်လူအေး သိသလို သိလိုကြပါလျှင် အောက်တွင် ဆက်လက်၍ ဖတ်ကြပါကုန်။

သီတင်းကျွတ်သည်နှင့်တစ်ပြိုင်နက် ကိုရွှေမောင်နှင့် ကိုဖိုးထောင်တို့သည် လှေတက်များကို ပြင်ကာ အထက်အညာသို့ ဆန်တက်၍ သွားကြလေသည်။ သူတို့၏ လှေများအတွင်း ငါးပိ ငါးခြောက် ငံပြာရည်တို့

နှင့် ပြည့်လျက်ပင်။ ရောက်လေရာ အရပ်၌ မိမိတို့တွင် ပါလာသော ကုန်များကို ရောင်းချ၍ သွားကြကုန်၏။ မိမိတို့အား တကယ့်ကုန်သည်ကြီးများဟူ၍ ထင်မှတ်ကြစေရန် ခေါင်းပေါင်းစ ခပ်ရှည်ရှည်ချကာ မြို့ပေါ်သို့ တက်၍ ရောင်းလေ့ရှိသည်ဟု ပြောသံကို ကြားရ၏။ သို့သော် လူအလစ်တွင် ရုပ်ဖျက်ပြီး မြို့ပေါ်တက်၍ တောင်းလေ့ရှိသည်။ တစ်ရွာတစ်ကျေးတွင် သူတို့၏ ဇာတိကို မည်သူ မေးကြအံ့နည်း။ မည်သူ သိပါအံ့နည်း။

ဦးရွှေဖိုးနှင့် မောင်ရန်ရှင်းတို့ကား ရသမျှသော ပြင်သစ်ကျောက်၊ မြတု၊ ပတ္တမြားတု၊ စိန်တု၊ နီလာတုများကို စုဆောင်းပြီးလျှင် ယူနီဖောင်းသေတ္တာ သစ်သစ်တွင် ထည့်လျက် အမြို့မြို့သို့ လှည့်လည်ကာ ရောင်းချကြကုန်၏။ ဦးရွှေဖိုးက ကျောက်ကုန်သည်၊ မောင်ရန်ရှင်းက ကျောက်ကုန်သည် နောက်လိုက်ဖြစ်လေသည်။ အလွန်ပင် သေသေသပ်သပ် ရှိကြပေ၏။ ရောက်ရာအရပ်တွင် မိမိတို့ မိုးကုတ်မှ လာကြကြောင်း မိမိတို့တွင် ပါလာသော ကျောက်များမှာ အဖိုးတန်တွေ ဖြစ်ကြောင်း၊ သူခိုးဓားပြတို့အား ကြောက်သောကြောင့် လူမြင်တိုင်းကို မပြဝံ့ကြောင်း အစရှိသဖြင့် ဝါယောခါတ်ကို ဖွင့်ကာ သွားကြကုန်၏။ အလိမ်ခံရသူတွေ မနည်းပြီ။

မောင်ကျော်နှင့် မောင်ခင်တို့ နှစ်ယောက်ကား ကုက္ကိုမြစ်၊ သရက်မြစ်များ၊ ခွေးရိုး၊ ကြောင်ရိုးများ၊ ခရုခွံများကို မိုးတွင်းအခါက စုဆောင်းထားပြီးလျှင် သီတင်းကျွတ်သည်နှင့်တစ်ပြိုင်နက် လွယ်အိတ်တစ်လုံးစီကို လွယ်၍ အမြို့မြို့ အရွာရွာသို့ လှည့်လည်ကာ သွားကြလေသတည်း။ မောင်ကျော်က ရှမ်းဆရာကလေး ဟူသော ဘွဲ့ထူးကို ယူ၏။ မောင်ခင်မှာ သူ၏ တပည့်သားတည်း။ မောင်ကျော်၏ ရှေ့တွင် မောင်ခင်မှာ ပြားပြားဝပ်လျက် နေလေ့ရှိလေသည်။ မောင်ကျော်ကား ရှမ်းစကား တစ်လုံးစ နှစ်လုံးစကို ဘယ်အခါက တတ်ထားသည်မသိ။ စကားပြောရာတွင် ရှမ်းစကားကို ရောစပ်ကာပြောလေ့ရှိသည်။ မြန်မာစကားကို ပြောသောအခါတွင်လည်း ရှမ်းသံဝဲလျက် ပြောလေ့ရှိသည်။ သူတို့နှစ်ယောက်မှာ ရွာစဉ်တစ်လျှောက် ပယောဂရောဂါကို ကု၍လာကြလေသည်။ မောင်ကျော် အမြဲကိုင်ဆောင်လေ့ရှိသော ထားဝယ် ကြိမ်လုံး ကားမည်သည့် လူနာကိုမျှ သနားညှာတာခြင်းမရှိပေ။ အလွန်ကြမ်းသော အရှူးများပင် မောင်ကျော်၏ ကြိမ်လုံးနှင့် တွေ့လိုက်လျှင် ငြိမ်ဝပ် ၍

သွားလေ့ရှိကြကုန်၏။ မောင်ကျော်တို့ ထွက်သွား၍ တစ်လမျှ မကြာမီ အနိစ္စရောက်ကြသည်သာ များလေသည်။

မောင်နှုန်းကား မောင်ကျော်တို့ကဲ့သို့ အဖော်မရှာ။ တစ်ယောက်တည်း စပါးကြီးသည်းခြေ၊ မိကျောင်းသည်းခြေ၊ ကျားစွယ်၊ ဆင်မြီး၊ ကျောက်ဂဏန်း၊ တောဆိတ်ချို၊ ကြံ့သွေးတို့ကို လှည့်လည်ကာ ရောင်းလေ့ရှိသည်။ ထိုပစ္စည်းတို့ကား တစ်ခုမျှ အမှန်မဟုတ်။ အားလုံး အတုချည်း ဖြစ်၏။ မျက်နှာပွင့်ဆေး၊ သိမ်ဝင်သပိတ်ကွဲ၊ ပီးဆေး၊ ပေါရိသာဒဆေးတို့ကိုလည်း မောင်နှုန်းထံ၌ ရနိုင်၏။

ဦးမွန်းကြီးကား မျက်စိကို ကြောင်တောင်ကန်းသော သူကဲ့သို့ ပြုလုပ်တတ်သူတည်း။ သီတင်းကျွတ်သည်နှင့်တစ်ပြိုင်နက် သူ၏ မြေးကလေး မောင်အေးနှင့်အတူတူ အမြို့မြို့ အရွာရွာသို့ ထွက်လေတော့၏။ ဦးမွန်းကြီးက မြေးကလေးအား တွဲ၍ လမ်းတကာ လျှောက်ပြီးလျှင် ကြားရသူတို့ ကျလောက်အောင် တတ်သမျှ မှတ်သမျှတို့ကို ရွတ်ကာ တောင်းလေ့ရှိ၏။ မျက်ရည်ကျသင့်သည့် နေရာတွင် မျက်ရည်ကျ၊ အော်ငိုသင့်သည့်နေရာတွင် အော်ငို၊ အတော်ကို ပွဲကျသော အဘိုးကြီးပေတည်း။ တစ်နေ့လျှင် အနည်းဆုံး တစ်ကျပ်စီ၏။

ဖိုးဆောင်နှင့် မြမောင်တို့ကား အဆိုအကကို အားကိုးကြသော သူတို့ဖြစ်လေသည်။ ဖိုးဆောင်က အဆိုကောင်း၏။ မြမောင်က အကကောင်းလေသည်။ သူတို့နှစ်ယောက် ပေါင်းလိုက်သော် ဦးဖိုးစိန်တစ်ယောက်လည်း ဖြစ်နိုင်၏။ ဦးစိန်ကတုံး တစ်ယောက်လည်း ဖြစ်နိုင်၏။ ဦးအောင်ဗလ တစ်ယောက်လည်း ဖြစ်နိုင်၏။ သူတို့နှစ်ယောက်ရောက်သော အရပ်တိုင်းမှာပင် သူတို့အား မနှစ်သက်သူ မရှိပေ။

အထက်တွင် ဖော်ပြပြီးသော သူများသာ မဟုတ်၊ အခြားအခြားသော ယောကျ်ား၊ မိန်းမတို့လည်း အသီးသီး အသက အသက ပိုက်ဆံတောင်းရန် ပိုက်ဆံရှာရန် ထွက်သွားကြသဖြင့် စဏ္ဍာလပိုင်းကလေးမှာ တစ်နွေပတ်လုံး သွေ့ခြောက်လျက် နေတော့၏။ ဦးတစ္ဆေတို့လင်မယားသားအမိသာ ကျန်ရစ်လေသည်။ သူတို့ကား ရပ်ဝေးသို့ သွားရန်မလိုသင်္ချိုင်းတွင် တွင်းတူးခြင်းဖြင့် ငွေဝင်လမ်းဖြောင့်နေသူတို့တည်း။

ဤသို့ တစ်နွေပတ်လုံး ခြောက်သွေ့နေပြီးနောက် မိုးဦးပေါက်သောအခါ စဏ္ဍာလပိုင်းကလေးမှာ အသက်ဝင်သကဲ့သို့ ဖြစ်လာ၏။ ဆူဆူညံညံ ဖြစ်၍လာ၏။

ကိုရွှေမောင်နှင့် ကိုဖိုးထောင်တို့လည်း ပြန်ရောက်ကြလေပြီ။ အိတ်ထဲတွင် ငွေသံတချွင်ချွင်နှင့် အင်မတန်မှပင် ပျော်ရွှင်နေကြလေသည်။

ကျောက်ကုန်သည် ဦးရွှေဖိုးက သူ၏မယားဟုဆိုလေသည်။ မောင်ရန်ရှင်းက ထောက်ခံ၏။

ရှမ်းဆရာကလေး မောင်ကျော်နှင့် သူ၏တပည့်တို့လည်း ငွေ ၂၀ဝိ ကျော်နှင့် ပေါက်လာကြပြီးလျှင် အဝတ်သစ် အစားသစ်တွေနှင့် ကြွားလား ဝါလား လုပ်နေကြလေပြီ။

မောင်နှုန်းကား မိမိရသောငွေဖြင့် စက်သီချင်းတစ်လုံးကို ဝယ်လေသည်။

ဦးမွန်းတို့ မြေးအဘိုးတွင် ငွေ ၃၀ဝိ ကျော်ပါလာသည်ကိုကြားရ၏။ နေရပ်သို့ ပြန်ရောက်၍ မကြာမီပင် မြေးကလေးကို ရှင်ပြုလေသည်။

ဖိုးဆောင်နှင့် မြမောင်တို့ကား စက်ဘီးတစ်စီးစီနှင့် ပေါက်လာကြပြီးလျှင် မြို့တွင်း၌ လျှောက်၍ စီးနေကြလေသည်။

အခြား အခြားသော စဏ္ဍာလ အပေါင်းတို့လည်း ပြန်ရောက် ကြလေပြီ။

စဏ္ဍာလ တစ်ပိုင်းလုံး ဆူညံဆူညံနှင့် ဖြစ်နေ၏။ မိမိတို့ကြုံတွေ့ရသော အကြောင်းများကို ပြောကြားကာ တဟားဟားနှင့် ဟားနေကြလေသည်။ ရှင်ပြုသူတွေက ပြု၊ အလှူပေးသူတွေကပေး၊ ကစားဝိုင်းထောင်သူတွေက ထောင်၊ ပျော်ပွဲကြီးများ ခံနေကြကုန်၏။

တစ်နေ့ရှာ၍ ရသောငွေဖြင့် တစ်မိုးလုံး ထိုင်စားနိုင်လေသည်။ အခြား အပိုင်းများတွင် နေထိုင်ကြသူတို့ကား တစ်နေ့လုပ်စာကို တစ်နေ့ပင်စား၍ မလောက်နိုင်ကြသောကြောင့် အကြွေးမကင်းကြပေ။ စဏ္ဍာလ များကား တစ်နေ့ရှာ၍ ရသောငွေဖြင့် တစ်မိုးလုံး ထိုင်စားနိုင်ကြသည်မှာ မြန်မာများ၏ အလှူရက်ရောသောကြောင့်ပင် မဟုတ်ပါလော။ မြန်မာများ ယုံကြည်လွယ်သောကြောင့်ပင် မဟုတ်ပါလော။

*ဂန္ထလောက၊ တွဲ-၂၀၊ မှတ်-၁၁၇၊*
*(ဒီဇင်ဘာလ၊ ၁၉၃၄)*

# တသက်သက်

လောကတွင် အမည်းရှိလျှင် အဖြူရှိရမည်။ ဆင်းရဲရှိလျှင် ချမ်းသာရှိရမည်။ သေသောတရား ရှိလျှင် မသေသောတရားရှိရမည်။ မုန်းသောသူရှိလျှင်၊ ချစ်သောသူရှိရမည်။ တွဲရေးရှိလျှင် ခွဲရေးရှိရမည်။ တကျက်ကျက်ရှိလျှင် တသက်သက်ရှိရမည်။ သဘောကွဲလွဲခြင်း ရှိလျှင် သဘောညီညွတ်ခြင်းရှိရမည်။

ဤကား လောကဓံတရားတို့ပေတည်း။ မည်သူမျှမလွတ်နိုင်။

ယခင်လက လင်မယားများ တကျက်ကျက်အကြောင်းကိုရေးခဲ့ပြီး၊ ၎င်းတို့တစ်ဦးနှင့်တစ်ဦး သဘောကွဲလွဲကြောင်းကို ရေးသားခဲ့ပြီ။ ယခု ၎င်းတို့ တသက်သက်နေသည်ကို ရေးရတော့မည်။ ၎င်းတို့ သဘောညီညွတ်ကြကြောင်းကို ရေးရတော့မည်။

ကိုင်း ရေးတော့မည်၊ ရေးပြီ။

မောင်လူအေးနှင့် ခင်သန်းမြင့်ကလေးတို့ကို ကလောင်စာ ကျွေးတော့မည်၊ ကျွေးပြီ။ မောင်လူအေး စခန်းထစေ။

မောင်လူအေးကား မိမိရုံးခန်းထဲတွင် အမှုတွဲတွေ တစ်ပုံကြီးနှင့် အလုပ်များလျက်နေ၏။ ၎င်း၏ ရှေ့စားပွဲပေါ်တွင် တင်ထားသော အမှုတွဲတို့မှာ တစ်မှုပြီးလျှင်တစ်မှု ကြမ်းပြင်ပေါ်ရှိ စာခြင်းထဲသို့ရွှေ့လျောသက်ဆင်း၍ ကျသွားကြလေတော့သည်။ မောင်လူအေး၏ ကလောင်မှာ သွက်၍သွက်၍ လာခဲ့၏။ မောင်လူအေး၏မျက်စိမှာ စားပွဲရှေ့နံရံတွင် ဆွဲထားသော နာရီသို့သာ ရောက်၍ ရောက်၍ သွားကြကုန်၏။

အတန်ကြာလျှင် စားပွဲပေါ်တွင်ရှိသော အမှုတွဲ၊ စာရွက်စာတမ်း အားလုံး စာခြင်းထဲသို့ သက်ဆင်းကုန်ကြလေပြီ။ ဒင်-ဒင်-ဒင်-ဒင်-ဒင် ဆိုသော အသံငါးချက်ကိုလည်း မောင်လူအေး၏နားများက ကြားကြလေပြီ။ မောင်လူအေးသည် နေရာမှထလေပြီ။ ရုံးမှဆင်းလေပြီ။ အဘယ်ကြောင့် ဤမျှ အလျင်လိုပါလိမ့်။

ခင်သန်းမြင့် စခန်း ထစေ။ ခင်သန်းမြင့်ကား နောက်ဘေး ဝရန်တာတွင် ပန်းထိုးလျက်နေ၏။ ခမ္မစကြာရွတ်လျက် သုံးနာရီထိုးပြီ၊ လက်ဖက်ရည်ပွဲကို ထမင်းစားခန်းတွင် ပြင်လျက်နေ၏။ လေးနာရီထိုးပြန်ပြီ။ မောင်လူအေးအလာကို မျှော်၏။ မရောက်လာ။ မောင်လူအေးခြေသံကိုနားထောင်၏။ မကြားသေး။ မစောင့်နိုင်။ ဧည့်ခန်းထဲသို့သွားကာ မျှော်၏။ မောင်လူအေးအရောင်ကိုပင် မမြင်ရသေး။ ရုံးဘက်ကို မျက်နှာမူကာ ရွှေလည်တိုင်ဖော့ရိုးကျိုးအောင် မျှော်နေ၏။

ငါးနာရီထိုးပြီ။ ယခုမှ မောင်လူအေး ရုံးမှဆင်းလာသည်ကိုမြင်ရ၏။ ခင်သန်းမြင့်ကလေး၏ ဝမ်းမြောက်ခြင်းကား ဆိုစရာ မရှိပြီ။ မောင်လူအေး အိမ်ဝင်းအတွင်းသို့ မရောက်မီ ခင်သန်းမြင့်ကလေး ပျောက်သွားပြီ။

မောင်လူအေး အိမ်ပေါ်သို့တက်လာပြီးလျှင် ဧည့်ခန်းထဲဝင်၏။ ခင်သန်းမြင့်ကို မတွေ့။ ထမင်းစားခန်းထဲဝင်၏။ ခင်သန်းမြင့်ကို မတွေ့ အိပ်ခန်းထဲတွင် ရှာတာမတွေ့။ ဝရန်တာတွင်ရှာတာ မတွေ့။ ရေချိုးခန်းတွေကိုသွား၍ ခေါက်၏။ ဘာသံမျှမကြား။ တံခါးများကိုဖွင့်၍ ကြည့်၏။ မတွေ့။ 'မြင့်ရေ' ဟုခေါ်၏။ ထူးသံမကြား။ ထပ်မံကာခေါ်၏။ တိတ် လျက်ပင်။ မီးဖိုထဲများ ဆင်းသလားဟု ခပ်ကျယ်ကျယ်ကလေး လှမ်း၍ ခေါ်၏။ မထူး။

တပည့်အား ခေါ်မေးမည်ဟုကြံကာ 'ထွန်းဖေရေ' ဟုခေါ်လိုက်တော့မှ အိပ်ရာအောက်မှ ခြေထောက်ကို ဆွဲကာ 'ဝါးခနဲ' အော်လိုက်၏။ 'မြင့်နော်' ဟု ဆိုကာ နှစ်ယောက်သား ဝါးခနဲ ရယ်ကြလေတော့သည်။ ပီတိတောတွင် မျော၍ နေကြလေပြီ။

အတူတကွ အိပ်ခန်းထဲမှထွက်ကြပြီးလျှင် လက်ဖက်ရည်သောက်ကြ၏။ စကားတပြောပြောနှင့် သောမနဿတွေ ပွားလျက် နေကြလေပြီ။ လက်ဖက်ရည်သောက်ပြီးလျှင် မောင်လူအေးက တယော ထိုး၏။ ခင်သန်းမြင့်က စည်းလိုက်လေသည်။ ဘာသီချင်း ထိုးသည်မသိ။

ဘာစည်းလိုက်သည် မသိ။ ခင်သန်းမြင့်က ပဉ္စသိခ်နတ်သားနှင့်တူသည်ဟု ချီးမွမ်း၏။ မောင်လူအေးက ဘရဏီနတ်သမီးနှင့်တူသည်ဟု ပြန်၍ဆိုလေသည်။ ဝါးခနဲ ရယ်ကြလေ၏။ ပီတိပွားကြပြန်၏။ သို့နှင့် မှောင်၍လာလေပြီ။

အတန်ကြာလျှင် ညစာ စားသောက်ကြရပြန်ပြီ။ ပြီးကြလျှင် စကားအတန်ငယ်ကြာအောင် ပြောကြ၏။ စကား ပြောနေခိုက် 'အလုပ် လုပ်ရအောင်' ဟု မောင်လူအေးက စလိုက်၏။ ခင်သန်းမြင့်ကလည်းထ၍သွားလေပြီ။ မကြာမီ လက်ထဲတွင် စာရွက် စာအုပ်တွေနှင့် ပြန်လာ၏။ မောင်လူအေးက ထကာ လှမ်းယူ၏။

၎င်းစာအုပ်ကား ရတနာ့ကြေးမုံ စာအုပ်ဖြစ်၏။ စာရွက်တွေကား ပေစာမှ ကူးယူထားသော ရတနာ့ကြေးမုံလက်ခံစာရွက်တွေဖြစ်လေသည်။ ခင်သန်းမြင့်က ကလောင်ကိုကိုင်ကာ စာရွက်တွေကိုလှန်၏။ မောင်လူအေးက စာအုပ်ကို ဖွင့်လေသည်။ မောင်လူအေးက စာအုပ်ကို ဖတ်၏။ ခင်သန်းမြင့်က စာရွက်ကို ကြည့်လေသည်။ ပြီးလျှင် စာရွက်အလွတ်ပေါ်တွင် ခင်သန်းမြင့်က ရေး၏။ "လက်ရေးကလေးတွေက ပုံနှိပ်စာလိုပဲ" ဟု မောင်လူအေးက ဆို။"မမြှောက်စမ်းပါနဲ့ ကိုယ်တော်ရယ်" ဟု ဆိုကာ ပြုံး။

သို့နှင့် ဖတ်ချည်ရေးချည်၊ ဘာများလုပ်နေကြပါလိမ့်၊ အလိုစာတည်း နေကြပေသတည်း။ မောင်လူအေးက သူတကာလို ဆောင်းပါးတို ဆောင်းပါးရှည်တွေရေးရန် ဝါသနာ မပါ။ သို့သော် ရှေးဟောင်းစာများ ထွက်ပေါ်လာရန် ကြိုးစားနေသူတည်း။

သုတေသနအသင်းက ပုံနှိပ်မည်ဖြစ်သော ရတနာ့ကြေးမုံနန်းတွင်းဇာတ်တော်ကြီးကို တည်းဖြတ်နေပေသည်။ ပျော်စရာပဲ ကောင်းသေးတော့။ ပုံနှိပ်စာနှင့် လက်ရေးစာ မတူသော နေရာတွင် မည်သည်က မှန်ကြောင်း မောင်လူအေးက ဆွေးနွေး၏။ ခင်သန်းမြင့်လေးက အကြံပေး၏။ သဘောတူရာ ထည့်ကြလေသည်။

ဤသို့ အလုပ် ရှုပ်နေခိုက် မောင်လူအေးက စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်၏။ ခင်သန်းမြင့်က မီးခြစ်တစ်ချောင်းကို ခြစ်၏။ မောင်လူအေး၏ စီးကရက်သည် ခင်သန်းမြင့်၏ မီးခြစ်ရှိရာသို့ ရောက်လေပြီ။ ခင်သန်းမြင့်၏ မျက်လုံးများကား မောင်လူအေး၏ မျက်လုံးများတွင် ကျက်စားလေပြီ။ ပြုံးကြလေပြီ။ ပီတိတောတွင် မျောပါကြ

လျက်ပင်။ သဘောတူသူချင်း နေရခြင်းကား ချမ်းသာခြင်းပေတည်း။ အတန်ကြာလျှင် အလုပ်များ သိမ်းကြလေသည်။

တစ်ခုသော တနင်္ဂနွေနေ့ည ခုနစ်နာရီတွင် ဆေးရုံအစည်းအဝေးသို့ မောင်လူအေးသွားရ၏။ ခင်သန်းမြင့်က မြန်မြန်ပြန်လာရန် မှာလိုက်၏။ ပြီးလျှင်ပြီးချင်း ပြန်လာမည်ဟု ပြောကာ ထွက်သွားလေပြီ။

၈ နာရီ ထိုးပြီ။ မလာသေး။ ခင်သန်းမြင့်ကား ဇာထိုးရင်း အိမ်ခန်းထဲတွင် စောင့်စားနေ၏။ ၉ နာရီထိုးပြီ၊ မလာသေး။ စိတ်ပူ၍လာလေပြီ။ ဧည့်ခန်းသို့ ထွက်ပြီးလျှင် မှန်ရွှေပြတင်းက လမင်းကို ရှုရင်း လာနိုးရယ်ခင်မျှော်ဖြစ်၏။ မပေါ်လာ။ စိတ်ပူသည်ထက် ပူ၍လာ၏။

ဧည့်ခန်းထဲတွင် အနည်းငယ် အေးသည်နှင့် အိပ်ခန်းထဲဝင်၍ စောင်ကိုယူ၏။ အိပ်ရာပေါ်တွင် စောင်ကြီးခြုံလျက် အိပ်နေသူတစ်ယောက်ကိုမြင်လျှင် 'အောင်မယ်လေး ကိုကိုရဲ့' ဟု အော်ပြီး ပြေးမည်အပြု စောင်ကိုခွာကာ 'ကိုကိုသည်မှာလေ' ဟု ဝါးခနဲ ရယ်၏။

ခင်သန်းမြင့်ကလေး ပြေးပြီး မောင်လူအေး၏ ကျောကို ဗျောတီးလေတော့သည်။ 'မြင့် လက်နဲ့ထုတာ ဝါဂွမ်းနှင့် သပ်သလိုပါပဲ' ဟု မောင်လူအေးက ဆိုရာ ရယ်၏။ "နာမှာစိုးလို့" ဟုဆိုကာ ပြုံး၏။

ဝန်ထောက်ပေမယ့် တော်တော် အနောက်သား၊ ကြည့်ပါဦး၊ နောက်ဖေးလှေကားက တက်ပြီး အိပ်ခန်းထဲဝင်ကာ စောင်ခြုံနေသတဲ့။ တကယ့်လူ။ နောက်တော့ နောက်တတ်ပလေတယ်။ နှစ်ယောက်သား တဟားဟားနှင့် ဟား၍ပဲ မဆုံးနိုင်။ တပြုံးပြုံးနှင့် ပြုံး၍ပဲ မဆုံးနိုင်။

မနက်ဖြန် နံနက် စောစော မောင်လူအေး တောသွားရဦးမည်။ မသွားချင်။ ခင်သန်းမြင့်၏ အချစ်ငွေ့တွင် လှုံချင်နေ၏။ ခင်သန်းမြင့်ကလည်း မလွှတ်ချင်။ မောင်လူအေး၏ အချစ်ငွေ့ကို လှုံနေချင်လေသည်။

မနက်ဖြန်နံနက် လေးနာရီတွင် ခင်သန်းမြင့် အိပ်ရာမှ ထလေပြီ။ မောင်လူအေးကား အိပ်တုန်း။ ခင်သန်းမြင့်သာ အလုပ်များလျက်နေ၏။ မောင်လူအေး ဝတ်သွားရန် အဝတ် တို့ကို ထုတ်၏။ မသွားခင် သောက်သွားရန် လက်ဖက်ရည်ကိုပြင်၏။ ယူဆောင်ရန်ရှိသည့်ပစ္စည်းများကို မမေ့သွားအောင် စေ့စပ်သည်။

ငါးနာရီ ထိုးပြီ။ သည်တော့မှ မောင်လူအေး အိပ်ရာမှနိုးလေတော့၏။ မျက်နှာသစ်။ အဝတ်အစားများ ဝတ်ပြီးလျှင် နှစ်ယောက်သား

လက်ဖက်ရည်စားပွဲတွင် ထိုင်၏။ လက်ဖက်ရည် သောက်ရင်း ခင်သန်းမြင့်က တောမှာ ဘယ်လောက် ကြာမလဲမေး။

'ငါးရက်ကြာမည်' ဟု ဖြေ။

မြင့်။ ။မလျှော့နိုင်ဘူးလား။

အေး။ ။ အလုပ်များလို့ . . . ငါးရက်ထက်တော့ မလျှော့နိုင်။

မြင့်။ ။ တောမှာ ဘာမှ မကြားပါရစေနဲ့နော်ဟု ရယ်ကာပြော။

အေး။ ။ အောင်မယ်လေးဟဲ့ . . . မယုံလို့လား၊ စိတ်များတောင် မကူးပေါင်ဗျာ။

မြင့်။ ။ မသိဘူးလေ။ ဝန်ထောက်တွေ အကြောင်း ခဏခဏ ကြားရတယ်။

အေး။ ။ မယုံရင် . . . ကိုင်း လိုက်ခဲ့ပေတော့။

မြင့်။ ။ ယုံတယ်။ လိုက်ခဲ့မယ်။

ခင်သန်းမြင့်ကလေး တောလိုက်ရန် အဝတ်အစားတွေ ပြင်လေပြီ။ ပြီးလျှင် နှစ်ယောက်သား တောထွက်သွားကြလေသတည်း။ ပြောပြော ဆိုဆို ရယ်ရယ်မောမော တသောသောနှင့်ပင်။ ဤတွင် မောင်လူအေး တို့ဇာတ်ကို တစ်ခန်းရပ်မည်။

*ဒဂုန်၊ တွဲ-၁၃၊ မှတ်-၁၅၇၊*
*(စက်တင်ဘာလ၊ ၁၉၃၃)*

# သူငပြတန်း

တံတားဦး ဗိုလ်တဲတွင် ထမင်း စားသောက်ပြီးလျှင် သူကြီး၏ ဖို့မော်တော်ကားစုတ်ဖြင့် နယ်ပိုင်ဝန်ထောက်မင်းနှင့်အတူ ထွက်လာခဲ့ကြလေ၏။ အတော်ကြာလျှင် အင်းဝ အိုးဒုတ်တန်းသို့ ရောက်ကြ၏။ လာရောက်ရသောကိစ္စကား အိုးဒုတ်တန်း ကူးတို့ကို စစ်ဆေးရန် ဖြစ်လေသည်။ မခင်လုံ ဆိုသူ မန္တလေးသူ တစ်ယောက်သည် အိုးဒုတ်တန်း ကူးတို့ကို ငွေ ၅၆၀၀ိ နှင့် လေလံဆွဲထား၏။ ရှေးအခါက ထန်းလျက် လှည်း၊ ဆပ်ပြာလှည်းတို့သည် ဤကူးတို့မှ ကူးကြ၏။ ယခုကား ၎င်းလှည်းလမ်းများ အသစ်ဆောက်သော မီးရထားလမ်းက ဖုံးအုပ်လိုက်သောကြောင့် လှည်းများမသွားနိုင်၊ ထိုအခါ ကူးတို့သူကြီး မခင်လုံနှင့် ၎င်း၏ ကိုယ်စားလှယ် မောင်အံ့တို့က ငွေ ၅၆၀၀ိ အနက် အချို့အဝက်ကို လျှော့ပါဦးဟု စစ်ကိုင်းခရိုင်မင်းကြီးထံ လျှောက်ထားကြ၏။ ခရိုင်မင်းကြီးက စုံစမ်းရန် အရေးပိုင်ထံသို့ လွှဲချလိုက်၏။ နယ်ပိုင်က မြို့အုပ်ထံသို့ လွှဲချနိုင်သော်လည်း လမ်းကြုံသောကြောင့် မြို့အုပ်အား လွှဲမချဘဲ ကိုယ်တိုင် စစ်ဆေးခြင်းဖြစ်၏။ ဤသို့ စစ်ဆေးရန်အတွက် အိုးဒုတ်တန်း ကူးတို့ဆိပ်သို့ ရောက်ကြလေသတည်း။

ကူးတို့ဆိပ်သို့ ရောက်သောအချိန်ကား နေပူတုန်း မွန်းတည့်အချိန်ဖြစ်၏။ အိုးဒုတ်တန်း ကူးတို့ဆိုသည်မှာ အင်းဝတံတားဦးဘက်

မှ မြစ်ငယ်မြစ်ကို အမရပူရဘက်သို့ ကူးသော ကူးတို့ဖြစ်လေသည်။ ကူးတို့ဆိပ်သို့ ဝန်ထောက်နှစ်ယောက် ရောက်ကြလျှင် အခန့်သင့်ပင် ကူးတို့သူကြီး ကိုယ်စားလှယ် (ရွှေကိုယ်တော်လူထွက်) ဦးအံ့နှင့် ကူးတို့ဆိပ်အနီးတွင် တွေ့မြင်ရလေ၏။

ကူးတို့ဆိပ်အကြောင်း စုံစမ်းရန် လာကြကြောင်းကို ပြောပြလျှင် ကူးတို့ဦးအံ့လည်း မိမိ ကူးတို့သွားတစ်ယောက် နှစ်ယောက်ကိုခေါ်ကာ မီးရထားလမ်းအောက် အမူရပူရဘက်သို့ အပို့ခိုင်း၏။ မိမိနှင့် တပည့်နှစ်ယောက်ကား အခြားငှက်တစ်စင်းနှင့် လိုက်၍လာကြ၏။ တစ်ဖက်ကမ်းသို့ ရောက်လျှင် လေးယောက်သား နေပူကျဲကျဲကြီးတွင် လှည်းလမ်းအတိုင်း မီးရထားလမ်းသစ် အောက်ရွာသို့ စိုင်းလာကြလေသတည်း။ လှည်းလမ်းမှာလည်း လှည်းသွား လှည်းလာ အရိပ်အခြည် များစွာ မတွေ့မမြင်ရချေ။ စကားတပြောပြောနှင့်လာကြရာ အကြော်ဆိုင်ကလေး တစ်ဆိုင်သို့ရောက်၍ သစ်ပင်ရိပ်ကလည်း ကောင်းသဖြင့် ခဏမျှ ဝင်နားကြလေ၏။ သင်ဖြူးများကို ဆိုင်ရှင် အဘွားကြီးက ပျာယီးပျာယာနှင့် ခင်းပေး၏။ ပါလာသော လက်ဖက်ရည်ကြမ်းဘူးမှ ရေငတ်ယောင်ရှိသောကြောင့် လက်ဖက်ရည်ဖွင့်၍ သောက်ကြ၏။

ခဏမျှကြာလျှင် နေပူကျဲကျဲကြီးတွင်ပင် လျှောက်ကြပြန်၏။ ထိုဆိပ်ကမ်းမှ မီးရထားလမ်းသစ်မှာ များစွာ မဝေးလှချေ။ သို့ရာတွင် နေပူကျဲကျဲကြီးထဲတွင် သွားရသောကြောင့် ဝေးသည်ဟု ထင်ရ၏။ အတန်ကလေးကြာလျှင် မီးရထားလမ်း မားမားကြီးဖို့ထားသောနေရာသို့ ရောက်ကြ၏။ မီးရထားလမ်းသို့လည်းရောက်၊ လှည်းလမ်းလည်း ရောက်၍ သွား၏။ အနားပတ်ဝန်းကျင်တွင် လမ်း၊ ချိုင့်ကြီး မြောင်းကြီးများ ရှိသောကြောင့် လှည်းများ မသွားနိုင်၊ ဤအကြောင်းနှင့် ပတ်သက်ပြီးလျှင် ဟိုဘက်လျှောက်ကြည့်လိုက် သည်ဘက် လျှောက်ကြည့်လိုက်နှင့် နေပူထဲတွင် တော်တော်ကလေး ကြာ သွားကြလေ၏။ ထိုနောက်မှ လှည်းမည်သည့်နည်းနှင့်မျှ မသွားနိုင်ဟူ၍ သိကြပြီးနောက် မီးရထားလမ်းသစ်ကြီးပေါ်သို့ တက်လျှောက်ကြ၏။ ဖို့ထားသော လမ်းသစ်ကြီးမှာ မြေကြီးမှ ပေ လေးဆယ် ငါးဆယ်ခန့် ပိုမိုမြင့်လျက်နေ၏။

ဤ မီးရထားလမ်းဖို့ထားသော နေရာကား သပြေတန်းခေါ်သော ရွာအနီးတွင်ဖြစ်၏။ သပြေပင်များ တန်းပေါက်နေသောကြောင့် သပြေတန်း ခေါ်ဆိုဟန်တူ၏။ သပြေပင်ကြီးများကို လမ်းအနီးအနားတွင် တွေ့

မြင်ရ၏။ ထို လမ်းမြင့်ကြီးပေါ်မှနေ၍ကြည့်လိုက်လျှင် ဧရာဝတီမြစ်၊ မြစ်ငယ်မြစ်တို့ကိုလည်းကောင်း၊ ရွှေကြက်ယက်၊ ရွှေကြက်ကျ စေတီတော် နှစ်ဆူတို့ကိုလည်းကောင်း၊ တစ်ဖက်တွင် ဆရာတော် ဦးဗုဒ်သီတင်းသုံး ခဲ့ဖူးသော မယ်နု အုတ်ကျောင်းကြီးကိုလည်းကောင်း၊ စစ်ကိုင်းတောင်ရိုးပေါ်တွင်တည်ရှိသော ဘုရားဂူကျောင်း၊ ချောင်အပေါင်း တို့ကိုလည်းကောင်း တွေ့မြင်ရလေ၏။ ကြည်နူးစဖွယ် ကောင်းလှ၏။ ညနေစောင်းများတွင် လျှောက်၍နေရမူကား ကောင်းလေစွဟု တောင့်တ မိ၏။ သို့သော် ထိုအခါကား နေပူတုန်းဖြစ်သောကြောင့် ဘုရားဂူကျောင်း တို့ကို မစဉ်းစားနိုင်၊ အရိပ်ကောင်းကောင်းသို့ ရောက်ရန်သာ ဆန္ဒရှိကြ သောကြောင့် ဧရာဝတီတံတားကြီး ဆောက်နေရာသို့သာ မြန်မြန်လှမ်း၍ လာကြ၏။

အတန်ကြာလျှင် ရောက်လာကြလေသတည်း။ တံတားကြီး ဆောက်သောနေရာကား သပြေတန်းခံတပ်၏ နေရာတစ်ခုဖြစ်လေသည်။ မြန်မာမင်းလက်ထက်တော်က တည်ထားအပ်သော ခံတပ်ဖြစ်၏။ အတော်ပင် နေရာတကျ လုပ်ထားသော ခံတပ်ဖြစ်လေသည်။ ထိုအခါ က မြန်မာများနှင့် ပြင်သစ်တို့ ကောင်းစွာ ပေါင်းသင်းဆက်ဆံကြသော ကြောင့် ပြင်သစ်များက စီမံဆောက်လုပ်၍ပေးသော ခံတပ်ဖြစ်ဟန်တူ လေသည်။ ထို ခံတပ်တည်နေရာက ကုန်းကလေးအသွင် ခပ်မြင့်မြင့် နေသောကြောင့် အနေအထား အလွန်ကျနလေသည်။ ဧရာဝတီမြစ်နှင့် မြစ်ငယ်မြစ်တို့အဆုံးနားတွင် တည်ထားသောကြောင့်လည်း နေရာကောင်း ကလေးဟု ဆိုရပေမည်။ ဧရာဝတီမြစ်ဆန်၍ လာမည့် သင်္ဘောကို ဤနေရာမှ ဆီး၍ ပစ်မည်ဆိုလျှင် ၄င်းသင်္ဘောမှာ တက်လာ နိုင်ရန် များစွာ ခဲယဉ်းပေမည်။ နေရာကောင်းကလေးတွင် တည်ထား သော ခံတပ်ဖြစ်၏။ ဤ သပြေတန်းခံတပ်မှ မျက်စောင်းထိုးတစ်ဖက် ကမ်းတွင် တည်ထားသော ခံတပ်ကား စစ်ကိုင်း ခံတပ် ဖြစ်လေသည်။ စစ်ကိုင်းခံတပ်ကား သပြေတန်းခံတပ်လောက် အနေအထားမကျ၊ ခံတပ်ကို စီမံပုံမှာလည်း များစွာမခမ်းနားချေ။

ဤသပြေတန်းခံတပ်အား အုတ်ဖြင့် အထပ်ထပ်ပြုလုပ်စီမံထား၏။ အလယ်ထပ်တွင် ချိုင့်ကြီးတူးထားလေသည်။ ထိုချိုင့်ကြီးတွင် စစ်သား များ နေထိုင်ရန်လည်းကောင်း၊ စက်ကိရိယာ တန်ဆာများ နေထိုင်ရန် လည်းကောင်း၊ အခန်းကလေးများ ရှိလေသည်။ အလယ်တွင်ကား ချိုင့်

ကြီးသာတည်း။ တက်ရန်၊ ထွက်ရန် ဆင်းရန်များကိုလည်းကောင်း၊ ရှောင်ရန် တိမ်းရန် ပြေးလွှား ပုန်းခိုရန် နေရာများကိုလည်းကောင်း ပြုလုပ် စီမံထား၏။

ယခုအခါတွင်ကား ၄င်းခံတပ်မှာ ပျက်စီးလုမတတ် ရှိနေပေပြီ။ ခံတပ်အတွင်း၌ မီးရထားဘက်တွင် ကြည့်ရှုရသော လမ်းဗိုလ်အိမ်နှင့် အလုပ်တိုက်ကို ဆောက်လုပ်ထားလေ၏။ နေပူထဲမှလာသောသူတို့လည်း ဤအိမ်အတွင်းသို့ဝင်ကာ လမ်းဗိုလ်လုပ်သူ ဘင်္ဂလီကုလားအား မိမိတို့ အစိုးရအမှုနှင့် စုံစမ်းရန်လာကြောင်းကို ပြောကြကာ အတော်ကြာအောင် စကားပြောကြ၏။ ထို့နောက် အင်းသူကြီး ကိုယ်စားလှယ် ဦးအံ့အား ထိုအလုပ်တိုက်တွင် စစ်ဆေး၏။ (အလုပ်တိုက်ဆိုရာမှာလည်း ဝါးကပ်မိုး၊ ဝါးကပ်ကာတည်း) ထို့နောက် စစ်ချက်နှင့် အစီရင်ခံစာတို့ကိုပါ ထိုနေရာမှာပင် ရေးသားကြ၏။

ထိုသို့ ရေးခိုက်တွင်ပင် မီးရထားဘက်မှ ကူလီများကို တစ်ဖက်တွင် လခပေးနေကြ၏။ တစ်ယောက်ပြီးတစ်ယောက် လာလာယူကြသည်မှာ ပျော်စရာကြီးပင်ဖြစ်၏။ ရေငတ်သဖြင့် လမ်းဗိုလ်ထံ ရေတောင်းသောက်သောအခါ ဆိုဒါ တစ်ပုလင်းစီပေးသောကြောင့် များစွာ ကျေးဇူးတင်ကြရ၏။

အလုပ်များ ပြီးစီးသောအခါ ခံတပ်အလယ်တွင်ရှိသော ချိုင့်ကြီးသို့ ဆင်းကြည့်ကြ၏။ ထိုချိုင့်ကြီးအတွင်းသို့ဆင်းရန် ဆောက်စဥ်ကပင် စီမံပြုလုပ်ထား၏။ ထိုအတွင်း၌ လက်ပံပင်ကြီးတစ်ပင်ပေါက်နေ၏။ အပွင့်များဝေဝေဆာ ရှိ၏။ ဆက်ရက်ငှက်များ ဆူညံစွာရှိနေကြ၏။ မိမိတို့ဆူညံနေသောနေရာကား သပြေတန်းခံတပ်ဟူ၍ သိကြဟန်မတူ၊ အကယ်၍ စစ်သားများရှိနေသော ခံတပ်ဖြစ်လျှင်လည်း ဤသို့ ဆူညံနေဝံ့ကြမည်မဟုတ်၊ စစ်သားများ၏ သေနတ်ကျည်ဆန်အဖျားတွင် အသက်ထွက်ကြမည်ကား မလွဲတည်း။ ယခုမှာမူကား ခံတပ်ပျက် ခံတပ်ဟောင်းဖြစ်သောကြောင့် ဆက်ရက်ငှက်များကပင် ပမာမခန့် ဆူလိုဆူ အော်လိုအော်၊ ပျော်ချင်သလို ပျော်နေကြ၏။

ချိုင့် ပတ်ဝန်းကျင်တွင်ရှိသော အခန်းများကို လိုက်၍ ကြည့်ကြသေး၏။ အများအားဖြင့် ပိတ်ထားလေသည်။ မီးရထား ကူလီများ နေကြဟန် တူ၏။ အချို့အခန်းများတွင် မီးရထားလမ်းလုပ်ရာတွင် သုံးသော စက်ကိရိယာများကို ထား၏။ လူ မနေသော အခန်းများမှာလည်း မှောင်

အတိကြီး ဖြစ်နေ၏။ လင်းဝက်ချေးစော်ကလည်း အလွန်တရာမှပင် နံစော်လှ၏။ အထဲတွင် မည်သို့ စီမံထားသည်ကိုကားမသိရ၊ မှောင်လည်း မှောင်လှ၊ နံလည်း နံလှသဖြင့် မဝင်ဘဲ အပြင်မှပင် ကြည့်ရှုခဲ့သတည်း။ လင်းဝက်၊ လင်းနို့တို့မှာ ယခုအခါတွင် ဤခံတပ်ကို ပိုင်စိုးပိုင်နင်း ချင်းနင်း ဝင်ရောက်၍ နေကြကုန်၏။

နောက်ဆုံးအကြိမ် အင်္ဂလိပ်များ တက်လာစဉ်က ဤခံတပ်မှ အမြောက်နှင့် ပစ်လိုက်ရသေး၏။ သို့သော် ကင်းဝန်မင်းကြီးက မပစ်ရ ဟု တားသောကြောင့် ရပ်ခဲ့ရသည်ဟူ၍ ကြားဖူး၏။ ထိုအခါက တဘောင်ပေါ်သည်ကား "သပြေပင် ခွကြား မသေချင် ပြန်ပလား(သွား) ဆလေဒင် ငါ့သား" ဟူသတည်း။

*ကြီးပွားရေး၊ တွဲ-၅၊ မှတ်-၁၊*
*(အောက်တိုဘာလ၊ ၁၉၃၆)*

## ရုံးရာအမှုထမ်း

ဘိလပ်မှ မြန်မာပြည်သို့ ရောက်လာသောနေ့ကား ဒီဇင်ဘာလ ၃ ရက်နေ့ဖြစ်၏။ နှစ်ကား ၁၉၂၉ ခုနှစ်တည်း။

ဆွေမျိုး ညီအစ်ကို မောင်နှမများ သင်္ဘောဆိပ်တွင် တွေ့မြင်ရသောကြောင့် အားရနှစ်သက် ဝမ်းမြောက်ပေ၏။ ရန်ကုန်မြို့ ဆွေမျိုးအိမ်တစ်အိမ်သို့သွား (ဒေါ်မြတ်မေ)၊ ထမင်းဟင်း စားသောက်ပြီးလျှင် စက်ကရီတေရီရက် ရုံးတော်သို့ သွား၊ အတွင်းဝန်ကလေးနှင့်တွေ့၊ စကားစမြည်များပြောကြား၊ စစ်ကိုင်းဘက်ပို့သည်ဟု ကြားရ၏။

မကြာမီ စံမောင်နှင့် အာနိုးတို့ ရောက်လာကြ၏။ အတန်ကြာစကားပြောကြပြီးလျှင်ပြန်ကြ၏။ သေနတ်အတွက် ပုလိပ်မင်းကြီး ရုံးသို့သွားရ၏။ ကံအားလျော်စွာ လွယ်လွယ်ကူကူနှင့် လိုင်စင်ရ၏။ သင်္ဘောဆိပ်သို့သွား၊ သေနတ်အကောက်ရုံးသို့ ရောက်ပြီဟု ကြားရ၏။ ပစ္စည်းများ ယူဆောင်ခဲ့၏။ ထို့နောက် အတွင်းဝန်ကြီးထံတွင် အခွင့်ဆယ်ရက်ပေးပါမည့်အကြောင်း တောင်း၏။ ဥပဒေကို အကြာကြီးရှာပြီးနောက် မတွေ့သဖြင့် ထုံးစံအတိုင်း ခြောက်ရက်သာ ယူရမည်ဟု ပြော၍ လွှတ်လိုက်၏။ ပြန်ခဲ့ရ၏။

မော်လမြိုင်သို့လည်း ပြန်လိုသဖြင့် ကသုတ်ကရက်နှင့် စီမံရ၏။ သို့သော် သေနတ်အတွက် ကိစ္စမပြီးသေး၍ တစ်နေ့ဆိုင်းရ၏။ ထိုနေ့မှာပင် ငွေစာရင်းရုံးတွင် တစ်လခအတွက် ၄၅၀ိ ထုတ်ယူရန်သွား၊ မောင်စံလွင်နှင့် တွေ့၊ စကားစမြည်ကောင်းစွာပြောကြ၏။ ဝမ်းမြောက်စရာ အလွန်ကောင်း၏။ လုပ်ရန်ကိစ္စများ ပြီးလျှင် ထိုည မော်လမြိုင်သို့ ထွက်လာရန် ဘူတာရုံသို့ သွားရာတွင် ဘူတာရုံ၌ မိတ်ဆွေများနှင့်တွေ့

ရ၏။ ဆရာပဟောင်း ဦးဘသန်းနှင့်လည်း တွေ့ရ၏။ အထူး ဝမ်းမြောက်ရ၏။

မော်လမြိုင်သို့ ရောက်လျှင် ကသုတ်ကရက်နှင့်ပင် မိတ်ဆွေ ဆွေမျိုးများထံသို့ သွားရောက်ရ၏။ နောက်တစ်နေ့တွင် ပြင်ဆင်စရာ ရှိသည်များကို ပြင်ဆင်ရ၏။ သုံးရက်မြောက်သော နံနက်တွင် မီးရထား စီး၍ စစ်ကိုင်းသို့ ထွက်ခဲ့၏။ ညနေ ပဲခူး မသန်းတို့အိမ်သို့ ရောက်၏။ ထိုတွင် ထမင်းစား၊ ဘူတာရုံပိုင်လေး မောင်ဟန်ထွန်းနှင့် တွေ့ စကား များ ပြောပြီး မီးရထားဖြင့် လိုက်ခဲ့ကြ၏။

နောက်တစ်နေ့နံနက် တစ်နာရီခန့်တွင် မန္တလေးရောက်၊ အစေခံ နှစ်ယောက်သာ ပါ၏။ ထိုမှ စစ်ကိုင်းရထားကိုစီး၏။ မောင်ဘမောင်ထံ စာရေးထားသောကြောင့် မောင်ဘမောင် ဆင်းလာ၊ နှစ်ယောက်သား အား ရပါးရ စကားပြောရ၏။ စစ်ကိုင်းရထား ၂ နာရီတွင် ထွက်လာ၊ အမရ ပူရ ကမ်းသို့ ၃ နာရီရောက်၊ မီးရထားစာရင်းစစ် ကိုမောင်မောင်၊ စက်ဆရာ ကိုအုန်းညွှန့်တို့နှင့်တွေ့၏။ ကူလီနည်းသောကြောင့် ပစ္စည်း အချို့နှင့် အစေခံများ ကျန်ခဲ့၏။ ငှက်သမား လွှတ်လိုက်ရ၏။ စစ်ကိုင်း သို့ ရောက်လျှင် စာရေးကလေးတစ်ယောက်လာ၍ ဆင်းကြို၏။ ပစ္စည်း များအချို့နှင့် လူများပါ ကမ်းနားလမ်း ဗိုလ်တဲသို့ ရောက်ကြ၏။ ထိုနေ့ ကား ဒီဇင်ဘာလ ၈ ရက်နေ့တည်း။

ရောက်လျှင်ရောက်ချင်း အရေးပိုင်မင်းထံ သွားရ၏။ အရေးပိုင်မင်း လည်း ကောင်းစွာ အင်္ဂလိပ်စကားနှင့်သာ ပြော၏။ အကဲလည်း ခတ်၏။ ကောင်းစွာ စကားပြောလေသည်။ စက်ရှင်မင်းကြီး၊ ခရိုင်မင်းကြီးတို့ အားလည်း သွားရောက်နှုတ်ဆက်ရန် ပြော၏။ သင်ရန် နေ့ရက် အပိုင်း အခြားပါသော စာရင်းစာရွက် (Programme) ကိုလည်း ပေး၏။ ထွက်လာပြီးလျှင် စာရေးကြီးထံ သွားရောက်၍ အိမ်အကောင်းမေး၊ အိမ်မရှိဟု ပြော၏။ ရှာနေတုန်းဟု ပြောလေသည်။ မြန်မြန်ရအောင် ရှာပါဟု တိုက်တွန်းကာ ပြန်လာခဲ့၏။ (ထိုနေ့ည ဗိုလ်တဲမှာပင် အိပ်)။

၉ ရက်နေ့၊ ၁၀ နာရီခွဲတွင် အရေးပိုင်မင်းထံ မှာထားသောကြောင့် သွားရ၏။ မရောက်သေး။ အပြင်ဘက်စာရေးအခန်းတွင် စောင့် စားနေရ၏။ အရေးပိုင်မင်း ၁၁ နာရီလာသောအခါ လယ်ဝန်ရုံးသို့ ခေါ်ဆောင်သွား၏။ လယ်ဝန်လည်း ကောင်းစွာ ဧည့်ခံ၏။ ထောင့် တစ်ထောင့်တွင် လယ်ဝန်၏ ကလေးများ ထိုင်နေ၏။ တစ်ထောင့်တွင်

ကား အလုပ်သင်မြို့အုပ် ဦးခူဝံ ထိုင်နေလေသည်။ အတန်ကြာအောင် စကားပြောပြီးနောက် အရေးပိုင်မင်း ထွက်သွား၏။

လယ်ဝန်အိုဟားရမှာလည်း သဘောကောင်းပုံရ၏။ ခေါင်းပြောင်ပြောင်၊ မြင့်မြင့်၊ သိက္ခာရှိပုံ၊ ရိုးသားပုံရလေသည်။ အလုပ်အကြောင်းများ ပြောဆိုကြပြီးလျှင် လယ်ဝန်ကလေး ဦးဘကြီးအား သင်ကြားပြသရန် ပြော၏။ လယ်ဝန်ကလေး ဦးဘကြီးက နောက်နေ့ (၁၀) ရက်နေ့တွင် မင်းကွန်းသို့ နယ်လှည့်ထွက်မည် ဖြစ်သောကြောင့် လိုက်ရန် ခေါ်၏။ ဦးခူဝံကလည်း ခေါ်၏။ များစွာ မလိုက်ချင်၊ သို့ရာတွင် အလုပ်ပါး မဝသေးသည် တစ်ကြောင်း၊ လူပျော့ ထင်မည်စိုးသည်တစ်ကြောင်း တို့ကြောင့် လိုက်မည်ဟု ပြောလိုက်၏။

လယ်ဝန်ကြီးလည်း မကြာမီ အိမ်ပြန်သွား၏။ ထိုနေ့တွင် မြို့အကွက် (Town Block) စစ်ဆေးရာတွင် ဦးခူဝံအား သင်ပြရန် ရှိသောကြောင့် လိုက်ရန်ကောင်းကြောင်း ပြောသဖြင့် ထိုနေ့ ညနေ ၃ နာရီခွဲအချိန်၊ မြေစာရင်း အင်စပိတ်တော် ဦးဘိုးရှိန်၊ မြေတိုင်းစာရေး ကိုဘရင် တို့နှင့် ထွက်သွားရ၏။ စစ်ကိုင်းအနောက်ဘက်ရှိ အကွက်ကိုစစ်ဆေး၏။ အလွန်ဆင်းရဲသော ရက်ကွက်ကလေးတည်း။ အိမ်တိုင်း အိမ်တိုင်း ဂရန်ကိုတောင်းရ၏။ သို့သော် ပေါင်ထားကြောင်းကိုသာ ပြောပြကြလေသည်။ ဂရန်တစ်ခုနှစ်ခုကိုသာ တွေ့မြင်ရလေသည်။ ဤကား ပထမနေ့ အလုပ်လုပ်ခြင်းဖြစ်ပေသည်။ လူတကာလုပ်သည်ကို လိုက်လုပ်ရရုံတည်း။

နောက်တစ်နေ့ နံနက် နယ်လှည့်သွားသောအခါ စားသောက်ရန်နှင့် လိုအပ်သော ဘောင်းဘီ၊ ဖိနပ်၊ ခေါက်ခုတင် အစရှိသည်တို့ကို ၅ဝိကျော်ဖိုး ရိုးတိုက်မှ ဝယ်ခဲ့၏။ ဦးခူဝံလည်း အတူတူပါ၏။ ထမင်းဟင်း စားသောက်ပြီး၍ ပြင်ဆင်ရန် ကိစ္စများပြီးစီးသောအခါ ဗိုလ်တဲတွင် ပါလာသူများကို ထားခဲ့၍ လယ်ဝန်ကလေးနှင့်အတူ သင်္ဘောဆိပ်သို့ထွက်ခဲ့၏။ ထိုနေ့တွင်ပင် ငှားအိမ်တစ်အိမ် ရ၏။ သို့ရာတွင် မပြောင်းလိုသေးသောကြောင့် နောက်တစ်နေ့မှ ပြောင်းကြရန် မှာထားခဲ့၏။ ဤ သို့ နေရာထိုင်ခင်းမကျမီ နယ်လှည့်ထွက်ခဲ့ရသည်ကို များစွာ သဘော မကျလှသော်လည်း အစိုးရအမှုတော်ကို ထမ်းမည့်သူမှာ ဒုက္ခကို မခံ၍ မဖြစ်ဟု သဘောထားကာ ထွက်ခဲ့၏။

နေ့ခင်း တစ်နာရီအချိန်တွင် မန္တလေးသို့ သွားမည့် သင်္ဘောရောက်လာ၏။ ပစ္စည်းများနှင့် အစေခံများကို တတိယတန်းတွင် နေရာချ

ထားပြီးလျှင် လယ်ဝန်ကလေးနှင့်အတူ ပထမတန်းက စီးခဲ့၏။ ဘောင်းဘီတို၊ ဦးထုပ်၊ ဘလေဇာတို့နှင့် ဟန်ဟန်ပန်ပန် တုတ်ကိုင်ကာ စီးလာ၏။ လယ်ဝန်ကလေးလည်း စစ်ကိုင်းတောင်တန်းကိုကြည့်ကာ မိမိ ငယ်စဉ်က ကျောင်းပြေး၍ စစ်ကိုင်းတောင်ရိုးသို့ ရောက်ကြောင်းကို ပြောပြ၏။ စစ်ကိုင်းတောင်ရိုးတွင် တည်ထားအပ်သော ဘုရားဂူကျောင်း ဇရပ်များကို ကြည့်ရှုကာ စီး၍လာကြ၏။ ဦးဓူဝံကား မန္တလေးသို့သွားနှင့်ပြီး ဖြစ်လေသည်။ အင်စပိတ်တော် ဦးဘိုးရှိန်မှာ တတိယတန်းက စီးလာ၏။

ထိုသို့ စကားတပြောပြောနှင့်ပင် ၂ နာရီကျော်ကျော်တွင် သဘော် မန္တလေးဆိပ်ကမ်းတွင် ဆိုက်သဖြင့် အစေခံများကို သဘော်ဆိပ်တွင်ထား ခဲ့ပြီးလျှင် ဓာတ်ရထားနှင့် ဈေးချိုတော်သို့ ခေါက်ဆွဲစားရန် ထွက်လာခဲ့ ကြ၏။ ဈေးချိုတော်နားရောက်လျှင် ကိုယ်ပိုင် မော်တော်ကား တစ်စင်း နှင့် မြို့အုပ်မင်း ဦးဓူဝံသဘော်ဆိပ်ဘက်သို့ လာနေသည်ကိုတွေ့ရ၍ လက်ပြကာ အရပ်ခိုင်းပြီးလျှင် ဓါတ်ရထားပေါ်မှ ဆင်း၍ မော်တော်ကား ပေါ်သို့ တက်ကြ၏။ မော်တော်ကားကို ဈေးချိုတော်နား မောင်းခိုင်း၏။ ဈေးချိုတော်ထဲတွင် စာရေးစက္ကူ ဖူးစကတ် စက္ကူများကို ဝယ်ပြီးလျှင် ခေါက်ဆွဲဆိုင် ကောင်းကောင်း တစ်ဆိုင်သို့ အမောင်းခိုင်း၏။ ရောက်လျှင် ခေါက်ဆွဲမှာပြီးလျှင် ဗိုက်ကားအောင် စားသောက်ကြ၏။ ခေါက်ဆွဲငတ်နေသည်မှာလည်း အတော်ကြာပြီဖြစ်သောကြောင့်တည်း။

ခေါက်ဆွဲစားသောက်ပြီးနောက် တအောင့်တနား နားနေပြီးလျှင် သဘော်ဆိပ်သို့ ပြန်ခဲ့၏။ လေးနာရီခွဲခန့်တွင်ရောက်ကြ၍ ငှက်နှစ်စင်း ငှားပြီးလျှင် မင်းကွန်းသို့ ထွက်လာကြ၏။ တစ်စင်းလျှင် သုံးကျပ်ပေးရ၏။ ငှက်တစ်စင်းပေါ်တွင် ဝန်ထောက်၊ မြို့အုပ်၊ လယ်ဝန်ကလေး ဦးဘကြီးနှင့် ဦးဘိုးရှိန်တို့ပါ၏။ တစ်စင်းတွင်ကား အစေခံလေးယောက်နှင့် ပစ္စည်းများ ပါလေသည်။ အစေခံများမှာ တစ်ယောက်ကား ရှမ်း၊ တစ်ယောက်ကား အညာသား၊ နှစ်ယောက်မှာ ဂေါ်ရင်ဂျီကုလားမျိုး တည်း။

မန္တလေး ဆိပ်ကမ်းမှ မြောက်ဘက်သို့ ဆက်၍ လာကြ၏။ အတန် ကြာလျှင် မန္တလေးကို လွန်ခဲ့၏။ မြစ်ဆိပ်သို့ဆင်း၍ ရေချိုးသူများကို လည်း တွေ့ရ၏။ လေးယောက်သားလည်း စကားတများများနှင့် လာ ကြလေသတည်း။ အတော်ကြာလျှင် မှောင်၍လာ၏။ လပြည့်ခါနီးပြီ

ဖြစ်သောကြောင့် အရှေ့ဘက်မှ လဝန်းကြီးပေါ်၍ ထွက်လာ၏။ အလင်းရောင်သည် ပျောက်၍သွား၏။ လ၏အရောင်သည် လင်း၍ လင်း၍ လာ၏။ မြစ်အတွင်း တိတ်ဆိတ်လျက်နေ၏။ ငှက်နှစ်စင်းမှ အစ်အစ်နှင့်မြည်သော အသံအပြင် အခြားအသံကိုသာ ဘာမျှ မကြားရချေ။

ဦးဓူဝံနှင့် ဦးဘကြီးတို့လည်း ခပ်ကျယ်ကျယ် ဆူညံစွာ စကားပြောသွားကြ၏။ ဦးဘိုးရှိန်ကား စကားနည်းသူ ဖြစ်သောကြောင့် များစွာ စကားမပြောချေ။ ကျန်တစ်ယောက်ကား ဘိလပ်နှင့်ပတ်သက်၍ မေးသော အမေးများကို ဖြေကြားပြောဆို၏။ နွေဖြစ်သောကြောင့် မြစ်အတွင်း ရေအလွန်တိမ်၏။ သို့ဖြစ်၍ မကြာမကြာ ငှက်သမား ဆင်းကာ ငှက်ကို ကြိုးနှင့် ဆွဲကြ၏။ စကားများနေကြသော်လည်း လမင်း၏ သာယာကြည်နူးပုံ အခြေအနေကို ကြည်နူးကာ တိတ်ဆိတ်စွာ ခံစားနေကြသည်လည်း ရှိ၏။ ဤသို့ပင် ၇ နာရီအချိန်၌ မင်းကွန်းသို့ ဆိုက်ရောက်ကြ၏။

☆ ✉

## ရုံးတော်

ဧရာဝတီမြစ်ဝကျွန်းပေါ်တွင် တည်ရှိသော ဇလွန်မြို့ကလေးသည် ရှည်မျော‌မျောနေ၏။ မြစ်ဆိပ်မှ တက်လာသော် ရှည်လျားသော လမ်းအတိုင်း လျှောက်၍ သွားရ၏။ နှစ်မိုင်ကျော်ကျော်ခန့် ဝေးလေသည်။ အိမ်များ ကား၊ ၎င်းလမ်းအတိုင်း စီတန်း၍ ဆောက်လုပ်ထား၏။ ဤလမ်းအပြင် အခြားလမ်းမရှိ၊ လမ်းတစ်လျှောက်တွင်လည်း လက်ယာတစ်ဖက်တွင်သာ အိမ်များ၏။ လက်ဝဲဘက်တွင်ကား ဘုရား၊ ကျောင်းနှင့် ကွင်းပြင်ကြီးသာလျှင် ရှိလေသည်။

မြို့အုပ်မင်း၏ရုံးတော်ကား (ဝါ) အစိုးရမင်း၏ ရုံးတော်ကား ဤရှည်လျားလှစွာသော မြို့၏အစွန်အဖျား၌ တည်ရှိလေသတည်း။ ရုံးတော်မှာလည်း မြို့ကို အတုလိုက်ပြီးလျှင် ရှည်လျားလျားပင် ဆောက်လုပ်၍ထား၏။ ကျယ်ကား များစွာမကျယ်၊ နှစ်ထပ်ရုံးတော်ဖြစ်လေသည်။ အောက်ထပ် ပထမအခန်းကလေးကား စာရေးကြီး၏ အခန်းဖြစ်၏။ ပေ ၁၃ × ၃၀ ခန့်ကျယ်၏။ ထို့နောက် မြို့အုပ်မင်း၏တရားခွင်တော်တော်ကျယ်၏။ နောက် မြို့အုပ်မင်း၏ အလုပ်ခန်း။ ၁၅ ပေ× ၃၀ ပေခန်း တံခါးပိတ်အဝတ်ရင့်များဖြင့်ပိတ်၍ထား၏။ ဤအခန်းနှင့် နီးကပ်နေသော အခန်းကား ငွေတိုက်စာရေးကြီးနှင့် အခွန်စာရေးတို့၏ အခန်းတည်း။ တစ်ရုံးလုံးမှာမှ အောက်ထပ်တွင် လေးခန်းသာ၊ အထက်ထပ်တွင်လည်း ဤနည်းအတိုင်း လေးခန်းသာတည်း။ ပထမအခန်းသည် ဘိလစ်စာရေးကြီးအခန်း၊ ဒုတိယကား တရားမမြို့အုပ်၏ တရားခွင်၊ တတိယကား မြို့အုပ်မင်း စဉ်းစားခန်း၊ စတုတ္ထကား သက်သေခံပစ္စည်းတို့ သိုမှီးရာတည်း။ ဤကား ဇလွန်မြို့ အစိုးရရုံးတော်ကြီး၏ အကျယ်အဝန်းဖြစ်လေသည်။

ရုံးဝင်းကား အတော်ကျယ်၏။ ကွင်းပြင်ကြီးအတွင်း၌ ဆောက်ထားသောကြောင့် နေပူကျဲကျဲနေ၏။ သစ်ပင်ဆို၍ ရုံးရှေ့ခပ်လှမ်းလှမ်းတွင် ကုက္ကိုပင်တစ်ပင်သာ ရှိ၏။ ပတ်ဝန်းကျင်ကား ပြောင်ပြောင်ကြီးတည်း။ ရုံးတော်၏ လက်ဝဲဘက်တွင် လျှောက်လွှာစာရေးများနှင့် တရုတ်လက်ဖက်ရည်ဆိုင်တည်ရာ သစ်သားဖြင့် ဆောက်လုပ်သော ရုံတစ်ရုံရှိလေသည်။ ရုံးတော်၏ လက်ယာဘက်တွင် ရုံးစောင့်ပျာတာ၏ အိမ်ကလေး တစ်အိမ်ရှိ၏။ ရုံးနောက်ဘက်ဆင်း အပြင် ခပ်လှမ်းလှမ်းတွင် ပုလိပ် ဂါတ်ဝိုင်းရှိ၏။

ဤနေ့ကား မြို့ပိုင်မင်း တောသွားခိုက်ဖြစ်၏။ ရုံးတော် ဝရန်တာပတ်ဝန်းကျင်တွင် တောသူတောသား လေးငါးရှစ်ယောက်၊ ချစ်တီးကုလား သုံးလေးယောက်၊ အမိန့်တော်ရတစ်ယောက်နှစ်ယောက် တို့ကို မြင်တွေ့ရလေသည်။ အချို့ကား ရပ်လျက်၊ အချို့ကား ကြမ်းပေါ်တွင် ထိုင်လျက်၊ အချို့ကား ဟိုလျှောက် သည်လျှောက်လျက်နေကြ၏။

လူခွန်လာပေးကြသော သူကြီးတစ်ယောက်တလေ သေနတ်ကြီးများထမ်း၍လာကြ၏။ အခွန်စာရေးထံတွင် အပ်နှံကြ၏။ ဟိုဟိုသည်သည် ပြောကြ၏။ အခွန်စာရေးကား ထိုသူကြီးများကို လူဟူ၍ပင်မမှတ်ထင်ရာပြော မြင်ရာပြောနှင့် လုပ်၏။ ငေါက်လည်း ငေါက်၏။ သူကြီးများ၏ စိတ်တွင်ကား မခံချင်ဖြစ်ကြ၏။ သို့သော် မည်သို့မျှ ပြန်လှန်မပြောဝံ့ ရှာကြချေ။ ထိုအခွန်စာရေးကြီးတည်းဟူသော ဆရာကြီးရှေ့တွင် သူကြီးတည်းဟူသော ကျောင်းသားကလေးတို့သည် ပျပ်ဝပ်လျက်နေကြကုန်၏။ မတုန်မလှုပ်ဝံ့ကြချေ။ အခွန်ရုံးစာရေး၏စိတ်ထဲတွင်မူကား မိမိ ကိုယ်ကို အခွန်တော်ရေး အတွင်းဝန်ကြီး၊ ဘဏ္ဍာတော်ရေးအမတ်ကြီးဟူ၍ပင် ထင်မှတ်မိ၏။ မိမိနှင့်တူသောသူ ဤမြို့ပေါ်တွင်မရှိ၊ အဘယ်သူ တုပြိုင်ဝံ့အံ့နည်း၊ မိမိကဲ့သို့သောသူအား အရိုအသေမပေးဘဲ မည်သူနေဝံ့ပါအံ့နည်း။ အရွယ်ကား သုံးဆယ်ကျော်မျှ ရှိသေး၏။ နှုတ်ခမ်းမွေးခပ်သက်သက်၊ ခေါင်းပေါင်းကို ကျကျနနပေါင်း၊ ရှပ်အင်္ကျီကြွေတိုက်၊ လက်မာမာကိုဝတ်၊ အကောင်းဆုံး ရှူးဖိနပ်စီး၊ ဘန်ကောက်လုံချည် ထည်ထည်ဝါဝါ၊ မြို့အုပ်ပေလားဟု ထင်မှတ်ဖွယ်၊ ပြောဆိုသောအသံကား အိုးခွဲသောအသံကဲ့သို့ ခပ်မာမာ၊ ခပ်ကြောင်ကြောင်၊ တစ်ခါတစ်ခါ ငှင်း၏ အော်သံကို ကြားရ၏။ တစ်ခါတစ်ခါ ငေါက်သံကို ကြားရ၏။

ငှင်းနှင့် ခပ်လှမ်းလှမ်းမှ ငွေစများကို တီးနေသော အသံကို ကြားရ

၏။ စကားပြောသောအသံကိုကား မကြားရချေ။ ထိုနေရာကား ငွေသွင်းငွေထုတ်ရာဖြစ်၏။ ငွေတိုက်စာရေးကြီးနှင့် ၎င်း၏လက်အောက်စာရေးတို့ကား တိတ်ဆိတ်စွာ စကားမပြောဘဲ ကြိုးစားကာ ငွေရေခြင်း၊ ငွေပေးခြင်း၊ စာရင်းထည့်သွင်းခြင်းအလုပ်တို့ကို လုပ်လျက်နေကြ၏။ နှစ်ယောက်လုံးမှာ တည်ကြည်သော မျက်နှာထားရှိကြလေသည်။ ငွေကပင်ဤသို့ တည်ကြည်သောမျက်နှာထားဖြစ်စေသလော၊ နဂိုကပင်တည်ကြည်သော မျက်နှာထားရှိကြပါသလော။

အစွန်ဆုံး စာရေးကြီး၏ အခန်းမှမူကား၊ စာရိုက်စက်၏အသံကိုခပ်သဲ့သဲ့ကလေးကြားရ၏။ အလုပ်များနေဟန်တူလေသည်။ မိမိ၏အလုပ်နှင့်သာလျှင် ရှုပ်ပွေနေသူဖြစ်၏။ အသက်ကား ကြီးပေပြီ။ အငြိမ်းစားခြင်းဘဝသို့ ရောက်ရန်သာ လိုတော့၏။ မျက်နှာထားကား ရိုးသားတည်ကြည်ပုံတည်း။

တစ်ရံတစ်ခါ အထက်ထပ် တရားမမြို့အုပ်မင်း ရုံးတော်မှ ‘တရားလိုမူတူးဆာမိချစ်တီးယား၊ တရားခံမောင်နီ၊ မောင်တူတော်၊ မသာလီဟူ၍ရှေ့ဘက်က အော်နေသောအသံကို သဲ့သဲ့ ကြားရပေ၏။ မြို့အုပ်မင်းစစ်ဆေးရန် အမှုများကို ခေါ်နေခြင်းပင်တည်း။ လူတစ်ယောက်နှစ်ယောက်တို့၏ တက်သွားသောခြေသံ၊ ဆင်းလာသော ခြေသံတို့ကိုလည်း ကြားရ၏။ ဝရန်တာတွင် လက်ဖက်ရည်ဆိုင်မှ တရုတ်လည်းလက်ဖက်ရည်ပန်းကန်အချို့ကို ကိုင်ကာ ဟိုအခန်းဝင် သည်အခန်းဝင်နှင့် လုပ်နေ၏။ စာရေးများအား လက်ဖက်ရည် လိုက်၍ ပေးနေခြင်းပေတည်း။

မြို့အုပ်မင်း တောသွားခိုက် ဖြစ်သောကြောင့် မြို့အုပ်မင်း၏တရားခွင်တွင် လူမရှိ၊ တရားခွင်ကြီးမှာ ခပ်ပျင်းပျင်းရှိနေဟန်တူ၏။ တရားခွင်ကြီးမှ ပျော်စေတော့ဟူသောသဘောဖြင့် စာကလေး ငှက်များအထက်မှနေ၍ ဆူညံစွာ မြူးတူး ပျော်ပါး၍နေကြကုန်၏။ အသိုက်လုပ်သူလုပ်၊ ပျံဆင်းသူဆင်း၊ ပျံတက်သူတက်၊ ပျံထွက်သူ ထွက်၊ အစာခွံ့သူခွံ့နှင့် အလွန့်အလွန်ပင် ပျော်ပွဲကြီး ခနေကြလေသည်။ ဤတရားခွင်ကြီးမှပင် လူပေါင်းများစွာကို ထောင်အကျဉ်းထားရန် မြို့ပိုင်မင်း အမိန့်ထုတ်ပြန်ခဲ့ကြောင်းကိုလည်းကောင်း၊ ဒဏ်ငွေအမြောက်အမြား တပ်ထားခဲ့ပြီးသည့်အကြောင်းကိုလည်းကောင်း၊ ထိုပျော်ပါးနေကြသော စာကလေးအများသည် လားလားမှ မရိပ်မိရှာကြချေ။ ထို တရားခွင်မှ ကြောက်စ

ရာ၊ လန့်စရာဟူ၍လည်း မသိ၊ မိမိတို့ အလိုကျသလိုပင်နေကြလေတော့၏။ ထင်သလို နေကြရုံမျှမကသေး၊ မစင်များကိုပင် စွန့်၍ချသောကြောင့် တရားခွင်တစ်ခုလုံး ဖြူဖွေးလျက်နေလေသတည်း။

မြို့အုပ်မင်းအလုပ်ခန်းရှေ့တည့်တည့် ဝရန်တာကြမ်းပေါ်တွင် ထိုင်နေသူမိန်းမကား အသက်သုံးဆယ်ခန့်ရှိ၏။ ရုံးတက်ချိန် ၁၁ နာရီအချိန်မှစ၍ ထိုင်နေသည်မှာ ၃ နာရီထိုးသည့်တိုင်အောင် ဘယ်သို့မျှမသွား၊ အနားတွင် အဖော်လည်းမပါ၊ တစ်ယောက်တည်းသာ ထိုင်၍နေ၏။ အဝတ်အစားတို့မှာ အလွန်ပင် ညစ်နွမ်းပေရေလျက်နေ၏။ ဆံပင်မှာလည်း ဖုန်အတိ ပြီးနေသဖြင့် ဆံပင်တို့မှာ ဖုန်အရောင်ထလျက်နေ၏။ တစ်ခါတစ်ခါ သမ်း၏။ တစ်ခါတစ်ခါ စောင်း၍ထိုင်၏။ တစ်ခါတစ်ခါ မတ်မတ်ထိုင်၏။ နေလည်း ဝရန်တာပေါ်သို့ ထိုး၍လာ၏။ ထိုမိန်းမလည်း ထိုနေရာမှာပင် ထိုင်မြဲတိုင်း ထိုင်လျက်နေ၏။ နေပူခြင်းနေမင်းနှင့်ပင် မိတ်ဆွေဖွဲ့ထားသလော၊ နေမင်းကိုပင် အရွဲ့တိုက်ကာ ဂုဏ်ခံနေလေသလော။ မိမိစိတ်အတွင်း၌ ပူပန်ခြင်းသည် နေမင်း၏ အပူထက်ပင် ဆယ်ဆ ကဲနေသေးသောကြောင့်ပေလောဟူ၍ တွေးတောဖွယ်ရှိ၏။

အဘယ်ကြောင့် ထိုမိန်းမသည် ဤရုံးတော်သို့လာပါသနည်း။ မြို့အုပ်မင်းထံ လျှောက်ထားရန် တစ်စုံတစ်ရာရှိသောကြောင့် ပေလော၊ မိမိလင်သားအပေါ်တွင် တောင်းခံထားသော လူခွန်တော်ကို မပေးဆောင်နိုင်သေး၍ ရက်ချိန်းရွှေ့ပေးရန် လျှောက်ထားလိုသောကြောင့်ပေလော၊ မြို့အုပ်မင်းက ရုံးတော်သို့လာရန် ဆင့်ခေါ်ထားသောကြောင့်ပေလောဟု မတွေးတောတတ်အောင်ပင် ဖြစ်ရ၏။

မြို့အုပ်မင်း၏ ရုံးအလုပ်ခန်းတွင် ထိုင်နေသူကား ငွေတိုက် အလုပ်သင်ရန် လာရသော ဝန်ထောက်ကလေးဖြစ်၏။ လက်ထောက်ငွေတိုက်စာရေးရမန်ယူ၍ လာသော စာရွက်များကို လက်မှတ်ထိုး၏။ လက်မှတ်ထိုးပြီးလျှင် အလုပ်မရှိ၊ ဟိုစာအုပ်ကြည့် သည်စာအုပ်ကြည့်နှင့် နေ၏။ စာ၌ စိတ်ပါဟန်မတူ၊ တစ်ခါ တစ်ခါ ကလောင်ကိုကိုင်ကာ စဉ်းစားသကဲ့သို့ နေ၏။ တစ်ရံတစ်ခါ မိမိအိတ်ထဲမှ စီးကရက်ကိုထုတ်သောက်ပြီး လျှင်ပါးစပ်မှ မီးခိုးတို့ကို မှုတ်ထုတ်၏။ ထိုမီးခိုးတို့ကို စိုက်ကြည့်ကာ တွေးတောနေ၏။ အခန်းထဲတွင် လက်ကို နောက်ပစ်၍ အပြန်အလှန်လျှောက်နေ၏။ တံခါးပိတ်ကို မ ပြီးလျှင် ရှေ့သို့ လှမ်း၍ကြည့်၏။ နေပူ

ကျဲကျဲ ကွင်းပြင်ကြီးအတွင်း၌ ပျော်ပါးစွာ အစာစားနေကြသော နွားတို့ကိုမြင်ရ၏။ နွားကျောင်းသားလေး၏ ပလွေသံ ကြောင်တောင်တောင်ကို ကြားရ၏။ တံခါးပိတ်ကိုချကာ ပြန်၍ ဝင်လာ၏။ မိမိနေရာတွင်ထိုင်၏။ စာကလေးများ ဆူညံနေကြသည်ကို မော်၍ကြည့်၏။ နေရာမှထကာ အခန်းပတ်ဝန်းကျင်တွင် လျှောက်ပြန်၏။ နေမထိ ထိုင်မထိ ဖြစ်နေ၏။

အဘယ်ကြောင့် ဤသို့ဖြစ်နေပါသနည်း။ အပူကြီး အပင်ကြီး များရှိသလော၊ မိမိ အလွန်ချစ်ခင်သော ရည်းစား သူတစ်ပါးနှင့်ယူသွားသောကြောင့် ပေလော စသည်ဖြင့် တွေးတောဖွယ်ရှိ၏။

မိမိနှင့် ထိမ်းမြားသည်မှာ တစ်လခွဲခန့်သာ ကြာသေးသော မိမိကြင်ယာမယားကို ဟသ်ာတမြို့၌ထားခဲ့၍ တစ်ယောက်တည်း ဤရုံးတော်တွင် အလုပ်သင်ကြားနေရကြောင်းကိုသိလျှင်၊ ထိုဝန်ထောက်ကလေး၏ နေမထိ ထိုင်မထိ ဖြစ်နေသည်ကို အံ့သြကြမည်လော။ ။



ထိုနေ့သည်ကား တစ်ပေါင်းလပြည့်ကျော် ၂ ရက်နေ့ဖြစ်လေသည်။ ရုံးတွင် နေ့ခင်းက အမှုတစ်မှုကို စစ်ဆေးပြီးနောက် နှစ်ဖက်စလုံးကပင် သက်သေခိုင်လုံနေသဖြင့် စဉ်းစားရကျပ်လှသောကြောင့် စိတ်အိုက်၍ နေ၏။ ထို့နေ့ပင် စီရင်ချက်ချက မှားမည်စိုးသောကြောင့် နောက်တစ်နေ့မှ စီရင်ချက် ချမည်ဟူ၍ အမှုသည်များအား ပြောပြပြီးလျှင် တရားခွင်မှ ဆင်း၍ အိမ်သို့ ပြန်လာခဲ့လေသည်။

တစ်လမ်းလုံး အမှုအကြောင်းကို သို့လော သို့လော တွေးတောလျက် လာ၏။ အိမ်သို့ ပြန်ရောက်လျှင်လည်း ဤအမှုအကြောင်းကို ပင်တွေးတောတော့၏။ ညနေ လက်ဖက်ရည် သောက်သော လက်ဖက်ရည်ပွဲတွင်လည်း အမှုအကြောင်းပင် တွေး၏။ ထိုင်နေသည်ဖြစ်စေ၊ ထနေသည်ဖြစ်စေ၊ လက်ဖက်ရည်သောက်နေသည်ဖြစ်စေ၊ ၎င်း အမှုအကြောင်းမှာ ရစ်ဝဲရစ်ဝဲ နေပေ၏။ သို့သော် ဆုံးဖြတ်ချက်ကိုကား တွေးတော၍ မရသဖြင့် အခက်နှင့် တွေ့ကြုံရလေ၏။

အကြံကောင်းများ ရလိုရငြား နေအနည်းငယ်စောင်းသွားလျှင် အိမ်မှထွက်၍ စစ်ကိုင်း ကမ်းနားလမ်းသို့ လမ်းလျှောက်ရန် ထွက်သွားလေ၏။ ထိုအခါသည်ကား ဧရာဝတီမြစ်ထဲတွင် ရေနည်းသောအခါတည်း။ ကမ်းခြေတစ်လျှောက်တွင် သောင်ပြင်ကြီးထွန်းလျက်နေ၏။ ထိုသို့ ထွန်းလျက်နေသော သောင်ပြင်ကြီးမှာ ကမ်းခြေမှ ကိုက် ၇၀ ခန့် မြစ်ထဲဖက်သို့ ထွန်းလျက်နေ၏။

ကမ်းနားလမ်းတစ်လျှောက် အရှေ့မှ အနောက်သို့ အစဉ်အတိုင်း လျှောက်၍ သွား၏။ အစဉ်အတိုင်း အစိုးရ ဆေးရုံ၊ အဘေီအမ် မိန်းက

လေးကျောင်း၊ ဘုရားရှိခိုးကျောင်း၊ စက်ရှင်မင်းကြီး အိမ်၊ အရေးပိုင်အိမ် ဗိုလ်တဲ၊ ရာဇဝတ်ဝန်ကြီးအိမ်၊ ဆရာဝန်ကြီးအိမ်၊ ဂျင်ခါနာ (စစ်ကိုင်း ကလပ် တို့သို့ ကျော်လွန်၍ သွား၏။ စစ်ကိုင်းကလပ် ကျော်လျှင် ကမ်းနားလမ်း ဆုံး၍သွား၏။

ခရိုင်မင်းကြီးအိမ်သို့ ဝင်ရန် လမ်းသာ ကျန်တော့သဖြင့် ကမ်းပါး အောက်ကိုဆင်းကာ အနောက်ဘက်သို့ ဆက်လက် လျှောက်သွားဖြစ်၏။ မင်းကြီးအိမ်ရှေ့ကို ဖြတ်၍ သွားပြီးနောက် စစ်ကိုင်းခံတပ် ပျက်သို့ ရောက်လေ၏။ ထိုခံတပ်ကား မြန်မာမင်း လက်ထက်က ဆောက်လုပ် ထားသော ခံတပ်ဖြစ်လေသည်။ ၎င်း ခံတပ်မှာ ပျက်စီးလျက် နေပေပြီ။

လမ်းလျှောက်ရင်း တစ်လမ်းလုံး စဉ်းစား၍လာခဲ့သောကြောင့် ဘာကိုမျှ မတွေးတောမိ။ ဤခံတပ်ဟောင်းသို့ ရောက်သောအခါမူကား ရှေးဟောင်းနှောင်းဖြစ် မြန်မာမင်းတို့၏အကြောင်း၊ မြန်မာမင်းတို့၏ ခြေရာ လက်ရာကို မြင်လိုက်ရလျှင် မြန်မာမင်းတို့၏ အကြောင်း တွေးတောမိ၏။ စစ်ဖြစ်စဉ်က မည်သို့ ဖြစ်ပျက်ကြပုံ အကြောင်း၊ မည်သို့ လှုပ်ရှားထကြွကြမည့် အကြောင်းကို စိတ်ကူးထဲတွင် တွေးတောစဉ်းစား မိ၏။ ဤအခါကျမှ ယခင် စဉ်းစားနေရင်း အမှုအကြောင်း စိတ်ကူးထဲမှ ပျောက်၍သွား၏။

ထို့နောက် ခပ်မောမောရှိသဖြင့် ခံတပ် အစွန်နားရှိ အုတ်များ ပေါ်တွင် တက်၍ထိုင်ကာ မြစ်ဘက်သို့ လှမ်းကြည့်၏။ ထိုနေရာ အနောက်ဘက် မနီးမဝေးရှိ အစေခံရွာမှ ဆင်း၍ ပျော်ပါးစွာ ရေခပ် နေကြသည်ကို မြင်ရလျှင် စိတ်ပျော်ရွှင်၍ လာလေ၏။

ရေအိုး ရွက်သူက ရွက်၊ ဆိုင်းနှင့် ဦးပဲ့ ထမ်းသူက ထမ်း၊ ရေအိုး နှစ်လုံး ဆင့်ပြီး ရွက်သူက ရွက်၊ လူနှစ်ယောက် အိုးကြီးတစ်လုံးကို ထမ်း ပိုးဖြင့် ထမ်းသူကထမ်း၊ အသက်အရွယ်မှာလည်း ကြီးကြီးလည်းပါ၊ ငယ် ငယ်လည်းရှိ၊ ယောကျ်ား မိန်းမ မကျန် အားလုံးပင် ပျားပန်းခပ်ဘိသကဲ့ သို့ သောင်ပြင်ကြီးတွင် ဆင်းသူဆင်း၊ တက်သူတက် နေကြ၏။ အသက် အရွယ် ငယ်သူတို့အနက် သုံးနှစ် လေးနှစ်သား ကလေးများပင် ပါ၏။ အသက်ကြီးသူတို့အနက်လည်း ၇၀ ကျော်များပင် ပါလေသည်။

လူအများ တက်ဆင်းကြသည်မှာ များလှသော ကြောင့် ဖုန် တထောင်းထောင်း ထ နေသည်မှာ ဆောင်းတွင်း၌ မြူနှင်းတွေ ဖုံးအုပ် နေသကဲ့သို့ ဖြစ်နေ၏။ သီချင်းအော်ဆိုသူကလည်းဆို၊ စကား အော်

ပြောသူကလည်း ပြော၊ တစ်ယောက်ကိုတစ်ယောက် အော်ပြီး ခေါ်သူတွေကလည်း ခေါ်၊ ပျော်လိုက်ကြသည့်ဖြစ်ခြင်း။

ရေကူးသူတို့ကလည်း မရှား၊ ကစားနေသူတွေ ကလည်း အပုံပင်၊ ခုန်ပေါက်နေသူတွေ ကလည်း အနန္တ၊ ပြေးလွှား နေသူတို့မှာလည်း စံမရများလှစွာ၏။ ပွဲ အကြောင်းလည်း ပြောကြ၊ ရုပ်ရှင်အကြောင်းလည်း ပြောကြ၊ မီးလောင်သည့်အကြောင်းလည်းပြောကြ၊ ဓားပြတိုက်သည့် အကြောင်းလည်း ပြောကြ ဆူညံ၍ နေပေ၏။

အချို့က သဲထဲတွင် တောင်ပုံတောပုံ လုပ်ကြ၏။ အချို့က သဲပုံစေတီ တည်ထားကြ၏။ ကလေးများကလည်း ဘုရားဖူး သွားဟန် ဆူညံ၍ နေကြ၏။ လူအများ ဆူညံ၍ နေသည့်အကြားတွင် ခွေးများကလည်း ပျော်ပါးလွန်းကြ၍ ဟိုပြေး သည်ပြေး တပြေးတည်း ပြေးလျက်နေကြ၏။

ထို သောင်ပြင်ပေါ်တွင် တံငါ လုပ်စားကြသော တံငါသည်တွေ၏ တဲကလေးများမှာလည်း သုံးလေးဆယ်ခန့် ရှိလေသည်။ ရွာကလေး တစ်ရွာပင် ဖြစ်နေ၏။ ထို တဲကလေးတွေအနီးတွင် ပျော်ပါးစွာကစား၍နေကြသော ကလေးများကလည်း သံပုံးများကို ကျယ်လောင်စွာတီး၍ နေကြ၏။ အရပ်ထဲတွင် သံပုံးတီးကာကစားနေကြသံကိုကြားရလျှင် ဒေါသထွက်ပေလိမ့်မည်။ သို့သော် ဤအချိန် ဤနေရာ ဤအခါ၌ကား သံပုံးတီးသံကိုပင် သာယာသကဲ့သို့ ထင်မှတ်မိ၏။

ရေကူးနေသူတို့မှာလည်း ရိုးရိုးတန်းတန်းကူးကြသည်မဟုတ်၊ လိုက်ကြ ပြေးကြ၊ သီချင်းဆိုကြ စောင်းမြှောင်းပြောဆိုလလျက် နေကြ၏။ ဤသို့ ပျော်ပါးစွာ ရေကူး ရေခပ်၊ ပြေးလွှား ကစားနေသည့်အခါတွင် လှေကြီး လှေငယ်၊ ငှက်များလည်း မကြာမကြာ စုန်၍ သွားကြ၏။ ဆန်၍လည်း လာကြ၏။ ထိုလှေများ ငှက်များပေါ်တွင် ပါသောသူများအား သောင်ပြင်တွင် ကစားနေသူတို့က လှမ်း၍ စကားပြောကြ၏။ လှမ်း၍ နောက်ကြ၏။ လှမ်း၍ စောင်းမြှောင်းကာ သီချင်းဆိုကြ၏။ လှေပေါ်တွင် ပါလာသူတိုကလည်း စိတ်ဆိုးခြင်းမရှိ၊ ပြန်လှန်ကာ ပျော်ပါးစွာ ပြန်၍ သီချင်းဆိုကြ၊ လှမ်းနောက်ကြနှင့် ပျော်စရာကြီး နေ၏။

အနီးအနားမှ လှေများ ဖြတ်သွားလျှင်လည်း ရေကူးနေသူ တို့မှာ လှေနားရောက်အောင် ကူးသွားကြပြီးလျှင် လှေကို လိုက်၍ တွယ်ကြ၏။ လှေတွင်ပါလာသူတို့က ထိုးဝါးတို့ဖြင့် ရိုက်မယောင် ပြုလုပ်ကာ ကစားကြ၏။ ကူးလိုက်သူတို့ကလည်း ရောက်လျှင် လှေကို တွယ်၍ လိုက်သွား

၏။ အချို့က လှေပေါ်သို့တက်၍ ဝိုင်းဝန်းကာ လှေထိုးပေးကြ၏။ အတော်ဝေးဝေးကျမှ လှေပေါ်မှ ခုန်ဆင်းကာ ပြန်၍လာကြ၏။ အချို့ လှေတို့မှာလည်း မိမိတို့တင်ဆောင်လာသော ခရမ်းသီးများဖြင့် သောင်ပြင်ပေါ်တွင် ကစားနေသူတို့အား ပစ်ခတ်ကာ ကစားကြ၏။ ပျော်စရာကြီး တစ်ရပ်ဖြစ်ပေသည်။ သောင်ပြင်မှလည်း ၄င်းတို့၏ ခရမ်းသီးများဖြင့်ပင်လျှင် ပြန်၍ ပစ်ကြ၏။

ဤသို့ ပျော်ပါးစွာ နေကြသော သူတို့မှာကား ထိုအခိုက်တွင် အပူအပင်မရှိ၊ ပြီးစီးပြန်လျှင်လည်း ပူရ ပင်ရသော အချက်များစွာ မရှိချေ။ မိမိတို့ လုပ်ကိုင်၍ ရသမျှသော ဥစ္စာ ပစ္စည်းတို့နှင့် တင်းတိမ်လျက်နေကြ၏။ အစားအသောက်မှာလည်း ထမင်းနှင့် ပဲပြုတ်၊ ပဲဟင်း၊ ခရမ်းချဉ်သီးဟင်းများကို ရလျှင် ကျေနပ်ပေပြီ။ သွားလာရန်မှာလည်း မိမိတို့တွင် ရှိသော ခြေနှစ်ချောင်းကိုပင် အားကိုးကြ၏။ ဖျားနာပြန်လျှင်လည်း ဆရာဝန် ခေါ်ရန် ငွေကြေးများစွာ မလို၊ အရပ်ထဲတွင်ရှိသော ဆေးမြီးတိုနှင့်ပင်ပျောက်ကြ၏။

ဤသို့ ကြည့်နေရင်း ထိုသူတို့၏ ပျော်ရွှင်ခြင်းကို အားကျနေရင်း မိမိလုပ်ရသော အလုပ်အကိုင်၏ တာဝန်ကြီးခြင်း၊ စိတ်ပင်ပန်းစရာကောင်းခြင်းတို့ကို စဉ်းစားနေရင်းပင်လျှင် မိုးချုပ်၍လာ၏။ နေလည်းဝင်၍ သွားတော့မည့်ဆဲဆဲ နေ၏ နီသော နေရောင်တို့သည် မြစ်တစ်ခုလုံးတွင် ကျနေသောကြောင့် မြစ်တစ်ခုလုံး နီနီရဲရဲကြီးဖြစ်နေ၏။ သောင်ပြင်နှင့် တဲများအပေါ်တွင် ကျရောက်သော နေရောင်၏ ပုံပန်းကိုကား မပြောပြနိုင်အောင်ရှိ၏။ စိတ်ကြည်နူးနေရင်းပင် အတန်ကလေးကြာလျှင် နေဝင်၍ သွား၏။ မှောင်၍လာ၏။ ရေခပ်သူ များလည်း ပါး၍သွား၏။ ထိုအခါမှ ထပြီးလျှင် အိမ်ပြန်ခဲ့၏။ အမှုအကြောင်း ပြန်၍ ရောက်လာ၏။ ထိုအခါကား စိတ်အေးသော အခိုက်ကလေးတည်း။

*ဂန္ထလောက၊ တွဲ-၁၃၊ မှတ်-၇၅၊*
*(ဧပြီလ၊ ၁၉၃၁)*



မောင်လူအေး တိုက်အပေါ်ထပ် အိပ်ခန်းထဲရှိ ကြိမ် ပက်လက်ကုလားထိုင်ပေါ်တွင် တစ်ယောက်တည်းထိုင်လျက် နေသည်မှာ အတော်ကြာလေပြီ။ လက်ထဲတွင်ကား နံနက်ကရောက်လာသော ရန်ကုန်ဂေဇက်သတင်းစာကိုကိုင်လျက်ထား၏။ ၎င်းသတင်းစာကို ဖတ်ချည်ချချည်နှင့်လုပ်နေ၏။ စာ၌ စိတ်ပါပုံမပေါ်၊ သတင်းတစ်ခုခုကို ဆုံးအောင်မဖတ်၊ ခေါင်းစဉ်ကိုသာကြည့်ရင်း ကျော်၍သွားလေတော့သည်။

နောက်ဆုံး၌ သတင်းစာကို အနီးရှိစားပွဲပေါ်တွင် ချကာ စီးကရက်တစ်လိပ်ကို မီးညှိ၍သောက်၏။ ဆေးလိပ်မှထွက်သွားသော မီးခိုးတို့ကို မော်၍ကြည့်၏။ နက်နဲစွာ စိတ်ကူးထုတ်နေပုံ ပေါ်လေသည်။ အနားပတ်ဝန်းကျင်တွင်ရှိသော အိမ်ထောင်ပစ္စည်းများကို တစ်ခုပြီးတစ်ခု ကြည့်၏။ အလိုမကျသည့် မျက်နှာကို မြင်ရလေသည်။ ဘာများ အလိုမကျပါလိမ့်။ ညှိထားသော ဆေးလိပ်မှာလည်း တစ်စတစ်စမီးစာဖြစ်၍လာခဲ့၏။ တိုသည်ထက် တို၍လာခဲ့၏။ နောက်ဆုံး လက်ကို မီးလောင်သောအခါကျမှ ချေကာ ထွေးခံအတွင်းသို့ ပစ်သွင်းလိုက်လေတော့သည်။ အကြင်ဆေးလိပ်တိုကလေးသည် ရှဲခနဲဆို ထွေးခံအတွင်း၌ ပျက်စီးခြင်းသို့ရောက်ရရှာလေတော့သတည်း။ အိမ်အပြင်ဘက်တွင်ကား မိုးတစိမ့်စိမ့်နှင့် နေ၏။ ထို မိုးတစိမ့်စိမ့်နှင့်နေသည်ကို ပြတင်းပေါက်မှ လှမ်း၍ကြည့်၏။ အနီးရှိ အုန်းပင်ပေါ်တွင် ကျီးနှစ်ကောင်မှာ မိုးရေထဲတွင်ကုပ်ကာ

တစ်ကောင်နှင့်တစ်ကောင် တိုးဝှေ့နေကြကုန်၏။ ချမ်းပင်ချမ်းသော ကြောင့် ပေလော၊ တစ်ကောင်နှင့်တစ်ကောင် ချစ်ကြသောကြောင့် ပေလော။

ဤသို့ကြည့်နေ၍ အတန်ကလေးကြာလျှင် တံခါးဝမှ ခြေသံကြား ၍ လှည့်ကြည့်လိုက်ရာ ခင်သန်းမြင့် ကလေး ဝင်လာသည်ကို မြင်ရ၏။ ခင်သန်းမြင့်ကလေးကပြုံးလျက် အခန်းထဲသို့ ဝင်လာလေသည်။ မောင် လူအေးလည်း ပြန်၍ပြုံး၏။ မည်မျှစိတ်ကြည်၍သွားကြမည်နည်း။ ခင်သန်းမြင့်၏ အကြည်ဓာတ်သည် မောင်လူအေး စိတ်ကို တိုးဝှေ့၍ သွား၏။ မောင်လူအေး၏ အကြည်ဓာတ်သည်လည်း ခင်သန်းမြင့်၏ စိတ်ကို တိုးဝှေ့၍ သွားလေတော့သည်။ မောင်လူအေး ယခင်မျက်နှာမှ ချက်ချင်း ပြောင်းသွား၏။

မောင်လူအေးက စတင်၍

"ကိုကို မြင့်ကို စောင့်နေရတာ ကြာလှပြီ၊ လာနိုးလာနိုးနဲ့" ဟု ပြော၏။ ခင်သန်းမြင့်က တစ်ဖန်-

"ဩော် . . . ဧည့်သည်တွေက စကားကောင်းနေလို့ မတက်လာ တာ၊ လာချင်တာတော့ကြာပါပြီ၊ စိတ်ကောက်နေသလား" ဟု ပြန်၍မေး ၏။

"မကောက်ရပါဘူး" ဟု ဖြေ၏။

ဤသို့ ချစ်တင်းဆိုနေရင်း ခင်သန်းမြင့်က မောင်လူအေးထိုင်နေ သော ပက်လက်ကုလားထိုင်နှင့် ကပ်လျက် ကြမ်းပြင်ပေါ်၌လာ၍ထိုင် ၏။ မောင်လူအေး၏လက်လည်း အခွင့်မတောင်း ဘာမတောင်းဘဲ ခင်သန်းမြင့်၏ နဖူးအထက် ဆံစဆီသို့ရောက်၍သွား၏။ ရောက်ရုံမျှ မက၊ ပေါက်ခါစ ဆံပင်ကလေးများကိုပင် သပ်လျက်နေ၏။ အတန်ကြာ အောင်ပင် စကားမပြော ဘာမပြောဘဲ နေကြကုန်၏။ ဤ ဆိတ်ဆိတ် နေခြင်းသည် ချစ်တင်းဆိုသည်ထက်ပင် ကောင်းဟန်၊ စည်းစိမ်ရှိဟန်၊ ကြည်နူးကြဟန်တူလေသည်။ စာရေးဆရာကမူကား အဘယ်မှာလျှင် တပ်အပ်သေချာပြောကြားနိုင်ပါအံ့နည်း။

ခင်သန်းမြင့်ကလေး၏ လက်ထဲတွင်ကား ပိုးကြိုး၊ နီနီ၊ ဝါဝါ၊ ပြာပြာ စိမ်းစိမ်းတို့နှင့်တကွ မိန်းမအင်္ကျီအသစ်တစ်ထည်ကိုကိုင်လျက် ပါလာ ၏။ ထိုင်ကာ မိမိအင်္ကျီတွင် ပန်းပွင့်ကလေးများကို ထိုးလျက်နေ၏။ ခင်သန်းမြင့်၏ ပယောဂကြောင့် ထိုပိုးကြိုးကလေးများမှာ ပိုးကြိုးဘဝမှ

ပန်းပွင့်ကလေးများဘဝသို့ ရောက်သွားကြသည်ကို မောင်လူအေးလည်း စိုက်၍ ကြည့်လျက်နေ၏။ ခင်သန်းမြင့်လည်း တစ်ချက်တစ်ချက် မောင်လူအေးအား မျှော်၍ကြည့်၏။ မျက်စိချင်းဆိုင်မိကြလေသည်။ ရာဂပုတ္တကလေးတွေ သိန်းသန်းမက အများကြီးဖွားရှ် ကုန်၏။ ခင်သန်းမြင့်က စ၍ပြုံး၏။ မောင်လူအေးက လိုက်၍ ပြုံးပြန်၏။ ပြုံး၍မျှ တင်းမတိမ်သေး၊ "ကိုကို" ဟု နှုတ်က ခေါ်မိ၏။ "မြင့်" ဟု ပြန်၍ထူးမိ၏။ ၎င်း "ကိုကို" "မြင့်" ဆိုသော စကားကလေး နှစ်ခွန်းမှာ ပေါ်ထွက်လိုက်သည်၏ ခဏပင်လျှင် ချုပ်လျော့ရွေ့လျား၍ သွားကြကုန်၏။ ဤသို့ ချုပ်၍ သွားကြလေကုန်သော်လည်း ခင်သန်းမြင့်နှင့် မောင်လူအေးတို့၏ နားထဲတွင်မူကား စွဲမြဲလျက်ကျန်နေကြကုန်၏။ ပဲတင်သံကဲ့သို့ အဖန်ဖန်ကြားလျက်နေကြပေ၏။ အချစ် နှစ်ဦးတို့မှာ မေတ္တာတည်းဟူသော ပင်လယ်ကြော၌ မျောပါယစ်မူးလျက်နေကြသောကြောင့် ထပ်၍မျှ စကားမပြောနိုင်။ ထပ်၍မျှမခေါ်နိုင်။ ထပ်၍မျှ မပြုံးနိုင်ဖြစ်နေကြကုန်၏။

ဤသို့ စကားမပြော ဘာမပြော တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ပီတိဖြစ်နေတုန်း ဖြုန်းခနဲ အခန်းပြင်ဘက်မှ "မမ" ဟူ၍ ခေါ်သံကို ကြားလိုက်ရ၏။ မောင်လူအေး၏ ကိုယ်တော်မြတ်ညာလက်သည် ခင်သန်းမြင့်၏ ဆံစမှ ကုလားထိုင်လက်ရန်းသို့ အမှုမဲ့အမှတ်မဲ့ ပြန်၍ကြွခဲ့၏။ ခင်သန်းမြင့် သတိ မထားမိ၊ မောင်လူအေးလည်း သတိမထားမိ။

ခင်သန်းမြင့်လည်း ဣန္ဒြေမပျက် ထူးလိုက်လေ၏။ အခန်းအတွင်းသို့ ပြေး၍ ဝင်လာသူကား ခင်မြိုင်မြိုင်တည်း။ မောင်လူအေး၏ စာသုံးစောင်ကို လာ၍ ပေးလေသည်။ ခင်မြိုင်မြိုင်မှာ အသက် ၁၆ နှစ်ရှိ ခင်သန်းမြင့်၏ ညီမကလေးဖြစ်လေသည်။ ခင်မြိုင်မြိုင်လည်း စာသုံးစောင်ကို ပေးပြီး ထွက်သွားမည်ပြု၏။ မောင်လူအေးက စက်သီချင်းဖွင့်ရအောင်ဟူ၍ ပြောသောကြောင့် စက်သီချင်းထားရာသို့သွားကာ ဖွင့်လေတော့သည်။

မောင်လူအေးသည် စာသုံးစောင်ကို စက်သီချင်း နားထောင်ရင်း တစ်စောင်ပြီးတစ်စောင်ကိုဖတ်၏။ ပြီးလျှင် တစ်စောင်ပြီးတစ်စောင် ခင်သန်းမြင့်ကလေးသို့ ပေး၏။ ခင်သန်းမြင့်ကလေးလည်း ဖတ်ကာ ပြုံး၏။ မောင်လူအေးအား မော်၍ကြည့်၏။ မောင်လူအေးကလည်း ပြန်၍ ပြုံး၏။ ၎င်းစာတို့ကား မိတ်ဆွေများက ၎င်းတို့အား နောက်၍ ရေးလိုက်

သော စာများဖြစ်လေသည်။ မောင်လူအေးတို့၏ ပြုံးခြင်းသည် ခင်မြိုင်မြိုင်သို့ပင် ကူးစက်၍သွား၏။ ခင်မြိုင်မြိုင်မှာ ဘာမသိညာမသိပြုံးလျက်ပင်နေ၏။ အပြုံးတည်းဟူသော တောထဲတွင် တသောသောနှင့် နေကြကုန်၏။

ခင်မြိုင်မြိုင်က မောင်လူအေးတို့အား သရော်သောအနေနှင့် "ခင်တုန်း ချစ်စ ကြင်နာစ ကြားထဲက လေသွေးတော့ ဝေးတယ်လို့ထင်" ပါသော တစ်ယောက်ထိုင် လန်ချားခေါ် ဓာတ်ပြားကို ထပ်ကာထပ်ကာ ဖွင့်လျက်နေ၏။ ချစ်သူနှစ်ဦးတို့လည်း ကြည်နူးလျက်ပင်။ လေးကြိမ်ငါးကြိမ်ကျ၍ ချစ်သူနှစ်ဦးတို့က တောင်းပန်ကြတော့မှ အခြားဓာတ်ပြားတို့ကိုသွင်း၏။ ပျော်၍မဆုံး၊ ဝမ်းမြောက်၍မဆုံး၊ ကြည်နူး၍ မဆုံး တပြုံးပြုံးနှင့် နေကြကုန်၏။

မကြာမီ အိမ်ပေါ်သို့ပြေး၍ တက်လာကြသော သူတို့ကား ခင်ခင်သီနှင့် ခင်ခင်ရီတို့ဖြစ်ကြ၏။ ခင်ခင်သီကား အသက် ၁၀ နှစ်ခန့်၊ ခင်ခင်ရီကား အသက် ၈ နှစ်ခန့်။ ၄င်းတို့၏ ပခုံးတွင် စာအုပ်လွယ်အိတ်ကလေးတစ်လုံးစီ လွယ်လျက် တယ်လဲ ဝမ်းသာကြ ထင်ပါရဲ့။ ကျောင်းလွှတ်၍ အိမ်သို့ရောက်လျှင် ရောက်ချင်း စာအုပ် လွယ်အိတ်ကို မထားသေးဘဲ အိမ်ပေါ်သို့ ပြေးတက်လာကြခြင်းဖြစ်လေသည်။ ၄င်းတို့ နှုတ်ဖျားတွင်မူကား "ကိုကို-ကိုကို" ဆိုသော စကားများသီးလျက် နေ၏။ ခေါ်၍ အားမရနိုင်ကြ။ မောင်လူအေး၏ ပေါင်ပေါ်တွင် ညီအစ်မနှစ်ယောက် လုံ၍ထိုင်ကြ၏။ မောင်လူအေးကား မည်သူ့ကိုမျှ မျက်နှာမလိုက်၊ နှစ်ယောက်စလုံးအား ပေါင်ပေါ်တွင် ထိုင်စေ၏။ နေ့ခင်းက သင်ကြားရသော စာများအကြောင်းကို မေး၏။ သူ့ထက်ငါ မသာသာအောင် ဖြေကြ၏။ ဆရာက နေ့ခင်းက အမှတ်ပေးလိုက်သည့် စာအုပ်တို့ကို ထုတ်၍ ပြကြ၏။ တစ်ယောက်ကို တစ်ယောက်နှိမ့်ချ၍ ဆိုကြ၏။ ကိုယ်သာတတ်သည် သူမတတ်ဟူ၍ ဆိုကြခြင်းကား ကလေးတို့၏ သဘောတည်း။

ဤသို့ ထွေးလုံးရစ်ပတ် မေးမြန်းနေ၊ ဖြေဆိုနေကြသည့်အတွင်းတွင် ခင်မြိုင်မြိုင်ကလည်း ဓာတ်ပြားတစ်ပြားပြီးတစ်ပြား အစဉ်အတိုင်း ဖွင့်၍ သွားသည်မှာ ဓာတ်ပြားပေါင်း ၁၂ ပြားမျှပင် ကျလေပြီ။ ခင်မြိုင်မြိုင်ကလည်း မိမိဖွင့်နေသော သီချင်းများကို နားမထောင်ရကောင်းလားဟု စိတ်ဆိုးမယောင်ယောင်နှင့် စက်သီချင်းကို ပိတ်လိုက်မည်ပြု၏။

မောင်လူအေးက တောင်းပန်ရပြန်လေသည်။

နောက်ဆုံး၌ အားလုံးကျေနပ်ကြစေရန် ခင်ခင်သီနှင့် ခင်ခင်ရီတို့ကို အကခိုင်း၏။ ကလေးများလည်း မိမိတို့ တတ်စွမ်းသမျှ တစ်ယောက်နှင့်တစ်ယောက်သာလေအောင် ကြိုးစား၍ ကကြ၏။ မောင်လူအေးနှင့် ခင်သန်းမြင့်တို့က လက်ခုပ်ဝိုင်း၍ တီးကြ၏။ ပျော်လိုက်ကြတဲ့ ဖြစ်ခြင်း။ ငါးယောက်သား ဆူညံလျက်နေကြလေတော့၏။ ရယ်သူက ရယ်၊ မြှောက်ပေးသူက မြှောက်ပေး၊ ပြုံးသူကပြုံး၊ အားရပါးရ ကသူ ကနှင့် ပျော်စရာ့ပျော်စရာကြီးဖြစ်လေသည်။

ခင်သန်းမြင့်တို့၏ မိခင်နှင့် ဖခင်တို့ကား အပြင်ဘက်ခန်းရှိ ကုလားထိုင်တို့တွင် ထိုင်ကာ စာရင်းစာအုပ်ကြီးများကိုဖွင့်လျက် စာရင်းရှင်းနေကြကုန်၏။ သို့ စာရင်းရှင်းနေကြ၊ အလုပ်အကြောင်း ဆွေးနွေးနေကြသော်လည်း မိမိတို့၏ စိတ်မှာမူကား ထိုစာရင်းတို့တွင်လည်း ရှိမည်မဟုတ်၊ အလုပ်တွင်လည်း ရှိမည်မထင်။ သမီးလေးယောက်နှင့် သမက်ဖြစ်သော မောင်လူအေးတို့ ပျော်ရွှင်စွာ ရှိနေကြသည့်နေရာသို့သာ ရောက်နေကြသည်ဟုဆိုလျှင် မှားလိမ့်မည်မထင်။

ထိုခဏတွင် မောင်လူအေး၏ စိတ်ကို ကျေနပ်ခြင်း၊ နှစ်သက်ခြင်း၊ အားရခြင်းတို့က လွှမ်းမိုး၍ထားသောကြောင့် လောကကို မေ့လျက် နေတော့၏။ အလုပ်စိတ်များ မဝင်နိုင်။ အခွန်ကောက်သောစိတ်များ မဝင်နိုင်၊ သူခိုးဓားပြတို့အား နှိပ်ကွပ်သောစိတ်များမဝင်နိုင်၊ ပူပင်သောကစိတ်များ မဝင်နိုင်၊ လုံးလုံးကြီး အေးမြလျက်နေပေ၏။ ခင်သန်းမြင့်နှင့် မင်္ဂလာဆောင်ပြီးနောက် ခွင့်နှင့်နေသည် မဟုတ်ပါလော။

(ပျားရည်ဆန္ဒ) ဟုခေါ်ဆိုလေ့ရှိကြသော ချိုချို အေးအေးကလေး နေရသော အချိန်ကာလမဟုတ်ပါလော၊ ခင်သန်းမြင့်ကလေးတို့၏ အချစ်ငွေ့တွင် မြောမေ့၍ နေလေတော့သည်။

*ဂန္ထလောက၊ တွဲ-၁၆၊ မှတ်-၉၄၊*
*(နိုဝင်ဘာလ၊ ၁၉၃၂)*

# ရွှေမိုးညို

မောင်လူအေးသည် မိမိ၏ မယားချစ် မမြသန်းကလေးအား မော်လမြိုင် ဒိုင်းဝန်ကွင်း သင်္ချိုင်း၊ သီဟိုဠ်ပင် ကလေးအောက်တွင် မြှုပ်နှံပစ်ထားခဲ့ရသည်မှာ ၁၀ ရက်ခန့်သာ ကြာသေး၏။ ထို သီဟိုဠ်ပင်ကလေး သီဟိုဠ်ကိုင်းကလေးအား တရေးရေးမြင်ယောင်နှင့်နေ၏။ ကိစ္စပြီးစီး၍ မိမိနေအိမ်သို့ ရောက်လာသည်မှာ သုံးရက်သာလျှင် ကြာသေး၏။

အိမ်သို့ ပြန်ရောက်ပြီးနောက် စိတ်ထဲတွင် ကြောင်တောင်တောင်နှင့် နေ၏။ ဟာတာတာနှင့် နေ၏။ ပျင်းသလိုလို၊ ဆွေးသလိုလို၊ လွမ်းသလိုလိုနှင့် နေ၏။ လွမ်းသည်ဟူ၍လည်း မဆိုနိုင်၊ ဆွေးသည်ဟူ၍လည်း မဆိုနိုင်၊ စိတ်ညစ်သည်ဟူ၍လည်း မဆိုနိုင်၊ ဟာတာတာနှင့်ဖြစ်နေ၏။ ကြောင်တောင်တောင် ဟိုဟာ လုပ်ရနိုးနိုး သည်ဟာ လုပ်ရ နိုးနိုး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေ၏။

တစ်ယောက်တည်း စားပွဲရှေ့ ကုလားထိုင်တွင် ထိုင်ကာ တွေဝေစဉ်းစားနေသည်မှာလည်း အတန်ပင်ကြာ၏။ မိမိ အင်္ဂလန်ပြည် အောက်(စ်) ဖို့ဒ်မြို့တွင် တစ်ယောက်တည်း သွားရောက်နေထိုင်ခဲ့ဖူး၏။ မိဘဆွေမျိုး ချစ်သူ ခင်သူတို့အား လွမ်းဆွတ်တသခဲ့ဖူး၏။ သို့သော် ယခုအခါမှာကဲ့သို့ နေမထိ ထိုင်မထိ မဖြစ်၊ နောက်တစ်နေ့ ပြန်တွေ့ရဦးမည်ကို သိသောကြောင့် ဖြစ်ဟန်တူလေသည်။ တစ်ယောက်တည်း နေခဲ့သည်မှာလည်း နှစ်ပေါင်းများစွာ ကြာပေပြီ။ ယခုကဲ့သို့ မဖြစ်စဖူး၊ နှစ်ယောက်ပူး ပေါင်းသင်းကာ မနေခဲ့ဖူးသေးသောကြောင့် ဆိုစရာ ရှိ၏။ ဤလည်း မဟုတ်သေး၊ မမြသန်းကလေးနှင့်ပင် မမာဖြစ်နေစဉ်က ခွဲခဲ့ဖူးသေး၏။ လွမ်းဆွတ်၏။ တသ၏၊ ပူဆွေး၏။ သို့သော် ယခုကဲ့သို့ ကြောင်တောင်တောင်နှင့် နေမထိ ထိုင်မထိ မဖြစ်၊ နောင်တစ်နေ့

ကျလျှင် ပြန်တွေ့ရဦးဟူသော မျှော်လင့်ချက်ကလေးက ရှိသေးသော ကြောင့်တည်း။

ယခုကား မျှော်လင့်ချက် လုံးလုံးကင်း၏။ မပြန်သော လမ်းသို့သွား ပေပြီ။ ထို သီဟိုဠ်ကိုင်းအောက်မှာပင် အရိုးအသား ဆွေးမြည့်၍ သွားရ တော့အံ့။ မျှော်လင့်ချက်ကင်းသော သူအား လောကကြီးသည် အချည်း နှီးဖြစ်၏။ လောကကြီး အတွင်း၌ မြင်မြင်သမျှ အကျိုးမမြင်၊ အပြစ် သာမြင်ရ၏။ ထိုင်နေရကောင်းနိုးနိုး၊ ထနေရကောင်းနိုးနိုး၊ အိပ်နေရ ကောင်းနိုးနိုး၊ လမ်းလျှောက်နေက ကောင်းနိုးနိုးနှင့် နေ၏။ မမြသန်း ကလေး၏ မျက်နှာ၊ မမြသန်း မြှုပ်ထားရာ၏ အထက်တွင် ပေါက်သော သီဟိုဠ်ပင်တို့ကိုသာ မျက်စိထဲ တရေးရေးမြင်လျက် နေ၏။ စိတ်ကို ဖျောက်၏၊ ဆုံးမ၏၊ တရားချ၏၊ မရ။

စိတ်ပြေလက်ပြေ တုတ်ကောက် တစ်ချောင်းကိုကိုင်ကာ လူသူနှင့် ဝေးသော ကုန်းဘက်သို့ တစ်ယောက်တည်း လမ်းလျှောက်ရင်း ထွက် သွား၏။ စိမ်းလန်းသော မြက်ခင်းများ၊ စိမ်းလန်းသော တောတန်းကလေး များ၊ စိမ်းလန်းသော သစ်ပင်သစ်ကိုင်းများ၊ ရေပြည့်နေသော ရေအိုင် ကလေးများကို မြင်လိုက်ရလျှင် ဆွေးစိတ် လွမ်းစိတ်များ ပျောက်ကင်း လွင့်စဉ်၍ မသွားရုံမျှမက၊ ယခင်က ပူဆွေးသောကစိတ်များကို ဆွဲပေး သည်နှင့်တူ၏။

စိတ် ပူဆွေးနေသော သူအား တိတ်ဆိတ်သော နေရာနှင့်မဖြစ်၊ တိတ်ဆိတ်လေလေ ပူဆွေးသော စိတ် တိုးလေလေဖြစ်၏။ မြန်မြန်ပင် အိမ်သို့ ပြန်လာခဲ့၏။

ထမင်းဟင်း စားသောက်ပြီးလျှင် လူပေါများရာ အရာရှိတို့၏ အသင်းရုံသို့ ထွက်သွား၏။ ခါတိုင်းမူကား အသင်းရုံသို့ သွားခဲဘိခြင်း။ စိတ်ပြေလက်ပြေ ဖဲဝိုင်းတွင် ဝင်၍ ဖဲရိုက်၏။ ဖဲချပ်တွေ အကြားတွင် မမြသန်း၏ စိတ် ပေါ်၍လာ၏။ သူတကာ အသီးသီးနိုင်ကြ၏။ မောင် လူအေးကား အရှုံးသာ အဖတ်တင်၏။ ဖဲရိုက်၍လည်း နေရာမကျ၊ သူများတကာဗိလိယက်ထိုးနေကြသည်ကိုကြည့်၏။ သူတကာစကားပြော နေကြသည်တွင် ဝင်၍ ရောနှောကာ ပြော၏။ ရယ်သည့်နေရာတွင် ရယ်၏။ ပြုံးသည့်နေရာတွင် ပြုံး၏။ သို့သော် မမြသန်း၏ စိတ်ကား မပျောက်၊ လူက တခြား စိတ်ကတခြား ဖြစ်လျက်နေတော့သတည်း။

အချိန်ကုန်၍ အိမ်ပြန်လာပြီးလျှင် မိမိဝါသနာပါသော စာအုပ်

တွေကိုဖွင့်၍ ဖတ်၏။ ရှေးက ဤစာအုပ်မျိုးကို ဖတ်ရလျှင် ထမင်းမှန်း ဟင်းမှန်းမသိ စွဲစွဲမြဲမြဲဖတ်လေ့ရှိ၏။ အလွန်စွဲလမ်း၏၊ များစွာသဘောကျ၏။ ဖတ်၍ အနှစ်သာရရှိ၏။ ယခုကား စာတစ်မျက်နှာ ကုန်ရန်ပင် အတော်ကြာအောင် ဖတ်ရ၏။ စာတစ်မျက်နှာ ပြီးသွားပြန်ပါလည်း မိမိဖတ်သော အကြောင်းအရာများမှာ ဘာမှန်းမသိ၊ ဖတ်လိုက် စဉ်းစားလိုက်၊ တွေးတောလိုက်နှင့် လုပ်နေသောကြောင့် ဖြစ်လေသည်။ ဟုစဉ်းစားသည်စဉ်းစားနှင့်သာ နေ၏။ အချိန်မှာ မကုန်နိုင်သကဲ့သို့ ထင်မှတ်မိပေ၏။

အချိန်ကုန်လွန်လိုသောကြောင့် မိတ်ဆွေများထံသို့ စာလှမ်း၍ ရေး၏။ ထို စာတွေအထဲတွင် ဘာတွေပါကုန်မှန်းမသိ၊ ထင်တာတွေကို ရေးထည့်လိုက်လေ့ရှိ၏။ အများအားဖြင့် မမြသန်းကလေး၏ အကြောင်းသာ များကုန်၏။ စိတ်ကို အမျိုးမျိုးပျောက်အောင် ကြိုးစား၏။ ကြိုးစား၍မရ၊ ကြာလျှင် လွှတ်၍ထားရ၏။ စဉ်းစားချင်တိုင်း စဉ်းစားလျက်နေ၏။

ဤသို့ နေမထိ ထိုင်မထိ ဖြစ်နေသည်မှာ သုံးရက်ကြာပေပြီ။ ယနေ့ ရုံးမှ ငါးနာရီ ပြန်လာခဲ့၏။ စိတ်ပြေလက်ပျောက် လမ်းလျှောက်ရန် ဘောင်းဘီဖိနပ်များကို ဝတ်ကာ နေ၏။ ဤသို့ အဝတ်အစားလဲ၍ နေတုန်းမှာပင် အနောက်ဘက်မှ တိမ်တိုက်မိုးသားကြီးသည် မည်း၍ မည်း၍ တက်လာ၏။ ကြည့်နေရင်းပင် မိုးကြီး သည်းထန်စွာ ရွာ၏။ ချစ်ခင်သူတို့နှင့် ကွဲကွာ၍နေသော သူတို့မှာ ဤသို့သော အခိုက်အခါမျိုးနှင့် ကြုံတွေ့လျှင် အဘယ်မှာ မလွမ်းဘဲ နေနိုင်အံ့နည်း။ (မောင်လူအေးကား မမြသန်းကလေးနှင့် ခေတ္တမျှ ခွဲခွာ၍ နေရသူမဟုတ်၊ မကွေ့တမ်း ခွဲ၍ သွားလေပြီ။ ) မောင်လူအေး၏ ဆွေးခြင်းကား ဆိုစရာမရှိ၊ လွမ်းသူတို့ကား ပြန်၍ ဆုံနိုင်သေး တွေ့နိုင်သေး၏။ ဆွေးသူတို့ကား ပြန်၍ မတွေ့တော့ပြီ၊ လမ်းဆုံးသို့ ရောက်ပြီးဖြစ်၏။

မိုးပေါက်များ ကျနေသည်ကို တစိမ့်စိမ့်ကြည့်လျက်နေ၏။ မလှုပ်မရှား ငြိမ်သက်စွာ ရှုစားနေသော်လည်း စိတ်ထဲကမူ မည်မျှ လှုပ်ရှားနေသည်ကိုကား မည်သူ ပြောပြနိုင်အံ့နည်း။ အိမ်ရှေ့ခြံထဲတွင် ပေါက်ရောက်နေကြသော ဂန္ဓမာပန်း တို့ကား မမြသန်း ကျန်းကျန်းမာမာ ရှိစဉ်က သန်တုန်း၊ ပွင့်တုန်း၊ ဖူးတုန်း၊ အလွန်တရာမှပင် ရှုချင်ဖွယ်ကောင်းကြ၏။ လူမြင်တိုင်း ချီးမွမ်းကြရ၏။ မမြသန်း မကျန်းမမာ ဖြစ်၍

မော်လမြိုင်သို့ ပြန်သွားသောအခါ ဂန္ဓမာပန်းပင် ပန်းပွင့် ပန်းဖူးကလေးတို့မှာလည်း ညှိုးနွမ်းခွေလျ အားပြတ်ကာ ရှိနေကြကုန်၏။ ယခု မမြသန်းကလေး အဆုံးစွန်သော ဘဝတစ်ပါးသို့ ပြောင်းသွားသောအခါ၌လည်း၊ မမြသန်းနှင့် အတူပင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားကြကုန်လေသည်။

ပန်းခြံအတွင်း၌ ပန်းပင်ဟူ၍ မရှိတော့ပြီ၊ မြေပြင်သာလျှင် ကျန်တော့၏။ ကံတူ အကျိုးပေးများဖြစ်လေရော့သလား။ မမြသန်းကား ဂန္ဓမာပန်းပွင့်ကလေးတွေနှင့် တူလှပေ၏။ ထိုပန်းကလေးတို့သည် လှပတင့်တယ် ရှုချင်ဖွယ်ကောင်း၏။ ၎င်းတို့အား မျက်စိအောက်တွင် အမြဲရှုချင်စေကာမူ အသက်မရှည်ကြ။ ခေတ္တတွင်သာ အသက်ရှင်ကြကုန်၏။ မမြသန်းကလေးမှာလည်း သီလဂုဏ်၊ သမာဓိဂုဏ်နှင့် ပြည့်စုံပါပေ၏။ အသက်ကား မရှည်ရှာ။

ပန်းပင်သစ်ပင်တို့မှ ကင်းမဲ့၍ နေသော ပန်းခြံကား မိမိနှင့် တူလှ၏ဟု တွေးတောမိလေ၏။ ပန်းခြံမှာ ဂန္ဓမာပန်းကလေးများ ပွင့်ဖူးနေစဉ်က အလွန်တရာမှပင် ကြည့်ရှု၍ တင့်တယ်၏။ မောင်လူအေးမှာလည်း မမြသန်းကလေးရှိစဉ်က များစွာ အလွန်တင့်တယ်၏။ ရွှင်ရွှင်ပြုံးပြုံးရှိ၏။ ယခုမှာကား ပန်းပင်ကင်းသော ပန်းခြံကဲ့သို့ ခြောက်သွေ့သွေ့မှုန်သုန်သုန်ကြီးဖြစ်လျက် နေပေပြီ။ ရွှင်ပျကြည်လင်ခြင်းကား အလျင်း ကင်းလျက်နေပေပြီ။ အိမ်ရှေ့ပန်းခြံကိုကြည့်ကာ အတန်ကြာအောင်ပင် ငြိမ်သက်စွာ တွေးတောလျက် အဆွေးပွားလျက် နေလေတော့၏။

မိုးလည်း ရွာဆဲပင်။ မိုး၏ တန်ခိုးကား ချစ်ခင်သူတို့ အတူတူ နေထိုင်ရလျှင် စိတ်အေးမြစေ၏။ ချစ်ခင်သူတို့ ခွဲခွာ၍ နေရမှုကား စိတ်ကို ပူဆွေးစေ၏။ ရှေးက မိုးဖွဲများကို ဖတ်ဖူးသည်ကား များလှပေပြီ၊ အမှုမဲ့ အမှတ်မဲ့သာ ဖတ်၏။ လွမ်းစိတ်ဆို၍မပေါ်၊ ဆွေးစိတ်ဆို၍မပေါ် ယခုမှပင် ကိုယ်တိုင်ကြုံတွေ့ရ၏။ မိုးရွာ၍ ဆွေးသောကြောင့် အဆွေးစိတ်ပျောက်ရန် အိမ်ရှေ့ပန်းခြံကို စိုက်၍ ကြည့်ပြန်လည်း ခြောက်သွေ့သွေ့မြင်ရသော် တိုး၍သာဆွေးစေ၏။

ငွေတိုက်အလုပ်ကိုသင်ကြားရန် ဇလွန်သို့ သွားစဉ်က မမြသန်းကလေးအား ဟင်္သာတမြို့တွင် ခေတ္တထားခဲ့၏။ တနင်္ဂနွေနေ့ ရုံးအားရက်တွင် မြင်လိုသောကြောင့် မောင်တော်ကား တစ်စီးသာ သွားနိုင်ရုံ တာရိုးလမ်းပေါ်တွင် ည ကိုးနာရီမှောင်မှောင် မည်းမည်းတွင် ဟင်္သာတ

သို့ စိုင်း၍လာသောအကြောင်းများကို စဉ်းစားမိ၏။ ကြောက်ရမှန်း မသိ၊ လန့်ရမှန်းမသိ၊ မမြသန်းကိုတွေ့ချင်သော ဇောက ဖုံးကွယ်၍ ထားဘိ၏။ ယခုမူကား မော်တော်ကားမဆိုထားဘိ၊ လေယာဉ်ပျံဖြင့် သွားရောက်ရှာဖွေပါသော်လည်း မမြသန်းနှင့် တွေ့ဆုံရန် အကြောင်းမရှိ၊ အဆုံးစွန်သော ဘဝသို့ ရောက်နေကြပေပြီ၊ အကွဲကြီး ကွဲ၍နေလေပြီ။ ရှေးဟောင်းနှောင်းဖြစ်တို့ကို အတွေးနှင့်သာ လွမ်း၍ နေရလေတော့သတည်း။

မော်လမြိုင်မှ တစ်နေ့က ယူဆောင်၍လာသော မမြသန်းကလေး၏ ဓာတ်ပုံကိုကြည့်လိုသောကြောင့် သေတ္တာထဲမှ ထုတ်ကာ ကြည့်၏။ ဤဓာတ်ပုံကား မမြသန်း ခပ်ငယ်ငယ် အပျိုဖော်ဝင်စက ရိုက်ထားသော ပုံဖြစ်၏။ ဆံထုံးပင် မထုံးတတ်သေး၊ ဘီးကောက်ကလေးနှင့်ရှိသေး၏။ အတန်ကြာအောင် သေသေချာချာစိုက်၍ ကြည့်နေ၏။ ထိုဓာတ်ပုံထဲတွင် မိမိနှင့် လက်ထပ်ယူစဉ်ကထက်ပင် ချောသည်၊ လှသည်ဟူ၍ ထင်မှတ်မိ၏။ အကယ်ပင်ချောသောကြောင့်ပေလော၊ လွတ်သွားသော ငါးဖြစ်သောကြောင့်ပေလော၊ မည်သူ ပြောကြားနိုင်အံ့နည်း။

လူအစား ဓာတ်ပုံကို ထားခဲ့၏။ လူကား မပြန်လာသော ခရီးသို့ သွားပေပြီ။ ဤဓာတ်ပုံကား အဝိညာဏက အသက်မရှိသောအရာ ဖြစ်၏။ စက္ကူမျှသာဖြစ်လေသည်။ မောင်လူအေးအား ကြောင်တောင်တောင် ကြည့်လျက်နေ၏။ မမြသန်းကား မဟုတ်၊ မမြသန်းကလေး၏ အရိပ်အယောင် မျှသာဖြစ်လေသည်။ အနှစ်မရှိသည့်တောတွင် ကြက်ဆူပင် မင်းမူသကဲ့သို့ မမြသန်း ကိုယ်တိုင်မရှိသည့်အခါတွင် ၎င်း၏ ဓါတ်ပုံကလေးကပင် မင်းမူလျက်နေ၏။ သွေးကြီးသကဲ့သို့ နေ၏။ မခေါ်ချင် မပြောချင်လုပ်လျက် နေ၏။ ဂုဏ်ခံလျက် နေ၏။ ဤဓါတ်ပုံကလေးကိုပင် ခုံခုံမင်မင်ကြည့်ရှုရ၏။

သို့သော် ဤဓာတ်ပုံမှာလည်း ၎င်း၏ပိုင်ရှင် မမြသန်း ကိုယ်တိုင်ကဲ့သို့ပင် ဤလောကကြီး၌ အမြဲတတ်နိုင်မည်မဟုတ်၊ တစ်နေ့နေ့ ပျက်စီးရမည်ကား မလွဲတည်း။ ဆယ်နှစ်ကြာအောင် တည်တံ့နိုင်စေကာမူ၊ အနှစ်ငါးဆယ်တိုင်အောင် တည်နိုင်မည်မဟုတ်။ အနှစ်ငါးဆယ်တိုင်အောင် တည်နိုင်စေကာမူ အနှစ်ငါးရာ ကြာအောင် တည်နိုင်မည်မဟုတ်။ (တစ်နေ့နေ့၌ ပျက်စီးရမည်မှာ မုချ။)

ဤဓာတ်ပုံကလေး ပျက်စီးပြီးနောက်လည်း ပညတ်ဖြစ်သော မမြသန်းဆိုသည့် အမည်ကလေးကား အတော်ကြာအောင်ပင် ကျန်နေပေ

ဦးမည်။ မိဘဆွေမျိုးအပေါင်းတို့၏ နှုတ်ဖျားတွင် မမြသန်း - မမြသန်း ဟူ၍ ကျန်နေပေဦးမည်။ မကြာမကြာ သတိရနေကြပေဦးမည်။ ဤ မမြသန်း ဆိုသောအမည်မှာလည်း အမြဲ တည်နိုင်မည်မဟုတ်၊ နှစ်ပေါင်း ငါးဆယ် တစ်ရာ စသဖြင့် ကြာ၍လာလျှင် အမည်မှာလည်း ပျောက်ပျက် ၍ အမှန်ပင် သွားရပေမည်။

မမြသန်း ကိုယ်တိုင် မမြသန်း၏ ဓာတ်ပုံ မမြသန်း၏ အမည်သာ မဟုတ်၊ မမြသန်းအတွက် ဆွေးနေသောသူ၊ မမြသန်း၏ ဓာတ်ပုံကြည့် ကာ လွမ်းနေသောသူ၊ မမြသန်း၏ အမည်ကလေးကို တရေးရေးနှင့် နားထဲတွင် ကြားနေသောသူမှာလည်း အတည်နိုင်ရန်ကား ဝေးလေစွ၊ အချိန်တန်လျှင် ပျက်စီးရပေဦးမည်။ မမြသန်း၏ ဆွေမျိုးသားချင်း၊ ချစ် ခင်သူတို့အားလုံးတို့အနက်လည်း မည်သူသည် ပျက်စီးယိုယွင်းခြင်း တည်းဟူသော ဓမ္မတာတရားကြီးမှ ကင်းလွတ်နိုင်အံ့နည်း။ ဤလောက တွင် ထင်ရှားပေါ်ပေါက်နေကြသော သစ်ပင် တော တောင် ရေ မြေ ချောင်း မြောင်း တို့မှာလည်း ဤ ပျက်စီးခြင်းတရားမှ ကင်းကြပါ၏လော။ မကင်း။ လောကကြီးမှ စ၍ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသ လောကကြီးလည်း ပျက်စီးခြင်းမှ မကင်း၊ အဘယ်အရာသည် ပျက်စီး ခြင်းမှ ကင်းပါသနည်း။

ဤပျက်စီးခြင်းတည်းဟူသော တရား၏ အကြားတွင် မောင်လူ အေး၏ စိတ်မှာ ဖရိုဖရဲ ပြိုကွဲပျက်စီးလျက် နေလေတော့သတည်း။ လောကကြီး၏ အပြင်ဘက်သို့ ရောက်၍ နေတော့၏။ ဤလောကကြီး ကို သတိ မရ၊ မည်မျှကြာသည် မသိ။ မိုးလည်း စဲသွားလေပြီ။ ထမင်း စားချိန် ကျသောကြောင့် အစေခံက လာ၍ ခေါ်မှ ကုလားထိုင်ပေါ်တွင် အိပ်ပျော်နေကြောင်း သိရတော့သတည်း။ လက်ထဲတွင် ကိုင်၍ထား သော မမြသန်း၏ ဓာတ်ပုံကို စားပွဲပေါ်တွင်ချကာ ထမင်းစားခန်းရှိရာ အောက်ထပ်သို့ တစ်ယောက်တည်း ဆင်းသွားလေ၏။

*စစ်ပြန်၊ မှတ်-၁၄၂*
*(စက်တင်ဘာလ၊ ၁၉၉၀)*

×××××

# နှစ်တစ်ရာ

ထိုနေ့ကား ၁၂၉၁ ခု၊ တပေါင်းလဆန်း ၁၄ ရက်နေ့ဖြစ်လေသည်။ ထိုအရပ်ကား တံတားဦး ဗိုလ်တဲဖြစ်၏။ အချိန်ကား ၉ နာရီခွဲခန့် အချိန်ဖြစ်လေသည်။

လပြည့်ခါနီးဖြစ်သောကြောင့် လမင်းတန်ခိုးအရောင်အဝါတို့သည် များစွာ ထွန်းလင်းလျက် နေ၏။ ဗိုလ်တဲ ပတ်ဝန်းကျင်တွင် စိုက်၍ထားသော တမာပင် စိန်ပန်းပင်တို့မှာလည်း အရွက်နုကလေးများ ထွက်နေခိုက် ဖြစ်သောကြောင့် များစွာ အုပ်လျက်မရှိ။ လ၏အရောင်ကို ကာကွယ်ရန် မတတ်နိုင်။ ဗိုလ်တဲဝင်းအတွင်း ထင်းထင်းလင်းလင်းရှိနေ၏။ ရွာနှင့်မနီးလှသောကြောင့် လူသံသူသံဟူ၍ မကြား။ တိတ်ဆိတ်လျက်နေ၏။ ခပ်လှမ်းလှမ်းရှိ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းမှ ဝတ်တက်နေသော အသံကို တစ်ခါတစ်ခါ သဲ့သဲ့ကလေးကြားရ၏။ လပြည့် အဖိတ်နေ့ည ဖြစ်သောကြောင့် ပိုမို ကြည်နူးဖွယ်ကောင်း၏။ လေညင်းကလည်း သာသာတိုက်လျက်ရှိနေ၏။ ဗိုလ်တဲရှေ့တွင် စိုက်ထားသော တမာပင်တစ်ပင်ပေါ်တွင် ဒီးဒုတ်ငှက်မောင်နှံတို့သည် တစ်ပြန်စီ မြည်နေကြ၏။ တစ်ခါတစ်ခါ ရွာအတွင်းမှ ခွေးဟောင်သံတို့ကို ဝေးဝေးမှ ကြားရ၏။ ထိုခွေးဟောင်သံ၊ ဝတ်တက်သော အသံ၊ ဒီးဒုတ်ငှက်တို့၏မြည်သံများ အပြင် အခြားအသံများကို မကြားရ။ တိတ်ဆိတ်လျက် နေလေသတည်း။

ဗိုလ်တဲရှေ့ ပေါ်တီကိုခေါ် ဝရန်တာကလေး (ဆယ်ပေပတ်လည်ခန့်ရှိ) တစ်ခုလုံးလည်း လမင်း၏အရောင်ဖြင့် ထွန်းလင်းလျက်ရှိ၏။ ထိုဝရန်တာတွင် ခင်းထားအပ်သော ကုလားထိုင်နှစ်လုံးပေါ်တွင် ထိုင်နေကြသူ နှစ်ယောက်ကား (စစ်ကိုင်း) နယ်ပိုင် ဝန်ထောက်မင်း ဦးတောနှင့် အလုပ်သင်ဝန်ထောက် (အိုင်စီအက်) တို့ ဖြစ်လေသည်။

တိတ်ဆိတ်သော အခြင်းအရာ။ သာယာအေးမြသော အလင်းရောင်။ ဖြည်းညင်းစွာ တိုက်ခတ်နေသော လေပြည်တို့အတွက် ပေါ်လာရသော စိတ်ကြည်နူးခြင်း၏ အရသာကို ခံစားကာ စကားမပြော ဘဲရှိနေကြသည်မှာ နာရီဝက်ခန့်ကြာလေ၏။ ၎င်းတို့နှစ်ဦးမှာ မည်သို့ စိတ်ကူးနေကြသည်ဟူ၍ မည်သူမျှ မပြောပြနိုင်။ သို့သော် စိတ်ကူးနေကြမည်ကား မုချပင် ဖြစ်လေသည်။

နယ်ပိုင်ဝန်ထောက်မင်းကား အသက်အားဖြင့် ၄၅ နှစ်ခန့်ရှိ၍ သားခြောက်ယောက်အဖေ ဖြစ်လေသည်။ ကျောင်းသားအရွယ်များကို မန္တလေးကျောင်း၌ ကျောင်းအိပ်ကျောင်းစားထား၏။ မယားမှာမူကား ကလေးငယ်သေးသဖြင့် မိဘများရှိရာ သထုံတွင် ခဏနေရစ်ရှာ၏။ မယားအား အနှစ် ချစ်ခင်နှစ်သက်မြတ်နိုးသော ဝန်ထောက်တစ်ယောက် ဖြစ်လေသည်။ အခြားဝန်ထောက်တို့ကဲ့သို့ အပျော်အပါး လိုက်စားခြင်းမရှိ။ စိတ်ကို အေးအေးထားကာ ဘုရားတရားနှင့် နေသူဖြစ်လေသည်။ ထိုပျော်ပါးစရာကောင်းလှ၊ စိတ်ကြည်နူးဖွယ်ကောင်းလှသော ညဦးအချိန်တွင် မိမိ၏ ချစ်ခင်မြတ်နိုးလှစွာသော မယား၏အကြောင်းကို စဉ်းစားနေသည်ဟူ၍ တွေးကြည့်လျှင် မှားလိမ့်မည် မဟုတ်ပေ။

ထိုဝန်ထောက်အနားတွင် ထိုင်နေသော အလုပ်သင် ဝန်ထောက် (အိုင်စီအက်) မှာမူကား ဘိလပ်မှ ပြန်လာသည်မှာ ၃ လသာ ကြာသေး၏။ သားမယား မရှိ၊ လူပျိုဖြစ်လေ၏။ အသက်ကား အစိတ်မျှသာ ရှိသေး၏။ ထိုကြည်နူးဖွယ်ကောင်းလှသော ညချမ်းအချိန်တွင် ဘိလပ်တွင် ကျန်ရစ်ရှာသော ကိန္နရာမကလေးများအကြောင်းကိုပင် တွေးတောနေသလော။ မြန်မာပြည် မိမိနေရပ်တွင် မိမိမှန်းထားသော အပျိုဖြူဖြူ၊ အပျိုညိုညို ကလေးတို့အနက် မည်သူ့အား အသက်နှင်းရမည့် အကြောင်းကိုပင် တွေးတောနေပေသလောဟု မည်သူမျှ ပြောနိုင်မည် မဟုတ်ပေ။

ဤသို့ တိတ်ဆိတ်စွာ နှစ်ယောက်သား ထိုင်နေကြပြီးနောက် အတော်ကြာသောအခါကျမှ "ကျုပ် ညက အိပ်မက်လိုက်တာဗျာ"ဟု လွှတ်ခနဲ ပြောလိုက်လေ၏။ ထိုအခါ အလုပ်သင် ဝန်ထောက်က "ဘယ်လို အိပ်မက်မျိုးပါလဲ ဝန်ထောက်မင်း" ဟုမေး၏။ ဤအမေးကို မဖြေဘဲ တွေဝေငေးမောကာ ဆိတ်ဆိတ်နေပြန်၏။ မေးလိုက်သောသူကလည်း အလိုက်သိစွာ တိတ်ဆိတ်၍ပင် နေရှာ၏။

ဤသို့ ဆိတ်ဆိတ်နေကြသည်မှာ ၁၅ မိနစ်ခန့် ကြာသွား၏။

အမျိုးမျိုးစဉ်းစားနေကြဟန် တူ၏။ ထိုနောက်မှ နယ်ပိုင် ဝန်ထောက်မင်း က ဆက်လက်၍ ပြောဆိုသည်ကား "ကျုပ် အဖြစ်အပျက်ကို ပြောရဦး တော့မယ်ဗျာ။ မပြောဘူးလို့ နေတာဘဲ။ စိတ်ထဲမှာ ရှိတာကို ပြောလိုက် ရ။ မပြောရင် အလကား ဆွေးနေတတ်တယ်။ ပြောလိုက်လို့ရှိရင် နည်းနည်း သက်သာသလို ရှိရဲ့။ ခင်ဗျားတို့ကလဲ ငယ်သေးလို့ ရှောင်တန် လဲ ရှောင်ရအောင်၊ မှတ်သင့်လဲ မှတ်ရအောင် ပြောရမယ်"

အလုပ်သင်ဝန်ထောက်ကလည်း သိလိုကြားလိုသော ဆန္ဒပြင်းစွာ ပေါ်ပေါက်လာပြီးလျှင် "ပြောသာပြောပါ ဝန်ထောက်မင်း၊ ကျွန်တော် တို့မှာ ငယ်သေးလို့ မမှားတန်ဘဲနဲ့ မှားတတ်ပါတယ်။ ဦးတို့လို တွေ့ဖူး ကြုံဖူးတဲ့လူများက ပြောပြထားမယ်ဆိုရင် ကျွန်တော်တို့လဲ ဆင်ခြင်နိုင် ရောပေါ့"ဟု ဆိုကာ စိတ်အား ထက်သန်စွာနှင့် နားထောင်နေလေ၏။

နယ်ပိုင်ဝန်ထောက်မင်းသည် အောက်ပါအတိုင်း ဖြည်းဖြည်း သက် သာအသံကို မှန်မှန်ထားကာ လျှောက်၍ ပြောသွားလေသတည်း။

"ကျုပ် ငယ်ငယ်၊ ရှစ်တန်းမှာ စာသင်နေတုန်းက ကျုပ်တို့ သထုံ မြို့ အိမ်နီးနားချင်း မသန်းဆိုတဲ့ မိန်းကလေးတစ်ယောက်နဲ့ ကြိုက်ကြ တယ်ဗျ။ တစ်ရပ်တည်း ကြီးပြင်းလာကြလို့ ငယ်ငယ်ကလေးကပဲ ကစား ဖက် ဖြစ်နေကြတယ် ဆိုပါတော့ဗျာ။ တစ်ယောက်အကြောင်းကိုလဲ တစ်ယောက် ကောင်းကောင်း သိကြတယ်ဗျ။ ကျုပ်တို့နဲ့ သူတို့နဲ့ဆိုတာ လဲ အခြေအနေမှာ ဘယ်သူကမှ မသာဘူး။ ရုပ်ရည်ကလေးကလဲ ချော၊ သဘောကလဲကောင်း၊ အိမ်ချင်းကလဲနီးတော့ ငြိကြတယ် ဆိုပါတော့။

"ရည်းစားဖြစ်ပြီးတဲ့နောက် မကြာမကြာဘဲ တွေ့ဆုံစကား ပြောကြ တယ်ဗျ။ ဟိုတုန်းအခါကတော့ နှစ်ယောက်စလုံး ငယ်ကလဲ ငယ်သေး၊ မိုက်ကလဲ မိုက်တုန်းဟာကိုး။ ပျော်လိုက်ကြတာ ဘယ်ပြောလို့ ကောင်းမလဲ။ မတွေ့ရရင်ကို မနေနိုင်ဘူးဗျ။ ကျောင်းကပြန်ပြီ ဆိုမှဖြင့် အိမ်ကနေပြီး ကောင်းကောင်းချောင်းတာပဲဗျာ။ သူကလဲ ကျုပ်လို ဖြစ်နေ တာပေါ့။ ဒါနဲ့ သူတို့လူကြီးများကလဲ သိကုန်ရော၊ ကျုပ်တို့ လူကြီးတွေ ကလဲ သိကုန်ရော၊ တစ်ရပ်လုံးလဲ သိကုန်ကြတာပေါ့ဗျာ။ သည်လိုဆိုရင် တယ်သိချင်ကြတာကလားဗျာ။ ဒါနဲ့ လူကြီးများက စာသင်ပျက်မှာ စိုး တာနဲ့ မကြာမကြာ သတိပေးကြိမ်းမောင်းတယ်ဗျ။ သို့ပေမယ့် သဘော တော့တူပုံရရဲ့။ ဂုဏ်ကလဲ တူတူ၊ ရုပ်ကလဲ ချောချော၊ ကျုပ်ကတော့ ခင်ဗျားမြင်တဲ့ အတိုင်း ရုပ်ဆိုတာကလားဗျာ။ သူတို့ ဘာမှ သဘော

မတူစရာ မရှိဘူး။ သူကလဲ ငွေတို့ ကြေးတို့ဆိုတာ လိုချင်သလောက် ခိုးပေးတယ်ဗျ။ ဟိုတစ်ခါတုန်းကတော့ လိုချင်သလောက် ဆိုပေမယ့် လေးငါးကျပ်ပေါ့ဗျာ။ လေးငါးကျပ်လောက်ရရင် သုံးလို့မကုန်နိုင်ဘူးဗျ။ ခင်ဗျားတို့လက်ထက်ကျမှသာ သိပ်ပိုက်ဆံကုန်တာ။ ခုနစ်တန်းအောင်ပြီးတော့ မော်လမြိုင်ကျောင်းကို ပြောင်းရရော။ သို့ပေမယ့် မကြာမကြာ စာပေး၊ မကြာမကြာအိမ်ပြန်၊ နီးကလဲ နီးတာကိုဗျ။ ဒါနဲ့ ကိုးတန်းကို ရောက်ပါရော။ ကံအားလျော်စွာပဲ ကိုးတန်းစာမေးပွဲကို အောင်ပါရောဗျ။ အဲဒီအခါတုန်းကလဲ ဆယ်တန်းမရှိသေးဘူး။ အင်တရင်းလို့ခေါ်တယ်။ ဘင်္ဂလား စာမေးပွဲလို့လဲ ခေါ်သဗျ။

"ကိုးတန်းအောင်ပြီးတော့ လူကြီးများက ရန်ကုန်ကောလိပ်ကို ပို့ပါရော။ ဟိုတုန်းကတော့ အိုင်အေတို့ ဘာတို့ မရှိသေးဘူး၊ အက်(ဖ်)အေနဲ့ ဘီအေသာ ရှိတယ်။ အက်ဖ်အေအောင်ပြီးတော့ ဘီအေကို ဆက်သင်ပြန်ရော။ ဟိုတုန်းကတော့ ကြိုးကလဲ ကြိုးစား။ ဉာဏ်ကလဲ ကောင်းတုန်း ဟာကိုး။ တစ်တန်းပြီးတစ်တန်း မပင်ပန်းဘဲ အောင်တာပဲ။

"ဘီအေကို အောင်သည့်တိုင်အောင် ခုနင်ကပြောတဲ့ မိန်းမနဲ့ ဆက်တုန်းပဲဗျ။ ဘီအေအောင်ပြီးတော့ မြို့အုပ်အလုပ်ကို လျှောက်လိုက်တာ ချက်ချင်းပဲရတယ်။ ကျုပ်တို့ လက်ထက်တုန်းက အက်ဖ်အေများသာ မြို့အုပ်စာမေးပွဲကို ဝင်ရတာ ဘီအေဆိုရင် တိုက်ရိုက်မြို့အုပ်ဖြစ်တယ်ဗျ။ သိပ်မရှုပ်လှဘူး။

"မြို့အုပ်ဖြစ်လျှင် ဖြစ်ချင်းပဲ ကိုယ့်မြို့ကို အလုပ်သင်ရသွားပါရော။ ကွမ်းသီးကြိုက် တောင်ငူပို့တာပေါ့ဗျာ။ သည်အခါတော့ အိမ်ကလူကြီးများက ကျုပ်ရည်းစားနဲ့ သဘောမတူတော့ဘူး။ ရာထူးက မြင့်လာပြီကိုးဗျ။ ဟုတ်လဲ ဟုတ်တယ်ကိုး။ အခုလို အိုင်စီအက်စ်တို့၊ ဘီစီအက်စ်တို့ကလဲ မရှိ။ မြို့အုပ်ဆိုတာ တော်တော့်လူ မရနိုင်ဘူး။ အင်မတန် ရာထူးကြီးပေါ့ဗျ။ လူကြီးများကသာ သဘောမတူတာမဟုတ်၊ ကျုပ်ကိုယ်တိုင်ကလဲ သူဟာ ကျုပ်ထက်နိမ့်တယ်လို့ ထင်တာပဲ။ ကျုပ်တစ်ယောက်တည်း မဟုတ်ပါဘူး၊ အများသည်လိုချည်းပဲဗျ။ လောက ဆိုတာမျိုးဟာ တစ်ကိုယ်ကောင်းကြံတာချည်းပဲ မဟုတ်လား။ နောက် လူကြီးများက စုံစမ်းပြီးတော့ မိန်းမတစ်ယောက်နဲ့ ပေးစားပါရော ဆိုပါတော့။ အဲသည် မိန်းမဟာလဲ လှလှ၊ ပိုက်ဆံရှိရှိ၊ ဂုဏ်ကကြီး၊ ကျုပ်ကလဲ သဘော ကျ၊ သမီးဆိုလို့လဲ တစ်ယောက်တည်းရှိဗျ။

"သည်မိန်းမနဲ့ရတော့လဲ သိပ် ချစ်တာပဲဗျ။ စိတ်ဆင်းရဲရတယ်လို့ မရှိဘူး။ ယောက်ျားဆိုတဲ့ အမျိုးဟာ ရရာတွေ့ရာကို ချစ်ခင်တတ်တာမျိုး ကလားဗျာ။ မိန်းမဆိုတာမျိုးကတော့ တစ်ယောက်ဆိုရင် တစ်ယောက် မြဲမြဲစွဲစွဲ ချစ်တယ်တယ်ဗျ။ ခင်ဗျားမယုံရင် သတိထားပြီး ကြည့်ပေတော့။ မယားငယ်တွေတောင် ယူကြသေးတာပဲ။ သည်နေရာမှာ ယောက်ျားများ ဟာ မိန်းမများထက် သဘောသေးနုပ်တယ်ဗျ။

"မယားရတော့လဲ ရည်စားဟောင်းနဲ့ ဆက်နေသေးတာပဲဗျ။ နောက်သုံးလေးလကြာတော့ သည်လိုလုပ်နေရင် မယားလဲ မကောင်း။ ကျုပ်မှာလဲ မကောင်း။ ရည်းစားမှာလဲ မကောင်း ဖြစ်မှာကို စိုးတာနဲ့ ဖြတ်လိုက်ရပါရော။ ဖြတ်လိုက်ပြီးတဲ့နောက်လဲ မကြာမကြာ သတိရတာ ပါပဲ။ သို့ပေမယ့် မယားကို မချစ် မနှစ်သက် မဖြစ်။ ချစ်ချစ်ခင်ခင်၊ နှစ်နှစ်သက်သက်နှင့်ပင် နေရတာပါပဲ။ မယားကလဲ ကျေကျေနပ်နပ်၊ ကျုပ်ကလဲ ကျေကျေနပ်နပ်။ အဆုံးမှာတော့ စိတ်အေးချမ်းစွာ နေထိုင် ကြတဲ့ လင်မယားပေါ့ဗျာ။

"ဒါနဲ့ သားတွေ သမီးတွေလဲရပါရော။ ရည်းစားဖြစ်တဲ့သူ ကတော့ ဘယ်လိုနေတယ်လို့ သတင်းလဲ မမေးတော့ဘူး။ သတိတော့ မကြာမကြာ ရပါရဲ့။ ကျုပ် မိန်းမယူပြီး ရှစ်နှစ်ကြာတော့မှ စာရေးတစ်ယောက်နဲ့ ယူတယ်လို့ ကြားရတယ်။ ကောင်းကောင်းမွန်မွန် ချမ်းချမ်းသာသာ ရှိပါ စေတော့ လို့ဖြင့် ဆုတောင်းပါရဲ့။

"အိမ်ထောင်ကျပြီးနောက် သားကလေးတစ်ယောက်ရတယ်လို့ ကြားရရဲ့။ သို့ပေမယ့် တစ်ယောက်နဲ့တစ်ယောက် တွေ့လဲ မတွေ့ကြ။ တွေ့ကြရန်လည်း အကြောင်းမရှိ။ ကျုပ်ကလဲ ကျုပ် အစိုးရအလုပ်နဲ့ ပြောင်းရွှေ့နေလိုက်ရတာ၊ ကျုပ်မြို့ကိုလဲ မရောက်တော့ဘူး။ သူလဲ သား ကလေးတစ်ယောက်ရပြီးတော့ အမှုမဲ့ အမှတ်မဲ့နေထင်ပါရဲ့။ ကျုပ်လဲ ကျုပ်သားမယားတွေနဲ့ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ပျော်ပျော်ပါးပါး နေတာပါပဲ။ စိတ်ညစ်ရတဲ့ အချက်တစ်ချက်မှမရှိဘူး။ သူ့အကြောင်း ကိုလဲ အမှုမဲ့ အမှတ်မဲ့ နေတော့တာပဲ။

"အဲသည်လိုနဲ့လာခဲ့ကြတာ သည်အသက် သည်အရွယ်တိုင် ရောက်လာတာ ဆိုပါတော့။ ဒါနဲ့ အရင်အပတ်က စာတစ်စောင် ရောက်လာလို့ ဖွင့်ပြီးဖတ်လိုက်တော့ သူ့ဆီက စာဖြစ်နေတယ်ဗျ၊ သူ့ ယောက်ျားက ညဉ့်းဆဲလွန်းတယ်တဲ့ဗျ၊ နောက်ပြီးတော့လဲ သူ့ကိုပစ်

သွားသတဲ့၊ အကူအညီတောင်းရှာတယ်။

"သည်စာကို ရပြီးတော့ ကျုပ်တို့ ငယ်စဉ်ကအဖြစ်အပျက်တွေကို သွားပြီး တရေးရေးနဲ့ မြင်နေရတော့တာပဲဗျာ။ ဖျောက်လိုက်လို့လဲ မရဘူး။ ချစ်တာထက် သနားတာတွေက များနေတယ်။ ဘယ်လိုလုပ်ရမယ် မသိဘူး။ စာပြန်ရေးရမလား၊ ငွေပဲထောက်ပံ့ရမလားလို့ မပြောတတ်ဘူး။ သည်လိုလုပ်ပြန်ရင်လဲ မယားကို သစ္စာမတည်ရာ ကျနေမယ်။ မယား သိမှဖြင့်လဲ ဘယ်ကောင်းမလဲဗျ။ သားသမီးတွေကလဲ လူပျိုပေါက် အပျိုပေါက် ကလေးတွေဖြစ်ကုန်ပြီ။ ဘယ်လိုလုပ်ရမယ် မသိဘူး။ ဒါကြောင့် သိပ်ပြီး စဉ်းစားနေတာပဲဗျာ"

ဤသို့ ဆိုပြီးနောက် စကားကို အဆုံးသတ်ကာ ဆိတ်ဆိတ်နေလေ၏။ နားထောင်နေသူ အလုပ်သင် ဝန်ထောက်လည်း တိတ်တိတ်နေကာ စဉ်းစားပြီးနောက် အတော်ကြာမှ အောက်ပါအတိုင်း ပြောဆိုလေ၏။

"သည်အချက်မျိုးမှာ အတော်စဉ်းစားရ ခက်တာကလား ဝန်ထောက်မင်း။ ကျွန်တော်တို့လို မကြုံဖူး မတွေ့ဖူးတဲ့ လူငယ်များကတော့ သာ၍ပင် အကြံပေးဖို့ခက်သေးတယ်။ သို့ပေမယ့် ကျွန်တော်ကြားဖူး ဖတ်ဖူးသလောက် ပြောရမှာဖြင့် သည်လိုအချက်မျိုးဟာ ပြန်မဆက်တာကောင်းပါတယ်။ ပြန်မဆက်ပြန်ဘူးဆိုရင်လဲ အင်မတန်ရိုင်းပြီး မကြင်နာတတ်တဲ့ လူမျိုးဖြစ်နေမယ်။ ကြင်နာလို့ ဆက်ပြန်ရင်လဲ ကိုယ့်မယား အပေါ်မှာ မတည်ကြည်ရာကျနေမယ်။ မယားချည်း မဟုတ်ဘူး၊ သားသမီးတွေကလဲ ရှိနေသေးတယ်။

"ပထမတော့ ငွေထောက်ပံ့ခြင်း၊ စာပေးခြင်းတို့ကို ပြုလုပ်မယ်။ နောက် တော်တော်ကြာတော့ စာရေး၊ ငွေပေးတာနဲ့ တင်းတိမ်မှာ မဟုတ်ဘူး ဝန်ထောက်မင်း။ လူချင်းတွေ့ဆုံဦးမယ်။ နှစ်ယောက်စလုံးရဲ့ စိတ်ထဲမှာ ငါတို့ ကွဲသွားကြပြီးတဲ့နောက် သူ ဘယ်လိုပုံပန်း ရှိပါလိမ့်မလဲလို့ တွေးတောမယ်။

"တွေ့ချင်တဲ့စိတ်ပေါ်ပြီးနောက် တွေ့ဆုံရအောင်ကြံစည်ကြတော့မယ်။ တွေ့ဆုံရအောင် ကြံစည်ရင် တွေ့ဆုံမယ်၊ တွေ့ဆုံကြပလား ဆိုမှဖြင့် ရှေးနှောင်းဖြစ်တွေကို ပြောပြပြီးတော့ ငိုတဲ့လူက ငိုမယ်၊ ချော့တဲ့လူက ချော့မယ်။ သည်အခါကျတော့ မှားချင် မှားကုန်ကြလိမ့်မယ်။ မှားကြပြန်ရင် အမျိုးမျိုး ကြံစည်ကြတော့မယ်။ သည်အခါမှာတော့ သားတွေ

မယားတွေနဲ့ ဆန့်ကျင်ဘက်ကြီးတွေ ဖြစ်ကြတော့မယ်။ ဆွေမျိုးအပေါင်းတို့လဲ မနေရ၊ ကိုယ်တိုင်လဲ စိတ်အေးအေး မနေရ၊ အလုပ်အကိုင်မှာလဲ ပျက်ကွက်နဲ့ စိတ်ဆင်းရဲဖို့ အကွက်တွေပေးလာဖို့ အကြောင်းရှိတယ်။ ဒါကြောင့်မို့ မီးကို ကစားပြီဆိုမှဖြင့် မလောင်ရင် ကောင်းပါရဲ့၊ လောင်မှဖြင့် အလွန်ပူစရာကြီးပဲ ဝန်ထောက်မင်း။ သို့ပေမယ့် မိမိစိတ်ကို ချုပ်နိုင်ရင်တော့ ကောင်းပါရဲ့။ ကျွန်တော်လဲ ထင်တာ ပြောတာပါပဲ၊ ဟုတ်မဟုတ်ဆိုတာကိုတော့ ကျွန်တော်လဲမကြုံဖူးလို့မပြောနိုင်ပါဘူး"

ဤသို့ဆိုကာ စကားစ ပြတ်သွားလေ၏။ နှစ်ယောက်သား စဉ်းစားကာ နေကြ၏။ လ,လည်း သာမြဲတိုင်း သာနေ၏။ အနီးအနား သစ်ပင်များတွင် မြည်နေကြသော ငှက်သံများလည်း ဆိတ်၍သွား၏။ လေညှင်းရပ်နေ၏။ နှင်းများကျသဖြင့် ကုလားထိုင်မှာ စို၍နေ၏။ အတန်ကြာလျှင် အနီးအနား ဂါတ်ဝိုင်းမှ ၁၂ နာရီထိုးသံကြားသည်နှင့် နှစ်ယောက်သား အသီးသီး ဝင်အိပ်ကြလေသတည်း။

(ငယ်ကချစ်အနှစ်တစ်ရာ မမေ့သာ)

*ဂန္ထလောက၊ တွဲ-၁၄၊ မှတ်-၈၁၊*
*(အောက်တိုဘာလ၊ ၁၉၃၁)*

# လသာသာ (ဇလွန်)

ဇလွန်ကမ်းပါးကား နက်၏။ စောက်၏။ ကြောက်ဖွယ်ကောင်း၏။ ဆင်းရခက်၏။ တက်ရ ခက်၏။ နွေအခါဖြစ်သောကြောင့် သင်္ဘောများ ဆိုက်ရာသည် လူနေအိမ်ခြေများထက် အောက်နည်းနည်းကျ၏။ သင်္ဘော များဆိုက်ရာ ကမ်းနဖူးမှာ မြေပြင်ကလေးဖြစ်၏။ ဇရပ်ပျက်တစ် ခုလည်း အနားတွင် ရှိလေသည်။ ကူလီတဲကလေး တစ်ခုနှစ်ခုလည်း ရှိ၏။ ၄င်းတဲကလေးများ၏ ကြမ်းပြင်ကား မြေကြီး။ အကာကား မရှိ။ အမိုးနှင့်မြေကြီး ထိလျက် နေလေသည်။ အမိုးကား သက်ကယ်မျှသာ တည်း။ ဆောက်ရန် အလွန်မှပင် လွယ်ကူသော တဲကလေးများပေ တည်း။

နေဝင်၍ ခဏကြာသော် ရောဝတီဖြစ် တစ်ဖက်ကမ်းမှ လ, လုံး ပေါ်၍လာ၏။ ထိုနေ့ကား လပြည့်ကျော် တစ်ရက်နေ့တည်း။ လက်ဦး ခပ်နီနီနေ၏။ ထို့နောက် တဖြည်းဖြည်း ဖွေး၍ဖွေး၍ လာ၏။ ရောဝတီ မြစ်ရေပြင်တစ်ခုလုံး ဖြူဖွေးလျက် သွား၏။ မြစ်ထဲတွင် လေပြည်ခတ် သဖြင့် ဂယက်ထနေသည်မှာ လရောင်တွင် တလျှပ်လျှပ်နှင့် နေ၏။ ကြည့်၍ အလွန်ကောင်းလေသည်။ ဘယ်သို့ နေပါသနည်း။ ဘယ်သို့ ကောင်းပါသနည်းဟူ၍ မေးလျှင် ဖြေဆိုရန် ခက်ပေလိမ့်မည်။

ဤသို့ တလျှပ်လျှပ်နှင့်နေသော ရေပြင်ကြီးတွင် တံငါလှေကလေး တစ်စင်း နှစ်စင်း ခတ်သွားကြသည်ကိုမြင်ရ၏။ လမင်းမှာ မမြင့် သေးသောကြောင့် လ၏အဝန်းကို ဖြတ်သွားသကဲ့သို့ ထင်မှတ်ရလေ သည်။ ရေတွင် ကျက်စား၍ မည်းနက်လှစွာသော တံငါသည်တို့သည် ဤအခိုက်အတန့်ကလေးတွင် အလွန်လှသည်ဟု ထင်မှတ်မိ၏။ ထိုလှေ

ကလေးများဖြတ်သွားသောအခါ လှေကလေးများနှင့် ၎င်းတို့အပေါ်တွင် ပါလာသော သူတို့ပါ အလွန်ကြည့်၍ ကောင်းလေသည်။ တစ်သက် တစ်ခါ တံငါတို့ကိုကြည့်၍ ကောင်းခြင်းပေတည်း။

ဤ သာယာကြည်နူးဖွယ်ကောင်းလှသော အခိုက်အတန့်ကလေး မှာ ထိုကမ်းနဖူးရှိ တဲကလေးထဲတွင် နေ့ခင်းကရထားသော ကူလီခ များကို ရေတွက်၍ နေကြသော ကူလီလင်မယားတို့အဖို့ကား အဘယ် အကျိုးရှိအံ့နည်း။ အနားတွင်ဆိုက်၍ထားသော အစိုးရ သင်္ဘောကလေး အတွင်း၌ အရေးပိုင်မင်း၏ စစ်ဆေးခြင်းကို ခံနေကြရသော အမှုထမ်း တစ်ယောက်၏ အဖို့လည်း အဘယ်အကျိုးရှိအံ့နည်း။ အနီးတွင် ဆိုက်၍ ထားသော သမ္ဗန်ကလေးအတွင်း အချင်းဖြစ်ပွားနေကြသော ကုလားနှစ် ယောက်တို့အဖို့လည်း အဘယ်မှာလျှင် အကျိုးရှိပါအံ့နည်း။

လမင်း၏အရောင် မြစ်ထဲတွင် တလျှပ်လျှပ်နှင့် နေသည်ကို ကမ်း နဖူးပေါ်မှ ရပ်၍ စိုက်ကာကြည့်နေသူကား အဘယ်နည်း။ လက်တွင် ပါလာသော တုတ်ကောက်ကို ထောက်၍နေ၏။ ကာကီဘောင်းဘီတိုနှင့် ရှပ်အင်္ကျီအဖြူ ဗလေဇာအင်္ကျီကို ဝတ်ထား၏။ အသက်ကား မကြီးလှ သေး။ လူရွယ်။ လဝန်းကို အတော်ကြာအောင် ကြည့်နေ၏။ အရေးပိုင် ၏ သင်္ဘောကိုလည်း တစ်ခါတစ်ခါ စိုက်၍ကြည့်၏။ အဘယ်ကြောင့် ဤနေရာသို့ ပေါက်လာပါသနည်း။ အညောင်းပြေလမ်းလျှောက်ရင်း ရောက်လာသော လူပေလော။ အရေးပိုင်မင်း စာရေးပေလော။ အစေခံ ပေလော။ မည်သူနည်း။

အတန်ကြာလျှင် ထိုစောက်လှစွာသော ကမ်းပါးကြီးအောက်သို့ မိမိ၏ တုတ်ဖြင့် ထောက်၍ထောက်၍ ဆင်းသွား၏။ ရောက်လျှင် အရေး ပိုင်မင်း၏ သင်္ဘောကလေးပေါ်သို့ တက်၍ သွားလေသည်။ မကြာမီ အရေးပိုင်မင်း၏ အခန်းထဲမှ စစ်ဆေးခြင်းကို ခံနေရသော အရာရှိနှင့် သက်သေများလည်း ထွက်၍လာကြ၏။ ထို အသစ်ရောက်၍လာသော သူလည်း အရေးပိုင်မင်း၏ အခန်းတွင်းသို့ ဝင်၍သွားလေပြီ။

အရေးပိုင်မင်းက ဆီး၍နှုတ်ဆက်၏။ ဆေးလိပ်တည်၏။ သင်ကြား နေသော ငွေတိုက်အလုပ်များအကြောင်းကို မေးမြန်း၏။ မိမိတတ်သမျှ ကို ဖြေကြား၏။ အရေးပိုင်မင်းလည်း မိမိတတ်သမျှကို သင်ကြား၏။ သတိထားရမည့်နေရာ၌ သတိထားရန် ပြော၏။ အလုပ်အကိုင်နှင့်ပတ် သက်၍ သွန်သင်ရန်ရှိသည်တို့ကို သွန်သင်ရှာ၏။ မိမိစိတ်ထဲတွင် ရှိသမျှ

ကို ချန်လှပ်ထားခြင်းမရှိ။ အားလုံးကို ထုတ်ဟကာ ပြောသောကြောင့် အံ့သြမိ၏။ လျှို့ဝှက်ခြင်းမရှိ။ ပွင့်ပွင့်လင်းလင်းကြီး ပြောပြပေ၏။ မိမိအား ကိုယ်တူပြုသည်ဟူ၍ ဝမ်းမြောက်ခြင်း ဖြစ်မိလေသည်။

တစ်နာရီနီးပါးခန့်ကြာလျှင် နှုတ်ဆက်၍ ထွက်လာခဲ့၏။ ကျေးဇူးတင်စကား ပြောကြား၏။ အရေးပိုင်မင်းလည်း ထွက်၍ လိုက်လာလေသည်။ လမင်းကိုမြင်လျှင် ဝမ်းမြောက်သဖြင့် တယ် သာယာပါကလားဟု ဧည့်သည်အား ပြောကြား၏။ 'သာယာပါ၏' ဟု ပြန်၍ပြော၏။ အရေးပိုင်မင်းလည်း အခန်းတွင်းသို့ ပြန်၍ ဝင်သွားလေသည်။ ဧည့်သည်လည်း ယခင်နည်းအတိုင်း မိမိတုတ်ကို အားပြုကာ ကမ်းပါးစောက်ကြီး အပေါ်သို့ တက်၍လာခဲ့၏။

ကမ်းနဖူးပေါ်သို့ရောက်လျှင် ခပ်အေးအေးဖြစ်၏။ လူသံလည်း ထိုအနားတွင် မကြားရ။ တစ်ဖက်ကမ်းမှ ခွေးတစ်ယောက် ဟောင်နေသည်ကို သဲ့သဲ့ကြားရ၏။ လဝန်းသည်လည်း အတော်မြင့်၍ နေပေပြီ။ အိမ်ခြေရှိရာသို့ အစပ်အတိုင်း လျှောက်၍လာ၏။ ဝါးအိမ်ကလေးများတဲ့ကလေးများ ရှေ့သို့ရောက်လျှင် လသာသာတွင် ပျော်ပါးစွာ ကစား၍ နေကြသော အသက် ၁၀ နှစ် ၁၂ နှစ်အရွယ် ကလေးများကို မြင်ရလေသည်။ ကလေးများအကြားမှ ဖြတ်၍သွား၏။ ကလေးတို့လည်း သိမှုမသိရ အမှုမထား။ ကစားမြဲ ကစား၍ နေကြ၏။ ကလေးများကို အားကျသလိုလို စိတ်မျိုးပေါ်ပေါက်၍လာလေသည်။

၎င်းတို့ကို ကျော်လာပြီးနောက် မြို့ဘက်သို့ အစပ်အတိုင်း လျှောက်၍လာခဲ့၏။ သဲအတိပြီးသော လမ်းကြီးတည်း။ ခွေးတစ်ကောင်သည် လူဆန်းဟု ထင်၍ ဟောင်၏။ လှည့်ကြည့်လိုက်လျှင် တိုး၍ဟောင်၏။ အမှုမစိုက်မှန်းသိလျှင် ဟောင်ခြင်းကို ရပ်စဲ၏။ ခွေးတို့၏ သတ္တိတည်း။

မကြာမီ တာကုန်းကြီးသို့ ရောက်၏။ ကာလသားတချို့ ပျော်ပါးဆူညံနေကြကုန်၏။ မိန်းကလေးများ အကြောင်းပြောကြမည်ကား မလွဲ။ တစ်ယောက်တစ်ယောက် နောက်၍ နေကြ၏။ လူဆန်းတစ်ယောက် တုတ်ကောက်နှင့်ပေါက်လာသဖြင့် ရယ်မောခြင်းကို ရပ်ပြီးလျှင် တီးတိုးစကား ပြောကြ၏။

တာကုန်းကြီးကိုကျော်လာလျှင် လူစည်ကားသော ခေါက်ဆွဲဆိုင်လက်ဖက်ရည်ဆိုင်များ ရှိရာသို့ ရောက်၏။ ဆန်စပါးဈေးကျခိုက် ဈေး

နေရာမှာ စည်ကားခြင်းမရှိ။ ထို့နောက် တိတ်ဆိတ်သည်ထက် တိတ်ဆိတ်၍သာ လာ၏။ အသွားအလာလည်း နည်းပါး၊ တစ်ခါတစ်ခါသာလျှင် လမ်းလျှောက်နေသူ တစ်ယောက်တလေကို တွေ့မြင်ရ၏။

အတန်ကြာပြန်လျှင် ပြည်တော်ပြန် ဘုရားအနီးသို့ ရောက်၍လာ၏။ ကွင်းပြင်ကြီးများကို မြင်ရ၏။ ကွင်းပြင်ကြီးတို့မှာလည်း လမင်း၏အရောင်ကြောင့် ဖွေးဖွေးကြီး နေ၏။ အေးက အေးပါဘိသနှင့်။ မျက်စိထဲတွင် အရသာ ရှိဘိ၏။ စိတ်ထဲတွင် ကြည်နူးဘိ၏။ ဆိပ်ကမ်းသို့ စပါး တိုက်၍ဆင်းသော လှည်းများ၊ ဆိပ်ကမ်းတွင် စပါးချပြီး၍ တက်လာကြသော လှည်းများလည်း ထို လသာသာ ကွင်းပြင်ကြီးအတွင်း၌ အစဉ်အတိုင်း မောင်းနှင်သွားကြသည်ကို မြင်ရ၏။ လှည်းဝင်ရိုးသံကို ကြားရသည်ပင် စိတ်ရွှင်ဖွယ်။ အလွန်ပြောင်တောင်တောင်အသံနှင့် တွေ့ကရာသီချင်းတို့ကို ရောစပ်၍ ဆိုသွားသော လှည်းသမား၏ သီချင်းသံမှာပင် လွမ်းစရာလိုလို။ လဝန်း၏ ထူးခြားသော သတ္တိကြောင့် ပေတည်း။ တွေ့ကရာကို ရောစပ်ကာဆို၍သွားသောလှည်းသမားမှာလည်း လဝန်းအရောင်၏ တန်ခိုးကြောင့် အမျိုးမျိုး ပျော်ရွှင်ကာ ထင်ရာကိုစပ်၍ ဆိုသွားခြင်းမျှ ဖြစ်ပေသည်။ ဤသို့သော လသာသာတွင် မည်သူ သီချင်းမဆိုချင် ရှိအံ့နည်း။

ပြည်တော်ပြန်ဘုရားထိပ်ပေါ်တွင် ထွန်းထားသော ဓာတ်မီးတို့ကား လမင်း၏အရောင်သည်ကား အလင်းရောင်ကို ပေးရုံမျှမက လူတို့စိတ်ကို အေးစေ ကြည်နူးစေ ကြည်လင်စေနိုင်သော သတ္တိထူးတစ်ခု ရှိလေသည်။

လမင်း၏ ထူးသော သတ္တိကြောင့် လျှောက်လာသူ၏ စိတ်ကား ကြည်နူးပြီးလျှင် အမျိုးမျိုး စိတ်ကစားလျက်နေ၏။ မိမိရှေး အထက်ထက်က ရောက်ခဲ့ဖူးသော နေရာဌာနတို့ကို ပြန်၍ တွေးမိ၏။ မိမိငယ်စဉ်က ပေါင်းသင်းခဲ့သော မိတ်ဆွေအပေါင်းကို စဉ်းစားမိ၏။ ရှေးက လုပ်ကိုင်ဆောင်ရွက်ခဲ့သော အကြောင်းများကို သတိရမိ၏။ မိမိ နောင် မည်သို့ဆောင်ရွက်မည့်အကြောင်း၊ ရှေ့ကို မည်သို့ တိုးတက်ကြီးပွားအောင်ကြိုးစားမည့်အကြောင်းတို့ကို အကြံထုတ်လျက်သာ လာခဲ့၏။ ဤအခိုက်တွင် ထိုသူ၏စိတ်သည် အလျင်အမြန်ဆုံးတည်း။ တစ်ခု စဉ်းစားနေရာမှ ရုတ်တရက် တစ်ခုသို့ ရောက်၍သွား၏။ စိတ်ထက်မြက်တုန်း အခါပေတည်း။

ထိုသူ၏စိတ်တွင် စိတ်ကူးကောင်းနေခိုက်ဖြစ်သောကြောင့် မိမိအိမ်အနီးသို့ ရောက်လာသည်ကိုပင် ရောက်မှန်းမသိ။ မိမိ၏ တပည့်မှာလည်း မိမိ၏ ဆရာ အချိန်အခါနှင့် ပြန်မရောက်သောကြောင့် စိတ်ပူလေရကား အိမ်ရှေ့မှ ထွက်ကာ စောင့်စား၍နေ၏။ လျှောက်၍လာသူလည်း မိမိ၏တပည့်ကို မြင်သောအခါမှ အိမ်ရောက်ကြောင်းကို သတိရ၍ အိမ်အတွင်းသို့ ဝင်၏။ မြစ်ကမ်းနဖူးမှ မိမိအိမ်မှာ ၂ မိုင်မျှ ဝေးကွာသော်လည်း အိမ်အရောက်မြန်လှ၏ဟု စိတ်ထဲတွင် တွေးထင်မိပေ၏။ အိမ်ထဲရောက်လျှင် မိတ်ဆွေ ဦးစံသူက 'ကိုလူအေး တယ်လည်ပါကလား' ဟု ဆို၏။

မောင်လူအေးကား ပြုံးလျက်။

လမင်း၏ အရောင်ထက် လူ့စိတ်ကို ပြောင်းစေနိုင်သော သတ္တိရှိသည့်အရာသည် အဘယ်မှာလျှင် ရှိတော့မည်အံ့နည်း။

*ကြီးပွားရေး၊ တွဲ-၅၊ မှတ်-၃၊*
*(ဒီဇင်ဘာလ၊ ၁၉၃၆)*
*(ဇန်နဝါရီလ၊ ၁၉၃၇)*

## ကြည်နူးဖွယ်

ဤအခါသည်ကား မြို့ပိုင် နယ်ပိုင်တို့၏ အလုပ်များသော အခွန်တော်ကောက်ချိန်ဖြစ်လေသည်။ မည်သည့်မြို့ပိုင် နယ်ပိုင်မျှ မအားရ၊ ဟိုသွား သည်သွားနှင့် တသွားတည်း သွားနေရသောအခါတည်း။

မောင်လူအေးကား အစိုးရပေးသော သင်္ဘောဖြင့် နံနက်ခင်းကတည်းက ထွက်လာခဲ့ရာ၊ တစ်ချောင်းဝင် တစ်ချောင်းထွက်၊ တစ်ရွာတက် တစ်ရွာဆင်းနှင့် အခွန်တော် တောင်းခံရသည်နှင့်ပင် နေတော်တော် စောင်းခဲ့၏။ ကြိမ်းတန်ကြိမ်း၊ မောင်းတန်မောင်း၊ ခြောက်တန်ခြောက်၊ လှန့်တန်လှန့်၊ ချော့တန်ချော့၊ ပျော့ပျော့တောင်းချည်၊ မာမာတောင်းချည် ပလီပလာ စကားတွေလည်း များစွာသုံးရ၏။ အခုပင် လက်ထိပ်ခတ်ပြီး ဖမ်းတော့မလိုလို၊ နေအိမ်များကိုပင် ဝရမ်းကပ်ပြီး လေလံတင်ကာ ရောင်းတော့မလိုလို၊ အမျိုးမျိုး အပိုစကားတွေကို ပြောရလွန်း၍ အာလည်းခြောက်၊ စိတ်လည်းနောက်၊ အေးပေါက်က မပေါ်တော်တော်ပင် မော၍လာတော့၏။

နေပူပြင်းရသည့်အထဲတွင် သင်္ဘောခန်းကလည်း လှောင်နေသောကြောင့် မောင်လူအေးမှာ ချွေးတလုံးလုံးနှင့် နေ၏။ သင်္ဘောဖြတ်၍လာသော ချောင်းမှာလည်း အချို့ကြီး၏။ ရေများပြည့်လျှံလျက်နေလေသည်။ အချို့က ကျဉ်းကျဉ်းကလေးတွေ သင်္ဘောတစ်စင်း ဝင်သာရုံရှိ၏။ ရေကလည်း နည်းသောကြောင့် သောင်တင်မည်ကိုပင် စိုးရသေး၏။ သတိမနည်းထားရလေသည်။ ကမ်းဘေးတွင်ပေါက်နေကြသော သစ်ပင်တို့ကား လမုပင်သာများ၏။ ချောင်းထဲများသို့ ကိုင်းပြီး ကျနေသောကြောင့် ရေတက်၍လာလျှင် အကိုင်းများနှင့် ရေပြင်မှာ ထိစပ်လျက်နေ၏။ ကြည့်၍ပဲကောင်းသေးတော့။

မောင်လူအေး စီး၍လာသော သင်္ဘောမှာလည်း မောင်လူအေးကဲ့သို့ပင် အစိုးရမင်း၏ အမှုတော်ကို ကျေပြွန်စွာ ထမ်းရှာ၏။ မောပန်းသည်ဟူ၍ ညည်းညူခြင်း မရှိဘဲ အစဉ်တစိုက်ပင် မောင်လူအေး၏ သွားလာရာသို့ မောင်းနှင်လျက် လာခဲ့လေသတည်း။

ဤသို့ မောင်းနှင်လာ၍ မိုးချုပ်သဖြင့် အလင်းရောင်ပျောက်သွားသောအခါ ခမျာ သင်္ဘောမှာလည်း (ဆက်၍မသွားနိုင်တော့ဘဲ မောပန်းသည်တစ်ကြောင်း၊ လမ်းမမြင်သည် တစ်ကြောင်းတို့ကြောင့်) စခန်းချရရှာ၏။ မောင်လူအေး၏ မောပန်းခြင်းကား ဆိုဖွယ်မရှိ။

သင်္ဘော စခန်းချရာကား ကညင်ကုန်းခေါ် တောရွာကလေး၌ဖြစ်၏။ ကမ်းဘေးတွင် ဆိုက်ကပ်ခြင်းငှာ မတတ်နိုင်၊ ရေလယ်ကောင်မှာပင် ကျောက်ချ၍ ဆိုက်ကပ်ထားရ၏။ သင်္ဘောလည်း စိတ်အေး လက်အေး နေတော့၏။

မောင်လူအေးလည်း နေ့ခင်းက ချွေးတလုံးလုံးနှင့် နေခဲ့ရသောကြောင့် ရေချိုးခန်းသို့ဝင်၍ ရေချိုး၏။ ကိုယ်လက်ပေါ့ပါး၍လာ၏။ စိတ်ရှုပ်ထွေးခြင်းကား တော်တော် ပျောက်ကင်း၍သွား၏။ ရေမိုးချိုး၊ အင်္ကျီ အဝတ်အစား လဲလှယ်ပြီးလျှင် အစေခံပြင်ထားသော ထမင်းကို အားရပါးရစားသောက်၏။

ပြီးစီးလျှင် ခပ်အိုက်အိုက်ဖြစ်လာသဖြင့် သင်္ဘောအခန်းပြင်ဘက် ဦးတွင် ကုလားထိုင်တစ်လုံးကို ထုတ်ကာထိုင်၏။ လဆုတ် ကိုးရက်နေ့ည ဖြစ်သောကြောင့် လမင်း၏အရောင်ကို မျှော်လင့်ဖွယ် မရှိ၊ မှောင်အတိဖြစ်နေ၏။ သို့သော် မိုးရိပ်ကင်းသော ကောင်းကင်တွင် ကြယ်အပေါင်းမှာ တောက်ပ ထွန်းလင်းလျက်နေကြ၏။ ဤ ကြယ်တို့၏ အရောင်ကြောင့် သင်္ဘောရှေ့ ပေတစ်ရာခန့်ကို ခပ်မှုန်မှုန်ကလေး မြင်ရ၏။ ကမ်းဘေးတွင် ပေါက်နေကြသော သစ်ပင်ကြီးငယ်တို့ကို မည်းမည်းများသာမြင်ရ၏။ ထင်ထင်ရှားရှားကား မမြင်ရ။ လေညင်းက ခပ်ဖြည်းဖြည်း တိုက်ခတ်နေသောကြောင့် ရေပြင်တွင် ဂယက်ထနေ၏။ ၎င်းတို့၏အသံမှာ သာတောင်း၏။ လေညင်းခံ၍ ကောင်း၏။ စီးကရက်ဘူးမှ စီးကရက် တစ်လိပ်ကို ထုတ်ကာ မီးညှိ၍ သောက်၏။

ဤအခိုက်အခါတွင် မောင်လူအေး၏ စိတ်တွင် ပူပင်စရာအကြောင်း၊ စိတ်လှုပ်ရှားစရာအကြောင်းတို့ မပေါ်လာကြချေ။ နေ့ခင်းက အခွန်တော်အတွက် ရှုပ်ထွေးလာသည် တို့ကိုလည်း သတိမရ။ မိမိ

နောင်လုပ်ကိုင်ရန်ရှိသော အလုပ်များကိုလည်း သတိမရ။ ခေတ္တမျှ မေ့လျော့၍ နေလေ၏။

ကောင်းကင်ပေါ်သို့ မော်၍ ကြည့်လိုက်၊ ကမ်းခြေဘက်သို့ မျှော်၍ ကြည့်လိုက်၊ ရေပြင်ပေါ်သို့ငုံ့၍ကြည့်လိုက်နှင့် နေ၏။ အိတ်ထဲမှ မွေးညှပ်ကိုထုတ်ကာ နုတ်ကာ နုတ်ကာ နေ၏။ အိမ်တွင် ကျန်ရစ်ခဲ့သော မမြသန်း ကလေးကိုလည်း တွေးမိ၏။ ဤအချိန်၌ အိပ်ဦးမည် မဟုတ်၊ အစောကြီး ရှိသေး၏။ စကားပြောနေမည်လားမသိ၊ ပြောနေမည်မထင်၊ အိပ်ရာထဲ ဝင်ကာ မိမိအကြောင်းများ စဉ်းစားနေမလား၊ ဟုတ်ကောင်း ဟုတ်ပေလိမ့်မည်။ ခါတိုင်းကား သဘော်နှင့်အတူလိုက်မြဲ။ ယခုမှာ နေက လည်း ပူ၊ သွားစရာတွေကလည်း များသောကြောင့် ထားခဲ့ရပေသည်။

ကညင်ကုန်း ရွာထဲတွင် နေကြသော သူတို့ကား မိမိ၏အကြောင်း မည်သို့ ထင်ကြမည်နည်း။ အခွန်တော်ဆောင်ပြီးသော သူတို့ကား စိတ် အေးလက်အေးနေကြမည်ကား မလွဲ၊ အခွန်တော် မဆောင်ရသေး သူတို့ ကား စိတ်ပူပြီးလျှင် လိုက်လံရှာဖွေချေးငှားကြပေလိမ့်မည်။ ရှာ၍ မရ သေးသော သူတို့ကား ပြေးရကောင်းမလား၊ ဝန်ထောက်မင်းထံလာ၍ တောင်းပန်ရကောင်းမလား၊ စသည်ဖြင့် တွေးတောနေကြပေလိမ့်မည်။ ငါတို့အား ဝန်ထောက်မင်း နက်ဖြန်ခေါ်မည်ကား မလွဲ။ မည်သို့ပြော ရမည်နည်း။ မပေးနိုင်လျှင် ဖမ်းများ ဖမ်းသွားမလား အခက်ပဲ၊ ရှာလို့က လည်းမရနိုင်၊ စားဖို့တောင် ခက်နေ၊ ဘယ်လိုလုပ်ရမလဲ၊ ဤသို့ တွေး တောနေကြမည်ကား မလွဲ။

မောင်လူအေးကား မိမိနေရာတွင် မတုန်မလှုပ်၊ မိမိထင်ရာကိုသာ စဉ်းစားလျက်နေ၏။ ရွာသူရွာသားတို့မည်သို့ စဉ်းစားနေကြမည်၊ မည်သို့ ဖြစ်ပျက်နေကြသည်ကိုကား ဂရုမစိုက်၊ သဘော်ဆိုက်ထားရာနှင့် မနီးမဝေး အိမ်တစ်အိမ်မှ စကားပြောသံ ရယ်မောသံတို့ကို မကြာမကြာ ကြားလျက်နေ၏။ အခွန်ဆောင်ပြီးသော အိမ်နှင့်တူ၏။

လူကြီး၏ အသံကိုလည်း ကြား၏။ မိန်းမခပ်ကြီးကြီး၏ အသံကို လည်း ကြား၏။ ၁၂ နှစ်အရွယ် မိန်းကလေး၏ အသံကိုလည်း ကြားရ ၏။ သုံးလေး ငါးနှစ်အရွယ် ကလေး၏ အသံကိုလည်း ကြားရ၏။ မိန်း ကလေးကား လူကြီးများ၏ စကားကို သဘောကျသောကြောင့် မကြာ မကြာ ရယ်၏။ လူကြီးများကပင် ရယ်ချင်ချင်ဖြစ်နေပါသလား၊ မည်သူ ပြောနိုင်အံ့နည်း။ ၎င်းတို့၏ ပျော်ပါးစွာ စကားပြောနေနိုင်ခြင်းကို

ထောက်ခြင်းအားဖြင့် လူခွန်ဆောင်ပြီးသော အိမ်ဟူ၍ ကေန် ပြောနိုင်၏။ လူခွန်မဆောင်ရသေးသော အိမ်မှာ ဤသို့ ရယ်မောစွာစကား ပြောဆို နေနိုင်မည် မဟုတ်။

မောင်လူအေးလည်း တွေးမြဲတိုင်းသာ တွေးနေ၏။ ထိုအိမ်မှ စကားသံတို့လည်း ကြားမြဲ ကြားနေရသည်။ စိတ်တစ်မျိုး ကြည်နူးဖွယ်တည်း၊ ဤသို့ စိတ်ကြည်နူးနေခိုက်တွင် တယောသံကို ကြားလိုက်ရ၏။ အချို့တွင် သကာလောင်းလိုက်သကဲ့သို့ ထင်မှတ်မိ၏။

ဤမျှ သိမ်ငယ်လှစွာသော တောရွာကလေးတွင် တယောသံကြားရသည်မှာ ထူးဆန်း၏။ မောင်လူအေး၏စိတ်ကို ပိုမိုကြည်နူး စေလိုသောကြောင့် သိကြားမင်းကပင် ပဉ္စသိခ်နတ်သားအား ကညင်ကုန်းသို့ ခေတ္တ အထူးအလုပ်နှင့် လွှတ်လိုက်သကဲ့သို့ နေမည်။ စိတ်ကြည်နူးဖွယ်ကောင်းလှသော အခိုက်အတန့်လေးတွင် တယောသံကို ကြားလိုက်ရာ လူသာမန်ဖြစ်သော တယော၏ အသံပင်ဖြစ်စေကာမူ အချိန်အခါ၏ ညီညွတ်ခြင်းနှင့် ပြည့်စုံသောကြောင့် ပဉ္စသိခ်နတ်သား၏ လက်သံကဲ့သို့ ပင်ထင်မှတ်ရ၏။ နတ်သား၏ လက်သံကား ဤမျှပင် ကောင်းမည် မထင် တယောသံထက် ကြားသူ၏ စိတ်က အရေးကြီး၏။ စိတ်ရှုပ်ကာမူ မကြားလို၊ စက်ဆုပ်၏။ ရွံရှာ၏။

ပတ်ဝန်းကျင်ကလည်း တိတ်ဆိတ်၊ စိတ်ကလည်းကြည်နူး၊ တယောသံကလည်း ကြားသဖြင့် အလကား နတ်ပြည် ရောက်နေသလို နေ၏။ တယောသံကား တဖြည်းဖြည်း ကျယ်၍ကျယ်၍လာ၏။ လက်ဦး တယောစမ်းလျက် နေ၏။ နောက် မိုးနတ်ဒေဝီကိုထိုး၏။ ထို့နောက် တေဘုမ္မာကို ထိုး၏။ ထို့နောက် ဆက်လက်၍စမ်းသွား၏။ နားထောင်၍ ကောင်း၏။ စိတ်ကြည်နူး၍ သွား၏။ တစိမ့်စိမ့် နားထောင်ချင်၏။ ဦးပြုံးချို၏ သီချင်းများကို ထိုးသောကြောင့် ဦးပြုံးချိုကြီးအား ပြေး၍ သတိရမိ၏။ ဤသီချင်းတို့မှာ နှစ်ရှည်လများ တည်မည်ဖြစ်သော သီချင်းတို့တည်း။

တယောထိုး နေသည်မှာ တစ်နာရီမျှ ကြာ၍လာ၏။ မောင်လူအေးလည်း မုတ်ဆိတ်မွေး နုတ် ကာသောတာရုံကို ခံစားလျက် နေလေသတည်း။ ဤသို့ခံစားနေခိုက်စိတ်သည် အိမ်သို့ တစ်ချက်တစ်ချက် ပြန်၍ ပြေးသွား၏။ ကြာကြာကား မနေ၊ တယောသံရှိရာသို့ ပြန်၍ လာပြန်၏။

တယောထိုးသူလည်း လက်ညောင်း၍ လာ၏။ ၎င်း၏ လက်သံမှာ

ပျော့၍ပျော့၍ လာ၏။ တိုး၍ တိုး၍သွား၏။ အတန်ကြာလျှင် တယောသံလုံးလုံးပျောက်၍သွား၏။ အတန်ကြာလျှင် တယောသံလုံးလုံး ပျောက်၍သွား၏။ တစ်ရွာလုံး ဘာသံမျှ မကြား၊ လူသံ တိတ်ဆိတ်လျက် နေတော့သတည်း။ မောင်လူအေးလည်း နေရာမှထ၍ အခန်းထဲသို့ ဝင်၏။ နားထဲတွင် တယောသံမှာ ကြားမယောင်ယောင်နေ၏။ စိတ်ထဲတွင် အိမ်သို့ ရောက်မယောင်ယောင်နေ၏။ ဝမ်းထဲတွင် ဆာမယောင် ယောင်နေ၏။

အစေခံ ဖျော်၍ထားသော ကော်ဖီအေးအေးတစ်ခွက်ကို သောက်ကာ အိပ်ရာထဲဝင်တော့သတည်း။ မည်သည့်အချိန်ကျမှ အိပ်ပျော်သည် ဟူ၍ မည်သူပြောနိုင်အံ့နည်း။

❽

## နေ့ထူး

ဤနေ့ကား ဇလွန်ရုံးတော်အတွက် ထူးသော နေ့တစ်နေ့ ဖြစ်လေသည်။ ယခုနှစ်တွင် စပါးဈေး ထူးထူးခြားခြား လျော့ကျသွားသောကြောင့် လယ်ယာလုပ်ကိုင်စားသောက်သူတို့ အတိဒုက္ခရောက်ကြသည်။ စပါးဈေးကျနေသည့်အထဲတွင် ဤဒိစတြိတ်နှင့် နီးစပ်လျက်နေသော သာယာဝတီတွင် သူပုန်ထကြွသောကြောင့် တိုင်းပြည် တစ်ပြည်လုံး တုန်လှုပ်လျက်သွား၏။ လူတကာ၏ စိတ်ထဲတွင် တထိတ်ထိတ်နှင့် နေကြ၏။

သာယာဝတီနှင့်နီးစပ်လျက်နေသော ဤနယ်ရှိ ရွာသူရွာသားတို့၏ စိတ်တွင်ကား ဆိုဖွယ်ရာမရှိပြီ၊ တိုင်းပြည်မှာ နေ့ပျက်နိုးနိုး၊ ည ပျက်နိုးနိုး တီးတိုးစကားပြောကြ၏။ ထွက်ပြေးရန် အသင့်ပြင်ဆင်သူ ပြင်ဆင်၊ သူပုန်များ ရောက်လာလျှင် မည်သို့နေထိုင်ရမည်ကို ဆွေးနွေးသူ ဆွေးနွေး၊ စိတ်အေးသူကား တစ်ယောက်မျှမရှိ။

စပါးဈေးနည်း၍ ဆင်းရဲ၊ သူပုန်ဘေးအတွက် ပြေးဆဲအခါတွင် အချို့သော လူညာတို့က တိုင်းပြည်ပျက်လျှင် လူခွန်မှစ၍ အခွန်အမျိုးမျိုးတို့မှ လွတ်ကင်းရာ ရတော့မည်ဟု အားရဝမ်းသာ ဟောပြောခြင်းပြုပါသော်၊ နားယောင်၍ သွားသူသွား၊ အားပါးရသူကရ၊ စိတ်က ထင်တာတွေ တွေး၍ နေကြကုန်၏။

ဤသို့ အမျိုးမျိုးဖြစ်ပျက်နေသည့်အထဲတွင် ခမျာ ရွာသူကြီးတို့မှာ အခွန်ကောက်ရေးအတွက် အေးကွက်မပေါ်၊ ပြေးကွက်သာ မျှော်ကြရတော့၏။ ရွာသားတို့ထံ အခွန်တောင်းသော်မပေး၊ ပြေး၍မြို့ပိုင်မင်းထံလျှောက်ပြန်သော် အငေါက်ခံရနှင့် စိတ်ညစ်စရာစိတ်ပျက်စရာကြီး ဖြစ်လေသည်။ ၎င်းခမျာ သူကြီးတို့မှာ တပြေးတည်းပြေး၊ တလွှားတည်း

လွှား၊ တသွားတည်းသွား၍ နေကြရ၏။ စားရမည်ကိုလည်း မသိ၊ အိပ်ရာနေရာကလည်း အတပ်မရှိ။

နောက်ဆုံး၌ မြို့အုပ်မင်းထံ တညီတညာ သွားကြပြီးလျှင် ရသမျှသောအခွန်တော်ကို ဆက်သ၊ ကျန်သမျှကို တောင်း၍ မရကြောင်းနှင့် တောင်းပန်လျှောက်ထားကြသော ဟူ၏။ မြို့အုပ်မင်းကလည်း အကြံမပေါ်သဖြင့် ဆိတ်ဆိတ်နေကာ စီးကရက်တစ်လိပ်ကိုဖွာပြီးလျှင် အတန်ကြာအောင် စဉ်းစားတွေးတော၏။ စီးကရက်တစ်လိပ် ကုန်သောအခါ အကြံဆန်းတစ်ခု ပေါ်၍လာ၏။ လူခွန်တော်မပေးရသေးသောသူတို့အား နောင် သုံးရက်ကြာလျှင် သူကြီးအပေါင်းက ရုံးတော်သို့ ခေါ်လာရမည်ဟု အမိန့်တော် ပြန်တမ်းဆင့်ကာ ကမ်းထုတ်ဝေလိုက်လေသတည်း။

ခမျာသူကြီးအပေါင်းမှာလည်း မြို့အုပ်မင်း၏ အမိန့်တော်ကို ဦးထိပ်ထက်ပန်ဆင်ကာ မိမိတို့နေထိုင်ရာ ရွာအသီးသီးသို့ ပြန်သွားကြ၏။ မောင်းထုကာ ရွာသားတို့ကို စုပြီးလျှင် လူခွန်တော် မဆောင်ရသေးသောသူတို့မှာ နောင်သုံးရက်ကြာလျှင် မြို့အုပ်မင်းရုံးတော်သို့ လိုက်ပါရမည့်အကြောင်းကို အမိန့်တော်ပြန်တမ်း ထုတ်ကြကုန်၏။ ဤအမိန့်တော်ကိုကြားလျှင် မှိုင်သူမှိုင်၊ တွေသူတွေ၊ ငေးသူတွေကလည်း ငေး၊ ပေးသူတွေကလည်းပေး၊ ကြောင်ပါးအချို့ကား အေးအေးဆေးဆေး ဣန္ဒြေမပျက်ရှိနေကြကုန်၏။

သို့နှင့် ချိန်းထားသော နံနက်သို့ ရောက်၍ လာခဲ့၏။ သူကြီးအပေါင်းလည်း နံနက်စောစောစီးစီးကပင် မောင်းကြီးတို့ကို ထုကြကုန်၏။ ရုံးတော်သို့ လိုက်ရမည့်သူတို့လည်း လှည်းပြင်သူပြင်၊ ထမင်းထုပ်သူထုပ်၊ လူစုသူစု၊ ခြေကျင်စိုင်းသူစိုင်း၊ တသိုင်း၊ တဝိုင်းကြီး ထွက်၍လာခဲ့ကြကုန်သတည်း။

အရွာရွာမှာ လှည်းတန်းတို့မှာ မြို့အုပ်မင်း ရုံးတော်သို့သာလျှင် ဖြောင့်တန်းလျက် လာကြကုန်၏။ ချမ်းကလည်း ချမ်း၊ အိပ်ကလည်း ငိုက်၊ စကားများလာသူ လာ၊ အားပေးသူကပေး၊ ညည်းသူက ညည်း၊ ချမ်း၍ ကွေးသူကလည်း ကွေး၊ မေးခိုက်ခိုက်တုန်ပြီးလျှင် လာကြလေတော့သတည်း။ မြစ်ကမ်းခြေရှိ ရွာတို့မှလည်း လှေနှင့်လာ၊ သင်္ဘောနှင့်လာ၊ များလှစွာပင်။

မြို့အုပ်မင်းရုံးတော်သို့ စောစောစီးစီး ကျီးမနိုးမီ ရောက်သူတို့

လည်း ရှိ၊ ၄င်းတို့ထက် နောက်ကျ၊ ဆွမ်းခံဝင်ချိန်ရောက်မှ ပေါ်လာသူတို့က မရှာ၊ နံနက် ထမင်းစားချိန်တွင် ပေးလာသူတို့ကလည်း အများ၊ ရုံးတော် အနီးအနားတွင် စည်ကားလျက် နေတော့၏။

လှည်းဝိုင်းကြီးကိုချကာ ထမင်းထုပ်ပါလာသူတို့က ထုတ်ကာ စား၊ မပါလာသူတို့က ဈေးကိုသွား၊ မြို့အတွင်း စည်စည်ကားကား ဖြစ်ပြန်သည်။ ဈေးအတွင်း ဟိုပြော သည်ပြော တသောသောနှင့် နေ၏။

ရုံးဖွင့်ချိန်ရောက်လတ်သော ရွာသားအပေါင်း အရောက်ညီကြ၏။ ရုံးအပြင် ဝရန်တာတစ်လျှောက်တွင် လျှောက်သူတို့က လျှောက်၊ ထိုင်သူတို့က ထိုင်၊ မှိုင်သူတို့က မှိုင်၊ စကားများသူတို့ကများ၊ ကွမ်းစားသူတို့ကလည်း စား၊ တရုံးရုံးဆူညံလျက်ရှိပေသည်။

ရုံးတော်ရိပ် မြေပြင်တွင် ထိုင်သူတို့ကလည်း မရှား၊ ရပ်နေသူတို့ကလည်း အများ၊ အနီးအနား သစ်ပင်ရိပ်များအောက်တွင် ထိုင်နေသူတို့ကလည်းအပုံ၊ ခပ်ကျယ်ကျယ်စကားပြောသူပြော၊ တိုးတိုးဆွေးနွေး သူဆွေးနွေး၊ အေးအေးကလေး ထိုင်သူထိုင်။

အရွယ်မှာအမျိုးမျိုး၊ အိုအိုတွေက တစ်သိုက်၊ ပျိုပျိုတွေကလည်း တစ်သိုက်၊ အရွယ်လတ်ကလည်း တစ်သိုက်၊ ခပ်ငယ်ငယ်တွေကလည်း ရှိ၊ မိန်းမတွေလည်းပါ၊ ကလေးတွေပါမကျန်၊ (ကလေးတွေမှာ လူခွန်ပေးရန်မဟုတ်၊ အမေအဖေတွေနှင့် လိုက်လာသူများ ဖြစ်လေသည်။)

အဝတ်အစားတို့မှာကား နီနီ ဝါဝါ ပြာပြာ စိမ်းစိမ်း အရောင်တွေစုံလှ၏။ သက္ကလပ်အင်္ကျီ အနက်တွေက အတန်များ၊ တိုင်းပြည် ဖြစ်ဝတ်သူကား အနည်းကလေး။ ဆံရှည်ရှည်တွေလည်း ပါ၊ ကတုံးတွေဟာကလည်း အများ။ ပဝါပေါင်းသူတွေ၊ မျက်နှာသုတ်ပဝါစည်းထားသူတွေ၊ ခေါင်ကို ပေါင်းထားသူတွေ၊ အချို့ကား လုံချည် ရှည်ရှည်ကို ပေါင်းထားကြ၏။

၄င်း လူထုကြားတွင် ကုလားတွေကလည်း သုံးလေးယောက်၊ တရုတ်တွေကလည်း လေးငါးယောက်။ ဘာအတွက် ပေါက်လာကြသည် မသိ။ ချစ်တီးယားတွေကလည်း နှစ်ယောက်သုံးယောက်။ အခွန်တော် မဆောင်၍တော့မဟုတ်။ (အထက်က) တရားမ မြို့အုပ်မင်းထံတွင် အကြွေးအတွက် တရားစွဲသူတွေ ထင်ရဲ့။

ငွေသွင်းနိုင်သောသူကြီးတို့ကလည်း တပြုံးပြုံး၊ ငွေမသွင်းနိုင်သူသူကြီးတို့ကလည်း တမှိုင်မှိုင်။ ငွေတိုက်တွင် တိုးလျက်နေကြ၏။ ငွေရေ

သောအသံတို့ဖြင့် တစ်ရုံးလုံးညံ၊ အနားတွင်ရပ်လျက်နေကြသော ရွာသားတို့၏ စိတ်ထဲတွင်ကား ငွေတိုက်မှ ထုတ်ယူ၍ ပေးလိုက်ချင်ကြ၏။ ငွေ ရေတွက်ခြင်း၏ အသံကို အရသာခံကာ ပီတိ ဖြစ်နေသူတို့ကလည်း ရှိသေး၏။

ဤသို့ လူထုကြီး ရုံးအနီးနားတွင် ဘုရားပွဲတော်ကြီးမှာ ကဲ့သို့ စည်ကားလျက်နေသည်မှာ တစ်နာရီခန့်ကြာ၍လာ၏။ မြို့အုပ်မင်းကား မရောက်သေး။ နှစ်နာရီခန့်ကြာ၍လာပြန်၏။ မြို့အုပ်မင်း မရောက် သေး။ ညောင်းစပြု ညည်းစပြုလာ၏။ လမ်းထ၍လျှောက်ကြ၏။ အညောင်းဆန့်ကြ၏။ တသမ်းသမ်း တဝေဝေ ဖြစ်၍နေကြ၏။ အချို့မြေပြင်ပေါ်တွင်လှဲကာ အိပ်ကြ၏။ သဘော်နှင့်လာသူတို့ သဘော်မမီမှာကို စိုးရိမ်မကင်းဖြစ်စပြုကြ၏။ ရွာတွင် လုပ်စရာရှိသော သူတို့လည်း စိုးရိမ်စ ပြုကြ၏။ အချိန်းအချက်ရှိသော သူတို့ စိတ်ပူစ ပြုကြ၏။

အရပ်ဝေးမှ လာသူတို့ အိမ်အရောက် နောက်ကျမည်ကို စိုးရိမ်ကြ၏။ မိမိတို့ အိမ်အရောက်နောက်ကျလျှင် သားမယားတို့ စိုးရိမ်မကင်း ဖြစ်ကြမည်ကို ပူမိ၏။ လူခွန်မပေးသောကြောင့် အစိုးရမင်းက ဖမ်းထားသည်ဟူ၍ သားမယားတို့ ပူပန်သောက ဖြစ်နေကြမည်ကို တွေး၍ ပူမိ၏။ မိမိတို့ကိုယ်တိုင်ကလည်း မြို့အုပ်မင်းက မည်သို့ အမိန့်ချမည်ကို မသိသဖြင့် အမျိုးမျိုးတွေးတောရမ်းဆကာ ထင်မြင်လျက် နေကြ၏။ မြို့အုပ်မင်းကား နာရီပြန်တစ်ချက် ထိုးခါနီးမှ ပျာယီး ပျာယာနှင့် စက်ဘီးစီး၍ ပေါက်လာ၏။ အဝေးမှ မြို့အုပ်မင်းလာသည်ကို စောင့်စားနေကြသော လူထုကြီး မြင်လိုက်လျှင် "ဟော - လာပြီ" ဟူသော အသံကြီးသည် တစ်ပြိုင်နက် တစ်ချက်တည်း ဆူ၍သွား၏။ ထို့နောက် ဆူဆူဆူဆူ ပြောကြားနေကြ၏။

မြို့အုပ်မင်းလည်း လာမြဲလာ၏။ လူထုကြီး၏ အနားသို့ မြို့အုပ်မင်း ရောက်လာလျှင် ဆူညံနေသော အသံကြီးသည် ဆိတ်လျက်သွား၏။ မြို့အုပ်မင်း မည်သို့ အမိန့်ချမည်နည်း။ မြို့အုပ်မင်း၏ မျက်နှာကား တင်းမာလှ၏။ ဖမ်းများဖမ်းထားမလား။ ရွာသို့ ပြန်မှ ပြန်ရပါတော့မလား။ ခက်ကုန်တော့မည်။

မြို့အုပ်မင်း ရုံးခန်းထဲသို့ ဝင်သွားသည်နှင့် တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက်နှင့် ဆူညံ၍ လာပြန်၏။ မြို့အုပ်မင်းမည်သို့ အမိန့်ချမည်ဟု မည်သူမျှ မပြောနိုင်။ တစ်ယောက်ကို တစ်ယောက်

တီးတိုးပြောကြ၏။ မြို့အုပ်မင်း၏ အမိန့်ကို နာခံရန်သာလျှင် စောင့်စားကာ နေကြကုန်၏။ ဤအခိုက်အတန့်သည်ကား ထိုရွာသားတို့၏ တစ်သက်တွင် အရေးအကြီးဆုံးသော အခိုက်အတန့်ကြီးပေတည်း။

မြို့အုပ်မင်း အခန်းထဲသို့ ဝင်သူဝင်၊ အခန်းထဲမှ ထွက်လာသူ ထွက်လာ။ သူကြီးအချို့ပါ၏။ စာရေးမှာလည်း ခဏခဏ ထွက်ချည်၊ ဝင်ချည်နေ၏။ အဘယ်ကြောင့်များပါလိမ့်။ အမိန့်များ ပေးပြီးပြီလား။ ပုလိပ်သား သုံးလေးယောက်လည်း သေနတ်များနှင့် လျှောက်၍ နေကြ၏။ အဘယ်အကြောင်းပါနည်း။ ထွက်လာသူတို့ အနီးသို့ ကပ်ကာ အကြောင်းကိုမေး၏။ ထိုသူတို့လည်း မည်သို့မျှ မပြောနိုင်။ အခက်ကြီး ပါတကား။ ကြောက်စရာကြီး ဖြစ်နေပေပြီ။ ကြောက်စပြုလာကြ၏။ လက်တို့ကာ ပြောကြရှာ၏။

ဤသို့ ဝင်သူဝင်၊ ထွက်သူထွက်နှင့်ပင် နာရီဝက်ကြာခဲ့၏။ အမိန့်တော်ကိုကား မကြားသေး။ စောင့်ရသည်မှာ ကြာလှပေပြီ။ သို့သော် ပြန်ရန်မဝံ့။ အဘယ်သို့ လုပ်ရမည်နည်း။ နောက်ဆုံး၌ ထွက်ချည်ဝင်ချည် လုပ်နေသော မျက်နှာထားတင်းတင်း နှုတ်ခမ်းမွေးသက်သက်နှင့် စာရေးက "နယ်ပိုင် ဝန်ထောက်ရောက်မှ အမိန့်ချမည်" ဟု ခပ်ကျယ်ကျယ်အော်၍ ပြောလိုက်၏။

ဩော် . . . အခက်ကြီး ခက်လေပြီ။ မြို့အုပ်မင်းသာမဟုတ်၊ ဝန်ထောက်မင်းလည်း ပါနေသည်။ ဧကန္တ အဖမ်းခံရတော့မည်လား။ မြို့အုပ်မင်းတစ်ယောက်တည်းဆိုလျှင် တော်သေး၏။ ယခုကား ဝန်ထောက်မင်းလည်း လာပေမည်။ အရေးကြီးလှ၏။ မုချပင် ဒုက္ခရောက်တော့မည်။ ဆူဆူညံညံ စကားပြောဆိုနှီးနှော၍ နေကြပြန်၏။ ဝန်ထောက်မင်း အလာကို စောင့်စားနေကြရပြန်၏။

သုံးနာရီထိုးလျှင် ဝန်ထောက်မင်း၏ မော်တော်ကားကို မြင်ကြရ၏။ "လာပြီ" ဟူသော အသံကြီးသည် တစ်ပြိုင်နက် ဆူညံ၍သွားပြန်၏။ မော်တော်ကားလည်း နီး၍နီး၍လာ၏။ စောင့်စားနေသူတို့ စိတ်ထဲတွင်လည်း အမိန့်ကို သိလိုပြီ လာပါတော့ဟု တောင့်တနေဆဲဖြစ်ပါ၏။ ရုံးတော်အနားသို့ရောက်လျှင် ရုံးတော်သို့ မဝင်သေးဘဲ ဗိုလ်တဲရှိရာသို့ မောင်း၍သွား၏။

အမယ်လေး စောင့်ရေချေသေးရဲ့။ အခုတောင် မလာသေးပါကလား။ ခက်ပဲခက်သေးတော့တယ်၊ သဘော်တော့ မမီတော့ပါဘူး၊ ဘယ်

မှာသွားအိပ်ရပါ၊ စောင်လည်းမပါ၊ အသိလည်းမရှိ၊ ဆောင်းတွင်းက လည်းဖြစ်၊ အခက်တကာ့ အခက် မဟာအခက်ကြီးနှင့် တွေ့နေပေပြီ။ အခွန်တော်မဆောင်၍ ဖမ်းထားတာက ကောင်းသေး၏။ အိပ်ရာနေခင်း တော့ရဦးမည်။ မဖမ်းဘဲ လွှတ်လိုက်တာ အဘယ်မှာအိပ်ရပါမည် နည်း။

နာရီဝက်ခန့်ကြာလျှင် ဝန်ထောက်မင်း မော်တော်ကားကြီးနှင့် ရုံး ဝင်းအတွင်းသို့ ဝင်လာ၏။ စောင့်စားနေသူတို့ ဖယ်ပေးကြ၏။ ရောက် လျှင် မြို့အုပ်မင်းအခန်းသို့ ဝင်ကာ စကားပြောနေပြန်၏။ ခေါ်တော့ မလား၊ ခေါ်တော့မလားဟု စောင့်စားသူတို့စိတ်ထဲတွင် ထင်မှတ်ကြ၏။ သဘော်ာမမီသူတို့ စိတ်ထဲတွင်ကား သန်းခေါင်အပြင် ညဥ့်မနက်တော့ ပြီဟု တွေးတောကာ မတုန်မလှုပ်နေကြလေတော့သတည်း။

အတန်ကြာလျှင် မြို့အုပ်မင်းနှင့် ဝန်ထောက်မင်းတို့ထွက်လာကြ ပြီးလျှင် တရားခွင်ပေါ်၌ယှဉ်ပြိုင်ကာ ထိုင်ကြ၏။ ရွာသားနှင့်တကွ ရွာသူကြီးအားလုံး ရုံးအတွင်းသို့ဝင်ရန် ခေါ်၏။ အချို့ကား စိတ်ညစ် လှပြီဖြစ်သောကြောင့် လုပ်ချင်ရာလုပ် ဆိုသောအနေမျိုးဖြင့် မိမိတို့ နေမြဲနေရာမှာပင် ရှိနေကြကုန်၏။ အများကား ဝင်၍ နားထောင်ကြလေ သည်။

လူအများ ဝင်လာလျှင် ဝန်ထောက်မင်း စတင်၍ စကားပြော၏။ နောက်တစ်နေ့တွင် ရွာစဉ်ကို စစ်ပုလိပ်နှင့်လှည့်၍ ကောက်ခံလိမ့်မည်။ မပေးသူတို့၏ ပစ္စည်းကို ဝရမ်းဖမ်းမည်၊ ပစ္စည်းမရှိလျှင် လူဖမ်းမည် အစရှိသဖြင့် ခပ်ရှင်းရှင်း ပြောလေသည်။ ပြီးလျှင် လွှတ်လိုက်၏။

လူထုကြီးလည်း ဘုရားပွဲမှ ပြန်သကဲ့သို့ ကြွက်စီကြွက်နှင့် ပြန်၍ သွားကြ၏။ အမျိုးမျိုးပြော၍ သွားကြ၏။ အမျိုးမျိုးတွေးတော၍ သွားကြ ၏။ ပစ္စည်းများကို ပေါင်နှံရန် ပြောသွားသူတို့လည်း ရှိ၏။ ရင်းနှီးသော သူတို့ထံမှ ချေးရန်တွေးသွားသူတို့လည်း ရှိ၏။ သဘော်ာမမီလိုက်သူတို့ ၏ စိတ်တွင်ကား လူခွန်ပေးစရာမရှိသည်ထက် ထိုညအိပ်ရန် နေရာမရှိ သည်က ခက်လျက်နေကြ၏။ အိပ်ရန်နေရာအတွက်ကိုသာလျှင် စဉ်းစား ၍သွားကြလေသတည်း။

ရုံးတော်ကြီးမှာလည်း ခြောက်သွေ့တိတ်ဆိတ်လျက်နေ၏။ နေ ရောင်လည်း ပျော်ကလုဆဲဆဲ၊ ရုံးထဲတွင်ရှိသော မြို့အုပ်မင်းနှင့် ဝန်

ထောက်တို့လည်း ရွာသားတို့အား သနားပါလျက် ဝတ္တရားအတိုင်းလုပ်ရသောကြောင့် မျက်နှာမသာ ရှိနေကြကုန်၏။ စာရေးတို့လည်း အလုပ်များသဖြင့် မောဟိုက်၍ နေကြသဖြင့် တည်းည်းပင်။

ရုံးအပြင်ဘက်တွင် ထိုင်နေကြသော ထမင်းသုပ်သည် သုံးယောက်တို့ကား တပြုံးပြုံးနှင့် စကားပြောနေကြကုန်၏။ တစ်သက်လုံး ဤနေ့ကဲ့သို့ ဈေးရောင်းကောင်းသောနေ့ကို ၄င်းမိန်းမတို့ မတွေ့ဖူးသေးဖြစ်လေသည်။

နေလည်းဝင်၍ သွား၏။ မြို့အုပ်မင်း၊ နယ်ပိုင်မင်း၊ စာရေးများ၊ ပြာတာများလည်း အသီးသီးတစ်ယောက်ပြီး တစ်ယောက် ပြန်၍ သွားကြ၏။ ရုံးတော်မှာလည်း မကြုံစဖူး ထူးလှသော နေ့မျိုးကို ကြုံတွေ့ရသောအနေမျိုးဖြင့် မှိုင်တွေကာနေတော့သတည်း။

*စစ်ပြန်၊ မှတ်-၁၃၉၊*
*(ဇွန်လ၊ ၁၉၉၀)*

❽

# ဂန္ဓမာ

နယ်ပိုင်ဝန်ထောက် မောင်လူအေးသည် နေ့စဉ် မှန်မှန် ၁၁ နာရီ၌ ရုံးတက်လေ့ရှိ၏။ ယနေ့ကား အလုပ်များမည့်နေ့ဖြစ်သောကြောင့် ၁၀ နာရီကပင် ရုံးသို့ ထွက်သွားလေသတည်း။

ရုံးသို့ရောက်လျှင် အရေးပိုင်မင်းထံ တင်ရန် စာများကို တင်၊ မြို့ပိုင်များသို့ ချပေးရန်ရှိသော စာများကိုချပေး၊ မှတ်ချက်ရေးတန်သော နေရာ၌ မှတ်ချက်ရေး၊ လက်မှတ်ထိုးရမည့်နေရာ၌ လက်မှတ်ထိုးနှင့် အမျိုးမျိုးအလုပ်များနေ၏။ တစ်နာရီကျော်ကျော်မျှ ကြာလေသည်။ ယပ်ဆွဲ ကုလားက ယပ်ဆွဲ၍နေသောကြောင့် အလွန်ပူသော နေ့ခင်းဖြစ်သော်လည်း များစွာမပူ၊ ခံသာ၏။

ဤလက်မှတ်ထိုးသော ကိစ္စပြီးသွားသည်နှင့် တစ်ပြိုင်နက် တရားခွင်ပေါ်သို့တက်၍ အမှုတစ်မှုကို ခေါ်လေသည်။ တရားလို တို့ကား အူလယာ ကုလားများတည်း။ မြန်မာစကား မတတ်၊ မောင်လူအေးက လည်း ကုလားစကားမတတ်။ အကြပ်နှင့်ဖြစ်နေလေသည်။ စကားပြန်ခေါ်ရ၏။ စကားပြန် ခေါ်၍ စစ်ဆေးသော်လည်း မေးသည်ကတခြား၊ ဖြေသည်က တမျိုး၊ ရှေ့သို့မတိုးဘဲ အမှုမှာ နောက်သို့သာဆုတ်၍လာ၏။ အမှုရှင်းရမည့်အစားရှုပ်၍ရှုပ်၍ သွား၏။ ခက်လိုက်ပါဘိတော့ နော်၊ ဘယ်လိုလူမျိုးနဲ့ တွေ့နေရပါလိမ့်၊ နာရီပြန် ၂ ချက် ထိုးမှ သက်သေ ၂ ယောက် စစ်၍ပြီး၏။ မောင်လူအေးလည်း ချွေးလုံးကြီးများ ကျ၏။ တရား ခွင်မှ ဆင်း၍ ကာဖီသောက်၏။

ထို့နောက် အမှုတစ်မှု စစ်ပြန်၏။ အမှုရှုပ်နေပြန်ပြီ၊ တရားလိုရော၊ တရားခံပါ လိမ်လည်၍ စွဲဆို၊ ဖြေဆို ထားသော သပွတ်အူ အမှုဖြစ်နေပြန်၏။ ရှေ့နေများကလည်း လျှာရှည်၏။ တောင်းပန်လို့တောင်မရ။

မောင်လူအေးသည် စိတ်ပေါက်ပေါက်နှင့် ထင်တာတွေလျှောက်၍ ရေး၏။ ရှေ့နေများ လျှာရှည်နေသည်နှင့်ပင် အချိန်ကုန်ခဲ့၏။ ငါးနာရီထိုးပြီ၊ မပြီးသေး၊ ငါးနာရီခွဲပြန်ပြီ၊ မပြီး၊ ခြောက်နာရီ ထိုးပြန်ပြီ၊ မပြီးသေး။ မောင်လူအေး စိတ်အိုက်၍ လာ၏။ ခေါင်း တစ်ခုလုံး ရှုပ်ထွေး၍ နေ၏။ အပင်ပန်းကြီး ပင်ပန်း၍ နေ၏။ ကိုယ်ပင်ပန်းသည်က မထောင်းတာ၊ စိတ်ပင်ပန်းသည်က ဆိုစရာမရှိ။ ခြောက်နာရီ ထိုးလျှင် အမှု မဆုံးသေးသော်လည်း ရက်ချိန်းကို ပေး၍ တရားခွင်မှ ဆင်း၍ လာခဲ့၏။

တရားခွင်မှ ဆင်းပြီးလျှင် မောမောပန်းပန်းနှင့်ပင် အိမ်သို့ လမ်းလျှောက်ကာ ပြန်လာခဲ့၏။ ရုံးနှင့်အိမ်ကား မဝေး၊ ငါး မိနစ်ခန့်သာ လျှောက်ရ၏။ တစ်လမ်းလုံး စိတ်ရှုပ်ထွေးလျက်လာ၏။ စိတ်ပင်ပန်းလျက်လာ၏။ အိမ်အဝင်ဝသို့ရောက်လျှင် မိမိ၏ မယားချစ်ကလေး မမြသန်း၏ ပြုံးပြသော မျက်နှာကလေးကိုလည်းကောင်း၊ မဲ့ပြသော မျက်နှာကလေးကို လည်းကောင်း၊ ပြောင်ပြသော မျက်နှာကလေးကို လည်းကောင်း မမြင်ရလျှင် ယခင်ရုံးက မောပန်း၍ လာသောစိတ်မှာ မပျောက်သွားသည်သာမက ပိုမို၍ပင် မောပန်းသည်ဟု ထင်မှတ်မိလေတော့သည်။

ခါတိုင်းမူကား၊ ဤသို့ မောပန်း၍လာရာ မမြသန်းကလေး၏ ပြုံးပြသော မျက်နှာ၊ မဲ့ပြသော မျက်နှာ၊ ပြောင်ပြသော မျက်နှာကလေးကို မြင်လိုက်ရလျှင် မောစိတ်များပျောက်၊ ပန်းစိတ်များ ပျောက်၊ ရှုပ်ထွေးသော စိတ်များပျော်၊ ရေခဲတုံးကြီးကို နင်းမိသကဲ့သို့ စိတ်အေးမြ၍ သွားလေတော့၏။ မမြသန်းကလေး၏ စကားကလေးကို ကြားလိုက်လျှင် ပြောစရာမရှိ ပီတိသောမနဿ ဖြစ်၍သွား၏။ မိမိထိုင်ရာ ကုလားထိုင်တွင် လာ၍ယှဉ်ကာ ထိုင်လိုက်မူကား နတ်ပြည်ရောက်သွားသလား ဟု ထင်မှတ်ရ၏။ နေ့ခင်းက အလုပ်တွေ အားလုံး စိတ်ထဲမှ လုံးလုံးကြီး ပျောက်ကင်း၍ သွားလေတော့သတည်း။

ယခုမှာမူကား မမြသန်းကလေး မကျန်းမမာ၍ မိဘများရှိရာ မော်လမြိုင်မြို့သို့ ပြန်သွားသည်မှာ ၁၅ ရက်ခန့်ကြာလေပြီ။ အိမ်တစ်အိမ်လုံးတွင် မိမိအစေခံ တစ်ယောက်နှင့် မိမိတစ်ယောက်တည်းသာ ကျန်တော့၏။ နေမထိ ထိုင်မတတ်ဖြစ်နေ၏။

ရောက်လျှင်ရောက်ချင်း ပေါင်းထားသော ခေါင်းပေါင်းကို ချွတ်ကာ စားပွဲပေါ်၌ တင်၍ ကြိမ်ကုလားထိုင်ပေါ်တွင် ပစ်၍ လှဲလိုက်လေ

သတည်း။ ဤသို့ ပစ်လှဲလိုက်ပြီးလျှင် မျက်စိမှိတ်ကာ ဟိုတွေး သည်တွေး နှင့်နေ၏။ မမြသန်းကလေးမှာ အိမ်ခန်းထဲမှာပင် ရှိမယောင်ယောင် နေ၏။ အဘယ့်ကြောင့် အခုတောင် မထွက်လာပါသေးသလဲ။ ငါရောက် တာများ မသိလေရော့သလား၊ ရေချိုးနေ ထင်ပါရဲ့၊ အကျီလဲနေထင်ပါ ရဲ့၊ သနပ်ခါးလိမ်းနေ ထင်ပါရဲ့၊ အမှုများလုပ်နေလေရော့သလား၊ ဤသို့ တွေးမိလျှင် စိတ်ပျော်သလိုလို။ သို့သော် ဤသည်တို့ကား စိတ်ကို လှည့် စားခြင်းမျှ ဖြစ်၏။

အတန်ကြာလျှင် အမှန်အတိုင်း စိတ်ထဲတွင် ပေါ်၍လာ၏။ မမြ သန်းကလေးကား ဤအိမ်တွင် မရှိ၊ မော်လမြိုင် မိဘများအိမ်တွင် ရှိနေ သည်။ ဘယ်လိုများနေပါလိမ့်၊ တော်တော်နေကောင်းသွားပြီရယ်လို့ သူ့ကိုယ်တိုင်ကပဲ တစ်နေ့က စာရေးလိုက်တယ်၊ အခုဆို ကောင်းကောင်း ကြီး ပျောက်နေပါပြီ။ သည်အချိန် ဘာလုပ်နေပါလိမ့်၊ ရေချိုးပြီး၍ သနပ် ခါးများလိမ်းနေပေလိမ့်မည်။ ထမင်းများ စားလေရော့ပလား၊ စကားများ ပြောနေပေလိမ့်။ ငါ့အကြောင်းများ စဉ်းစားမိပါလိမ့်မလား၊ စဉ်းစားမှာ ပါပဲ၊ အို စဉ်းစားမှာ မဟုတ်ပါဘူး၊ တို့ရကြတာ ဘာကြာသေးလို့လဲ လေးလကလေးသာ ကြာသေးတယ်၊ သူလဲ ငါ့လိုပဲ လွမ်းနေမှာပါပဲ၊ ဆွေး နေမှာ ပါပဲ၊ စဉ်းစားနေမှာပါပဲ။

ဤသို့ တွေးနေခိုက် မောင်လူအေး၏ စိတ်မှာ မမြသန်းကလေးရှိ ရာ မော်လမြိုင်မြို့သို့ ရောက်လျက်နေ၏။ မမြသန်းကလေး၏ အနား သို့ ရောက်လျက်နေသကဲ့သို့ ထင်မှတ်မိ၏။ မမြသန်းကလေးနှင့်ပင် ရယ်လား မောလား စကားများနေသကဲ့သို့ ထင်မိ၏။ မမြသန်းကလေး၏ အနားသို့သွား၍ နောက်လား၊ ပြောင်လားနှင့် ကျီစားနေသကဲ့သို့ ထင် မှတ်မိ၏။ ဤသို့ တွေးတောနေမိခိုက်တွင် မောင်လူအေး၏ စိတ်ထဲတွင် ပျော်ရွှင်ခြင်းမက ပျော်ရွှင်လျက် နေလေတော့၏။

အတန်ကြာလျှင် အစေခံသည် ဘိလပ်ရည် တစ်ဖန်ခွက်ကို ကိုင် ကာ တက်လာ၍ မိမိအနားတွင် ချ၏။ မော်လမြိုင်သို့ ရောက်နေသော စိတ်သည်ရုတ်တရက် ရှောင်တခင် မြောင်းမြနေအိမ်သို့ ပြန်၍ ရောက် လာရ၏။ အချည်းနှီးဖြစ်၍သွား၏။ စိတ်ကူးကောင်းတုန်း ဘိလပ်ရည်ကို ယူခဲ့ရမည်လားဟု ဒေါသထွက်မိ၏။ မိမိမှာထားသောကြောင့် ယူခဲ့သည် ကိုကား သတိမရ။ လှပတင့်တယ်စွာ စီမံဆောက်လုပ်၍ထားသော စိတ်ကူး နန်းတော်ကလေးကို ရုတ်တရက် ဖျက်ဆီးလိုက်ဘိသို့ ထင်မှတ်

ကာ ဝမ်းလည်းနည်း စိတ်လည်းပျက်၊ ဒေါသလည်း ထွက်လျက် နေလေ၏။

အစေခံယူခဲ့သော ဘိလပ်ရည်ကို လှမ်းယူကာ သောက်၏။ ခါတိုင်းကား ချိုချိုအေးအေးရင်ထဲတွင် နွေး၍သွား၏။ အေး၍သွား၏။ စိတ်ကြည်လင်၍သွား၏။ အမောပြေ၍သွား၏။ ယခုကား ဤသို့မဟုတ် အရသာ မရှိသကဲ့သို့ ထင်မှတ်မိ၏။ ခါးတားတားကဲ့သို့ ထင်မှတ်မိ၏။ အသုံးမကျဟု ထင်မှတ်မိ၏။ တစ်ကျိုက် နှစ်ကျိုက်သောက်ပြီး စားပွဲပေါ်တွင် ပြန်၍ချထား၏။

နေစောင်းသွားပြီ ဖြစ်သော်လည်း နေ့ခင်းက ပူထားသော အရှိန်က ကျန်သေး၏။ တစ်အိမ်လုံး အပူအတိပြီးလျက်နေ၏။ မောင်လူအေးလည်း ရုံးဝတ်သွားသော အပြင်အင်္ကျီ၊ လုံချည်များကို မလဲရသေး။ အိုက်စပ်စပ်ဖြစ်လျက်နေ၏။ နဂိုက ပူနေရသည့်အထဲတွင် တံခါးများ ပြတင်းပေါက်များကို ပိတ်ထားသောကြောင့် ဆထက်ကဲ ပူပြင်းလျက် နေလေတော့၏။

အိုက်လွန်း၍ မနေနိုင်တော့မှ နေရာမှထပြီးလျှင် ပြတင်းပေါက်များကိုဖွင့်၏။ မိမိတို့ စိုက်ထားသော အိမ်ရှေ့ပန်းခြံကို အတိုင်းသား မြင်ရ၏။ လဝန်းပုံသဏ္ဌာန်ကဲ့သို့ပြု၍စိုက်ထားသော ဂန္ဓမာပန်းတို့မှာ ပွင့်လျက်နေကြ၏။ နီနီ ဝါဝါ ပြာပြာ တသွယ်၊ ငယ်ငယ်ကြီးကြီး အနည်းနည်း အဖုံဖုံ ပွင့်မျိုးက စုံပါဘိသနှင့်။ အပွင့်တို့မှာ အထပ်ထပ်နှင့်လည်းရှိ၊ အထပ်မပါတာလည်းအများ၊ ရှုစား၍ မငြီးဖွယ် တင့်တယ်လှပကြပေ၏။ သို့ပင် အမျိုးမျိုး ဆန်းကြယ်စွာ ပွင့်နေကြရှာသော်လည်း နေမင်းက ပူပြင်းလှသောကြောင့် ခမျာ ပန်းပင်ကလေးများမှာလည်း ညှိုးနွမ်းခွေယိုင် မနိုင့်တနိုင်နှင့် အားခဲ၍ နေကြရရှာကုန်၏။ မိမိတို့အား စိုက်ပျိုး၍ထားသော အရှင်သခင် မောင်လူအေး စိတ်ထဲတွင် ညှိုးငယ်နွမ်းလျှ မိမိ မယားကို တမ်းတနေသည်ကို မြင်၍ပင် အတုလိုက်ကာ ညှိုးနွမ်း၍ နေကြလေရော့သလား။

ထိုသို့ ညှိုးနွမ်း၍ နေကြသော ဂန္ဓမာပန်းပင်ကလေးများကို မြင်လျှင် ၄င်းတို့အစား သနားမိတော့၏။ မိမိအစား ဝမ်းနည်းမိတော့၏။ မမြသန်းကလေးနှင့်အတူ ဤပန်းခြံထဲ ဆင်းကာ ညနေခင်း၌လည်းကောင်း၊ လသာသာ၌ လည်းကောင်း၊ စကားထာ ဝှက်တမ်း ကစားရန် စိုက်ပျိုးထားခဲ့၏။ မကြာ မကြာလည်း ဆင်းကာ ဆင်းကာ

စကားပြောခဲ့ကြ၏။ ယခုမှာကား ဤဂန္ဓမာ ပန်းတို့မှာ အချည်းနှီးဖြစ်ခဲ့လေပြီ။ မည်သို့ပင် လှပတင့်တယ် ရှုချင်ဖွယ် ပွင့်နေကြသော်လည်း အဘယ်အကျိုးရှိတော့အံ့နည်း။ ဂန္ဓမာ ပန်းကလေးတို့မှာလည်း မိမိတို့အား ဂရုစိုက်ကာ ကြည့်ရှုခြင်း၊ ချီးမွမ်းခြင်း မပြုဘဲ ငေးမော၍ နေသော မောင်လူအေးကို မြင်လျှင် မရွှင်နွမ်းလျက် ပူဆွေး၍ နေကြရှာလေတော့သတည်း။ မျက်နှာကလေးများ ညှိုးငယ်စွာနှင့် မမြသန်း၏ ပြန်အလာကိုသာ စောင့်စား၍ နေကြလေတော့သတည်း။

*ဂန္ထလောက၊ တွဲ-၁၄၊ မှတ်-၈၀၊*
*(စက်တင်ဘာလ၊ ၁၉၃၁)*

၀

# ရှေးရှေးတုန်းက

ရှေးရှေးကဆိုသောစကားကြောင့် မြတ်စွာဘုရားလက်ထက်တော် အခါက ဖြစ်ပျက်ဖူးသော အကြောင်းအရာများကို ရေးသားမည်ဟူ၍ မမှတ်သင့်၊ လွန်ခဲ့သော ဆယ်နှစ်တုန်းက မြို့မကျောင်းအကြောင်းကို ရေးသားမည်ဟု မှတ်ကြပါကုန်။

ယခုကား မြို့မကျောင်းတော်ကြီးမှာ ခမ်းခမ်းနားနားဖြစ်လျက်နေ၏။ အဆောက်အအုံကြီးနှင့်နေ၏။ ကျောင်းဆရာကြီးတွေနှင့် ဝေဝေဆာဆာကြီးနေ၏။ ကျောင်းသားတစ်ထောင်ကျော်ကျော်တို့နှင့် ပြည့်တင်းလျက်နေ၏။ ဝတ်လုံကြီး ဖားဖားကို မားမားကြီးဝတ်လျက်ရှိသော ကျောင်းဆရာကြီး၏ လက်အတွင်း၌ တဝင်းဝင်း တပြောင်ပြောင်တောက်ပလျက်နေ၏။ ရန်ကုန်မြို့ပေါ်တွင် တော်တော်ပျော်သော ကျောင်းကြီးပေတည်း။

လမ်းသွားလမ်းလာတို့မော်၍ကြည့်ကြရသော ကျောင်းကြီးလည်းဖြစ်၏။ မော်တော်ကားပေါ်မှ မျှော်ကာ ချီးမွမ်း၍သွားရသော ကျောင်းကြီးလည်းဖြစ်၏။ မကြာမကြာ သတင်းစာများထဲတွင်ပါသော ကျောင်းကြီးလည်းဖြစ်၏။ အကြင် ဦးထွန်းညို (ဘီအေ)၊ ဦးမောင်(ဘီအေ)တို့ ထိမ်းမြားလက်ထပ်ရာ မဟာတဲနန်းကျောင်းတော် ကြီးလည်းဖြစ်၏။ မြို့မကျောင်းသားဟောင်းအများ၏ တခမ်းတနား ညစာစားပွဲ ကျင်းပရာဌာနကြီးလည်းဖြစ်၏။ မြန်မာပြည်ရှိ အမြို့မြို့ အရွာရွာမှ ခိုလှုံ၍လာကြသော ကျောင်းသားကျော်၊ ကျောင်းသားမော်၊ ကျောင်းသားတော်တို့အပြင် ကျောင်းသားရှော်၊ ကျောင်းသားကြမ်းပိုး ကျောင်းသားအမျိုးမျိုးတို့၏ နေထိုင်ရာကြီးလည်း ဖြစ်၏။ မြန်မာပြည် အတွင်း၌ မြို့မကျောင်းကြီး၏ သတင်းရနံ့မှာ တသင်းသင်းတပျံ့ပျံ့နှင့် နေပေ၏။

ဤခမ်းနားစွာသော ကျောင်းကြီးမှာ ဆယ်နှစ်သော အခါက မည်သို့နေသနည်း။

ရန်ကုန်မြို့ သရက်တောကျောင်းတိုက်သည် မြို့မ ကျောင်းကြီး၏ တည်ရာတည်း။ ထိုကျောင်းတိုက်အတွင်းရှိ ကျောင်းကြို ကျောင်းကြား၊ ကျောင်းအောက်များသည် ကျောင်းသားတို့၏ စာသင်ရာ စာသင်ခန်းများဖြစ်လေသည်။ ကျောင်းအပေါ်ထပ်တွင် ရဟန်းတော်များနေ၏။ ကျောင်းအောက်ထပ်တွင် မြို့မသားများ စာသင်ကြားကြ၏။ မှောင်ကလည်း မှောင်၊ နံကလည်း နံစော်၊ မိုးများ မှောင်လိုက်မှဖြင့် စာသင်လို့ တောင်မရ ဖြစ်ချေသည်။

ကျောင်းတိုက်အတွင်း ခြေနင်းမစီးရ၊ မိုးများရွာလို့ချမှဖြင့် ခြေအောက် သမံတလင်းမို့ အေးလိုက်တဲ့ ဖြစ်ခြင်း၊ ဝမ်းတွင်းကနာ၊ အောင့်တာက ခဏခဏ။ ဆရာကို အရှင်လူလှမှာ ဒုက္ခကြီးစွာ ရောက်လေသည်။

ကျောင်းဆရာတွေမှာ အားခဲကာ အကြံကြီးကြံနေကြရကုန်၏။ ရဟန်းတော်များနှင့်လည်း သင့်တင့်အောင် ပေါင်းကြရလေသည်။ သို့မဟုတ် မောင်း၍ထုတ်လိုက်မှဖြင့် နေစရာဘယ်မှမရှိ အတိဒုက္ခရောက်ကြရပေလိမ့်မည်။ ကျောင်းကော်မတီလူကြီးများကိုလည်း ရန်မစဝံ့။ လခပေးမည်ကို တရွှံ့ရွှံ့၊ တစ်ရံတစ်ခါ သုံးလပင် အကြွေးတင်လေသည်။ ကျောင်းသားများထံမှ တောင်းခံကာ သုံးသူ ဆရာကလည်းရှိ၊ ကျောင်းသားတို့ထံ တောင်းပြန်ပါလည်း အမောင်တို့က မပေး၊ ခပ်နွေးနွေးတောင်းလိုက်မှဖြင့် မိဘဆွေမျိုးတစ်စုတို့လိုက်လာပြီးလျှင် ဆရာခများအား မကြာမကြာ ရန်တွေ့ကြ၏။ ကြေးငွေမရှိ၍ အမျိုးသားကျောင်းထားပါ၊ ဆရာတွေက ခဏခဏ ကျောင်းလခ တောင်းရမလားဟူ၍ မျက်မာန်ပွားရှာကြလေသည်။ ကျောင်းသားမိဘတွေကိုလည်း ကြောက်ရ၊ လကုန်၍ လစာမရသဖြင့် အိမ်ပြန်သွားပါလည်း အိမ်ရှင်က အိမ်လခမရသောကြောင့် မကြာ မကြာ နှင်၍ချသည်ကိုခံရသော ဆရာတွေလည်း ရှိလေသည်။ အချို့ဆရာများမှာ လစာမှန်မှန်မရသည့် အတွက် ဉာဏ်နီဖက်ပြီးလျှင် ရသမျှကလေးများကို စုဆောင်းကာ၊ မြင်းပွဲသွား၍ မြင်းလောင်းကြသဖြင့် ခွက်ခွက်လန်အောင် ရှုံးသောကြောင့် ဒုက္ခကြီးစွာ ရောက်သော ဆရာများလည်း ရှိလေသည်။

ကျောင်း ကော်မတီတွေက ဆရာကြီးကို မနိုင်၊ ဆရာကြီးက ဆရာ

များအပေါ်တွင် ဩဇာမရှိ၊ ဆရာများကို တပည့်တွေကမကြောက်၊ ကမောက်ကမဖြစ်၍ နေကြလေသည်။ သို့ပင် ကမောက်ကမ ဖြစ်နေသော်လည်း အာဇာနည်ဆရာအပေါင်းမှာ ဇွဲကောင်းကောင်းနှင့် စက်ကုန်မောင်းရှာကြသည်မှာ အားရစရာကြီးဖြစ်ပေသည်။

ကျောင်းသား အပေါင်းတို့မှာလည်း လွတ်လပ်ခြင်းကြီးမက လွတ်လပ်ခြင်းရလျက် နေကြကုန်၏။ ဆရာက အနည်းငယ်မာန်လျှင် အစိုးရကျောင်း ပြန်တော့မည်ဟု လုပ်ကြ၏။ ဆရာများက လျှော့ရသည်မှာ မကြာမကြာ။ ကျောင်းတက်ချင်မှတက်၊ စာကျက်ချင်မှကျက်၊ ဆရာအများမှာ အခက်နှင့်ကြုံခဲ့ကြရပေသည်။ စာရင်းမှ နုတ်ပစ်ရမည်အခက်၊ အကယ်၍ စာရင်းမှ နုတ်ပစ်သော် ကျောင်းတွင် ကိုယ်တော်ကျောင်းသားများ ခေါင်းပါး၍သွားမည်ကိုစိုး၊ အခြားကျောင်းများနှင့် အတိုက်အခံကြံနေရသော ခေတ်ထဲတွင် ကြုံလျက်ရှိနေကြသည်မို့။

ဤသို့ လွတ်လပ်ခြင်းကို ခံစားနေကြရသော ကျောင်းသားတို့မှာ အဘယ်မှာလျှင် စာသင်ခြင်း၌ လုံ့လရှိနိုင်အံ့နည်း။ ထိုခေတ်က မြို့မတွင် အတေဘက်၌ နာမည်အထွက်ဆုံး အတန်းမှာ (၇) ဆင့် (၈) ဆင့်ဖြစ်လေသည်။ လူတေ လူပေအပေါင်းတို့ စုပေါင်းရာ အတန်းကြီးဖြစ်ပေ၏။ ခုနစ်ဆင့် (၈)ဟု ကြားလိုက်ရလျှင် ဆရာအများ၏ နားထဲတွင် ခါး၍ သွားရ၏။ ၎င်းတို့၏ အတန်းတည်ရာကား ကော်မရှင်နာလမ်းစမှ ဇရပ်ကြီးဖြစ်၏။ ထွက်လိုထွက်၊ ဝင်လိုဝင်၊ ထင်သလို နေနိုင်သော နေရာတည်း။ ဆရာကြီး၏ ရုံးခန်းနှင့်လည်း ဝေးနေ၏။ ဆရာလုပ်သူမှာလည်း ကြွေးပူသူဖြစ်သောကြောင့် အေးအေးလူလူပင် ၎င်းတို့အား လွှတ်၍ထားတော့၏။ မိမိအကြွေးများဆပ်ရန်၊ မြင်းပွဲသဘင်တွင် လောင်းလေ့ရှိ၏။ အတန်းထဲတွင် တပည့်အပေါင်းနှင့် မြင်းအကြောင်း ဆွေးနွေးလျက်နေသည်မှာလည်း မကြာမကြာ၊ ပျော်စရာကြီး ဖြစ်လေသည်။ ဘုန်းကြီးရှူးနှင့် လေ့လူး ထူးချင်တိုင်းထူးလျက်နေကြကုန်၏။

အခါတစ်ပါး ထိုဆရာမှာဖျား၍ ကျောင်းမတက်နိုင် ဆရာကြီးက (၅) ဆင့်ပြသော ဆရာမောင်လူအေးအား ထိုဆရာအစား ခုနစ်ဆင့်တွင် သွားရောက်၍ ပြသသင်ကြားရန်အမိန့်ပေးလိုက်၏။ ဆရာလူအေး၏ စိတ်ထဲတွင် ထိတ်၍သွား၏။ လန့်၍သွား၏။ သို့သော် ဆရာကြီးက တိုက်တွန်းချက်အရ အရဲစွန့်ကာ ထွက်၍သွားရ၏။

ဤသို့ ထွက်သွား၍ ခပ်လှမ်းလှမ်းကပင် စောင်းသံ၊ တယောသံ၊

မင်ဒိုလင်အသံတို့ဖြင့် တညံညံနှင့်နေသော ထိုခုနစ်ဆင့် (၈) ၏ အဖြစ် အပျက်ကိုမြင်လျှင် အတော်ပင် စိတ်လေး၍သွား၏။ အတန်းထဲသို့ ဆရာ မောင်လူအေး ဝင်သွားသောအခါကျမှ စောင်းသံတယောသံတို့ တိတ်၍ သွားလေသည်။

စာသင်မည်ဟု စာအုပ်များကို ဖွင့်ခိုင်းလိုက်ပြန်လည်း တစ်ယောက် မျှ စာအုပ်မပါ၊ လက်မှိုင်ချရ၏။ အဘယ်ကြောင့် စာအုပ်မရှိကြောင်း မေးပါလည်း တိတ်တိတ်သာနေကြ၏။ ထိုအခါကျမှ မောင်လူအေး လည်း တတ်သမျှ မှတ်သမျှ အက္ခရာသင်္ချာကို ကျောက်သင်ပုန်းကြီးပေါ်၌တွက် ချက်ကာ ရှင်းလင်း၍ပြ၏။ မည်သူမျှ ဂရုမစိုက်၊ အရေးမယူ။ ကျားထိုး သူထိုး၊ တီးတိုး ပြောနေသူပြော၊ ထွက်သွားသူ ထွက်သွား၊ အတန်းထဲ တွင် လူတော်တော်နည်းပါး၍ သွားလေတော့သည်။

မောင်လူအေးလည်း ဒေါသထွက်၍ ကြိမ်းမောင်း၏။ ဤသို့ကြိမ်း မောင်းသော်လည်း ဘာမျှမပြော၊ တုဏှိဘောလုပ်လျက် နေကြလေ သည်။ အတန်ကြာလျှင် တစ်နာရီအချိန် ကျောင်းလွှတ်သော ခေါင်းလောင်းထိုး ၏။ အသီးသီးထွက်၍ သွားကြလေသည်။ ၂ နာရီထိုး၍ ကျောင်းတက် လျှင် မောင်လူအေးလည်း ထိုအတန်းသို့ သွားပြန်၏။ အတန်းတွင်းသို့ ဝင်မိလျှင် ထိုင်ခုံများကို တွန်းထိုး မှောက်ခုံလုပ်ထား သလိုလုပ်ထား၊ ဆရာ့စားပွဲကို ချိုးထားလိုချိုးထား၊ ကျောက်သင်ပုန်းကြီး ကို လှဲထားသလို လှဲထား၊ အမြင်မတော်အောင် ပြုလုပ်ထားသည်ကိုမြင် ရ၏။ ကျောင်းသားများလည်း အခန်းထဲတွင်ပင် မသိသလို အနေမျိုး နှင့် အမှုမဲ့ နေကြ၏။ ဆရာမေးသောအခါလည်း မည်သူမျှ ဘာမှ မပြော၊ ခပ်တည်တည်လုပ်နေကြ၏။ ဆရာလူအေးလည်း ဆရာကြီးထံ ပြေး၍ တိုင်၏။ ဆရာကြီး ကိုအေးဘွားမှာ ထိုအခန်းထဲတွင် ရှိသော ကျောင်း သားအားလုံးကိုခေါ်ကာ ဆရာကြီးအခန်း၌ ဒူးထောက်ခိုင်း၏။ မည်သူမျှ မထောက်၊ အားလုံးကျောင်းမတက်နေကြလေသည်။

ဤဆိုခဲ့ပြီးသောအခြေအနေမျိုးမှ ဆယ်နှစ်အတွင်း ဤအခြေသို့ ရောက်ရသည်ကို အံ့သြစရာကြီးဖြစ်လေသည်။

⚓

## လွမ်းသေးတော့တယ်

အလုပ်ဝင်လျှင်ဝင်ချင်း လယ်ဝန်ရုံးတွင် အလုပ်သင်ကြားရ၏။ နောက်တစ်နေ့တွင် လယ်ဝန်ကလေးနှင့် ကွင်းစစ်ဆေးရန် မင်းကွန်းသို့ လိုက်သွားရလေသတည်း။ ကွင်းစစ်ခြင်းကို နံနက်ခင်း၌လုပ်ရ၏။ စာဖတ်ခြင်း၊ ခွဲတမ်းစစ်ဆေးခြင်း၊ အိပ်ခြင်းတို့ကို နေ့ခင်း၌လုပ်၏။ ညနေခင်း၌ ဘုရားဖူးသွားကြ၏။ မင်းကွန်းခေါင်းလောင်းကြီး၊ မင်းကွန်းဘုရားကြီးတို့မှာ အံ့ဖွယ်ရာကြီးတွေပေတည်း။ များစွာအံ့သြမိ၏။ ရှေးက မရောက်ဖူး၊ အခုမှသာ ရောက်ဖူးပေသည်ဟု ဝမ်းမြောက်မိ၏။ အလွန်သပ္ပာယ်သော မြသိမ်းတန်ဘုရား၊ နာမည်ကျော် ဒေါ်ဦးဇွန်း လူအိုရုံများသို့လည်း ရောက်ခဲ့ကြ၏။ ခြောက်ရက်မျှ နေထိုင်ခဲ့ရ၏။ စိတ်အလွန်ပျော်စရာကောင်းလှပေ၏။ လွမ်းသေးတော့နော်။

ပြန်လာပြီးလျှင် နံနက်ခင်း မြေတိုင်းအတတ် သင်ကြားရ၏။ နေ့ခင်း မြေစာရင်းလက်စွဲဖတ်ရ၏။ ဤနှင့် ၁၀ ရက်ခန့်ကြာလေသည်။ ထို့နောက် ငါန်းဇွန်သို့ လယ်ဝန်ကလေးနှင့်လိုက်ရ၏။ ရွာအနီးအနား ပတ်ဝန်းကျင်ကို လျှောက်၍ ကြည့်ရ၏။ အလွန်သာယာလှပေ၏။ မိန်းကလေးများ ရေဆင်းခပ်ကြ၊ ပျော်ပါးစွာ သီချင်းဆိုကြ၊ တစ်ယောက်နှင့်တစ်ယောက် စကြသည်ကို တွေ့မြင်ခဲ့ရ။ ရွာတွင် နေထိုင်သူတို့၏ ပျော်ရွှင်ကြပုံ၊ စိတ်အေးချမ်းကြပုံကို တွေ့မြင်ခဲ့ရသဖြင့် အမှတ်တရရ နေလေတော့၏။ ထို့နောက် ကျောက်တစ်လုံးသို့ပြောင်းပြီး တစ်ရက် နှစ်ရက် နေပြီးနောက် ပြန်လာခဲ့ကြ၏။

တစ်လစေ့သောအခါ ကောင်းမှုတော်အနီး ကွင်းကို စစ်ဆေးရ၏။ စာမေးပွဲဝင်ရခြင်းတည်း။ နံနက်စောစောကပင် လယ်ဝန်အရေးပိုင်၏

မော်တော်ကားနှင့် ထွက်သွားကြ၏။ မားမားကြီးနေသော ကောင်းမှုတော်ဘုရားကြီးသို့ မကြာမီရောက်ကြ၏။ အံ့သြ၍မဆုံးနိုင်အောင်ဖြစ်၏။ သို့သော် စာမေးပွဲဖြစ်သောကြောင့် စိတ်က တထိတ်ထိတ်နေ၏။ အရေးပိုင်နှင့် လယ်ဝန်တို့ကမူကား၊ ရယ်စရာ စကားများကိုပင် ပြောကြ၏။ မကြာမီ ကွင်းကို စ၍စစ်ဆေးရ၏။ ဟိုညာ သည်ညာနှင့်ပင် ပြီးသွား၏။ များစွာ ခက်ခဲသော အရာမဟုတ်။

ထို့နောက် အခွန်အမှုတွဲရုံးတွင် ၇ ရက်၊ တရားအမှုတွဲစခန်းတွင် ၇ ရက်၊ ဟိုကူး သည်ကူး၊ ဟိုကြည့် သည်ကြည့်၊ ဟိုဖတ် သည်ဖတ်၊ ဟိုစကားများ သည်စကားများနှင့် ပြီးခဲ့၏။ ထို့နောက် ရေစစ္စရီရုံးတွင် ၇ ရက်၊ ရေစစ္စရီပုံကိုကြည့်၊ လက်စွဲကို ဖတ်နှင့်ပင် ၇ ရက်ကုန်လွန်ခဲ့ပြန်ပြီ။ ထိုအတောအတွင်း မြို့ဝန်ကြီး ဦးအိုနှင့်အတူ တရားခွင်ထိုင်၍ တရားစစ်သည်ကို နားထောင်ရ၏။ အမှုအမျိုးမျိုးကိုတွေ့ရ ကြားရ၏။ အလွန်သဘောကောင်းသူတည်း။ တတ်သမျှ မှတ်သမျှကို သင်ပြရှာပေ၏။ သို့သော် နားမထောင်နေသူဖြစ်သောကြောင့် မေးမြန်းသည်က တခြား၊ ဖြေကြားသည်က တစ်မျိုး ဖြစ်နေသောကြောင့် မေးမြန်းခြင်း မပြုဘဲ အသာနားထောင်ရပေ၏။ တစ်ရံရောအခါ ဦးအို တရားရုံးတွင် ထိုင်နေခိုက် ကုလားတစ်ယောက် ဖိနပ်လာရောင်းရင်း ပြောသောစကားကို ဦးအို မကြားသောကြောင့် “နင်နဲ့ ကနေ့ ချိန်းထားသလား” ဟု ပြန်မေးသည်ကို ကြားရ၏။ ထိုအခါ ဣန္ဒြေမဆည်နိုင်သဖြင့် ပြုံးမိတော့၏။

ထို့နောက် နယ်ပိုင်ရုံးတွင် သင်ကြားရ၏။ နယ်ပိုင်ဦးမောင်မောင်နှင့် တွေ့လေသည်။ သဘောကောင်းသူတည်း။ ၎င်းနှင့်အတူ မအူပင်၊ တပရင်းခွဲ၊ မူးသာ၊ အင်း၏၊ ဘူးစင်ပင်အစရှိသော ရွာကလေးများသို့ လိုက်ပါ၍သွား၏။

နေပူကျဲကျဲ၊ လမ်းကြမ်းကြမ်းတွင် လှည်းကြမ်းကြီး ကိုစီးကာ ဖုန်တထောင်းထောင်းနှင့် လာရသည်များမှာ ပျော်စရာလည်း ကောင်း၊ စိတ်ညစ်စရာလည်းကောင်း ဖြစ်ပေသည်။ မူး မြစ်ကြောင်း တစ်လျှောက် လှည်းနှင့် လာကြပြီး နေအေးသောအခါ ဝန်ထောက်နှစ်ယောက် သီချင်းတကြော်ကြော်နှင့် ပျော်ရွှင်စွာ သွားခဲ့ကြသည်ကိုလည်း စဉ်းစားတိုင်း လွမ်းပေနေတော့၏။ ထို့နောက် စတောင်သို့ လှည်းနှင့်လာ၏။ တစ်ညအိပ်ပြီး အုန်းတောသို့ မော်တော်ကားနှင့် လာရပြန်သည်။

အုန်းတောရောက်လျှင် မြို့အုပ် ရောက်လာ၍ တောပုန်း ကျော်ဇံကို တွေ့ပြီး ဖမ်းရန်ပြောသောကြောင့် ပုလိပ်များ၊ သူကြီးများ၊ နယ်ပိုင်ဝန်ထောက်နှင့် မြို့အုပ်တို့ ညကြီးမင်းကြီး ထွက်သွားကြသည်မှာ ပျော်စရာကောင်းလို့၊ ကျန်ရစ်သူတို့စိတ်တွင်ကား မိပါ့မလား၊ ဘယ်သို့ ဖြစ်မည်နည်း စသဖြင့် ပျော်သလိုလို စိုးရိမ်သလိုလိုဖြစ်နေကြပေ၏။

နောက်တစ်ခါ နယ်လှည့်ထွက်ပြန်လျှင် တံတားဦးသို့သွားကြ၏။ အင်းဝမြို့ရိုး၊ အင်းဝအတွင်းရှိ မျှော်စင်၊ ဆရာတော် ဦးဗုဓ်ကျောင်းတို့ကို မော်တော်ကားစုတ်ဖြင့် သွားရောက်ကြည့်ကြပုံ၊ အရွာရွာလှည့်လည်၍ သဿမေဓစစ်ဆေးပုံ၊ အိုးဒုတ်တန်းကူးတို့ စစ်ဆေးပုံ၊ သပြေတန်းခံတပ်တွင် ဝင်၍နားပြီးလျှင် မီးရထားဘက်တွင် လုပ်နေသူ အရာရှိဘင်္ဂါလီကုလားက ကောင်းစွာဧည့်ခံ၍ လင်မနစ်၊ ဆိုဒါတို့ကို တိုက်သဖြင့် ဝမ်းမြောက်ရွှင်လန်းရပုံတို့ကိုလည်း တွေးတောလွမ်းဆွတ်မိ၏။

နောက်တစ်ကြိမ် နယ်ပိုင်ဝန်ထောက်နှင့် နယ်လှည့်ထွက်ရာတွင် စစ်ကိုင်းချောင်အပေါင်းသို့ လှည့်လည်ကာ ရဟန်းတော်များ၏ ဩဝါဒကို လိုက်နာခြင်း၊ တရားအကြောင်းဆွေးနွေးခြင်း၊ ညအခါ လသာသာတွင် သီလရှင်များ၏ ဝတ်တက်သောအသံကို ကြားရခြင်း၊ ဘုရားဖူးသွားခြင်းတို့အတွက် စိတ်ပျော်ရွှင်ရခြင်းတို့ကိုလည်း လွမ်းဆွတ်မိသေးတော့၏။ ထို့နောက် တောင်ရင်းရွာတွင် လူဆိုးငတင် နယ်လွန်မှုနှင့် စစ်ဆေးရာ၌ ငတင်နှင့်သူကြီး သူတပြန် ငါတပြန် အပြန်အလှန် ပြောဆိုကြသည်ကို တွေးမိတိုင်း ရယ်မိတော့၏။ နယ်ပိုင်ကား ဣန္ဒြေရရ နေလေသတည်း။

နယ်ပိုင်ရုံးတွင် နယ်ပိုင်မင်း တရားစစ်ဆေးသည်များကိုလည်း ကြားသိရ၏။ စားစရိတ်အမှုများတွင် တစ်ယောက်နှင့်တစ်ယောက် ကျေကျေချမ်းချမ်းရှိအောင် နယ်ပိုင်က ပြောကြားလိုက်သည်များကိုလည်းကောင်း၊ နယ်ပိုင်စိတ်တိုသဖြင့် အမှုသည်များကို အော်သည်များကိုလည်းကောင်း၊ ဦးဘိုကြည်၏ ကျယ်လောင်ကျယ်လောင် ပြောဆိုသောစကားတို့ကို လည်းကောင်း အောက်မေ့မိတော့၏။

သုံးလကြာသောအခါ စစ်ကိုင်းဌာနတွင် အလုပ်သင်ရ၏။ ငရဲမင်းကြီးမှတ်တမ်း တင်နေသကဲ့သို့ ပုလိပ်အရာရှိများ ရှုပ်ထွေး၍ အမှုအခင်းများကို စုံစမ်းသူကစုံစမ်း၊ စစ်ဆေးသူက စစ်ဆေး၊ မေးမြန်းသူက မေးမြန်းတိုင်တန်းသူက တိုင်တန်း၊ တိုင်ချက် ပေးသူကပေး၊ တိုင်ချက်ရေးသူကရေး၊ အထက်ထပ်မှ အချုပ်ခံနေရသော တရားခံတို့ အနက် သီချင်း

ဆိုသူဆို၊ စကားပြောသူ ပြောနှင့် ရှိသည်ကိုလည်း တွေးမိတိုင်း လွမ်းဆွတ်သေး၏။ တမံ့။

ထို့နောက် ၁၅ ရက်ကြာလျှင် အခွန်ဝန်ထံသို့ ရောက်ပြန်၏။ အခွန်ဝန်မင်းလည်း ကောက်ကြီးခွန်၊ အင်းခွန်၊ သဿမေဓအခွန် အစရှိသော အခွန်ဟူသမျှကို ဆောင်ရွက်ရသူဖြစ်၏။ စာရေးများက စာအုပ်ပုံကြီးကို ယူခဲ့၏။ အခွန်ဝန်မင်းကား ထိုစာအုပ်တို့တွင် လက်မှတ်အတွင်သာ ထိုး၏။ တစ်ထောင်တစ်သောင်းမကသောအခွန်တို့မှာ မိမိလက်ထဲမှ ဖြတ်သန်း၍ သွားကြ၏။ ဤသို့ တစ်နေ့အတွင်း ထောင်သောင်းမကသော ငွေများ ဖြတ်သန်း၍ သွားနေကြသော်လည်း တစ်ပြားတစ်ချပ်မှမရှိ။ မိမိ လခအပြင် မြင်ရုံသာမြင်ရ မကြင်ရ မောင့်ကိုယ်ဆိုဘိအလား၊ ထိုအခွန်ရုံးတွင် သင်ကြားခိုက်ကား အခွန်ဝန် လက်မှတ်ထိုးသမျှကို အားရပါးရ ကြည့်ရှုရလေသတည်း။ ထို့ပြင် အခြားအလုပ်မရှိ ဖြစ်ချေသည်။

ညနေခင်း အားလပ်သောအခါများတွင် ဘောင်းဘီတိုနှင့် ဘလေဇာကိုဝတ်၊ တုတ်ကောက်ကိုင်ပြီးလျှင် ကမ်းနားလမ်းတစ်လျှောက်ကို လျှောက်ကာ အင်းဝဘက်တွင် တည်ရှိသော ဘုရား၊ ကျောင်းများကို ကြည့်၊ ရှေးက ဖြစ်ပျက်ပုံများကိုတွေး၊ မြစ်ထဲတွင် တံငါလှေများ၊ ရေကူးနေသော သူများကိုကြည့်ကာ ဝမ်းမြောက်စွာကြည့်ခဲ့သည်များကိုလည်းကောင်း၊ အစေခံရွာမှ ထွက်၍ ငါးထပ်ကြီးလမ်းအတိုင်း လျှောက်သွားသောအခါ အလွန်အေးမြသာယာလှစွာသော မရမ်းခြံ၊ သရက်ခြံတို့ကိုလည်းကောင်း၊ တစ်ရံတစ်ခါ ခွေးများ လိုက်ဆွဲသည်တို့ကိုလည်းကောင်း၊ လွမ်းဆွတ်ပေသေး၏တကား။

အစိုးရအမှုထမ်းအဖြစ်ဖြင့် ဤစစ်ကိုင်းသို့ရောက်လာရသည်မှာ ငါးလကျော်ကျော် ခြောက်လနီးပါးခန့်ရှိခဲ့ပေပြီ။ နောင် ခြောက်ရက်ခန့်ကြာလျှင် ဤမြို့မှခွဲခွာ၍ မိတ္ထီလာမြို့ရှိ အလုပ်သင်ကျောင်းသို့ ပြောင်းရွှေ့ရချေတော့မည်။ အစဉ်ဖြစ်စေ၊ ခေတ္တဖြစ်စေ မိမိနေထိုင်ရာအရပ်မှ ခွဲခွာရမည်ဆိုလျှင် ထိုနေရာကို လွမ်းဆွတ်ခြင်းမှာ ဓမ္မတာဖြစ်သောကြောင့် ဤစစ်ကိုင်းတွင် ခြောက်လခန့်သာ နေထိုင်ခဲ့ရသော်လည်း ခွဲခွာရမည်ဆိုလျှင် လွမ်းသလိုလို ဆွေးသလိုလို ဖြစ်မိပေတော့၏။ ရောက်သည့်နေကစ၍ ယနေကတိုင် နေထိုင်ခဲ့ရပုံ၊ လုပ်ကိုင်ခဲ့ရပုံ၊ တွေ့ကြုံခဲ့ရပုံတို့ကို တွေးတောမိ၏။ နှစ်သက်ဖွယ်ရာတို့နှင့်လည်းတွေ့ရ၏။ စိတ်

ရှုပ်စရာတို့နှင့်လည်း တွေ့ရ၏။ ဝမ်းသာစရာနှင့်လည်း တွေ့ရ၏။ ဝမ်းနည်းစရာနှင့်လည်း တွေ့ရ၏။ သို့သော် အားလုံးကို ချုပ်၍ စဉ်းစားလိုက်ပါလျှင် အကောင်းက အဆိုးထက်ပိုမိုများသောကြောင့် အားရနှစ်သက်မိပေ၏။ ဤ ကုန်လွန်ခဲ့သော လများ၊ ရက်များ၊ နာရီ မိနစ်စက္ကန့်များသည် ကုန်လွန်၍သွားကြလေကုန်ပြီ။ နောင်ကိုကား ပြန်၍မလာတော့ပြီ။ နောင်လာမည့် လ၊ ရက်၊ နေ့၊ နာရီ၊ မိနစ်၊ စက္ကန့်တို့ကား အသစ်များသာဖြစ်လေတော့မည်။ ဤသို့ အသစ်လာမည်ဖြစ်သောကြောင့် အကောင်းတို့မှာ စိတ်ကူးထဲတွင်သာ အရိပ်ကဲ့သို့ နေပေတော့မည်တည်း။ အသစ်ဘယ်လိုပင် လာစေကာမူ အဟောင်းကို မမေ့ကောင်းလေရကား၊ ဤစာအားဖြင့် မှတ်သားရပေတော့မည်။

×××××

# လက်ဖက်ရည်တိုက်ပွဲ

မြန်မာများ အနောက်နိုင်ငံ အတုယူကုန်ကြပြီ။ အနောက်နိုင်ငံ အလေ့အထများကို လိုက်နာကုန်ကြပြီ။ အနောက်နိုင်ငံအသုံးအဆောင်များကို သုံးဆောင်ကုန်ကြပြီ။ စားခြင်းတွင် ခေတ်ဆန်ကုန်ကြပြီ။ ဝတ်ခြင်းတွင် ခေတ်ဆန်ကုန်ကြပြီ။ အနေအထိုင်တွင် ခေတ်ဆန်ကုန်ကြပြီ။ အလှူအတန်းတွင် ခေတ်ဆန်ကုန်ကြပြီ။

ရှေးက ဖျာသင်ဖြူးတို့ နေရာတွင် စားပွဲ ကုလားထိုင်ရောက်နေကြကုန်၏။ ရှေးက ပုဆိုးနှင့် ရင်ဖုံးအင်္ကျီတို့ နေရာတွင် ဘောင်းဘီနှင့် ဗလေဇာတို့ ရောက်ကုန်ကြ၏။ ရှေးက မင်္ဂလာဆောင်လျှင် ခပ်တိတ်တိတ်ပင်။ ယခု မင်္ဂလာဆောင်လျှင်ကား တိုင်းသိပြည်သိ သတင်းလွှင့်ကြကုန်၏။ သတင်းစာထဲ ကြော်ငြာသည်က မရှား။ (ဂုဏ်ရှိရှိ မရှိရှိ) ဓာတ်ပုံများကိုပင်ရိုက်၍ သတင်းစာထဲ ထည့်ကြသေးသည်။ မင်္ဂလာဆောင်အတွက် လက်ဖွဲ့လိုက်ကြသည်မှာလည်း တမော၊ (ပိုက်ဆံကုန်အကျိုးမရှိ)။ သမီး သားရပြန်လျှင် သတင်းစာထဲ ကြော်ငြာရပြန်၏။ (ပိုက်ဆံကုန်ဆေး ဖော်လေသည်)။ သတင်းစာတိုက်များကမူကား ပိုက်ဆံရလမ်းဖြောင့်တန်း၍ နေလေတော့သည်။ ဩော်-ခေတ်-ခေတ်၊ ပကာသန၊ မွဲဆေး၊ မွဲဆေး။

အလှူအတန်းတွေကြည့်ပါဦး။ ရှေးက ခေတ်စားခဲ့သော ထမနဲထိုးပွဲတွေ ယခုခေတ်တွင် ပျောက်ကုန်ပြီ။ တောရွာများမှာ အနည်းငယ်ကျန်သေး။ ရှေးက ဆွမ်းတော်ကြီးပွဲတွေ၊ ယခုခေတ်တွင် ပျောက်ကုန်ပြီ။ တောရွာများမှာသာ အနည်းငယ် ကျန်သေး။ ရှေးက မသိုးသက်န်း ကပ်လှူပွဲတွေ ယခုခေတ်တွင် ပျောက်ကုန်ပြီ။ တောရွာများမှာပင် မကျန်။ ယခု ခေတ်ကား လက်ဖက်ရည်တိုက်ပွဲခေတ်၊ ဉယျာဉ်ပွဲ ခေတ်၊ ညစာ

စားပွဲ ခေတ်၊ ဂျူဗလီဟော ခေတ်၊ ကွန်တီနယ်တယ်ခေတ်၊ လက်တောက်ဘိလိယက် ခေတ်၊ ပိုကာတို့ ဂျိုကာတို့ ခေတ်၊ တရားကို သီချင်းဆိုသောခေတ်။

ဤခေတ်တည်းဟူသော စက်ကွင်းမှ မည်သူမျှ မလွတ်ကင်းနိုင်။ နယ်ပိုင် မောင်လူအေးနှင့် ၎င်း၏ဇနီး ခင်သန်းမြင့်တို့မှာ သိကြားတို့ သုဇိတာတို့မို့ ဤစက်ကွင်းမှ လွတ်ကင်းရမည်လော၊ မလွတ်ကင်းနိုင်။ သူတကာကဲ့သို့ပင် ခေတ်သမား တွေဖြစ်လျက်နေကြ၊ ခေတ်တည်းဟူသော ပင်လယ်ကျောတွင် မျောပါ၍ နေကြရရှာ၏။ ခင်သန်းမြင့်ကား အဝတ်အစားတွင် အလွန်ခေတ်ဆန်သူတည်း။ အများဝတ်ကြသော အထည်၊ အများဝတ်ကြသော အဆင်တို့ကို မဝတ်လို၊ မသုံးလို၊ သူတကာ မဝတ်သေးသည်တို့ကို အမျိုးမျိုးထွင် ဝတ်လေ့ရှိ၏။ ဆန်းကား ဆန်း၏။ လှမလှကိုကား အာမ မခံနိုင်။ (နဂိုရှိမှ နဂိုင်းထွက်တာမျိုးကလား။) (ခင်သန်းမြင့်ကား အရုပ်ဆိုးသူတည်း။) မောင်လူအေးမှာလည်း အဝတ်အစားမှလွဲ၍ နေရာတကာတွင် ခေတ်ဆန်ချင်သူတည်း။ တစ်ခါတစ်ခါ ခေတ်ဆန်လွန်းအားကြီးသဖြင့် ရယ်စရာဖြစ်သွားလေ့ရှိလေသည်။

မောင်လူအေးမှာ ခေတ်သမား ဖြစ်သည့်အားလျော်စွာ မိမိအိမ်ဝင်းအတွင်း ညနေခင်း ဥယျာဉ်ပွဲ ကျင်းပရန် စိတ်ကူးမိ၏။ ဘုရင်ခံတို့ အမတ်ချုပ်ကြီးတို့အတွက် အမြို့မြို့ ဥယျာဉ်ပွဲများ ကျင်းပသည်မှာ ရိုးလှပေပြီ။ မိမိဖိတ်၍လည်း ကြွလာနိုင်ကြမည် မဟုတ်၊ ခရိုင်ဝန် မင်းကြီး အရေးပိုင်တို့အတွက် ဥယျာဉ်ပွဲများ ကျင်းပခဲ့ကြသည်မှာလည်း ရိုးနေပေပြီ။ မိမိဖိတ်၍လည်း ၎င်းတို့ ကြွလာနိုင်ကြမည်မဟုတ်။ မိမိနှင့်အတူတူအမှုထမ်းဖက် အစိုးရ အရာရှိများနှင့် ၎င်းတို့၏ မင်းကတော် များကို ဖိတ်ကာ ဥယျာဉ်ပွဲ ကျင်းပရမည်ကလည်း ရိုးနေပေပြီ။ မြို့ပေါ်ရှိ လူကြီးလူကောင်း ဂုဏ်သရေရှိ လူကြီးများအတွက် ကျင်းပရမည်ကလည်း မဆန်းလှပေ။ အထက် အဆိုပါ ဥယျာဉ်ပွဲမျိုးထက် ဆန်းသော ဥယျာဉ်ပွဲတစ်ပွဲကို ကျင်းပရန် မောင်လူအေးတို့ လင်မယား အကြံထုတ်လျက်နေကြကုန်၏။

မကြာမီပင် တစ်ညနေခင်းတွင် မောင်လူအေး၏ အိမ်ဝင်းအတွင်း၌ သူကြီးမင်းများနှင့် သူကြီးကတော်တို့အတွက် ဥယျာဉ်ပွဲ ကျင်းပလေတော့သတည်း။ သူကြီးမင်း သူကြီးကတော်တို့အတွက် သက်သက်ကျင်းပသော ဥယျာဉ်ပွဲ လက်ဖက်ရည်တိုက်ပွဲများကို၊ တစ်ခါမျှမကြားဖူး မကြုံ

ဖူးသေးချေ။ မောင်လူအေး စိတ်ထဲတွင် အလွန်ဆန်းသော ခေတ်ဆန်သော ဥယျာဉ်ပွဲဟူ၍ အထင်ရောက်ကာ ကျေနပ်လျက် နေပေ၏။

ဤအချိန်ကား ညနေ လေးနာရီအချိန်ဖြစ်၏။ မောင်လူအေး၏ အိမ်ဝင်းအတွင်း ညီညာလှစွာသော မြက်ခင်းပေါ်ဝယ် ကုလားထိုင်တွေ စားပွဲတွေ၊ လက်သုတ်ပဝါ ပန်းထိုးတွေ။ စားပွဲခင်း ပန်းထိုးတွေ၊ နှင်းဆီ၊ ဒေါနပန်းအိုးတွေ လက်ဖက်ရည်ပန်းကန်၊ ပန်းကန်ပြားတွေနှင့် ခမ်းနားစွာ ခင်းကျင်းထားသည်ကို လူအများ တွေ့မြင်ကြရပေ၏။ စာရေး ဦးဘအောင်၊ မောင်ဖျန်စိန်၊ မောင်ညိမ်း၊ မောင်လှမောင်၊ မောင်ဟန်ထိန်တို့လည်း အသီးသီး သစ်လွင်သော အဝတ်အစားများဖြင့် ၎င်းစားပွဲများ အနီးတွင် ရပ်ကာ စကားပြောရင်း သူကြီးမင်းတို့အလာကို စောင့်စားနေကြကုန်၏။ ပြာတာ ဖိုးရွှေ၊ မောင်ခင်၊ တပည့် ထွန်းဖေတို့လည်း လက်ဖက်ရည်ဖျော်၊ စမူဆာထည့်၊ ရွှေကျီမုန့်လှီးနှင့် မီးဖိုထဲတွင် အလုပ်များလျက် နေကြပေ၏။ မောင်လူအေးနှင့် ခင်သန်းမြင့်တို့ကား ရေမိုးချိုး အဝတ်အစားလဲတုန်းပင်။

လေးနာရီခွဲလေပြီ။ သူကြီးမင်းနှင့် သူကြီးကတော်တို့ လေးယောက်တစ်တွဲ၊ ငါးယောက်တစ်တွဲ၊ ခြောက်ယောက်တစ်တွဲ စသဖြင့် ပေါက်၍ လာကြကုန်၏။ မကြာမီအတွင်း သူကြီးမင်း လေးဆယ်ကျော်နှင့် သူကြီးကတော် အစိတ်ခန့် မိမိတို့နေရာအသီးသီးတွင် ထိုင်လျက်နေကြလေသည်။ မောင်လူအေးနှင့် ခင်သန်းမြင့်တို့လည်း အိမ်ပေါ်မှဆင်းကာ မိမိတို့နေရာတွင် ဝင်၍ထိုင်ကြ၏။ စာရေးများလည်း စမူဆာ ပန်းကန်များ၊ ရွှေကျီးမုန့် ပန်းကန်များ၊ လက်ဖက်ရည်ပွဲများကို ယူခဲ့ကြလေပြီ၊ သူကြီးအပေါင်းတို့လည်း နှစ်ထောင်းအားရ ဝမ်းမြောက်လှစွာ စားသောက်ကြလေပြီ။

ရှုလော့။ ဟိုထိပ်ဆုံးစားပွဲ ထိပ်ဆုံးနေရာတွင် ထိုင်နေသူကား ထိပ်ဝကြီးရွာသူကြီး ဦးလူလှတည်း။ အသက် (၇၀) ကျော်ပေပြီ။ အစိုးရအမှုတော်ကို ထမ်းလာသည်မှာလည်း အနှစ်သုံးဆယ်ကျော်ပေပြီ။ ဝတ်စားထားပုံကား ခေါင်းပေါင်း ညစ်ညစ်၊ လုံချည်နွမ်းနွမ်း၊ နှုတ်ခမ်းမွေးဖြူဖြူ အတွင်းခံအကျီမရှိဘဲ အသီးမတပ်ဘဲ အပြင်အကျီ ဝတ်ထားသဖြင့် ရင်တစ်ခုလုံးပေါ်လျက်နေပေသည်။ ဦးလူလှကား မည်သူနှင့်မျှ စကားမပြော၊ ခပ်ဆာဆာနှင့် စမူဆာများကို စားသည်မှာလည်း သုံးပန်းကန်။ ရွှေကျီးမုန့် ၂-ပန်းကန်၊ လက်ဖက်ရည် ၂ ခွက်ကုန်လေပြီ။

ဦးလူလှကား သူကြီးကတော်ကြီး အနိစ္စရောက်သည်မှာ ၅ နှစ်ကြာပြီ ဖြစ်သောကြောင့်တည်း။ မိမိ၏ သူကြီးကတော်ကြီး ဤ ဥယျာဉ်ပွဲမျိုးကို မနွှဲသာဖူးသည့်အတွက် များစွာ ဝမ်းနည်း လွမ်းဆွတ်သည်ဟု မိမိလက် ယာဘက်တွင် ထိုင်နေသော ပေစိကျွန်းသူကြီး ဦးဘိုးဆယ်အား ပြောကြားလျက်နေ၏။

ဦးဘိုးဆယ်ကား အသက်ခြောက်ဆယ့်ငါးနှစ်ရှိပြီ။ ခေါင်းပေါင်း သစ်သစ် အင်္ကျီသစ်သစ် ချည်လုံချည်လက်နှီးရောင်ကို ဝတ်ဆင်ထား သူတည်း။ လက်ဖက်ရည်ကိုလည်း ကောင်းကောင်း မသောက်နိုင်။ စမူ ဆာကိုလည်း ကောင်းကောင်း မစားနိုင်။ သူကြီးကတော်များ၏ စားပွဲ တွင် ထိုင်နေသော မိမိ၏ သူကြီးကတော်ကိုသာလျှင် လှမ်းကာ လှမ်း ကာ ကြည့်ပြီးလျှင် ပီတိသောမနဿ ဖြစ်နေပေ၏။

ပေစိကျွန်းသူကြီး ကတော်ကား အသက် ၂၀ ခန့်သာ ရှိသေး၏။ ဒေါ်လာပြားကိုဆွဲလျက်၊ မိုးကြိုးခြေချင်းကို ဝတ်လျက်၊ ပုလဲနားကပ်ကို ဆင်လျက် အခန့်သား ထိုင်လျက်နေလေသည်။ ဦးဘိုးဆယ် ဣန္ဒြေ မရသည်ကို မြင်လျှင် ဂန်ချောင်းသူကြီး ဦးကျော်က "ဦးဘိုးဆယ် တယ် ကြည့်ချက်ကောင်းပါကလား။ ခင်ဗျာ့ သူကြီးကတော် ဘယ်မှ မပျော် ပါဘူး" ဟု ဆိုလိုက်လျှင် တစ်ဝိုင်းလုံး ဝါးခနဲ ရယ်ကြလေတော့သတည်း။

ဦးဘိုးဆယ်တို့၏ စားပွဲအနီးရှိ စားပွဲတွင် ထိုင်နေသူတို့ကား ခတ္တိ ယ သူကြီးရှိန်မြင့်၊ ညောင်ရွာသူကြီး စောရွှေထွန်း၊ စုံတနိသူကြီး မောင် သိန်း၊ ဆားမလောက်သူကြီး စစ်စို၊ ဆီးဖြူကျွန်းသူကြီး မောင်ဘသိန်း၊ ဝဲဒေါင့်ရွာသူကြီး မောင်သန်းခင်တို့တည်း။ ၎င်းတို့ကား အသက် သုံး ဆယ်ကျော်တွေသာ အဝတ်အစားမှာလည်း ခေတ်ဆန်၊ အလုပ်အကိုင် မှာလည်း ခေတ်ဆန်၊ အပြောအဆိုမှာလည်း ခေတ်ဆန်သူတွေ ဖြစ်ကြ ပေ၏။ ၎င်းတို့အားလုံး မိမိတို့ရွာ အသီးသီးကို စီးစီးနင်းနင်း အုပ်ချုပ် နိုင်သူတွေတည်း။

မောင်ဘသိန်းကား အင်္ဂလိပ်စာ ကိုးတန်းအောင်သူဖြစ်၏။ စောရွှေထွန်းနှင့် မောင်ရှိန်မြင့်တို့ကား အင်္ဂလိပ်စာ ခုနစ်တန်းအောင်သူ တွေ၊ မောင်စစ်စိုနှင့် မောင်သန်းခင်တို့ကား မြန်မာစာ ခုနစ်တန်း အောင် သူများပေတည်း။

သန်းခင်ဝတ်ပုံကား ခေါင်းပေါင်း ပန်းရောင်၊ မန္တလေး လုံခြည် ပန်းရောင်၊ တာဖက်တာ အင်္ကျီ၊ နောက်ပိတ် ဖိနပ်အဖြူကိုစီး လျက်။

ဘသိန်း၊ စစ်စို၊ ရှိန်မြင့်တို့ ဝတ်စားပုံမှာလည်း ထူးမခြားနားပင်။ ၎င်းတို့တစ်တွေကား ခေတ်သမားတို့ပေတည်း။ ယခင် ဖော်ပြခဲ့ပြီးသော ဦးလူလှတို့နှင့် ကွာခြားချင်သလို ကွာခြားလျက် နေကြပေ၏။ ဦးလူလှတို့ကား ကျလူ၊ ခေတ်မမီသူတွေ။ ရှိန်မြင့်တို့ကား တက်လူ ခေတ်မီသူတွေ။

ဟော - ဟိုဘက်မှာ အော်ကျယ် အော်ကျယ်နဲ့ စကားပြောနေကြသော စားပွဲဘက်သို့ ရှုပါဦး။ ထိုစားပွဲတွင် အားရပါးရ စကားပြောနေကြသူတို့ကား ကွမ်းသီးပင် သူကြီး ဦးကြာမွေး၊ သံကြိုးသူကြီး ဦးသစ်၊ ဂုံမင်းဆိပ်သူကြီး ဦးဖိုးအုံ၊ ချောင်းကြီးသူကြီး ဦးသာမိုး၊ သပြေချောင်းသူကြီး ဦးဘရင်၊ ချောင်းဝိုင်းသူကြီး မောင်စံရ တို့တည်း။ ၎င်းတို့ စကားပြောနေကြပုံကား အောက်ပါအတိုင်းပင်တည်း။

ဦးကြာမွေး။ ။ကျုပ်တို့နယ်ပိုင် ကျွေးတာတော့ ကောင်းပါရဲ့၊ နို့ပေတဲ့ တယ် အားမရလှဘူး။

ဦးဘိုးအုံ။ ။ ဘာဖြစ်လို့လဲ။

ဦးကြာမွေး။ ။ ဟာ . . . ဒီစမူဆာတို့၊ လက်ဖက်ရည်တို့မှာ ကျုပ်တို့နဲ့ မကိုက်ပါဘူး။

ဦးဘရင်။ ။ ဘာမှကိုက်မှာတုံး။

ဦးကြာမွေး။ ။ မုန့်ဟင်းခါးတို့၊ ထမင်းနဲ့ ဝက်သားဟင်းတို့မှ ကိုက်မှာကလား ကွဲ့။ တဝဆော်ရတာပေါ့။ အခုတော့ အားမရဘူးကွာ၊ စားရတာ။

ဦးသာမိုး။ ။ သူ့ခေတ်နဲ့ သူကိုးကွ။ တို့ခေတ်တုန်းကလဲ တို့ခေတ်၊ သူ့ခေတ်ကတော့လဲ သူ့ခေတ်ပေါ့ကွာ။

ဦးကြာမွေး။ ။ ခင်ဗျားတို့ ခေတ်တို့ ဘာတို့ နားမလည်ဘူးဗျာ။ ကျုပ်တော့ဖြင့် ကျုပ်တို့ ရွာတွေမှာ ကျွေးသလို တဝ ဗိုက်ကားအောင် ဆော်ရမှ ကျေနပ်တယ်။

မောင်စံရ။ ။ အခုခေတ်မှာတော့ ဒီလိုချည်းပဲ ဘကြီးရေ့၊ တဝ ရယ်လို့တော့ မဟုတ်ဘူး၊ အလှပါပဲ။

ဦးကြာမွေး။ ။ အင်း-မောင်စံရတို့ခေတ်ဟာ၊ ဘာမှနေရာမကျပါကလားကွယ်။ မဝတဝခေတ်ဆိုပါတော့။ ကျုပ်တို့တော့ မကြိုက်ပေါင်ဗျာ။ ကျုပ်တို့ ဗိုက်ကားတဲ့ ခေတ်ကိုပဲ သဘောကျတယ်။ နို့ပေမယ့် နယ်ပိုင်မကြားပါစေနဲ့ မောင်စံရရေ။

ဤမျှနှင့် ၄င်းတို့အကြောင်း အဆုံးသတ်ဦးမည်။ အခြားစားပွဲများကို ရှုကြဦးစို့။

မကွန်သူကြီး ဦးဘိုးလှတို့ စားပွဲတွင်ကား ရှေးဦးခေတ်မီသောသူကြီးမင်းတို့ ဝိုင်းဖြစ်၏။ စံကင်း သူကြီး ဦးဘခင်။ ပါလှဲ့သူကြီး ဦးဘိုးကျောက်။ ရွာသူကြီးဦးသန့်။ ဝါးတောသူကြီး ဦးဘိုးဆိုက်တို့တည်း။ ၄င်းတို့ကား၊ တောင်ရှည်ပုဆိုး၊ ရင်ဖုံးအင်္ကျီ၊ ခေါင်းပေါင်းကြော့အောင်ပေါင်းလျက် နောက်ပိတ်ဖိနပ်တွေ ကိုယ်စီနှင့် ခပ်တည်တည် စကားပြောရင်း လက်ဖက်ရည်သောက်နေကြပေသည်။ တိုင်းရေးပြည်ရေးအကြောင်းများကိုပင် ဆွေးနွေးနေကြ၏။ ၄င်းတို့အားလုံးပင် လွန်ခဲ့ပြီးသော အရေးပိုင်မင်း ဒါဘာ မင်းပွဲသဘင်တွင် ဆုတော် လာဘ်တော်များဖြင့် အချီးအမြှင့်ခံရသူတို့တည်း။

မိန်းမဝိုင်းတွင်ကား မြို့ဆန်သော သူကြီးကတော်တို့က ဥဿဖရားနားကပ်ကြီးတွေ ပန်လိုက်လို့။ အင်္ကျီနဲ့ထဘီတွေမှာ ပန်းပွင့်တွေထိုးလိုက် ကြလို့။ ထဘီအနားတွေမှာလည်း ဘီအေမ အနားတွေ အိုင်-စီ-အက် အနားတွေနှင့် ဝေလျက်နေကြပေ၏။ လုံချည်၊ အင်္ကျီထိုးထားသော ပန်းပွင့်၊ ပန်းရွက်ကြီးတို့ကား လက်တစ်ဝါးသာသာ၊ ပန်းအရောင်တို့မှာ အနီရဲရဲ၊ အစိမ်းပုပ်ပုပ်၊ အဝါထိန်ထိန်တွေ၊ အချို့မှာ ပဝါခြုံ၊ အချို့ကား မာဖလာတွေနှင့်၊ ၄င်းတို့ကား မိမိတို့ရွာတွင် အဝတ်အစားခေတ်သစ်ထွင်သူတို့ မဟုတ်ပါလော။

အချို့ကား လုံချည်ရဲရဲ၊ အင်္ကျီရဲရဲများကိုဝတ်။ ပန်းရဲရဲကြီးများကိုပန်လျက် အချို့မှာ အင်္ကျီစိမ်းစိမ်း၊ လုံချည်စိမ်းစိမ်း ဖိနပ်စိမ်းစိမ်း၊ စက္ကူပန်းစိမ်းစိမ်းတွေကိုပန်လျက်၊ တစ်ကိုယ်လုံး ဝါဝါချည်း၊ ပြာပြာချည်းဆင်းလာသူများလည်း ပါလေသည်။ ရန်ကုန်သူတွေကို အားကျလို့ထင့်။ သူကြီးဦးကုလား၏ ဇနီးနှင့် ဦးဘိုးသိန်းတို့၏ ဇနီးများကား ကရင်အမယ်ကြီးများ ဖြစ်ကြသောကြောင့် ခပ်ရိုးရိုး ခပ်ကုပ်ကုပ်ပင်၊ ကွန်ခြေသိက္ခာကြီးမားစွာနှင့် မတုန်မလှုပ် နေကြရှာ၏။ ခေတ်ကိုမကြိုက်သူ အရိုးခံကြီးများပေတည်း။ သူကြီး ဦးသာမိုး၏ဇနီးကား အသက်ကိုပင် ကြီးစေကာ၊ ကရင်အမယ်ကြီးပင် ဖြစ်စေကာ၊ ရန်ကုန်တွင် ဆွေမျိုးတော်စပ်သူတွေရှိသူဖြစ်သောကြောင့် အဝတ်အစား ဟန်ဟန်၊ ဂိုက်ထွားထွားနှင့် စကားပြောလျက်နေရှာပေသည်။

ဟော ဟိုမှာကြည့်စမ်း။ ဦးလူလှနှင့် ဦးဘိုးဆယ်တို့ ရမ်းနေကြပြီ။

သူတို့လက်ထဲတွင် စီးကရက်ကိုယ်စီနဲ့။ သူတို့အသက်တွေက ခြောက်ဆယ်ကျော်။ ဘယ်ကိုယ်တော်ကများ မြှောက်ပေးလိုက်ပါလိမ့်။ သြော် သူတို့လဲ မကြုံစဖူးကြုံကြလို့ စိတ်ပျော်မြူးကြထင်ပါရဲ့။ ပျော်ကြပါစေ။ တစ်ခါတလေမှ ပျော်ကြတာ။

လက်ဖက်ရည် သောက်ပြီးကြလျှင် မောင်လူအေးနှင့် ခင်သန်းမြင့်တို့ နေရာမှ ထကြပြီးလျှင် သူကြီးအားလုံးတို့အား လိုက်၍ နှုတ်ဆက်ကြ၏။ သူကြီးအားလုံးပင် တပြုံးပြုံး တရွှင်ရွှင်။ ဝမ်းမြောက်၍ မဆုံးနိုင်။ ဦးလူလှနှင့် ဦးဘိုးဆယ်တို့က မိမိတို့ အသက်ပြန်၍ ငယ်ချင်သေးသည်ဟု ဆိုကြ၏။ အားလုံးဝိုင်းရယ်ကြလေသည်။ အချို့က ဝန်ထောက်မင်းနှင့် မင်းကတော်တို့ အသက်ရာကျော် ရှည်ကြပါစေဟု ဆုတောင်းကြ၏။

သူကြီးများအလှည့်ပြီးလျှင် သူကြီးကတော်များ ရှိရာသို့ ခင်သန်းမြင့်က သွား၍ နှုတ်ဆက်ပြန်၏။ သူကြီးကတော်များလည်း ဝမ်းမြောက်၍ မဆုံးနိုင်ပြီ။ သည်တစ်ခါသာ သည်လို ဥယျာဉ်ပွဲမျိုးသို့ လာဖူးသည်ဟု ပြောကြ၏။ မိမိတို့ရွာသို့ ဝန်ထောက်မင်း နယ်လှည့်ထွက်လျှင် လိုက်လာခဲ့ပါဟု မှာကြ၏။ ခင်သန်းမြင့်က "သူကြီးတွေ မယားငယ် ထားကြသလား" ဟုမေး။ အားလုံးပြုံးလျက် နေကြ၏။ "သူကြီးတွေ မယားငယ်ယူရင် လာပြောပါ။ ဝန်ထောက်မင်းကို ဆုံးမခိုင်းမယ်" ဟု ဆိုလျှင် အားလုံး ဝါးခနဲ ရယ်ကြကုန်၏။ သြော်- ခင်သန်းမြင့် ခင်သန်းမြင့်၊ ဘာတွေလျှောက်မေးနေပါလိမ့်။

အတန်ကြာလျှင် ဥယျာဉ်ပွဲကြီး ပြီးဆုံးခြင်းသို့ ရောက်လေတော့သည်။ ဤအခါကျမှ စာရေးဖျန်စိန်တို့၊ ဟန်ထိန်တို့ ပျော်ပွဲ စကြလေသောဟူ၏။ ပြာတာ ဖိုးရွှေတို့လည်း မီးဖိုချောင်ထဲတွင် စားပွဲကြီး ခံနေကြလေသတည်း။

*ဒဂုန်၊ တွဲ-၁၄၊ မှတ်-၁၆၄၊*
*(ဧပြီလ၊ ၁၉၃၄)*

# လူဝီ

ဝန်ထောက်မင်း ဦးစံခင် ရုံးမှပြန်လာသောအခါ မောင်လူဝီအတွက် စာတစ်စောင်ပါ၍လာ၏။ အိမ်သို့ ပြန်ရောက်လျှင်ရောက်ချင်းပင် မောင်လူဝီအားခေါ်၍ ၎င်းစာကိုပေး၏။ မောင်လူဝီ၏ မိန်းမမယ်အား နေရပ်သို့ ပြန်သွားသည်မှာ နှစ်လခန့် ကြာပေပြီ၊ မောင်လူဝီသည် မိမိမယားထံမှ ပေးလိုက်သော စာဟု ဒိဋ္ဌ သိသောကြောင့် အားရဝမ်းသာ လှမ်း၍ယူပြီးလျှင် စာကိုဖတ်ရန် အိမ်နောက်ဖေးသို့ ဝင်သွားလေသတည်း။

လူဝီဆိုသောအမည်မှာ ခပ်ဆန်းဆန်း၊ ဆန်းရုံမျှ မကသေး၊ ခမ်းလည်းခမ်းနားလှပေသည်။ လူဝီကား ကုလားအမည်လည်းမဟုတ်၊ မြန်မာအမည်လည်းမဟုတ်၊ အင်္ဂလိပ်အမည်လည်းမဟုတ်၊ ပြင်သစ်အမည်ဖြစ်လေသည်။ ပြင်သစ်အမည်မှာလည်း နုံချာသော အမည်မဟုတ်၊ ပြင်သစ်ပြည်တွင် ၁၆ ဆက်တိုင်တိုင် စိုးစံခဲ့သော ဘုရင်အပေါင်းတို့၏ အမည်ဖြစ်လေသည်။

ဤပြင်သစ်အမည်ကို ပိုင်ဆိုင်သူကား ပြင်သစ်လူမျိုးမဟုတ်၊ မြန်မာအစစ်ဖြစ်လေသည်။ အဘယ်ကြောင့် လူဝီဖြစ်နေပါသနည်း။ လူဝီ၏ အဖေမှာ ဗရင်ဂျီ ဘာသာကို ကိုးကွယ်သော မြန်မာလူမျိုးဖြစ်သောကြောင့်တည်း။ အမိကား ဗုဒ္ဓဘာသာ မြန်မာဖြစ်လေသည်။ လူဝီ မွေးဖွားရာကား အထက်အညာ ချောင်းအနီး ရွာတစ်ရွာတွင် ဖြစ်လေသည်။ ထိုနေရာတစ်ဝိုက်ကား မြန်မာမင်းများလက်ထက်က သန်လျင်ကို နိုင်ရာဘုရင်တို့ကို ဖမ်းဆီးသွားပြီး နေရာချထားရာတည်း။

လူဝီကိုမွေးဖွား၍ မျှားမကြာမီအတွင်း ဗရင်ဂျီဘာသာ ထုံးစံအတိုင်း၊ ဘာသာအတွင်းသို့ သွတ်သွင်းခြင်းကို ကျင်းပရလေသည်။ ဗရင်ဂျီဘုန်းကြီးများက ငှင်းသူငယ်အား လူဝီဟူသော ဘွဲ့တံဆိပ်ကို ခတ်နှိပ်၍ ပေးလိုက်လေသည်။ ထိုနေ့မှစ၍ လူဝီအမည်တွင်၏။

လူဝီငါးနှစ်ခန့်အရွယ်သို့ ရောက်လတ်သော် ဖခင်သေဆုံး၏။ အမိမှာ ဆင်းရဲသောကြောင့် လူဝီအား မောင်ရှိရာ မန္တလေးမြို့သို့ ပို့လိုက်ရရှာ၏။ လူဝီ၏ ဦးလေးကား ဗုဒ္ဓဘာသာတည်း။ လူဝီအား ဘုန်းကြီးကျောင်း၌ထား၏။ ထိုနေ့မှစ၍ ဗရင်ဂျီဘဝမှ ဗုဒ္ဓဘာသာကလေးဘဝသို့ ရောက်၍ သွားလေတော့သတည်း။

ကြီးပြင်းလာသောအခါ အင်္ဂလိပ် နယ်ပိုင်တစ်ယောက်ထံတွင် စားပွဲထိုးအလုပ်ဖြင့် ဝင်ရောက်လုပ်ကိုင်လျက်နေ၏။ ထိုမှတစ်ဖန် အခြားတစ်ယောက်ထံသို့ ပြောင်း၍လုပ်၏။ ထိုနောက် ကြေးတိုင်ဘက်တွင် သံကြိုးဆွဲ ဝင်၍လုပ်၏။ နောက်ဆုံး၌ မြေစာရင်းဌာနတွင် သံကြိုးဆွဲဘဝနှင့်ပင် နှစ်ပေါင်း အတော်ကြာအောင် လုပ်ကိုင်နေ၏။

ယခုအခါတွင်ကားမြေစာရင်းဘက်မှ ထွက်ပြီးလျှင် ဝန်ထောက်မင်း ဦးစံခင်၏ လူယုံဘဏ္ဍာစိုးဖြစ်လျက်နေ၏။ ဦးစံခင်ထံသို့ ရောက်နေသည်မှာ တစ်နှစ်ခန့်ကြာပေပြီ၊ အသက်ကား လေးဆယ်ခန့်ရှိ၏။

ဦးစံခင်၏အိမ်သို့ ရောက်သည့်နေ့ကစ၍ အလုပ်ကို ကြိုးစား၍ လုပ်ကိုင်၏။ ဦးစံခင်မှာလည်း သားမယားမရှိ၊ လူပျိုကြီးတစ်ယောက်တည်း နေထိုင်သူဖြစ်သောကြောင့် အစစအရာရာတွင် ကောင်းမွန်စွာ ကြည့်ရှုရ၏။ အိပ်ရာနေရာ၊ အစားအသောက်၊ အဝတ်အစား၊ နေခင်းထိုင်ခင်းမှစ၍ နေရာတကာတွင် မောင်လူဝီ၏ တာဝန်သာလျှင် ဖြစ်၍နေ၏။

ဦးစံခင်မှာ ကောလိပ်ကျောင်းနေစဉ်ကပင် အဝတ်အစား၊ အသုံးအစွဲ၊ အထားအသိုတွင် စေ့စေ့စပ်စပ်မရှိ၊ တော်စွ လျော်စွ နေထိုင်သူဖြစ်၏။ အဝတ်အစားတို့ကို မျှားစွာဂရုမစိုက်၊ စာကိုသာကြိုးစားသူဖြစ်၏။ ဝန်ထောက်ဖြစ်လာသောအခါတွင်လည်း ရှေးအခါက အကျင့်မှာ မပျောက်၊ ရုံးမှပြန်လာသောအခါများတွင် မိမိ၏အဝတ်အစားများကို အိမ်အတွင်း၌ချွတ်ချင်သည့်နေရာတွင် ချွတ်ထားလေ့ရှိ၏။ အိပ်ရာနေရာများကိုလည်း အမှုမဲ့ အမှတ်မဲ့သာ ထား၏။ မောင်လူဝီလည်း ဝန်ထောက်မင်း၏ ချွတ်ထားသော ပုဆိုး၊ အင်္ကျီ၊ ဖိနပ်အစရှိသည်တို့ကို ခေါက်တန်

ခေါက် လှန်းတန်လှန်း၊ နေရာတကျ ချထားလေ့ရှိသည်။

ဦးစံခင် နယ်လှည့်ထွက်သောအခါများတွင်လည်း မောင်လူဝီ နောက်မှထက်ကြပ်မကွာ လိုက်ပါရလေ၏။ ဝန်ထောက်မင်း ဗိုလ်တဲများ သို့မရောက်မီပင်လျှင် မိမိရှေ့မှသွားနှင့်၍ ရေနွေးအိုး တည်လိုတည်၊ ထမင်းချက်လိုချက်၊ နေရာထိုင်ခင်းများ တည်လိုတည်၊ ထမင်းချက်လို ချက်၊ နေရာထိုင်ခင်းများကို အသင့်ပြင်ဆင်၍ ထားလေ့ရှိ၏။ ဝန်ထောက် မင်း ဗိုလ်တဲသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ရေချိုးရန်အသင့်၊ လက်ဖက်ရည်ကော်ဖီအသင့်၊ ထမင်းဟင်းအသင့် ပြင်ဆင်လျက်ရှိ၏။

တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့မည်ဟု ပြောလိုက်ပြန်လျှင် လည်း အိပ်ရာလိပ်မှစ၍ ပြင်ဆင်သိမ်းဆည်းရန်ရှိသမျှ သိမ်းဆည်း ပြင် ဆင်ပြီးဖြစ်လျက်နေ၏။ လှည်းနှင့်သွားရမည့်ခရီးမှာ လှည်းများစီစဉ်၍ ထား၏။ မော်တော်ကားနှင့် သွားရမည်ဖြစ်လျှင် မော်တော်ကား ငှားပြီး သားရှိနေ၏။ လှေနှင့်သွားရမည့် ခရီးဖြစ်လျှင် လှေအသင့်ရောက်နေပြီး ဖြစ်၏။

ဝန်ထောက်မင်း အလိုရှိ၍ တစ်စုံတစ်ခုသော ကိစ္စနှင့် ခိုင်းလိုက် သောအခါဖြစ်စေ၊ တစ်စုံတစ်ရာကို အဝယ်ခိုင်းလိုက်သောအခါဖြစ်စေ၊ တစ်စုံတစ်ယောက်သောသူထံသို့ မှာကြားရန်အတွက် စေလွှတ်လိုက် သောအခါဖြစ်စေ၊ ဆွေမျိုးမိတ်ဆွေတို့လာ၍ မီးရထား၊ သင်္ဘောဆိပ်တို့ တွင် အကြိုအပို့ခိုင်းသောအခါဖြစ်စေ၊ သေသေသပ်သပ် ကျကျနန စီမံ ဆောင်ရွက်သောကြောင့် ဝန်ထောက်မင်း ပူပန်ရန်မရှိ၊ စိတ်ချရသော သူဖြစ်လေသည်။

ငွေရေး ကြေးရေးနှင့်လည်း များစွာ စိတ်ချရသူတစ်ယောက်ဖြစ် လေသည်။ ဦးစံခင်သည် မိမိ၏ ကြေးငွေများကို ထင်ရာတွင် မေ့မေ့ လျော့လျော့နှင့် ပစ်ထားလေ့ရှိ၏။ မောင်လူဝီ အင်္ကျီများကို ခေါက်သော အခါ၊ အိပ်ရာပြင်သောအခါ၊ စားပွဲရှင်းလင်းသောအခါများ၌ ရသောငွေစ၊ ငွေစက္ကူများကို စုဆောင်းပြီး ဦးစံခင်ထံ လာရောက်၍ ပေးမြဲဖြစ်၏။ ငွေကြေးနှင့် ခိုင်းလိုက်သော အခါများတွင်လည်း လျော့ ပေါ့ခြင်းမရှိ၊ စုံစုံစေ့စေ့ ပြန်ပေး၏။ ဈေးဖိုးပေးသောအခါများတွင်လည်း ဖြတ်စားခြင်းမပြု ဝယ်သမျှကို စာရင်းလုပ်၍ စာရင်းနှင့် ကျန်ငွေပါပြန် ၍ ပေးမြဲဖြစ်၏။ ဤသို့ ဖြောင့်မတ်စိတ်ချရသော လူယုံ ဘဏ္ဍာထိန်း ကား အလွန်မှပင် ရှားလှပေ၏။

မောင်လူဝီ၊ ဦးစံခင်ထံတွင် အလုပ်ဝင်၍ နှစ်လခန့်ကြာလျှင် တစ်ယောက်နှင့်တစ်ယောက် အားထားရာများဖြစ်လျက်နေကြ၏။ မောင်လူ ဝီက ဝန်ထောက်မင်းအပေါ်တွင် အားထား၏။ ဝန်ထောက်မင်းကလည်း မောင်လူဝီအပေါ်တွင် အားထားလေသည်။ မောင်လူဝီကား ဝန်ထောက်မင်း၏ လက်ရုံးသဖွယ်ဖြစ်၏။ ဝန်ထောက်မင်းမှာလည်း မောင်လူဝီ၏ လက်ရုံးသဖွယ်ဖြစ်လေသည်။ တစ်ယောက်ကိုတစ်ယောက် အားထားရုံမျှမက ချစ်လည်းချစ်ခင်ကြ၏။ ဝန်ထောက်မင်းက မောင်လူဝီအပေါ်၌ အစေခံဟူ၍ သဘောမထား၊ မိတ်ဆွေအရင်းအချာကဲ့သို့ပင် သဘောထားလေသည်။ မောင်လူဝီကလည်း ဝန်ထောက်မင်းကို ဤသို့ပင် သဘောထားလေသည်။ ဝန်ထောက်မင်း ပျင်းရိသောအခါများ၌ မောင်လူဝီအား ခေါ်ကာ တောင်တောင်မြောက်မြောက် မေးမြန်း ပြောဆိုလေ့ရှိ၏။ တစ်ရံတစ်ခါ တိုင်ပင်စရာ ရှိသည်များကိုပင် တိုင်ပင်လေ့ရှိ၏။ မောင်လူဝီ၏ စိတ်ထဲတွင် ဝန်ထောက်မင်းနှင့် မခွဲတော့ပြီဟု ဆုံးဖြတ်ထား၏။ ဝန်ထောက်မင်း၏ စိတ်တွင်လည်း ဤနည်းအတိုင်း ဖြစ်၏။

ဤသို့ ဝန်ထောက်မင်းက အခွင့်အရေးပေးထားသော ဆရာတပည့် နှစ်ယောက် စိတ်အေးလက်အေးနှင့်ပျော်ပျော်ကြီး နေထိုင်လျက်ရှိကြကုန်၏။ မောင်လူဝီသည် အလုပ်ပင်ပန်းသောအခါများ၌ သီချင်းတအေးအေးနှင့် နေ၏။ ပင်ပန်းသည်ဟု မထင်မှတ်သူဖြစ်သော်လည်း အချို့သော အစေခံတို့ကဲ့သို့ မိမိတို့၏ သခင်အပေါ်တွင် အရိုအသေတန်ခြင်းမရှိ၊ မိမိတို့၏ သခင်၏ဂုဏ်၊ သခင်၏နာမည်ကို ရောင်းစားသောသူမဟုတ်၊ အလွန် ရိုသေသောသူဖြစ်၏။ မည်သည့်အခါမဆို ဝန်ထောက်မင်းနှင့် စကားပြောသောအခါ လက်ကို နောက်ပစ်ကာ မျက်နှာသေနှင့် ပြောကြားလေ့ရှိ၏။ တိုးတိုးသက်သာ ပြောကြားလေ့ရှိ၏။ ယဉ်ကျေးစွာ ပြောကြားလေ့ရှိ၏။

မောင်လူဝီ မယားရသည်မှာ တစ်လခန့်ကြာပေပြီ၊ မောင်လူဝီ၌ အလုပ် အနည်းငယ် နည်းသွား၏။ မောင်လူဝီ၏ မယား မယ်အေးမှာလည်း ကိစ္စအထူးရှိသောကြောင့် မိမိနေရပ်သို့ ပြန်သွားသည်မှာ တစ်လခန့်ပင်ရှိ၏။

မယားဖြစ်သူ မယ်အေးနှင့် သမီးကလေးသန်းမေတို့ အထက်အညာ မိမိနေရပ်သို့ ပြန်သွားကြပြီးသည်နောက် မောင်လူဝီ၏ မျက်နှာ ရွှင်ပျခြင်း များစွာ မရှိချေ။ မော်လူဝီသီချင်းတအေးအေးနှင့် နေသည်

ကိုလည်း မကြားရ၊ တစ်ခါတစ်ခါ တွေးတောနေသည့်ဟန်ကို မြင်ရ၏။ ရှေးကကဲ့သို့လည်း အလုပ်မတွင်၊ ၄င်းအခြင်းအရာကို ဝန်ထောက်မင်း မြင်လေလျှင် သနားမိ၏။

ရုံးမှယူ၍လာသော စာကို ပေးလိုက်ပြီးနောက် ဦးစံခင်သည် ပက်လက်ကုလားထိုင်တွင်လှဲကာ ဤအကြောင်းများကို စဉ်းစားတွေးတောလျက် နေ၏။ ဤသို့ တွေးတောနေခိုက်ပင် မောင်လူဝီသည် မရဲတရဲနှင့် အနားသို့လာပြီးလျှင် ရပ်၍နေ၏။ ဦးစံခင်လည်း အကြောင်းကိုမေး၏။ မိမိမယား မယ်အေးက မိမိကောင်းစွာ မမာသောကြောင့် မြန်မြန် ပြန်လာရန်အကြောင်း စာပေးလိုက်သောကြောင့် မိမိရပ်ထံသို့ ပြန်လိုသည်ဟု ပြောကြား၏။ မည်မျှ ကြာမည်လဲဟုမေး၊ မပြောတတ်သေးဟု ဖြေ။

ဦးစံခင်လည်း မိမိ၏ လူယုံကြီးကို လက်မှလွှတ်လိုက်ရမည်ကို ဝန်လေးလျက်နေ၏။ အစေခံအသစ်ကို ရှာရန် ဝန်မလေး၊ မောင်လူဝီကဲ့သို့ အားကိုးရ ယုံကြည်ရသော အစေခံကိုရရန် များစွာ ဝန်လေးလှပေ၏။ မသွားရန် တားရမည်ကလည်း နာရေးဖြစ်သောကြောင့် အခက်၊ လွှတ်လိုက်ပြန်ကလည်း နောင်ပြန်မလာဘဲ နေမည်ကို စိုး၏။ ဤသို့ ဟိုတွေး သည်တွေးနှင့်ပင် စကားမပြောဘဲ အတန်ကြာအောင် တိတ်ဆိတ်နေ၏။

မောင်လူဝီ၏ စိတ်ထဲတွင်လည်း သည်နည်းအတိုင်းပင် ဦးစံခင်ကို ခွဲရမည်ကို စိုးလျက်နေ၏။ ပြန်သွားပြီးနောက် မယားက မလွှတ်လျှင် ခက်နေပေလိမ့်မည်။ နောင် ဝန်ထောက်မင်း အစေခံအသစ် ရသွားလျှင် အလုပ်ပြန်ဝင်ရန်အခက်၊ မိမိထွက်သွားလျှင် မိမိကဲ့သို့အားထားလောက်သော အစေခံရမည်လော၊ မိမိကဲ့သို့ ဂရုစိုက်မည်လော၊ မိမိကဲ့သို့ ပြုစုမည်လော၊ မသွားပြန်လျှင် မယားက မည်သို့ထင်မည်နည်း။ မယားနှင့် သမီးကလေးတို့မှာလည်း အားထားရာမရှိ ဆင်းရဲ၍ နေကြပေလိမ့် မည်။ မသွား၍မဖြစ်၊ ဦးစံခင်ကို ခွဲရမည်အခက်၊ မယားထံမသွားရမည်ကို အခက်၊ အခက်နှစ်ခက်အကြားတွင် ဆင်းရဲပွားလျက် နေလေတော့သတည်း။

*ဂန္ထလောက၊ တွဲ-၁၃၊ မှတ်-၇၆၊*
*(မေလ၊ ၁၉၃၁)*

# မောင်လူအေး

သိပ္ပံမောင်ဝ

